
ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု



မင်းဘူးမြို့ လေသာကျောင်းတိုက်

ဘဒ္ဒန္တ ရေဝတ

စီရင်ရေးသားအပ်သော


စတုသစ္စဒီပကမ္မကထာ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာဓုနာ ၂၅၂၄ ခုနှစ် ဒီဇင်ဘာလ ၁၉၈၀

မိုင်းကားသာပြန်စာကြည့်တိုက်ကြီး
စာကြည့်ခန်း
၈၂

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု



မင်းဘူးမြို့ လေသာကျောင်းတိုက်


ဘဒ္ဒန္တ ရေဝတ

စိရင်ရေးသားအပ်သော

စတုသစ္စဒီပကမ္မကထာ

ပြည်ထောင်စု ဆို၍ယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂ ဒီဇင်ဘာလ ၁၉၈၀



စတုသစ္စဒဋ္ဌိကမ္မကထာကျမ်းနှင့် နိဗ္ဗာနသစ္ဆိကရဏီယကျမ်းပြု
အရှင် ဘဒ္ဒန္တရေဝတ အမည်ရှိသော သစ္စဒီပကဆရာတော်

သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားဝေဖန်
ဝိပဿနာ နည်းအတန်တန်တို့ဖြင့် မြဲမြံစွာ သိမြင်ကြစေရန် အကျိုးငှါ
မင်းဘူးမြို့ ဓာတ်တော်ကုန်း ဒကွဲဏဌာန လေသာကျောင်းတိုက်၌
သီတင်း သုံးလျက် ရှိသော

ဘဒန္တာရဝတ

အမည်ရှိသော သစ္စဒီပက ဆရာတော်သည်
စိရင်ရေးသားအပ်သော

စတုသစ္စဒီပကထာ

မူပိုင် – မောင်ရဲအောင်မင်း

ဤစာအုပ်ကို စမွဒါနပြုလိုသူများအား ပုံနှိပ်လျှဒါန်းရန်
ခွင့်ပြုပါသည်။

နဝမ ပုံနှိပ်ခြင်း စာအုပ်ရေ (၂၀၀၀)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၄ ကောဇာ-၁၃၄၂ ဒီဇင်ဘာလ-၁၉၈၀

စတုသစ္စဒီပကမ္မကထာကျမ်း

ပဌမနှိပ်ခြင်း	၁၃၀၉-ခု	စာအုပ်ရေ	၁၀၀၀
ဒုတိယနှိပ်ခြင်း	၁၃၁၂-ခု	စာအုပ်ရေ	၁၅၀၀
တတိယနှိပ်ခြင်း	၁၃၁၃-ခု	စာအုပ်ရေ	၁၂၅၀
စတုတ္ထနှိပ်ခြင်း	၁၃၁၃-ခု	စာအုပ်ရေ	၁၇၅၀
ပဉ္စမနှိပ်ခြင်း	၁၃၁၄-ခု	စာအုပ်ရေ	၁၀၀၀
ဆဋ္ဌမနှိပ်ခြင်း	၁၃၁၅-ခု	စာအုပ်ရေ	၁၅၀၀
သတ္တမနှိပ်ခြင်း	၁၃၁၈-ခု	စာအုပ်ရေ	၂၅၀၀

(သာသနာ ၂၅၀၀-ပြည့် အထိမ်းအမှတ်အဖြစ် ရိုက်နှိပ်သည်)

အဋ္ဌမနှိပ်ခြင်း	၁၃၁၆-ခု	စာအုပ်ရေ	၂၅၀၀
နဝမနှိပ်ခြင်း	၁၃၇၂-ခု	စာအုပ်ရေ	၂၀၀၀

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန
ပုံနှိပ်တိုက်တွင် လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ဝ၂၄၀၅/ဝ၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

ညွှန်ပြချက်များ

ဓမ္မကထိကပုဂ္ဂိုလ်နှင့် ယောဂီပုဂ္ဂိုလ်တို့ လိုက်နာကျင့်ဆောင်ရန် သစ္စဒီပကဆရာတော်၏ ညွှန်ပြချက်များ

ဓမ္မကထိကပုဂ္ဂိုလ်က မိမိထံ ဆည်းကပ်လာသော ယောဂီတို့အား ပရိယတ် ပဋိပတ် ပဋိဝေဓဟူသော သာသနာ ၃-ရပ် တည်စေခြင်းငှါ ရှေးဦးစွာ ညွှန်ပြရန်မှာ–

(၁) ဓမ္မစကြာတသုတ်လုံး မဟုတ်၊ သစ္စာ ၄-ပါးတိတိ ပါဠိအနက်ကို ကျက်မှတ်ခိုင်းပါ။

(၂) ဤမျှလောက်ကိုမျှ မကျက်မှတ်နိုင်လျှင် သစ္စာ ၄-ပါးအနက်ပါသော–

“ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဆန္ဒရာဂမူလကာ။
ဆန္ဒရာဂနိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။”

ဂုဏ်းဂါထာကို အနက်နှင့်တကွ ကျက်ပါ။ (အနက်မှာ ဤစာအုပ် စာမျက်နှာ ၄၂-မှာ ရှိပါသည်)။

(၃) ဤမျှလောက်ကိုမျှ မကျက်နိုင်လျှင် ဓမ္မစကြာ သစ္စာ ၄-ပါးကို အကျဉ်းချုံး၍ ရေးသားထားသော–

“ဖြစ်လိုမှုကြောင့်၊ဖြစ်မှုဇာတိဒုက္ခံ။ဖြစ်ချင်လိုမှု၊ပယ်စွန့်ပြု၊ချုပ်မှုထိုဒုက္ခံ။
သစ္စ-ကိစ္စ-ကတ၊ ပြည့်စုံက၊ ဖြစ်ထ သောတာပန်”

ကို ကျက်မှတ်ခိုင်းပါ။ (အကျယ် စာအုပ်ထဲမှာ ရှိပါသည်)။

(၄) ထို့ပြင် ကသာ, လောမာ စသော ဒဿတ္တံ သာကာရကို ကျက်မှတ်ခိုင်းပါ၊ ထိုသို့ကျက်မှတ်ထားလျှင် ထိုသူမှာ ပရိယတ္တိသာသနာ တည်သူမည်၏။

(၅) ထိုသို့ ကျက်မှတ်စေပြီးနောက် ဓမ္မကထိကပုဂ္ဂိုလ်က သစ္စဒီပကဆရာ၏ ကျမ်းများအရ သစ္စာ ၄-ပါး အနက်အဓိပ္ပါယ်များကို အကျယ်ဟောပြောပါ။

(၆) ထို့နောက် ယောဂီပုဂ္ဂိုလ်က ဆရာဟောပြသော အနက်အဓိပ္ပါယ်များကို ကောင်းစွာ မှတ်ယူပြီးလျှင် သုတသိမ္ပ ဒီဋ္ဌကိုယ်တော်သိဖြစ်အောင် အဖန်ဖန် ဆင်ခြင်နေပါ။

မှတ်ရန်–ဤသို့ ဆင်ခြင်သည်ကိုပင်လျှင် ကမ္မဋ္ဌာန်းထိုင်သည်၊ ဝိပဿနာပွါးသည်၊ ဥဒ္ဓစ္စကို ပယ်သည်၊ မဂ္ဂသစ္စာ ဘာဝနာကို ပွါးနေသည် မည်၏။ ထို သူမှာ ပဋိပဒ္ဓါသာသနာ တည်သူမည်၏။

(၇) ဤသို့ ဆင်ခြင်ဖန်များသောအခါ ယောဂီပုဂ္ဂိုလ်မှာ သစ္စာဉာဏ် ထင်မြင်လာပေလိမ့်မည်။

(၈) ထိုအခါ ထိုပုဂ္ဂိုလ်၌ သစ္စာဉာဏ် ထင်-မထင်ကို ဆရာကစုံစမ်းပါ။ စုံစမ်းသဖြင့် ကောင်းစွာ ဖြေဆိုနိုင်လျှင် သစ္စာသိမ္ပ ပဋိဝေဓသာသနာ တည်သူမည်၏ဟု ဆရာက ယောဂီပုဂ္ဂိုလ်အား ပြောခြင်းငှါ သင့်လျော်၏ ဟူလို။

(၉) လူ ဥပါသကာဖြစ်ခဲ့လျှင် သရဏကုန်ဒ့်တက္ခ ငါးပါးသီလ ရှိရမည်၊ အတ္တာဒီဋ္ဌကို စွန့်ရမည် ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးတို့မှ ကင်းရှင်းရသော ပစ္စည်းဖြင့် အသက်မွေးရမည်ဟု ဆရာက ယောဂီကို ဟောပြောပါ။

(၁၀) ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ နိဗ္ဗာန်–ကို စာအုပ်မှာ ပါသည့်အတိုင်း ကျက်မှတ်ခိုင်းပါ၊ ပုတီးစိပ်ခိုင်းပါ။

(၁၁) ဓမ္မကထိကဆရာနှင့် ယောဂီပုဂ္ဂိုလ်တို့မှာ ပြဆိုခဲ့သည့်အတိုင်း ပရိယတ်, ပဋိပတ်, သစ္စာသိမ္ပ ပဋိဝေဓဟူသော သာသနာ ၃-ရပ်နှင့် ပြည့်စုံအောင် အထူးအားထုတ်ကြပါကုန်၊ သို့မှသာလျှင် အပါယ်ဘေး, သံသရာဘေးတို့မှ ကင်းလွတ်နိုင်မည်ဟု သတိရှိကြပါကုန် ဟူလို။

(၁၂) စာမျက်နှာ ၁-မှ ၁၉-ထိ ပြထားသော ကျမ်း၏နိဒါန်းကို ကြည့်ရှု မှတ်သားရုံမျှဖြင့်လည်း သောတာပတ္တိမဂ်သို့ ရောက်နိုင်ပါ၏။

သစ္စာသိမ္ပ ပဋိဝေဓသာသနာ ရှည်ကြာစွာတည်စေရန် ပရိယတ်အမြင်ဖြင့် ကျောင်းသား ကိုရှင်မှစ၍ ဓမ္မစကြာ သစ္စာလေးပါးကို ဆရာတော်များက သင်ကြားပေးတော်မူကြပါကုန်။

ပဋိဝေဓသာသနာပြု
သစ္စဒီပက ဆရာ၏ ညွှန်ပြချက်များ ပြီးပြီ။

အမှာနိဒါန်း

ဤ စတုသစ္စဒဋ္ဌကမ္မကထာကို ကြည့်ရှုကြသော ပုဂ္ဂိုလ်တို့ အထူးသတိပြု တော်မူကြစေလိုသည်မှာ ဤကျမ်းသည်-

"သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ"[၁]

ဟူသော ဂါထာအရ သီလ, သမာဓိ, ပညာ သိက္ခာ ၃-ပါးကျင့်စဉ်ဖြင့် တဏှာကိုပယ်သတ်၍ နိဗ္ဗာန်သို့ရောက်ရန် ဝိသုဒ္ဓိမဂ်မှာကဲ့သို့ ရေးသောကျမ်း မဟုတ်ပါ။ "ယေ မေဝှာ ဟေတုပ္ပဘဝါ" စသောဂါထာကို အမှီပြု၍ တဏှာ သမုဒယကြောင့် အကျိုးဇာတိဒုက္ခ ဖြစ်၏၊ တဏှာကို မဂ်ဖြင့် ချုပ်စေလျှင် အကျိုးဇာတိစသောဒုက္ခ ချုပ်၏ဟူသော အရှင်အဿဇိထေရ် ဟောတော်မူသော သစ္စာလေးပါးသိမြင်နည်း ဂါထာကို အခြေပြုရေးပါသည်။

အတ္ထုပ္ပတ္တိကို အနည်းငယ် ဖော်ပြဦးအံ့—

ပဋိသန္ဓေအို နာ သေရေး ဒုက္ခဘေးတို့မှ လွတ်လိုသောအားဖြင့် တရားကို ရှာတော်မူသော ဥပတိဿမည်သော အရှင်သာရိပုတ္တရာအလောင်းသည် အရှင် အဿဇိနှင့် တွေ့သောအခါ အရှင်ဘုရား၏ဓာရာဖြစ်သော မြတ်စွာဘုရားသည် တပည့်သာဝကတို့အား အဘယ်သို့သောဝါဒဖြင့် ဆုံးမဟောကြားပါသနည်းဟု ဥပတိဿက လျှောက်ထားရာတွင်-

"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။"[၂]

ဟူ၍ အမှတ်လွှဲ၍ အမြင်ကျယ်သော သစ္စာ ၄-ပါးကို အရှင်အဿဇိထေရ် က ဟောတော်မူ၏။

၁။ သဂါထာဝဂ္ဂသံယုတ်-နှာ-၁၃၊ ၁၆၇။ ၂။ ဝိနည်းမဟာဝါ-နှာ-၅၁။

ဤသို့ ဟောတော်မူရာ "ယေ ဓမ္မာ ဟေတုပ္ပဘဝါ" စသော ပဌမနှစ်ပါဒ နှင့်ပင် ထိုးထွင်း၍ မြင်သိတတ်သောဉာဏ်ဖြင့် နိဗ္ဗာန်ကိုမြင်သိ၍ သောတာပန် တည်လေတော့၏။

ထိုပဌမနှစ်ပါဒ၏အဓိပ္ပါယ်မူကား–ဇာတိစသော ဒုက္ခတရားတို့သည် တဏှာ ကြောင့်ဖြစ်သည်ပင်တည်း။ ထိုအနက်ကို ထိုးထွင်း၍ သိမြင်ပုံမှာ တဏှာကြောင့် ဖြစ်သော ဇာတိစသော ဒုက္ခသည် တဏှာကိုပယ်က ချုပ်ရလေတော့၏။ ဇာတိနိရောဓနိဗ္ဗာန်ကို ထိုးထွင်း၍မြင်သိသဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ သောတာ ပတ္တိမဂ်သို့ ရှေးဦးရောက်လေ၏ဟူလို။

ထိုဂါထာ၏အနက်ကို ပြဦးအံ့–

ယေ ဓမ္မာ၊ အကြင် ဇာတိ ဇရာ ဗျာဓိမရဏစသောဒုက္ခသစ္စာတရားတို့သည်။ ဟေတုပ္ပဘဝါ၊ တဏှာဟူသော သမုဒယသစ္စာလျှင် အမှန်အစရှိကုန်၏။ တေသံ၊ ထိုဒုက္ခသစ္စာတရားတို့၏။ ဟေတုံ စ၊ အကြောင်းသမုဒယသစ္စာတရားကိုလည်း။ တေသံ၊ ထိုဒုက္ခသမုဒယသစ္စာ နှစ်ပါးတို့၏။ ယော နိရောဓော၊ အကြင်ချုပ်ရာ, ချုပ်ကြောင်းသည်။ အတ္ထိ၊ ရှိ၏။ တံ နိရောဓဉ္စ၊ ထိုချုပ်ရာ, ချုပ်ကြောင်း နိရောဓနှင့် မဂ္ဂသစ္စာကိုလည်း။ တထာဂတော၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ မဟာ-သမဏော၊ ရဟန်းမြတ်စွာ တို့ဆရာသည်။ ဧဝံဝါဒီ၊ ဤသို့ အယူရှိ၏။ ဝါ၊ ဟောတော်မူ၏။

အဓိပ္ပါယ်မှာ–ဇာတိစသော ဒုက္ခတို့သည် တဏှာကြောင့်ဖြစ်၏။ ထိုတဏှာကို မဂ်ဖြင့်ပယ်စွန့်လျှင် ဇာတိစသော ဒုက္ခတို့ချုပ်သော အဇာတနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏ဟူလို။

ဤကျမ်းတွင် ပဌမကဏ္ဍ၌ သစ္စာလေးပါး၌ မြင်သိရန် အကျဉ်းအားဖြင့် ပြထားပါသည်။ ဒုတိယကဏ္ဍ၌ ဒိဋ္ဌိဝိသုဒ္ဓိဖြင့် ဒုက္ခသစ္စာကို အကျယ်ခွဲ၍ ပြထားပါသည်။ တတိယကဏ္ဍ၌ ကင်္ခါဝိတရဏဝိသုဒ္ဓိဖြင့် သမုဒယသစ္စာကို ပြထားပါသည်။ စတုတ္ထကဏ္ဍ၌ နိရောဓသစ္စာဖြင့် နိဗ္ဗာန်ရှိပုံ နိဗ္ဗာန်မျက်မှောက်ပြုပုံများကို ရေးထားပါသည်။ ပဉ္စမကဏ္ဍ၌ မဂ္ဂသစ္စာ၏ လိုရင်း

ဖြစ်သော ဝိပဿနာမျှားနှင့်တကွ ဉာဏဒဿနဝိသုဒ္ဓိသို့ ရောက်အောင် ပြထား ပါသည်၊ ဆဋ္ဌမကဏ္ဍ၌ ဗဟုသုတရှိကြစေရန် ဝိပဿနာအထွေထွေကို ပြထား ပါသည်၊ ထိုကြောင့် ကျမ်းပြုပုဂ္ဂိုလ်၏ ဝါဒအရ အသင့် နှလုံးသွင်းဖြင့် ကြည့်ရှု မှတ်သား၍ ဤသာသနာတော်မှာ မှီရာ တည်ရာ သက်သာရာမျှားကို ရနိုင်ကြပါစေကုန်သော်။

အမှာ နိဒါန်းပြီးပြီ။

ထောက်ခံချက်

မင်းဘူးမြို့ မှန်ကင်းတိုက်၌ သီတင်းသုံးလျက်ရှိသော ဂန္ဓဝါစက ဗဟုသုတ ဖြစ်တော်မူသော သက်တော် (၇၁)၊ ဝါတော် (၅၁) ဝါ ရရှိတော်မူသော ဦးသာသန အမည်ရှိသော မဟာထေရ်သည် —

ဤ"စတုသစ္စဒဋ္ဌီကမ္မကထာ"ကျမ်းကို အစ အလယ် အဆုံး ကြည့်ရှု စစ်ဆေး ပြုပြင် ပြီးပြီ။

ဤကျမ်းစာသည် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ကိုးပါးသို့ သက်ရောက်လိုသော ပုဂ္ဂိုလ်မျှားနှင့် အလွန်သင့်လျော်ပေသည်။

ထိုကြောင့် ဤကျမ်းကို ကြည့်ရှုလေ့လာကြသည်ဖြစ်အံ့၊ ထိုပုဂ္ဂိုလ်တို့မှာ သစ္စာလေးပါးကို ထိုးထွင်း၍ ကောင်းစွာ မြင်သိနိုင်ခွင့်ရှိကြောင်း ဝမ်းမြောက် စွာ ထောက်ခံလိုက်ရပေသတည်း။

ဦးသာသန
မှန်ကင်းဆရာတော်။

ဥပေယျာဝဋ်

ဤ "စတုသစ္စဒဋ္ဌိကမ္မကထာ" ကို ကြည့်ရှုကြသော ပုဂ္ဂိုလ်တို့ အထူးသတိ ထားမူကြစေလိုသည်မှာ—

(၁) ဤကျမ်းတွင် အခ့ါနေရာများ၌ ပါဠိတော် အဋ္ဌကထာပါဠိ အနက် အပြည့်အစုံပင် ရေးထားပါသည်၊ အခ့ါနေရာများ၌ လျင်မြန်စွာ မြင်သိလွယ်စေခြင်းငှါ မြန်မာစကားသက်သက် ရေးထားပါသည်၊ သို့ရာတွင် အနက်အဓိပ္ပါယ်မူကား ပါဠိတော် အဋ္ဌကထာများနှင့် တထပ်တည်းပင် ဖြစ်ပါသည်။

(၂) လိုရင်းမူကား ပါဠိတော် အဋ္ဌကထာ ပါဠိအနက်တို့ ပါသည် ဖြစ်စေ, မပါသည်ဖြစ်စေ၊ အနက် အဓိပ္ပါယ်ကို လျင်စွာမြင်သိသဖြင့် သတိသံဝေဂရမှု, ငြီးငွေ့မှု, တဏှာချုပ်မှု, သစ္စာကို ထိုးထွင်း၍ မြင်သိမှုတို့နှင့် ပြည့်စုံက လိုရင်းကိစ္စပြီးစီးနိုင်ပါသည်။

(၃) ထိုကြောင့် ဂန္ထဂရု ဖြစ်နေမည်စိုး၍ လျင်စွာ မြင်သိလွယ်စေခြင်းငှါ အခ့ါနေရာများ၌ မြန်မာစကား သက်သက်ဖြင့် ရေးထားပါသည်၊ ဒုခ့ါ ရှေးဆရာတော်ကြီးများလည်း ရေးသင့်သော နေရာတို့၌ ဤသို့ပင် ရေးတော်မူကြသည်ကိုလည်း တွေ့မြင်ဘူးပါသည်။

စတုသစ္စဒဋ္ဌကမ္မကထာ ဆရာတော် အရှင်ရေဝတ၏

အဋ္ဌုပ္ပတ္တိအကျဉ်း

ဖွဲ့ပြင်ချိန်နှင့်ဇာတိ။ ။ကျမ်းပြုဆရာတော်သည် ၁၂၃၀-ပြည့် နှောင်းတန်ခူးလဆန်း (၁၄) ရက် ဗုဒ္ဓဟူးနေ့တွင် မင်းဘူးခရိုင် စကုမြို့၌ မွေးဖွားသည်။

ငယ်မည်နှင့်မိဘမျိုးရိုး။ ။ငယ်မည်မှာ ဦးရွှေလှိုင်ဖြစ်သည်၊ မိဘမှာ ဆေးဆရာဖြစ်သည်၊ အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင် မင်းတရားလက်ထက်တွင် အောက်အရပ်ဒေသမှ စကုစလင်းဒေသသို့ ရပ်ရွာတည်ထောင်ရေးအတွက် တာဝန်ပေးခြင်း ခံရသော **နေမျိုးဇေယျသူရ-ဘွဲ့ခံ မင်းရဲထွဋ်**-မှ ဆင်းသက်ပေါက်ဖွားလာသော မျိုးရိုးဖြစ်သည်ဟု သိရသည်။

စကုနှင့်စလင်းအရပ် ၂-ခု၏ အလယ်ဗဟိုလောက်တွင် တည်ရှိသော ရွှေပန်းမြိုင်ဘုရား (ပွင့်ဖြူအနီး) ပတ်ဝန်းကျင်တွင်ရှိသော ပြည်လုံးကျော်၊ မဲရင်းသိမ်းကုန်ဖလံတောစသည့် ရွာများကို တည်ထောင်ကာရှုမ်း,မြန်မာတို့နှင့်ရောယှက်၍ တောင်သူ လယ်သမားအဖြစ် အသက်မွေးခဲ့ကြသည်။ သို့ပေါ်မင်း ပါတော်မူချိန်တွင် ကျမ်းပြုဆရာတော် လူမည် ဦးရွှေလှိုင်သည် ဆရာတော် ဦးဥတ္တမ ကျောင်းတွင် ကိုရင်ဘဝနှင့်ပင် ဖြစ်သည်၊ ဆရာတော် ဦးဥတ္တမ-နောင်တွင် ဗိုလ်ဥတ္တမ=**မင်းကြီးဗိုလ်ဥတ္တမ**ဟု ကုလားဖြူ အင်္ဂလိပ်ကိုအသက်သေသည်အထိ မြန်မာပြည်အလယ်ပိုင်းမှ တောက်ပြောင်စွာ ခုခံတိုက်ခိုက်ခဲ့သူ၏ မွေးစားသားများအနက် တဦးဖြစ်သည်။

ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ။ ။အင်္ဂလိပ်အစိုးရ လက်အောက်တွင် မြေတိုင်း ပညာသင်၍ မြေတိုင်း အင်စပက်တော်အထိ အမှုထမ်းပြီးနောက် တတိယတန်း ရွှေနေဘဝ,ထို့နောက်ဒုတိယတန်း

ရွှေနေဘဝဖြင့် အသက်မွေးခဲ့သည်။ မင်းဘူးမြို့ **သမ္မာကမ္မန္တအသင်း** (ဝိုင်အင်ဘီအေ)၏ မမွေကထိကအဖြစ် နှစ်ပေါင်းများစွာ ရွက်ဆောင်ခဲ့သည်။

ကျမ်းများပြုစုခြင်း။ ။အသက် ၄၉-နှစ်တွင် **အမောဃကာလ နိဗ္ဗာနမဂ္ဂပဋိပတ္တိကျမ်း**ကို ရေးသားပြုစုသည်၊ မူမကျန်တော့ပေ။ သံခိပ်ဝတ်ရွတ်အသင်း တည်ထောင်၍ သင်္ဂြိဟ်ဆရာအဖြစ် ပို့ချခဲ့သည်။

၁။ ဟေတုဖလကထာကျမ်း။

၂။ နာမရူပပရိစ္ဆေဒကထာကျမ်း။

၃။ ဒဿနေနပဟာတဗ္ဗကထာကျမ်းတို့ကိုစုပေါင်း၍ (၃) ကျမ်းတွဲပြီးလျှင် **လောကုတ္တရာလက်စွဲကျမ်း** အမည်ဖြင့် (၁၉၁၉) ခ၂၈၀-ခု အသက် ၅၀-တွင် ရေးသား ပြုစုပြီးသည်။ ခ၂၈၂-ခု နှစ်တွင် မင်းဘူးမြို့ မဟာသုခိတာရာမ ချမ်းသာကြီးတိုက်ဆရာတော် ဦးပညာဇောတက ထောက်ခံပုံနှိပ်သည်၊ ခ၂၈၄-တွင် ပုံနှိပ်ပြီးသည်။ ထိုကျမ်းများကို မမွသင်္ကြံကျမ်း အဋ္ဌသာလိနီကျမ်းများကို မှီ၍ ရေးသားပြုစုသည်ဟု မှတ်သားထားသည်ကို တွေ့ရသည်။

ပိဋကတ်စာပေ လေ့လာခြင်း။ ။မင်းဘူး ရွှေစက်တော်ဘုရား ဂေါပကလူကြီးအဖြစ် ဆောင်ရွက်နေစဉ် မန္တလေးမြို့ ရဿကြီး ဦးခန္တီက ကြည်ညို၍ လှူဒါန်းသော ပိဋကတ် (၃) ပုံကို လေ့လာဆည်းပူးခြင်း၊ ကျင့်ကြံကျက်မှတ် အားထုတ်ခြင်း၊ လယ်တီဆရာတော်ဘုရားကြီးစသည့် ပရိယတ်, ပဋိပတ်ပုဂ္ဂိုလ်ကျော်များထံတွင် နည်းနာခံခြင်းတို့ဖြင့်သာ နေ့-ည အချိန်ကုန်ခဲ့ပေသည်။

သာသနာတွင်းသို့ဝင်ခြင်း။ ။၁၉၄၄-ခု မေလ ကဆုန်လပြည့်နေ့ နံနက်ပိုင်းတွင် မင်းဘူးမြို့ကို လိပ်-ကန်တို့က ပုံးကြဲချသောအခါ ဦးရွှေလှိုင်၏အိမ်ကို တိုက်ရိုက် ဗုံးထိမှန်သည်။ ဦးရွှေလှိုင်မှာ အိမ်ထဲမှ မထွက်သာပဲ ရှိနေသည်၊ နီးရာအိမ်တိုင်တလုံးကို ကိုင်ပြီးလျှင် ထိုင်နေလိုက်ရတော့သည်။ တအိမ်လုံး ပြိုပျက်သွားသော်လည်း ဦးရွှေလှိုင်နှင့်သူ ကိုင်ထားသော အိမ်တိုင်တလုံးကား ဘေးမထိ ရန်မခပဲ ကျန်ရစ်ခဲ့သည်။ လမ်းပေါ်တွင် လှုပ်ကျနေသော လောကုတ္တရာလက်စွဲကျမ်းတအုပ်မှအပ အခြား

ပစ္စည်းများ အစရှာ၍ပင် မရခေါ်။ မီးလောင်ဗုံးကြောင့် တမြို့လုံးမီးလောင် ပျက်စီးသည်။ဗုံးစက်သေနတ်ဒဏ်ကြောင့် လူ ၁၀၀၀ ကျော် ဒဏ်ရာရ သေကြေ ပျက်စီးသည်၊ ဦးရှေလို့င် သံဝေဂ အထူးရသည်၊ အမြန် ရဟန်း တက်လိုသည်၊ ဆန္ဒပြင်းထန်သည်၊ ပရိက္ခရာ ဂ-ပါးကို ရှုတ်ချည်းရှာဖွေရာ တစုံသာရသည်။ စကျွိုို့ ကန်ဦးကျောင်းတိုက် ကန်ဦးဆရာတော်ကြီးထံမှောက်၌ ရဟန်းအဖြစ်သို့ ရောက်သည်၊ ရဟန်းဘွဲ့မှာ အရှင်ရေဝတ ဖြစ်သည်။

ဤကျမ်းကိုပြုစုခြင်း။ ။ပိဋကတ်တော်စာအုပ်များ ဗုံးဒဏ်ကြောင့် ပျက်စီး၍ မကျန်တော့သဖြင့် နှစ်ပေါင်းများစွာက မိုမိဆည်းပူးကျက်မှတ်ရထားသော တရားစာများကို မေ့လျော့ခြင်း မဖြစ်ရန် နေ့-ည၌ အားကုံပြန်ဆိုသည်။ ကန်ဦးဆရာတော်ကြီးက ချီးကျူးသည်။ နောင်လာနောက်သားများ လမ်းတိုတိုနှင့် အထူးသဖြင့် အပါယ်လေးဘုံမှ လွတ်သော သောစာပတ္တိမဂ်ကို ရစေရန် ရည်သန်၍ လေယာဉ် စက်သေနတ် ဗုံးကြားထဲမှ ည၌အခါ မီးမှိန်မှိန်ဖြင့် နေ့အခါ ကိုန်းစက်ခြင်းမပြုပဲ **ဤစတုသစ္စဒဋ္ဌကမ္မ-ကထာကျမ်း**ကို စက္ကူတဖက်လွတ်များ ရှာဖွေ၍ ခက်ခဲစွာ အကြမ်း ရေးသားပြုစုရပေသည်။ သက်တော် ၇၉၊ ၁၃၀၉-ခုနှစ်တွင် အခြေ ရေးသားသည်။ ထိုနှစ်မှာပင် ပြီးစီး၍ ပဌမအကြိမ် ပုံနှိပ်သည်။

အခြားကျမ်းများ ပြုစုခြင်း။ ။အခြား ကျမ်းများကိုလည်း ရန်ကုန်တွင် သီတင်းသုံးနေစဉ် ၁၉၄၉-နှင့် ၁၉၅၆-အတွင်း ရေးသားပြုစုခဲ့သည်။ ထိုကျမ်းများမှာ—

သစ္စဒီပကကထာ
သောတာပတ္တိမဂ္ဂကထာ
ဒိဋ္ဌိဝိစိကိစ္ဆာပဟာတဗ္ဗကထာ
နိယျာနိကမဂ္ဂကထာ
ဆဓာတုမဂ္ဂကထာ
အတ္တာနမ္မပဋိသမ္ဘိဒါမဂ္ဂကထာ

တို့ ဖြစ်သည်။

ထူးခြားသည့် အဖြစ်အပျက်။ ။ထူးခြားသောအချက်အချို့ကိုဖော်ပြရသော်
(၁) ၁၉၇၉-ခုနှစ် ရန်ကုန်သို့ ခေတ္တကြွရောက်သီတင်းသုံးပြီး မင်းဘူးသို့ ဝါဆိုမိ ပြန်ကြွမည်ဟု အတင်းအကြပ် အမိန့်ရှိသည်၊ ဝါဆိုလဆန်း ၁၂ ရက်နေ့က ဖြစ်သည်၊ အခြေအနေအရ လုံးဝ သွားရ၍ မဖြစ်နိုင်ပေ၊ အကြောင်းကား ရန်ကုန်မြို့မှလွဲ၍ ကျန်ဒေသများမှာ သောင်းကျန်းသူတို့၏ လက်ဝယ် ရောက်နေခြင်းကြောင့်ဖြစ်သည်၊ ထိုအကြောင်းကို လျှောက်ထားရာ "ဝါမဆိုမိ ကြွနိုင်လိမ့်မည်" ဟု အမိန့်ရှိသည်။

နောက်နေ့ဖြစ်သည့် ဝါဆိုလဆန်း (၁၃) ရက်နေ့တွင် မိတ္ထီလာနှင့် ရေနံချောင်း၊ချောက်ကို ဗိုလ်မှူးကြီးဇော်ကောင်းက တပြိုင်နက် သူပုန်လက်မှ သိမ်းပြီးကြောင်းကို ဗိုလ်ချုပ်ကြီး (ယခုသမ္မတကြီး) ထံ အကြောင်းကြားရာ ၎င်းဒေသများတွင် အုပ်ချုပ်ရေး ပြန်လည်ထူထောင်ရန် အတွက် ပြည်ထဲရေးဌာန အတွင်းဝန်က ဦးဆောင်ပြီး ရဲမင်းကြီးနှင့် မြောက်ပိုင်း အထူးတိုင်းမင်းကြီး(၃)ယောက်တို့အား တာဝန်ပေးလိုက်သည်။ဗိုလ်ချုပ်ကြီး၏ ခွင့်ပြုချက်အရ ကျမ်းပြုဆရာတော်အား (၄)ယောက်စီး လေယာဉ်ဖြင့် တပါတည်း ပင့်ဆောင်သွားပြီးနောက် ချောက်မှတဆင့် လှေဖြင့် ဝါဆိုမိ မင်းဘူးသို့ ပို့ပေးနိုင်ခဲ့သည်။

ထူးခြားသည့် အိပ်မက်တော်။ ။ဆင်ဌသံဂါယနာတင်ပွဲကြီးကို ညောင်ရမ်းဆရာတော်ဘုရားက နာယကအဖြစ် ကြီးမှူးဦးစီး၍တင်သောအချိန်ဖြစ်သည်၊ တနေ့သောနံနက် ဆွမ်းမစားမီ ဂနာရီလောက်က အမိန့်ရှိသည်မှာ ညသန်းခေါင်ကျော် ကောင်းကင် လဟာပြင်တွင် ထီးဆောင်းပြီး ပရိက္ခရာ (ဂ)ပါး အပြည့်အစုံနှင့် လမ်းလျှောက်သည်ကို ညသန်းခေါင်ကျော်အချိန်က အိပ်မက် မြင်မက်ကြောင်း၊ ထိုအိပ်မက်က နှုံးပြီး အရဏ်မတက်မီ မဟာသတိပဋ္ဌာန်ကို ပွါးများရာ ပြောမပြနိုင်လောက်အောင် အလွန် ကျေးဇူးများကြောင်းပြောသည်။

သေခဲ့ဘးမှ လွတ်ခဲ့ခြင်း။ ။ဆက်၍ပြောသည်မှာ အစ်ကိုနှင့်အတူ ဒေါက်မြန်မာပြည် ဒေးဒရဲမှ လှေဖြင့် ထင်းခွဲသွားရာ လေကြမ်းမိ၍ လှေနစ်ပြီး (၇)ရက်တိုင် ရေတွင် မျောခဲ့သော်လည်း မသေခဲ့၊ အသာပြန်ရောက်ပြီးနောက် သေလောက်အောင် မကျန်းမမာဖြစ်ရာ အားလုံးက

သေပြီဟု ထင်မှတ်၍ ခေါင်းစပ်သူကစပ်၊ ဘုန်းကြီးကို ပင့်သူကပင့်ကြပြီ ဖြစ်သော်လည်း အသက် မသေခဲ့ပေ။ နောက် အထက်၌ ဖော်ပြခဲ့သည့် မင်းဘူးမြို့ ဗုံးကြဲစဉ် အံ့သြလောက်အောင် အသက်မသေပဲ အိမ်တိုင်တလုံးနှင့် သာ ကျန်ခဲ့သည်ကို အမိန့်ရှိသည်၊ ဒီဘဝမှာ တရားထူးမရပဲ မသေနိုင်ဟု မိန့်သည်။

ညောင်ရမ်းဆရာတော် ချီးကျူးတော်မူပုံ။ ။နောက် ၁-နာရီခန့် အကြာတွင် အစီအစဉ်မရှိပဲနှင့် ဆဋ္ဌသံဂါယနာတင် နာယက ညောင်ရမ်းဆရာတော်ဘုရားကြီး ကြွရောက်လာပြီး ကျမ်းပြုဆရာတော်အား ပရိယတ်ကို အခြေခံ၍ ပြုစုသောကျမ်း(**စတုသစ္စဒဋ္ဌီကမ္မကထာ** ကျမ်း)ဖြစ်၍ ဝမ်းသာကြောင်း ချီးကျူး၏။ သာဓု အနုမောဒနာ ခေါ်သည်။

မြသိန်းတန် ဆရာတော် ချီးမြှောက်တော်မူပုံ။ ။နောက်တနေ့ မန္တလေး မြသိန်းတန် ဆရာတော်ကြီး ကြွရောက်လာပြီး ကျမ်းပြုဆရာတော်အား အမရပူရ ဗားကရာတိုက်တွင် သီတင်းသုံးရန် ဖိတ်ကြားသည်။ အစစ တာဝန်ယူကြောင်း အမိန့်ရှိသည်။ ထို့နောက် ထပ်၍လည်း ၂-ခါ လာရောက် ပင့်သည်။

တရားထူးရတော်မူခြင်း။ ။၁၉၅၆-မေလကုန် ည၉-နာရီလောက်တွင် ကပ္ပိယမောင်ဘချစ်က အမြန် လာပါ၊ ကျမ်းပြု ဆရာတော်ဘုန်းကြီး ထူးထူးဆန်းဆန်း မြင်တွေ့ရသည်၊ အမြန်လာပါဟု ပြောပြော ဆိုဆိုနှင့် ကျောင်းပြန်သွားသည်။ မကျန်းမမာဖြစ်၍လားဟု ထင်၍ လက်လှမ်း မှီရာဆေးများ ယူပြီး ကျောင်းသို့ အမြန်လိုက်သွားရာ သတိမေ့ခြင်း မူးခြင်း လဲနေခြင်း မဟုတ်၊ ခါတိုင်းထက် အဆာများစွာ အလွန် ကြည်လင် တည်ငြိမ်သော ဣန္ဒြေဖြင့် တင်ပလ္လင်ခွေလျက် ထိုင်နေသည်ကို ဖူးမြင်ရသည်။

ဝန်ထုပ်ကြီး ချပြီး၊ ချမ်းသာစွ၊ ချမ်းသာစွ၊ နောက်ဆုံးတော့ အနိစ္စ ဒုက္ခ အနတ္တ-ပဲဟု မှတ်ကြ—

ဟူဥဒါန်းကျူးသည်။

ကျမ်းပြုဆရာတော်၏ ထေရုပ္ပတ္တိ

ကျေးဇူးဆပ်တော်မူခြင်း။ ။ဇူလိုင်လဆန်း ဝါဆိုပြီးနောက် မကြာမီ "မင်းဘူး သို့ အမြန် ပြန်ကြွမည်၊ မင်းဘူးက ဒါယကာ ဒါယိကာမများကို ကျေးဇူးဆပ်ရန် ကျန်သေးသည်" ဟု မိန့်ကြားသည်။ အသက် အရွယ်ကြီးပြီး မမာမကျန်းဖြစ်နေ၍ တကြောင်း၊ မိုးကြီးနေ၍ သဘော်ဆိပ်ကို ဆင်းရန် မလွယ်၍ တကြောင်း၊ လမ်းမှာ ကြည့်ရှုမည့် ဆရာဝန်နှင့် ဆရာမကို လည်း ရှာရဦးမည်ဖြစ်ကြောင်း စသည်ဖြင့် လျှောက်ထားသော်လည်း တား၍ မရပေ၊ ဘာမှမပူနှင့်၊ သူဟာသူ အဆင်ပြေလိမ့်မည်ဟုသာ မိန့်သည်၊ အိမ်မှ သဘော်ဆိပ်သို့ ဆင်းခါနီးမှာ သဲသဲမဲမဲ မျှာနေသောမိုးသည် ရပ်၏။ သဘော်ပေါ် ပဌမခန်းရောက်သောအခါ ဘုခန်းချင်း ကပ်လျက် မန္တလေးသွားမည့်ဆရာဝန် ကို တွေ့ရ၏။ ၎င်းက မင်းဘူးအထိ တာဝန်ယူ၍ သွားတော့သည်။

ဘဝဇာတ်သိမ်းတော်မူခြင်း။ ။ရှင်ဘဒ္ဒန္တရေဝတဘွဲ့မည်ရှိ သစ္စဒီပကကျမ်းပြု ဆရာတော်သည် ၁၉၅၇-ခု ဧပြီလ ၁၆-ရက်နေ့ အသက် ၉၀-အဝင်တွင် မင်းဘူးမြို့ လေသာကုန်း (ဓာတ်တော်ကုန်း) ကျောင်း၌ ပြန်လွန်တော်မူသည်။

ဦးချမ်းသာ

အငြိမ်းစား အတွင်းဝန်

ကျေးဇူးတင်ခြင်း

ဤ စတုသစ္စဒဋ္ဌကမ္မကထာ ကျမ်းကို ယခု နဝမ အကြိမ် ပြန်လည်ရိုက်နှိပ်ရာ၌ ကျမ်း၌ပါရှိသည့် အကိုးသာဓက ပါဠိများ၏ ကျမ်းညွှန်းများကို ရှာဖွေ ထည့်သွင်းပြီး ကောင်းမွန် သေသပ်စွာ ရိုက်နှိပ်ပေးသည့်.... သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက် ပါဠိပညာရှင် စာပြင်ဆရာကြီးများနှင့် တကွ ဝန်ထမ်းများအား အထူး ကျေးဇူးတင်ရှိပါကြောင်း။

ဦးခွန်းသာ

အငြိမ်းစား အတွင်းဝန်

စတုသစ္စဒဋ္ဌကမ္မကထာ

ဓာတိကာ

အကြောင်းအရာ				စာမျက်နှာ
ရတနတ္တယပွဏာမများ	....	....	....	၁-၂
အဘိယာစကနိဒါန်း	....	....	....	၃
ကျမ်း၏အမည်စသည်	....	....	....	၃
ကျမ်းပြုပုဂ္ဂိုလ်၏ ပြောဟောလေ့ဝါဒနှင့် သာဝကတို့၏တာဝန်			....	၄-၆
ဓမ္မကထိကပုဂ္ဂိုလ်တို့၏ တရားဟောရန် အဓိအစဉ်			....	၇
တရားအာဃာတ်မှု အဓိပ္ပါယ်	....	....	....	၇
သစ္စာကို မသိသောကြောင့် သံသရာ၌ ကျင်လည်ရပုံ			....	၉
တိုက်တွန်းတော်မူပုံ	....	....	....	၁၀
တရားဟော, တရားနာ ပုဂ္ဂိုလ်တို့၏တာဝန်		....	....	၁၁
မင်္ဂိုလ်နိဗ္ဗာန်ဟူသော မှီရာတည်ရာရှိကြစေရန်တိုက်တွန်းတော်မူပုံ			....	၁၂
အယူမှားပုံ၏ အစနှင့် အဆုံး	....	....	....	၁၃
အနတ္တကို မြင်သိရန် နက်နဲပုံ	....	....	....	၁၄
အနတ္တ၏ အဓိပ္ပါယ်နှင့် အနတ္တရှုနည်း	....	....	....	၁၅
ပညာရှိ သတိဖြစ်ခဲသည်၊ သတိရှိရန်သင့်ပုံ		....	....	၁၆
မင်္ဂလာ ဗိုလ်ဘာဏ်တို့၏ အဓိပ္ပါယ်	....	....	....	၁၇
ကျမ်းပြုပုဂ္ဂိုလ်၏ ပဋိညာဉ် စသည်	....	....	....	၁၈
သစ္စဒီပက ကထာ	....	....	....	၁၉
သစ္စာအနက်	....	....	....	၂၀
ဒုက္ခသစ္စာ၏ လက္ခဏာ စသည်	....	....	....	၂၀
သမုဒယသစ္စာ၏ လက္ခဏာစသည်	....	....	....	၂၄

အကြောင်းအရာ	စာမျက်နှာ
သတိပြုရန် အမေးအဖြေ	၂၅
နိရောဓသစ္စာ၏ လက္ခဏာစသည်	၂၆
မဂ္ဂသစ္စာ၏ လက္ခဏာစသည်	၂၇
သစ္စာလေးပါး မြင်သိနည်း	၂၈
အကြောင်းချုပ်က အကျိုးချုပ်ပုံ	၂၉
ပစ္စုပ္ပန်ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂတို့ကို ရှုပုံ	၃၀
မင်္ဂလိတ်တချက်ဖြင့် မင်္ဂလိစွလေးပါးပြီးစီးအောင်ရှုပုံ	၃၁
တရားကျင့်ရာ၌ အမြတ်အရှုံးတွက်နည်း	၃၄
ဒုက္ခ၏တည်ရာ, ချုပ်ရာဌာနပြပုံ	၃၆
အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ ကိုယ်တွေ့ရှုနည်း	၃၆
သစ္စာလေးပါးကို ဒေသနာရာ အပြည့်အစုံ ဘင်ခြင်သုံးသပ်နည်း	၃၇
သစ္စာလေးပါး အကျဉ်းမှတ်ယူနည်း	၃၉
သစ္စာလေးပါးကို ကိုယ်တွေ့သိမြင်သူမည်ပုံ	၃၉
သုခဝေဒနာကြောင့် ဒုက္ခဆယ်မျိုးဖြစ်ပုံ	၄၁
ဝဋ်ဒုက္ခချုပ်နည်း	၄၂
အဋ္ဌကထာများအရ မဂ္ဂဝီထိကျပုံ	၄၅
မဂ်ဇောဠီ အဝိဇ္ဇာ တဏှာ, ဒိဋ္ဌိချုပ်ပုံ	၄၆
နိဗ္ဗာန်ကို အာရုံပြု၍ တရားအားထုတ်ရမည်ဟု ဟောတော်မူပုံ	၄၇
မဂ်အကျင့်၏ ဒေသိပ္ပါယ်ကိုပြပုံ	၄၈
ဥဒါန်းပါဠိတော်အရ နိဗ္ဗာန်ကိုပြပုံ	၄၉
နိဗ္ဗာန်ကို မျက်မှောက်ပြု၏ဟူသော အဓိပ္ပါယ်	၅၀
သစ္စာလေးပါးကို မြန်မာစကားသက်သက်ဖြင့် ရှုနည်း	၅၁
တနည်း မြန်မာစကားရိုးရိုးဖြင့်ရှုပုံ	၅၁
အကြောင်းကြောင့် အကျိုးဖြစ်၍နေပုံ ဒေသကြောင်းချုပ်က အကျိုးချုပ်ရပုံ	၅၂
ဘဝတဏှာချုပ်အောင် ရှုပုံ တနည်း	၅၃

အကြောင်းအရာ				စာမျက်နှာ
ပစ္စုပ္ပန်ဘဝမှာပင် သောတာပန်စသည်ဖြစ်အောင် အားထုတ်နည်း				၅၃
သစ္စာလေးပါးကို မြန်မာစကားဖြင့် မြင်သိနည်း	....	....		၅၅
ဘဝတဏှာကို ပယ်နိုင်ရန် ပုတီးစိပ်နည်း	....	....		၅၅
နိဗ္ဗာန်နှင့်မက်စိတ် အာရုံ အာရုမ္မဏိက စပ်မိအောင် ရှုနည်း	....			၅၇
သစ္စာလေးပါး၌ သိမြင်နည်းအကျဉ်း	....	....		၅၈
တရားအားထုတ်မှု၏ အကြောင်းရင်း	....	....		၆၁
အနတ္တ လက္ခဏာထင်မြင်ရန် အရေးကြီးပုံ	....	....		၆၅
အနတ္တကို ထင်ရှားစေရန် အမေးအဖြေဖြင့် ပြခြင်း	....			၆၆
နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုခြင်းဌါ ပဋိသမ္ဘိဒါမဂ်အရ ဘာဝနာပွါးပုံ	....	....	....	၆၈
မဂ်ကိစ္စ ပြီးစီးပုံ	....	....	....	၆၉
နိဗ္ဗာန်ရောသေစွာကို မြင်သဖြင့် သဿတဒိဋ္ဌိချုပ်ပုံ	....	....		၇၁
သစ္စာလေးပါး၏ လက္ခဏာ စသည်	....	....		၇၃-၆
နိဗ္ဗာန်၏ သန္တိလက္ခဏာ ဖြစ်ပုံ	....	....		၇၆
မိမိခန္ဓာကို သစ္စာဖွဲ့၍ ရှုနည်း	....	....		၇၇
သောတာပတ္တိမဂ်ကို ရရန်အကျင့်နှင့် အထက်မဂ်အကျင့် ခြားနားပုံ				၇၈
မိမိသည် သောတာပတ္တိမဂ် စသည်၌ တည်, မတည်ကို ဆင်ခြင်နည်း				၇၉
လယ်တီဆရာတော်ဘုရားနည်း ပစ္စဝေက္ခဏာ ဆင်ခြင်ပုံ	....			၈၀
မဂ်ဖိုလ်၌ တည်, မတည် ကြေးမုံတရားအရ ဆင်ခြင်ပုံ	....			၈၁
ဖိုလ်၌တည်သောပုဂ္ဂိုလ်တို့ ဖိုလ်ဝင်စားနည်း	....	....		၈၂
ဖိုလ်ဝင်စားသည့်အခါ နိဗ္ဗာန်အာရုံ၌ စိတ်တည်နေပုံ	....			၈၂
ဖိုလ်ဝင်စားရာ၌ ဝီထိချပုံ လက်ံာ	....	....		၈၃
သောတာပန်ဖြစ်အောင် ကျင့်နည်းနှင့် သောတာပန်ကျင့်ဝတ်များ				၈၄
သောတာပန်ဖြစ်အောင် ကျင့်နည်း	....	....		၈၅
အခန်း ၂-၏ အမှာနိဒါန်း	....	....		၈၆

အကြောင်းအရာ စာမျက်နှာ

အခန်း-၂

ဒိဋ္ဌိသုဒ္ဓိကထာ ၈၇
ဒုက္ခသစ္စာကို ဒိဋ္ဌိသုဒ္ဓိဖြင့် ခွဲ၍ ပြပုံ ၈၇
နာမ်ရုပ်တို့၏ သဘာဝ ၈၈
စိတ်၏ လက္ခဏာစသည် ၉၀
စေတသိက်တို့၏ လက္ခဏာစသည် ၉၁
ရုပ် ၂၈-ပါး ၉၃
ရုပ်၏ လက္ခဏာစသည် ၉၅
ရုပ်၏ အစေဝနစသည် ဖြစ်ပုံ ၉၆
နာမ်ရုပ်မှတပါး ပုဂ္ဂိုလ်, သတ္တဝါ, သတ္တ, ဇီဝ မရှိပုံ ၉၉
နာမ်ရုပ်အပေါင်းအစုကို အစုံပြု၍ သတ္တဝါဟု ပညတ်ပုံ ဥပမာ ၉၉
ရုပ်၌ ဒြဗ် သဏ္ဌာန် နိမိတ်ရှိသကဲ့သို့ ထင်ရရုံမျှသာတည်းဟု ပြပုံ ၁၀၀
ဇာဟုသုတမရှိသော သူတို့သည် ရုပ်နာမ်ခန္ဓာကို ငါဟု ရှုတတ်ပုံ ၁၀၂
သက္ကာယနှင့် ဒိဋ္ဌိ ခြားနားပုံ ၁၀၄
အတ္တဒိဋ္ဌိချုပ်လျှင် ဒိဋ္ဌိအားလုံး ချုပ်ပုံ ၁၀၅
နာမ်နှင့် ရုပ်ကို နာမရူပပရိစ္ဆေဒဖြင့် ခွဲခြား၍ ရှုခြင်းဖြင့် ဒိဋ္ဌိသုဒ္ဓိ ဖြစ်ပုံ ၁၀၆
နာမ်သည် ရုပ်ကိုမှီ၍ဖြစ်သော်လည်း သဘောချင်း ခြားနားပုံကို ဥပမာနှင့်တကွ ပြပုံ ၁၀၇
ဖဿ ပဉ္စမက ဖြစ်ပုံ ၁၀၈
ဂင်းဖဿ ပဉ္စမကၥ် စောဒကတက်ဖွယ် ၁၀၉
နာမ်နှင့် ရုပ်သည် ဒုဗ္ဗလပင် ဖြစ်သော်လည်း အချင်းချင်း ကျေးဇူး ပြုက ဂိစ္စပြီးစီးပုံ ဥပမာဖြင့် ပြခြင်း ၁၁၁
မြစ်တဘက်သို့ ကူးရာ၌ လူနှင့် လှေတို့ အချင်းချင်း ကျေးဇူးပြု သကဲ့သို့ နာမ်နှင့် ရုပ်တို့ ကျေးဇူးပြုပုံ ၁၁၃

အကြောင်းအရာ စာမျက်နှာ

နာမ်ရုပ်တို့သည် တစုံတရာ ဗျာပါရုမရှိသော်လည်း ရှိသကဲ့သို့ ထင်ရုပုံ ၁၁၄

နာမ်ရုပ်တို့သည် မြက်မှိုက် ထင်းခြောင်းတို့၏ပမာ သတ္တ ဇီဝမှ ဆိတ်ပုံ ၁၁၅

နွားသွားသည်ကို လှည်းသွားသည် ပြောဆိုကြသကဲ့သို့ စိတ်နှင့် စိတ္တဇ ဝါယောဓာတ်တို့ သွား ရပ် ထိုင် လျောင်းခြင်းပြုပုံ ၁၁၆

ဒိဋ္ဌိဝိသုဒ္ဓိ နိဂုံး ၁၁၈

အခန်း-၃

သမုဒယသစ္စကထာ ၁၁၉

ကခ်ၤဝိတရဏဝိသုဒ္ဓိကိုပြခြင်း နိဒါန်း ၁၁၉

ဒုက္ခသစ္စာ နာမ်ရုပ်တို့ ဖြစ်ခြင်း၌ ဟေတုအကြောင်း, ပစ္စယ အကြောင်း ခဲ့ခြားပြပုံ ၁၂၀

ပစ္စယ ပရိဂ္ဂဟဉာဏ်ကို ကာလသုံးပါးဖြင့် အကျဉ်းမှတ်ယူပုံ ၁၂၂

အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် အမိနှင့်တူပုံ ကံသည် အဖနှင့်တူပုံ သားသည် ဝိပါက် နာမ်ရုပ်နှင့် တူပုံ ၁၂၃

ကိလေသဝဋ်တို့တွင် အကြောင်းရင်းဖြစ်သော အဝိဇ္ဇာ၏ အဓိပ္ပါယ် ကို ခဲ့၍ပြပုံ ၁၂၄

အဝိဇ္ဇာ၏ လက္ခဏာ စသည် ၁၂၃

တဏှာသည်လည်း အနဒါဒတ် ဇာတိ၏အကြောင်းဟု ဥပမာနှင့်ပြပုံ ၁၂၉

တဏှာ၏လက္ခဏာ စသည် ၁၂၉

မိစ္ဆာဒိဋ္ဌိ၏ အဓိပ္ပါယ် ၁၃၁

အဝိဇ္ဇာ တဏှာမူလတို့ခကြောင့် သံသရာရှည်ပုံ၊ ထို နှစ်ပါးချုပ်က သံသရာစက် ချုပ်ပြတ်ပုံ ၁၃၂

ကမ္မဝဋ်ကိုပြုသော သူတို့ကို ဥပမာဖြင့် ပြပုံ ၁၃၄

အကြောင်းအရာ စာမျက်နှာ

ဂရုကံ စသည်တို့၏ အကျိုးပေး ပရိယာယ အပြား ၁၃၅

ကံတို့၏ အကျိုးပေးရာကာလ ၁၃၆

သေခြင်း လေးမျိုးနှင့် နိမိတ်ဆင်ပုံ ၁၃၇-၁၄၁

စုတိနောင် ပဋိသန္ဓေ ယထာရဟဆက်ပုံ ၁၄၂

စုတိနောင် ပဋိသန္ဓေဆက်ရာ၌ ပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ တစုံ
တခုသော တရားမျှ မပြောင်းမသွားသော်လည်း ဓာတ်အားဖြင့်
ပဋိသန္ဓေ ဖြစ်နိုင်ပုံ ၁၄၂

အကြောင်းအားလျော်စွာ အကျိုးဖြစ်ပုံ ၁၄၅

သံသရာကို စိရင်တတ်သော နတ်ဗြဟ္မာ မရှိ၊ ဟေတုအကြောင်း,
ပစ္စယအကြောင်းတို့ကြောင့်သာလျှင် ရုပ် နာမ် ခန္ဓာတို့ ဖြစ်
ပေါ်ပုံ ၁၄၇

ကမ္မဝိပါကအားဖြင့် ဤ လောကကြီးဖြစ်၍ နေပုံ ၁၄၈

အကြောင်းကို ကာရကပုဂ္ဂိုလ်ထား၍ အကျိုးကို ဝေဒကပုဂ္ဂိုလ်ဟု
ရှေးပညာရှိတို့ ပညတ်မျှသာဟု ပြဆိုပုံ ၁၅၁

ကခ်ါဝိတရဏဝိသုဒ္ဓိအကျိုးပြနိဂုံး ၁၅၂

ဓမ္မဋ္ဌိတိ စသည် မည်ပုံ ၁၅၃

ကခ်ါဝိတရဏဉာဏ်နှင့်ပြည့်စုံက စူဠသောတာပန်မည်ပုံ ၁၅၄

စူဠသောတာပန်အဖြစ်သည် သက်သာရာရသည်မည်ပုံ ၁၅၄

အခန်း-၄

နိရောဓကထာ ၁၅၅

ယမကရှုနည်း ၁၅၆

သခ်ါတလက္ခဏာ, အသခ်ါတလက္ခဏာတို့ကို ဓမ္မသင်္ဂဏိပါဠိတော်အရ
ခွဲခြားပြပုံ ၁၅၇

အကြောင်းအရာ			စာမျက်နှာ
သခ်ၤတ, အသခ်ၤတ ၂-ပါးတို့တွင် အသခ်ၤတသည် အမြတ်ဆုံးဟု ဟောတော်မူပုံ	....	....	၁၅၈
နိဗ္ဗာန်၏ အသခ်ၤတမည်ပုံ	....	....	၁၅၉
နိဗ္ဗာန်၏ နိရောဓမည်ခြင်းအကြောင်း	....	....	၁၅၉
ဒုက္ခနှင့်သုခကို ပဋိသမ္ဘိဒါမဂ်အရ ခွဲခြားပြ၍ မြင်သိနည်း	....		၁၆၀
ပဋိစ္စသမုပ္ပါဒ်အရ သစ္စာဖွဲ့၍ နိဗ္ဗာန်ကိုမြင်သိပုံ	....	....	၁၆၁
ပဋိသမ္ဘိဒါမဂ်အရ ၇၇-ပါးသော ဉာဏ်ဝတ္ထုတို့ဖြင့် ရှုပုံ	....	....	၁၆၄
အနုလောမနည်း	....	....	၁၆၆
လောက၏ အစအဆုံးကို ဟောတော်မူပုံ	....	....	၁၆၆
အကြောင်းချုပ်က အကျိုးချုပ်သော ဒုက္ခနိရောဓရှိပုံ	....	....	၁၆၈
ဥဒယဗ္ဗယဉာဏ် ၅၀-တို့ဖြင့် သစ္စာမြင်သိနည်း	....	....	၁၆၉
စက္ခုစသော အာယတနတို့ကြောင့် ဒုက္ခဖြစ်ပုံ ချုပ်ပုံ	....		၁၇၂
တဏှာ ဒိဋ္ဌိ ဥပါဒါန် စွန့်ရန် မီးပုံ ဥပမာဖြင့် ပြပုံ	....		၁၇၃
နိဗ္ဗာန်တရားသည် တဏှာအာရုံမှ ကင်းလွတ်ပုံ, ထိုနိဗ္ဗာန်အာရုံကြောင့် တဏှာရာဂချုပ်ရပုံ	....	....	၁၇၅

အခန်း-၅

မဂ္ဂကထာ	....	....	၁၇၇
အသခ်ၤတနိဗ္ဗာန်၏ သြပနေယျိကဂုဏ်နှင့်ပြည့်စုံပုံ	....	....	၁၇၇
မဂ္ဂသစ္စာ၏ လက္ခဏာ စသည်	....	....	၁၇၈
ဓမ္မစက္ကာအရ မဂ္ဂင်္ဘာဝနာပွါးနည်း	....	....	၁၇၉
မဂ္ဂ, အမဂ္ဂ, ပဟာတဗ္ဗ, ဘာဝေတဗ္ဗတို့ကို ခွဲခြားပြ၍ မြင်သိနည်း	....		၁၈၀
လောကုတ္တရာ၏ အဓိပ္ပါယ်	....	....	၁၈၁
သောတာပတ္တိမဂ်ကို ရအောင်ကျင့်နည်းနှင့် အထက်မဂ်ရအောင် ကျင့်နည်း ခြားနားပုံ	....	....	၁၈၂

အကြောင်းအစာ စာမျက်နှာ

ယုံမှားခြင်းကို ရှေးဦးမပယ်ပဲကျင့်က လိုရင်းကိစ္စမပြီးဟု ရှင်
တထောင်တို့ကို အကြောင်းပြု၍ ဟောတော်မူပုံ ၁၈၃
တရားအားမထုတ်မီ မိမိ၏စိတ်ကို ပရိကံပြုပုံ ၁၈၄
တရားအားထုတ်သော လက်သည်ကို အရိယဝံသကထာအရ ပြပုံ.... ၁၈၅
လောကီမင်္ဂ, လောကုတ္တရာမင်္ဂ ၂-မျိုးတို့၏ အဓိပ္ပါယ်ကို ပြပုံ ၁၈၇
သုခေါ နိရောဓောဟူ၍ နှစ်ပုဒ်ရှိသည့်အနက် မင်္ဂစိတ်သည် သုခကို
အာရုံမပြု၊ နိရောဓကိုသာ အာရုံပြုရန် သတိပေးပုံ ၁၈၈
ဝိပဿနာ၏ အဓိပ္ပါယ်နှင့် ၎င်း၏ ဝစနတ္ထများကို ပြပုံ ၁၈၉
အနိစ္စ, ဒုက္ခ, အနတ္တတရားနှင့် ၎င်းတို့၏ လက္ခဏာကို ခွဲခြား၍
မြင်သိနည်း ၁၉၀
ပဉ္စဝဂ္ဂီ ၅-ဦးတို့သည် ဒုက္ခသစ္စာကို ကြားနာရသော သံဝေဂကြောင့်
တခဏဖြင့် မင်္ဂသို့ သက်ပုံ ၁၉၄
ဖြစ်စေတတ်သော အကြောင်းဘရားတို့သည်လည်း အနိစ္စ ဒုက္ခ
အနတ္တသာတည်းဟု ဟောပုံ ၁၉၄
သတိပဋ္ဌာန်အရ ဒုက္ခသစ္စာ ၁၂-ပါးကို အကျယ်ဝေဖန်ပုံ ၁၉၆
အပါယ်သို့ တခါကျမိလျှင် သုဂတိသို့ တဖန်ပြန်ရခဲနိုင် ခဲယဉ်းပုံ ဥပမာ ၂၀၁
အဝိဇ္ဇာနှင့် တဏှာကြောင့် သံသရာရှည်၏ဟု အနုမတဂ္ဂသုတ်၌....
ဟောတော်မူပုံ ၂၀၂
သံသရာ၌ ဒုက္ခ ၁၂-ပါးမှ မလွတ်နိုင်ပုံကို သံဝေဂယူနည်းလက်ဝ.... ၂၀၈
သံသရာဝဋ်မှ မကျွတ်နိုင်ပုံတနည်း ၂၀၈
သံသရာမှ ကျွတ်လွတ်နိုင်ပုံ ၂၀၉
ဘင်္ဂဉာဏ်ဖြင့် ဉာဏ်ခုနစ်ဆင့်ကို ဆင်ခြင်လျှင် မင်္ဂသို့ သက်ဝင်နိုင်ပုံ ၂၁၀
တောလေးဆယ်နှင့် နိဗ္ဗာန် ၂၁၂-၂၂၃
ထို တောလေးဆယ်တွင် အခြို့သောပုဒ်များ၏ ဝစနတ္ထဝိုင်္ဂဟ်များ ၂၂၃-၂၂၉
ဒုက္ခတို့တွင် ဇာတိသည် မူလဖြစ်ပုံ ၂၃၀

အကြောင်းအထူ စာမျက်နှာ

ဒုက္ခ ၁၅-ပါးနှင့် သုခနိဗ္ဗာန် ၁၅-ပါးတဲ့၍ ပဋိသမ္ဘိဒါမဂ်အရ ယုဂနဒ္ဓ
နည်းဖြင့် ရှုပုံ ၂၃၁
ဒုက္ခ ၁၅-နှင့် နိဗ္ဗာန် ၁၅-ကို တဲ့၍ ပြခြင်း ၂၃၃
ခန္ဓာအာယတနတို့၌ သတ္တဇီဝမှ ဆိတ်ပုံကို ၆-ပါးသော ဆဟာကာရ
သုညရှုနည်း ၂၃၄
ထို ခန္ဓာ ၅-ပါးတို့၌ သတ္တဇီဝသဘောမှ ဆိတ်ပုံကို ၁၂-ပါးသော
အခြင်းအရာဖြင့် ရှုပုံ ၂၃၆
ဤသို့ သုညဏ် အပြစ်ကို မြင်သဖြင့် သင်္ခါရ ဥပေက္ခာပြုပုံ ၂၃၆
ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ပြီးသဖြင့် ဉာဏဒဿနဝိသုဒ္ဓိကို ပြပုံ ၂၃၀
အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ, သုညတဝိမောက္ခ တို့ကိုပြပုံ ၂၃၀
ဂေါတြဘုဏ် အဓိပ္ပါယ်ကို အဋ္ဌကထာနှင့်တကွ အကျယ်ဝေဖန်၍ ပြပုံ ၂၄၀-၄
ဝိပဿနာ မဂ်ဖိုလ်တို့နှင့်လျော်သော ဘီလူးမနှင့်ပေါင်းဖော်သော
ယောဂျီး၏ ဥပမာကို ပြပုံ ၂၄၆
သောတာပတ္တိမဂ္ဂဝိထိ ကျပုံ ၂၄၉
သစ္စာ ၄-ပါးကို မြင်သိရာ၌ အနုဗောဓသိ, ပဋိဝေဓသိ ၂-မျိုးကို
ဝေဖန်၍ ပြပုံ ၂၅၂
သောတာပတ္တိမဂ် ခဏ၌ မိစ္ဆာမဂ္ဂင်ရှစ်ပါးမှထပုံ ၂၅၃
လောကီမဂ်, လောကုတ္တရာမဂ် ၂-မျိုး၏ အဓိပ္ပါယ် ၂၅၅
သောတာပတ္တိမဂ်သည် အနုပါဒိန္နကခန္ဓာ, ဥပါဒိန္နကခန္ဓာ ၂-ပါး
လုံးမှ ထသည် မည်ပုံ ၂၅၆
ကိလေသာကို မဂ်ဖြင့် ပယ်သတ်ရာ၌ ကာလသုံးပါးမှလွတ်သော
အနုသယကိလေသာကိုသာ ပယ်ပုံ ၂၅၇
မဂ်စိတ်တခုက်၌ မဂ်ကိစ္စ ၄-ပါး ပြီးစီးပုံကို ဆီမီးဥပမာဖြင့် ပြပုံ ၂၆၀
မဂ် ၄-ပါးတို့၏ ကိလေသာ သံယောဇဉ်ကို ပယ်ရာ၌ မဂ်အားလျော်
စွာ ချုပ်ပုံ ၂၆၂

အကြောင်းအရာ

အရိယာ ရှစ်ယောက်တို့၏ အဓိပ္ပါယ် ....
ပဟာန် ၃-မျိုး ....
အောက်မဂ် ၃-ပါးသည် လျှပ်စစ်နှင့်တူပုံ, အရဟတ္တမဂ်သည် ဝဇိဇနလင်္ကနကနှင့် တူပုံ ....
ဒုက္ခသစ္စာကို ကုစ္ဆိတ, တုစ္ဆသာတည်းဟု ရှုအပ်ပုံ.... ....
တဏှာသမုဒယသစ္စာသည် တပါးသောတရားနှင့် စပ်မိမှ မိမိကိစ္စ ပြီးနိုင်ပုံ ....
နိရောဓသစ္စာသည် သဗ္ဘဂတိသုညတာအရ အလုံးစုံသော ဂတိ ၅-ပါး တို့မှ ဆိတ်ပုံ ....
တဏှာချုပ်ခြင်းသည်လည်း နိဗ္ဗာန်မည်ပုံ ....
ပဋိသမ္ဘိဒါမဂ်အရ အနုပါဒိသေသ နိဗ္ဗာန်ကို ပြပုံ ....
သစ္စာအနက် ၁၆-ချက် ပြပုံ ....
သစ္စာလေးပါးကို ဝန်ထုပ်ဥပမာဖြင့် ရှုပုံ ....
သစ္စာလေးပါးကို အနာရောဂါ ဥပမာဖြင့် ရှုပုံ ....
သစ္စာ ၄-ပါးခွဲ ဒုက္ခ, သမုဒယ, နိရောဓ, မဂ်-ဤသို့အစဉ်ထား၍ ဟောတော်မူခြင်းအကြောင်း ....
ပရမတ္ထသစ္စာသည် လေးပါးထက် မယုတ်မလွန်ပုံ.... ....
သစ္စာ ၄-ပါးမှတပါး ကားရက, ဝေဒက စသည်သတ္တဝါပုဂ္ဂိုလ်မရှိပုံ....
မဂ်ကိစ္စ ၁၆-ချက်၏ အဓိပ္ပါယ်ကို ပြပုံ ....
သစ္စာဉာဏ်, ကိစ္စာဉာဏ်, ကတာဉာဏ် ဟူသော ဉာဏ် ၁၂-ပါးကို ပြမှုံ ....
နိဗ္ဗာန်ကို မျက်မှောက်ပြု၏ ဟူသော အဓိပ္ပါယ် ....
မဂ်ဖိုလ်ရပြီး ဟုတ်, မဟုတ် မြင်သိနည်း ....
နိဗ္ဗာန်ချမ်းသာ ဟူသော အဓိပ္ပါယ်ကို ပြပုံ ....
သန္တိသုခ, ဖလသုခ, ဝေဒယိတသုခ ဟူသောသုခသုံးမျိုးအဓိပ္ပါယ် ....
နိဗ္ဗာန်အာရုံ၌ မွေ့လျော်အပ်ပုံ ....

အကြောင်းအရာ စာမျက်နှာ

နိဗ္ဗာန်သည် ပညာရှိတို့စိတ်၌ကပ်၍ ဆောင်ခြင်းငှါထိုက်သော သြပနေယျိက ဂုဏ်ရှိပုံ ၂၇၅

နိဗ္ဗာန်၏ မအို မနာ မသေ ဟူသော အဓိပ္ပါယ်နှင့် နိဗ္ဗာန်ရှုပြည် အဓိပ္ပါယ် ၂၈၆

ကောင်းမှုပြုရာ၌ လောဘ မောဟကင်းလွတ်အောင် ဆုတောင်းနည်း ၂၈၇

အခန်း-၆

ဇဟုသုတကထာ ၂၈၉

တရက်မျှ အသက် ရှင်ရသော်လည်း သစ္စာလေးပါးကို သိက မြင့်မြတ်ပုံ ၂၈၉

တရက်မျှ အသက်ရှင်ရသော်လည်း သခ်ါရုတရားတို့၏ အဖြစ် အပျက်ကိုသိက မြင့်မြတ်ပုံ ၂၉၀

တရက်မျှ အသက်ရှင်ရသော်လည်း လုံလဝီရိယရှိက မြင့်မြတ်ပုံ ၂၉၀

ကောဏ်မင်း စသည်ထက် သောတာပန် ပုဂ္ဂိုလ်မြင့်မြတ်ပုံ ၂၉၁

အလုံးစုံသော မွေလျော်ခြင်းတို့တွင် တရားနှင့် မွေလျော်ခြင်းက အောင်နိုင်ပုံ စသည်မျှား ၂၉၁

ဓမ္မဒါနတို့တွင် သိခါပတ္တ ဓမ္မဒါန၏မြင့်မြတ်ပုံ ၂၉၂

လောဘ ဒေါသ မောဟတို့သည် မိမိမှုရာ တည်ရာပုဂ္ဂိုလ်ကို သတ်ဖြတ်ညှဉ်းဆဲပုံ ၂၉၃

ရာဂနှင့်တူသော မီး မရှိပုံစသည် ၂၉၃

ရာဂမီးငြှာင့် ဆင်းရဲပုံ ဘဝဝန်ထုပ်သည် မြင်းမိုရ်တောင်ကဲ့ ထမ်း ရွက်ရသကဲ့သို့ ဝန်လေးပုံကို အရှင်သာရိပုတ္တရာ ဥဒါန်းကျူးပုံ ၂၉၄

ကိုလေသာ ရေအယဉ်တို့ မဖျက်ဆီးနိုင်သော အရဟတ္တဖိုလ် ကျန်းကြီးတည်ပုံ ၂၉၄

ကိုလေသာအညစ်အကြေးပယ်နည်း ၂၉၅

အကြောင်းအရာ	စာမျက်နှာ
သြဝါဒပါတိမောက် ပါဠိတော်အနက်	၂၉၅
ပညာ ၄-မျိုး, သမ္မာဒိဋ္ဌိ ၅-မျိုးတို့ကို ခွဲခြားပြပုံ	၂၉၇
သက္ကာယဒိဋ္ဌိမှုနည်း အဝိဇ္ဇာကိုချုပ်ငြိမ်းစေသောနည်း တဏှာအစပ် ဖြတ်နည်းမျှားကိုရဟန်းမျှားအားမြတ်စွာဘုရားဟောတော်မူပုံ	၂၉၈
အခွါကား ပစ္စုပ္ပန်မှာပင် မဂ် ဖိုလ်ကိုရ၏၊အခွါကားမရကြသည်ကို သိကြားမင်းက မြတ်စွာဘုရားအား လျှောက်ထားသဖြင့် ဟောတော်မူပုံ	၂၉၉
ဝေဒဂူစသည် မည်ပုံ	၃၀၀
သာသနာတော်၌ သက်သာရာရခြင်းအဓိပ္ပါယ်	၃၀၁
ဘဒ္ဒကဂါမဏိက ဒုက္ခဘာကြောင့်ဖြစ်ပါသနည်း ဒုက္ခဘာကြောင့်ချုပ်ပါ သနည်းဟု မြတ်စွာဘုရားအား လျှောက်ထားသဖြင့် ဟောပုံ....	၃၀၂
ခန္ဓာငါးပါးရရှိခြင်းသည် အနာရောဂါဖြစ်သည်နှင့်တူသောကြောင့်နှေးညှဉ် မပြတ် ဆေးကုနေရပုံ	၃၀၃
သက္ကာယဒိဋ္ဌိပယ်ပုံ	၃၀၄
သစ္စာမသိက သံသရာရှည်ပုံ သစ္စာသိက သံသရာချုပ်ပုံ လက်သည် များပြပုံ	၃၀၅
ဒုက္ခကို မည်သူလုပ်ပါသနည်းဟု ပုဏ္ဏားဟဦးက မြတ်စွာဘုရားကို လျှောက်သဖြင့် ဟောတော်မူပုံ	၃၀၆
သံသရာစက် ချုပ်ရပုံ ဥပမာ	၃၀၇
သံသရာစက် မပြတ်လည်ပုံ ဥပမာ	၃၀၇
သူဝိလောမ ဘီလူးအမေးကို မြတ်စွာဘုရားဖြေတော်မူပုံ	၃၀၈
ပုထုဇဉ်နှင့် သောတာပန် အရိယာတို့ ခြားနားပုံ	၃၀၉
သောတာပတ္တိမဂ်ကိုရဘို့ရာ ရဿေ့ရဟန်းပြုရာ၌ ခေါင်းပါးစွာ ကျင့်ရန် မလိုပုံ	၃၁၀

အမေကြောင်းအရာ စာမျက်နှာ

သေတာပတ္တိမဂ်ရခြင်းဒေါ်အကြောင်း အင်္ဂါလေးပါး သုတ်ပါ
ထေယျပါဠိတော် ၃၁၁
ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါး ၃၁၂
ပဋိစ္စသမုပ္ပါဒ်၏ လက္ခဏာစသည် ၃၁၂
ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါး၏လက္ခဏာစသည် ၃၁၃ ၃၁၈
ပဋိစ္စသမုပ္ပါဒ်၏ နက်နဲခြင်းလေးပါးကို အကျဉ်းမှတ်ဒုန် ၃၁၈
ပဋိစ္စသမုပ္ပါဒ်၏ နက်နဲခြင်းလေးပါး ၃၁၈-၃၂၂
မြတ်စွာဘုရားသည် ညီတော်အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ် ပဋိလောမ
နည်းဖြင့် ဇရာမရဏ စသည်တို့၏ဒေါ်အကြောင်းကို ဟောတော်မူပုံ ၃၂၂
သုခဝေဒနာ တဏှာကြောင့် ဒုက္ခဆယ်ပါးဖြစ်ပုံ ၃၂၃
ပဋိလောမဆင်ခြင်နည်း ၃၂၄
အနုလောမဆင်ခြင်နည်း ၃၂၅
ပဋိစ္စသမုပ္ပါဒ်ကို ၄၄ ပါးသော ဉာဏဝတ္ထု တိုဖြင့် ပဋိသမ္ဘိဒါမဂ်အရှုပုံ ၃၂၆
အသင့်နှလုံးသွင်းက ကုသိုလ်ပွါးပုံ မသင့်နှလုံးသွင်းက ကုသိုလ်
ဆုတ်ယုတ်ပုံ ၃၂၇
ဓမ္မသင်္ကေတအဋ္ဌကထာအရ ဝိစိကိစ္ဆာရှင်ပါး အဓိပ္ပါယ်ပြပုံ ၃၂၉-၃၃၄
အတ္ထ,ဓမ္မ ပဋိသမ္ဘိဒါ ၂-ပါးနှင့်ပြည့်စုံက ယုံမှားခြင်းချုပ်ရပုံ ၃၃၅
ရှင်သီဝလိမယ်တော်၏ ဘုရား တရား သံဃာ ဂုဏ်ကို ဥဒါန်းကျူးပုံ ၃၃၆
နိဗ္ဗာန်ကို ဥဒါန်းကျူးပုံ ၃၃၆
နာမ်ရုပ်တရားနှင့် နိဗ္ဗာန်နှိုင်းယှဉ်၍ ဥဒါန်းကျူးပုံ ၃၃၇
၁၁-ဘုံ၌ ကျင်လည်ရမှုအတွက် ငြီးငွေ့ခြင်းငှါ ရှုပုံ ၃၃၇
စကားပြောရာ၌ ဖြောဟ်မဏ ဟုတ်,မဟုတ် မြင်သိနည်း ၃၃၈
ရဟန္တာ၏ကိုယ်ကို နတ်များဖောက်ထွင်း၍ မမြင်နိုင်ပုံ ၃၃၈
ရဟန္တာအရှင်မြတ်တို့အား ဘိက္ခုမည်ပုံ ၃၃၉
ဥပါဒါန် တစုံတရာ စွဲယူခြင်းမရှိသောပုဂ္ဂိုလ်အား ဘိက္ခုမည်ပုံ ၃၃၉
ရဟန္တာပုဂ္ဂိုလ်တို့သည် သုခ ဒုက္ခတို့၌ မတုန်မလှုပ်ပုံ ၃၄၀

အာရကြောင်းအရာ စာမျက်နှာ

ရုပ်၌ မာန်တက်သော ရူပနန္ဒာထေရီမအား ရုပ်၌ခင်တွယ်စိတ်
ပျက်အောင် မြတ်စွာဘုရားဟောတော်မူပုံ ၃၄၀
မိမိကိုယ်ကို ရှေးဦးစွာယဉ်ကျေးစေပြီး၍ နောက်မှသူတပါးကို
ဆုံးမသင့်ပုံ ၃၄၁
အတ္တဟိတပြုက ပရဟိတပြီးနိုင်ပုံ ၃၄၂
ပညာရှိမည်သည် ချီးမွမ်းခြင်းကဲ့ရဲ့ခြင်းတို့၌ ပဓာန မပြုမူ၍ အကျိုး
ရှိသည် မရှိသည်၌သာ နှလုံးသွင်းပုံ ၃၄၂
ပေါင်းအပ်သောသူ, မပေါင်းအပ်သောသူကို ရွေးချယ်နည်း ၃၄၃
ကုသိုလ်, အကုသိုလ်တရားတို့ အကျိုးပေးပုံအထူး.... .... ၃၄၄
မိမိမိုက်သည်ကို မိုက်သည်ဟုသိက ပညာရှိဖြစ်နိုင်ပုံ ၃၄၄
ကိုယ် နှုတ် စိတ် အမူအရာကို မြင်သဖြင့် ပညာရှိ, မရှိ ဆုံးဖြတ်နိုင်ပုံ ၃၄၅
မိမိမြင်သိမှုသာ သူတပါးတို့၏ မြင်,မမြင်ကို သိနိုင်၏ဟု အရှင်ဝပ္ပ
မထေရ် ဥဒါန်းကျူးပုံ ၃၄၆
ဘုရားစသော သူတော်ကောင်းတို့ လောကသုံးပါးကို စွန့်ပယ်ပုံ.... ၃၄၇
ဒွတ္တိံသ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းစီးဖြန်းနည်း ၃၄၈-၉
ကြီးငယ်ကိစ္စ ပြီးစီးပုံ လက်သည် ရှုနည်း ၃၅၀
ဒွတ္တိံသာကာရကို ရှုသဖြင့် အရှင်သောဏမထေရ်၏ တာပည့်(၁၅၀၀)
မင်္ဂလိရပုံ ၃၅၀
ဒွတ္တိံသာကာရမှ မင်္ဂလိတက်နည်း ၃၅၀
စက္ခု စသည်ကို သစ္စာဖွဲ့၍ရှုပုံ ၃၅၁
ကျက်မှတ်ရန်လင်္ကာများ ၃၅၂
ဒွတ္တိံသာကာရဖြင့် မင်္ဂလိရပုံ ဝတ္ထု ၃၅၂
ကျမ်းပြီးသက္ကရာဇ် ၃၅၂
နိဂုံး ၃၅၃

မာတိကာပြီး၏။

နံမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယပဏာမဂျား

မြတ်စွာဘုရား ပါဠိတော်အရ ရတနတ္တယပဏာမကို ဂါထာဖြင့် ပြုပေအံ့—

ဗုဒ္ဓ။ ။ယော ဝဒတံ ပဝရော မနုဇေသု၊
သက္ယမုနီ ဘဂဝါ ကတကိစ္စော။
ပါရဂတော ဗလဝီရ သမဂ်ီ၊
တံ သုဂတံ ဘဲ အဟံ ဝန္ဒေ။

ယော သုဂတော၊ အကြင်မြတ်စွာဘုရားသည်။မနုဇေသု၊ လူတို့တွင်။ ဝဒတံ၊ သစ္စာလေးပါးကို ဟောကြားတတ်သော သူတို့ထက်။ ပဝရော၊ မြတ်တော်မူ၏။ သက္ယမုနီ၊ သာကီဝင်မင်းတို့၏ အထွတ် အမြတ် မုနိဖြစ်တော်မူ၏။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူ၏။ ကတကိစ္စော၊ ပြုအပ်ပြီးသော ဘုရားကိစ္စ ရှိတော်မူ၏။ ပါရံ၊ နိဗ္ဗာန်ဟူသော ကမ်းတဖက်သို့။ ဂတော၊ ရောက်တော်မူ၏။ ဗလဝီရသမဂ်ီ၊ ကာယဗလ, ဉာဏဗလ, သမ္မပ္ပဓာန် လုံ့လတို့နှင့်လည်း ပြည့်စုံတော်မူ၏။ တံ သုဂတံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ် ဘဒ္ဒန္တ **ရေဝတ** မထေရ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

ဓမ္မ။ ။ရာဂဝိရာဂ-မနေဇ-မသောကံ၊
ဓမ္မ-မသခတ-မပ္ပဋိကူလ။
မဓုရ-မိမံ ပဂုဏံ သုဝိဘတ္တံ၊
ဓမ္မ-မိမံ ဘဲ အဟံ ဝန္ဒေ။

၁။ ခုဒ္ဒကနိကာယ ဝိမာနဝတ္ထု-၇၆။

ရာဂဝိရာဂံ၊ ရာဂဖြင့် တပ်ခြင်း ကင်းခြင်းကြောင့် ဖြစ်သော။ ဣမံ ဓမ္မံ၊ ဤ မဂ်တရားကိုဎင်း။ အနေဇံ၊ တဏှာကင်းထသော။ အသောကံ၊ စိုးရိမ် ကြောင့်ကြခြင်း၏ အကြောင်းဖြစ်သော ကိလေသာ ငြိမ်းသည်၏ အဖြစ် ကြောင့် စိုးရိမ်ကြောင့်ကြလည်း မရှိထသော။ ဣမံ ဓမ္မံ၊ ဤ ဖိုလ်တရားကိုဎင်း။ အသင်္ခံတံ၊ အကြောင်းတရားကို့ မပြုပြင်အပ်ထသော။ အပ္ပဋိကူလံ၊ တစုံတခု စက်ဆုပ်ဖွယ် မရှိထသော။ ဣမံ ဓမ္မံ၊ ဤနိဗ္ဗာန်တရားကိုဎင်း။ မဓုရံ၊ ချို မြိန် ကောင်းမြတ်လှစွာသော။ ပဂုဏံ၊ မပြတ်လေ့လာအပ်သော။ သုဝိဘတ္တံ၊ ကောင်းစွာ ဝေဘန်အပ်သော။ ဣမံ ဓမ္မံ၊ ဤပရိယတ်တရားကိုဎင်း။ ဣမံ ဓမ္မံ၊ ဤမဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါး သော တရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ် ဘဒ္ဒန္တ **ရေဝတ** မထေရ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

သံဃ။ ။ယတ္ထ စ ဒိန္နံ မဟပ္ဖလ-မာဟု၊
စတ္တာရိ သုစီသု ပုရိသယုဂေသု။
အဋ္ဌ စ ပုဂ္ဂလ ဓမ္မဒသာ တေ၊
သံဃ-မိမံ အဟံ ဝန္ဒေ။

စတ္တာရိ၊ လေးပါးကုန်သော။ သုစီသု၊ စင်ကြယ်ကုန်သော။ ပုရိသယုဂေသု၊ ယောကျ်ားမြတ် အစုံဖြစ်ကုန်သော။ ယတ္ထ စ ယေသု အရိယသံဃေသု၊ အကြင် အရိယာ သံဃာတို့၌လည်း။ ဒိန္နံ၊ ပေးလှူအပ်သော ဒါန၀တ္ထုကို့။ မဟပ္ဖလံ၊ ကြီးမြတ်သော အကျိုးရှိ၏ ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။ အဋ္ဌ၊ ရှစ်ယောက် ကုန်သော။ တေ စ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်လည်း။ ဓမ္မံ၊ သစ္စာလေးပါး မြတ်တရားကို့။ ဒဿာ၊ မြင်သိကုန်ပြီ။ ဣမံ သံဃံ၊ ဤသံဃာတော်မြတ်ကို့။ အဟံ၊ အကျွန်ုပ် ဘဒ္ဒန္တ **ရေဝတ** မထေရ်သည်၊ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။

ရတနတ္တယပွဏ္ဏာမများ ပြီး၏။

၁။ ခုဒ္ဒကနိကာယ ဝိမာန၀တ္ထု-၇၆။

အဘိယာစက နိဒါန်း

အဘိယာစကအမည်နှင့် သည်ာ နိမိတ္တ ကတ္တာ ပရိမာဏပယောဇဉ်များကား မင်းဘူးမြို့ အစိုးရရွှေနေ ဥပါသကာ ဦးလှကျော်က သစ္စာလေးပါး မြတ်တရားကို ပါဠိတော် အဋ္ဌကထာများနှင့်တကွ ကျကျနန မြင်သိလိုပါလျှ၍ ရေးသား ချီးမြှင့်ပါမည့်အကြောင်း လျှောက်ထား တောင်းပန်ချက်အရ စတုသစ္စကထာဌ် ဉာဏဗလ ဉာဏသတ္တိရှိသည့်အလျောက် တဖက်ကမ်းခပ်မျှ ပေါက်ရောက်ခြင်း ငှါ နှစ် လ များစွာ အားထုတ်ခဲ့ပြီးသော မင်းဘူးမြို့ ဓာတ်တော်ကုန်း ဒက္ခိဏာ ဌာန လေသာကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသော ဘဒ္ဒန္တ ရေဝတ အမည် ရှိသော မဇ္ဈေရိမသည် ကြည့်ရှုလေ့လာသူတို့အား လက်ဝါးပေါ်တွင် တင်ထား သော။ ဝါ၊ တင်၍ပြသော ပတ္တမြားကဲ့သို့ ကွယ်ဝှက်ခြင်းမရှိစေပဲ ဒဋ္ဌီကမ္မ အားဖြင့် သစ္စာလေးပါးကို မြဲမြံစွာ ထင်မြင်နိုင်ကြစေရန် ရည်သန်၍ လာဘ သက္ကာရ စသော ဆန္ဒတို့ကို နှစ်စေလျက် မြတ်စွာဘုရားအလိုတော်အရ မေတ္တာ ပုဗ္ဗဂ်မဖြင့် ဤ **စတုသစ္စဒဋ္ဌီကမ္မကထာ** ကို ရေးသားရပေသည်။ ဤကျမ်းကို ရေးသားပြုစုရာ၌ ပဋိသမ္ဘိဒါမဂ်, ဝိသုဒ္ဓိမဂ်, သဋ္ဌာယတနသံယုတ် စသော ပါဠို တော် အဋ္ဌကထာများကို အမှီပြု၍ ရေးသားပြုစုမည် ဖြစ်ပါသည်။ အသင့်နှလုံး သွင်းသဖြင့် သစ္စာလေးပါးကို ကောင်းစွာ မြင်နိုင်ကြပါစေကုန်သောဝ်။

ကျမ်း၏အမည် စသည်

ကျမ်းပြု ပုဂ္ဂိုလ်၏ တာဝန်ငါးပါးရှိသည့်အတိုင်း အဃက်မှ ပြဆိုခဲ့ပြီးသော နိဒါန်းတွင် ထိုအဓိပ္ပါယ်များ ပါရှိပြီးဖြစ်ပါသည်။ ထိုတာဝန် ငါးပါးကိုလည်း အဋ္ဌကထာအရ ပြဦးအံ့ —

သည်ာ နိမိတ္တံ် ကတ္တာ စ၊ ပရိမာဏံ် ပယောဇနံ်။
သဗ္ဗာဂမဿ ပုဗ္ဗေဝ၊ ဝတ္တဗ္ဗ ဝတ္တု မစ္ဆတာ ။

သည်ာ စ၊ ပြုသောကျမ်း၏အမည်ဂုဏ်း။ နိမိတ္တံ် စ၊ သစ္စာကို မသိသေးသော သူတို့အား သိစေခြင်းငှါ မေတ္တာ ကရုဏာ ရှေးရှုသော ကျမ်းပြုဆရာ၏ အဇ္ဈတ္တ

၁။ နှျာသ-ကစ္စည်းသဒ္ဒါ ဂန္ဆာရမ္ဘအဖွင့်။

ဗဟိဒ္ဓနိမိတ်၎င်း။ ကတ္တာ စ၊ ကျမ်းပြုပုဂ္ဂိုလ်၏အမည်၎င်း။ ပရိမာဏံ စ၊ ကျမ်း၏ အတိုင်းအရှည် ပမာဏ၎င်း။ ပယောဇနံ၊ ထိုကျမ်းကို အမှီပြု၍ ရအပ်သော အကျိုးတရား၎င်း။ ကွဘိ ကွဒံ ပဥ္စဝိဓံ၊ ဤ ငါးပါးအပြား:ကို။ သဗ္ဗာဂမဿ၊ ခပ်သိမ်းလုံးစုံ ကျမ်းအာဂုံ၏။ ပုဗ္ဗေဝ၊ မရေးဆိုမီ ရှေးယခင်ကပင်လျှင်။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ကွစ္ဆတာ၊ အလိုရှိသောသူသည်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။

အဘိယာစက စသော နိဒါန်းများ ဤတွင် ပြီးပြီ။

ကျမ်းပြုပုဂ္ဂိုလ်၏ ပြောဟောလေ့ဝါဒနှင့် သာဝကတို့တာဝန်

ယခုကျမ်းပြုပုဂ္ဂိုလ်၏ ပြောဟောလေ့ဝါဒနှင့် သာဝကတို့တာဝန်ကိုပြဦးအံ့–

ကျမ်းပြုခြင်း ဟောပြောခြင်းကို ပြုတော်မူကြပေသော ဆရာ့ ဆရာတော်တို့သည် ရှေးအခါက ဓမ္မစကြာအရ သစ္စာလေးပါးကို ဟောမှုနည်းပါး၏။ သစ္စာလေးပါး သိခြင်း အကြောင်းဖြစ်သော သမထ ဝိပဿနာ စသည်တို့ကို၎င်း၊ သီလ သမာဓိ ပညာ သိက္ခာ အစဉ်ဖြင့် ကျင့်နည်းကို၎င်း၊ ခေါင်းပါးစွာ ကျင့်မှု ကမ္မဋ္ဌာန်းထိုင်မှု ဥဒ္ဓစ္စပယ်မှု စသည်တို့ကို၎င်း ပြောဟော ရေးသားလေ့ရှိကြ၏။ ထိုသို့ ပြောဟော ရေးသားလေ့ရှိခြင်းတို့မှကား သစ္စာလေးပါးကို မြင်သိခြင်း၏ အခြေခံဖြစ်သောကြောင့် ကောင်းမြတ်လှပါပေ၏။

သို့ရာတွင် လိုရင်းဖြစ်သော မှတ်ယူမှုလွယ်၍ အမြင်ကျယ်သော ဓမ္မစကြာအရ သစ္စာလေးပါးကို မကြားနာရသဖြင့် ထို လိုရင်းဖြစ်သော သစ္စာကို မမြင် မသိရမီ အချိန်ကုန်သွားတတ်၏၊ စိတ်တန့်တတ်၏၊ နှိပ္ပာန်ဟူသော ထုတ်ပေါက်ကို မမြင်မသိ မထုတ်တတ်သဖြင့် လိုရင်းကိစ္စ မပြီး ခရီးမရောက် ရှိတတ်၏။ ထို့ကြောင့် ဤကျမ်းပြုပုဂ္ဂိုလ်သည် ဓမ္မစကြာအရ သစ္စာလေးပါးကို ရှေးဦး ပြောဟောလေ့ ဝါဒ ရှိပါ၏။ အဘယ်ကြောင့်နည်းဟူမူကား မုဆိုးတံငါပင် ဖြစ်ဦးတော့ သစ္စာကို မြင်သိက သောတာပန် စသည် တည်နိုင်၏၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ပြည့်စုံစေနိုင်၏။ ထို့ကြောင့် မြတ်စွာဘုရား လက်ထက်တော်က အရိယာမည်သော တံငါသည်သည်၎င်း[၁] ခါးပိုက်နှိုက်

၁။ ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် နှာ-၂၅၁။

အလုပ်နှင့် အသက်မွေးနေသောသူသည်၎င်း၊ ခိုးသားငါးရာ စသည်တို့သည်၎င်း သစ္စာလေးပါးကို ကြားနာရသဖြင့် သောတာပန်စသည် တည်ကြသည်ကို ထောက်၍ ထိုသစ္စာလေးပါးကို ရှေးဦးဟောလိုသော ဆန္ဒ ရှိပါသည်။

မြတ်စွာဘုရား လက်ထက်တော်က ဗျာန်ရ ဓနဥ္စာနီမည်သော ပုဏ္ဏားကြီးကို အရှင်သာရိပုတ္တရာက ဝိပဿနာကို ဟောသောကြောင့် ခန္ဓာ ၅-ပါးကို ငြီးငွေ့သော်လည်း သစ္စာကို မဟောသဖြင့် နိဗ္ဗာန်ဟူသော ထွက်ပေါက်ကို မမြင်မသိ၊ ပုထုဇဉ်အဖြစ်နှင့်ပင် စုတိ ကျ၍ ပုထုဇဉ် ဗြဟ္မာ အဖြစ်သို့ ရောက်လေ၏။ ဤအကြောင်းကို မြတ်စွာဘုရား မြင်သိတော်မူသဖြင့် အရှင်သာရိပုတ္တရာအား ဗြဟ္မာ့ပြည်သို့ တက်၍ သစ္စာကို ဟောစေမှ အရိယာအဖြစ်သို့ရောက်လေသည်။ ထို့ကြောင့် သစ္စာကို ဟောရန် အလွန် လိုရင်းအချက်ကြီးတခု ဖြစ်ပါသည်။

ထို့ပြင် သောတာပတ္တိမဂ်သည် ဘာဝနာ ပဟာတဗ္ဗ မဟုတ်၊ ဥဒ္ဓစ္စပယ်မှု ကာမရာဂ ဗျာပါဒပယ်မှု မဟုတ်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာကို ဉာဏ်အမြင်ဖြင့် ပယ်အပ်သော ဒဿနပဟာတဗ္ဗကိစ္စမျှသာ ဖြစ်၏။ တနည်း သစ္စာ ၄-ပါးကို မသိသော အဝိဇ္ဇာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်မှု ကိစ္စမျှသာ ဖြစ်၏။ ထို့ကြောင့် ကာမရာဂ, ဗျာပါဒ, ဥဒ္ဓစ္စတို့ မပယ်နိုင်သေးသော လူဥပါသကာ ဥပါသိကာတို့အား သောတာပန်စသည် တည်ကြစေရန် မျှားစွာဆန္ဒ ရှိပါသည်။ ထို့ကြောင့်ရသေ့ ရဟန်း မလုပ်နိုင်သော ခေါင်းပါးစွာ မကျင့်နိုင်သေးသော အိမ်ဋ္ဌ သားမယား နှင့် နေသောလူပင် ဖြစ်စေကာမူ မြတ်စွာဘုရား ဟောတော်မူပြီး ရှိသော ဓမ္မစကြာ သစ္စာလေးပါးဗာကို ကျက်မှတ်၍ မသိသော အနက်အဓိပ္ပါယ်များကို သိသော ပညာရှိထံ မေးမြန်း၍ အဖန်ဖန်ဆင်ခြင်က မြင်သိနိုင်ပါသည်။ သစ္စာကို ဟောကြားတတ်သော ဆရာများထံ ဆည်းကပ် ကြားနာ မှတ်သား၍ ဖြစ်စေ၊ ယခု ဤ **စတုသစ္စ ဒဋ္ဌိကမ္မကထာ** ကို ကြည့်ရှုလေ့လာ မှတ်သား၍ ဖြစ်စေ ကျင့်ကြံခဲ့လျှင်လည်း သစ္စာကို သိ၍ သောတာပန်စသည် တည်နိုင်ပါသည်။ ထို့ကြောင့် ခေါင်းပါးစွာ ကျင့်မှု ဥဒ္ဓစ္စပယ်မှု စသော သမာဓိကိစ္စကို ရှေးဦးမဟောသေးပဲ ဉာဏ်အမြင်ဖြင့် ပယ်အပ်သော ဒဿနပဟာတဗ္ဗကိစ္စ

၃။ မဇ္ဈိမပဏ္ဏာသ နှာ-၃၉၅။ ၎င်းအဋ္ဌကထာ နှာ-၂၉၄။

ဖြစ်သော သောတာပတ္တိမဂ်၏ ကိစ္စဖြစ်သော သစ္စာလေးပါးကို ရှေးဦးစွာ ဟောလေ့ ရှိပါသည်ဟူလို။

ထို့ပြင် သစ္စာပြောဟောမှု ပဋိဝေဓ သာသနာတော် အတွက်မှာလည်း သာဝကတို့ တာဝန်ပင် ဖြစ်၏။

မြတ်စွာဘုရားသည် ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓ သာသနာ ဟူ၍ သာသနာ ၃-ရပ် ထားတော်မူခဲ့၏။ ထို့သို့ ထားတော်မူခြင်းကား ကျတ်ထိုက်သော သတ္တဝါ ကျန်ရှိသေးသောကြောင့် ဟူလို။

သာသနာ ၃-ရပ်အနက် ပဋိဝေဓသာသနာဟူသည် သစ္စာကို ထိုးထွင်း၍ မြင်သိကြလော့၊ မြင်သိအောင် အားထုတ်ကြလော့ဟု ဆုံးမတော်မူခြင်းပင် တည်း။

ရဟန်းတော်များမှာ သာသနာ ၃-ရပ်လုံးပင် အားထုတ်နိုင်ခွင့် ရှိ၏။ လူဥပါသကာ ဥပါသိကာများမှာ လူမှုကိစ္စများပြားသောကြောင့် အားထုတ်ရန် ခဲယဉ်း၏။ ထို့သို့ပင် ခဲယဉ်းသော်လည်း မြတ်စွာဘုရား အလိုတော်အရ တပည့် သာဝကတို့က ဓမ္မစကြာ သစ္စာလေးပါးကိုပြ၍ ဟောပြောပါလျှင် သစ္စာမြင်သိသော ပဋိဝေဓသာသနာ တည်နိုင်ခွင့်ရှိပေ၏။ သောတာပတ္တိမဂ် စသည်ကို ရနိုင်ခွင့် ရှိပေသည်။

ထို့ဓမ္မစကြာတရားတော်သည် သစ္စာမြင်သိမှု၌ ဝန်မလေးကြစေရန် ရည်သန်၍ ဒုက္ခသည် သမုဒယကြောင့် ဖြစ်၏၊ ထို့သမုဒယကို မဂ်ဖြင့်ပယ်က ဒုက္ခချုပ်၏ ဟု သွယ်ဝိုက်ခြင်းမရှိပဲ တည့်တည့်မတ်မတ် ဘွင်းဘွင်းကြီး အကျဉ်းအားဖြင့် ဟောတော်မူသောတရား ဖြစ်ပေသည်။

ဤကျမ်းသည် ပဌာန်း ၂၄-ပစ္စည်း ပဋိစ္စသမုပ္ပါဒ်တို့ကို အကျဉ်းချုံး၍ ဟောသော တရား ဖြစ်ပေသည်။

ထို့ကြောင့် ဓမ္မစကြာသစ္စာတရားတော်ကို အခြေပြု၍ မြတ်စွာဘုရား အလိုတော်အရ ပဋိဝေဓသာသနာကို ပြုပေတော့အံ့။

ကျမ်းပြုပုဂ္ဂိုလ်၏ ဝါဒနှင့် သာဝကတို့ တာဝန် ပြဆိုပုံ ပြီးပြီ။

မမ္မကထိက ပုဂ္ဂိုလ်တို့၏ တရားဟောရန် အစီအစဉ်

မမ္မကထိက ပုဂ္ဂိုလ်တို့၏ တရားဟောနည်းအစဉ်ကို ပြဦးအံ့–မြတ်စွာဘုရား တရားဟောတော်မူရာ၌ ဥဒ္ဒေသဖြင့် ရှေးဦးစွာ ဟော၍ နောက်မှ နိဒ္ဒေသ, ပဋိနိဒ္ဒေသတို့ဖြင့် ဟောလေ့ရှိ၏။ ထို့ပြင် ဝေနေယျအားလျော်စွာ သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူ၍ တရားဟောနည်း အင်္ဂါ ၉-မျိုးလည်း ရှိပေသည်။ ထိုမြတ်စွာဘုရား၏ ဥပနိဿယကို အစဉ်မှီးသဖြင့် ဤကျမ်းကိုလည်း ရှေးဦးစွာ အကျဉ်းပြ၍ နောက်မှ တဆင့်ထက်တဆင့် ခဲ့၍ပြပေအံ့။ ဤသို့ ပြောဟောနည်းမူကား မိမိပြောဟောသော တရားတို့၌ ကြားနာသူတို့အား တဆင့်ထက်တခင့် အသိအမြင် ထက်သန်၍ မြဲမြံခိုင်ခံ့စေခြင်းငှါ ဖြစ်ပါသည် ဟူလို။

တရားနာပုဂ္ဂိုလ်တို့မှာလည်း စရိုက်အမျိုးမျိုးရှိ၏။ ထိုစရိုက်အမျိုးမျိုးတို့နှင့် လျော်စွာငင်း၊ တိက္ခပုဂ္ဂိုလ်, မန္ဒပုဂ္ဂိုလ်တို့နှင့် လျော်စွာငင်း ရေးပေအံ့။ အသင့်နှလုံးသွင်း၍ မှတ်သားတော်မူကြပါကုန်။

တရား အာ ထုတ်မှု အဓိပ္ပါယ်

တရားအားထုတ်မှု ဟူသည် သစ္စာ သိအောင်ပြုမှု ဇာတိချုပ်အောင် အားထုတ်မှုပင်တည်း။ ဇာဘိချုပ်အောင် အားထုတ်မှုဟူသည် ဇာတိကိုဖြစ်စေတတ်သော တဏှာချုပ်အောင် အားထုတ်မှုပင်တည်း။ ထို့ကြောင့် တဏှာ ချုပ်ခြင်းငှါ တရားအားထုတ်လိုသောစိတ် ဖြစ်ပေါ်စေရန် သံဝေဂ ယူနည်းကို ပြဦးအံ့။ တရားအားထုတ်လိုသော စိတ်ဖြစ်ပေါ်စေလိုလျှင် ဇာတိ, ဇရာ, ဗျာဓိ, မရဏ, အပါယစသော ဘေးကြီးတို့ကို ဒဖန်ဖန်ရှုအပ်၏။ ဝါ၊ ဒုက္ခသစ္စာကို အဖန်ဖန်ရှုအပ်၏။ ထိုဇာတိစသော ဒုက္ခသစ္စာဘေးကို မြင်သည်ဖြစ်အံ့၊ ဇာတိဖြစ်လိုသော ဘဝတဏှာ ချုပ်ရလေတော့၏။ ထိုဘေးတို့မှ လွတ်ခြင်းငှါ မြဲမြဲစဲ့စဲ့ အားထုတ်လေတော့၏။ မြတ်စွာဘုရား အလောင်းတော်သည်လည်း ထိုဇာတိစသော ဘေးကြီးမျှားကို ထိတ်လန့်သောအားဖြင့် ထိုဘေးတို့မှ ကင်းလွတ်သော နိဗ္ဗာန်ကို ရှာတော်မူခြင်း ဗုဒ္ဓဝင်ပါဠိတော် (စာမျက်နှာ-၃၀၇) ၌—

"ဒုက္ခော ပုနပ္ပဘဝေါ နာမ၊ သရီရဿ စ ဘေဒနံ။
သမ္မောဟမရဏံ ဒုက္ခံ၊ ဇရာယ အဘိမဒ္ဒနံ။

ဇာတိဓမ္မော ဇရာဓမ္မော၊ ဗျာဓိဓမ္မော သဟံ တဒါ။
အဇရံ အမတံ ခေမံ၊ ပရိယေသိဿာမိ နိဗ္ဗုတိံ။"—

ဟူ၍ ဟောတော်မူ၏။

ယသ္မာ၊ အကြင်ကြောင့်။ ပုနပ္ဘဝေါ နာမ၊ တဖန် ဘဝသစ်၌ ပဋိသန္ဓေနေရခြင်းသည်ကား။ ဒုက္ခော၊ ဆင်းရဲ၏။ သရီရဿ၊ ကိုယ်၏။ ဘေဒနဉ္စ၊ ပျက်စီးရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ ဇရာယ၊ သွားကျိုး ဆံဖြူ မျက်စိမှုန် နှားထိုင်း ခါးကိုင်း ကုန်းကွ ဇရာဒုက္ခသည်။ အဘိမဒ္ဒနံ၊ အလွန် နှိပ်စက်အပ်သည်ဖြစ်၍။ သမ္မောဟ မရဏံ၊ တွေတွေ ဝေဝေ သေရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။

ယသ္မာ စ၊ အကြင်ကြောင့်လည်း။ သ ဟံ-သော အဟံ၊ ထိုငါသည်။ ဇာတိ-ဓမ္မော၊ ပဋိသန္ဓေနေရခြင်း သဘောရှိသည်။ ဇရာဓမ္မော၊ အိုရခြင်း သဘောရှိသည်။ ဗျာဓိဓမ္မော၊ နာရခြင်းသဘောရှိသည်။ အမှိ၊ ဖြစ်၏။ တသ္မာ ဟိ-တသ္မာဝေ၊ ထို့ကြောင့်သာလျှင်။ အဇရံ၊ မအိုကြောင်းဖြစ်သော။ အမတံ၊ မသေကြောင်းဖြစ်သော။ ခေမံ၊ ဘေးကင်းရာဖြစ်သော။ နိဗ္ဗုတိံ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ တို့မှ ကင်းငြိမ်းသော အဇာတ သဘောကို။ ဝါ၊ နိဗ္ဗာန်ကို။ ပရိယေသိဿာမိ၊ ရှာမှီးပေတော့အံ့။ ဣတိ၊ ဤသို့။ တဒါ၊ ထိုလေးသခြောက်နှင့် ကမ္ဘာတသိန်းထက် သုဇမဓာရသေ့ ဖြစ်စဉ် အခါက၊ အဟံ၊ ငါသည်။ စိန္တေသိံ၊ ကြံခဲ့လေပြီ။

ထိုကဲ့သို့ လေးသခြောက်နှင့် ကမ္ဘာတသိန်းကာလပတ်လုံး အိုခြင်း နာခြင်း သေခြင်း ကင်းသော တရားကိုရှာရာ၊ ဖြစ်မှုရှိက မပျက်သော တရားဟူ၍မရှိ၊ ဖြစ်မှုမရှိမှ ပျက်မှု ဒုက္ခလွတ်၏ ဟူ၍ ဗောဓိမဏ္ဍိုင်သို့ ရောက်မှ ဖြစ်ခြင်းကင်းသော အဇာတနိဗ္ဗာန်ကို တွေ့သဖြင့် ဇာတိကို ဖြစ်စေတတ်သော တဏှာကို အကြွင်းမဲ့ပယ်တော်မူ၍ ပရိနိဗ္ဗာန စုတိကျမှပင် တဖန် ဇာတိ ဖြစ်ခြင်းမရှိသော အနုပါဒိသေသ အဇာတ နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူရပေသည်။ ဤ၌

ဇာတိသည် ဇရာ မရဏတို့၏ အကြောင်း သမုဒယမည်၏။ ထိုအကြောင်း ဇာတိချုပ်လျှင် အကျိုးဖြစ်သော ဇရာ မရဏတို့လည်း ချုပ်ရလေတော့၏။ ပျက်မှုမရှိတော့ပြီ၊ ထိုကြောင့် မပျက်လိုလျှင် မဖြစ်အောင် အားထုတ်ရမည် ဟူလို။

သတိပြုစေလိုသည်မှာ ဖြစ်မှုရှိသမျှ ပျက်ရမြဲဓမ္မတာပင်တည်း။ဖြစ်ပြီးနောက် မပျက်ပဲ အမြဲတည်သော သဘောမရှိပေ။ ပျက်ပြီးနောက် အသစ်ဖြစ်မှုကား ဓမ္မတာ မဟုတ်။ အာသဝေါ မကုန်သေးလျှင် ပျက်ပြီးနောက် ခန္ဓာအသစ် ဖြစ်၏။ အာသဝေါကုန်ပြီးဖြစ်က ပရိနိဗ္ဗာန စုတိနောင် ခန္ဓာအသစ် မဖြစ်တော့ပြီ ဟူလို။

သစ္စာကို မသိသောကြောင့် အနမတဂ္ဂ သံသရာ၌ ဆင်းရဲစွာ ကျင်လည်ရပုံ

ချစ်သားတို့သည်၎င်း ငါဘုရားသည်၎င်း သစ္စာကိုမသိရ၍ ဤမျှလောက် သံသရာဒုက္ခ၌ ကျင်လည်ခဲ့ကြရ၏။ ယင်းသို့ဖြစ်ရကား သစ္စာကို သိအောင် အားထုတ်ကြရန်တိုက်တွန်းတော်မူလိုသော မြတ်စွာဘုရားသည် စတုန္နံ ဘိက္ခဝေ-စသည်ကို မိန့်တော်မူ၏။

စတုန္နံ (ဘိက္ခဝေ) အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
ဒီဃမဒ္ဓါနံ သံသရိတံ၊ တာသု တာသ္မေဝ ဇာတိသု။

မဟာပရိနိဗ္ဗာနသုတ် ပါဠိမတော် (စာမျက်နှာ-၇၇)

ဘိက္ခဝေ၊တို့။ စတုန္နံ၊လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ (တနည်း) အရိယ သစ္စာနံ၊ ဒုက္ခ အရိယသစ္စာ, ဒုက္ခသမုဒယ အရိယသစ္စာ, ဒုက္ခနိရောဓ အရိယသစ္စာ, ဒုက္ခနိရောဓ ဂါမိနိပဋိပဒါ အရိယသစ္စာတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ အဒဿနာ–အဒဿနတော၊ အမှန်မမြင်မသိခြင်းဟူသော အဝိဇ္ဇာ မောဟကြောင့်။ ဒီဃမဒ္ဓါနံ၊ ရှည်မြင့်စွာသော အနမတဂ္ဂ သံသရာ ကာလပတ်လုံး။ တာသု တာသ္မေဝ ဇာတိသု၊ ထိုထိုသော ဥဒ၁-ဘုံဟူသော ဘဝဇာတိတို့၌သာလျှင်။ (တနည်းကား) တာသု တာသ္မေဝ ဇာတိသု၊

ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်လေးဘုံ၊ လူနတ် စသော သုဂတိဘုံတို့၌ သာလျှင်။ သံသရိတံ၊ ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် ပင်ပင် ပန်းပန်း ဆုံလည်သည့်နှား ရဟတ်ချားကဲ့သို့ မရပ်မနား ပြေးလွှား၍ နေကြပေတော့၏။

အထူးသတိပြုရန်မှာ သစ္စာကို ပြောဟောခြင်း ကြားနာ မှတ်သားအသင့်နှလုံးသွင်းခြင်းကို ပြုသဖြင့် သစ္စာကို မြင်သိလျှင် မူဆိုး တံငါပင် ဖြစ်ဦးတော့ သောတာပန် စသည် တည်နိုင်ပါသည်။ အဘယ့်ကြောင့်နည်း ဒုက္ခသစ္စာ၏ ဆင်းရဲပုံကိုဌင်း၊ ဇာတိကင်းသော။ ဝါ၊ ဖြစ်ခြင်းမရှိသော ချုပ်သော ငြိမ်းသော အလုံးစုံသော ဒုက္ခတို့မှ လွတ်သော သန္တိသုခ နိဗ္ဗာန်ကိုဌင်း ဟုတ်မှန်သည့် အတိုင်း မြင်သိသောကြောင့်တည်း။ မှတ်ယူ လွယ်စေခြင်းငှါ "ဒုက္ခ မြင် သိ တဏှာကွာ နိရောဓသို့သော ညွတ်သည့် မဂ်စိတ်" ခန္ဓာ ၅-ပါး၌ ခင်တွယ်မှု တဏှာချုပ်ရ၏ ဟူလို။

အထူးသတိပြုကြစေလိုသည်မှာ သောတာပတ္တိမဂ်ကို မရသေးလျှင် ပုထုဇဉ် လူမင်း-နတ်မင်း-ဗြဟ္မာမင်းပင် ဖြစ်ဦးတော့ အဖန်ဖန် အိုနာ သေမှု အပါယ်ကျမှုဒုက္ခတို့ တန်းလန်းရှိနေသောကြောင့် အားထားစရာ မရှိပါ။ သောတာပတ္တိမဂ်ကို ရမှသာလျှင် အားထားစရာရှိပေသည်။ အဘယ်ကြောင့်ဆိုသော်အပါယ်ဘေး အိုနာသေရေး သံသရာဘေးတို့မှ လွတ်သော နိဗ္ဗာန်ကို ရနိုင်ခွင့် ရှိသောကြောင့်တည်း။ ထိုကြောင့် သတ္တဝါတို့အား ကရုဏာရှေထား၍ သစ္စာဟောရန် တိုက်တွန်းတော်မူလေသည်။

တိုက်တွန်းတော်မူပုံ

ယေ ကေစိ ဘိက္ခဝေ အနုကမ္မေယျ့ စတုန္နံ အရိယသစ္စာနံ
ယထာဘူတံ ဒဿနာယ ဓမ္မ ဒေသေတဗ္ဗ။

ဘိက္ခဝေ၊ တို့။ ယေ ကေစိ၊ အမှတ်မရှိသောသူတို့ကို။ အနုကမ္မေယျ့၊ အစဉ်သနားအံ့။ ဝါ၊ အစဉ်သနားသည်ဖြစ်၍။ စတုန္နံ၊ လေးပါးကုန်သော။အရိယ-သစ္စာနံ၊ အရိယသစ္စာတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဒဿနာယ၊ ကျိကား ဒုက္ခတည်း၊ ကျိကားဒုက္ခ၏ အကြောင်းတည်း၊ ကျိကားဒုက္ခချုပ်ငြိမ်း

သော သဘောတည်း၊ ဤကား ဒုက္ခချုပ်ငြိမ်းကြောင်း မဂ် အကျင့်တည်းဟု မြင်သိခြင်းငှါ။ ဓမ္မံ၊ သစ္စာတရားကို။ ဒေသေတဗ္ဗံ၊ ဟောအပ်၏။ (အဓိပ္ပါယ် လွယ်၏)။

တရားဟော, တရားနာပုဂ္ဂိုလ်တို့၏ တာဝန်

ထိုပြင် တရားဟော ပုဂ္ဂိုလ်၏ တာဝန်နှင့် တရားနာပုဂ္ဂိုလ်တို့၏ တာဝန်ကို နိဒါနဝဂ္ဂ သံယုတ် (စာမျက်နှာ-၂၅၈)၌ ဟောတော်မူ၏။ ဟောတော်မူပုံကား–

> ဇာတိ ံ၁ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဓမ္မံ ဒေသေတိ၊ ဓမ္မကထိကော ဘိက္ခူတိ အလံ ဝစနာယ။

ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဇာတိ ံ၊ ဘဝသစ်၌ အဖန်ဖန် ဖြစ်ရခြင်းကို၊ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ တပ်ခြင်း ကင်းခြင်းငှါ။ နိရောဓာယ၊ ချုပ်ခြင်းငှါ။ ဓမ္မံ၊ ဇာတိစသော သံဝေဂတရားကို။ ဒေသေတိ စေ၊ အကယ်၍ ဟောပြားအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဝါ၊ ထိုရဟန်းကို။ ဓမ္မကထိကော တိ၊ ဓမ္မကထိကပုဂ္ဂိုလ်ဟူ၍။ ဝစနာယ၊ ဆိုခြင်းငှါ။ အလံ၊ ထိုက်၏။

ဤကား တရားဟော ပုဂ္ဂိုလ်၏ တာဝန်တည်း။

> ဇာတိ ံ၁ စေ ဘိက္ခု နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ပဋိပန္နော ဟောတိ၊ ဓမ္မာနုဓမ္မပဋိပန္နော ဘိက္ခူတိ အလံ ဝစနာယ။

ယော ဘိက္ခု အကြင်ရဟန်းသည်။ ဇာတိ ံ၊ ဇာတိကို။ နိဗ္ဗိဒါယ၊ ငြီးငွေ့ခြင်းငှါ။ ဝိရာဂါယ၊ တပ်ခြင်းကင်းခြင်းငှါ။ နိရောဓာယ၊ ချုပ်ခြင်းငှါ။ ပဋိပန္နော ကျင့်သည်။ ဟောတိ စေ။ အကယ်၍ဖြစ်ငြားအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဓမ္မာနုဓမ္မပဋိပန္နော၊ လောကုတ္တရာတရားကိုးပါးနှင့်လျော်စွာ ကျင့်သောရဟန်းဟူ၍။ ဝါ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟူသော လောကုတ္တရာ တရားနှင့် လျော်စွာ ကျင့်သော ရဟန်းဟူ၍။ ဝစနာယ၊ ဆိုခြင်းငှါ။ အလံ၊ ထိုက်၏။

ဤကား တရားနာသော ပုဂ္ဂိုလ်တို့၏ တာဝန်တည်း။

၁။ ဇာတိယာ (ဆဋ္ဌ စာမူ)

ဇာတိ°ာ စေ ဘိက္ခု နိဗ္ဗိဒါ ဝိရာဂါ နိရောဓာ အနုပါဒါဝိမုတ္တော ဟောတိ၊ ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တော ဘိက္ခူတိ အလံ ဝစနာယ။

ယော ဘိက္ခု၊ သည်။ ဇာတိ°၊ ဇာတိကို့။ နိဗ္ဗိဒါ၊ ငြီးငွေ့သည်။ ဝိရာဂါ၊ တပ်ခြင်းကင်းသည်။ နိရောဓာ၊ တဏှာ ချုပ်သည်။ အနုပါဒါဝိမုတ္တော၊ တစုံတရာစွဲယူခြင်းမရှိသည်။ ဟောတိ စေ၊ အကယ်၍ ဖြစ်ငြားအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဒိဋ္ဌဓမ္မနိဗ္ဗာနပတ္တောတိ၊ ဒိဋ္ဌမျက်မှောက် ဒုက္ခ ချုပ်ငြိမ်းခြင်းသို့ ရောက်သော ရဟန်းဟူ၍။ ဝစနာယ၊ ဆိုခြင်းငှါ။ အလံ၊ ထိုက်၏။ ဤသို့ တဏှာ ဒိဋ္ဌိဟူသော ဥပါဒါန်းကို ပယ်သည်ဖြစ်အံ့၊ မျက်မှောက် ဘဝမှာပင်လျှင် မင်္ဂ ဖိုလ် နိဗ္ဗာန် ဟူသော အကျိုးကို ဒိဋ္ဌဓမ္မ ရနိုင်၏ ဟူလို။

မိမိတို့မှာ မင်္ဂဖိုလ်နိဗ္ဗာန်ဟူသော မှိရာ တည်ရာ ကိုးကွယ်ရာ ရှိကြစေရန် မြတ်စွာဘုရားက ရဟန်းများအား တိုက်တွန်းတော်မူပုံ

"သနာထာ ဘိက္ခဝေ ဘဝထ၊ မာ အနာဇာ"။ ဘိက္ခဝေ၊ တို့။ သနာထာ၊ မင်္ဂဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် ဟူသော ကိုးကွယ်ရာ ရှိကြကုန်သည်။ ဝါ၊ သနာထာ၊ မင်္ဂဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် ဟူသော အာဃာတစရာ မှိရာ တည်ရာ သက်သာလွတ်လပ်ခွင့်ရှိကြကုန်သည်။ ဘဝထ၊ ဖြစ်ကြကုန်လော့။ အနာထာ၊ ထိုထိုကိုးကွယ်ရာ မှိရာ တည်ရာ အာဃာကိုးစရာ မရှိကြကုန်သည်။ မာ ဘဝထ၊ မဖြစ်ကြကုန်လင့်။ မင်္ဂ ဖိုလ် နိဗ္ဗာန်မှသာလျှင် အလုံးစုံသော ဒုက္ခတို့မှ လွတ်လပ်နိုင်ပါသည် ဟူလို။ ထိုကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ ဆရာသည်—

"ပရမတ္ထတော သာသနေ အဿာသော နာမ အရိယဖလံ။
ပတိဋ္ဌာ နာမ အရိယမဂ္ဂေါ"၂—

ဟူ၏ ပြပေ၏။

ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ သာသနေ၊ သာသနာတော်၌။ အဿာသော နာမ၊ သက်သာရာမည်သည်ကား။ အရိယဖလံ အရိယဖိုလ်တည်း။

၁။ ဇာဘိယာ။ (ဆဋ္ဌစာမ္ဖ)
၂။ ဝိသုဒ္ဓိမဂ်မဟာဋီကာ-ဒုတိယ-ခန္ဓ-ဥဂ္ဂ။

ပတိဋ္ဌာ နာမ၊ တည်ရာ မှီရာ မည်သည်ကား။ အရိယမဂ္ဂါ၊ အရိယ မဂ်တည်းဟူ၏။ ထိုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသော ကိုးကွယ်ရာ မှီရာ တည်ရာ ရှိကြစေကုန်ဟူ၍ မြတ်ဗုဒ္ဓဘုရား တိုက်တွန်းပေသည် ဟူလို။

အယ္ဥမ္ဘားပုံ၏ အစန္ဒင့်အဆုံး

အထင်အမြင် အယ္ဥမ္ဘားပုံ၏ အစန္ဒင့်အဆုံးကို ပြဦးအုံ—

မေး။ အဘယ်ဌာနဌ် အထင်အမြင်အယ္ဥ မ္ဘားနေကြပါသနည်း။

ဖြေ။ ရုပ်နာမ်ခန္ဓာဌ် မြဲမှု ချမ်းသာမှု အစိုးရခြင်း အလိုလိုက်စေနိုင်ခြင်း မရှိပဲလျက် ရှိသကဲ့သို့ ယူသော အတ္တဟု ရှုမှုမှ စ၍ မှားကြပါသည်။

မေး။ အဘယ့်ကြောင့် အတ္တဟု ရှုကြပါသနည်း။

ဖြေ။ ဇာတိ ဖြစ်ပြီးနောက်, တနည်း-ဥပါဒ်ဖြစ်ပြီးနောက် ဌီဘင် ဇရာ မရဏအားဖြင့်။ ဝါ-အိုခြင်း သေခြင်းဖြင့် ပျက်ခြင်းသည် စင်စစ်မမြဲသော အနိစ္စလက္ခဏာဟု မသိကြ, သဟိမပြုကြ။

ထိုပြင် ထို အို,နာ,သေမှုကို အလိုမရှိ၊ ဝါ-သုခဝေဒနာ ချုပ်ပျောက်ခြင်းကို အလိုမရှိ၊ ယင်းသို့ အလိုမရှိကြသော်လည်း မတားမြစ်နိုင်ကြပေ၊ ထိုသို့ မတားမြစ်နိုင်မှုကား အနတ္တသာတည်းဟု မသိကြ၊ ထိုသို့ မသိခြင်းသည် အဝိဇ္ဇာပင် တည်း။ ထိုအဝိဇ္ဇာကြောင့် အဟံ-ငါ၊ မမ သန္တကံ-ငါ၏ဥစ္စာဟု တဏှာ ဒိဋ္ဌိ ဟူသော ဥပါဒါန်ဖြင့် ခင်တွယ်စွဲယူမှု ဖြစ်ပါသည်။ ဝါ အတ္တဟု ရှုကြပါသည်။

အမှားရှုပုံ ပြီးပြီ။

မေး။ ဗုဒ္ဓဘယ်သို့အားဖြင့် အမှား ကုန်ဆုံးပါသနည်း။

ဖြေ။ အကြင်အခါဌ် သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် ကိုယ်မှာရှိသော်လည်း ကိုယ်ပိုင် မဟုတ်သော အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာသာတည်းဟု မြင်သိ၏။ ထိုအခါ အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသာဝဋ်ဌ် ချုပ်ရလေတော့၏။ ဤသို့ ချုပ်လျှင်

ဒိဋ္ဌ ဝိစိကိစ္ဆာလည်း ချုပ်သည်မည်၏။ ထိုပြင် သက္ကာယဒိဋ္ဌ, သိုမဟုတ် အတ္တဒိဋ္ဌ နှင့် ဝိစိကိစ္ဆာ ခြားနားပုံကို ပြဦးအုံ။—

၁။ ခန္ဓာ ၅-ပါး ရုပ်နာမ်တရားကို ငါပိုင် ငါဟာ ငါဥစ္စာဟု ချွင်းချက်မရှိ လုံးလုံးယူခြင်းသည် သက္ကာယဒိဋ္ဌ၊ သိုမဟုတ် အတ္တဒိဋ္ဌ မည်၏။

၂။ ခန္ဓာ ရုပ်နာမ်သည် ငါ ဟုတ်သလော, မဟုတ်သလောဟု ၂-ခု ဖြစ်နေမှု သည် ဝိစိကိစ္ဆာမည်၏။

ထို ၂-ခုအနက် တခုချုပ်လျှင် ၂-ခုလုံး ချုပ်၏။

ဤသို့ ချုပ်လျှင် မင်္ဂလာသုတ်သဖြင့် သောတာပန်စသည် တည်နိုင်တော့၏။

အထင်အမြင်မှားပုံ ပြီးပြီ။

အနတ္တကို မြင်သိရန် နက်နဲပုံ

အနတ္တကို ဘုရားမှတပါး ဟောနိုင်သူမရှိ၊ ထို အနတ္တသည် ဘုရားပွင့်ရာ ကာလမှာသာ ရှိ၏။

ထိုကြောင့် "အနတ္တလက္ခဏံ ဝိနာ ဗုဒ္ဓုပ္ပါဒါ န ပညာယတီ"[၁]-ဟုအဋ္ဌကထာ ဆရာ မိန့်ဆို၏။ ဗုဒ္ဓုပ္ပါဒါ၊ ဘုရားဖြစ်ရာ ပွင့်ရာကာလကို။ ဝိနာ၊ ကြဉ်၍။ အနတ္တ-လက္ခဏံ၊ အနတ္တလက္ခဏာသည်။ န ပညာယတိ၊ မထင်။ ဝါ-မသိကြ။

ထိုကြောင့် သာသနာပအခါမှာ မင်္ဂလာကို မရကြပေ၊ သာသနာတွင်းမှာပင် ဖြစ်ဦးတော့ အနတ္တလက္ခဏာကို မသိလျှင် မင်္ဂလာမရနိုင်၊ အတ္တဒိဋ္ဌကို စွန့်မှ မင်္ဂလာကို ရနိုင်၏ ဟူလို။

အနတ္တလက္ခဏာသုတ်ကို မြတ်စွာဘုရားဟောမှ ခန္ဓာ ၅-ပါးကို အနတ္တဟု သိကြရ၏။

မြတ်စွာဘုရားမပွင့်မီ သာသနာပအခါ၌ ပုထုဇဉ် လူ နတ် ဗြဟ္မာ ဟူသမျှ တို့သည် ငါကိုယ်ရှိ၏၊ ငါကိုယ်ကို ငါအစိုးရ၏၊ အလိုသို့ လိုက်စေနိုင်၏ စသော

၁။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ နှာ-၄၆။

အတ္တအယူဒဋ္ဌိသာတည်၍ သံသရာဘေး အပါယ်ဘေးတို့မှ မကျွတ်မလွတ်ပဲ ရှိနေကြရတော့၏။ ထိုကြောင့် မြတ်စွာဘုရား ဟောတော်မူသော အနတ္တလက္ခဏသုတ်ဒေရ အတ္တအယူကို စွန့်၍ ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်၍ သောတာပန် စသည်တည်ဒေါင် ရအောင် အားထုတ်ကြရန် သတိပေးရပေသည်။

ဤသာသနာအတွင်း၌ မင်္ဂိုလ်စသော အကျိုးရရှိရန်
အားထုတ်နည်း ပြီးပြီ။

အနတ္တအဓိပ္ပါယ်

အနတ္တ အဓိပ္ပါယ်ကို ပြဦးအုံ—

အနှစ်ကင်း၍ ကိုယ်မပါ၊ အစိုးမရ မပိုင်တာကြောင့် နာမ်ရုပ် အနတ္တ။ (ကျက်မှတ်ထားပါ)။

အဋ္ဌကထာအရ အနတ္တရှုနည်း

အနိစ္စနပိ အနတ္တံ ဒဿေတိ၊ ဒုက္ခနပိ အနတ္တံ ဒဿေတိ၊ အနိစ္စဒုက္ခနပိ အနတ္တံ ဒဿေတိ[၁]။

အနိစ္စနပိ၊အိုနာသေမှု မမြဲမှုကြောင့်လည်း။အနတ္တံ၊မြဲစေရန် အစိုးမရမှုကို။ ဒဿေတိ၊ ထင်စေ၊ ပြ၏။

ဒုက္ခနပိ၊ ဆင်းရဲမှုကြောင့်လည်း။ အနတ္တံ၊ ဆင်းရဲကင်းရန် တောင့်တ၍ မရမှုအနတ္တကို။ ဒဿေတိ၊ ပြ၏။

အနိစ္စဒုက္ခနပိ၊မြဲစေသတည်း ဆင်းရဲကင်းစေသတည်းဟု တောင့်တ၍ မရမှုကြောင့်လည်း။ အနတ္တံ၊ အနတ္တကို။ ဒဿေတိ၊ ပြ၏။ ဝါ၊ မိမိတို့သန္တာန်၌ ခန္ဓာ ၅-ပါး ရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနိစ္စ ဒုက္ခ အနတ္တ - အဖြစ်ကို။ ဒဿေတိ၊ ပြ၏။

၁။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ-နှာ-၄၇ ကြည့်ပါ။ (အဓိပ္ပါယ်တူ)

ဤအခိုပွါယ်ကို ကိုယ်တွေ့ဖြစ်အောင် ရှုနည်းကို ပြဦးအံ့–

သွားကျိုးဆံဖြူ၊ မေ့ရော့ထူ၊ ငယ်မူပျောက်ခဲ့ပြီ။

လှပရုပ်ဆင်း၊ နုပျိုခြင်း၊ အိုမင်းနောက်ဆုံး ရှိခဲ့ပြီ။

ဤ၌ မမြဲမှု ထင်ရှား၏။ မိမိစိတ်ကို တဖန် စဉ်းစားရမည်။ ထိုအခါ အိုနာသေမှုတို့ကို မဖြစ်စေပဲ လှပနုပျိုမှု၌သာလျှင် တည်မြဲလိုသော စိတ် ဖြစ်မှုကို တွေ့လတ္တံ့။ ဤအခါ တောင့်တသော စိတ်အရ မဖြစ်ပဲ အစိုးမရ အလိုမလိုက်မှုကို တွေ့လတ္တံ့။ ဤသည်ပင်လျှင် အနတ္တထင်ရှားရှိလေတော့၏။ ကိုယ်မှာ ရှိသော်လည်း ကိုယ်ပိုင်မဟုတ်မှုကို မြင်သဖြင့် လိုချင်မှုဘဝတဏှာနှင့်တကွ အတ္တသတ္တ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့ ချုပ်သဖြင့် သောတာပန် စသည် တည်နိုင်၏ဟူလို။

အနတ္တ အဓိပ္ပါယ် ပြီးပြီ။

ပညာရှိသော်လဲ သတိဖြစ်ခဲသည် ဆိုသကဲ့သို့ သတိရှိရန် သင့်ပုံ

မြတ်စွာဘုရားသည် ၄-သခြေ်နှင့် ကမ္ဘာတသိန်း ပါဂမီကိုဖြည့်ရ၏။ ပစ္စေကဗုဒ္ဓါသည် ၂-သခြေ်နှင့် ကမ္ဘာတသိန်း ပါရမီကို ဖြည့်ရ၏။ အဂ္ဂသာဝကတို့သည် တသခြေ်နှင့် ကမ္ဘာတသိန်း ပါရမီကို ဖြည့်ကြရ၏။ ဘာကြောင့်လဲ၊ သစ္စာကို သိလိုသောကြောင့်တည်း။ဘာကြောင့် သစ္စာကိုသိလိုသလဲ၊သစ္စာသိမှ အဖန်ဖန် အိုနာသေမှု အပါယ်ကျမှုတို့မှ ကင်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခွင့်ရှိသောကြောင့်တည်း။ ထိုကြောင့် ထို ရှေးသူတော်ကောင်းတို့ကဲ့သို့ သစ္စာသိရန် အားထုတ်သင့်ကြပေသည်။

ထို သစ္စာသိမှုသည်လည်း ဘုရားပွင့်၍ ဟောမှ သိကြရသည်။ ယခုအခါ မိမိတို့ ပါရမီအားလျော်စွာ သာသနာနှင့် ကြုံကြိုက်သည့်အခါမှာ မိမိအကျိုးစီးပွါးကို အလိုရှိသူတို့သည် အခြား ထွေထွေရာရာတွေနှင့် အချိန်မကုန်စေပဲ သစ္စာသိမှု၌သာ အထူးအားထုတ်သင့်ကြပေသည်။

ထိုသစ္စာသိမှုတို့တွင်လည်း ဓမ္မစက္ကာထက် သိလွယ်မှု မရှိပေ။ ထိုတရားတော်ကား ဇာတိ စသော ဒုက္ခသည် တဏှာ သမုဒယကြောင့် ဖြစ်၏။ ထို တဏှာကို မဂ်အာကျင့်ဖြင့် ချုပ်စေလျှင် ဒုက္ခချုပ်၏ဟု သစ္စာ ၄-ပါး တရားကို စကား ၂-ခွန်းဖြင့် သိလွယ် ထင်ရှားအောင် သွယ်ဝိုက်ခြင်း မရှိပဲ တည့်တည့်မတ်မတ် ဘွင်းဘွင်းကြီး ဟောတော်မူသည်။ ရှေးရှေးဘုရားတို့လည်း ဤနည်းပင် ဟော၍ သတ္တဝါတို့ကို ဒုက္ခမှ လွတ်စေသည်။ ထိုကြောင့် သစ္စာကို သိလိုက တခြား ထွေထွေရာရာတွေနှင့် အခြိန်မကုန်စေပဲ ဓမ္မစက္ကာအရ သစ္စာသိအောင် အားထုတ်သင့်ကြပေသည်။

တနည်း–ထို ဓမ္မစက္ကာအရ သိလွယ်ထင်ရှားသော နည်းတို့ဖြင့် တန်းဆာဆင်၍ ရေးထားသော စတုသစ္စ ဒဋ္ဌိကမ္မကထာ–သစ္စဒီပကကထာ–သောတာပတ္တိမဂ္ဂကထာ–ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဟာဘဗ္ဘကထာ-နိယျာနိက မဂ္ဂကထာ–ဆဓာတု မဂ္ဂကထာများကို ကြည့်ရှု၍ အားထုတ်သင့်ကြပေသည် ဟူလို။

သတိပေးနိဒါန်း ဤတွင် ပြီးပြီ။

မင်္ဂဏ် ဖိုလ်ဥာဏ်တို့၏ အဓိပ္ပါယ်

မင်္ဂဏ်ဟူသည် သစ္စာလေးပါးကို ပဋိဝေဓအားဖြင့် သိမှုပင်တည်း။ ဖိုလ်ဥာဏ်ဟူသည် မင်္ဂဖြင့် သိပြီးသော သစ္စာကို အမြဲတည်စေမှုပင်တည်း။

ဤတွင် တရားမကျင့်မီ ရှေးဦးစွာ ဗဟုသုတ ရှိကြဖို့ရာ
နိဒါန်း ပြီးပြီ။

ကျမ်းပြုပုဂ္ဂိုလ်၏ ပဋိညာဉ် စသည်

ဤကျမ်းပြုပုဂ္ဂိုလ်၏ ပဋိညာဉ် စသည်များကို ပြပါဦးအံ့-

၁။ သစ္စာလေးပါးကို အကျဉ်းအားဖြင့် ရှေးဦး ပြပါမည်။

၂။ ထိုနောက် အသမ္မောဟဘူမိဟူသော ဒိဋ္ဌိဝိသုဒ္ဓိဖြင့် နိဿတ္တ နိဇ္ဇီဝ ဒုက္ခ-သစ္စာကို ခွဲခြားရှင်း ပြပါမည်။

၃။ ထိုနောက် ကမ္မဝိပါက ဟူသော စုတိပဋိသန္ဓေကို ဆက်စပ်တတ်သော သမုဒယသစ္စာ ကင်္ခါဝိတရဏဝိသုဒ္ဓိကို ခွဲ၍ ပြပါမည်။

၄။ ထိုနောက် အကြောင်းချုပ်က အကျိုးချုပ်သော ဒုက္ခနိရောဓသစ္စာ နိဗ္ဗာန်ရှိပုံကို ပြပါမည်။

၅။ ထိုနောက် သမ္မာဒိဋ္ဌိစသော မဂ္ဂသစ္စာကို ဝိပဿနာနှင့်တကွ အကျယ် ပြပါမည်။

၆။ ထိုနောက် အထွေထွေဝိပဿနာနှင့်တကွ လောကီ လောတ္တရာဖြစ်သော ဗဟုသုတများကို ဟောပြောရာ၌ မိမိ ပြောဟောသော တရားစကား ကို ဒဋ္ဌိကမ္မဖြစ်စေရန် အာဂမယုတ္တိများနှင့်တကွ ပြပါမည်။

ကျမ်းပြုပုဂ္ဂိုလ်၏ ပဋိညာဉ် ဥယျောဇဉ်များ ပြီးပြီ။

သစ္စဒီပက ကထာ

နံမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သစ္စာ ၄-ပါးဟူသည် အဘယ်သို့ပါနည်း။
ဓမ္မစက္ကပါဠိတော် (ဝိနည်းမဟာဝါ စာမျက်နှာ ၁၄-စသည်) ၌—

ကတိ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။ ဇာတိပိ ဒုက္ခာ၊ ဇရာပိ-ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

ဒုက္ခသစ္စာ ပြီးပြီ။

ကတိ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ၊ သေယျ-ထိဒံ၊ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

သမုဒယသစ္စာ ပြီးပြီ။

ကတိ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာ-ယေဝ တဏှာယ အသေသဝိရာဂနိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

နိရောဓသစ္စာ ပြီးပြီ။

ကတိ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ အယမေဝ အရိယော အင္ဂဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာ ဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

မဂ္ဂသစ္စာ ပြီးပြီ။

သစ္စာ အနက်

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပိ၊ ပဋိသန္ဓေ နေရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဇရာပိ၊ ဆိုးရွားဟောင်းမြင်း အိုမင်းရခြင်းသည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ ဗျာဓိပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။ မရဏမ္ပိ၊ သေရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ (သောက ပရိဒေဝ ဒုက္ခ-ဒေါမနဿုပါယာသာပိ၊ စိုးရိမ်ပူပန်ခြင်း ငိုကြွေးခြင်း ကိုယ်၏မချမ်းသာခြင်း စိတ်၏ မချမ်းသာခြင်း သက်ကြီး ရွိုက်တင် ပင်ပန်းရခြင်းတို့သည်လည်း။ ဒုက္ခော၊ ဆင်းရဲကုန်၏။) အပ္ပိယေဟိ၊ မချစ်မနှစ်လိုအပ်သော ဝေရိသတ္တဝါ သခ်ါရ ရူပ သဒ္ဒ စသော အာရုံတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွပေါင်းဖော် တွေ့ဆုံရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ပိယေဟိ၊ ချစ်နှစ်လိုအပ်သော သတ္တဝါ သခ်ါရ ပိယပုဂ္ဂိုလ်တို့နှင့်။ ဝိပ္ပယောဂေါ၊ ကွဲကွင်းရခြင်းသည်။ ဒုက္ခော၊ ဆင်းရဲ၏။ ယမ်ပိစ္ဆံ၊ အကြင် ပဋိသန္ဓေ နေရခြင်း အိုခြင်း နာခြင်း သေခြင်း ပူပန် ကြောင့်ကြခြင်း စသော သဓောတရားတို့ ငါ့အား မဖြစ်ပါမူကား ကောင်းလေစ့ စသည်ဖြင့် တောင့်တသော်လည်း။ နလဗ္ဘတိ၊ မရအပ်။ တမ်ပို၊ ထိုတောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ သံခိတ္တေန၊ အကျဉ်း အားဖြင့်။ ပဉ္စု၊ ငါးပါးကုန်သော။ ဥပါဒါနက္ခန္ဓာပိ၊ ဥပါဒါနက္ခန္ဓာ၏ ရှိနေရ ခြင်းတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤဇာတိ စသော ဒုက္ခ ၁၂-ပါးသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာဖြစ်သော။ အရိယသစ္စံ၊ အရိယာ တို့သည် သိအပ်သော သစ္စာမည်၏။

အဓိပ္ပါယ်ကား–ဒုက္ခသစ္စာ ခန္ဓာ ၅-ပါးသာရှိ၏။ ပုဂ္ဂိုလ် သတ္တဝါ မရှိဟု နှလုံးသွင်း၍ သက္ကာယဒိဋ္ဌကို ကွာစေရမည် ဟူလို။

ဒုက္ခသစ္စာ၏ လက္ခဏာစသည်

ဒုက္ခသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်များကို ပြဦးအံ့—

ဗာဓနလက္ခဏံ ဒုက္ခသစ္စံ၊ သန္တာပနရသံ၊ ပဝတ္တိပစ္စုပဋ္ဌာနံ[1]။
ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာသည်။ ဗာဓနလက္ခဏံ၊ ညှဉ်းပန်းနှိပ်စက်ခြင်း လက္ခဏာ

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ-၁၂၆-စသည်။

ရှိ၏။ သန္တာပနရသံ၊ ပူပန်ခြင်းကိစ္စရှိ၏။ ပဝတ္တိပစ္စုပဋ္ဌာန်၊ ဇာတိစသည် ဖြစ်ခြင်းရှိသောကြောင့်ဟု ဉာဏ်အား ရှုးရှုထင်၏။

ဤဒုက္ခဟူသည် ဖြစ်မှုရှိသောကြောင့်ဟု ပြ၏။ ဖြစ်မှုမရှိလျှင် ဒုက္ခမရှိဟူလို။ တရားအားထုတ်သော ပုဂ္ဂိုလ်တို့မှာ ဇာတိ၏ အကြောင်းဖြစ်သော တဏှာပယ်မှုကိစ္စရှိ၏။ ထိုတဏှာကို ပယ်လိုက မိမိခန္ဓာ ဇာတိစသော ဒုက္ခကို ရှုအပ်၏။ "ဒုက္ခမြင်သိ တဏှာကွာ နိရောဓသို့သာ ညွတ်သည် မဂ်စိတ်" ဟူသော ကထာအရ ဇာတိစသော ဒုက္ခတို့ကိုမြင်သိသောကြောင့် ဇာတိနိရောဓ နိဗ္ဗာန်ကို အာရုံပြုသော မဂ်စိတ်ဖြင့် တဏှာကို ချုပ်စေရကား လိုရင်း မဂ်ကိစ္စ ပြီးလေတော့၏ ဟူလို။

ဒုက္ခသစ္စာ၌ မုချဒုက္ခ၊ ပရိယာယဒုက္ခ ၂-မျိုးကို ခွဲခြားသိခြင်းငှါ သင့်၏။ သမ္မောဟဝိနောဒနီ (စာမျက်နှာ-၈၈) အရ ပြဦးအံ့–ဒုက္ခဝေဒနာ သုခဝေဒနာ ဥပေက္ခာဝေဒနာ ၃-မျိုး ရှိ၏။

o o

တတ္ထ ကာယိကစေတသိကာ ဒုက္ခဝေဒနာ သဘာဝတော စ နာမတော စ ဒုက္ခတ္တာ ဒုက္ခဒုက္ခံ နာမ။

သုခဝေဒနာ ဝိပရိဏာမေန ဒုက္ခုပ္ပတ္တိဟေတုတော ဝိပရိဏာမ-ဒုက္ခံ နာမ။

ဥပေက္ခာဝေဒနာ စေဝ အဝသေသာ စ တေဘူမကသင်္ခါရာ ဥဒယဗ္ဗယပီဠိတတ္တာ သင်္ခါရဒုက္ခံ နာမ။ တထာ ပီဠနံ နာမ မဂ္ဂဖလာနမ်ိဳ အတ္ထိ၊ တသ္မာ ဧတေ ဓမ္မာ ဒုက္ခသစ္စပရိယာပန္နတ္တေန သင်္ခါရဒုက္ခံ နာမာတိ ဝေဒိတဗ္ဗာ။

ဤပေတ္ဝာ ဒုက္ခဒုက္ခံ သေသံ ဒုက္ခသစ္စဝိဘင်္ဂေ အာဂတံ ဇာတိအာဒိ-သဗ္ဗမ်ိဳ တသာ တသာ ဒုက္ခသာ ဝတ္ထုဘာဝတော ပရိယာယဒုက္ခံ နာမ။

ဒုက္ခဒုက္ခံ နိပ္ပရိယာယဒုက္ခံ နာမ။ ကတ္ထ ပရိယာယဒုက္ခံ နိပ္ပရိယာယ-ဒုက္ခန္တိ ဣမသ္မိံ ပဒဒ္ဒယေ ဤတ္ထာ ဒုက္ခံ အရိယသစ္စံ ကထေတဗ္ဗံ။

အဓိပ္ပါယ်မှာ—

၁။ ကာယိကဒုက္ခ စေတသိကဒုက္ခတို့မှာ အမည်နာမအားဖြင့်ရင်း၊ သဘာဝအားဖြင့်ရင်း ဒုက္ခဖြစ်သောကြောင့် မုချ ဒုက္ခ မည်၏။

၂။ သုခဝေဒနာသည် ဝိပရိဏာမအားဖြင့် ဖောက်ပြန် ပျက်စီးတတ်၏။ ထိုသို့ ပျက်စီးခြင်းသည် ဒုက္ခ၏ အကြောင်းဖြစ်ရကား ဝိပရိဏာမဒုက္ခမည်၏။

၃။ ဥပေက္ခာဝေဒနာသည်ရင်း ထိုမှ ကြွင်းသော တေဘူမကတရားတို့သည်ရင်း ဥဒယဗ္ဗယ ဖြစ်ခြင်း ပျက်ခြင်း နှိပ်စက်မှုရှိသောကြောင့် သင်္ခါရဒုက္ခမည်၏။ ထိုအဖြစ်အပျက် နှိပ်စက်မှုသည် မင်္ဂိုလ် စိတ္တုပ္ပါဒ်တို့လည်း ပါဝင်နေရကား ပရိယာယဒုက္ခ၌ ထည့်၍ ဟော၏။

ဤသို့လျှင် မုချဒုက္ခ ပရိယာယဒုက္ခ ၂-မျိုး ခွဲခြားကာ သိအပ်၏ ဟူလို။

ထို့ကြောင့် တိုဒုက္ခတို့ကို ရှေးဦးစွာ မရှုပဲ တခြားထွေထွေရာရာတွေကို ရှုရှု၍ နေက သံဝေဂ မရ, ကိစ္စမပြီး အချည်းနှီး အချိန်ကုန်တတ်၏။ ပဉ္စဝဂ္ဂီ ၅-ဦးတို့သည် ထိုဒုက္ခတို့ကိုမြင်သိသော သံဝေဂကြောင့် ဘဏ္ဍာပယ်မှုန့်တက္ခ မင်္ဂိုစ္ဆ ပြီး၍ သောတာပန် တည်ကြပါသည်။ ထို့ကြောင့် ထိုဒုက္ခတို့ကို ရှေးဦးစွာ ရှုကြပါ ဟူလို။

မိမိတို့၏ အဇ္ဈတ္တရှိ ခန္ဓာ ၅-ပါးကို သိအပ်၏။ ထို့ကြောင့် သိရစေခြင်းငှါ ပြဦးအံ့—

ဆံပင်စသော ပထဝီဓာတ် ၂၀၊ သည်းခြေ စသော အာပေါဓာတ် ၁၂၊ သန္တံပူန စသော တေဇောဓာတ် ၄၊ ဥဒ္ဓင်္မ စသော ဝါယောဓာတ် ၆၊ ပေါင်း ၄၂-ကောဋ္ဌာသနှင့် စက္ခု သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဟဒယတို့သည် ရုပ် မည်၏။ "ရူပံ အနေဝနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ" ဟူသော ပါဠိအရ ရူပ်၌ သိတတ်သောသဘော မရှိပေ။ "ရူပုနလက္ခဏံ ရူပံ" ဟူသောပါဠိအရ အချမ်းအပူ စသည်ကြောင့် ဖောက်ပြန်တတ်၏။ "အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ" ဟူသောပါဠိအရ စေ့ဆော်တတ်

သော စေတနာ မရှိ၊ အဗျာကတသာတည်း။ သတ္တ ဇီဝ သဘောမှ ဆိတ်၏။ ရုပ်သည် လက်သမား စူးဆောက်ကိရိယာကဲ့သို့ နာမ်စိမံရာ ခံရ၏။

ရုပ်အဓိပ္ပါယ် ပြီးပြီ။

"နမနလက္ခဏံ နာမံ"ဟူသောပါဠိအရ အာရုံကို ညွတ်တတ် သိတတ်သော ကြောင့် နာမ် မည်၏။ နာမ် ခန္ဓာ ၄-ပါး ရှိ၏။ သုခ ဒုက္ခ ဥပေက္ခာအားဖြင့် ခံစားတတ်သောကြောင့် ဝေဒနာက္ခန္ဓာ မည်၏။ အာရုံကိုအမှတ်ပြု၍ သိတတ်သောကြောင့် သညာက္ခန္ဓာ မည်၏။ ဝေဒနာ သညာမှကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရက္ခန္ဓာမည်၏။ "အဘိသင်္ခရောန္တီတိ သင်္ခါရာ" ဟူသောပါဠိအရ ကုသိုလ် အကုသိုလ်အားဖြင့် ပြုပြင်တတ်သောကြောင့် သင်္ခါရက္ခန္ဓာ မည်၏။ ထိုသင်္ခါရက္ခန္ဓာ ၅၀ တို့တွင် လောဘ ဒေါသ မောဟ အကုသိုလ်ဟိတ် ၃-ပါး သည် အကုသိုလ်ကို ဖြစ်စေ၏၊ အပါယ်သို့ ကျစေ၏။ အလောဘ အဒေါသ အမောဟ-ဟူသော ကုသိုလ်ဟိတ် ၃-ပါးသည် ကောင်းမှုကို ဖြစ်စေတတ်၏၊ လူ နတ် ဗြဟ္မာ ချမ်းသာကို ရစေတတ်၏။ "စိတ္တံ ဝိညာဏက္ခန္ဓော"ဟူသောပါဠိအရ စိတ် ၈၉-သည် ဝိညာဏက္ခန္ဓာ မည်၏။ "ဝိဇာနနလက္ခဏံ ဝိညာဏံ"ဟူသော ပါဠိ အရ အာရုံကို ညွတ်တတ် သိတတ်သောကြောင့် စိတ် မည်၏။ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ"ဟူ၍ စိတ်ကို အကြီးအမှူးပြု၍ ဟောသည့်အရာ၌—

"စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေ ဝသ မန္ဝဂူ။"

ဟူသော သဂါထာဝဂ္ဂသံယုတ် (စာမျက်နှာ-၃၆) ပါဠိအရ—

လောကော၊ သတ္တလောကကို။ စိတ္တေန၊ စိတ်ဖြင့်။ နီယတိ၊ ဆောင်၏။ လောကော၊ လောကကို။ စိတ္တေန၊ စိတ်ဖြင့်။ ပရိကဿတိ၊ ဆဲငင်၏။ စိတ္တဿ၊ စိတ်ဟု ဆိုအပ်သော။ ဧကဓမ္မဿ၊ တခုသောတရား၏။ ဝသံ၊ အလိုသို့။ သဗ္ဗေ၀၊ အလုံးစုံလည်းဖြစ်သော လူ နတ် ဗြဟ္မာတို့သည်။ အန္ဝဂူ၊ အစဉ်လိုက်ရကုန်၏။

ထို့စိတ် စေတသိက် ရုပ်တို့၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ပါရှိနေမှု၊ သတ္တ ဇီဝ သဘောမှ ဆိတ်မှုတို့ကြောင့် "ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ" ဟူ၍ဟော တော်မူ၏ ဟူလို။

ဒုက္ခသစ္စာ ပြီးပြီ။

၂။ ဘိက္ခဝေ၊ တို့။ ယာယံ တဏှာ၊ အကြင် လောဘသည်။ ပေါနောဗ္ဘဝိကာ၊ တဖန်ဘဝသစ်၌ ဖြစ်သည်ဖြစ်၍ ဖြစ်လေ့ရှိ၏။ နန္ဒီရာဂသဟဂတာ၊ တပ်ခြင်း နှစ်သက်ခြင်းနှင့်တကွ ဖြစ်သည် ဖြစ်၍ ဖြစ်လေ့ရှိ၏။ တတြ တတြ၊ ထိုထိုကိုယ်၏အဖြစ် ထိုထိုအာရုံတို့၌။ အဘိနန္ဒိနီ၊ အလွန်နှစ်သက်ခြင်း တပ်ခြင်း ဖြစ်၍ ဖြစ်၏။ ဣဒံ သော တဏှာ၊ ဤတဏှာသည်။ သေယျထာ ကတမာ၊ အဘယ်နည်း။ ကာမတဏှာ၊ ရူပါရုံစသော ကာမဝတ္ထုကို တပ်တတ်သော တဏှာသည်ထင်း။ ဘဝတဏှာ၊ သတ္တဝါသည် မြဲ၏ဟု ယူသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော ဘဝတဏှာသည်ထင်း။ ဝိဘဝတဏှာ၊ သတ္တဝါသေလျှင် ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဖြစ်သော တဏှာသည်ထင်း။ ဣဒံ ဒေါ ပန ဓမ္မဇာတံ၊ ဤတဏှာ ဟူသော သဘောတရားသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခဖြစ်ကြောင်း ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာမည်၏။

သမုဒယသစ္စာ၏ လက္ခဏာစသည်

ထိုသမုဒယ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်မျှားကား —

ပဘဝလက္ခဏံ သမုဒယသစ္စံ၊ ဒုက္ခဇနုပ္ပန္နရသံ၊ အတိတ္တိပစ္စုပဋ္ဌာနံ[1]။

သမုဒယသစ္စံ၊ သည်။ ပဘဝလက္ခဏံ၊ ဇာတိ စသော ဒုက္ခ၏ အမှန်အစ ဟူသော လက္ခဏာရှိ၏။ ဒုက္ခအနုပ္ပန္နရသံ၊ ဒုက္ခကို အစဉ်ဖဲ့စပ်ခြင်းကိစ္စရှိ၏။ အတိတ္တိပစ္စုပဋ္ဌာနံ၊ မရောင့်ရဲနိုင်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

၁။ ဝိဘင်းအဋ္ဌကထာ-နှာ-၇၉။ (ရုသမတ္တ)

သတိပ္ပဋ္ဌာန် အမေး အဖြေ

မေး။ ။ဇာတိစသော ဒုက္ခတို့ကို မည်သူလုပ်သလဲ၊ မိမိ လုပ်သလော သူတပါး လုပ်သလော။

ဖြေ။ ။ထို ဒုက္ခတို့ကို ဓမ္မာဓိဋ္ဌာန်အားဖြင့် ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာတို့ကြောင့် ဖြစ်ပါသည်။ ပုဂ္ဂလာဓိဋ္ဌာန် အားဖြင့် မိမိတို့၏ ဘဝတဏှာ စသည်တို့ကြောင့် ဖြစ်ပါသည်။

မှတ်ချက်။ ။တရားတော်ဂုဏ် ၆-ပါးတို့တွင် "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဟူသောပါဠိအရ ဓမ္မာဓိဋ္ဌာန်အားဖြင့် ဟောတော်မူသော တရားတော်ကို ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ပညာရှိတို့ အသီးအသီး သိအပ်၏ဟူရကား ဤသို့ သိမှသာလျှင် မိမိတို့၏ ယုံမှားခြင်းကို ပယ်နိုင်မည်။

အဘယ်ကဲ့သို့ ပယ်နိုင်မည်နည်းဟူမူ မိမိ၏ တဏှာကြောင့်ဖြစ်သော ဇာတိ စသော ဒုက္ခကို မိမိပင်လျှင် ပယ်စွန့်က ဒုက္ခကိုပြုလုပ်သော လက်သည်တဏှာ မရှိသဖြင့် ဇာတိဒုက္ခ တဖန်မဖြစ်နိုင်တော့ပြီ။ ထိုကြောင့် နိဗ္ဗာန်ရပြီဟု ဆိုးဖြတ်နိုင်တော့၏။ ဤသို့ ဆိုးဖြတ်ခြင်းသည် ဒုက္ခနိရောဓ အာဇာတနိဗ္ဗာန်ရှိမှုဌဋ္ဌလည်း ယုံမှားကင်းလေတော့၏။ မိမိသည်လည်း နိဗ္ဗာန်ရပြီဟု ဆိုးဖြတ်နိုင်သဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်ရကား သောတာပန်စသည် တည်ပြီဟု မြင်သိလေတော့၏ ဟူလို။

သတိပ္ပဋ္ဌာန် အမေးအဖြေနှင့် တကွ
သမုဒယသစ္စာပြပုံ ပြီးပြီ။

အရိယာတို့သိအပ်သော ဒုက္ခနိရောဓ အရိယသစ္စာ ဟူသည် ဖြစ်ခြင်း ရှိသော သန်တာန်တရားတို့၏ ချုပ်ရာ အသန်တာန်ပင် ဟူလို။

၃။ ဘိက္ခဝေ၊ တို့။ တဿာယေဝ တဏှာယ၊ ထိုကာမတဏှာ စသည်ဖြင့် ဝေဘန်အပ်သော လောဘ၏သာလျှင်။ ယော အသေသဝိရာဂနိရောဓော၊

အကြင်အကြင်းမဲ့တပ်ခြင်းကင်းရာ ချုပ်ရာဖြစ်သော အနုပ္ပါဒနိဗ္ဗာန်သည်။ ယော စာဂေါ၊အကြင်စွန့်ရာဖြစ်သော နိဗ္ဗာန်သည်။ယော ပဋိနိဿဂ္ဂေါ၊ အကြင်ဝေးစွာ စွန့်ရာဖြစ်သော အနုပ္ပါဒနိဗ္ဗာန်သည်။ယာ မုတ္တိ၊အကြင်လွတ်ရာဖြစ်သော နိဗ္ဗာန် သည်။ယော အနာလယော၊ အကြင်ကပ်ငြိခြင်း ကင်းရာဖြစ်သော ဖြစ်ခြင်းမရှိ သော ဒ္မသခ်ိတ အနုပ္ပါဒ နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ ကွဒံ ဓမ္မတာတံ၊ ဤနိဗ္ဗာန် ဟူသော သဘောသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ရာ ဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော အရိယသစ္စာမည်၏။

နိရောဓသစ္စာ၏ လက္ခဏာ စသည်

နိရောဓသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန်များကို ပြဦးအံ့—

> သန္တိလက္ခဏံ နိဗ္ဗာနံ၊ နိဝတ္တိလက္ခဏံ ဝါ အသင်္ခတလက္ခဏံ ဝါ၊
> အစ္စုတိရသံ ဝါ အဿာသကရဏရသံ ဝါ၊ အနိမိတ္တပစ္စုပဋ္ဌာနံ။[၁]

နိဗ္ဗာနံ၊ သည်။ သန္တိလက္ခဏံ၊ ထုဂ စသော မိုး ၁၁-ပါးတို့ အေးငြိမ်းခြင်း လက္ခဏာ ရှိ၏။ ဝါ၊ တနည်းကား။ နိဝတ္တိလက္ခဏံ၊ ဒုက္ခဝဋ်တို့၏ ဆုတ်နစ် ချုပ် ပြတ် ငြိမ်းစဲခြင်းလက္ခဏာ ရှိ၏။ ဝါ၊ တနည်းကား။ အသင်္ခတ လက္ခဏံ၊ ဥပါဒ် ဌီ ဘင် ကင်းသော အသင်္ခတလက္ခဏာ ရှိ၏။ အစ္စုတိရသံ၊ မရွေ့ခြင်းကိစ္စ ရှိ၏။ ဝါ၊ တနည်းကား။ အဿာသကရဏရသံ၊ သံသရာဘေးကို ထိတ်လန့်ငြီးငွေ့သော သူတို့၏စိတ်ကို သက်သာရာရစေခြင်းကိစ္စ ရှိ၏။ အနိမိတ္တပစ္စုပဋ္ဌာန်၊ ခန္ဓာနိမိတ် ကင်းသော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။

နိဗ္ဗာန်၌ ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့ကဲ့သို့ ဥပါဒ် ဌီ ဘင် ဖြင့် ဖြစ်ပျက်ခြင်း သင်္ခတလက္ခဏာမရှိ။သန္တိလက္ခဏာ နိဝတ္တိလက္ခဏာ အသင်္ခတလက္ခဏာသာ ရှိ၏ ဟူလို။

အဝိပ္ပါယ်ကား—နိဗ္ဗာန် ဟူသည် ဒုက္ခနိရောဓ ပင်တည်း။ ဒုက္ခနိရောဓ ဟူသည် တဏှာအကြွင်းမဲ့ ချုပ်ခြင်းပင်တည်း။ ဝါ၊ ချုပ်ရာ ပင်တည်း။ တဏှာ အကြွင်းမဲ့ ချုပ်ရာဟူသည် ခန္ဓာမရှိသော အနိမိတ္တပင်တည်း။ ဝါ-ခန္ဓာဇာတိ

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၆-၁၃၉၊ ဝိဘင်းအဋ္ဌကထာ နှာ ၇၉ ကြည့်ပါ။

ဖြစ်ခြင်းမရှိသော အနုပ္ပါဒ အဇာတပင်တည်း။ ဝါ၊ ဥပါဒ် ဌီ ဘင် ကင်းသော အသခ်ံတပင်တည်း။ တဏှာဟူသည် ခန္ဓာနိမိတ်ရှိသော သခ်ါရ နာမ် ရုပ်၌သာ တည်၏။ ဝါ၊ လူ နတ် ဗြဟ္မာ ခန္ဓာ၌သာ ခင်တွယ်မှုဖြစ်၏။ သခ်ါရနိမိတ် ကင်းသော။ ဝါ၊ မရှိသော အဇာတ အနုပ္ပါဒ အသခ်ံတကို တဏှာခင်တွယ် တပ်မက်မောခြင်း မဖြစ်။ ထိုကြောင့် ခန္ဓာနိမိတ်ကင်းသော။ ဝါ၊ ဖြစ်ခြင်းမရှိသော နိဗ္ဗာန်သည် တဏှာ၏ အကြင်းမဲ့ တပ်ခြင်း ကင်းရာဌာနလည်း ဟုတ်၏၊ စွန့်ရာ လည်း ဟုတ်၏၊ ဝေးစ့ဲစွန့်ရာလည်းဟုတ်၏၊ ကပ်ငြိခြင်း ကင်းရာလည်း ဟုတ်၏။ ထို တဏှာချုပ်ရာဖြစ်သော အနိမိတ္တ အဇာတ အသခ်ံတသည်ပင်လျှင် အရိယာတို့ သိအပ်သော ဒုက္ခနိရောဓ ဒေသနာသစ္စာ မည်၏။

နိရောဓသစ္စာ၏ အဓိပ္ပါယ် ပြီးပြီ။

၄။ ဘိက္ခဝေ၊ တို့။ အရိယော၊ မြတ်သော။ ဝါ၊ ဖွုစင်သော။ အယမေဝ မဂ္ဂေါ၊ ဤမင်္ဂလာသည်ပင်လျှင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဣဒံ မဂ္ဂံ၊ ဤမဂ်ငါးပါးသည်။ သေယျထာ ကတမံ၊ အဘယ်နည်း။ သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း။ ဝါ၊ သစ္စာ ၄-ပါးကို မြင်သိခြင်း။ သမ္မာသင်္ကပ္ပေါ၊ ဝဋ်မူလတ်မြောက်ရန် ကောင်းစွာကြံခြင်း။ သမ္မာဝါစာ၊ ဝစီဒုစရိုက် ၄-ပါးကို ကြဉ်ခြင်း။ ဝါ၊ ကောင်းစွာဆိုခြင်း။ သမ္မာကမ္မန္တော၊ ကောင်းသောအမှုကိုပြုခြင်း။ ဝါ၊ ကာယဒုစရိုက် ၃-ပါးကို ကြဉ်ခြင်း။ သမ္မာအာဇီဝေါ၊ ကောင်းသောအသက်မွေးခြင်း။ သမ္မာဝါယာမော၊ ကောင်းသောအားထုတ်ခြင်း။ သမ္မာသတိ၊ ကောင်းစွာအောက်မေ့ခြင်း။ သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။ ဣဒံ ဒေါ ပန ဓမ္မစာတံ၊ ဤ မဂ္ဂင်ရှစ်ပါး တရားသည်သာလျှင်။ ဒုက္ခနိရောဓဂါမိနိပဋိပဒါ၊ ဒုက္ခချုပ်ရာ၊ ဝါ၊ ဇာတိချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော အရိယသစ္စာမည်၏။

မဂ္ဂသစ္စာ၏ လက္ခဏာစသည်

နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊ ကိလေသပဟာနရသံ၊ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ ။

၁။ ဝိဘင်းအဋ္ဌကထာ-နှာ-၈၀။

မဂ္ဂသစ္စံ၊ သည်။ နိယျာဏသက္ခဏံ၊ သံသရာဝဋ္ဋမ့ ထုတ်ဆောင်ခြင်း လက္ခဏာရှိ၏။ကိလေသပွဟာနရသံ၊ရာဂ ဒေါသ မောဟ စသော ကိလေသာကို ပယ်သတ်ခြင်း ကိစ္စရှိ၏။ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ၊ ဝဋ္ဋမ့ ထမြောက်ကတ်သောတရား ဟူ၍ ဉာဏ်အား ရှေရှုထင်၏။

အဓိပ္ပါယ်ကား—မဂ်သည် ကိလေသာကို ပယ်သတ်၏ဟူသည် သမုဒယ ကြောင့် ဒုက္ခဖြစ်၏ဟု မြင်သိမှုပင်တည်း။

ထိုသို့ မြင်သိသောကြောင့် မသိမှု လိုချင်မှုဟူသော အဝိဇ္ဇာတဏှာ ကိလေသာချုပ်၏။ ဤသို့ အဝိဇ္ဇာ တဏှာ ချုပ်ငြိမ်းမှုကိစ္စ ပြီးစီးခြင်းကိုပင် မဂ်သည် ကိလေသာကို ပယ်သတ်သည်မည်၏ ဟူလို။

ဤသစ္စာ ၄-ပါး ပါဠိအနက်ကို နှုတ်တက်ရ ဆောင်ကြစေလိုပါသည်။

မဂ္ဂသစ္စာ ပြီးပြီ။

အထက်၌ ဝေဘန်ပြဆိုခဲ့သော သစ္စာ ၄-ပါးတို့၏အကျဉ်းမှတ်ရန် အဓိပ္ပါယ်ကား–သမုဒယသစ္စာ တဏှာကြောင့် ဒုက္ခသစ္စာ ခန္ဓာ ၅-ပါး ဖြစ်၏။သမုဒယ တဏှာကို မဂ်ဖြင့်ချုပ်စေခြင်းကြောင့် ဒုက္ခသစ္စာ ခန္ဓာ ၅-ပါး ချုပ်၏။ ဤသို့ ပရမတ္ထသစ္စာအားဖြင့် သမုဒယကြောင့် ဒုက္ခဖြစ်၏။ သမုဒယချုပ်သဖြင့် ဒုက္ခ ချုပ်၏။ ပုဂ္ဂိုလ် သတ္တဝါ ချုပ်မှုမဟုတ်ဟု ရှုမှသာ သဿတ ဥစ္ဆေဒ လွတ်ပါ မည်ဟူလို။

သစ္စာလေးပါး မြင်သိနည်း

ဖြစ်လိုမှုကြောင့် ဖြစ်မှုဇာတိဒုက္ခံ၊ ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထုံဒုက္ခ။

တနည်း—

သမုဒယကြောင့်၊ ဖြစ်ထ ဒုက္ခံ၊ သမုပယ်က၊ ထိုဒုက္ခ၊ မုချ ချုပ်ပြတ်လှ်။

ချုပ်ငြိမ်းလိုက၊ ဖြစ်ခြင်းရှိသမျှ၊ ခန္ဓာ အာယတနဉ်၊ ရူထ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဇရာ မရဏ ဒုက္ခံ၊

ဤသို့ သမ္မာဒိဋ္ဌိမှု၊ ဉာဏ်မြင်ရှုက၊ ချုပ်မှုတဏှာသံယောဇနံ။

ဤသို့ချုပ်က၊ ဇာတိစ၊ ဒုက္ခချုပ်ပြတ်လှ်။

ဆိမိးစာဟု၊ အကြောင်းစုကြောင့်၊ ဖြစ်မှုမိးလှ်။

ဆိမိးစာကုန်မှု၊ အကြောင်းပြုက၊ ချုပ်မှုမိးလှ်။

ထိုနည်းပမာဏ၊ အကြောင်း သံယောဇဉ်ချုပ်က၊ ကျိုးဒုက္ခကား၊ ချုပ်ရကောန်။

ယထာယံ ပဒီပေါ၊ သမ္မုဒ္ဓေါ၊ ဟောပြ ဥပမံ။

အကြောင်းချုပ်က အကျိုးချုပ်ပုံ

အကြောင်းချုပ်က အကျိုးချုပ်ရပုံကို ပါဠိတော်အရ ပြဦးအံ့—

ဓ ံ ံ ဝ ံ
ခဏ ပုရာဏ နဝ နတ္ထိ သမ္ဘဝ၊
ဝိရတ္တာစိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရုဠ္ဆိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထယံ ပဒီပေါ[1]။

ယေ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ အာယတိကေ၊ လာလတ္တံ့သော။ ဘဝသ္မိံ၊ ဘဝ၌။ ဝိရတ္တာစိတ္တာ၊ တပ်ခြင်းကင်းသော စိတ်ရှိကြကုန်၏။ တေသံ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့အား။ ပုရာဏံ၊ ရှေးရှေး၌ ပြုခဲ့ဘူးသော ကံသည်။ ခီဏံ၊ ကုန်ပြီ။ နဝသမ္ဘဝံ၊ အသစ်ဖြစ်သောကံသည်။ နတ္ထိ၊ မရှိပြီ။ ခီဏဗီဇာ၊ ကုန်ပြီးသော ကံဟူသော မျိုးစေ့ရှိကုန်ထသော။ အဝိရုဠ္ဆိဆန္ဒာ၊ တဘန်ဘဝသစ်၌ တပ်ခြင်းကင်းသော ဆန္ဒလည်း ရှိကုန်ထသော။ ဓီရာ၊ စိတ်ကို ပျံ့လွင့် စေတတ်သော ဥဒ္ဓစ္စကိလေသာကို ပယ်နိုင်သဖြင့် တည်ကြည်သော ပညာသမာဓိလည်း ရှိကုန်ထသော။ တေ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ အယံ ပဒီပေါ၊ ဤဆိမိးသည်။

၁။ ခုဒ္ဒကပါဋ-နှာ-၇၊ သုတ္တနိပါတ်-နှာ-၃၁၄။

နိဗ္ဗာတိ ယထာ၊ မီးစာနှင့်ဆီ ကုန်၍ ငြိမ်းသကဲ့သို့။ နိဗ္ဗန္တိ၊ ငြိမ်းကုန်၏။ ဝါ၊ ဘဝသစ်၌ မဖြစ်တော့ပြီ။

ဤပါဠိတော်အရ အဓိပ္ပါယ်မှာ—တဏှာ ကံ ဥဒ္ဓစ္စ ဟူသော မောဟတို့ မရှိလျှင် ဆီနှင့် မီးစာကုန်သော မီးကဲ့သို့ ဇာတိချုပ်ရ၏ ဟူလို။ ဤ၌ တဏှာကား တဏှာကုန်ခြင်းပင်တည်း။ ကံကား ကံကုန်ခြင်းပင်တည်း။

ဝိဝိဓိကိစ္စာ, ဥဒ္ဓစ္စ မောဟစိတ် ၂-ခုရှိ၏။ ဝိဝိဓိကိစ္စာမှာ သောတာပတ္တိမဂ်၌ ပယ်ပြီးဖြစ်၏။ ဥဒ္ဓစ္စကား အရဟတ္တမဂ်ကျမှ ချုပ်၏၊ ရဟန္တာများမှာ ဥဒ္ဓစ္စကိလေသာကို ပယ်ပြီးဖြစ်သောကြောင့် ပညာဖြင့် တည်ကြည်ဩဘစိတ်ရှိရကား တဖန် ဖြစ်စေတတ်သော အကြောင်းကုန်သဖြင့် ပရိနိဗ္ဗာနစုတိ၌ ဇာတိချုပ်ရတော့၏။

ဥပမာ–မီးတောက်ကို ဖြစ်စေတတ်သော မီးစာနှင့် ဆီကုန်လျှင် မီးတောက်ငြိမ်းရာဘိသကဲ့သို့၊ ထိုအတူ တဖန် ဘဝသစ်၌ မဖြစ်တော့ပြီ။ အကြောင်းကုန်သဖြင့် အကျိုးဒုက္ခ မဖြစ်နိုင်။ ထို့ကြောင့် အလုံးစုံသော ဒုက္ခတို့မှ လွတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုရတော့၏ ဟူလို။

အမှန်မသိမမြင် လိုချင်တောင့်တမှု အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံတစုတို့ကြောင့် ဖြစ်မှု ဇာတိဒုက္ခံ၊ အမှန်သိမြင်၊ လိုချင်ပယ်မှု၊ ကံမပြု၊ ချုပ်မှု ထိုဒုက္ခံ။ ပြီးပြီ။

ပစ္စုပ္ပန် ဒုက္ခ သမုဒယ နိရောဓ မဂ္ဂတို့ကိုရှုပုံ

အတိတ်ဘဝက သမုဒယ တဏှာကြောင့် ပစ္စုပ္ပန် ယခု ရရှိနေသော ဝိပါက ခန္ဓာငါးပါးသည် ဒုက္ခသစ္စာမည်၏။ ထိုဝိပါက ခန္ဓာငါးပါးကိုပင် နိစ္စ သုခ အတ္တ ထင်၍ ငါ-ငါ၏ဥစ္စာဟု တဏှာဒိဋ္ဌိ သံယောဇဉ်ဖြင့် သာယာခင်တွယ်မှု, သားမယားရှာမှုတို့ကို ပြု၏။ ဤသို့ ပြုခြင်းသည် ပစ္စုပ္ပန် သမုဒယ မည်၏။ ထို ပစ္စုပ္ပန် တဏှာချုပ်ခြင်းသည် ပစ္စုပ္ပန် နိရောဓသစ္စာမည်၏။ ပစ္စုပ္ပန်၌ တဏှာသံယောဇဉ် သမုဒယ မဖြစ်ရအောင် ဇာတိစသော ဒုက္ခတို့ကို အဖန်ဖန်

ရှုခြင်းသည်။ ဝါ၊ ပွါးသောအကျင့်သည် မဂ္ဂသစ္စာမည်၏။ ဤသို့ မဂ္ဂသစ္စာပွါးမှုကြောင့် ပစ္စုပ္ပန်တဏှာ ဒုက္ခဆင်းမဲ့ ချုပ်၏။ အဘယ်နေရာဌာနဌ် ချုပ်သနည်းဟူမူ ဝေဒနာနောက် တဏှာ မဖြစ်မှုပင်တည်း။ ဘုရားရဟန္တာတို့မှာ ဝေဒနာနောက် တဏှာမဖြစ်တော့ပြီ။ ထိုကြောင့် ပရိနိဗ္ဗာနစုတိနောင် တဖန် ဇာတိမဖြစ်တော့ပြီ ဟူလို။

သစ္စာ ၄-ပါး အကျဉ်းမှတ်ယူနည်း ပြီးပြီ။

မင်္ကိစ္စတစ်ချက်ဖြင့် မင်္ကိစ္စလေးပါး ပြီးစီးအောင်ရှုပုံ

တနည်း သစ္စာကို သုတဖြင့် သိပြီးနောက် မင်္ကသို့တက်ပုံဖြစ်လျှင် "ဒုက္ခ ချုပ်မှု၊ သုခနိဗ္ဗာန်၊ ချုပ်ခြင်းအာမှု၊ နှစ်သက်ပြု၊ ပြီးမှုလေးကိစ္စ။" ဤ၌ ဇာတိဖြစ်ခြင်းကို ဒုက္ခဟုရှုအပ်၏။ ဖြစ်မှုချုပ်ခြင်းကို နိဗ္ဗာနသုခဟု ရှုအပ်၏။ ဖြစ်မှုချုပ်ခြင်းကို နှစ်သက်ခြင်းသည် မဂ္ဂသစ္စာမည်၏။ ဝါ၊ မင်္ကိစ္စတ်မည်၏။

ချုပ်ခြင်းကို နှစ်သက်လျှင် အဘယ်ကြောင့် မင်္ကသို့စ ၄-ပါး ပြီးပါသနည်း။

၁။ ဇာတိချုပ်ခြင်းကို နှစ်သက်လျှင်။ ဝါ၊ ဇာတိဖြစ်လိုသော တဏှာကို စွန့်လျှင် "ဥပပါဒေါ ဒုက္ခံ" ဟူသောပါဠိအရ ဖြစ်ခြင်းရှိသမျှ ခန္ဓာကို ဒုက္ခသစ္စာဟု သိခြင်းကိုစ ပြီး၏။

၂။ ချုပ်ခြင်းကို နှစ်သက်လျှင် ဖြစ်လိုသော ဘဝတဏှာပယ်မှုကိစ္စ ပြီး၏။

၃။ ထိုဘဝတဏှာပယ်မှုပြီးစီးခြင်းပင်လျှင် နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စပြီး၏။ အဘယ့်ကြောင့် ဆိုသော် လိုချင်မှုကြောင့်ဖြစ်သော ဇာတိသည် ထိုလိုချင်မှုကိုပယ်က တဖန်ဖြစ်နိုင်ခွင့်မရှိ ဟူလို။

၄။ ချုပ်ငြိမ်းသော သဘောကား။ ဝါ၊ ချုပ်ငြိမ်းရောကား နိဗ္ဗာန်တည်း။ ထိုသဘောကို နှစ်သက်သော။ ဝါ၊ မည်သည့်ခန္ဓာကိုမျှ အလိုမရှိတော့ပါဟု အာလယကင်းပြတ်သော မင်္ကိစ္ဆာပဋိဒ္ဓါသည် မဂ္ဂသစ္စာတည်း။ ဤသို့လျှင် ဒုက္ခသစ္စာ သိခြင်းကိစ္စ၊ သမုဒယသစ္စာ ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာ မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာ ပွါးခြင်းကိစ္စဟူသော ၄-ကိစ္စကို မင်္ကိစ္ဆတ်တချက်နှင့်ပြီး၏။

ဥပမာ-မီးလှုံသည် မီးစာကို လောင်ခြင်းကိစ္စ၊ အမိုက် ပျောက်ခြင်းကိစ္စ၊ အလင်းဖြစ်စေခြင်းကိစ္စ၊ ဆီကုန်းစေခြင်းကိစ္စ၊ ဤသို့ ၄-ကိစ္စပြီးသကဲ့သို့ ဟူလို။

မင်္ဂိတ်တချက်၌ မင်္ဂကိစ္စလေးပါး ပြီးစီးပုံမျှား ပြဆိုပုံ ပြီးပြီ။

ထိုသစ္စာလေးပါးကိုပင်လျှင် ဉာဏ်အမြင် ပွင့်လင်းစေခြင်းငှါ အမေးအဖြေနှင့် တကွ ပြဦးအံ့—

မေး။ အလုံးစုံသော ဒုဒ-ဘုံရှိ သတ္တဝါတို့၌ အဖန်ဖန် ပဋိသန္ဓေ နေရခြင်း ဟူသော ဘဝဇာတိ အဘယ်ကြောင့်ဖြစ်သနည်း။

ဖြေ။ မိမိတို့၏ လိုချင်မှု ကာမတဏှာ ဘဝတဏှာ စသည်တို့ကြောင့် ဖြစ်ပါသည်။

မေး။ ထိုတဏှာ အဘယ်က လာပါသနည်း။

ဖြေ။ သစ္စာလေးပါးကို မမြင်မသိသော မိမိတို့၏ အဇ္ဈတ္တမောဟ အဝိဇ္ဇာမှ လာပါသည်။

မေး။ ထိုမောဟ အဝိဇ္ဇာက ဘယ်ကဲ့သို့ ဖုံးထားပါသနည်း။

ဖြေ။ မည်သည့်သဏ္ဌာန်မှာဖြစ်စေ ဖြစ်ခြင်းရှိသော ရုပ်နာမ်ခန္ဓာ ဟူသမျှ၌ ဌိ ဘင် ဇရာမရဏဖြင့် ပျက်၏။ ထိုသို့ ပျက်ခြင်းသည် မမြဲမှု အနိစ္စ ပင်တည်း။ ထိုသို့ မမြဲမှုကို မြဲစေရန်။ ဝါ၊ အို့မှု နာမှု သေမှုကို မအို့မနာ မသေစေရန် ဆန္ဒရှိကြသော်လည်း ထိုဆန္ဒအတိုင်း ဖြစ်စေရန် အစိုးမရ၊ အလိုမလိုက်ခြင်းဟူသော အနတ္တလက္ခဏာ အမြဲပါရှိနေ၏။ ထိုသို့ပါရှိနေသော်လည်း "သတိမမူ ဂူမမြင်" ဆိုဘိသကဲ့သို့ ကိုယ်မှာ ရှိသော်လည်း ကိုယ်မဟုတ်သော အနတ္တသာတည်းဟု အမှန်ကိုမမြင် မသိတတ်သော မိမိတို့၏ အဝိဇ္ဇာ ဖုံးမှုကြောင့် လိုချင်မှုတဏှာ ဖြစ်ပေါ်လာပါသည်။

မေး။ ထိုသို့ သိမှား မှတ်မှား အတတ်မှားစုတို့ကို သမ္မာဒိဋ္ဌိ မင်္ဂဉာဏ်ဖြင့် အမှန်မြင်သိက ဘဝဓာတ်ဏှာ ဖြစ်နိုင်ဦးမည်လော။

ဖြဲ့။ အမှန်ကို မသိသော မောဟ အဝိဇ္ဇာကြောင့်ဖြစ်သောတဏှာလောဘသည် သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် အမှန်ကို မြင်သိက ဘဝတဏှာ တဖန် ဖြစ်နိုင်ခွင့် မရှိတော့ပါ။ ဥပမာ-ခဲဖွယ်ဘောဇဉ်၌ မစင်ပါမှုကို မသိမှက စားလိုသောစိတ်ရှိသော်လည်း မစင်ပါမှုကို မြင်သိသောအခါ စားလိုမှုတဏှာ ချုပ်ရသကဲ့သို့၊ မီးရောင်ရောက်က အမှောင်ပျောက်ရသကဲ့သို့၊ ထိုအတူ မိမိတို့ သန္တာန်မှာ ဆံ စသော မျက်ဝိ နား နှာအင်္ဂါခြေ လက် စသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် နာမ်တရားတို့ ရှိကြသော်လည်း မအို မနာ မသေရန် အာဗိုးမရသော ကိုယ်မှာ ရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနိစ္စ ဒုက္ခ အနတ္တဟု မြင်သိက လိုချင်မှု ဘဝတဏှာဖြစ်နိုင်ခွင့်မရှိတော့ပါ။ ဥပမာအားဖြင့် ဆိုရလျှင် နတ်သို့ဒီး ထင်၍ ချစ်ပုံ ဘီလူးမဟု မြင်သိရုံဖြင့် ချစ်စိတ် ကုန်ခန်းသကဲ့သို့၊ ထိုအတူ ခန္ဓာ ၅-ပါး၌ အနိစ္စ ဒုက္ခ အနတ္တဟုမြင်သိလျှင် အဘယ်မှာလျှင် ဘဝတဏှာ ဖြစ်နိုင်တော့မလဲ။ ယင်းသို့ ဘဝတဏှာ မဖြစ်ခဲ့လျှင် အဘယ်မှာလျှင် ဘဝဇာတိကို ဖြစ်လိုသောစိတ်ဖြင့် ကံကို ပြုတော့မလဲ။

ဇမေး။ ယင်းသို့ ဇာတိစသော ဒုက္ခကို ဖြစ်စေတတ်သော လက်သည် ဘဝတဏှာ ကံ မရှိခဲ့လျှင် ဇာတိတဖန် ဖြစ်နိုင်ဦးမည်လော။

ဖြဲ့။ အကြောင်းကုန်လျှင် အကျိုးကုန်ရမြဲဖြစ်သောကြောင့် ဇာတိဟာဖန် မဖြစ်နိုင်တော့ပါ။

ဥပမာ ဖယောင်းတိုင်ကို အမှီပြု၍ဖြစ်သော မီးဟောက်သည် ဖယောင်းတိုင်ကုန်က မီးငြိမ်းရသကဲ့သို့၊ ထိုအတူ မိမိလိုချင်မှုကြောင့်ဖြစ်သော ဘဝဇာတိသည် ထိုလိုချင်မှုကို ပယ်ဖျန်က တဖန် ဇာတိမဖြစ်နိုင်တော့ပါ။

တနည်း— "ဟေတုနိရောဓာ ဖလနိရောဓော" ဟူသော ပါဠိအရ ဟေတုနိရောဓာ၊ အကြောင်း၏ ချုပ်ခြင်းကြောင့်။ ဖလနိရောဓော၊ အကျိုးတရား၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တနည်း– ဟေတုနိရောဓာ၊ ဇရာမရဏ၏ အကြောင်းဖြစ်သော ဇာတိ၏ ချုပ်ငြိမ်းမှုကြောင့်။ ဖလနိရောဓော၊ ဇရာမရဏ

ဟူသော အကျိုးတရား၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တနည်း–အဝိဇ္ဇာ တဏှာဥပါဒါန်ကံကြောင့် ဇာတိ ဖြစ်၏။ ထို ဖြစ်စေတတ်သော အကြောင်းကို ပယ်လျှင်။ ဝါ-ကံကို တဏှာဖြင့် ထပ်ခါထပ်ခါမလုပ်လျှင် အကြောင်းကုန်သော ကြောင့် တဖန် မဖြစ်နိုင်တော့ပါ။ ဤသို့ အကြောင်းကုန်လျှင် အကျိုးကုန်၏ ဟူ ယုံမှားကင်းလျှင် မဂ်ဖိုလ်ကို ရနိုင်၏ ဟူလို။

မှတ်ယူလွယ်ခြင်းငှါ—

ဖြစ်လိုမူကြောင့်၊ ဖြစ်မှု ဇာတိဒုက္ခံ။ ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထို ဒုက္ခံ။

ဤ၌ ဖြစ်လိုမှုကား မိမိတို့၏ ဘဝတဏှာ သမုဒယသစ္စာပင်တည်း။ ခန္ဓာ ဇာတိ စသော ဒုက္ခတို့ဖြစ်ခြင်းကား ဒုက္ခသစ္စာတည်း။ ထို ခန္ဓာ ၅-ပါး၌ရှိသော အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို ရှုသဖြင့် ဖြစ်လိုမှုစိတ် ပျက်၍ ဘဝတဏှာကို စွန့်ခြင်းကား မဂ္ဂသစ္စာတည်း။ ခန္ဓာဇာတိ ချုပ်မှုကား နိဗ္ဗာန သစ္စာ နိဗ္ဗာန်တည်း။ ထို သစ္စာ ၄-ပါးတို့၌ ယုံမှားမရှိလျှင် သောတာပန်တည်၏ ဟူလို။

သစ္စာလေးပါး အဓမ်း အဖြေ ပြီး၍။

တရားကျင့်ရာ၌ အမြတ်အရှုံး တွက်နည်း

ဓမ်း။ အကြင်သူသည် ကမ္ဘာပေါင်း ၈၀၀၀-အသက်ရှည်သော နေဝသညာ နာသညာ အရူပဘဝကို ရခြင်းငှါ တရားအားထုတ်သဖြင့် ရ၏။ အကြင်သူသည် ဖြစ်မှုချုပ်ခြင်းသို့ ရောက်ခြင်းငှါ။ ဝါ–ဒုက္ခချုပ်ခြင်းငှါ တရားအားထုတ်၏။ အားထုတ်သည်အတိုင်း ဒုက္ခ ဇာတိ ချုပ်၏။ ထိုသူ ၂-ယောက်တို့မှာ မည်သူက ရှုံးသနည်း။ မည်သူက မြတ်သနည်း။

ဖြေ။ (၁) ဗြဟ္မာဘဝ ရသူက ရှုံးပါသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ရမ္မသည် ဒုက္ခမှ အမြဲမလွတ်သောကြောင့်တည်း။

(၂) ဇာတိ စသော ဒုက္ခချုပ်သော နိဗ္ဗာန်ရသူက မြတ်ပါသည်။ အဘယ်ကြောင့် မြတ်သနည်း။ ဒုက္ခမှ အမြဲ လွတ်သောကြောင့်တည်း။

မေး။ အဘယ်ပါဠိအရ ဖြေဆိုပါသနည်း။

ဖြေ။ "ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ"[၁]-ဟူသော ပဋိသမ္ဘိဒါမဂ်အရ ဖြေဆိုပါသည်။

အမြတ် အရှုံး တွက်နည်း ပြီးပြီ။

ဒုက္ခ၏ တည်ရာ ချုပ်ရာဌာန ပြပုံ

ဒုက္ခ၏ တည်ရာဌာန ချုပ်ရာဌာနတို့ကို ပြဆိုဦးအံ့—

မေး။ ။ဒုက္ခဟူသမျှတို့သည် အဘယ်မှာ တည်ပါသနည်း။ အဘယ်မှာ ချုပ်ပါသနည်း။

ဖြေ။ ။ဒုက္ခဟူသမျှ အဖြာဖြာ၊ မိမိတို့၏ ခန္ဓာအာယတနဥစ္ဆေသာ၊ တည်ရှိမှုချုပ်ယင်း ခန္ဓာအာယတနချုပ်ခဲ့လျှင်၊ တနည်း ခန္ဓာ ဇာတိချုပ်ခဲ့လျှင်၊ အဘယ်မှာလျှင် ဒုက္ခ ရှိနိုင်တော့မလဲ။ နိဗ္ဗာန်ချမ်းသာဟု ဆိုသည်တွင်၊ ယင်းသို့ ဒုက္ခတည်ရာ ခန္ဓာနိမိတ်ကင်းသော သဘောကိုလျှင် မှတ်ဖို့ပါပဲ။

တနည်း။ ခန္ဓာအာယတနဥ်၊ တည်ထ ဒုက္ခံ။ တည်ရာချုပ်က၊ ထိုဒုက္ခ၊ မုချ ချုပ်ပြတ်လှံ့။

တနည်း။ ဇာတိရှိက၊ ဖြစ်ထ ဇရာ မရဏ ဒုက္ခံ။ ဇာတိချုပ်က၊ ထို ဇရာ မရဏ၊ မုချ ချုပ်ပြတ်လှံ့။

တနည်း။ ခန္ဓာဒအာယတန၊ အာရုံဆဥ်၊ တည်ဘ မီးလှံ့။ တည်ရာ ချုပ်က၊ မီးဆဲ့တဝ၊ ချုပ်ထ အေးနိဗ္ဗာန်။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၇။

အာကျဉ်းအားဖြင့်မှတ်ရန်–"ဥပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခံ"ဟူသောပါဠိအရ ဖြစ်မှု ရှိခြင်းသည် ဒုက္ခ၏ တည်ရာ မည်၏။ ဖြစ်မှု မရှိခြင်းသည် ဒုက္ခ၏ လွတ်ရာ မည်၏။ ဝါ၊ ဒုက္ခနိရောဓသစ္စာ နိဗ္ဗာန်မည်၏ ဟူလို။

ဒုက္ခ၏ တည်ရာဌာန ချုပ်ရာဌာနများ ပြဆိုပုံ ပြီးပြီ။

အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ ကိုယ်တွေ့ရှုနည်း

ဝဋ်သုံးပါးတို့ ချုပ်ခြင်းငှါ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာ ကိုယ်တွေ့ ရှုနည်းကို ပြဦးအံ့—

ခန္ဓာပဉ္စက၊ အာရုံဆဋ္ဌ၊ နိစ္စ သုခ အတ္တဟု၊ သိမှတ်ယူမှားရှိခဲ့လျှင်၊ အို နာသေမှု မမြဲမှု အနိစ္စတို့ကို မဖြစ်စေပဲ၊ မြဲစေရန် ဆန္ဒရှိကြသော်လည်း ထိုထို ဆန္ဒအတိုင်း ဖြစ်စေရန် အစိုးမရ အလိုမလိုက်မှုကိုလျှင် ကိုယ်တွေ့ ရှုကြ။ နိစ္စ သုခ အတ္တ မှန်ပါလျှင် အဘယ်မှာလျှင် ယခုလို အိုနာသေမှုကို ဖြစ်စေလိမ့်မလဲ။ ယင်းသို့ အိုနာသေမှုကို မဖြစ်စေလိုသော်လည်း မဖြစ်စေရန် မတား မမြစ်နိုင်မှုအား ကိုယ်တွေ့ရှုလျှင် အဘယ်မှာလျှင် ငါ-ငါ၏ဥစ္စာ ဖြစ်နိုင်တော့မလဲ။ ယင်းသို့ ကိုယ်မှာရှိလျက် ကိုယ်ပိုင်မဟုတ် အစိုးမရ အလိုသို့မလိုက်သော အနတ္တသာတည်းဟု အမှန်မြင်လျှင်၊ အဘယ်မှာလျှင် သိမှား တပ်မှား ယူမှားသော အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ်ဖြစ်နိုင်တော့မလဲ။ ယင်းသို့ ကိလေသဝဋ်ချုပ်စဲလျှင် အဘယ်မှာလျှင် ယခုဘဝ၌ မဂ်ဖိုလ်မရပဲ ရှိနိုင်တော့မလဲ။ ဝမ်းမြောက်ဖွယ်မှ အဖြာဖြာ ကိုယ်မှာရှိလျက် ကိုယ်ပိုင် မဟုတ်သော အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာ နာမ်ရုပ်မျှသာတည်းဟု မြင်သိရခြင်းထက် ဝမ်းမြောက်ဖွယ် ကောင်းတာ လောကမှာ မရှိ၊ ကိုယ်တွေ့ အနတ္တရှုနည်း အဖြာဖြာ၊ ယခု ပြဆိုသောနည်းထက် ထင်မြင်လွယ်တာ လောကမှာ မရှိ။

အဘယ်ကြောင့်နည်းဆိုခဲ့လျှင် အနုမတဂ္ဂသံသရာမှာ အထင်အမြင် မှားမှုယုံမှားမှုတို့ ချုပ်သော မဂ်ဉာဏ်ကို လက်ငင်း ရနိုင်သောကြောင့်တည်း။

ယင်းသို့ သိမှား တပ်မှား ယူမှား ဟူသော အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ ဟူသော ကိလေသဝဋ်မှ ချုပ်ခဲ့လျှင် အဘယ်မှာ ကမ္မဝဋ် ဖြစ်နိုင်တော့မလဲ၊ ယင်းသို့

ကိလေသ, ကမ္မဝင်္ဆမှ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဝိပါကဇာတိ တဖန် ဖြစ်နိုင်တော့မလဲ။ မြေ-ရေ-မျိုးစေ့မှ မရှိလျှင် အဘယ်မှာ အပင် ဖြစ်နိုင်တော့မလဲ။ ဝိဝဋ္ဋနိဗ္ဗာန်ဟုဆိုသည်တွင် ယင်းသို့ ဝဋ္ဋ ၃-ပါး ချုပ်မှုကိုပင် မှတ်ဖို့ပါပဲ။ တနည်း ယင်းသို့ မဖြစ်ချင် မနေရ၊ မပျက်ချင် မနေရ၊ မအိုချင် မနေရ၊ မနာချင် မနေရ၊ မသေချင် မနေရ၊ မမြင်ချင် မနေရ၊ မြင်ချင်တာ မမြင်ရ၊ မကြားချင် မနေရ၊ ကြားချင်တာ မကြားရ၊ မနံချင် မနေရ၊ နံချင်တာ မနံရ၊ မစားချင် မနေရ၊ စားချင်တာ မစားရ၊ ဒုစိုးမရ၊ တွေ့ထိလိုသော ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိချင်တိုင်း မတွေ့ မထိရ၊ မတွေ့မထိလိုသော်လည်း ပူမှု အေးမှု-ခလုတ်ထိမှု ဆူးငြိမှုတို့နှင့် တွေ့ထိရ၊ မပူပန်ချင်သော်လည်း ပူပန်ရ၊ သုခ သောမနဿ ဝေဒနာတို့နှင့် အမြဲယှဉ်စေလိုသော်လည်း မယှဉ်ရ၊ ဒုက္ခ ဝေဒနာကို မခံစားလိုသော်လည်း ခံစားရ၊ အပါယ်မကျလိုသော်လည်း ကျရခြင်းစသော ဝိပါကဝဋ်တို့မှ ကင်းလွတ်သော ဝိဝဋ္ဋနိဗ္ဗာန်ကိုပင် မှတ်ဖို့ပါပဲ။

ဤတွင် ကိုယ်တွေ့ ဝိဝဋ္ဋဝိပဿနာဂ္ဂုနည်း ပြီးပြီ။

သစ္စာလေးပါးကို အကွာရာအပြည့်အစုံ ဆင်ခြင်သုံးသပ်နည်း

သစ္စာလေးပါးကို ပါဠိတော်အရ အကွာရာပြည့်စုံစွာ ရေတွက်ဆင်ခြင် သုံးသပ်နည်းကို ပြဦးအုံ—

၁မး။။ သစ္စာလေးပါးကို အကွာရာ ပြည့်စုံစွာ ရေတွက် ဆင်ခြင်နည်း ဟူသည် အဘယ်သို့ပါနည်း။။

၂ဖြ။။ ဒုက္ခ အရိယသစ္စာ, ဒုက္ခသမုဒယ အရိယသစ္စာ, ဒုက္ခနိရောဓ အရိယသစ္စာ, ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာဟူ၍ သတိပဋ္ဌာန်မမူစကြာတရားမျှားဌ္ဌ ဤသို့ဟောတော်မူပေသည်။

ထိုသို့ ဟောတော်မူရာဌ္ဌ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဤသို့ အကွာရာမပြည့်မစုံအားဖြင့် ဟောတော်မမူပေ။ အဘယ်ကြောင့်နည်း၊ အကွာရာမစုံလျှင် အနက်ကို မြင်သိရာဌ္ဌ ခဲယဉ်းသောကြောင့်တည်း။

ဥပမာ–သမုဒယသစ္စာဟုဆိုလျှင် "သမုဒေတိ ဥပ္ပါဒေတီတိ သမုဒယော။" သမုဒေတိ ဥပ္ပါဒေတိ၊ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သမုဒယော၊ သမုဒယ မည်၏။ ဤဌဲ့ ဖြစ်စေတတ်သော သဘောကို သမုဒယဟု ဆိုလို၏။ သို့ရာတွင် ဒုက္ခကိုဖြစ်စေသလော, သုခကို ဖြစ်စေသလောဟု ဝိဝါဒ မကဲ့မပြား ရှိတတ်၏။ ပါဠိဖော်အရ ဒုက္ခ သမုဒယ အရိယ သစ္စာဟု ဆိုလျှင် ဒုက္ခ-ကား ဒုက္ခသစ္စာတည်း။ သမုဒယကား ထိုဒုက္ခကို ဖြစ်စေတတ်သော တရားတည်းဟု လျှင်မြန်စွာ သမုဒယသစ္စာကို မြင်သိနိုင်လေတော့၏။

ထိုပြင် နိရောဓသစ္စာဟု ဆိုလျှင် "နိရုဇ္ဈတိတိ နိရောဓော။" နိရုဇ္ဈတိ၊ ချုပ်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ နိရောဓော၊ နိရောဓမည်၏။ ဤဌဲ့ ချုပ်ခြင်း အနက်မျှသာ ဖြစ်သေးကြောင့် ဒုက္ခချုပ်သည် သုခချုပ်သည် မကဲ့မပြား ရှိ၏။ ဒုက္ခနိရောဓ အရိယသစ္စာဟု အက္ခရာပြည့်စုံစွာ ဆင်ခြင်လျှင် ဒုက္ခကား ဒုက္ခတည်း။ နိရောဓကား ချုပ်ခြင်းတည်း။ ဤဌဲ့ ဒုက္ခချုပ်ခြင်းအနက်ကို ရ၏။ တနည်း–ဒုက္ခကား ဒုက္ခသစ္စာ ခန္ဓာငါးပါးတည်း။ နိရောဓကား ထိုခန္ဓာဇာတိ ချုပ်သော အနုပါဒိသေသ နိဗ္ဗာန်တည်းဟု လျင်မြန်စွာ မြင်သိနိုင်ခဲ့ ရှိ၏။

ထိုပြင် မဂ္ဂသစ္စာဟု ဆိုလျှင် "ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ" ပင်တည်း။ ကိလေသေ၊ ကိလေသာတို့ကို။ မာရေန္တော၊ သတ်လျက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။ ဤဌဲ့ ဘယ်သို့သွားသော မဂ်အကျင့်ဟု မသိနိုင်ပါ။ ထို့ကြောင့် ပါဠိတော်အရ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာဟု ရေတွက် ဆင်ခြင်ပါလျှင် ဒုက္ခ ချုပ်ကြောင်းမဂ်အကျင့်ဟု လျင်မြန်စွာသိနိုင်ပါသည်။ ထို့ကြောင့် အက္ခရာပြည့်စုံစွာ ဆင်ခြင်ကြပါ ဟူလို။

ဤမဂ်အကျင့်၌ "ဧတာယ ဒုက္ခနိရောဓံ ဂစ္ဆတိ အာရမ္မဏဝသေန" ဟူသော ပါဠိအရ "ဧတာယ၊ ဤအဋ္ဌင်္ဂိကမဂ်ဖြင့်။ ဒုက္ခနိရောဓံ၊ ဒုက္ခနိရောဓသို့။ အာရမ္မဏဝသေန၊ အာရုံပြုသော အစွမ်းအားဖြင့်။ ဂစ္ဆတိ၊ ရောက်တတ်၏" ဟူရကား နိဗ္ဗာန်ကို အနုဗောဓ သုတအားဖြင့် သိထားရမည်။ ထိုအနုဗောဓ သိဖြင့်

၁။ ဝိသုဒ္ဓိ-ဒုတိယ၊ နှာ-၁၂၆။

နိဗ္ဗာန်ကို အာရုံပြု၍ တဏှာချုပ်သော ငြိမ်းသော ဖြစ်ခြင်းမရှိသော အဇရာတ သဘောကို အာရုံပြု၍ ဖြစ်မှုချုပ်လိုသောဆန္ဒဖြင့် ကျင့်က သစ္စာ ၄-ပါးကို ထိုးထွင်း၍ သိတတ်သော ပဋိဝေဓသို့ ရောက်သဖြင့် မဂ်ကိစ္စ ပြီးစီး ခွင့်ရှိပါသည် ဟူလို။

သစ္စာ ၄-ပါး အကျဉ်းမှတ်ယူနည်း

ထိုသစ္စာ ၄-ပါးကို အကျဉ်းအားဖြင့် မှတ်ယူလွယ်စေခြင်းငှါ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည် ပဝတ္တိ, ပဝတ္တက, နိဝတ္တိ, နိဝတ္တကဟူ၍ အကွရာ ၁၄-လုံး ဖြင့် မှတ်ယူရန် ပြဆို၏။[1] အနက်ကား။ ပဝတ္တိ၊ ခန္ဓာဇာတိဖြစ်ခြင်း။ ပဝတ္တက၊ ခန္ဓာဇာတိ ဒုက္ခကိုဖြစ်စေခြင်း။ နိဝတ္တိ၊ ခန္ဓာဇာတိချုပ်ခြင်း။ နိဝတ္တက၊ ခန္ဓာဇာတိချုပ်စေခြင်း။ ဤသို့လျှင် ဒုက္ခ, ဒုက္ခသမုဒယ, ဒုက္ခနိရောဓ, ဒုက္ခနိရောဓဂါမိနီ ပဋိပဒါဟု သစ္စာ ၄-ပါးကို အစဉ်လိုက် မှတ်ကြပါကုန်။

သစ္စာ ၄-ပါးကို ကိုယ်တွေ့သိမြင်သူမည်ပုံ

> တံ ပနေတံ ပဝတ္တိ နိဝတ္တိ တဒုဘယဟေတုဝသေန ဒိဋ္ဌမေဝ သစ္စဂ္ဂဟဏံ ဟောတိ နော အညထာ။ (ဝိသုဒ္ဓိမဂ်)

တံ ပန ဧတံ၊ ထိုခန္ဓာငါးပါး၏သာလျှင်။ ပဝတ္တိ နိဝတ္တိ တဒုဘယ ဟေတု-ဝသေန၊ ဖြစ်ကြောင်း ချုပ်ကြောင်း ၂-ပါးတို့၏အစွမ်းဖြင့်။ ဒိဋ္ဌမေဝ၊ မြင်သော် သာလျှင်။ သစ္စဂ္ဂဟဏံ၊ သစ္စာသိသူ အရေအတွက်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။ အညထာ၊ ထိုဆိုအပ်ခဲ့ပြီးသည်မှတပါး သစ္စာသိသူ အရေအတွက်သို့ ရောက်သည်။ နော ဟောတိ၊ မဖြစ်။

ခန္ဓာဇာတိချုပ်မှုသည် နိဗ္ဗာန်မည်၏။ သို့ရာတွင် ဇာတိချုပ်မှုကား ပုဂ္ဂိုလ်၏ ချုပ်ခြင်းဖြစ်သောကြောင့် အသခ်တနိဗ္ဗာန်မဟုတ်သေးဘူး၊ ဇာတိချုပ်ခြင်း၌ အမြဲတည်သော ဥပါဒ် ဌီ ဘင်မရှိသော သခ်တ၏ ချုပ်ရာသည်သာလျှင် အသခ်တ နိဗ္ဗာန်မည်၏ဟူလို။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၆။

ဓမ္မပဒ ပါဠိတော်-နှာ-၄၃-၌ "နတ္ထိ ခန္ဓသမာ ဒုက္ခာ"ဟု ဟောတော်မူသောကြောင့်၂ ပဝတ္တိ-အရ ခန္ဓာ ၅-ပါး ဖြစ်ခြင်းကို ဒုက္ခသစ္စာဟု မှတ်အပ်၏။ ပဝတ္တက-အရကား ထိုခန္ဓာ ၅-ပါးကို ဖြစ်စေတတ်သောတဏှာကို မှတ်အပ်၏။ တနည်း-အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံတို့ကို သမုဒယသစ္စာဟု မှတ်အပ်၏။ နိဝတ္တိ-အရကား ခန္ဓာဇာတိချုပ်သော အနုပါဒိသေသနိဗ္ဗာန်ကို မှတ်အပ်၏။ နိဝတ္တက-အရကား သမ္မာဒိဋ္ဌိစသော မဂ်အင်္ဂကို မှတ်အပ်၏။

ထို အဓိပ္ပါယ်ကိုပင် မြန်မာလို မှတ်လိုလျှင် ဖြစ်ခြင်း, ဖြစ်စေခြင်း, ချုပ်ခြင်း, ချုပ်စေခြင်း၊ ဤသို့ အက္ခရာဆယ်လုံးဖြင့်လည်း သစ္စာ ၄-ပါးကို မှတ်အပ်၏။

ထို့ပြင် တနည်းအားဖြင့် မှတ်လိုလျှင် အကြောင်းသမုဒယကြောင့် အကျိုး ဒုက္ခ ဖြစ်၏။ အကြောင်းချုပ်လျှင် အကျိုးချုပ်၏။ ဤသို့လည်း မှတ်အပ်၏။ တနည်း "သမုဒယကြောင့်၊ ဖြစ်ထဒုက္ခံ၊ သမုပယ်က၊ ထိုဒုက္ခ၊ မုချချုပ်ပြတ်လို့" တနည်းအားဖြင့် မှတ်လိုလျှင်၊ "ဖြစ်လိုမူကြောင့်၊ ဖြစ်မူဇာတိဒုက္ခံ၊ ဖြစ်ချင်လိုမူ၊ ပယ်စွန့်ပြု၊ ချုပ်မှ ထိုဒုက္ခံ" ဤသို့ အားဖြင့်လည်း သစ္စာ ၄-ပါးကို မှတ်အပ်၏။

အဓိပ္ပါယ်ကား — ဇာတိဖြစ်လိုသော ဘဝတဏှာကြောင့် ဇာတိဒုက္ခဖြစ်၏။ ဤဥ္စ ဒုက္ခ သမုဒယသစ္စာ ၂-ပါးရ၏။ ဇာတိဖြစ်လိုမှုကို ပယ်စွန့်သော မဂ်ဒုက္ခကြောင့် ဇာတိချုပ်၏။ ဤဥ္စ မဂ္ဂသစ္စာ နိရောဓသစ္စာ ၂-ပါးရ၏။

သစ္စာကိုရှုရာ၌ ကိုယ်တွေ့ဖြစ်စေခြင်းငှါ ပစ္စုပ္ပန်ဒွာရကို သစ္စာဖွဲ့၍လည်း ရှုအပ်၏။ ယခု ပစ္စုပ္ပန်၌ ရှိနေသော ဒုက္ခသစ္စာ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့သည် အတိတ် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံတို့ကြောင့် ဖြစ်၏ဟု ရှုအပ်၏။ ဤယခု ရှိနေသော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့ကိုပင် ဘါ-ဂါ၏ဥစ္စာဟု တဏှာဒိဋ္ဌိဟူသော ဥပါဒါန်ဖြင့် စွဲယူခြင်းသည် သမုဒယ တဖန် ဖြစ်ပြန်တော့၏။ ဤသို့ သမုဒယ တဖန် မဖြစ်စေရန် ထို ဝိပါကခန္ဓာ နာမ်ရုပ်တို့ကို အနိစ္စစသဖြင့် ရှုအပ်၏။ ထိုသို့ ရှုသဖြင့် ဝေဒနာ နောက် တဏှာမလာလျှင် ဝေဒနာတဏှာ အစပ်ပြတ်သဖြင့် တဖန် ဇာတိ မဖြစ်နိုင်တော့ပြီ။ ဤသို့ ကျင့်ခြင်းသည် မဂ္ဂသစ္စာ မည်၏။ ဇာတိချုပ်ခြင်း

သည်၊ ဝါ–ဇာတိချုပ်ခွင့်ရခြင်းသည် နိဗ္ဗာနသစ္စာ မည်၏။ ဤကား ဘုရား ရဟန္တာများအတွက်ဟု မှတ်အပ်၏။

ပုထုဇဉ်သေက္ခတို့မှာ ဝေဒနာနောက် တဏှာဖြစ်၏။ သို့ရာတွင် ဥပါဒါန် ဖဿိုင်သောတဏှာ မဖဿိုင်သောတဏှာဟူ၍ ၂-မျိုးရှိ၏။ ထို၂-မျိုး တို့တွင် ပုထုဇဉ်တို့မှာ လောဘမူစိတ် ရှစ်ခုအနက် ဒိဋ္ဌဂတသမ္ပယုတ်စိတ် ၄-ခုနှင့် ယှဉ်သောကြောင့် တဏှာ ဒိဋ္ဌိ ဥပါဒါန် ဖွဲ့နိုင်၏။ ဘဝေါ ဇာတိ စသည် သံသရာ လည်ရင်း။

သောတာပန်စသော အရိယာတို့မှာ ဝေဒနာကို သာယာသော တဏှာ ဖြစ်၏။ သို့ရာတွင် ဒိဋ္ဌဂတဝိပ္ပယုတ်လောဘ ဖြစ်သောကြောင့် ဥပါဒါန်ကိစ္စ မတာ်နိုင်။ ထိုကြောင့် ဘဝေါ မဖြစ်နိုင်။ ထိုကြောင့် ခုနစ်ဘဝထက် ပဋိသန္ဓေ မနေရတော့ပြီ။

သုခဝေဒနာကြောင့် ဒုက္ခဆယ်မျိုးဖြစ်ပုံ

ပဗ္ဗပြန်မှာ သုခဝေဒနာကြောင့် ဒုက္ခဆယ်မျိုးဖြစ်ပုံကို ပြဦးအံ့—

သုခ သောမနဿ ဝေဒနာတို့ကြောင့် ဖြစ်တာ တဏှာ၊ ထိုတဏှာကြောင့် ရှာမှု ပရိယေသနံ၊ရှာမှီးမှုကြောင့် ရမှု လာဘံ၊တနည်း-ရှာမှီးမှုကြောင့် ရမှု ဣဋ္ဌ ဣဋ္ဌ ရတနာ သားမယား ဥစ္စာ ရတနာ လာဘံ။ ရရှိမှုကြောင့် ငါ့ဥစ္စာဟု ဆုံးဖြတ်ပြုသည် ဝိနိစ္ဆယံ။ ဆုံးဖြတ်မှုကြောင့် တပ်မှု ဆန္ဒရာဂံ၊ ဆန္ဒရာဂကြောင့် အဆုံးတိုင် ငါ့ဥစ္စာဟု စွဲမှုဥပါဒါန်၊ ဥပါဒါန်ကြောင့် သိမ်းဆည်းမှု ပရိဂ္ဂဟံ၊ သိမ်းဆည်းမှုကြောင့် ဖြစ်မှု မစ္ဆရိယံ၊ မစ္ဆရိယကြောင့် စောင့်ရှောက် အာရက္ခံ၊ အာရက္ခကြောင့် ဖြစ်ထခိုက်ရန်၊ နှင် ဟယ် ငါစ၊ ဆဲဆိုကြ၊ ဖြစ်ထအကုသလံ၊ ထိုထို အကုသလမှု၊ အကြောင်းပြု၊ ရှည်မှု သံသာရ အပါယဒုက္ခံ။

ဤသို့အားဖြင့် ပစ္စုပ္ပန်တဏှာလျှင် အကြောင်းရှိသောကြောင့် ပစ္စုပ္ပန်-ဒုက္ခ ဆယ်ပါးဖြစ်၏။ ထိုကြောင့် အနာဂတ်၌ ဇာတိ တဖန် ဖြစ်ရပြန်၏။ ထိုကြောင့် တဏှာ ဥပါဒါန် ကံတို့သည် ဇာတိ စသော ဒုက္ခတို့ကို တဖန် ဖြစ်

စေတာတ်သော တရားများ ဖြစ်သောကြောင့် ပယ်အပ်သော ပဟာတဗ္ဗကိစ္စ ရှိ၏ ဟူလို။ ဤကား ဝဋ္ဋဒုက္ခ မပြတ်လည်ပုံ ဖြစ်ပုံတည်း။

တဏှာကြောင့် ဒုက္ခဖြစ်မှုပြပုံ ပြီး၏။

ဝဋ္ဋဒုက္ခ ချုပ်နည်း

ဝဋ္ဋဒုက္ခချုပ်နည်းကို ပြဦးအံ့ –

ထိုဝဋ္ဋဒုက္ခတို့အား ချုပ်ငြိမ်းစေလိုလျှင် ပစ္စုပ္ပန် သုခ သောမနဿဝေဒနာ ဖြစ်တိုင်း ဖြစ်တိုင်း သတိပြု၍ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ရှုအပ်၏၊ ထို ဝေဒနာသည် ဖဿကြောင့် ဖြစ်၏၊ ဖဿချုပ်လျှင် ချုပ်ရ၏၊ နိစ္စအားဖြင့် မြဲခြင်းငှါ အစိုးမရ အနတ္တဟု ရှုအပ်၏။

ထိုသို့ ရှုသည်ရှိသော် သုခဝေဒနာ၌ ခင်တွယ်သော တဏှာချုပ်၏။ တဏှာချုပ်သော် ပစ္စုပ္ပန်ဝေဒနာ တဏှာအစပ် ပြတ်၏။ တဏှာအစပ် ပြတ်လျှင် ဥပါဒါန်ဘဝတို့လည်း မဖြစ်နိုင် ချုပ်ရုံလေတော့၏ ထိုကြောင့် ဇာတိလည်း ချုပ်ရုံလေတော့၏ ဟူလို။

ဝဋ္ဋဒုက္ခချုပ်ပုံ တနည်း

ဆန္ဒရာဂကြောင့် ဒုက္ခဖြစ်၏။ ထိုဆန္ဒရာဂကို ပယ်က ဒုက္ခချုပ်ပုံကို ပြလိုသော အဋ္ဌကထာဆရာသည်—

> "ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ ဆန္ဒရာဂမူလကာ။
> ဆန္ဒရာဂနိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။"[၁]

ဟု မိန့်၏။

ယံ ကိဉ္စိ၊ အလုံးစုံ အမှတ်မရှိသော။ ဒုက္ခံ၊ ဒုက္ခဟူသမျှသည်။ သမ္ဘောတိ၊ ဖြစ်၏။ တံ သဗ္ဗံ၊ ထို ဖြစ်ခြင်းရှိသမျှ ဒုက္ခသည်။ ဆန္ဒရာဂမူလကာ၊ ဆန္ဒရာဂလျှင် အကြောင်းရင်းရှိကုန်၏။ ဆန္ဒရာဂနိရောဓေန၊ ဆန္ဒရာဂ၏ ချုပ်ခြင်း

၁။ (ကျမ်းရင်း) သုတ္တနိပါတ်၊ နှာ-၃၉၂-၈သည်၌ တရားမတူ၊ ဟောပုံတူကို တွေ့ရသည်။

ကြောင့်။ ဝါ၊ ဆန္ဒရာဂနိုရောဓေနေ၊ ဘဝဓန္ဓာဇာတိကို အလိုရှိသော ဆန္ဒရာဂကို မဂ်အကျင့်ဖြင့် ချုပ်စေခြင်းကြောင့်။ ဒုက္ခဿ၊ အလုံးစုံသော ဇာတိစသော ဒုက္ခ၏။ သမ္ဘဝေါ၊ ပဋိးဓီးခြင်းသည်။ နတ္ထိ၊ မရှိနိုင်တော့ပြီ။

အဓိပ္ပါယ်ကား–ဆန္ဒရာဂကြောင့် ဒုက္ခဖြစ်၏။ ထိုဆန္ဒရာဂကုံပယ်လျှင် ဇာတိချုပ်သော အဇာတ အနုပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လေတော့၏ဟူလို။

အဓိပ္ပါယ်ကား–ယခု ပစ္စုပ္ပန်၌ ရရှိနေသော ဆံပင် မွေးညင်း စသော ပထဝီဓာတ် ၂၀၊ သည်းခြေ သလိပ်စသော အာပေါဓာတ် ၁၂၊ သန္တာပနဇီရကစသော တေဇောဓာတ် ၄-ပါး၊ ဥဒ္ဓင်္မဝါတာစသော ဝါယောဓာတ် ၆-ပါး၊ မျက်စိ နား နှာ အင်္ဂါခြောက်စသော ရုပ်တရား၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော နာမ် ခန္ဓာ ၄-ပါး၊ ပေါင်း ခန္ဓာ ၅-ပါးတို့သည် အတိတ်ဘဝက မိမိတို့၏ လိုချင်မှု ဆန္ဒရာဂ သမုဒယဿစ္စာ တဏှာကြောင့်ဖြစ်၏။ ထိုရုပ်နာမ်တို့၌ရှိသော အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘလက္ခဏာတို့ကိုရှုလျှင် တဖန် ဇာတိဖြစ်လိုသော ဆန္ဒရာဂ တဏှာချုပ်ရ၏ဟူလို။

ဤသို့ချုပ်ခြင်းကား ဝိပဿနာကြောင့် တဒင်္ဂမျှသာဟု ဆိုအပ်၏။ အဘယ်ကြောင့်ဆိုသော် နိဗ္ဗာန်ကို အာရုံမပြုတတ်သောကြောင့်တည်း။ ထို့ကြောင့် ဥပပါဒေါ ဒုက္ခံ-ဟူသောပါဠိအရ ဖြစ်မှုရှိက ဒုက္ခသစ္စာဟု ရှု၍။ အနုပါဒေါ သုခံ ဟူသော ပါဠိအရ ဖြစ်မှုချုပ်မှ သုခ နိဗ္ဗာန်ဟု အာရုံပြု၍ ထိုဆန္ဒရာဂတဏှာမှ နိဗ္ဗာန်ဟူသော ထွက်ပေါက်နှင့် ထွက်နည်းကို ရှေးဦးစွာ တင်ကူး၍ သိအပ်၏။ ထိုသို့ တင်ကူးသိမှသာ ထွက်နိုင်၏၊ ဝိဓေယျသို့ ရောက်နိုင်၏၊ ခရီးရောက်၏၊ လွတ်လပ်ခွင့်ရနိုင်၏ဟူလို။

ဥပမာ – အကြင်ပုဂ္ဂိုလ်သည် သမထဝိပဿနာကို ပွါးသဖြင့် ငြိုးငွေ့သော်လည်း နိဗ္ဗာန်ဟူသော တွက်ပေါက်မသိက ငြိုးငွေ့လျက်သာလျှင် နေရတော့၏။ ထို့ကြောင့် ဆန္ဒ ရာဂ မူလတဏှာမှ ထွက်နည်းကိုပြလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာသည်—

"ဥပ္ပါဒေ အာဒီနဝံ ဒိသ္ဝာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတီတိ"ာဟု မိန့်ဆိုတော်မူ၏။

ဥပ္ပါဒေ၊ ခန္ဓာဇာတိဖြစ်ခြင်းဌ္ဌ။ အာဒီနဝံ၊ အနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမစသော အပြစ်ကို။ ဝါ၊ ဇာတိ ဇရာ ဗျာဓိ မရဏစသော ဘေးကို။ ဒိသ္ဝာ၊ မြင်သည်ဖြစ်၍။ ဝါ၊ မြင်သောကြောင့်။ အနုပ္ပါဒေ၊ ဖြစ်ခြင်းမရှိသော အဇာတနိဗ္ဗာန်အာရုံသို့။ စိတ္တံ၊ အာရမ္မဏိကမဂ်စိတ်သည်။ ပက္ခန္ဒတိ၊ ဖြစ်လိုသောဆန္ဒရာဂကို စွန့်၍ ချုပ်ငြိမ်းခြင်းကို နှစ်သက်သောအားဖြင့် ပြေးဝင်၏။ ဝါ၊ သမ္မာသမာဓိဖြင့် အတည်ပြုလိုက်၏။ ဣတိ၊ ဤသို့ဖြစ်ခြင်းကင်းသောသဘောကို အာရုံပြု၍။ ဝါ၊ အဇာတနိဗ္ဗာန်ကို အာရုံပြု၍ အာရမ္မဏိက မဂ်စိတ်တချက်ဖြင့် ထုတ်နည်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အနုက်ပြီးပြီ။

တနည်းအားဖြင့် ပါဠိမပါဘဲ မြန်မာစကားရိုးရိုးဖြင့် မဂ်သို့ တက်နည်းကို ပြဦးအုံ—

"ဖြစ်လျှင် ဒုက္ခ၊ ချုပ်မှ သုခ နိဗ္ဗာန်။
ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှုမဂ်ကိစ္စ။"

ဟူသော ဤကထာအရ ဖြစ်ခြင်းကား ဒုက္ခတည်း။ ဖြစ်ခြင်း မရှိသော အဇာတ အနုပ္ပါဒ သဘောကား နိဗ္ဗာန်ပင်တည်း၊ ထိုနိဗ္ဗာန်ကို အာရုံပြု၍ တဖန် မဖြစ်လိုတော့ပါဟု အာရမ္မဏိက မဂ်စိတ်ဖြင့် သန္နိဋ္ဌာန်ချလိုက်သောကြောင့် မဂ်ကိစ္စလေးပါး ပြီးလေတော့၏။ ပြီးပုံကား—တဖန်မဖြစ်မှု ချုပ်ငြိမ်းမှုကို နှစ်သက်လျှင် ဒုက္ခသစ္စာသိခြင်းကိစ္စ၊ သမုဒယသစ္စာ တဏှာပယ်ခြင်းကိစ္စ၊ ဒုက္ခနိရောဓကို မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာပွါးခြင်းကိစ္စအားဖြင့် မဂ်ကိစ္စလေးပါးပြီး၏။ ဤသို့ပြီးက သောတာပန် စသည် တည်လေတော့၏ဟူလို။

ပြီးပြီ။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၃၉၅။ (ကျမ်းရင်း)။

အင်္ဂကထာများအရ မဂ္ဂဝီထိကျပုံ

အထက်၌ ပြဆိုခဲ့သော "ဥပ္ပါဒေ အာဒီနဝံ ဒိသ္ဝာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒ-တိတိ" အရ ဝီထိစိတ်နှင့်တကွ မဂ္ဂဝီထိကျပုံကို အင်္ဂကထာများအရ ခွဲ၍ပြဦးအုံ-

မဂ္ဂဝီထိချလိုသော် ဥပ္ပါဒေ အာဒီနဝံ ဒိသ္ဝာ-တို့ကား ဖြစ်ခြင်းရှိသော ခန္ဓာ ၅-ပါး၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတပါးပါးကို အာရုံပြု၍ဖြစ်သော အာရမ္မဏိက မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြစ်သော ပရိကံ, ဥပစာ, အနုလုံ ဧဝေတို့ပင်တည်း။ သတိပြုရန် ထိုစိတ်သည် လက္ခဏာ၏တည်ရာ ခန္ဓာကို အာရုံမပြုရ၊ ထိုခန္ဓာ၌ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကိုသာ အာရုံပြုရမည်ဟူလို။

ထိုသို့ လက္ခဏာကိုရှုလျှင် လက္ခဏာ၏တည်ရာ ခန္ဓာ၌ ခင်တွယ်မှု ဟက္ကာမှ ထ၏။ ခန္ဓာကို မလိုချင်တော့ပြီ။ ဥပမာ–သပိတ်ကပ်ပြီသော ရဟန်းသည် သပိတ်၌ အရွယ် အဆင်း စသည် နှစ်သက်ဖွယ် ရှိသော်လည်း အပေါက် ငယ်ကလေး ၃-၄ ပါရှိနေသဖြင့် ကပ်လိုသောစိတ် ပျက်သဖြင့် မကပ်မူ၍ စွန့်လေသကဲ့သို့ ထိုအတူ ခန္ဓာ၌ နှစ်သက်ဖွယ် အကယ်၍ရှိဦးတော့၊ အနိစ္စ စသော လက္ခဏာပါရှိနေမှုတို့ကြောင့် ခန္ဓာတဖန် မဖြင်လိုတော့ပြီ ဟူလို။

မင်္ဂစိတ်ဖြင့် နိဗ္ဗာန်အာရုံသို့ ထက်ပုံ ဒေဓိပ္ပါယ်မှာ–အနုပ္ပါဒ-ဟူသည် ဖြစ်ခြင်းမရှိသော အဇာတပင်တည်း၊ စိတ္တံ ပက္ခန္ဒတိတိ-ကား ထိုဖြစ်မှုကင်းသော အဇာတသဘောကို၊ ဝါ-နိဗ္ဗာန်ကို နှစ်သက်သော အာရမ္မဏိကမင်္ဂစိတ်ပင်တည်း။ ဤသို့ဖြစ်မှုချုပ်သော နိဗ္ဗာန်သဘောကို နှစ်သက်သောစိတ် ဖြစ်သောကြောင့် တဏှာပယ်မှုကိစ္စ ပြီး၏ဟူလို။

ဤ၌ မဖြစ်ခြင်း ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒ အပဝတ္တ အဇာတတို့ကို နှစ်သက်မှသာလျှင် ဇာတိဖြစ်လိုသော ဘဝတဏှာ ပယ်မှုကိစ္စ နိဗ္ဗာန်မျက်မှောက် ပြီးစီးနိုင်ပါသည်၊ ထိုကြောင့် ဇာတိဟဖန် မဖြစ်လိုတော့ပါဟု မင်္ဂစိတ်ဖြင့် နိဗ္ဗာန်သို့ ထက်အပ်၏။ ဝါ-ဘဝတဏှာမှ ထက်အပ်၏ ဟူလို။

ထိုအဓိပ္ပါယ်ကို ပဋိသမ္ဘိဒါမဂ် အင်္ဂကထာ ဒုတိယတွဲ စာမျက်နှာ ၃၀၅-၌ ဖွင့်ပြထားသည်ကို ဒဋ္ဌိကမ္မ ဖြစ်စေခြင်းငှါ ထပ်၍ ပြဦးအုံ—

ဥပ္ပါဒေ အာဒီနဝံ ဒိသ္ဝာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိတိ။
(ဤကား ဥဒ္ဒေသ)
ဥပ္ပါဒေ အာဒီနဝံ ဒိသ္ဝါတိ အနိစ္စာဒိတော အာဒီနဝံ ဒိသ္ဝာ။
(ဤကား နိဒ္ဒေသ)

ဥပ္ပါဒေ အာဒီနဝံ ဒိသ္ဝါတိ၊ ဟူသည်ကား။ အနိစ္စာဒိတော၊ အနိစ္စစသော အားဖြင့်။ အာဒီနဝံ၊ အပြစ်ကို။ ဒိသ္ဝာ၊ မြင်၍ – ဟူ၏။

အနုပ္ပါဒေါတိအာဒိဟိ စတူဟိ နိဗ္ဗာနမေဝ ဝုတ္တံ။

အနုပ္ပါဒေါတိအာဒိဟိ၊ အနုပ္ပါဒ အစရှိကုန်သော။ စတူဟိ၊ လေးတို့ဖြင့်။ နိဗ္ဗာနမေဝ၊ မဖြစ်ခြင်း အနုပ္ပါဒ, မဖြစ်ခြင်း အပဝတ္တ, ခန္ဓာနိမိတ်မရှိခြင်း အနိမိတ္တ, အားထုတ်မှုမရှိခြင်း အနာယူဟနဟူသော နိဗ္ဗာန်ကိုသာလျှင်။ ဝုတ္တံ၊ ဟောတော်မူ၏။

စိတ္တံ ပက္ခန္ဒတိတိ မဂ္ဂသမ္မယုတ္တံ စိတ္တံ ပက္ခန္ဒတိတိ။ စိတ္တံ ပက္ခန္ဒတိတိ၊ ဟူသည်ကား။မဂ္ဂသမ္မယုတ္တံ စိတ်၊ မဂ္ဂင်ရှစ်ပါးနှင့် ယှဉ်သော နိဗ္ဗာန်ကိုအာရုံပြုသော အားဖြင့် ပြေးဝင်သော အာရမ္မဏိက မဂ်စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ဤတိ၊ ဤသို့မှတ်အပ်၏။ (ဤသည်တို့ကားနိဒ္ဒေသ)။

ဥပ္ပါဒေ အာဒီနဝံဒိသ္ဝာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒဟိ အရ မဂ္ဂဝိထိကျပုံများ

အဋ္ဌကထာနှင့်ဟက္ခ ပြပုံ ပြီး၏။

မဂ်ခဏဌ် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ ချုပ်ပုံ

မဂ်စိတ် တခဏဌ် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ်ချုပ်၏။ ချုပ်ပုံကား – သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် သစ္စာကို ကောင်းစွာ မြင်သိလျှင် အမှားကို မြင်တတ်သော မိစ္ဆာဒိဋ္ဌိချုပ်၏၊ မဂ်စိတ်ဖြင့် သစ္စာကိုသိလျှင် သစ္စာကို မသိတတ်သော မောဟ အဝိဇ္ဇာချုပ်၏။ ဇာတိတဖန် မဖြစ်လိုခြင်းသည်။ တနည်း – ဇာတိ

ချုပ်ခြင်းကို နှစ်သက်လျှင် ဘဝဇာတိ၌တပ်သော တဏှာချုပ်၏။ ဤသို့ချုပ်လျှင် သောတာပန် စသည် တည်ပြီဟု သိအပ်၏ဟူလို။

နိဗ္ဗာန်ကိုအာရုံပြု၍ တရားအားထုတ်ရမည်ဟု မေတ္တာသုတ်၌ မြတ်စွာဘုရား ဟောတော်မူပုံ

နိဗ္ဗာန်ကိုအာရုံပြု၍ တရားကို အားထုတ်ရန် မေတ္တာသုတ်၌-

"ကရဏီယ မတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ"[၁]

ဟူ၍ မြတ်စွာဘုရား ဟောတော်မူရာ နိဗ္ဗာန်အာရုံကို ပြဦးအံ့ -

သန္တံ၊ ငြိမ်သက်စွာထင်သော။ ဝါ၊ ဥပါဒ်ဌီဘင်တို့ဖြင့် ဖြစ်ခြင်း ပျက်ခြင်း မရှိသောကြောင့် ငြိမ်သက်စွာထင်သော။ ယံပဒံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံ ပဒံ၊ ထိုနိဗ္ဗာန်ကို။ အဘိသမေစ္စ၊ ရှေးရှုကပ်၍။ ဝါ၊ အာရုံပြု၍။ အတ္ထကုသလေန၊ မိမိအကျိုးစီးပွါး၌ လိမ္မာသော သူသည်။ ကရဏီယံ၊ ပြုအပ်၏။

ထို့ကြောင့် မဂ်အကျင့်ကိုကျင့်သော ပုဂ္ဂိုလ်တို့မှာဖြစ်ခြင်းပျက်ခြင်းမရှိသော သန္တိလက္ခဏာရှိသော နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်မှုချုပ်လိုသော ဆန္ဒဖြင့် တရားအားထုတ်ကြရမည် ဟူလို။

အထူးသတိပြုတော်မူကြစေလိုသည်မှာ—

ဥပမာ-"အနုပ္ပါဒေါ သုခံ"-ဟူရာ၌ အနုပ္ပါဒေါ-ကား နိဗ္ဗာန်တည်း၊ သုခံ-ကား နိဗ္ဗာန်၏ဂုဏ်တည်း။ ဤ၌ အနုပ္ပါဒကိုသာ အာရုံပြုရမည်၊ သုခကို အာရုံမပြုရ။ ထို့ပြင်"အဇာတိ သုခံ"-၌ဖြစ်ခြင်းကင်းသောအဇာတိသဘောကိုအာရုံပြုရမည်၊ သုခကို အာရုံမပြုရ။ "သုခေါ နိဗ္ဗာနဓော"၌လည်း နိဗ္ဗာနဓကိုသာ အာရုံပြုရမည်၊ သုခေါကို အာရုံမပြုရ။ နိဗ္ဗာနဓော, အနုပ္ပါဒေါ, အဇာတိ, အသင်္ခတံတို့ကား နိဗ္ဗာန်ပင်တည်း။ အသံကဲ့သော်လည်း အနက်အတူတူပင်တည်း။ မိမိတို့စိတ်အားထက်သန်ရာ သဘောတရား တပါးပါးကို အာရုံပြုကကိစ္စပြီးစီးပါသည် ဟူလို။

၁။ ခုဒ္ဒကပါဌပါဠိ၊ နှာ-၁၀။ သုတ္တနိပါတ်-နှာ-၃၁၀။

မင်္ဂအကျင့်၏ အဓိပ္ပါယ်ကို ပြပုံ

ဝဋ္ဋဒုက္ခအဆုံးသို့ ရောက်ရန် မင်္ဂအကျင့်သည် ပဓာနဖြစ်၏။ ထို့ကြောင့် မင်္ဂအကျင့်၏ လိုရင်းအဓိပ္ပါယ်ကို မြတ်စွာဘုရား ပါဠိတော်အရ ပြဦးအုံ-

ဧဟိ ဘိက္ခု၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။[1]

ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလော့။ ဒုက္ခဿ၊ ဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သော သမ္မာဒိဋ္ဌိစသော မင်္ဂအကျင့်ကို။ သမ္မာ၊ ကောင်းစွာ။ စရ၊ ကျင့်လော့။

အဓိပ္ပါယ်ကား – ဒုက္ခ အဆုံးသဘောရှိ၏၊ ထိုအဆုံးသို့ ရောက်ခြင်းငှါ မြတ်သော မင်္ဂအကျင့်ကို ကျင့်လော့-ဟူလို။

ခဲ့၍ပြဦးအုံ – မင်္ဂအကျင့်ဟူသည် ဖြစ်ခြင်းမရှိသော။ ဝါ၊ ဒုက္ခ၏အဆုံးဖြစ်သော ဒုက္ခနိရောဓ အဇာတ အပဝတ္တ အနုပ္ပါဒသို့ ရောက်လိုသော ဆန္ဒဖြင့် ကျင့်မှုပင်တည်း။ ထို အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်အောင် ကျင့်မှုဟူသည် ဇာတိဒုက္ခစသည်ကို အဖန်ဖန် ဖြစ်စေတတ်သော ဒေဝဓီဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ္ဋချုပ်အောင် ကျင့်မှုပင်တည်း။ ထို ဒေဝဓီဇာ ကဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ္ဋချုပ်အောင် ကျင့်မှုဟူသည် ခန္ဓာ ၅-ပါးကို သိမြင်အောင် အားထုတ်၍ ထိုခန္ဓာ ၅-ပါး၌ရှိသော အနိစ္စ ဒုက္ခ အနတ္တလက္ခဏာဝတ္ထုကို ရှုမှုပင်တည်း။ ဝါနည်း - ဇာတိ ဇရာ ဗျာဓိ မရဏဘေးတို့ကို ရှုမှုပင်တည်း။ ဤသို့ရှုသဖြင့် အနိစ္စ စသော အပြစ်အာဒီနဝကိုမြင်လျှင် အမှန်ကို မသိတတ်သော အဝိဇ္ဇာချုပ်၏။ ဘဝဇာတိကို အလိုမရှိသော ဘဝတဏှာချုပ်၏။ အယုတ္တများသော ဒိဋ္ဌိလည်းချုပ်၏။ ထိုသို့ဇာတိကိုဖြစ်စေတတ်သော အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ္ဋချုပ်သဖြင့် ကမ္မဝဋ္ဋလည်း ချုပ်ရလေတော့၏။ ဤသည်လျှင် မဂ္ဂလမ်းမှန် အာရုံမှန်ကို အကြောင်းပြု၍ မင်္ဂကိစ္စပြီးစီးနိုင်ပါသည်။ သောတာပန်စသည် တည်နိုင်ပါသည်။ ဒုက္ခအဆုံးသို့ ရောက်နိုင်ပါ၏ ဟူလို။

၁။ ဝိနည်းမဟာဝါ နှာ-၁၇-စသည်။

ဥဒါန်း ပါဠိတော်အရ နိဗ္ဗာန်ရှိပုံကို ပြပုံ

ဥဒါန်း ပါဠိတော်အရ နိဗ္ဗာန်ရှိပုံကို ဒဋ္ဌိကမ္မ ဖြစ်စေခြင်းငှါ ပြဦးအံ့—

မေး။ နိဗ္ဗာန်ရှိ၏ဟူသည် အဘယ်သို့ ရှိပါသနည်း။

ဖြေ။ အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ နိဗ္ဗာနန္တိ။[၁]

ဘိက္ခဝေ၊ တို့။ အဇာတံ၊ ဖဿ ဟူသော အကြောင်းကြောင့် ဝေဒနာဖြစ်ပေါ်သကဲ့သို့အကြောင်းကိုဖွဲ့၍ဖြစ်ခြင်းမရှိသော။**အဘူတံ၊** အကြောင်းမရှိဘဲလည်းဖြစ်ခြင်းမရှိသော။ အကတံ၊ အကြောင်း တစုံတခုမျှ မပြုအပ်သော။ အသင်္ခတံ၊ ဥပါဒ်ဌီဘင်ဖြင့် ဖြစ်ခြင်း ပျက်ခြင်း မရှိသော။ နိဗ္ဗာနံ၊ အဇာတ အဘူတ အကတ အသင်္ခတ နိဗ္ဗာန်သည်။ အတ္ထိ၊ သဘောအားဖြင့် ရှိ၏။ (ကုတိ တသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ သည်။ ဝိဇ္ဇမာနံနာမ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဝိဇ္ဇမာန ပညတ် မည်၏။)

ထိုပါဠိတော်အရ အနက်ကောင်းစွာ ထင်ရှားစေခြင်းငှါ နေတ္တိ အဋ္ဌကထာဆရာသည်—

"အနိဗ္ဗတ္တိသဘာဝတ္တာ အဇာတံ၊ တတော ဧဝ အဘူတံ"[၂] ဟု ဖွင့်၏။

အနိဗ္ဗတ္တိ သဘာဝတ္တာ၊ မဖြစ်ခြင်းသဘောရှိသည်၏အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဇာတံ၊ ဇာတမည်၏။ တတော ဧဝ၊ ထိုသို့ ဖြစ်ခြင်း မရှိပဲ သဘောဖြင့် တည်သည်၏ အဖြစ်ကြောင့် သာလျှင်။ အဘူတံ၊ အဘူတမည်၏။

ဖြစ်ခြင်း၏ဆန့်ကျင်ဘက်အားဖြင့် ဖြစ်မှုကင်းသော အဇာတပင်လျှင် နိဗ္ဗာန်မည်၏ ဟူလို။

မြင်သိလွယ်သောနည်းဖြင့်ကား နိဗ္ဗာန်ရှိ၏ ဟူသည်တွင် ခန္ဓာဇာတိဖြစ်ခြင်း မရှိသော အဇာတ အဘူတ အကတ အသင်္ခတ အနုပ္ပါဒ အပဝတ္ထ အနိမိတ္တ သဘောတို့ကိုပင် မှတ်ဖို့ပါပဲ။

၁။ ဥဒါန၊ ပါဋိ-နှာ-၁၇၈။

၂။ နေတ္တိအဋ္ဌကထာ-နှာ-၁၂၀။

နိဗ္ဗာန်ကို အာရုံပြုသောအခါ အဇာတ စသည် ခုနစ်ဌာနရှိသော်လည်း တပါးပါးကို အာရုံပြုပါ။

နိဗ္ဗာန်ကို မျက်မှောက်ပြု၏ ဟူသော အဓိပ္ပါယ်

နိဗ္ဗာန်ကို မျက်မှောက်ပြု၏ ဟူသည်တွင် တဏှာ အကြွင်းမဲ့ ချုပ်သော အရဟတ္တဖိုလ်ကိုလျှင် မှတ်ဖို့ပါပဲ။ တနည်း-ဘုရား ရဟန္တာတို့ကဲ့သို့ ပရိနိဗ္ဗာန စုတိဦ့ ခန္ဓာ အကြွင်းမဲ့ ချုပ်ခြင်းသို့ ရောက်သော အနုပါဒိသေသ နိဗ္ဗာန်ကိုပင် မှတ်ဖို့ပါပဲ။

တနည်း-နိဗ္ဗာန်၌၏ဟူသည်တွင် စုတိနောက်။ ဝါ-သေပြီးနောက် ဇာတိ တဖန်မဖြစ်မူ၍ ချုပ်ပြတ်သော သမုစ္ဆေဒ မရဏ။ တနည်း-အနုပ္ပါဒ နိရောဓ သဘောရှိသည်ကိုပင် မှတ်ဖို့ပါပဲ။

နိဗ္ဗာန်သို့ရောက်၏ ဟူသည်တွင် သံသရာဝဋ်ဒုက္ခအဆုံးသို့ ရောက်သည်ကိုပင် မှတ်ဖို့ပါပဲ။ ဝါ-သေပြီးနောက် အသစ်မဖြစ်မှုကိုပင် မှတ်ဖို့ပါပဲ။ ဝါ-ဇာတိ ချုပ်ခြင်းသို့ ရောက်သည်ကိုပင် မှတ်ဖို့ပါပဲ။

ထိုစကားသည် မှန်၏။ မြတ်စွာဘုရားသည် နိယတဗျာဒိတ် ရပြီးနောက် ဒုက္ခ အဆုံး သံသရာအဆုံးသို့ ရောက်ခြင်းငှါ လာခဲ့ရာ ပရိနိဗ္ဗာနစုတိသို့ ရောက်မှပင် လျှင် တဖန်မဖြစ်မူ၍ ချုပ်ငြိမ်းခြင်းသို့။ ဝါ-ဒုက္ခအဆုံးသို့ ရောက်တော်မူလေသည် ဟူလို့။

တနည်း—နိဗ္ဗာန်၌၏ ဟူသည်တွင် "ဟေတုနိရောဓာ ဖလနိရောဓော"[၁] ဟူသော ပါဠိအရ ဇာတိကို ဖြစ်စေတတ်သော အဝိဇ္ဇာ တဏှာ ကံ ဟူသော အကြောင်းတရားတို့ကို မဂ်အကျင့်ဖြင့် ချုပ်ငြိမ်းစေသောကြောင့် ဒုက္ခကြီးဇာတိ စသော ဝဋ်ဒုက္ခတို့ချုပ်ငြိမ်းသော သဘောရှိသည်ကိုပင် မှတ်ဖို့ပါပဲ။

အဓိပ္ပါယ်ကား—ဇာတိကို ဖြစ်စေတတ်သော မသိမှု လိုချင်မှုကံ အဝိဇ္ဇာ တဏှာ ကံမရှိလျှင် တဖန်မဖြစ်သော ချုပ်ငြိမ်းသော သဘောရှိမှုပင်လျှင် နိဗ္ဗာန်ရှိသည် မည်၏ ဟူလို့။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၈၁။

သစ္စာလေးပါးကို မြန်မာစကား သက်သက်ဖြင့် ရှုနည်း

သစ္စာလေးပါးကို အကြောင်းအကျိုးနှင့်တကွ ရှုပုံကို ပေါ်လွင်သော မြန်မာစကား အသုံးအနှုန်းတို့ဖြင့် မြင်သိလွယ်စေခြင်းငှါ ပြဦးအံ့—

ထိုသို့ ပြဆိုခြင်းမှာ ပါဠိတော် အဋ္ဌကထာအရပင် ဖြစ်သောကြောင့် အထူးသဖြင့် အသင့် နှလုံးသွင်းတော်မူကြကုန်။

ဖြစ်မှုရှိက ပျက်ရ ဒုက္ခံ၊ ဖြစ်မှုချုပ်မှ ချုပ်မှုဒုက္ခံ၊ ဒုက္ခချုပ်မှ သုခနိဗ္ဗာန်။ ခန္ဓာ ဖြစ်မှု၊ နှစ်သက်ပြုထ၊ ကျင့်သမျှကား၊ တဏှာသမုဒယသစ္စံ။ ခန္ဓာချုပ်မှု၊ နှစ်သက်ပြုထ၊ အဇလာဘဖြင့်၊ ကျင့်ထ မဂ္ဂသစ္စံ။ ဤသို့ သမ္မာဒိဋ္ဌိမှု၊ ဉာဏ် မြင်ရှု၊ သိမှု လေးသစ္စံ။

အဓိပ္ပါယ် လွယ်ပါ၏။

တနည်း-မြန်မာစကားရိုးရိုးဖြင့် ရှုပုံ

ခန္ဓာဇာတိ ဖြစ်မှုရှိတာ ဇရာ မရဏဖြင့် ပျက်သောကြောင့် မကောင်းပါဘူး။ ဇာတိချုပ်မှ ထိုဒုက္ခတို့မှ လွတ်သောကြောင့် ကောင်းပါသည်။ ဤသို့ရှုက ဇာတိကို ဒုက္ခဟု မသိသော အဝိဇ္ဇာ, ဇာတိချုပ်လျှင် နိဗ္ဗာန်ဟု မသိသော အဝိဇ္ဇာချုပ်၏၊ အဝိဇ္ဇာချုပ်လျှင် တဏှာ ဥပါဒါန် ဘဝေါတို့လည်း ချုပ်ရကား သောတာပတ္တိမဂ် စသည် ရနိုင်တော့၏ ဟူလို။

မေး။ သမုဒယ အကျင့်ကို ကျင့်က အဘယ်ကြောင့် ဇာတိ စသောဒုက္ခ ဖြစ်ပါသနည်း။

ဖြေ။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော ခန္ဓာ ၅-ပါးတို့၌ မြဲ၏ ချမ်းသာ၏၊ အစိုးရမှု ဩလိုသို့လိုက်မှု ရှိသောနိစ္စ သုခ အတ္တဟုတဏှာ ဒိဋ္ဌိအားဖြင့် သာယာဖွယ် ခင်တွယ်ဖွယ်ဟု မြွောက်ပင့်သမှု အမှားကို ရှုသောကြောင့် လိုမှုထက်သန်၊ ရလိုမှုကြောင့် ပြုမှုကမ်မံ၊ ဤသို့ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ပြည့်စုံက၊ ဖြစ်ဆ ဇာတိ တဖန်။

ဤသို့လျှင် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါးတို့၌ ကိလေသဝဋ်ဟူသော သမုဒယသစ္စာ တဏှာကြောင့် ပစ္စုပ္ပန်မှာ ဇာတိစသော ဒုက္ခဖြစ်၍နေ၏။ ပုဂ္ဂိုလ်သတ္တဝါတို့ ဖြစ်ပျက်မှု မဟုတ်ခြင်းကြောင့် အကယ်၍ တဏှာမချုပ်သေးလျှင် အနာဂတ်မှာလည်း ထိုအတူ သမုဒယ တဏှာကြောင့် ဒုက္ခဖြစ်လတ္တံ့ဟု ဒုက္ခနှင့် ဒုက္ခကို ပြုလုပ်သော လက်သည်ကို ရှုအပ်၏။ ထိုသို့ ရှုခဲ့လျှင် သတ္တ ဇီဝ သဘောမရှိဟု ယုံမှားကင်းလေတော့၏။ ထိုသို့ ယုံမှားကင်းလျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်သဖြင့် သောတာပန် တည်နိုင်၏ ဟူလို။

အကြောင်းကြောင့် အကျိုးဖြစ်၍နေပုံ အကြောင်းချုပ်က အကျိုးချုပ်ရပုံ အဋ္ဌကထာ

သမုဒယကြောင့် ဒုက္ခဖြစ်ပုံကို ပြပြီး၍ မဂ်အကျင့်ဖြင့် ဇာတိဒုက္ခချုပ်ပုံကို ပြဦးအံ့—

ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏတို့၌ မြဲမှု ချမ်းသာမှု မအို မနာ မသေအောင် အစိုးရမှု မရှိသော ပုဂ္ဂိုလ် သတ္တဝါ မဟုတ်သော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရှိသော နိဿတ္တ နိဇ္ဇီဝ နာမ်ရုပ်မျှသာတည်းဟု ငြိုးငွေ့သမှု အမှန်ကို ရှုသောကြောင့်၊ တနည်း-ချောက်လှန့်သမှု အဖြစ်ကို ရှုသောကြောင့် လိုမှုမသန်၊ မရလိုမှု ပယ်စွန့်မှုကြောင့် မပြုကမ်း ဤသို့ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ၊ ချုပ်ပြတ်က၊ ရအပ် အဇာတနိဗ္ဗာန်။

အဓိပ္ပါယ်ကား-ဇာတိကို ဖြစ်စေတတ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံဟူသော ကိလေသဝဋ္ဋ ကမ္မဝဋ္ဋတို့ကို မဂ်အကျင့်ဖြင့် ချုပ်စေလျှင် မီးစာနှင့် ဆီကုန်၍ ငြိမ်းရသော မီးကဲ့သို့ ဇာတိတဖန် မဖြစ်နိုင်တော့ပြီ။ ဤဌာနလည်း မဂ်အကျင့်ကြောင့် ဇာတိစသော ဒုက္ခချုပ်၏၊ သတ္တဝါချုပ်မှု မဟုတ်ဟူ၍ ချုပ်သော တရားကိုသာ ချုပ်စေသော မဂ်အကျင့်တို့၌ဌာန်း ယုံမှားကင်းအပ်၏။ ထိုသို့ ယုံမှားကင်းက သောတာပန် တည်နိုင်၏ ဟူလို။

တနည်းကား-ဘဝတဏှာကြောင့်၊ ဖြစ်ထ ဇာတိဒုက္ခံ၊ တဏှာချုပ်က၊ ထိုဒုက္ခ၊ မုချချုပ်ပြတ်လျှံ၊ ဆီမီးစာစု၊ အကြောင်းစုကြောင့်၊

ဖြစ်မှုမီးလျှံ၊ ဆီမီးစာကုန်မှု၊ အကြောင်းပြုက၊ ချုပ်မှုမီးလျှံ။ ယထာယံ ပဒီပေါ၊ သမ္မုဒ္ဓေါ၊ ဟောပြ ဥပမံ။

ဘဝတဏှာချုပ်အောင် ရှုပုံ တနည်း

ဘဝတဏှာချုပ်အောင် ရှုပုံတနည်း ပြဦးအံ့–

ဘဝစာဏှာအား ချုပ်စေလိုလျှင် ယင်း ဘဝတဏှာကြောင့်ဖြစ်သော ဇာတိ ဇရာ ဗျာဓိ မရဏ အပါယ စသော ဘေးတို့ကို နာနာရှုမှု၊ နာနာရှုသဖြင့် ဉာဏ်မြင်သန်၊ ဘဝတဏှာချုပ်မှု စိတ်ချ။ ဘဝတဏှာမှ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဇာတိဖြစ်နိုင်တော့မလဲ။ ဥပမာအားဖြင့် ဆိုရလျှင်၊ ရေ, မြေ, မျိုးစေ့ မရှိလျှင်၊ အဘယ်မှာလျှင် အပင်ပေါက်နိုင်တော့မလဲ။

အဓိပ္ပါယ်မှာ–အကြောင်းကြောင့် အကျိုးဖြစ်၍ နေ၏။ အကြောင်းကုန်လျှင် အကျိုးကုန်ရ၏။ တနည်း–တဏှာ သမုဒယကြောင့် ဇာတိဒုက္ခ ဖြစ်၏။ တဏှာချုပ်လျှင် ဇာတိမဖြစ်နိုင်။ ဤသို့ သစ္စာလေးပါး၌ ယုံမှားကင်းလျှင် သောတာပန်တည်၏ ဟူလို။

၁။ အထူးသတိပြုတော်မူကြစေလိုသည်မှာ သမုဒယကြောင့် ဒုက္ခဖြစ်၏ဟု မသိလျှင်၊ ထိုသူသည် နိဗ္ဗာန်ရှိမှုကို သိရာမရောက်။

၂။ သမုဒယကြောင့် ဒုက္ခဖြစ်၏ဟု သိခဲ့လျှင်၊ သမုဒယချုပ်က ဇာတိ တဖန် မဖြစ်နိုင်ဟု မြင်သိနိုင်၏။ ထိုကြောင့် ဇာတိနိရောဓ နိဗ္ဗာန်ရှိမှု၌ ယုံမှားခြင်း ကင်းလေတော့၏။

၃။ ထိုပြင် မိမိသည် အကယ်၍ တဏှာပယ်ပြီးဖြစ်က ငါသည် နိဗ္ဗာန်ရပြီဟု ဆုံးဖြတ်နိုင်၏၊ ယုံမှားကင်းလေတော့၏။ ဤသို့အားဖြင့် ယုံမှားကင်းပုံကို သတိပြုတော်မူကြပါကုန်။

ပစ္စုပ္ပန်ဘဝမှာပင် သောတာပန်စသည် ဖြစ်အောင် အားထုတ်နည်း

ဤ မြတ်စွာဘုရား သာသနာတော်၌ ယခု ပစ္စုပ္ပန်ဘဝမှာပင်လျှင် ပကတိသာဝကဆုနှင့် သောတာပန် စသော မှီရာ တည်ရာ သက်သာရာများကို ရရှိအောင် အားထုတ်နည်းကို ပြဦးအံ့–

အားထုတ်နည်းကား ခန္ဓာ ၅-ပါးတို့သည် အကြောင်းကိုစဲ့၍ အကျိုးဖြစ်နေ၏။ အကြောင်းချုပ်လျှင် အကျိုးခန္ဓာဇာတိ ချုပ်၏ဟု မြင်သိရမည်။ ဤဥ်သတိပြုရန်–သတ္တဝါဖြစ်သည်မဟုတ်၊ ချုပ်သည်မဟုတ်၊ ခန္ဓာ ၅-ပါးတို့သာလျှင် အကြောင်းကို စဲ့၍ဖြစ်၏။ အကြောင်းချုပ်လျှင် ချုပ်၏ဟု သစ္စာ ၄-ပါးတို့ဥ်ဖြင့် ယုံမှားကင်းရမည်။ ဤသို့ ယုံမှားကင်းလျှင် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ၆၂-ပါးသော ဒိဋ္ဌိချုပ်သဖြင့် သောတာပတ္တိမဂ်စသည် ရနိုင်ပါ၏ ဟူလို။

ထိုဆင်ခြင်နည်းကို ပြလိုသော အဋ္ဌကထာကား–

ဟေတုံ ပဋိစ္စ သမ္ဘူတာ၊ ဟေတုဘင်္ဂါ နိရုဇ္ဈရေ၁။

အဋ္ဌကထာအနက်ကား–ဟေတုံ၊ သမုဒယသစ္စာတဏှာကို။ ဝါ-ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာကို။ ပဋိစ္စ၊ စဲ့၍။ သမ္ဘူတာ၊ ဇာတိစသော ဒုက္ခတို့ ဖြစ်ပွါး၍ နေကုန်၏။ ဟေတုဘင်္ဂါ၊ သမ္မာဒိဋ္ဌိစသော မဂ်အကျင့်ဖြင့် သမုဒယသစ္စာတဏှာကို ချုပ်စေခြင်းကြောင့်။ တနည်း–ဟေတုဘင်္ဂါ၊ သဗ္ဗေ သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ စသည်ကို ရှုသော မဂ်အကျင့်ဖြင့် တဏှာကို ချုပ်စေခြင်းကြောင့်။ နိရုဇ္ဈရေ၊ ဇာတိစသော အကျိုးဒုက္ခတို့လည်း ချုပ်ရကုန်၏။

ဤသို့ ဇာတိချုပ်ခြင်းသို့ ရောက်ခြင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုသည်မည်၏။

သတိပြုရန်–သမုဒယသစ္စာ တဏှာကြောင့် ဇာတိ ဖြစ်၏ဟု မသိခဲ့လျှင် ဝိပဿနာကို ပွါးသဖြင့် ဇာတိချုပ်လိုသောစိတ် ဂိုဉီးတော့၊ မဂ်ကိစ္စ မပြီးနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် သစ္စာသိမှဥ် သမုဒယသစ္စာကို သိရာ မရောက်သောကြောင့်တည်း။ ထိုကြောင့် ဟဏှာကြောင့် ဇာတိ ဖြစ်မှုကို သိ၍ ဇာတိ မဖြစ်လိုပါဟု မဂ်ဖြင့် တဏှာကို ပယ်စွန့်မှု ရှိမှသာ မဂ်ကိစ္စ ပြီးနိုင်ပါမည် ဟူလို။

မှတ်ယူလွယ်ခြင်းငှါ–သမုဒယကြောင့် ဖြစ်ထ ဇာတိဒုက္ခံ။ ယင်း သမုဒယဥ် ပယ်အပ်သော ကိစ္စရှိ၏ဟု သိမှု ဟုတ်မှန်၊ ဇာတိ မဖြစ်လိုဟု၊ ပယ်စွန့်မှုလည်း၊ ပြီးမှုကတံ။ယင်းသို့ ပဟာနကိစ္စ ပြီးခဲ့လျှင် အဘယ်မှာလျှင် မဂ်ဖိုလ်ကို ရပြီလော, မရပြီလောဟု ယုံမှားဖွယ် ရှိတော့အံ့နည်း။

၁။ သဂါထာဝဂ္ဂသံယုတ်-နှာ-၁၃၆။

"ဝိမုတ္တာသို့ ဝိမုတ္တာမှိတိ ဉာဏံ ဟောတိ"[၁] ဟု ဟောတော်မူသည်မှာ ဤသို့ တဏှာမှ လွတ်သည်ကို လွတ်ပြီဟု သိသော ပစ္စဝေက္ခဏာဉာဏ်ကိုပင် မှတ်ပို့ပါပဲ။ ဤသို့ ပြည့်စုံက မိမိသည် မင်္ဂိုလ်၌ တည်ပြီဟု သိအပ်၏ ဟူလို့။

သစ္စာလေးပါးကို မြန်မာစကားဖြင့် မြင်သိနည်း

ဖြစ်လို့မူကြောင့်၊ ဖြစ်မှု ဇာတိဒုက္ခံ။
ဖြစ်ချင်လို့မှု၊ ပယ်စွန့်ပို့၊ ချုပ်မှု ထိုဒုက္ခံ။

အဓိပ္ပါယ်ကား— ဖြစ်လို့မူသည် တဏှာ သမုဒယသစ္စာ မည်၏။ ဇာတိ ဖြစ်ခြင်းသည် ဒုက္ခသစ္စာမည်၏။ ဖြစ်ချင်မှုတဏှာကို ပယ်စွန့်သော သမ္မာဒိဋ္ဌိ စသော မင်္ဂအင်္ဂျင်သည် မဂ္ဂသစ္စာ မည်၏။ ဇာတိချုပ်ခြင်းသည် နိဗ္ဗာနသစ္စာ နိဗ္ဗာန်မည်၏။ ဤ၌ သတ္တဝါတို့ဖြစ်မှု ချုပ်မှုမဟုတ် တဏှာကြောင့် ဖြစ်သော ရုပ် နာမ် ခန္ဓာချုပ်မှု သာတည်းဟု ယုံမှားကင်းလျင် သောတာပန် စသည် တည်နိုင်လေတော့၏။ ဤသို့ မင်္ဂ ဖိုလ်၌ တည်လျင် အပါယ်တံခါး ပိတ်ခြင်း၊ သံသရာဝဋ်ဒုက္ခတို့မှ ကျွတ်လွတ်ခွင့်ရခြင်းတို့ကြောင့် ဤသာသနာတော်မှာ မှီရာ တည်ရာ သင်္ကသာရ ရသော ပုဂ္ဂိုလ်မည်၏ ဟူလို့။

ဤသည်လျင် အကြောင်းကြောင့် အကျိုးဖြစ်၏၊ အကြောင်းချုပ်လျင် အကျိုးချုပ်ရ၏ဟု သစ္စာလေးပါး အကျဉ်းအားဖြင့် ရှုဆင်ခြင်နည်း ပြီးပြီ။

ဘဝတဏှာကိုပယ်နိုင်ရန် ပုတီးစိပ်နည်း

ထိုပြင် ဇာတိဖြစ်လို့သော ဘဝတဏှာကို ပယ်ခြင်းငှါ ပဋိသန္ဓိဒါမင်္ဂအရ မဂ္ဂဘာဝနာ ပွါးနည်း ပုတီးစိပ်နည်းကို ပြဦးအံ့—

ဇာတိ ဒကံ၊ အဇာတိ သခံ။

ဇာတိ၊ ဘဝသစ်၌ ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ဇရာ ဗျာဓိ မရဏ တို့ဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ အဇာတိ၊ ပဋိသန္ဓေ မနေရခြင်းသည်။ ဝါ—ဇာတိ

၁။ ဝိနည်းမဟာဝါ-နှာ-၂၀-စသည်။

ချုပ်ငြိမ်းခြင်းသည်။ ဝါ၊ ဇာတိချုပ်ငြိမ်းရာသည်။ သုခံ၊ပျက်မှုမရှိသောကြောင့် ချမ်းသာ၏။

အဓိပ္ပါယ်မှာ—ဖြစ်မှုရှိလျှင် ပျက်၏၊ ဒုက္ခရှိ၏။ ဖြစ်မှုမရှိလျှင် ပျက်စရာဝတ္ထုပင် မရှိသောကြောင့် ပျက်မှု ဒုက္ခမရှိ။ ထိုကြောင့် နိဗ္ဗာန်ချမ်းသာမည်၏။

ဤသို့ ပုတီးစိပ်ခြင်း စိတ်ဖြင့် နှလုံးသွင်းခြင်းကို ပြုလျှင် ဖြစ်ခြင်းရှိသမျှ ပျက်၏ဟု အနိစ္စစသော အပြစ်ကို မြင်သဖြင့် ချုပ်ခြင်းကို နှစ်သက်လတ္တံ့။ ဤသို့ နှစ်သက်ခြင်းပင်လျှင် နိဗ္ဗာန်ကို နှစ်သက်သည်မည်၏၊ ဘဝတဏှာကို ပယ်သည်မည်၏၊ ဘဝတဏှာမှ နိဗ္ဗာန်ဟူသော ထွက်ပေါက်သို့ ထွက်လိုက်သည်မည်၏ဟူလို။

တနည်းကား—ဇာတိ ဒုက္ခမှ ကင်းလိုလျှင် ဇာတိကြောင့် ဖြစ်သော ဇရာ ဗျာဓိ မရဏာ စသော ဒုက္ခတို့ကို နာနာရှုမှု၊ နာနာရှုသဖြင့် ဉာဏ်မြင်သန်၊ ဘဝတဏှာ ချုပ်မှု စိတ်ချ။ ဘဝတဏှာမှ ချုပ်ခဲ့လျှင် အဘယ်မှာလျှင် ဇာတိ ဖြစ်နိုင်တော့မလဲ။ ဟောတုနိရောဓော ဖလနိရောဓော၊ ဟောမှု မုချအမှန်ပဲ။

အဓိပ္ပါယ်ကား—တရားအားထုတ်မှု ဟူသည် တဏှာချုပ်အောင် ကျင့်မှုပင်တည်း။ တဏှာချုပ်အောင် ကျင့်မှု ဟူသည်လည်း တဏှာကြောင့်ဖြစ်သော ဇာတိစသော ဒုက္ခတို့ကို ရှုမှုပင်တည်း။ ဤသို့ရှုက တဖန် ဇာတိ ဖြစ်လိုသော ဘဝတဏှာ ချုပ်ရလေတော့၏။ ဤသို့ ချုပ်လျှင် ဘဝတဏှာပယ်မှုကိစ္စပြီးရကား သော့တာပန်စသည် တည်နိုင်၏ဟူလို။

တနည်းအားဖြင့် မိမိသဘောအရ မဂ်သို့တက်လိုသော် "ခန္ဓာဇာတိဖြစ်မှု ရှိတာမကောင်းပါဘူး၊ ဇာတိချုပ်မှ ကောင်းပါသည်။" ဤသို့ နှလုံးသွင်းမှသည်လည်း အထက်နည်းအတိုင်း မဂ်ကိစ္စလေးပါးပြီး၍ သောတာပန်စသည် တည်နိုင်၏ဟူလို။

အနုဗောဓ သုတသို့ ဒိဋ္ဌသိဟူသော ပဋိဝေဓသို့ ရောက်သဖြင့် မဂ်ကိစ္စလေးပါး ပြီးစီးပုံ ပြဆိုချက်များ ပြီးပြီ။

နိဗ္ဗာန်နှင့် မဂ်စိတ် အာရုံအာရမ္မဏိက စပ်မိအောင် ရှုနည်း

နိဗ္ဗာန်အာရုံနှင့် အာရမ္မဏိကမဂ်စိတ်တချက် အာရုံအာရမ္မဏိက စပ်မိအောင် ရှုနည်းကား အတောင်ပင် ခဲယဉ်း၏။ ထိုသို့ ခဲယဉ်းသော်လည်း လွယ်ကူစေရန် ပြဦးအံ့—

ဤနည်းကား သစ္စာလေးပါးကို လောကီသမ္မာဒိဋ္ဌိဉာဏ်ဖြင့် သိပြီးနောက် လောကုတ္တရာမဂ်သို့ တက်သောနည်းတည်း။

ဖြစ်လျှင်ဗုဒ္ဓ၊ ချုပ်မှ သုခ နိဗ္ဗာန်။
ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှု မဂ်ကိစ္စံ။

ဤ၌ ဖြစ်လျှင် ဒုက္ခကား– လက္ခဏာသုံးပါး တပါးပါးကိုရှုသော ပရိကံဥပစာ အနုလုံဇောတို့ပင်တည်း။ ချုပ်မှ သုခနိဗ္ဗာန်-ဟု အာရုံပြုမှုကား ဂေါတြဘူမျှသာ ရှိသေး၏။ ဤမျှကား ဗဟိဒ္ဓသင်္ခါရ နိမိတ်မှ ထရုံမျှသာ ရှိပါသေးသည်။ မဂ်ကိစ္စ မပြီးသေးပါ။ ချုပ်ခြင်းကို နှစ်သက်သော မဂ်ဖြစ်မှသာ တဏှာပယ်မှု ကိစ္စပြီးသဖြင့် မဂ်ကိစ္စလေးပါး ပြီးစီးနိုင်ပါမည်။ ထို့ကြောင့် ချုပ်မှ သုခနိဗ္ဗာန်-ဟု စိတ်ကို ရပ်မထားပဲ ချုပ်ခြင်းအမှုကို နှစ်သက်သော အာရမ္မဏိက မဂ်စိတ်သို့ ရောက်အောင် နှလုံးသွင်းတော်မူကြပါကုန်။

အဓိပ္ပါယ် အထူးသော်ကား——ချုပ်ငြိမ်းသော သဘောကား နိဗ္ဗာန်အာရုံတည်း။ ထိုအာရုံကို အာရုံပြု၍ နှစ်သက်ခြင်းကား အာရမ္မဏိက မဂ်စိတ်ပင်တည်း။ ထိုမဂ်စိတ်ဖြစ်ပေါ်လျှင် ဒုက္ခသစ္စာ သိခြင်းကိစ္စ, သမုဒယသစ္စာ ပယ်ခြင်း ကိစ္စ, နိရောဓသစ္စာ မျက်မှောက်ပြုခြင်းကိစ္စ, မဂ္ဂသစ္စာ ပွါးခြင်းကိစ္စတို့သည် မဂ်စိတ်တချက်၌ ပြီးစီးလေတော့၏ ဟူလို။

ဤကား ဖြစ်ခြင်းကင်းသော ဖြစ်ခြင်းမရှိသော ချုပ်သော ငြိမ်းသော အဇာတ အပဝတ္တ အနုပ္ပါဒ အသင်္ခတတို့ကား တဏှာမှ ထွက်ပေါက်အာရုံတည်း။ အာရမ္မဏိက မဂ်စိတ်ကား ထိုထွက်ပေါက်သို့ ထွက်လိုက်ခြင်းပင်တည်း။ ဝါ- ဖြစ်လိုသော တဏှာ အာလယကို စွန့်ပယ်ခြင်းပင်တည်း။ ဝါ- မည်သည့် ဘဝဇာတိကိုမျှ မဖြစ်လို မနှလို မယူလိုဟု စိတ်နှလုံး၌ ဆုံးဖြတ်လိုက်ခြင်းပင်တည်း။

၀ါ–ဖြစ်မှုချုပ်သော ကင်းသော မရှိသော အဇာတ အပဝတ္တ အနုပ္ပါဒ အသခ်တ တရားထက် မြင့်မြတ်သော ဘေးကင်းသော ချမ်းသာသော တရားမရှိဟု နှလုံးသွင်းသဖြင့် တဏှာမှ ထွက်လိုက်ခြင်းပင်တည်း။ ၀ါ၊ သမ္မာသမာဓိဖြင့် ဘ၀ဇာတိကို အလိုမရှိတော့ပါဟု သန္နိဋ္ဌာန်ကျ အတည်ပြုလိုက်ခြင်းပင်တည်း။

နိဗ္ဗာန်မျက်မှောက်ပြု၏ ဟူသည် ခန္ဓာငါးပါးကို ဖြစ်စေတတ်သော တဏှာချုပ်ပြတ် ငြိမ်းစဲမှုပင်တည်း။ မှတ်ယူလွယ်ခြင်းငှါ–

ဒုက္ခဟူသမျှ အဖြာဖြာ၊ လိုမှုကြောင့်သာ ဖြစ်မှုမုချ။ လိုမှုပယ်မှ ဘေးကင်းကွာ၊ မပယ်ပါလျှင် ဖြစ်မှုဘယ်။ ၀ါန နိက္ခန္တာဟု ဆိုသည်တွင်၊ လိုချင်မှုမှ ထွက်မြောက်ခြင်းကိုပင် မှတ်ဘိုမုချ။ ခန္ဓာ၌ ခင်တွယ်မှု တဏှာမှ နိဗ္ဗာန်သို့ ထွက်လိုက်၏ဟု ဆိုသည်တွင် ခင်တွယ်မှု အာလယ ချုပ်ပြတ်မှုကိုပင် မှတ်ဖို့မုချ။ နိဗ္ဗာန် မျက်မှောက်ပြုမှု ဟူသည်တွင် တဏှာပယ်မှု ကိစ္စပင်ဟု သိသည်ဖြစ်၍ ဆိုလိုချင်မှုအား ပယ်လိုက်သော အနာလယကိုပင် မှတ်ဖို့ပါပဲ။ ဤဋ္ဌိ သန္နိဋ္ဌာန်ကျ အတည်ပြုလိုက်ခြင်းပင် ဟူလို။

အထူး သတိပြုတော်မူကြစေလိုသည်မှာ ဖြစ်ခြင်း ချုပ်ခြင်းတို့ကား ပရမတ္ထ အားဖြင့် ခန္ဓာငါးပါးတို့ ဖြစ်မှု ချုပ်မှုဟု နှလုံးသွင်းမှ သဿတ ဥစ္ဆေဒ လွတ်ပါမည် ဟူလို။ ဤဋ္ဌိ "ခန္ဓာနံ ပါတုဘာ၀ေါ" ဟု မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ခန္ဓာဖြစ်မှုသာတည်းဟု နှလုံးသွင်းအပ်၏။ "ခန္ဓာနံ ဘေဒေါ" ဟု မြတ်စွာဘုရား ဟောတော်မူသောကြောင့် ခန္ဓာတို့၏ ချုပ်ပျက်မှုသာတည်းဟု နှလုံးသွင်းအပ်၏။

သစ္စာလေးပါးဋ္ဌ သိမြင်နည်း အကျဉ်း

သစ္စာလေးပါးဋ္ဌ အကျဉ်းအားဖြင့် အစွမ်းကုန်မြင်သိနည်းကို ပြဦးအုံ —

၄မေး။ ။ဒုက္ခသစ္စာကို အကြွင်းမရှိ အစွမ်းကုန် မြင်သိပါ၏လော။

၃။ ဝိဘင်း-နှာ-၁၄၄။

ဖြေ။ မြင်သိပါသည်။ အဘယ်သို့ မြင်သိပါသနည်း။ "ဥပ္ပါဒေါ သခ်ါရာ" ၁ တနည်း-"ဥပ္ပါဒေါ ဒုက္ခံ"[၁] ဟူသော ပဋိသမ္ဘိဒါမဂ် ပါဠ်အရ ဖြစ်ခြင်း ရှိသမျှ ရုပ်နာမ် သခ်ါရတို့သည် ပျက်ခြင်းရှိသောကြောင့် ဒုက္ခသစ္စာ မှန်ပါသည်။

မေး။ နိရောဓသစ္စာ နိဗ္ဗာန်ကို အစ္ဆမ်းကုန် သိပါ၏လော။

ဖြေ။ သိပါသည်။

မေး။ အဘယ် ပါဠိတော်အရ သိပါသနည်း။

ဖြေ။ "အနုပ္ပါဒေါ နိဗ္ဗာနံ"[၂] ဟူသော ပဋိသမ္ဘိဒါမဂ်အရ ဖြစ်မှုမရှိ ချုပ်ငြိမ်းမှုကို နိဗ္ဗာန်ဟု သိပါသည်။

တနည်း "အနုပ္ပါဒေါ သုခံ"[၂]ဟူသော ပဋိသမ္ဘိဒါမဂ် အရ ဖြစ်မှုမရှိခြင်းသည် ပျက်မှု မရှိသောကြောင့် သုခလည်း မည်၏၊ နိဗ္ဗာန်လည်း မည်၏၊ ဤသို့ မြင်သိသူသည် နိရောဓသစ္စာကို အစ္ဆမ်းကုန် မြင်သိသူ မည်ပါသည်။ ဤသို့ သစ္စာလေးပါးတို့ဌ္ဌ ယုံမှားခြင်းကင်းက သောတာပန်စသည် တည်နိုင်ပါသည် ဟူလို။

သမုဒယသစ္စာကို အစ္ဆမ်းကုန် သိပါ၏လော။ သိပါသည်။ အဘယ်သို့ သိပါသနည်း။ ဒိဋ္ဌဂတဝိပ္ပယုတ် လောဘ မချုပ်သမျှ သမုဒယမှ မလွတ်သေးဟု သိပါသည်။

မဂ္ဂသစ္စာကို အစ္ဆမ်းကုန်သိပါ၏လော။ သိပါသည်။ အဘယ်သို့ သိပါသနည်း။ တဏှာ အကြွင်းမဲ့ချုပ်မှ မဂ်ကိစ္စပြီး၏ဟု သိသူသည် မဂ္ဂသစ္စာကို အစ္ဆမ်းကုန် မြင်သိသူ မည်ပါသည်။ ဤသို့ သစ္စာလေးပါးတို့ဌ္ဌ ယုံမှားခြင်းကင်းက သော တာပန်စသည် တည်နိုင်ပါသည် ဟူလို။

သုခဝေဒနာကို ဒုက္ခသစ္စာဟု အဘယ်ကြောင့် ဟောပါသနည်း။ "သုခဝေဒနာ ဝိပရိဏာမေန ဒုက္ခုပ္ပတ္တိဟေတုတော"[၂] ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။ ထိုကြောင့် ခံစားမှုအားဖြင့် သုခဟု ဆိုအပ်

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၇။ ၂။ သမ္မောဟဝိနောဒနီအဋ္ဌကထာ-နှာ-၈၈။

သော်လည်း မမြဲမှု ဆင်းရဲမှု အစိုးမရ အလိုသို့ မလိုက်မှု စသော ဝိပရိဏာမ လက္ခဏာပါရှိနေသောကြောင့် ပရမတ္ထအမှန်မှာ ဒုက္ခသစ္စာဟု ဟောပါသည် ဟူလို။

လောက၌ သတ္တဝါ ဖြစ်ပျက်နေသည်မဟုတ်၊ ပရမတ္ထအားဖြင့် ဒုက္ခသစ္စာ သာလျှင် ဖြစ်ပျက်နေကြောင်း ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည်—

“ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နညံ ဒုက္ခံ နိရုဇ္ဈတိ၊ နညံ ဒုက္ခံ ဥပ္ပဇ္ဇတိ။
အဝီစိ အနုသမ္ဘန္ဓော နဒီသောတောဝ ဝတ္တတိ”[၂] ဟု မိန့်၏။

ဟိ၊ အထူးကို ပြဦးအံ့။ ဒုက္ခမေဝ၊ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာတရားသည်သာ လျှင်။ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဇရာ ဗျာဓိ စသော ဒုက္ခသည်သာလျှင်။ တိဋ္ဌတိ စ၊ တည်လည်း တည်၏။ ဝေတိ စ၊ ဇရာမရဏအားဖြင့် ပျက်လည်းပျက်၏။ အညံ၊ တပါးသော။ ဒုက္ခံ၊ ဒုက္ခသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ အညံ၊ တပါးသော။ ဒုက္ခံ၊ ဒုက္ခသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ နဒီသောတောဝ၊ မြစ်ရေအယဉ်ကဲ့သို့။ အဝီစိ-အနုသမ္ဘန္ဓော၊ ဒုက္ခတို့၏ မပြတ်ဖြစ်၍ နေခြင်းသည်။ ဝတ္တတိ၊ ဖြစ်၏။

ဥပါဒ် ဌီ ဘင် ဇာတိ ဇရာ မရဏ ဒုက္ခတို့သည် အနုမတဂ္ဂမှစ၍ မပြတ် ဖြစ်ပျက်နေ၏ ဟူလို။ ဤ၌ ပဋိလ် သတ္တဝါ ဖြစ်ပျက်နေသည်မဟုတ်၊ ဒုက္ခသစ္စာ နာမ်ရုပ်သာလျှင် ဖြစ်ပျက်၍နေ၏ဟု မြင်သိ ယုံကြည်လျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ချုပ်ရ၏ ဟူလို။

ပရမတ္ထအားဖြင့် သစ္စာကို ပိုင်းခြားရာ၌ ပဋိလ် သတ္တဝါ မရှိ၊ ဒုက္ခသစ္စာရှိ၏။ ဒုက္ခဖြစ်ခြင်းအကြောင်း သမုဒယရှိ၏။ ဒုက္ခနိရောဓ ဒုက္ခချုပ်သော။ ဝါ၊ ချုပ်ရာ သဘောရှိ၏။ ဒုက္ခချုပ်ကြောင်း မဂ်အကျင့်ရှိ၏။ ဤ ၄-ပါးသာရှိ၏ ဟူလို။

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ-၂၂၈။ (မတူ) ကျွမ်းရင်း-သံယုတ်ပဋ္ဌမအုပ်-နှာ-၁၃၇-ကြည့်။
၂။ သီလက္ခန် အဋ္ဌကထာ-နှာ ၁၃၇-စသည်။

တရားအားထုတ်မှု၏ အကြောင်းရင်း

ထို့ကြောင့် တရားအားထုတ်မှု၏ အကြောင်းရင်းကို ပြဦးအံ့–

တရားအားထုတ်မှု၏ အကြောင်းရင်းမူကား–ဒုက္ခမှ ကင်းလွတ်လိုသော ဆန္ဒပင်တည်း။ ဆင်ခြင်ရန်ကား ဇာတိရှိလျှင် ဒုက္ခရှိ၏။ ဇာတိချုပ်လျှင် ဒုက္ခချုပ်၏။ ထိုသို့ ဇာတိချုပ်လျှင် အလုံးစုံသော ဒုက္ခမှ ကင်းလွတ်သောကြောင့် နိဗ္ဗာနသုခ မည်၏။

ထို့ကြောင့် တရားအားထုတ်မှုဟူသည် ဇာတိချုပ်အောင် ကျင့်မှုပင်တည်း။ ဇာတိချုပ်အောင် ကျင့်မှုဟူသည် ဘဝတဏှာ ပယ်မှုပင်တည်း။ ဘဝတဏှာပယ်မှုဟူသည် ထို ဘဝတဏှာကြောင့်ဖြစ်သော ဇာတိဇရာ ဗျာဓိမရဏ သောက အပါယစသော ဘေးတို့ကို ရှုမှုပင်တည်း။ ထိုသို့ရှုသဖြင့် ဇာတိစသည်၌ အလွန်ကြောက်ဖွယ်ကောင်းသော ဘေးကြီးတို့သာဟု မြင်သိလျှင် ဘဝတဏှာ ချုပ်ရလေတော့၏။ ဥပမာ–နတ်သမီးယောင်ဆောင်၍ နေသော ဘီလူးမကို တကယ်ပင် နတ်သမီးထင်၍ ပေါင်းသင်းနေသော ယောကျ်ားသည် ထိုသူမသည် ညည ပျောက်၍ ပျောက်၍ သွားသဖြင့် စုံစမ်းရာ သုသာန်၌ လူသားစားနေသည်ကို မြင်သဖြင့် ဘီလူးမဟု ဒိဋ္ဌသိ၏၊ ထိုအခါ ဘီလူးမ၌ ချစ်စိတ်ကုန်ခန်းသည့်ပြင် ထိုဘီလူးဘေးမှ လွတ်ရာသို့ ထွက်ပြေးသဖြင့် ဘီလူးဘေးမှ ကင်းလွတ်သကဲ့သို့ ထိုအတူ ခန္ဓာငါးပါး၌ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာဟုမြင်သိလျှင်—

"ဒုက္ခမြင်သိ တဏှာကွာ၊ နိရောဓသို့သော်၊ ညှတ်သည်မင်္ဂိတ်"

ဟူသော ကထာအရ ဖြစ်မှုမရှိသော နိဗ္ဗာန်သို့သော စိတ်သည် ပြေးဝင်လေတော့၏။ ထို့ကြောင့် ဘဝတဏှာဟူသော ဘေးမှ ကင်းလွတ်ရလေတော့၏။

ထိုသို့ ဇာတိကို ဖြစ်စေတတ်သော ဘဝတဏှာချုပ်လျှင်—

"ဟေတုနိရောဓာ ဖလနိရောဓော"[၁]

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၈၁။

ဟူသော အဌကထာအရ–ဟေတုနိရောဓာ၊ ဇာတိကို ဖြစ်စေတတ်သော ဘဝတဏှာ၏ ချုပ်ခြင်းကြောင့်။ ဖလနိရောဓာ၊ ဇာတိစသော အကျိုးတရားတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။၊

ဟူရကား ဇာတိစသော ဒုက္ခကိုမဖြစ်နိုင်တော့ပြီ၊ အလုံးစုံသော ဒုက္ခတို့မှ လွတ်သဖြင့် ဒုက္ခနိရောဓနိဗ္ဗာန်ကို မျက်မှောက်ပြုသည်မည်၏၊ ဤသည်လျှင် မူလရည်ရွယ်ချက်အရ ပြည့်စုံလေတော့၏ ဟူလို။

တရားအားထုတ်ကြရာ၌ ခန္ဓာ အာယတန ဓာတ်ဟူသော အာရုံတခုခု၌ မသင့်နှလုံးသွင်း၍ နိစ္စ သုခ အတ္တဟု တဏှာ ဒိဋ္ဌအားဖြင့် ရှုခြင်းတမျိုး၊ ထို ခန္ဓာ အာယတန ဓာတ်ဟူသော အာရုံတို့၌ အသင့် နှလုံးသွင်းသောအားဖြင့် နိဿတ္တ နိဇ္ဇီဝ အနိစ္စ ဒုက္ခ အနတ္တတရားတို့သာတည်းဟု ရှုခြင်းတမျိုး၊ ဤသို့ ရှုခြင်း ၂-မျိုးရှိ၏၊ ဤ၌ နိစ္စ သုခ သတ္တ ဇီဝဟု ရှုလျှင် ဒုက္ခကိုဖြစ်စေတတ်သောကြောင့် သမုဒယအကျင့်မည်၏၊ ထိုအကျင့်ကို ပယ်အပ်၏။

ထိုခန္ဓာ အာရုံတို့၌ မြဲသော သဘောမရှိ၊ ဆင်းရဲ၏၊ အစိုးမရ၊ အလိုသို့မလိုက်ဟု အသင့် နှလုံးသွင်း၍ ဒုက္ခသစ္စာသာတည်းဟု သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အမှန်ကိုရှုလျှင် ဝဋ်မှ ကျွတ်လွတ်ခွင့်ရှိသောကြောင့် မဂ်အကျင့်မည်၏၊ထိုအကျင့်ကား ဘာဝေတဗ္ဗ ဖြစ်သောကြောင့် ပွါးအပ်၏၊ ဤသို့လျှင် ဒုက္ခသစ္စာ ခန္ဓာ အာရုံ တခုတည်း၌ တဏှာဒိဋ္ဌအားဖြင့် အမှားကိုရှုခြင်း သမ္မာဒိဋ္ဌိအားဖြင့် အမှန်ကိုရှုခြင်း ဟူသော ပဟာတဗ္ဗ ဘာဝေတဗ္ဗတို့ကို အထူး နှလုံးသွင်းအပ်၏ ဟူလို။

ထိုကြောင့် အမှားရှုမှုကိုပယ်၍ အမှန်ရှုမှု ယထာဘူတ ဖြစ်ကြောင်း အနတ္တလက္ခဏာသုတ်၌ ဟောတော်မူသော ဒေသနာတော်ကို ပြဦးအံ့။

ဇတံ မမ၊ ဇသော ဟမသ္မိ၊ ဇသော မေ အတ္တာတိ နာ ဒဋ္ဌဗ္ဗန္တိ။[၁]

ဇတံ၊ ဤရုပ်နာမ်ခန္ဓာသည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ ဇသော၊ ဤရုပ်နာမ်ခန္ဓာသည်။ အဟံ၊ ငါသည်။ အသ္မိ၊ ဖြစ်၏။ ဇသော၊ ဤခန္ဓာ

၁။ ဝိနည်းမဟာဝါ-နှာ-၁၉။

သည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်တည်း။ ပါ၊ အစိုးရခြင်း အလိုသို့ လိုက်ခြင်း ရှိသော သတ္တ ဇီဝတည်း။ ဣတိ၊ ဤသို့။ နှ ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ဝါ၊ မရှုအပ်။ ဝါ၊ နှလုံးမသွင်းအပ်။

အဘယ်သို့ ရှုအပ်သနည်းဟူမူကား –

"နေတံ မမ၊ နေသော ဟ မသ္မိ၊ နှ မေ သော အတ္တာတိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ"[1]။

ဤသို့ ရှုအပ်၏။

တေံ၊ ဤရုပ်နာမ်ခန္ဓာသည်။ နှ မမ၊ ငါ၏ဥစ္စာမဟုတ်။ ဧသော ဤရုပ်နာမ်ခန္ဓာသည်။ အဟံ၊ ငါသည်။ နှ အသ္မိ၊ မဖြစ်။ တနည်း။ နှ ဟမသ္မိ ငါမဖြစ်။ ဧသော၊ ဤရုပ်နာမ်ခန္ဓာသည်။ မေ၊ ငါ၏။ အတ္တာ၊ အမိုးရခြင်း အလိုသို့ လိုက်ခြင်းရှိသောကိုယ်သည်။ ဝါ၊ သတ္တ ဇီဝသည်။ နှ၊ မဟုတ်။ ဧဝံ၊ ဤသို့။ တေံ၊ ထိုရုပ်နာမ်ခန္ဓာကို။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ သမ္မပ္ပညာယ။ ကောင်းသော ဉာဏ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဝါ၊ မှတ်အပ်၏။

ခန္ဓာငါးပါးတို့၌ ဤသို့ "နေတံ မမ၊ နေသော ဟ မသ္မိ၊ နှ မေသော အတ္တာတိ" ဟု ရှုလျှင် တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စတရား ၃-ပါး ချုပ်၏။ ထိုပပဉ္စတရား ၃-ပါးသည် လောဘမူစိတ် ရှစ်ခုဟု ဖြစ်၏။ လောဘစိတ်ချုပ်လျှင် တဏှာ မာန ဒိဋ္ဌိဟူသော ပပဉ္စလည်း ချုပ်ရကား သမုဒယသစ္စာ အကြွင်းမဲ့ ချုပ်သဖြင့် အာသဝေါ ကုန်လေတော့၏။ အနုတ္တလက္ခဏသုတ်၌ ဤပပဉ္စ ပယ်နည်းဖြင့် ပဉ္စဝဂ္ဂိအရှင်မြတ်တို့ကို အရဟတ္တဖိုလ်သို့ ရောက်စေတော်မူ၏ ဟူလို။ အာသဝေါကုန်လိုသောပုဂ္ဂိုလ်တို့သည် ဤနည်းကို အမှီပြု၍ အားထုတ်သင့်ကြပေသည် ဟူလို။

နိဂုံးချုပ်ပုံကား

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော သဒ်္ဓါရေသု နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမ္ဟိတိ ဉာဏံ ဟောတိ[1]။

၁။ ဝိနည်းမဟာဝါ-နှာ-၂၀။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ပဿံ-ပဿန္တော၊ မြင်သော။ သုတဝါ၊ သုတရှိသော။ အရိယသာဝကော၊ အရိယသာဝကဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ သခ်ါရေသု၊ ခန္ဓာ ၅-ပါးတို့၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝါ၊ မနှစ်သက်။ နိဗ္ဗိန်း-နိဗ္ဗိန္ဒန္တော၊ ဤသို့ ငြီးငွေ့သော။ ဝါ၊ မနှစ်သက်သော ရဟန်းသည်။ ဝိရဇ္ဇတိ၊ ခန္ဓာ ၅-ပါးတို့၌။ ဝါ၊ ဘဝ ၉ ဘုံတို့၌ စသည်တို့၌ တပ်ခြင်း ကင်း၏ ဝိရာဂါ ဝိရာဂန္တော၊ မင်္ဂဗိတ်ဖြင့် တပ်ခြင်း ကင်းသော သူသည်။ ဝိမုစ္စတိ၊ တကျော် ကိလေသာမှ လွတ်၏။ ဝိမုတ္တသ္မိံ ၊ လွတ်ပြီးသည်၌။ ဝိမုတ္တမ်ိတိ၊ လွတ်ပြီဟူ၍။ ဉာဏံ၊ သိသော ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။

"ဝိမုတ္တသ္မိံ ဝိမုတ္တမ်ိတိ ဉာဏံ ဟောတိ" ဟူသော ပါဠိတော်အရ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံကား-ရှေးအခါက "ဥပါဒေါ ဒုက္ခံ"[၁] ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိအရ ဖြစ်ခြင်းရှိက ဒုက္ခသစ္စာဟု မသိ၊ ယခု သိပြီ။ ထိုဒုက္ခကို သိအပ်သော ကိစ္စရှိ၏ဟု ရှေးက မသိပေ။ ယခု သိအပ်သောကိစ္စ ရှိသည့်အတိုင်း သိပြီးပြီ။

ရှေးအခါက တကျော်ကို သမုဒယသစ္စာဟု မသိ၊ ယခုသိပြီ။ ထိုတကျော်ကို ပယ်အပ်သော ကိစ္စရှိ၏ဟု ရှေးက မသိ၊ ယခု သိပြီ။ သိသည့်အတိုင်း ပယ်ပြီးပြီ။

ရှေးအခါက "အနုပ္ပါဒေါ သုခံ"[၁] ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိအရ ဖြစ်မှု မရှိသော အနုပ္ပါဒသင်္ခေါကို သုခ နိဗ္ဗာန်ဟု မသိ၊ ယခုသိပြီ။ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုအပ်သော ကိစ္စရှိ၏ဟု ရှေးက မသိ၊ ယခုသိပြီ။ သိသည့်အတိုင်း မျက်မှောက်ပြုပြီးပြီ။

ရှေးအခါက မဂ္ဂသစ္စာကို မဂ္ဂသစ္စာဟု မသိ၊ ယခု သိပြီ။ ထိုမဂ္ဂသစ္စာကို ပွါးအပ်သော ကိစ္စရှိ၏ဟု ရှေးက မသိ၊ ယခု သိပြီ။ သိသည့်အတိုင်း ပွါးပြီးပြီ။ ဤသို့အားဖြင့် ဆင်ခြင်ဆုံးဖြတ်က ကတညာဏ်နှင့် ပြည့်စုံရကား အလုံးစုံယုံမှားကင်းလေတော့၏ ဟူလို။

အထူးသတိပြုရန်မှာ ဝိပဿနာကို ပွါးသဖြင့် သခ်ါရတရားတို့၌ ငြီးငွေ့သော်လည်း နိဗ္ဗာန်ကိုအာရုံမပြုတတ်က မင်္ဂဗိတ်စ မပြီးနိုင်ပေ။ ထို့ကြောင့် နိဗ္ဗိန္ဒတွင် စိတ်ကို မရပ်ပဲ ဖြစ်မှုချုပ်သော နိဗ္ဗာန်သင်္ခေါကို အာရုံပြု၍ ဝိရဇ္ဇတိဟူသော

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၇။

အာရမ္မဏိက မဂ်စိတ်ဖြင့် ချုပ်ခြင်းကို နှစ်သက်မှ မဂ်ကိစ္စပြီးပါသည်။ ဘဝတက္ခာ ပယ်မှုကိစ္စ ပြီးနိုင်ပါသည်ဟူလို။

အဓိပ္ပါယ်အထူးမူကား–ခန္ဓာရှိနေခြင်းသည် ဒုက္ခသစ္စာ ရှိနေခြင်းပင်တည်း။ ခန္ဓာချုပ်ခြင်းကား နိဗ္ဗာန်တည်း။ ထို့ကြောင့် ချုပ်ခြင်းသဘောရှိသော နိဗ္ဗာန်ကို နှစ်သက်သော မဂ်စိတ်ဖြစ်လျှင် ဘဝတက္ခာ ပယ်ခြင်းကိစ္စပြီးပါသည် ဟူလို။ ဤသို့ သမ္မာဒိဋ္ဌိဖြင့် အမှန်ကိုရှုလျှင် တဏှာ မာန ဒိဋ္ဌိ ဟူသော ပပဉ္စတရား သုံးပါးလည်း ချုပ်၏။ အကယ်၍ ဤသို့အားဖြင့် ချုပ်စေလျှင် အရဟတ္တဖိုလ် သို့သော်လည်း ရောက်နိုင်ပါသည်ဟူလို။

ဤတွင် ဒုက္ခသစ္စာ အာရုံတခုဌ် အမှားရှုမှု, အမှန်ရှုမှု
၂-မျိုး ခဲ့ခြားပြဆိုချက်များ ပြီးပြီ။

အနတ္တလက္ခဏာ ထင်မြင်ရန် အရေးကြီးပုံ

လက္ခဏာ ၃-ပါးကို ရှုရာဌ် သတိပြုရန်ကို ပြဦးအံ့—

အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ၃-ပါးတို့တွင် အနတ္တ ထင်မြင်ရန် အရေးကြီး၏။ အနတ္တ ကောင်းစွာထင်လျှင် ကျန်သော လက္ခဏာတို့လည်း အန္တော ဂဓ ဖြစ်၏။ ဥပမာ–အကယ်၍ အနတ္တ မထင်ခဲ့လျှင် အနိစ္စဌ် ငါကို အနိစ္စ၊ ငါကို ဒုက္ခဟု ရှုတတ်၏။ ငါနှယ် ဒုက္ခရောက်လိုက်ထာဟု ရှုတတ်၏။ အနတ္တ ကောင်းစွာထင်လျှင် မမြဲမှုကား ခန္ဓာ ၅-ပါးသာတည်း။ ဆင်းရဲမှုကား ခန္ဓာ ၅-ပါးသာတည်း။ ပုဂ္ဂိုလ် သတ္တဝါ ငါ၏ ဆင်းရဲမှုမဟုတ်ဟု မြင်သိနိုင်သောကြောင့် အတ္တ သတ္တ သက္ကာယဒိဋ္ဌိ ချုပ်၏။ ဤသို့ချုပ်လျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ချုပ်သဖြင့် သောတာပန် စသည် တည်နိုင်ပါသည်။

အနတ္တလက္ခဏာသုတ်အရ ရှုနည်း ဤတွင် ပြီးပြီ။

စတုသစ္စ ၅—ပ-မ-သ-စ

ထို့ပြင် အနတ္တအဓိပ္ပါယ်ထင်လျှားအောင် ပြလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာသည်—

"အနတ္တာ အသာရကဋ္ဌေနာတိ သာမိ နိဝါသိ ကာရကော ဝေဒကော သယံဝသီတိ ဧဝံ ပရိကပ္ပိတာသာ အတ္တာသာရသာ အဘာဝေန။ ယဉ္စိ အနိစ္စံ၊ တံ ဒုက္ခံ၊ အတ္တနောပိ အနိစ္စတံ ဝါ ဝိပရိဏာမမမ္မတံ ဝါ နိဝါရေတုံ နသက္ကောတိ၊ ကုတော တာသာ ကာရကာဒီဘာဝေါ အတ္ထီတိ" ဟု မိန့်၏။

အနတ္တာ အသာရကဋ္ဌေနာတိ၊ ကား။ သာမိ၊ အရှင်သည်။ ဝါ၊ ခန္ဓာကို အစိုးရသော သတ္တဝါကောင်သည်။ နိဝါသီ၊ ကိုယ်တွင်းဌဲ့ ကိန်း၏။ ကာရကော၊ ကိစ္စကြီးငယ်ကို ပြုလုပ်ဟတ်၏။ ဝေဒကော၊ သုခဒုက္ခကို ခံစားတတ်၏။ သယံ-ဝသီ၊ မိမိအလိုကို လိုက်စေနိုင်၏။ ဣတိ၊ ဤသို့။ ပရိကပ္ပိတာသာ၊ မှားသောအားဖြင့် ကြံဆသော်။ အတ္တသာရသာ၊ နိစ္စသုခဟူသော အနှစ်အသား၏။ အဘာဝေန-အဘာဝတော၊ မဟုတ်သည်၏အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ယံ၊ အကြင် ခန္ဓာ ၅-ပါးသည်။ အနိစ္စံ၊ အိုမှု နာမှု သေမှု စသဖြင့် မမြဲ။ တံ၊ ထိုမမြဲသောတရားသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ တံ၊ ထိုမမြဲ ဆင်းရဲတရားသည်။ အတ္တနောပိ၊ မိမိ၏လည်း။ အနိစ္စတံ ဝါ၊ မမြဲခြင်းကိုဌင်း။ ဝိပရိဏာမမမ္မ-တံ ဝါ၊ အိုမှု နာမှု သေမှု စသည် ဖောက်ပြန်မှုသဘော၏ အဖြစ်ကိုဌင်း။ နိဝါ-ရေတုံ၊ မြစ်ခြင်းငှါ။ နသက္ကောတိ၊ မတတ်ကောင်း။ ဝါ၊ အစိုးမရ။ တသ္မာ၊ ထို့ကြောင့်။ တာသာ၊ ထိုနာမ် ရုပ်၏။ ကာရကာဒီဘာဝေါ၊ ကာရက, ဝေဒက စသော ပုဂ္ဂိုလ်၏ အဖြစ်သည်။ ကုတော အတ္ထိ၊ အဘယ်မှာရှိနိုင်တော့အံ့နည်း။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ထိုအနတ္တကို ထင်လျှားစေခြင်းငှါ အဓမ်းအဖြဖြင့် ပြဦးအံ့—

မေး။ ဒုက္ခ သုခကို ပြုလုပ်တတ်သော ပုဂ္ဂိုလ် သတ္တဝါ ရှိပါသလော။

ဖြေ။ မရှိပါ။ ဖဿ ၆-ပါးကြောင့်သာလျှင် သုခ ဒုက္ခ ဝေဒနာ ဖြစ်ပါသည်။ ဖဿချုပ်လျှင် ဝေဒနာချုပ်နိုင်ပါသည်။ ထိုဝေဒနာကို မြဲအောင် မည်သူမျှ မစွမ်းနိုင်ပါ၊ မပြုပြင်နိုင်ပါ။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၂၄၅။ ပဋိသမ္ဘိဒါ-ဋ္ဌ ၁-နာ-၁၃၁-စသည် ကြည့်ပါ။

မေး။ ယခုရှိသော ခန္ဓာ ၅-ပါးသည် သတ္တ ဇီဝ ပုဂ္ဂလ အတ္တ မဟုတ်ပါလော။

ဖြေ။ မဟုတ်ပါ။ အဘယ်ကြောင့်ပါနည်းဟူမူကား မအိုအောင် မနာအောင် မသေအောင် ပြုပြင်၍ မရကောင်းသောကြောင့်တည်း။

အနတ္တ၏အဓိပ္ပါယ်ကား—ခန္ဓာ ၅-ပါး၌ အိုမင်းရင့်ရော်မှု, ဖျားနာခြင်းစသော ရုပ်ဖောက်ပြန်မှု, သုခဝေဒနာ စသည် မမြဲမှုဟူသော အနိစ္စလက္ခဏာ ထင်ရှား၏။ ထိုသို့ အို နာ သေမှု စသည်ကို မဖြစ်စေလိုသော ဆန္ဒရှိကြသော်လည်း မည်သည့် တရားကမျှ မြဲစေရာ၌ အလိုလိုက်စေရာ၌ အစိုးမရ။ ထိုကြောင့် မိမိတို့ အစ္ဆတ္တာ၌ ခန္ဓာနိမိတ်ရှိကြသော်လည်း နိစ္စ သုခ အတ္တမှ ဆိတ်သော သုညမျှဖြစ်သော။ ဝါ၊ မိမိ၌ ရုပ်နာမ်ရှိသော်လည်း ကိုယ်ပိုင်မဟုတ်သော အနတ္တပင်ဟု သက္ကာယဒိဋ္ဌိကို ပယ်အပ်၏ဟူလို။

အပေါ်ရံအားဖြင့် အလိုရှိရာ သွားလာ လုပ်ကိုင် ပြောဆိုနိုင်သောကြောင့် မိမိတို့ခန္ဓာကို အတ္တ သတ္တ ဇီဝဟု ထင်ကြသော်လည်း စင်စစ်အားဖြင့်ကား အစိုးရ၍ သွားလာနိုင်သည် မဟုတ်။ ကံ စိတ် ဥတု အာဟာရစသော ပြုပြင်မှုတို့ကြောင့်သာလျှင် သွားလာနိုင်၏။ ဤသို့ မသိသောကြောင့် အတ္တ သတ္တ ဇီဝဟု ထင်မှားကြ၏။ မည်သို့ပင် အထင်မှားကြသော်လည်း သုခဝေဒနာကို မြဲအောင် ဒုက္ခဝေဒနာ မလာရအောင် မအို မနာ မသေရအောင် မတားမြစ်နိုင်မှု ထင်ရှားသောကြောင့် ခန္ဓာ ၅-ပါးတို့သည် အနတ္တသာ ဟူလို။ ဥပမာ—အခစားနွားကျောင်းသမားထံ၌ နွားရှိသော်လည်း နွားကျောင်းသမားက ထိုနွားကို မပိုင် အစိုးမရသကဲ့သို့ ထိုဒုတ္တ ဒုစ္ဆတ္တ၌ ခန္ဓာ ၅-ပါးရှိသော်လည်း အိုနာ သေမှု မဖြစ်စေရာ၌ အစိုးမရသောကြောင့် ကိုယ်မှာ ရှိသော်လည်း ကိုယ်ပိုင်မဟုတ် ဟူလို။

ဒုက္ခနှင့်သုခကို မြင်သိက မင်္ဂလာသို့ သက်ရောက်သော ဒိဋ္ဌပတ္တပုဂ္ဂိုလ်များလည်း ရှိကြောင်းကို ပြလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာသည်—

"ဒုက္ခာ သစ္စာ်ရာ သုခေါ နိရောဓောတိ ဉာတံ ဟောတိ၊ ဒိဋ္ဌံ ဝိဒိတံ သစ္ဆိကတံ ဖုသိတံ ပညာယာတိ ဒိဋ္ဌပုတ္တောတိ ဝုစ္စတိ"။[၁]

ဟု မိန့်၏။

သစ္စာ်ရာ၊ ဥပါဒ် ဌီ ဘင်ဖြင့် ဖြစ်တတ် ပျက်တတ်သော ရုပ်နာမ် ခန္ဓာ သစ္စာ်ရတရားတို့သည်။ ဒုက္ခာ၊ ဒုက္ခတရားတို့သာတည်း။ နိရောဓော၊ ချုပ်ခြင်းသည်။ ဝါ၊ နိရောဓော အနုပါဒိယေသအားဖြင့် အကြွင်းမဲ့ ချုပ်ခြင်းသည်။ သုခေါ၊ ချမ်းသာအစစ်တည်း။ ဣတိ၊ ဤသို့။ ဉာတံ၊ သုခနှင့် ဒုက္ခကို ခဲခြမ်းခြင်သိတတ်သောဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပညာယ၊ ပညာဖြင့်။ ဉာတံ၊ သိသော။ ဒိဋ္ဌံ၊ မြင်သော။ ဝိဒိတံ၊ ပိုင်းခြားသိသော။ သစ္ဆိကတံ၊ မျက်မှောက်ပြုသော။ ဝါ၊ ဖြစ်လိုခြင်းကို ပယ်၍ ချုပ်ခြင်းကို နှစ်သက်သော။ ဖုသိတံ၊ ဖြစ်ခြင်း ကင်းသော ချုပ်သော ငြိမ်းသော အဇာတ အပဝတ္တ အနုပ္ပါဒ အသင်္ခတ နိဗ္ဗာန်သဘောကို အာရမ္မဏိက မဂ်စိတ်ဖြင့် တွေ့ထိသော။ ယံ၊ အကြင် တိကွဉ္စုပဂ္ဂိုလ်ကို။ ဒိဋ္ဌပုတ္တောတိ၊ ဒိဋ္ဌပုတ္တပုဂ္ဂိုလ်ဟူ၍။ ဝါ၊ ဒဿန ဟူသော ဉာဏ်အမြင်ဖြင့် လျင်စွာ မဂ်သို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဒုက္ခနှင့် သုခကို ခဲခြားနိုင်က မဂ်သို့ ရောက်နိုင်ပါသည် ဟူလို။

နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုခြင်း၌ ပဋိသမ္ဘိဒါမဂ်အရ ဘာဝနာ ပွါးပုံ

"ဥပ္ပါဒေါ သစ္စာ်ရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ။[၂]

ဥပ္ပါဒေါ၊ ခန္ဓာဇာတိ ဖြစ်ရခြင်းသည်။ သစ္စာ်ရာ၊ ဥပါဒ် ဌီ ဘင်ဖြင့် ဖြစ်တတ် ပျက်တတ်သော။ ဝါ၊ ကံ စိတ် ဥတု အာဟာရတို့ဖြင့် အဖန်ဖန် ပြုပြင်အပ်သော သစ္စာ်ရ ဒုက္ခသစ္စာတရားတို့သာတည်း။ အနုပ္ပါဒေါ၊ မဖြစ်ရခြင်းသည်။ ဝါ၊ ဇာတိချုပ်ငြိမ်းရခြင်းသည်။ နိဗ္ဗာနံ၊အသင်္ခတနိဗ္ဗာန်ပေတည်း။ တနည်း–နိဗ္ဗာနံ၊

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၉၈။ (ကျမ်းရင်းပဋိသမ္ဘိဒါမဂ်-နှာ-၂၄၈။)
၂။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၇။

ဥပါဒ်ဌီ ဘင်ဟူသော ဖြစ်ခြင်း ပျက်ခြင်းကင်းသော အဇာတ အသခ်ံတ နိဗ္ဗာန်ပေတည်း။

ဤသို့ ဘာဝနာပွါးလျှင် ဖြစ်ခြင်း၌ ပျက်တတ်သော ဒုက္ခကို မြင်သဖြင့် ဖြစ်ခြင်းမရှိသော အသခ်ံတ နိဗ္ဗာန်ကို ညွတ်လတ္တံ့။ ဝါ၊ နှစ်သက်လတ္တံ့။ဤသို့ နိဗ္ဗာန်ကိုနှစ်သက်လျှင်၊ ဝါ၊ ချုပ်ခြင်းကိုနှစ်သက်လျှင် ဖြစ်လိုသောဘဝတဏှာ ပယ်မှုကိစ္စ ပြီး၏။ ထိုသို့ ဘဝတဏှာပယ်မှု ပြီးစီးခြင်းသည်ပင်လျှင် မဂ်ကိစ္စ ၄-ပါး ပြီး၏။

မဂ်ကိစ္စပြီးစီးပုံကား--ဇာတိချုပ်ခြင်းကို နှစ်သက်က ဖြစ်ခြင်းရှိသမျှ ရုပ်နာမ်တရားတို့ကို ဒုက္ခသစ္စာဟု သိခြင်းကိစ္စပြီး၏။ အဘယ်ကြောင့်ဆိုသော် ချုပ်ခြင်းကို နှစ်သက်က ဖြစ်ခြင်း၌အပျက် ဟူသောအပြစ်ကိုမြင်မှုကိစ္စ အန္တောဂဓဖြစ်သောကြောင့်တည်း။ ဇာတိချုပ်ခြင်းကိုနှစ်သက်လျှင် ဇာတိဖြစ်လိုမှု ဘဝတဏှာပယ်မှုကိစ္စပြီး၏။ အဘယ်ကြောင့်ဆိုသော် ချုပ်မှုကိုနှစ်သက်ခြင်းသည် မည်သည့် ဘဝဇာတိကိုမျှ အလိုမရှိတော့ပါဟူသော တဏှာပယ်မှု အန္တောဂဓ ဖြစ်သောကြောင့်တည်း။

ယင်းသို့ ဘဝတဏှာပယ်မှု ပြီးစီးခြင်းပင်လျှင် ဇာတိနိရောဓ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စပြီး၏။ အဘယ်ကြောင့်ဆိုသော် တဏှာမရှိက ဇာတိချုပ်မှု အန္တောဂဓဖြစ်သောကြောင့်တည်း။ ဖြစ်လိုသောတဏှာကို ပယ်စွန့်သော မဂ်စိတ်ဖြစ်ခြင်းသည်ပင်လျှင် မဂ္ဂသစ္စာပွါးမှုပြီး၏။

ဤ၌ သစ္စာဖွဲ့သော် ဖြစ်ခြင်းရှိသမျှ သခ်ါရ ရုပ်နာမ်တို့သည် ဒုက္ခသစ္စာမည်၏။ ထိုသခ်ါရတရားတို့ကို ခင်တွယ်နှစ်သက်ခြင်း တဖန် ဘဝသစ်ကို အလိုရှိခြင်းတို့သည် တဏှာ သမုဒယသစ္စာမည်၏။ ဖြစ်ခြင်းကင်းသော အနုပါဒသဘောကား နိဗ္ဗာန်မည်၏။ ဖြစ်တတ် ပျက်တတ်သော ဒုသခ်ံတသက္ခဏာကို ရှုရှု၍ နိဗ္ဗာန်ကို အာရုံပြုကာ ကျင့်ခြင်းသည် မဂ္ဂသစ္စာမည်၏-ဟူလို။

"အနုပါဒါဒေါ နိဗ္ဗာနံ"[၁] ဟူသောပါဠိအရ မဖြစ်ခြင်းကို နှစ်သက်ပါ၏။ သို့ရာတွင် မဖြစ်အောင် အဘယ်ကဲ့သို့ မဂ်ဒုက္ခကို ကျင့်ရပါမည်နည်းဟု တဖန်

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၇။

မေးသည်ရှိသော် ဖြစ်လိုသော ဘဝတဏှာကြောင့် ဇာတိစသော ဒုက္ခမပြတ် မလပ် အထပ်ထပ်ဖြစ်နေ၏။ ထိုကြောင့် ထိုဖြစ်လိုသော တဏှာ စသည်တို့ကို ပယ်စွန့်နိုင်ခြင်းငှါ ခန္ဓာ၌ရှိသော ဇာတိ ဇရာ ဗျာဓိ မရဏ အနိစ္စ ဒုက္ခ အနတ္တ အစရှိသောအပြစ်တို့ကို နာနာရှုမှုပင်တည်း။ ထိုသို့ရှုက ဖြစ်လိုသောဘဝတဏှာ ချုပ်၏။ တဏှာချုပ်သဖြင့် ဥပါဒါန် ကံတို့လည်းချုပ်ရကား မင်္သိုဆိုက်ရောက်နိုင်ပါသည်။ ဤ၌ ဇာတိ ဇရာ ဗျာဓိ မရဏတို့ကိုရှုသဖြင့် ဒုက္ခသစ္စာထင်မြင်လျှင် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ပယ်မှုလည်း အနွှောဂဓ ဖြစ်ပါသည် ဟူလို။

ဒုက္ခသစ္စာကိုမြင်သိက သက္ကာယဒိဋ္ဌိချုပ်ရပုံကို ပြလိုသော ဝိသုဒ္ဓိမဂ်အာဋ္ဌကထာ ဆရာသည်–

> "ဒုက္ခညာဏံ ပရိယုဋ္ဌာနာဘိဘဝနဝသေန သက္ကာယဒိဋ္ဌိ နိဝတ္တတိ၊ ကသ္မာ သုဒ္ဓသင်္ခါရပုဉ္ဇဒဿနတော။"[၁]

ဟု မိန့်၏။

ဒုက္ခညာဏ်၊ ဒုက္ခသစ္စာကို သိသောဉာဏ်သည်။ ပရိယုဋ္ဌာနာဘိဘဝနဝသေန၊ ဒိဋ္ဌိစသော ကိလေသာတို့ထိုးထွင်းနှိပ်စက်သည်၏ အစွမ်းဖြင့်။ပတ်တံ၊ဖြစ်သော။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို။ နိဝတ္တတိ၊ နစ်စေ၏။ ကသ္မာ၊ ကား။ သုဒ္ဓ-သင်္ခါရပုဉ္ဇဒဿနတော၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရှိသော သင်္ခါရဒုက္ခအစု အပုံမျှ၏အဖြစ်ကို ဟုတ်မှန်စွာ မြင်သိသည်၏ အဖြစ်ကြောင့်တည်း။

အဓိပ္ပါယ်ကား—ဒုက္ခသစ္စာ နာမ်ရုပ်မှတပါး သတ္တ ဇီဝသဘောမရှိသည်ကို မြင်သိသဖြင့် သက္ကာယဒိဋ္ဌိ ချုပ်ရ၏။ အဘယ်ကြောင့်နည်း။ ထိုခန္ဓာ ၅-ပါး၌ မအိုရန် မနာရန် မသေရန် အစိုးမရ အနတ္တ လက္ခဏာကို ကိုယ်တွေ့ဒိဋ္ဌမြင်သိသည်၏ အဖြစ်ကြောင့်တည်း။

သမုဒယသစ္စာကို မြင်သိက ဥစ္ဆေဒဒိဋ္ဌိ ချုပ်ရပုံကို ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာသည်—

၁။ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၄၂။ (အကြောင်းအပါ)

"သမုဒယဉာဏံ ဥစ္ဆေဒဒိဋ္ဌိ နိဝတ္တေတိ၊
ကသ္မာ ဟေတုဖလသမ္ပန္နအဝိစ္ဆေဒဒဿနတော။"[၁]
ဟု မိန့်၏။

သမုဒယဉာဏံ၊ သမုဒယသစ္စာကိုသိသော ဉာဏ်သည်။ ဥစ္ဆေဒဒိဋ္ဌိ၊ ကို။ နိဝတ္တေတိ၊ နှစ်စေ၏။ တနည်းကား။ ဥစ္ဆေဒဒိဋ္ဌိ၊သတ္တဝါရှိ၏, ထိုသတ္တဝါသည် သေလျှင် ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိကို။ နိဝတ္တေတိ၊ ချုပ်ငြိမ်းစေ၏။ကသ္မာ၊ ကား။ ဟေတုဖလသမ္ပန္နအဝိစ္ဆေဒ ဒဿနတော၊ ကမ္မဝိပါကအားဖြင့် ခန္ဓာ ၅-ပါးတို့၏ အကြောင်း အကျိုးစပ်၍ မပြတ်ဖြစ်ပျက်နေပုံကို မြင်သိသည်၏ အဖြစ်ကြောင့်တည်း။

အဓိပ္ပါယ်မှာ—ဤဌ သတ္တဝါ၏ ဖြစ်ခြင်းမဟုတ်၊ကမ္မဝိပါကအားလျော်စွာ အကြောင်းအကျိုးစပ်၍ ရုပ် နာမ် ခန္ဓာတို့ ဖြစ်ပျက်နေမှုသာတည်းဟု မြင်သိသောကြောင့် ဟူလို။

နိရောဓသစ္စာကို မြင်သိသဖြင့် သဿတဒိဋ္ဌိချုပ်ရပုံကို ပြလိုသော အဋ္ဌကထာဆရာသည်-

"နိရောဓဉာဏံ သဿတဒိဋ္ဌိ နိဝတ္တေတိ၊
ကသ္မာ ဟေတုနိရောဓာ ဖလနိရောဓောတိ ဒဿနတော။"[၁]
ဟု မိန့်၏။

နိရောဓဉာဏံ၊ ဇာတိစသော ဒုက္ခ ချုပ်ငြိမ်းသော အဇာတနိဗ္ဗာန်ကိုမြင်သိသော နိရောဓဉာဏ်သည်။ သဿတဒိဋ္ဌိ၊ သတ္တဝါရှိ၏, ဘယ်တော့မှ မသေဟု ယူသော သဿတဒိဋ္ဌိကို။ နိဝတ္တေတိ၊ နှစ်စေ၏။ ကသ္မာ၊ ကား။ ဟေတုနိရောဓာ ဖလနိရောဓောတိ ဒဿနတော၊ ကံစသောအကြောင်းတို့ချုပ်သဖြင့် အကျိုးဝိပါက ဒုက္ခချုပ်ငြိမ်း၏, သတ္တဝါ ချုပ်ငြိမ်းမှုမဟုတ်ဟု မြင်သိသည်၏ အဖြစ်ကြောင့်တည်း။

(အဓိပ္ပါယ်လှယ်၏)။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၄၂။ (အကြောင်းမပါ)

မဂ္ဂသစ္စာကို မြင်သိသဖြင့် အကိရိယဒိဋ္ဌိ ချုပ်ရပုံကို ပြလိုသော အဋ္ဌကထာဆရာသည်–

"မဂ္ဂဉာဏံ အကိရိယဒိဋ္ဌိံ နိဝတ္တေတိ၊
ကသ္မာ အတ္တကာရကာဿ ပစ္စက္ခဒဿနတော။"[၁]

ဟု မိန့်၏။

မဂ္ဂဉာဏံ၊ မဂ္ဂသစ္စာကို သိသောဉာဏ်သည်။ အကိရိယဒိဋ္ဌိံ၊ အကိရိယဒိဋ္ဌိကို။ ဝါ၊ ကံကိုပြုခြင်းဌ် အကျိုးဒေပြစ်မရှိဟူ ကံ၏ အကျိုးကို တားမြစ်၍ ယူသော အကိရိယဒိဋ္ဌိကို။ နိဝတ္တေတိ၊ နှစ်စေ၏။ ကသ္မာ၊ ကား။ အတ္တကာရကာဿ၊ မိမိပြုသောအမှု၏။ ဝါ၊ လောဘ ဒေါသ မောဟစသော ကိလေသာချုပ်ငြိမ်းမှုတို့ကြောင့် ရအပ်သော နိဗ္ဗာနသုခအကျိုးကို။ ပစ္စက္ခဒဿနတော၊ မျက်မှောက်ထင်ထင် မြင်သိသည်၏ အဖြစ်ကြောင့်တည်း။

ဤသို့လျှင် သစ္စာ ၄-ပါးကို မြင်သိက သက္ကာယဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ,သဿတဒိဋ္ဌိ, အကိရိယဒိဋ္ဌိစသော ၆၂-ပါးသော ဒိဋ္ဌိတို့ အကုန်ချုပ်လေတော့၏ဟူလို။

ထို့ပြင်-ထိုသစ္စာလေးပါးတို့ကား အရိယာတို့၏ ဉာဏ်ကျက်စားရာဟု ပြလိုသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆရာသည်–

"ဗာဓန ပဘဝ သန္တိ နိယျာနပ္ပကာရေန အရိယ-
ဉာဏဿ ဂေါစရော ဟောတိ ယေဝ။"[၂]

ဟု မိန့်ဆို၏။

ဗာဓန ပဘဝ သန္တိ နိယျာနပ္ပကာရေန၊ ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်သော ဗာဓန လက္ခဏာရှိသော ဒုက္ခသစ္စာ, ဇာတိစသော ဒုက္ခတို့၏ အမှန်အစဖြစ်သော ပဘဝလက္ခဏာ သမုဒယသစ္စာ, ဒုက္ခခပ်သိမ်း အေးငြိမ်းသော သန္တိလက္ခဏာ နိရောဓသစ္စာ, ဒုက္ခသမုဒယ ၂-ပါးကို ချုပ်ငြိမ်းစေ

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ ၄၂ (အကြောင်းမပါ)
၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၇-၌ နိယျာနပ္ပကာရေန တစ္ဆာဝိပရိတဘူတဘာဝေန-ဟု ရှိသည်။

တစ်သော နိယျာနလက္ခဏာ မဂ္ဂသစ္စာ ဤသို့အားဖြင့်ပြားသော သစ္စာတို့သည်မူကား။ အရိယဉာဏသဃ၊ အရိယာပုဂ္ဂိုလ်တို့ ဉာဏ်၏။ ဂေါစရော၊ ကျက်စားရာအာရုံသည်။ ဟောတိယေဝ၊ ဖြစ်သလျှင်ကတည်း။

မဟာသတိပဋ္ဌာန် သစ္စပဗ္ဗဒ်ဤ သစ္စာလေးပါးကို ဆင်ခြင်ရန် ဟောတော်မူသည် ဟူလို။

အရိယာတို့၏ ကျက်စားရာအာရုံ ပြဆိုပုံ ပြီးပြီ။

ထိုသစ္စာလေးပါးကို ဆင်ခြင် သုံးသပ်ခြင်းသည် ဓမ္မာနုပဿနာ သတိပဋ္ဌာန်လည်း ဖြစ်၏။ ဓမ္မဝိစယ သဒ္ဒမှာဇ္ဈင်လည်းဖြစ်၏ဟု ဝိဂြိုဟ်နှင့်တကွ ပြလိုသော အဋ္ဌကထာဆရာသည်—

"စတုသစ္စဓမ္မေ ဝိစိနာတီတိ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ" ဟူ၏။

စတုသစ္စဓမ္မေ၊ သစ္စာလေးပါး တရားတို့ကို။ ဝိစိနာတိ၊ တေဘုမ္မက ခန္ဓာတို့သည် ဗာဓန လက္ခဏာရှိသော ဒုက္ခသစ္စာ သာတည်း, လောဘမူစိတ် ရှစ်ခုဥ်ယှဉ်သော တဏှာသည် ဒုက္ခ၏ အမှန်အစဖြစ်သော သမုဒယသစ္စာသာတည်း, ဒုက္ခသမုဒယတို့ ချုပ်ငြိမ်းခြင်းသည် ဖြစ်ခြင်း ပျက်ခြင်း ကင်းသဖြင့် သန္တိ-လက္ခဏာရှိသော နိဗ္ဗာန်တည်း, ထိုဒုက္ခ, ဒုက္ခသမုဒယ တို့ကို ချုပ်စေတတ်သော မဂ်အကျင့်သည် မဂ္ဂသစ္စာတည်းဟု ဆင်ခြင် သုံးသပ် တတ်၏။ ဤတိ တသ္မာ၊ ထို့ကြောင့်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်မည်၏။

ထိုပြင် သစ္စာလေးပါးဥ် ဒဋ္ဌိကမ္မအားဖြင့် မြဲမြံခိုင်ခဲ့စေခြင်းငှါ လက္ခဏာရသနှင့်တကွ ပြလိုသော အဋ္ဌကထာ ဆရာသည် ---

"ဗာဓနလက္ခဏံ ဒုက္ခသစ္စံ၊ သန္တိပဿနရသံ၊ ပဝတ္တိပစ္စုပဋ္ဌာနံ"[၁] ဟူ၏။

ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာသည်။ ဗာဓနလက္ခဏံ၊ ညှဉ်းပန်းနှိပ်စက်ခြင်းလက္ခဏာရှိ၏။ သန္တိပဿနရသံ၊ ပူပန်ခြင်း ကိစ္စရှိ၏။ ပဝတ္တိပစ္စုပဋ္ဌာနံ၊ ဖြစ်ခြင်းရှိသောကြောင့်ဟု ဉာဏ်အား ရှေးရှုထင်၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၆၂-စသည်။

ဤ၌ အကြင်ပညာရှိသည် ထိုဒုက္ခသစ္စာကို ဓမ္မဝိစယသမ္မောဇ္ဈင်ဖြင့် အကယ်၍ ဆင်ခြင်ငြားအံ့၊ ဖြစ်ခြင်းရှိသောကြောင့်သာလျှင် အိုမှု နာမှု သေမှု ပူပန်ကြောင့်ကြရမှု အပါယ်ကျမှုတို့နှင့် တွဲသဖြင့် ဆင်းရဲ၏။ အကယ်၍ ခန္ဓာဇာတိချုပ်လျှင် မည်သည့်ဒုက္ခမှ မရှိတော့ပြီ ဟူ၍ ဖြစ်ခြင်း ချုပ်ခြင်းတို့၏ အကျိုး အပြစ်တို့ကို ကောင်းစွာ မြင်သိနိုင်ပါသည်။ မင်္ဂလာစ မပြီးသေးသော ပုဂ္ဂိုလ်များမှာ အထက်မင်္ဂလာတက်ရန် အလွန်သင့်လျော်သော ဇောဇ္ဈင်ပင် ဖြစ်ပေသည် ဟူလို။

ဒုက္ခသစ္စာ ဆင်ခြင်ရန် ပြဆိုချက် ပြီးပြီ။

ပဘဝလက္ခဏံ သမုဒယသစ္စံ၊ ဒုက္ခအနုဗန္ဓနရသံ၊
ပလိဗောဓပစ္စုပဋ္ဌာနံ။[၁]

သမုဒယသစ္စံ၊ တဏှာ သမုဒယသစ္စာသည်။ ပဘဝလက္ခဏံ၊ ဒုက္ခ၏ အမှန် အစဟူသော လက္ခဏာရှိ၏။ ဒုက္ခ အနုဗန္ဓနရသံ၊ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခတို့ကို အစဉ် ဖွဲ့စပ်ခြင်း ကိစ္စရှိ၏။ ပလိဗောဓပစ္စုပဋ္ဌာနံ၊ ဝဋ်မှ ထွက်မြောက်ခြင်းကို တားမြစ် နှောက်ယှက်တတ်သောတရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

ထိုကြောင့်ပင်လျှင် တဏှာနဒီ, တဏှာသမုဒ္ဒ, ဒုပ္ပူရဏဒ္ဌော ဟု မြစ်ကဲ့သို့ စီးဝင်ခြင်း မျော်ပါးစေခြင်း သမုဒ္ဒရာကဲ့သို့ ပြည့်စေနိုင်ခဲခြင်း ဟူသော သဘောတို့ကို ပြဆိုတော် မူကြပေသည် ဟူလို။

သမုဒယသစ္စာ ပြီးပြီ။

သန္တိလက္ခဏံ နိဗ္ဗာနံ၊ နိဝတ္တိလက္ခဏံ ဝါ အသင်္ခတလက္ခဏံ ဝါ၊ အစ္စုတိရသံ၊ အဿာသကရဏရသံ ဝါ၊ အနိမိတ္တာ ပစ္စုပဋ္ဌာနံ။[၂]

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ဒုက္ခခပ်သိမ်း အေးငြိမ်းခြင်းလက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ နိဝတ္တိလက္ခဏံ၊ ဒုက္ခဝဋ်တို့ ဆုတ်နစ် ချုပ်ပြတ် ငြိမ်းစဲ

၁။ ဝိဘင်းအဋ္ဌကထာ-နှာ-၇၉(ရသ-မတ္ထ)
၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၆-၁၃၉။ဝိဘင်းအဋ္ဌကထာ-နှာ-၇၉-ကြည့်ပါ။

ခြင်း လက္ခဏာရှိ၏။ ဝါ၊ တနည်းကား။ အသခ်ံတလက္ခဏံ၊ တဖုံတခုသော အကြောင်းမျှ မပြုပြင်အပ်သော လက္ခဏာရှိ၏။ အစ္စုတိရသံ၊ မရွှေ့ခြင်း ကိစ္စ ရှိ၏။ ဝါ၊ တနည်းကား။ အဃာသကရဏရသံ၊ သံသရာဘေးကို ထိတ်လန့်သော သူတို့၏စိတ်ကို တာဏ လေဏ ပရာယန အနေဖြင့် သက်သာရာရစေခြင်း ကိစ္စ ရှိ၏။ အနိမိတ္တာပစ္စုပဋ္ဌာနံ၊ ခန္ဓာနိမိတ်ကင်းသော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

ခန္ဓာရှိလျှင် ပျက်မှုဒုက္ခရှိ၏။ နိဗ္ဗာန်၌ ခန္ဓာနိမိတ်မရှိသောကြောင့် ပျက်မှု ဒုက္ခမျှ မရှိတော့ပြီဟူလို။

နိရောဓသစ္စာ ပြီးပြီ။

မှတ်ယူလွယ်ခြင်းငှါ—ဒုက္ခဟူသမျှ အဖြာဖြာ၊ ခန္ဓာ၌သာ တည်ရှိမှုချ။ ခန္ဓာဇာတိချုပ်ခဲ့လျှင် ဒုဘယ်မှာလျှင် ဒုက္ခရှိတော့မလဲ။ ဒုက္ခနိရောဓနိဗ္ဗာန်ဟု ဆိုသည်မှာ ခန္ဓာအသစ် မဖြစ်မူ၍ ချုပ်သော၊ ဝါ၊ ခန္ဓာအကြွင်းမရှိမူ၍ ချုပ်သော အနုပါဒိသေသ နိဗ္ဗာန်ကိုပင် မှတ်ဖို့ပါပဲ။

နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊ ကိလေသပဗွဟာနရသံ၊
ဝုဋ္ဌာနပစ္စုပဋ္ဌာနံ။[1]

မဂ္ဂသစ္စံ၊ သည်။ နိယျာနလက္ခဏံ၊ ဝဋ်မှ ထုတ်ဆောင်ခြင်းလက္ခဏာရှိ၏။ ကိလေသပဗွဟာနရသံ၊ ဇာတိ စသော ဒုက္ခတို့ကို ဖြစ်စေတတ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော ကိလေသဝဋ်တို့ကို ပယ်သတ်ခြင်းကိစ္စရှိ၏။ ဝုဋ္ဌာန-ပစ္စုပဋ္ဌာနံ၊ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ဟူသော ဝဋ် ၃ ပါးတို့မှ ထမြောက်တတ်သော တရားဟူ၍။ ဝါ၊ သံသရာဝဋ်မှ ထွက်မြောက်တတ်သောတရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။

မဂ္ဂသစ္စာ၌ သမ္မာဒိဋ္ဌိမဂ္ဂင်သည် သစ္စာလေးပါးကို မြင်သိတတ်၏။ ထို့သို့ မြင်သိသဖြင့် ဝဋ်ကိုဖဲ့တတ်သော အဝိဇ္ဇာ တဏှာ မိစ္ဆာဒိဋ္ဌိတို့ ချုပ်ရကုန်၏။ ထိုကြောင့် ဝဋ်မှ ကျွတ်လွတ်ခြင်းသို့ ရောက်နိုင်လေတော့၏ဟူလို။

၁။ ဝိဘင်းအဋ္ဌကထာ-နှာ- ၈၀။

ဝဋ်၏ အဓိပ္ပါယ်ကား–ထပ်ခါထပ်ခါဖြစ်၍ နေမှုကို ဆိုလို၏။ ဥပမာ–သစ္စာမသိမှုဟူသော အဝိဇ္ဇာ၊ အနုတ္တကို မမြင်သော အတ္တဒိဋ္ဌိ၊ ကာမဘဝ စသည်ကို တပ်သောတဏှာ။ ဤအဝိဇ္ဇာ ဒိဋ္ဌိ တဏှာတို့သည် ကိလေသဝဋ်မည်၏။ သံသရာဝဋ်၌ ကျင်လည်ကြောင်းဖြစ်သော ကုသိုလ်ကံ-အကုသိုလ်ကံတို့ကို ထပ်ခါထပ်ခါပြုနေရခြင်းသည် ကမ္မဝဋ်မည်၏။ ထိုကမ္မဝဋ်အားလျော်စွာ ဥဒ-ဘုံ၌ ခန္ဓာဇာတိဒုက္ခတို့သည် ရဟတ်ချား ဆုံလည်နွှားး ဥပမာကဲ့သို့ တဝဲလယ်လယ် ပဋိသန္ဓေနေရမှု အိုမှု နာမှု သေမှုတို့မှ မလွှတ်မှုကို ဝိပါကဝဋ်ဟုဆို၏။ တနည်း–မဖြစ်ချင် မနေရ မပျက်ချင် မနေရ မနာချင် မနေရ မသေချင် မနေရ မပူပန်ချင် မနေရ အပါယ်မကျချင် မနေရ မဝတ်ချင် မနေရ မစားချင် မနေရ မသောက်ချင် မနေရ စားသောက် နေထိုင်ရာ၌ ပစ္စည်းမရှာချင် မနေရ၊ ဤသို့ အလိုမရှိသော်လည်း မတားမြစ်နိုင်ခြင်းသည် ဝိပါကဝဋ် မည်၏။

ဤ ဝိပါကဝဋ်တို့၌ အပြစ် အာဒီနဝကို သမ္မာဒိဋ္ဌိ မဂ်အကျင့်ဖြင့် မြင်သိ၍ တဏှာကို ပယ်က ဝိပါကဇာတိချုပ်ရ၏ ဟူလို။

မဂ္ဂသစ္စာ ပြီးပြီ။

နိဗ္ဗာန်၏ သန္တိလက္ခဏ ဖြစ်ပုံ

နိဗ္ဗာန်၏ သန္တိလက္ခဏာကို အနည်းငယ်ရှင်း၍ ပြဦးအံ့—

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်းလက္ခဏာရှိ၏။

အဓိပ္ပါယ်မှာ–နိဗ္ဗာန်၌ ရာဂ စသော တဆယ့်တပါးသော မီးတို့၏ တည်ရာခန္ဓာပင် မရှိသောကြောင့် ဒေါသပူမရှိ။ ထိုကြောင့် အပူ၏ ဆန့်ကျင်ဘက်အားဖြင့် အေးသည် မည်၏။ ထိုပြင် သခါရတရား၌ ခန္ဓာဖြစ်ခြင်းရှိသောကြောင့် ဇာတိဒုက္ခ စသော ဒုက္ခတို့ဖြစ်၏။ နိဗ္ဗာန်မူကား ခန္ဓာဖြစ်ခြင်းပင် မရှိသောကြောင့် ဒုက္ခမရှိသဖြင့် ဖြစ်ပျက်ခြင်း ဒုက္ခမှ လွတ်၏။ ထိုကြောင့် ဒုက္ခမငြိမ်းခြင်း၏ ဆန့်ကျင်ဘက်အားဖြင့် ဒုက္ခငြိမ်းသည် မည်၏ ဟူလို။

မိမိခန္ဓာကို သစ္စာဖွဲ့၍ ရှုနည်း

မိမိတို့သန္တာန်၌ ယခု ရှိနေသော ခန္ဓာကို သစ္စာဖွဲ့၍ ဒိဋ္ဌ ကိုယ်တွေ့ ရှုနည်းကို ပြဦးအံ့—

ရှုပုံကား-မိမိတို့ သန္တာန်၌ ယခုရှိသော ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှိုနှလုံး အသည်း အမြှေး အဖျင်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် ဟူသော ကကွဋ္ဌလကွဏာရှိသော ပထဝီကောဋ္ဌာသ ၂၀။

သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ် ဟူသော ဖွဲ့စည်းခြင်းလက္ခဏာရှိသော အာပေါဓာတ် ၁၂။

ယေန သန္တပ္ပတိ၊ ယေန ဇီရတိ၊ ယေန ပရိဒယ္ဟတိ၊ ယေန အသိတ ပီတ-ခါယိတ သာယိတံ သမ္မာပရိဏာမံ ဂစ္ဆတိ ဟူသော တေဇောဓာတ် ၄။

ဥဒ္ဓင်္မဝါတ အဓောဂမဝါတ ကုစ္ဆိသယဝါတ ကောဋ္ဌာသယဝါတ အင်္ဂမင်္ဂါ-နုသာရိဝါတ အဿာသပဿာသဝါတ ဟူသော ထောက်ကန် လှုပ်ရှားခြင်း လက္ခဏာရှိသော ဝါယောဓာတ် ၆-ပါး။

ပေါင်း ပထဝီ ၂၀၊ အာပေါ ၁၂၊ တေဇော ၄၊ ဝါယော ၆၊ ၄၂-ကောဋ္ဌာသ ဟူသော မြေ ရေ လေ မီး ဟူသော ဓာတ်ကြီး ၄-ပါး။ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟဒယ ဝတ္ထု ဇီဝိတိန္ဒြေ လက် စသော ရုပ်တို့ကိုငင်း

သုခ ဒုက္ခကို ခံစားတတ်သော ဝေဒနာ, အမှတ်ပြု၍ သိတတ်သော သညာ, ကုသိုလ် အကုသိုလ် စသော ကိစ္စကြီးငယ် ပြီးစီးစေခြင်းငှါ စေ့ဆော်တတ်သော ဝေဒနာ သညာမှ ကြွင်းသော သင်္ခါရက္ခန္ဓာ, အာရုံကို သိတတ်သော ဝိညာဏက္ခန္ဓာတို့ကိုငင်း အကြောင်းအားလျော်စွာ ဖြစ်ပြီး၍ ပျက်တတ်သောကြောင့် ဒုက္ခသစ္စာသာတည်းဟု ရှုအပ်၏။

ထို ဒုက္ခသစ္စာတရားတို့ကို အလိုရှိသော ရှေးရှေးဘဝက တဏှာကို သမုဒယသစ္စာဟု ရှုအပ်၏။

ထို့ကဲ့သို့ဆိုသော ခန္ဓာ အာယတနတို့နှင့်တကွ တဏှာ သမုဒယတို့၏ ချုပ်ခြင်းကို နိရောဓသစ္စာဟု ရှုအပ်၏။

ထို့ ဒုက္ခ သမုဒယ ၂-ပါးကို ချုပ်ငြိမ်းစေတတ်သော မဂ်အကျင့်ကို၊ ဝါ၊ စက္ခု စသော ရုပ် နာမ် ခန္ဓာတို့၌ရှိနေသော ကက္ခဋ ဖုသန စသော သဘာဝလက္ခဏာ, အနိစ္စ ဒုက္ခ အနတ္တ ဟူသော သာမညလက္ခဏာတို့ကို ရှုသဖြင့် ဘဝတဏှာ စသည်တို့ကား ချုပ်ငြိမ်းစေသော သမ္မာဒိဋ္ဌိ စသော အကျင့်ကို မဂ္ဂသစ္စာ ဟု ရှုအပ်၏။

ဤ၌ သတိပဋ္ဌာန်-ယခုရှိသော စက္ခု သောတ ဃာန ဇိဝှါ ကာယ မန ဟူသော နာမ်ရုပ်တို့ကို တဏှာဒိဋ္ဌိဖြင့် ငါ-ငါ၏ ဥစ္စာဟု မရှုအပ်။ အဘယ်ကြောင့် နည်းဟူမူကား ဤသို့ ရှုလျှင် အနာဂတ်၌ ဇာတိ စသော ဒုက္ခကို ဖြစ်စေတတ်သောကြောင့်တည်း။

ထိုကြောင့် ယခု ပစ္စုပ္ပန်၌ ဖြစ်ပျက်နေသော ခန္ဓာ အာယတနတို့သည် ပရမတ္ထအားဖြင့် ငါမဟုတ်၊ ငါ၏ဥစ္စာမဟုတ်။ စင်စစ်မူကား မမြဲသော ဆင်းရဲသော အစိုးမရ အလိုသို့မလိုက်သော အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာ တရားတို့သာတည်းဟု ရှုအပ်၏။ ထိုသို့ရှု၍ တဏှာ ဒိဋ္ဌိ ဟူသော ဥပါဒါန်ကို ပယ်လျှင် ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ်သဖြင့် ယခုပစ္စုပ္ပန် ဘဝမှာပင်လျှင် သောတာပန် စသည် တည်နိုင်လေတော့၏ ဟူလို။

သောတာပတ္တိမဂ်ကို ရရန်အကျင့်နှင့် အထက်မဂ်အကျင့် ခြားနားပုံ

သောတာပတ္တိမဂ်ကို ရရန်အကျင့်နှင့် အထက်မဂ် ၃-ပါး ရရန်အကျင့်တို့၏ ခြားနားပုံကို ပြဦးအံ့-

သောတာပတ္တိမဂ်သည် သစ္စာ ၄-ပါးတို့၌ ယုံမှားခြင်း ကင်းလျှင် ဒဿန-ပဟာတဗ္ဗကိစ္စ ပြီးစီးနိုင်လေတော့၏။ထိုကြောင့် လူဖြစ်စေ ရဟန်းဖြစ်စေ သစ္စာကို မြင်သိတတ်သော ဗဟုသုတသာ လိုရင်းဖြစ်၏။ လူ ဥပါသကာ ဥပါသိကာ များမှာ အထက်မဂ်နှင့်ဆိုင်သော ကာမရာဂ ဗျာပါဒ ဥဒ္ဓစ္စတို့ကို ပယ်နိုင်လျှင်ကောင်း၏။ အကယ်၍ မပယ်နိုင်သဖြင့် သား မယားနှင့် နေစေကာမူ သစ္စာကို

မြင်သိနိုင်သော ဗဟုသုတရှိက သောတာပန် တည်နိုင်ပါသည်။ သစ္စာမြင်သိနည်းတို့မှာ အထက်၌ ပြဆိုခဲ့ပြီးသော "ဖြစ်လိုမှုကြောင့် ဖြစ်မှုဒုက္ခ၊ ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထိုဒုက္ခ" ဟု ပြဆိုထားသည့်အတိုင်း ဉာဏ်အမြင်ပေါက်ရောက်က သောတာပတ္တိမဂ်ကိစ္စ ပြီးစီးနိုင်ပါသည်ဟူလို။

သောတာပတ္တိမဂ်၌ သစ္စာမြင်သိပြီးဖြစ်သောကြောင့် အထက်မဂ် ၃-ပါးမှာ သစ္စာကို မြင်သိရန် အားထုတ်ဖို့ မလိုတော့ပြီ။ ကာမရာဂ ဗျာပါဒစသော ကိလေသာတို့ကို ဝိပဿနာဘာဝနာဖြင့်သာလျှင် ပယ်အပ်သော ကိစ္စရှိတော့၏။ ဤသို့ ပဌမမဂ်နှင့် အထက်မဂ်တို့ရရန် အကျင့်ခြားနားပုံတို့ကို မှတ်အပ်၏ဟူလို။

မိမိသည် သောတာပတ္တိမဂ်စသည်၌ တည်, မတည်ကို ဆင်ခြင်နည်း

မိမိသည် မဂ်ဖိုလ်၌ တည်, မတည် အခြင်းအရာကို မြင်သိလိုက အနတ္တလက္ခဏသုတ်တွင် မြတ်စွာဘုရားရှင် ဟောတော်မူသည့်အတိုင်း ဆင်ခြင်သုံးသပ်ပါက ကောင်းစွာမြင်သိနိုင်ပါ၏။ ထို့ကြောင့် ပါဠိတော်နှင့်တကွ ပြဦးအံ့—

> ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံ ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမ္ပီတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ။[၁]

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ ပဿံ-ပဿန္တော၊ ခန္ဓာငါးပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု မြင်သိသော။ သုတဝါ၊ သုတရှိသော။ အရိယသာဝကော၊ အရိယာဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ ရူပသ္မိံ ပိ၊ ရုပ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝေဒနာယပိ၊ ဝေဒနာကွန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သညာယ ပိ၊ သညာကွန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ သင်္ခါရေသု ပိ၊ သင်္ခါရကွန္ဓာ

၁။ ဝိနည်းမဟာဝါ ၄၁-၂၀။

တို့၌လည်း။ နိဗ္ဗိန္ဒတိ၊ ၏။ ဝိညာဏသ္မိမ္ပိ၊ ဝိညာဏကာ္ခန္ဓာ၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝါ၊ မနုစ်သက်။ ဣတိ ဧဝံ၊ ဤသို့။ နိဗ္ဗိန္ဒံ-နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့ခြင်းရှိသောသူသည်။ ဝိရဇ္ဇတိ၊ ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့၌ မဂ်စိတ်ဖြင့် တပ်ခြင်းကင်း၏။ ဝါ၊ ပယ်စွန့်၏။ ဝိရာဂါ-ဝိရာဂန္တော၊ မဂ်စိတ်ဖြင့် တပ်ခြင်းကင်းသောသူသည်။ ဝါ၊ ဘဝတဏှာကို ပယ်သောသူသည်။ ဝိမုစ္စတိ၊ ဖိုလ်စိတ်ဖြင့် ကိလေသာမှ လွတ်၏။ ဝိမုတ္တသ္မိံ၊ လွတ်ပြီးသည်၌။ ဝိမုတ္တမ္ပိတိ၊ ကိလေသာမှ လွတ်ပြီဟူ၍။ ဉာဏံ၊ သိသော ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ ဇာတိသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မြတ်သောမဂ်အကျင့်ကို။ ဝုသိတံ၊ သုံးအပ်ပြီ။ ကရဏီယံ၊ ပြုဖွယ်ရှိသောမဂ်ကိစ္စကို။ ကတံ၊ ပြုအပ်ပြီ။ အပရံ၊ နောက်၌။ ဣတ္ထတ္တာယ၊ မဂ်ဖိုလ်ရခြင်းငှါ ပြုဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့ပြီ။ ဣတိ၊ ဤသို့ သိမြင်ဆင်ခြင်အပ်၏။

ဤသို့ ဆင်ခြင်သဖြင့် သဘောတထပ်တည်း သက်ရောက်လျှင် မဂ်ကိစ္စ ပြီးပြီဟု သိအပ်၏။

လယ်တီဆရာတော်နည်း ပစ္စဝေက္ခဏာဆင်ခြင်ပုံ

ထိုပစ္စဝေက္ခဏာဆင်ခြင်ပုံကို လယ်တီဆရာတော်ဘုရား၏ ပရမတ္ထသံခိပ်အရ တနည်း ပြဆိုဦးအံ့—

“မဂ်ဖိုလ်နိဗ္ဗာန်၊ ပယ်ကြွင်းကျန်၊ ၂-တန် ကိလေသာ။
အစဉ်သိမှု၊ အမြင်ရှု၊ ၅-ခု ပစ္စဝေက္ခဏာ” ဟူ၏။

ဥပမာ–မိမိသည် သောတာပတ္တိမဂ်ကို ရသည်ဖြစ်အံ့၊ မိမိရသော မဂ်ကား သောတာပတ္တိမဂ်တည်း၊ ဖိုလ်လည်း သောတာပတ္တိဖိုလ်တည်း၊ နိဗ္ဗာန်ကား သဥပါဒိသေသနိဗ္ဗာန်တည်း။ တနည်း–အနိမိတ္တ အပ္ပဏိဟိတ သုညတ တပါး ပါးပင်တည်း။ ပယ်ပြီးသော ဒိဋ္ဌိ ဝိစိကိစ္ဆာကိလေသာကို ပယ်ပြီးပြီဟူ၍ သိခြင်း တပါး။ ကျန်သော ဝိပွယုတ် လောဘ ဒေါသ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပ ဤကိလေသာရှစ်ပါး ပယ်ရန် ကျန်သေး၏ဟု သိခြင်း တပါး၊ ဤသို့လျှင် ပစ္စဝေက္ခဏာ ၅-ဝိထီတို့ဖြင့် ဆင်ခြင်၍ ယုံမှားကင်းလျှင် မဂ်ကိစ္စလေးပါး ပြီးပြီဟု သိအပ်၏ ဟူလို။

မင်္ဂဖိုလ်၌ တည်, မတည် ကြေးမုံတရားအရ ဆင်ခြင်ပုံ

သဋ္ဌာယကနသံယုတ်ပါဠိတော်၌ မိမိသည် မင်္ဂဖိုလ်၌ တည့်, မတည့်ကို ကြေးမုံတရားအရ ဆင်ခြင်ပုံကား—

ဗုဒ္ဓံ ဓမ္မ သံဃဂုဏံ၊ တုန်လှုပ်ကင်းပ၊ အဝေစ္ဆဖြင့်၊ ကြည်ထစိတ်သန်၊ အရိယာကန္တ၊ ရှိထ ပဉ္စသီလံ၊ သက္ကာယဒိဋ္ဌိ၊ မစဲငြိက၊ ထိုပုဂ္ဂလ၊ ရအပ် သောတာပတ္တိဖလံ။ သောတာပတ္တိ ဖလ၊ တည်ထ ပုဂ္ဂလံ၊ ပါယ်ဘေးကင်းပ၊ သုဂတိဘဝ၌၊ ဖြစ်ရ ကေန်၊ ဖိုလ်လျှင် လည်းလျောင်းထ၊ ထက်မဂ္ဂအား၊ ရမှုပုံမှန်။ ဤသို့စကား၊ မိမိအား၊ ပြောကြား လွှန်ထိုက်တန်၊ (တနည်း) မိမိအား၊ ပြောကြားကြေးမုံ ဓမ္မခန်။

ကြေးမုံတရား၏ အဓိပ္ပါယ်ကို ပြဦးအံ့—

ကြေးမုံတရားနှင့် မှန်တရား အတူတူပင်တည်း။ မိမိ မျက်နှာ၌ အညစ်အကြေး ရှိ-မရှိ သိလိုသူသည် မှန်ကိုကြည့်မှသာ မြင်သိနိုင်ပေမည်။ ထိုသို့ကြည့်သဖြင့် အညစ်အကြေးရှိက သုတ်သင်လေတော့၊ မရှိက မသုတ်သင်ဟူ၍ မိမိ၏ တင့်တယ်ခြင်း၌ ဝမ်းမြောက် ကြည်လင်သောစိတ် ဖြစ်ပေါ်လေတော့၏ ဟူလို။

ထိုအတူ မိမို၌ သောတာပန်တို့ သိအပ် ကျင့်အပ်သော တရားနှင့် ညီ,မညီကို ဆင်ခြင်ရမည်။

၁။ သောတာပန်ဟူသည် သစ္စာကို သိပြီးလျှင် ဘဝတဏှာကို ပယ်သည် ဖြစ်၍,

၂။ အရိယာတို့ နှစ်သက်အပ်သော ကျိုးပေါက် ပြောက်ကျား မရှိသော လုံခြုံသော ငါးပါးသီလ ရှိသည်ဖြစ်၍,

၃။ ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှကင်း၍ ရသောပစ္စည်းဖြင့် သမ္မာအာဇီဝ ဖြစ်အောင် အသက်မွေးသည်ဖြစ်၍,

၄။ အတ္တ သတ္တ မဟုတ် အနတ္တသာတည်းဟု သက္ကာယဒိဋ္ဌိအယူကို စွန့်သည် ဖြစ်၍,

၅။ ရတနာသုံးပါး ယုံကြည်မှု၌ ဥပမာ–မုသားမပြောလျှင် သတ်မည် ဆိုဦးတော့ အသက်ကို မငဲ့မူ၍ သတ်လိုက သတ်စေတော့ မုသား မပြောတော့ဘူးဟု ခိုင်ခံ့သောစိတ်ရှိခြင်း—ဤသို့သောဂုဏ်နှင့် ပြည့်စုံက ဃောတာပန်တည်ပြီဟု ဝမ်းမြောက်အပ်၏။ မပြည့်စုံသော ဌာန ရှိလျှင် ပြည့်စုံအောင်ပြုခြင်းသည် ကြေးမုံတရား မည်၏ဟူလို။

ဖိုလ်၌တည်သောပုဂ္ဂိုလ်တို့ ဖိုလ်ဝင်စားနည်း

ဖိုလ်၌တည်သောပုဂ္ဂိုလ်တို့မှာ စျာန်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ်ဝင်စားနိုင်၏။ ဝင်စားပုံကို ဝိထိနှင့်တကွ ပြဦးအံ့—

ဖိုလ်ဝင်စားတော့အံ့ဟု စိတ်ဖြစ်သောအခါ စလနဘဝင် ဥပဇ္ဇေဒဘဝင်ဖြင့် ဘဝင်ပြတ်၏။ ထိုနောက် ရုပ်နာမ်ကို အာရုံပြု၍ဆင်ခြင်သော မနောဒ္ဒါရာဝဇ္ဇန်း စိတ္တက္ခဏတချက် ဖြစ်၏၊ ထိုနောက် ထိုရုပ်နာမ်သခ်ါရ၌ရှိသော အနိစ္စ စသော လက္ခဏာတို့တွင် တပါးပါးကို အာရုံပြု၍ အနုလုံဇော ၃-၄-ကြိမ်ဖြစ်၍ ချုပ်၏။ ထိုနောက် ဖြစ်ခြင်းမရှိသော အဇာတနိဗ္ဗာန်အာရုံ၌ အာရမ္မဏိကဖိုလ်ဇောဖြစ်၍ ထိုဖိုလ်ဇောကား အလိုရှိသမျှ အနန္တ ကျန်၏။ ကျပုံကား–ဖြစ်ခြင်းကင်းသော သဘောကား သန္တံ၊ ပဏီတံ၊ အမတံ၊ အဘယံ၊ သုခံ၊ သိဝံစသော ဂုဏ်တို့နှင့် ပြည့်စုံ၏ဟု ဖိုလ်စိတ်ဖြစ်နေမှုပင်တည်း။ ဤသို့လျှင် နိဗ္ဗာန်၏ ငြိမ်သက်မှု မွန်မြတ်မှု သေခြင်း ကင်းမှု ဘေးကင်းမှု ဒုက္ခ ကင်းမှု အေးမြမှုတို့ကို အာရုံပြု၍နေသောအခါ၊ ဥပမာ–အလွန် ပူအိုက်သောအခါ အလွန် အေးမြသော ရေအိုင်ထဲသို့ဆင်း၍ ငုပ်ချိုးသည့်အခါ အေးမြ ချမ်းသာသကဲ့သို့ဟူလို။ ဤကား “နိဗ္ဗုတိံ ဘုဥ္ဇမာနာ” အရ ပစ္စုပ္ပန်၌ ဒိဋ္ဌဓမ္မချမ်းသာ ခံစားမှုပင်တည်း။ ထိုပြင် အကြင်ပုဂ္ဂိုလ်၏စိတ်မှာ ဖြစ်မှုကင်းသော နိဗ္ဗာန်ရှိသည်အတိုင်း ဖြစ်မှုဒုက္ခမှ လွတ်ခွင့်ရပေပြီဟု မဟာကုသိုလ်စိတ်ဖြင့်လည်း ပီတိပဿဒ္ဓိ ဖြစ်၍ နေတော့၏ ဟူလို။

ဖိုလ်ဝင်စားသည့်အခါ နိဗ္ဗာန်အာရုံ၌ စိတ်တည်နေပုံ

ထိုပြင်–ဖိုလ်ဝင်စားသည့်အခါ နိဗ္ဗာန်အာရုံ၌ စိတ်တည်နေပုံမျှားကို အင်္ဂုတ္တိရ်ပါဠိတော်ကိုလည်း ထုတ်၍ပြဦးအံ့—

ဣမာနန္ဒ ဘိက္ခု ဧဝံသညီ ဟောတိ "ဧတံ သန္တံ ဧတံ ပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော သဗ္ဗူပဓိပဋိနိဿဂ္ဂေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာန"န္တိ။[၁]

အာနန္ဒ၊ အာနန္ဒာ။ ဣမ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဧဝံသညီ၊ ဤသို့ အမှတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဧတံ၊ ဤဖြစ်ခြင်းကင်းသော အနုပ္ပါဒ အသင်္ခတနိဗ္ဗာန်သည်။ သန္တံ၊ ငြိမ်သက်၏။ ဧတံ နိဗ္ဗာနံ၊ ဤ အနုပ္ပါဒ နိဗ္ဗာန်သည်။ ပဏီတံ၊ မြတ်၏။ ယဒိဒံ ယော အယံ ဣဒံ နိဗ္ဗာနံ၊ အကြင် နိဗ္ဗာန်သည်။ သဗ္ဗသင်္ခါရသမထော၊ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းရာလည်းဟုတ်၏။ သဗ္ဗူပဓိပဋိနိဿဂ္ဂေါ၊ အလုံးစုံသော ဥပဓိခန္ဓာတို့၏ စွန့်လွှတ်ရာလည်း ဟုတ်၏။ တဏှာက္ခယော၊ တဏှာ ကုန်ခန်းရာလည်း ဟုတ်၏။ ဝိရာဂေါ၊ တပ်မက်မှု ပြတ်ကင်းရာလည်း ဟုတ်၏။ နိရောဓော၊ ခန္ဓာ သင်္ခါရတို့၏ ချုပ်ငြိမ်း ကွယ်ပျောက်ရာလည်း ဟုတ်၏။ ဣတိ-ဧဝံ သညီ၊ ဤသို့ နိဗ္ဗာန်၏ ဂုဏ်၌တည်သော သညာရှိသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်မှာ–ဖိုလ်ဝင်စားခိုက်၌ နိဗ္ဗာန်အာရုံမှတပါး တခြားသော အာရုံသို့ မရောက်ပဲ စိတ်တည်နေမှုပင် ဟူလို။

ဖိုလ်ဝင်စားပုံ အဓိပ္ပါယ် ပြီး၏။

ဝိထိုချရာ၌ လက်ံကား–ဘဝင် ၂-တန်၊ အာဝဇ္ဇံ၊ နုလုံဝိပဿနံ။ ၃-၄-ဇဝန၊ ဖြစ်မှုကင်းသည့် နိဗ္ဗာနာရမ္မဏံ၊ ဖိုလ်ဇော အာရမ္မဏိကံ။ လိုရှိသမျှ သန္တ ပဏီတအာမတံ၊ ခေမသုခံ။ အေးမြသော်ဝ၊ ပူမှုအိုက်မှု အရှိန်လျှော့။ အေးမြရောကန်၊ ချိုးငုပ်သုခံ။ ဆိုနည်း ပူမှု အိုက်မှု ကိလေသံ၊ ချုပ်မှုနိဗ္ဗာန်။ **အေးမြ**ဖလ၊ ဖြစ်မှုကင်း၍၊ ဘေးကင်းကွာ၊ သုခနိဗ္ဗာ၊ ဤကျိမှာ မုချ။

ဖိုလ်ဝင်စား၏-ဟူသည် အနုပ္ပါဒနိဗ္ဗာန်၏ သန္တ ပဏီတဂုဏ်တို့ကို သညာဖြင့် အမှတ်ပြု၍နေမှုပင်တည်း။

၁။ အင်္ဂုတ္တိုရ်-တတိယ-နှ၁-၂၆၃။

သောတာပန် ဖြစ်အောင် ကျင့်နည်းနှင့်
သောတာပန်၏ ကျင့်ဝတ်များ

ဗဟုသုတဖြစ်စေခြင်းငှါ သောတာပတ္တိမဂ်ရကြောင်း အဓိဂါလေးပါးနှင့် ပြည့်စုံက သောတာပန်ဖြစ်နိုင်ကြောင်းကို သုတ်ပါထေယျ ပါဠိတော် (စာမျက်နှာ-၁၉၀)အရ ပြဦးအုံ—

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ။ ကတမာနိ စတ္တာရိ။ သပ္ပုရိသသံသေဝေါ၊ သဒ္ဓမ္မဿဝနံ၊ ယောနိသောမနသိကာရော၊ ဓမ္မာနုဓမ္မ ပဋိပတ္တိတိ။

ဘိက္ခဝေ၊ တို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ၊ ဤတရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန်ဖြစ်ကြောင်း အင်္ဂါတို့ပေတည်း။ စတ္တာရိ၊ ၄-ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်တို့နည်းဟူမူကား။ သပ္ပုရိသသံသေဝေါ၊ ခန္ဓာအာယတနဓာတ်သစ္စာတို့၌ ကောင်းစွာ ကျမ်းကျင်လိမ္မာသော သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းလည်းတပါး။ သဒ္ဓမ္မဿဝနံ၊ ခန္ဓာအာယတနဓာတ် သစ္စာတို့ကို စာတွေ့မဟုတ်၊ ကိုယ်တွေ့ မြင်သိပြီးသော ပုဂ္ဂိုလ်တို့၏ ပြောဟော ဆိုဆုံးမသော တရားစကားကို ကြားနာ မှတ်သား သင်ကြားလေ့ကျက်ခြင်းတပါး။ ယောနိသော မနသိကာရော၊ ခန္ဓာ အာယတနဓာတ် သစ္စာတို့ကို မြင်သိအောင် အသင့်နှလုံးသွင်းခြင်းလည်းတပါး။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရခြင်း အကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိကို ပယ်ရှားသော အကျင့်လည်းတပါး။ ဤတို့ ဣမာနိ စတ္တာရိ၊ ဤလေးပါးသော တရားတို့သည်။သောတာပတ္တိယင်္ဂါနိ၊သောတာပန်အစစ်ဖြစ်ကြောင်းအင်္ဂါတို့ပေတည်း။

အဓိပ္ပါယ် အကျဉ်းမှာ လူဥပါသကာတို့၌ ကာမရာဂ ဗျာပါဒ ဥဒ္ဓစ္စတို့ကို မပယ်နိုင်သေးသော်လည်း ပညာရှိထံ ဆည်းကပ်ခြင်းသာ ပမာန ဟူလို။

အကျဉ်းမှတ်ရန်လင်္ကာ

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာစိတ်ထား၊ မဂ်အား
လျော်ဘိ၊ဒိဋ္ဌိကိုခွါ၊ ဤလေးဖြာ၊သောတာပန်အစစ်ဖြစ်ကြောင်းတည်း။

တနည်းကား- "ကလျာဏမိတ္တတာ ပြဟ္မစရိယဿ ဥပစ္ဆံ"[၁] ဟု ညီတော် အာနန္ဒာက မြတ်စွာဘုရားရှေတော်မှာ ဥဒါန်းကျူး၏။ ထိုအခါမြတ်စွာဘုရားက 'မာဝစ အာနန္ဒ ပြဟ္မစရိယဿ သကလမေဝ"ဟု ဟောတော်မူ၏။

အဓိပ္ပါယ်ကား-ကလျာဏမိတ္တရလျှင် မြတ်သော မင်္ဂလာကျင့် မင်္ဂလာစီစဉ် ထက်ဝန်း မဟုတ် အလုံးစုံပြီးနိုင်၏ ဟူလို။ ထိုကြောင့် မင်္ဂလာမှာ ပညာရှိထံ ဆည်းကပ်ခြင်းသာ ပဓာနဖြစ်၏ ဟူလို။

သောတာပန်ဖြစ်အောင် ကျင့်နည်း

သောတာပန်ဖြစ်အောင် ကျင့်နည်း တမျိုးကို မြန်မာလို သက်သက်ဖြင့် ပြဦးအံ့-

သောတာပန်ဖြစ်လိုလျှင် သစ္စာလေးပါးကို မြင်သိအောင် အားထုတ်မှုပင်တည်း။

"ဖြစ်လိုမှုကြောင့် ဖြစ်မှုဒုက္ခံ၊ ဖြစ်ချင်လိုမှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထိုဒုက္ခံ"။

အဓိပ္ပါယ်ကား-ဖြစ်ခြင်းကိုအလိုရှိသော မိမိဘဝတဏှာသည် သမုဒယသစ္စာမည်၏။ ဇာတိဖြစ်ခြင်းသည် ဒုက္ခသစ္စာမည်၏။ ဇာတိဖြစ်လိုမှုကို ပယ်စွန့်သော အလောဘသည်။ တနည်း-ဇာတိ ချုပ်ခြင်းကို နှစ်သက်သော သမ္မာဒိဋ္ဌိမဂ်ဉာဏ်သည် မဂ္ဂသစ္စာမည်၏။ ဇာတိ ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ နိဗ္ဗာန်မည်၏။ ဤသို့ အဖန်ဖန် ဆင်ခြင်၍ သစ္စာလေးပါးဌ ယုံမှားကင်းလျှင် သောတာပန်တည်နိုင်ပါသည် ဟူလို။

သောတာပန်တည်သော ပုဂ္ဂိုလ်တို့မှာ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာ-အာဇီဝ ဝိရတီ ၃-ခု အမြဲရ၏။ ထို ဝိရတီ တို့တွင် သမ္မာကမ္မန္တဌ် မိစ္ဆာစာရကို ပယ်ရန် ကိစ္စရှိ၏။ အပြဟ္မစရိယ သိက္ခာပုဒ်ကို မပယ်နိုင်သော လူ ဥပါသကာ

၁။မဟာဝဂ္ဂသံယုတ်-နှာ-၂-ကြည့်ပါ။

ဥပါသိကာတို့မှာ သားမယားနှင့်နေသော်လည်း မဂ်အကျင့်မပျက်ပါ၊ ထို့ပြင် နေလွဲ ညစာ စားခြင်း ပန်းပန်ခြင်း နံ့သာလိမ်းခြင်း အတင့် အတယ် ပြုခြင်း ကခြင်း သီခြင်း တီးမှုတ်ခြင်း မြင့်သောနေရာ မြတ်သောနေရာ၌ အိပ်နေခြင်း တို့ကို မူကား ဥပုသ်စောင့်သော နေ့မှတပါး မရှောင်ကြဉ်သော်လည်း မဂ် အကျင့် မပျက်ပါ။ လူ ဝိသာခါ အနာထပိဏ်တို့သော်လည်း လူ့ စည်းစိမ်နှင့် နေကြသေး၏။ သို့ရာတွင် လောကီတရားတို့ကို ပယ်ရမည်။ ပယ်အပ်သော တရားဟု နှလုံးသွင်းကြ၏ ဟူလို။

ပဌမအခန်းအဓိ ပြီးသဖြင့် အမှာနိဒါန်း

အမှာနိဒါန်းကား–ဤကျမ်း၌ ရံခါ ဒုက္ခသစ္စာကို မူတည်၍ သစ္စာ ၄-ပါးကို ပြ၏။ ရံခါ သမုဒယသစ္စာကို မူတည်၍ သစ္စာ ၄-ပါးကို ပြ၏။ ရံခါ နိရောဓ သစ္စာကို မူတည်၍ သစ္စာ ၄-ပါးကို ပြ၏။ ရံခါ မဂ္ဂသစ္စာကို မူတည်၍ သစ္စာ ၄-ပါးကို ပြ၏။ ဤသို့ သစ္စာတပါးကို မူတည်၍ ကျန်သစ္စာ ၃-ပါးတို့ပါဝင်အောင် ထပ်ခါ ထပ်ခါ ပြခြင်းမူကား သစ္စာ ၄-ပါးကို မြင်သိခြင်း၌ ဒဋ္ဌိကမ္မအားဖြင့် မြဲမြံခိုင်ခံ့စွာ မြင်သိသဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာစသော ကိလေသာတို့ကို လက်ငင်းပင် ပယ်နုတ်၍ပစ္စုပ္ပန်ဘဝမှာပင်လျှင် သောတာပန်စသည် တည်စေလိုသောကြောင့် ပြပါသည် ဟူလို။

ထို့ပြင် ထိုကျမ်း၌ ပါဠိတော်မျှားကို ဤနေရာတွင် အနက်ရိုးရိုး ပြ၏။ တနေရာမှာ အဋ္ဌကထာ အနက်မျှားနှင့်တကွ ဝေဖန်၍ ပြ၏။ အနက် အထူးထူး ပြသော်လည်း သဘာဝအနက်မှာ တထပ်တည်းပင် ဖြစ်၏၊ ထို့ကြောင့် အသင့် နှလုံးသွင်း၍ သစ္စာကိုမြင်သိနိုင်ကြပါစေကုန်။

အမှာနိဒါန်း ဤတွင် ပြီးပြီ။

သစ္စာ ၄-ပါးကို လက်ဝါးပေါ်တွင်တင်ပြအပ်သော ပတ္တမြားကဲ့သို့ ကွယ်ဝှက် ခြင်းမရှိ မြင်သိခြင်းငှါ အကျဉ်းအားဖြင့် ပြပါမည် ဟူသော ပဌမ ပဋိညာဉ်အရ တိကွဒုဂ္ဂုလ်မျှားအတွက် ဤတွင် ပြီးပြီ။

အခန်း-၂

ဒိဋ္ဌိသုဒ္ဓိ ကထာ

သစ္စာ ၄-ပါးကို ပြဆိုရာ၌ ပဌမ အခန်းဖြင့် တိကျပုဂ္ဂိုလ်တို့မှာ မဂ်ကိစ္စ ပြီးစီးလောက်ပါ၏။ သို့ရာတွင် မန္ဒပုဂ္ဂိုလ်များအတွက် သစ္စာ ၄-ပါးကို ခွဲ၍ပြပါဦးမည် ဟူလို။

ဒုက္ခသစ္စာကို ဒိဋ္ဌိသုဒ္ဓိဖြင့် ခွဲ၍ ပြပုံ

လောက၌ မိမိတို့အလိုရှိရာ သွားလာလုပ်ကိုင် ပြောဆိုနိုင်ခြင်း စသော အကြောင်းများကြောင့် တကယ်ပင် မိမိတို့ကိုယ်ကို မိမိတို့အစိုးရသော ပုဂ္ဂိုလ် သတ္တဝါဟု အမြင်မှားနေ၏၊ ထိုအမှားကို ပယ်ဖျောက်ခြင်းငှါ ပုဂ္ဂိုလ် သတ္တဝါသဘောမရှိ၊ သတ္တ ဇီဝမဟုတ်သော ဒုက္ခသစ္စာမျှသာ ဖြစ်ကြောင်း ပြလိုသော အဋ္ဌကထာဆရာသည် "ဧဝံ နာနာနယေဟိ" စသည်ကို မိန့်ဆိုတော်မူပေသည်။

"ဧဝံ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော သတ္တသညံ အဘိဘဝိတ္ဝာ အသမ္မောဟဘူမိယံ ဌိတံ နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိသုဒ္ဓိ နာမ။"[၁]

ဟူ၍ ဒိဋ္ဌိသုဒ္ဓိဟူသော အဓိပ္ပါယ်ကို အကျဉ်းအားဖြင့် ရှေးဦးပြပေ၏။

နာမရူပံ၊ နာမ်ရုပ်နှစ်ပါးကို။ ဧဝံ၊ ဤပြဆိုလတ္တံ့သော။ နာနာနယေဟိ၊ အထူးထူးသောနည်းတို့ဖြင့်။ ဝဝတ္ထာပယတော-ဝဝတ္ထာပယေန၊ ပိုင်းခြား မှတ်သားသောအားဖြင့်။ သတ္တသညံ၊ ပုဂ္ဂိုလ်သတ္တဝါ ငါရှိ၏ဟုဖြစ်သော သက္ကာယဒိဋ္ဌိဟူသော သတ္တသညာကို။ အဘိဘဝိတ္ဝာ၊ လွှမ်းမိုး၍ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် ငါမဟုတ် ရုပ် နာမ် ခန္ဓာ ဒုက္ခသစ္စာ သဘောမျှသာလျှင် ရှိ၏ဟု သမ္မာဒိဋ္ဌိ မဂ်ဉာဏ်ဖြင့် လွှမ်းမိုး၍။ အသမ္မောဟဘူမိယံ၊ တွေဝေခြင်း ကင်းသော ပညာဘူမိ၌။ ဌိတံ၊ တည်သော။ နာမရူပါနံ၊ သိတတ်သော သဘောရှိသော နာမ်နှင့်

၁။ ဝိသုဒ္ဓိ ဒုတိယ နှာ-၂၃၂-စသည်။

သိတတ်သော သဘောမရှိသော ရုပ်တို့ကို။ ယထာဝဒဿနံ၊ ဟုတ်မှန်စွာ ပိုင်းခြားရ၍ မြင်သော ဉာဏ်သည်။ ဒိဋ္ဌဝိသုဒ္ဓိ နာမ၊ ဒိဋ္ဌဝိသုဒ္ဓိမည်၏။ ဝါ၊ ဟုတ်မှန်စင်ကြယ်စွာ မြင်သိသောဉာဏ် မည်၏။

အဓိပ္ပါယ်ကား–နာမ်နှင့်ရုပ်ကို ပုဂ္ဂိုလ်သတ္တဝါဟု တဏှာဒိဋ္ဌိဖြင့် မှတ်မှားမှုကိုပယ်၍ သမ္မာဒိဋ္ဌိဖြင့် နိဿတ္တ နိဇ္ဇီဝ ဒုက္ခသစ္စာမျှသာတည်းဟု မှန်ကန်စင်ကြယ်စွာ မြင်သိမှုပင် ဟူလို။

ဒိဋ္ဌဝိသုဒ္ဓိ၏ အဓိပ္ပါယ်ကို အကျဉ်းအားဖြင့်
ပြဆိုချက် ပြီးပြီ။

နာမ်ရုပ်တို့၏သဘာဝ

ထိုနာမ်ရုပ်တို့၏ သဘာဝကို ပြဦးအံ့—

ပေး။ အဘယ်ကြောင့် နာမ်မည်ပါသနည်း။

ဖြေ။ နမနဋ္ဌေန နာမံ၊ နာမကရဏဋ္ဌေန ဝါ နာမံ။
နမနဋ္ဌေန၊ အာရုံသို့ ညွတ်တတ်သော အနက်ကြောင့်။ နာမံ၊ နာမ်မည်၏။ ဝါ၊ တနည်းကား။ နာမကရဏဋ္ဌေန၊ မိမိ၏အမည်ကို ပြုတတ်သောကြောင့်။ နာမံ၊ နာမ်မည်၏။

တနည်း—

၁–စိတ်-စေတသိက် ရုပ်-နိဗ္ဗာန်-ပရမတ္ထတရား ၄-ပါးရှိ၏။ ထို ၄-ပါးအနက် ရုပ်မှတပါး စိတ်-စေတသိက်-နိဗ္ဗာန်တို့သည် နာမ်မည်၏။

ပေး။ ၂–အဘယ်ကြောင့် နာမ်မည်ပါသနည်း။

ဖြေ။ အာရုံကိုညွတ်တတ်, ညွတ်အပ်သောကြောင့် နာမ်မည်၏။

ပေး။ ၃–စိတ်-စေတသိက် နာမ်နှင့် နိဗ္ဗာန်နာမ်အဘယ်ကဲ့သို့ခြားနားပါသနည်း။

၈ဖြာ။ စိတ်-စေတသိက် နာမ်တို့မူကား မိမိကိုလည်း သူတပါးတို့ကာ ညွှတ်၏။ မိမိကလည်း သူတပါးတို့ သန္တာန်မှာရှိသော စိတ်-စေတသိက်တို့ကို ညွှတ်တတ်၏။ ထိုကြောင့် နမန၊ နာမန ၂-ပါးရ၏။

၄-နိဗ္ဗာန်မူကားသူတပါးကို မညွှတ်တတ်၊ မိမိကိုသာလျှင် မဂ်-ဖိုလ်စိတ္တုပ္ပါဒ်တို့က ညွှတ်အပ်သောကြောင့် နာမန-တပါးသာလျှင် ရ၏ဟူလို။

ဤ၌ သိလ္ဓယ်စေခြင်းငှါ သူငါစသည် ထည့်၍ပြ၏၊ စင်စစ်မူကား နာမ်ကို နှံ့မ်ချင်းညွှတ်မှုပင် ဟူလို။

မိမိ၏အမည်ကို အဘယ်သို့ ပြုတတ်ပါသနည်း ဟူမူကား—

ဖုသ်တီတိ ဖဿော။ ဖုသတိ၊ အာရုံနှင့် တွေ့ထိတတ်၏။ ဣတိ တသ္မာ၊ ထိုသို့အာရုံကို တွေ့ထိတတ်သောတရားဟု မိမိအမည်ကို ပြုတတ်သောသဘောကြောင့်။ ဖဿော၊ ဖဿသည်။ နာမံ၊ နာမ်မည်၏ ဟူလို။

ဝေဒယတီတိ ဝေဒနာ။ ဝေဒယတိ၊ အာရုံ၏အာရဿာကို ခံစားတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝေဒနာ၊ ဝေဒနာမည်၏။ ဤသို့ မိမိအမည်ကိုပြုတတ်၏ဟူလို။

သဉ္ဇာနာတီတိ သညာ။ သညာ၊ သညာသည်။ သဉ္ဇာနာတိ၊ အာရုံကို အမှတ်ပြု၍ သိတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သညာ၊ သညာမည်၏။ ဤသို့အားဖြင့် မိမိအမည်ကို ပြု၏ဟူလို။

စေတယတီတိ စေတနာ။ စေတနာ၊ စေတနာသည်။ စေတယတိ၊ ကျန်စေတသိက်တို့ကို စေ့ဆော်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ စေတနာ၊ စေတနာမည်၏။ ဤသို့ မိမိအမည်ကို ပြုတတ်ပါသည် ဟူလို။

အဘယ်ကြောင့် စိတ်မည်ပါသနည်း။

အာရမ္မဏံ စိန္တေတီတိ စိတ္တံ။ အာရမ္မဏံ၊ ရူပါဒိုးစသော အာရုံ ၆-ပါးကို။ စိန္တေတိ၊ ဝတ္ထုဒွါရကိုမှီ၍ သိတတ်၏။ ဝါ၊ ကြံတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ စိတ္တံ၊ မည်၏။

တနည်း–"မနောပုဗ္ဗင်္ဂမာ ဓမ္မာ" ဟူသောပါဠိတော်အရ စိတ်ကိုအကြိုးအမှူးပြု၍ ဟောတော်မူသောအခါ—

"စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေ ဝသ မနုဂူ။"[၁]

ဟု တော်မူ၏။

စိတ္တေန၊ စိတ်သည်။ လောကော၊ သတ္တလောကကို။ နီယတိ၊ ဆောင်အပ်၏။ စိတ္တေန၊ စိတ်သည်။ လောကော၊ လောကကို။ ပရိကဿတိ၊ ဆဲငင်တတ်၏။ စိတ္တဿ၊ စိတ်ဟုဆိုအပ်သော။ ဧကဓမ္မဿ၊ တခုသောတရား၏။ ဝသံ၊ အလိုသို့။ သဗ္ဗေ၀၊ အလုံးစုံလည်း ဖြစ်ကုန်သော လူ-နတ်-ဗြဟ္မာ သတ္တဝါတို့သည်။ အနုဂူ၊ အစဉ်လိုက်ရကုန်၏။

ဤသို့ စိတ်၏ သတ္တိဒဠှထူးကိုလည်း သိအပ် မှတ်အပ်၏ဟူလို့။

စိတ်၏လက္ခဏာစသည်

စိတ်၏လက္ခဏ ရသ စသည်မျှားကား—

ဝိဇာနနလက္ခဏံ ဝိညာဏံ၊ ပုဗ္ဗင်္ဂမရသံ၊ ပဋိသန္ဓိပစ္စုပဋ္ဌာနံ၊ သခ်္ခါရ-ပဒဋ္ဌာနံ။[၂]

ဝိညာဏံ၊ ဝိညာဏ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကိုသိခြင်းလက္ခဏာ ရှိ၏။ ပုဗ္ဗင်္ဂမရသံ၊ စေတသိက်တို့၏ ရှေဆောင်ရှေသွားဟူသော ကိစ္စရှိ၏။ ပဋိသန္ဓိ-ပစ္စုပဋ္ဌာနံ၊ ဘဝန္တစ်ပါးကို တစပ်ဟည်းကဲ့သို့စပ်တတ်သောတရားဟူ၍ ဉာဏ်အား ရှေရှုထင်၏။ သခ်္ခါရပဒဋ္ဌာနံ၊ သခ်္ခါရလျှင် နီးသောအကြောင်းရှိ၏။

စိတ္တံ ဝိညာဏက္ခန္ဓော-အရ စိတ် ဂဓ-သည် ဝိညာဏက္ခန္ဓာမည်၏။ စိတ်သည် ဤသို့ မိမိ၏ ဝိဇာနနသဘောကို၊ ဝါ၊ မိမိ၏အမည်ကို ပြုတတ်၏ဟူလို့။

၁။ သဂါထာဝဂ္ဂသံယုတ် နှာ ၃၆။

စေတသိက်တို့၏လက္ခဏာစသည်

စေတသိက်တို့၏ လက္ခဏ ရသများကို ပြဦးအံ့—

နမနလက္ခဏံ နာမံ၊ သမ္ပယောဂရသံ၊ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ ဝိညာဏ-ပဒဋ္ဌာနံ။

နာမံ၊ ဖဿစသော စေတသိက် ၅၂-ပါးဟူသော နာမ်သည်။ နမနလက္ခဏံ၊ အာရုံသို့ ညွတ်ခြင်း လက္ခဏာရှိ၏။ သမ္ပယောဂရသံ၊ စိတ်နှင့်ယှဉ်ခြင်းကိစ္စရှိ၏။ အဝိနိဗ္ဘောဂ ပစ္စုပဋ္ဌာနံ၊ စိတ်နှင့် မကွေမကွာ ဖြစ်တတ်သောတရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဏ်လျှင် နီးသောအကြောင်းရှိ၏။

စိတ်မည်မျှရှိပါသနည်း။

စိတ်သည် အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈၊ သောဘဏစိတ် ၂၄။ ပေါင်း ကာမစိတ်-၅၄ ရှိပါသည်။ထို့ပြင် မဟဂ္ဂုတ်စိတ်-၂၇၊လောကုတ္တရာစိတ်-၈။ ဤသို့လျှင် ကာမစိတ်-၅၄၊ မဟဂ္ဂုတ်စိတ်-၂၇၊ လောကုတ္တရာစိတ်-၈ အားဖြင့် စိတ်-၈၉ ရှိပါသည်။

စေတသိက်မည်မျှရှိပါသနည်း။

အညသမာန်းစေတသိက်-၁၃၊ အကုသိုလ် စေတသိက်-၁၄၊ သောဘဏ စေတသိက်-၂၅။ ပေါင်း စေတသိက်-၅၂ ရှိပါသည်။

အညသမာန်းစေတသိက်ကား အဘယ်ပါနည်း။

ဖဿ ဝေဒနာ သညာ စေတနာ ဧကဂ္ဂတာ ဇီဝိတိန္ဒြိယံ မနသိကာရ-ဤ ခုနစ်ပါးတို့သည် အလုံးစုံသော စိတ်-၈၉ နှင့် ယှဉ်သောကြောင့် သဗ္ဗစိတ္တသာ-ဓာရဏ စေတသိက်မည်ကုန်၏။

ဝိတက္ကော ဝိစာရော အဓိမောက္ခော ဝီရိယံ ပီတိ ဆန္ဒော စာတိ ဆ ဣမေ စေတသိကာ ပကိဏ္ဏကာ နာမ။ ဤစေတသိက် ၆-ခုတို့သည် ပြိုးပြမ်း၍ ယှဉ်တတ်သောကြောင့် ပကိဏ်းစေတသိက်မည်ကုန်၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၅၉။

ဤသို့ သဗ္ဗစိတ္တသာဓာရဏ-၇၊ ပကိဏ်း-၆။ ပေါင်း-၁၃ သည် အညသမာန်း မည်၏။

အကုသိုလ်စေတသိက်ကား အဘယ်နည်း။

မောဟော အဟိရိကံ အနောတ္တပ္ပံ ဥဒ္ဓစ္စံ ၎င်းစေတသိက် ၄-ခုသည် အလုံးစုံသော အကုသိုလ်စိတ် ၁၂-ခု၌ယှဉ်သောကြောင့် အကုသလသာဓာရဏ စေတသိက်မည်၏။

လောဘ မာန ဒိဋ္ဌိ ဤသုံးပါးသည် လောဘစိတ်၌သာ ယှဉ်သောကြောင့် လောဘမူမည်၏။

ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဤ ၄-ခုသည် ဒေါသမူစိတ်၌သာ ယှဉ်သောကြောင့် ဒေါစတုက်မည်၏။

ထိန မိဒ္ဓ ဝိစိကိစ္ဆာတို့သည် မောဟမူစိတ်၌သာ ယှဉ်သောကြောင့် မောတြိုမည်၏။

ဤသို့လျှင် အကုသလသာဓာရဏ စေတသိက် ၄၊ လောတြို ၃၊ ဒေါစတုက် ၄၊ မောတြို ၃။ ပေါင်း အကုသိုလ်စေတသိက် ၁၄-ရ၏။

သောဘဏ စေတသိက်ကား အဘယ်နည်း။

သဒ္ဓါ သတိ ဟိရိ ဩတ္တပ္ပံ အလောဘော အဒေါသော တတြမဇ္ဈတ္တတာ ကာယပ္ပဿဒ္ဓိ စိတ္တပ္ပဿဒ္ဓိ ကာယလဟုတာ စိတ္တလဟုတာ ကာယမုဒုတာ စိတ္တ-မုဒုတာ ကာယကမ္မညတာ စိတ္တကမ္မညတာ ကာယပါဂုညတာ စိတ္တပါဂုညတာ ကာယုဇုကတာ စိတ္တုဇုကတာ။ ၎င်းစေတသိက် ၁၉-သည် အလုံးစုံသော သောဘဏစိတ်တို့နှင့် ယှဉ်သောကြောင့် သောဘဏသာဓာရဏ မည်၏။

ကရုဏာ မုဒိတာ ဤ ၂-ခုသည် အပ္ပမညာမည်၏။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဤစေတသိက် ၃-ခုသည် ဝိရတိ မည်၏။

အမောဟ စေတသိက်သည် ပညိန္ဒြေမည်၏။ ဤသို့လျှင် သောဘဏ စေတသိက် ၂၅-ရ၏။

ဤသို့ အညသမာန်းစေတသိက်-၁၃၊ အကုသိုလ်စေတသိက်-၁၄၊ သောဘဏ စေတသိက်-၂၅။ ပေါင်း စေတသိက် ၅၂-ခု ဖြစ်၏။

ထိုစေတသိက် ၅၂-တို့တွင် ဝေဒနာ စေတသိက် ၁-ခုသည် ဝေဒနာကွန္ဓာ မည်၏။ သညာစေတသိက် ၁-ခုသည် သညာကွန္ဓာမည်၏။ ဝေဒနာ သညာမှ ကြွင်းသော စေတသိက် ၅၀-သည် သင်္ခါရကွန္ဓာမည်၏။

မေး။ အဘယ်ကြောင့် သင်္ခါရကွန္ဓာ မည်ပါသနည်း။

ဖြေ။ သင်္ခတမဘိသင်္ခရောန္တီတိ သင်္ခါရာ။ သင်္ခါရော ဇဝ ခန္ဓာ သင်္ခါ-ရကွန္ဓာ။

သင်္ခံတံ၊ သင်္ခတရုပ်နာမ်တရားကို။ သင်္ခါရာ၊ စေတနာ သင်္ခါရ တရား တို့သည်။ အဘိသင်္ခရောန္တိ၊ ပုည အပုည အာနေဉ္ဇ အားဖြင့် ပြုပြင် တတ်ကုန်၏။ ဤတို တသွာ၊ ထိုကြောင့်။ သင်္ခါရာ၊ သင်္ခါရမည်ကုန်၏။ သင်္ခါရော ဇဝ၊ သင်္ခါရသည်သာလျှင်။ သင်္ခါရကွန္ဓာ၊ မည်၏။

နာမ်ခန္ဓာ လေးပါးတို့ကို အကျဉ်းပြဆိုချက် ဤတွင်ပြီးပြီ။

ရုပ် ၂၈-ပါး

ရူပကွန္ဓာ ရုပ် ၂၈-ပါးကို ပြဦးအံ့—

ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဘူတရုပ် ၄-ခု။ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဟူသော ပသာဒရုပ် ၅-ခု။ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ပထဝီ ဖောဋ္ဌဗ္ဗ တေဇောဖောဋ္ဌဗ္ဗ ဝါယောဖောဋ္ဌဗ္ဗာရုံ ဟူသော ဂေါစရရုပ် ခုနစ်ပါး၊ ထိုတွင် ပထဝီ တေဇော ဝါယော ၃-ခုတို့မှာ မူလ ဘူတရုပ်တွင် ပါပြီး၍ ၃င်း ၃-ပါးကို နုတ်သော် ကျန် ဂေါစရရုပ် ၄-ခု၊ ဣတ္ထိဘာဝရုပ် ပုမ္ဘာဝရုပ် အားဖြင့် ဘာဝရုပ် ၂ခု။ ဟဒယဝတ္ထု ၁၊ ဇီဝိတ ၁၊ သြဇာ ၁။ ဤသို့ အားဖြင့်

ဘူတရုပ် ၄၊ ပသာဒရုပ် ၅၊ ဂေါစရရုပ် ၄၊ ဘာဝရုပ် ၂၊ ဟဒယဝတ္ထု ၁၊ ဇီဝိတ ၁၊ ဩဇာ ၁၊ ပေါင်း နိပ္ဖန္နရုပ် ၁၈ ဖြစ်၏။

ကံ စသောအကြောင်းတို့ကြောင့် မိမိတို့သဘော အသီးသီးကို ပြီးစေနိုင်၏၊ ထို့ကြောင့် နိပ္ဖန္နရုပ် မည်၏။

ရုပ်ကလာပ်တို့ကို ပိုင်းခြားသော အာကာသပရိစ္ဆေဒရုပ် ၁၊ ကာယဝိညတ် ဝစီဝိညတ် ရုပ် ၂။ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ ဟူသော ဝိကာရရုပ် ၃-ခု၊ ဥပစယ သန္တတိ ဇရတာ အနိစ္စတာ ဟူသော လက္ခဏရုပ် ၄-ခု၊ ပေါင်း အနိပ္ဖန္နရုပ် ၁၀ ဖြစ်၏။

ဤသို့လျှင် နိပ္ဖန္နရုပ် ၁၈၊ အနိပ္ဖန္နရုပ် ၁၀၊ ပေါင်းရုပ် ၂၈-ဖြစ်၏။

ထို့ရုပ် ၂၈ တို့တွင် ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်ကြီး လေးပါးသည် အရင်းမူလ ဖြစ်၏။ ထို့ဓာတ်ကြီးလေးပါးတို့တွင်လည်း ကကွဋ အနုမြူမှုန့်တို့၏ အပေါင်းအစုဖြစ်သော ပဏဝီဓာတ်သည် ကျန်ဓာတ်တို့၏ မှီရာတည်ရာ ဖြစ်၏။ ထို့ဓာတ်ကြီးလေးပါးတို့၏ သဘာဝလက္ခဏာကို မသိကြသော ကြောင့် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမရှိ၏ဟု ထင်ကြ၏။ စင်စစ် မူကား ဓာတ်ကြီးလေးပါးပင်တည်း။ ဝါ၊ **"ခက်မာ-ဖွဲ့စေး-ပူအေး-ထောက်ကန်"** ဟူသော သဘာဝလက္ခဏာတို့သာရှိ၏ ဟူလို။

ဥပမာ-ပန်းပုဆရာက ကျွန်းသားတမျိုးတည်းကိုလူရုပ် နတ်ရုပ် ယောကျ်ာ မိန်းမ ခွေး ဝက် ကြက် ငှက် နွား ကဲ့စသော ပုံသဏ္ဌာန်ထုလုပ်၍ဆေးခြယ်သား သဖြင့် အရုပ်ပုံသဏ္ဌာန်အမျိုးမျိုးကဲ့ပြား၏။ သို့ရာတွင် အကည်ဝတ္ထုမှာ ကျွန်း သားတမျိုးတည်းပင်တည်း။ ထို့အတူ ပထဝီ လွန်ကဲသော ဓာတ်ကြီးလေးပါး သာတည်း ဟူလို။

ဤဥပမာ၌ ဥပမေယျသော်ကား-ပထဝီ လွန်ကဲသော ဓာတ်ကြီးလေးပါး သည် ကျွန်းသားနှင့်တူ၏။ လက်သမားသည် ကံနှင့် တူ၏။ ကံအားလျော်စွာ ဖြစ်သော အထူးထူးသော လူ နတ် တိရစ္ဆာန် စသော ပုံသဏ္ဌာန်တို့ကား

ကျွန်းသားနှင့်တူ၏။ ပုံသဏ္ဌာန် ကဲ့သော်လည်း ဓာတ်ကြီးလေးပါး ရုပ္ပနပင် ဟူလို။ ဝါ၊ သဏ္ဌာန် ကဲ့သော်လည်း ကျွန်းသားတမျိုးတည်းကဲ့သို့ ဟူလို။

ပေး။ အဘယ်ကြောင့် ရုပ်မည်ပါသနည်း။

ဖြေ။ ရုပ္ပတီတိ ရူပံ။[1] ရူပံ၊ ရုပ်သည်။ ရုပ္ပတိ၊ အခြမ်း ဒဗ္ဗ စသည်ဖြင့် ဖောက်ပြန်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ရူပံ၊ ရုပ်မည်၏။

ရုပ်၏လက္ခဏာ စသည်

ဌင်းရုပ်၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်များကား—

ရုပ္ပနလက္ခဏံ ရူပံ၊ ဝိကိရဏရသံ၊ အဗျာကတ ပစ္စုပဋ္ဌာနံ၊ ဝိညာဏ-ပဒဋ္ဌာနံ။[2]

ရူပံ၊ ရုပ်သည်။ ရုပ္ပနလက္ခဏံ၊ အခြမ်း ဒဗ္ဗ စသည်ဖြင့် ဖောက်ပြန်ခြင်း လက္ခဏာရှိ၏။ ဝိကိရဏရသံ၊ ဖရိဖရဲ ကြဲခြင်းကိစ္စရှိ၏။ အဗျာကတပစ္စုပဋ္ဌာနံ၊ သိတတ်မှတ်တတ်သော သဘောမရှိသော အဝိညာဏက အဗျာကတတရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဏ်လျှင် နီးသောအကြောင်း ရှိ၏။

ရုပ်ဖောက်ပြန်သည် ဟူသည်—

သီတေနပိ ရုပ္ပတိ၊ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ ဒုံသ မကသ ဝါတာတပ သရီသပသမ္ဖဿေနပိ ရုပ္ပတိ၌၊ ဧတ္ထ သတ္တာ ဝါ ဇီဝေါ ဝါ နာ ဝိဇ္ဇတီတိ။

ရူပံ၊ ရုပ်သည်။ သီတေနပိ၊ အေအးကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ဥဏှေနပိ၊ အပူကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ဇိဃစ္ဆာယပိ၊ဆာလောင်ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖောက်ပြန်၏။ ပိပါသာယပိ၊ ရေမွတ်သိပ်သော ကြောင့်လည်း။ ရုပ္ပတိ၊ ၏။ ဒုံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိ၊ မှက် ခြင် ယင် လေ နေပူ မြွေ ကင်း သန်း တို့၏ ဘေးရန် အတွေ့

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၅၉။ ၂။ ခန္ဓဝဂ္ဂသံယုတ်ပါဠိ၊ နှာ-၇၁။

ဖြေကြောင့်လည်း။ ရုပ္ပတိ၊ ဇ်။ ဇတ္ထ၊ ဤရုပ်၌။ သတ္တော ဝါ၊ သတ္တဝါသည်၎င်း။ ဇီဝေါ ဝါ၊ အသက်သည်၎င်း။ န ဝိဇ္ဇတိ၊ မရှိ။

ရုပ်၏ အစေတန စသည်ဖြစ်ပုံ

ရုပ်၏ အစေတန အဗျာကတကို ပြဦးအံ့–

သတိပြုရန်–အတ္ထ အထိ ဖောဋ္ဌဗ္ဗတို့ကြောင့် ရုပ်ဖောက်ပြန်၏။ ထို ဖောက်ပြန်မှုကို ရုပ်က မသိတတ်၊ ကာယဝိညာဉ် နာမ်ကသာသိ၏။ထို့ကြောင့်–

“ရူပံ အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ”–

ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။

ရူပံ၊ သည်။ အစေတနော၊ စေ့ဆော်တတ် သိတတ်မှတ်တတ်သောသဘော မရှိ။ အဗျာကတော၊ ဝိပါက အဗျာကတမျှသာ ဖြစ်၏။ သုညော၊ အစိုးရခြင်း အလိုသို့ လိုက်ခြင်း စသော အတ္တသဘောမှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါ မဟုတ်။ နိဇ္ဇီဝေါ၊ အသက်မဟုတ်။

တနည်း–ရုပ်ဖောက်ပြန်၏ ဟူသည် ရှေးရုပ်နှင့် နောက်ရုပ် မတူခြင်းပင် တည်း။ ထိုသို့ မတူခြင်းသည်လည်း မမြဲမှုကြောင့် အဟောင်းပျက် အသစ် ဖြစ်ရာ၌ အကြောင်းထူးအားလျော်စွာ ရုပ်အသစ် အထူးဖြစ်၏ ဟူလို။

ထိုရုပ်ဖောက်ပြန်မှုတွင် စိတ္တဇ ဥတုဇ အာဟာရဇရုပ်တို့ ဖောက်ပြန်မှုအဖြစ် အပျက်မူကား ထင်မြင်လွယ်၏၊ ကမ္မဇရုပ်တို့၏ ဖောက်ပြန်မှု အဖြစ် အပျက်ကို မူကား သိရန်ခက်၏၊ ကြံခဲ့၍သာလျှင် သိအပ်၏။ ကြိုးကျစ်သမားဥပမာကဲ့သို့ လျော်တချို့ ဆုံးသော်လည်း တချို့လျော်က မဆုံးသေးပေ။ ထိုတချို့လျော် မဆုံးမီပင်လျှင် ထိုဆုံးသောလျော် အစား အခြားလျော်တခု ဆက်ပြန်သဖြင့် အဆက်မထင်ရှားပေ။ ထိုအတူ ပဋိသန္ဓေ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ် အချို့က ပျက်သော်လည်း ဌီကာလ၌ဖြစ်သော ရုပ်တို့က မပျက်သေးပေ။ ဌီကာလမှာ ဖြစ်သော ရုပ်ပျက်သော်လည်း ဘင်္ဂကာလမှာ ဖြစ်သော ရုပ်စုကား မပျက်သေးပေ။ ဤသို့ အဖြစ်အပျက် ထပ်ဆက်ဖြစ်နေသဖြင့် အပျက် မထင်ရှားပေ။ ထို့ကြောင့် အဋ္ဌကထာဆရာသည် ရူပသတ္တကကို ပြရာ၌–

"အာဒါနနိက္ခေပနတော ဝယောဝုဒ္ဓတ္ထင်္မတော"ဘ-
စသည်တို့ဖြင့် ရှုပုံကို ပြတော်မူ၏။ ရှုရန်အဓိပ္ပါယ်-

အာဒါနန္တိ ပဋိသန္ဓိ၊ နိက္ခေပနန္တိ စုတိဘ -
ဤသို့ပြ၏။

အာဒါနန္တိ၊ ကား။ ပဋိသန္ဓိ၊ ပဋိသန္ဓိပင်တည်း။ နိက္ခေပနန္တိ၊ ကား။ စုတိ၊ စုတိပင်တည်း။

ဤသို့ ပဋိသန္ဓိမှ စုတိအတွင်း ကမ္မဇရုပ်တို့ ထပ်ဆက်အားဖြင့် အကြား အပြတ်မရှိ ဖြစ်ပျက်လာခဲ့ရာ စုတိစိတ်မှ ပြန်၍ ရသည်ရှိသော် စိတ္တက္ခဏ ၁၇-ချက်မှစ၍ ကမ္မဇရုပ်တို့ အသစ်မဖြစ်တော့ပြီ။ ဖြစ်ပြီး ကမ္မဇရုပ်တို့သည်လည်း စုတိနှင့်ပြိုင်၍ ချုပ်ရကုန်၏။ ဤဘဝရုပ်တို့သည် ဤဘဝမှာပင် ချုပ်၏ ပျက်၏ ဟု ရှုပုံတည်း။

ဝယောဝုဒ္ဓတ္ထင်္မအားဖြင့် အနှစ်တရာကိုမူတည်၍ ပဌမအရွယ်၌-၃၃၊ ဒုတိယအရွယ်-၃၄၊ တတိယအရွယ်-၃၃ ဤသို့ အရွယ်သုံးပါး ပိုင်းခြား၍ ပဌမ ၃၃-နှစ် အရွယ်၌ဖြစ်သော ရုပ်သည် ဒုတိယ ၃၄-နှစ်အရွယ်သို့ မရောက်မူ၍ ချုပ်၏။ ဒုတိယ ၃၄-နှစ်အရွယ်၌ဖြစ်သော ရုပ်သည် တတိယ ၃၃-နှစ်အရွယ်သို့မရောက်မူ၍ ချုပ်၏။ တတိယ အရွယ်မှ ဖြစ်သောရုပ် စုတိသို့ မရောက်မူ၍ ချုပ်၏။ ဤသို့ အရွယ်သုံးပါးတို့ဖြင့် ရှုပုံကို ပြ၏။[၂]

ဤသို့ စသည် အနှစ် ၁၀၀-ကို ၁၀-ပုံ ပုံ၍ ပဌမ ၁၀-နှစ်မှာ ဖြစ်သောရုပ်သည် ဒုတိယ ၁၀-နှစ်သို့မပါ။ ဤသို့ စသည် သိပါကုန်။[၂]

ထိုနောက် အနှစ် ၁၀၀-ကို ၅-နှစ်စီ အပုံ ၂၀-ပြု၍ ပဌမ ၅-နှစ်မှ ရုပ်သည် ဒုတိယ ၅-နှစ်သို့မပါ။ ဤသို့ စသည် အဆင့်ဆင့် ဆုတ်ပြီးလျှင် ဤနှစ်မှာ ဖြစ်သော ရုပ်သည် ဟိုနှစ်သို့မပါ။ ဤလမှာဖြစ်သော ရုပ်သည် ဟိုလသို့မပါ။ ဤရက်မှာ ဖြစ်သော ရုပ်သည် ဟိုရက်သို့မပါ။ နံနက်မှာ ဖြစ်သောရုပ်သည် ဤရက်မှာ ဖြစ်သော ရုပ်သည် ဟိုရက်သို့မပါ။ နံနက်မှာ ဖြစ်သောရုပ်သည်

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ ၂၅၃။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၅၄

ညနေသို့ မပါ။ ညမှာ ဖြစ်သောချပ်သည် မိုးလင်းသို့မပါ။ ဤသို့ အသေးစိတ် အားဖြင့် အဆင့်ဆင့် ရှုပါကုန်။[၁]

ရုပ်သည် ကံ စိတ် ဥတု အာဟာရတို့ကြောင့် ပစ္စုပ္ပန်ဖြစ်ပျက်နေ၏။

၁။ မျက်စိဟူသော ကမ္မဇရုပ်၌ မျက်စိကြည်လင်သောအခါမှာ ဖြစ်သော ရုပ်သည် မျက်စိမှုန်သောအခါသို့မပါ။ နားသွက်သောအခါမှာဖြစ်သောရုပ်သည် နားထိုင်းသောအခါသို့မပါ။

၂။ စိတ္တဇရုပ်၌ မျက်စိပွင့်သောအခါမှာ ဖြစ်သောရုပ်သည် မျက်စိမှိတ်သော အခါသို့မပါ။ ထွက်သက်၌ ဖြစ်သောရုပ်သည် ဝင်သက်သို့မပါ။ ကွေးသော အခါမှာဖြစ်သောရုပ်သည် ဆန့်သောအခါသို့မပါ။ ခြေချသောအခါ၌ဖြစ်သော ရုပ်သည် ခြေကြွသောအခါသို့မပါ။ ဝမ်းမြောက်သောစိတ် ဖြစ်သောအခါ၌ ဖြစ်သော ရှင်လန်းသောရုပ်သည် ဝမ်းနည်းသောအခါသို့ မပါမူ၍ ပျက်၏။

၃။ ဥတုဇရုပ်၌ ပူသောအခါမှာဖြစ်သော ရုပ်သည် အေးမြသော အခါသို့ မပါ။ အေးသောရုပ်သည် ပူသောအခါသို့ မပါမူ၍ ပျက်၏။[၂]

၄။ အာဟာရဇရုပ်၌ ထမင်းဆာသောအခါ ညှိုးနွမ်းသောရုပ်သည် ထမင်း ဝ၍ ရှင်လန်းသောဒအခါသို့ မပါ။ ရှင်လန်းဝပြောသောရုပ်သည် ပူဆာသဖြင့် ညှိုးနွမ်းခြင်းသို့မပါ။[၂]

ကာယ တခုလုံး၌ ထိုင်စမှာ ဖြစ်သော ညီမျသောရုပ်သည် မညီမမျသော ပူသော ညောင်းသောရုပ်သို့ မပါ။ ဤသို့စသည် အကြမ်းအားဖြင့်ရှု၍ သံဝေဂ ရသဖြင့် ငြီးငွေ့လျှင် ရုပ်၌ခင်တွယ်သော တဏှာ ဘဝတဏှာစသည် ချုပ်၏။

ဤ၌ ဝိပဿနာရှုမှုကို ပြသောအခါ၌ မဟုတ်သော်လည်း ရုပ်ဖောက်ပြန်မှု ပြရာ၌ အလျဉ်းသင့်၍ ထည့်လိုက်ပေသည်။

ပြီးပြီ။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၅၅။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၅၉။

နာမ်ရုပ်မှတပါး ပုဂ္ဂိုလ် သတ္တဝါ သတ္တဇီဝမရှိပုံ

အထက်၌ ပြဆိုခဲ့ပြီးသော နာမ်ရုပ်တို့ကို အကျဉ်းအားဖြင့် ပိုင်းခြားရန်မှာ "ရူပွနလက္ခဏံ ရူပံ၊ နမနလက္ခဏံ နာမံ" ဟု ရှုအပ်၏၊ ထိုသို့ရှုက နာမ်ရုပ်မှတပါး ပုဂ္ဂိုလ်သတ္တဝါ မရှိဟူလို့။ ထိုကြောင့် အဋ္ဌကထာ ဆရာသည်—

"နာမရူပမတ္တတော ဥဒ္ဒံ အညော သတ္တော ဝါ
ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ။"

ဟူ၍ ပြဆို၏။

နာမရူပမတ္တတော၊ နာမ်ရုပ် ၂-ပါးမျှထက်။ ဝါ၊ သိတတ်သောနာမ်နှင့် မသိတတ်သော ရုပ်မျှထက်။ ဝါ၊ ဖောက်ပြန်တတ်သော ရုပ်နှင့် အာရုံကို ညှတ်တတ်သော နာမ်မျှထက်။ ဥဒ္ဓံ၊ အလွန်။ အညော၊ တပါးသော။ သတ္တော ဝါ၊ သတ္တဝါသည်၎င်း။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်၎င်း။ ဒေဝေါ ဝါ၊ နတ်သည်၎င်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်၎င်း။ နတ္ထိ၊ မရှိ။

ဤသို့အားဖြင့် သက္ကာယဒိဋ္ဌိကို ခွါအပ်၏ဟူလို့။

နာမ်ရုပ်အပေါင်းအစုကို။ ဝါ၊ ခန္ဓာငါးပါးကို အစဲ့ပြု၍ သတ္တဝါဟု ပညတ်ပုံ ဥပမာ

ပုဂ္ဂိုလ် သတ္တဝါတို့မူကား ထိုရုပ်နာမ် ခန္ဓာတို့ကို အစဲ့ပြု၍ ပညတ်ခြင်းမျှသာတည်း။ ထိုကြောင့် "ပဥ္စက္ခန္ဓေ သတိ သတ္တောတိ ဝေါဟာရမတ္တံ ဟောတိ"[၂]ဟု အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။ ပဥ္စက္ခန္ဓေ၊ ရုပ်ခန္ဓာ တပါး ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော နာမ်ခန္ဓာလေးပါး ဤရုပ်နာမ် ငါးပါးသည်။ သတိ၊ ရှိသော်။ သတ္တောတိ၊ သတ္တဝါဟူ၍။ ဝေါဟာရမတ္တံ၊ ခေါ်ဆို ပညတ်ခြင်းသည်။ ဟောတိ၊ ၏။

ဥပမာ—ဘီး ဝင်ရိုး ထမ်းပိုးစသော အပေါင်းအစုကိုစဲ့၍ လှည်းရထားဟု ခေါ်ဆိုသကဲ့သို့တည်း။ အကယ်၍ တခုစီ မေးခဲ့သော် ဤကား ဝင်ရိုးတည်း။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၂၈။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၂၉ ကြည့်။

ဤကား ထမ်းပိုးတည်း။ ဤကား လှည်းဘီးတည်း။ ဤကား လှည်းအိမ်တည်းဟု ဖြေဆိုအပ်၏။ ထိုကြောင့် လှည်း ဟူသည် အပေါင်းအစုကို စွဲ၍ ပညတ်ခြင်းမျှသာ ရှိ၏။ ထိုအတူ သတ္တဝါ ဟူသည် ခန္ဓာငါးပါးကို စွဲ၍ ပညတ်မျှသာတည်း။ အကယ်၍ တခုစီ တခုစီ မေးခဲ့သော် ဤကား ရုပ်တည်း။ ဤကား ဝေဒနာတည်း။ ဤကား သညာတည်း။ ဤကား သင်္ခါရတည်း။ ဤကား ဝိညာဏ်တည်းဟု ဖြေဆိုအပ်၏။ ထိုသို့ ဖြေဆိုသည်ရှိသော် ခန္ဓာ ၅-ပါးသာ ရှိ၏၊ သတ္တဝါ ပုဂ္ဂိုလ် မရှိတော့ပြီ၊ သတ္တဝါ ဟူသည် ပညတ်မျှသာ ဟူလို့။

ဥပမာ တနည်း-ဤကား ဒေဝဒတ်နည်းဟု မေးသော် သစ်ပင်တည်းဟု ဖြေ၏။ သို့ရာတွင် အသေးစိတ်၍ ဤကား အာဝဒတ်နည်းဟု မေးသော် ဤကား ပင်မတည်း။ ဤကား အာဝဒတ်နည်း၊ ဤကား ခက်မတည်း၊ အကိုင်းတည်း။ အခက်တည်း။ အရွက်တည်း။ အသီးအပွင့်တည်းဟု ဖြေဆိုအပ်၏။။ဤသို့ဆိုသော် သစ်ပင် မရှိတော့ပြီ။ ထိုအပေါင်းအစုကိုစွဲ၍ သစ်ပင်ဟု ပညတ်ခြင်းသာတည်း။ ပရမတ္ထအားဖြင့် တနည်းကား - ထိုပင်မ ပင်စည် အကိုင်း အခက် အရွက် အသီး အပွင့်ဟု အမည်ပြားသော်လည်း ဓာတ်အားဖြင့်မူကား ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာ ဟူသော အဋ္ဌကလာပ်မျှသာဖြစ်ရကား သစ်ပင် မရှိတော့ပြီ၊ သစ်ပင်ဟူသည် ဝေါဟာရ ပညတ်မျှသာ ဟူလို့။[၂]

ထိုအတူ ဗဟိဒ္ဓသန္တာန်မှာ အိမ်ယာ ဂူ ကျောင်း တန်ဆောင်း တော တောင် ရေ မြေ ရွှေ ငွေ မြေ ကျောက် ပုဆိုး အင်္ကျီ ထမီ ပုဝါ ဖျာ သင်ဖြူး ထမင်း ဟင်း စသည် အမည် မည်မျှပင် ပြားသော်လည်း စင်စစ် ပရမတ္ထအားဖြင့်မူကား ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသ သြဇာ အဋ္ဌကလာပ်မျှသာ ရှိ၏ ဟူလို့။

ရုပ်၌ ဒြပ်သဏ္ဌာန်နိမိတ်ရှိသကဲ့သို့ ထင်ရရုံမျှသာတည်းဟု ပြပုံ

(က) ပုဂ္ဂိုလ်သတ္တဝါဟု ခေါ်ဆိုကြရာ၌ ပုဂ္ဂိုလ် သတ္တဝါကား မရှိ၊ ရုပ်နာမ် သင်္ခါရတရားသာ ရှိ၏။။ ထို ရုပ် နာမ် သင်္ခါရ တရားတို့၌ သဘာဝလက္ခဏာ

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၂၈။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၂၉။

သာမညလက္ခဏာတို့သာရှိရကား အတိုအရှည် အနိမ့်အမြင့် ဒြဗ်သဏ္ဌာန်မရှိပေ။ ထို ဒြဗ်သဏ္ဌာန်တို့ကား သခ်ၤါရ နိမိတ်မျှသာတည်း။ ထို့ကြောင့်—

"နိမိတ္တန္တိ သခ်ၤါရနိမိတ္တံ၊ အတ္ထတော ပဉ္ဉတ္တေါ"—

ဟု မိန့်ဆို၏။ ယုံမှားကင်းကြစေရန်—

(ခ) အဋ္ဌကထာ ဆရာသည်-

"သန္တတိယာ သမူဟေ စ ကေတ္တသညာယ ဂယ္ဟမာနံ ကာလန္တရဋ္ဌာယိဘာဝေန နိစ္စဘာဝေန စ သခ်ၤါရာနံ သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနမတ္တံ ဟောတီတိ။"

ဟူ၍ မိန့်ဆိုတော်မူပေ၏။

သန္တတိယာ၊ အစဉ်၌ရင်း။ ဝါ၊ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်အစဉ်၌ရင်း။ သမူဟေ စ၊ ပထဝီ စသော အဋ္ဌကလာပ် အပေါင်းအစု ဖဿ ဝေဒနာ သညာ စေတနာ သခ်ၤါရ ဝိညာဏ် ဟူသော နာမ်အပေါင်းအစု၌ရင်း။ ကေတ္တသညာယ၊ တလုံးတခဲတပေါင်းတည်း ငါ ဟူသော တခုတည်းသော အမှတ်သညာဖြင့်။ ဂယ္ဟမာနံ၊ ယူအပ်သော။ ကာလန္တရဋ္ဌာယိဘာဝေန စ၊ ကာလတပါး၌ တည်လေ့ရောက်လေ့ရှိ၏ဟူသော အဖြစ်ဖြင့်ရင်း။ နိစ္စဘာဝေန စ၊ မြဲသောအဖြစ်ဖြင့်ရင်း။ ဝါ၊ နိစ္စဘာဝေန စ၊ နံနက်က နာမ်ရုပ်သည် ညနေမှာလည်း ဤနာမ်ရုပ်ပင်တည်း၊ နက်ဖန်မှာလည်း ဤနာမ်ရုပ်ပင်တည်း၊ ဤသို့ ရက်, လ, နှစ် စသည် အမြဲတည်၏ ဟူသော အဖြစ်ဖြင့်ရင်း။ သခ်ၤါရာနံ၊ သခ်ၤါရရုပ်နာမ်တို့၏။ သကိစ္စပရိစ္ဆေဒတာယ စ၊ခက်မာ ဖွဲ့စေး ပူအေး ထောက်ကန်စသော ရုပ်တို့၏ သဘာဝကိစ္စ, ဖဿ ဝေဒနာ စသော နာမ်တို့၏ ကိစ္စ, ဤသို့လျှင် မိမိတို့၏ ကိစ္စအသီးသီး အပိုင်းအခြားရှိသောကြောင့်ရင်း။ သဝိဂ္ဂဟာနံ ဝိယ၊ လုံးလုံးလျောင်းလျောင်း ပေါင်း၍တည်ဟန် သဏ္ဌာန်အဂည်ကိုယ် ရှိ၏သို့။ ဥပဋ္ဌာနမတ္တံ၊ ထင်ရရုံမျှသည်။ ဝါ၊ အလိုရှိရာ သွားလာလုပ်ကိုင်နိုင်သော ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမဟု ထင်ရရုံမျှသည်။ (သခ်ၤါရနိမိတ္တံ နာမ၊ သခ်ၤါရနိမိတ်မည်သည်။) ဟောတိ၊ ဖြစ်၏။

၁။ ဝိသုဒ္ဓိမဂ်မဟာဋီကာ-ဒုကိယ-နှာ-၃၈၄။

ဤတိ၊ ဤသို့ ထင်ရဲ့မျှကိုပင် တကယ်အဟုတ်အမှန်ရှိ၏ဟု မှားသောအားဖြင့် ရှုကြ၏။

ဥပမာ–မီးစာရဲရဲကြီးကို မှောင်ထဲမှ မြန်မြန် ပတ်ပတ်လှည့်သည်ရှိသော် အဝေးက မြင်ရသော သူတို့၏စိတ်မှာ ထိုနေရာ၌ မီးကွင်းဝိုင်းကြီးချိတ်ဆွဲထားသကဲ့သို့ ထင်ရ၏။ စင်စစ်ကား မီးကွင်းကြီးကို ဆွဲချိတ်ထားမှု မဟုတ်ပေ၊ ထင်ရရုံမျှသာတည်း။ ထိုအတူ သန္တတိသမူဟာရုပ်တို့ ဖောက်ပြန်မှုမျှသာ ဟူလို။

ဗဟုသုတ မရှိသောသူတို့သည် ရုပ်နာမ်ခန္ဓာကို ငါဟု ရှုတတ်ပုံ

ဗဟုသုတမရှိသောသူတို့ ထိုသို့ အထင်အမြင်မှားခြင်း၏ အကြောင်း မြင်သိလွယ်စေခြင်းငှါ ပြဦးအံ့–

ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား အရေ အသား အကြော အရိုး ရိုးတွင်းခြင်ဆီ အညှို နှလုံး အသည်း အမြှေး အဖျင်း အဆုတ် အူမ အူသိမ် အစာသစ် အစာဟောင်း ဦးနှောက် ဟူသော ၂၀-သော ပထဝီဓာတ်အစု။ သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံတွေး နှပ် အစေး ကျင်ငယ်ဟူသော ၁၂-ပါးသော အာပေါဓာတ် အစု။ ရက်ဆက် ရက်ချန် ဖျားတတ်သော သန္တာပန တေဇော, ရင့်စေ ကျက်စေတတ်သော ဇီရဏ တေဇော, ပေါက်နာ ကျောက်နာစသော ဒုဟတေဇော, အစာကိုကြေကျက်စေတတ်သော ပါစက တေဇော၊ ဤသို့ တေဇောဓာတ် ၄-ပါးအစု။ အထက်ဆန်သော ဥဒ္ဓင်္ဂမ-ဝါတ, အောက်သို့ စုန်သော အဓောဂမဝါတ, ဝမ်းတွင်း၌တည်သော ကုစ္ဆိ-သယဝါတ, ကောင်သေ အစုတို့၏ အတွင်း၌တည်သော ကောဋ္ဌာသယဝါတ, အင်္ဂါကြီးငယ်သို့ လျှောက်သော အင်္ဂမင်္ဂါနုသာရိဝါတ, ထွက်သက် ဝင်သက် ဟူသော အဿာသ ပဿာသ ဝါတ ဟူသော ဝါယောဓာတ်အစု ၆-ပါး။ ဤသို့ ပထဝီ ၂၀၊ အာပေါ ၁၂၊ တေဇော ၄၊ ဝါယော ၆-ပါးတို့နှင့်တကွ မျက်စိ, နား, နှာ, အင်္ဂါခြေလက်တို့သည် ငါပင်တည်း။ ထိုငါသည် ထိုကိုယ်ကို အပိုးရ၏၊ အလိုသို့ လိုက်စေနိုင်၏ဟု မှားမှု အဟံငါ။

ခံစားခြင်းဝေဒနာ၊ မှတ်ခြင်းသညာ၊ ပြုပြင်ခြင်းသင်္ခါရာ၊ အာရုံကိုသိခြင်း ဝိညာဏ် နာမ်ခန္ဓာ ၄-ပါးတို့သည် ငါပင်တည်း။ ထိုငါသည် သိမှတ်ခံစား ပြုပြင်ခြင်းကို အစိုးရ၏ဟု မှားမှုသတ္တ အဟံ-ငါ။

အဆင်း အနံ့ အရသာ အတွေ့အထိ စသည်တို့ကို ခံစားတတ်သော ခံစားခြင်းကို အစိုးရသော ဝေဒကပုဂ္ဂိုလ် ဒအတ္တ သတ္တ အဟံ-ငါ။

ကောင်းမှု မကောင်းမှုစသော ကိစ္စကြီးငယ်တို့ကို ပြုလုပ်ခြင်းကို အစိုးရသော သတ္တ ဇီဝ ကာရကပုဂ္ဂိုလ် ကေန်အမှန် အဟံ-ငါ။

သည်ရက် ဟိုလ ဟိုနှစ် စသည် တည်မြဲသော နိစ္စ ဓုဝ သတ္တ အဟံ့-ငါ။

သည်နေရာမှသည် ဟိုနေရာသို့ သွားရောက်နိုင်သော သတ္တ-ဇီဝ ကေန္တ မုချ အဟံ-ငါ။

ဤသို့ ရုပ်နာမ် သဘာဝ ကိစ္စသမူဟ အနိစ္စ ဒုက္ခ အနတ္တမှုတို့အား ခွဲခြားမပြု၊ ငါတခုဟု၊ ဤသို့ ရှုမှားမှု၊ သတ္တ ဇီဝ အဟံ-ငါ။

ထိုထိုမှားမှု ပယ်စွန့်ပြု၍ ရှုမှု နေတံ မမ၊ နေသော ဟမသ္မိ၊ နမေသော အတ္တာဟု၊ ယောနိသောမှု၊ အသင့်ရှု၊ ချုပ်မှုသက္ကာယာ။

ဧတံ၊ ဤနာမ်ရုပ်တရားသည်။ နမမ၊ ငါ၏ဥစ္စာမဟုတ်၊ ဧသော၊ ဤ ရုပ်နာမ်တရားသည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဖြစ်။ ဧသော၊ ဤ ရုပ်နာမ်တရားသည်။ မေ၊ ငါ၏။ အတ္တာ၊ ကိုယ်သည်။ ဝါ၊ အစိုးရမှု အလိုလိုက်မှုရှိသော အတ္တသည်။ န၊ မဟုတ်။

အဓိပ္ပါယ်ကား—နာမ်ရုပ်မျှသာ ရှိ၏။ ထို နာမ်ရုပ်သဘောမှတပါး ပုဂ္ဂိုလ် သတ္တဝါ ငါ မရှိဟု ဤသို့ ရှုရမည် ဟူလို။

သတိပြုရန် – ငါ ၂-မျိုး ရှိ၏။ ဒိဋ္ဌိ ငါနှင့် မာနငါပင်တည်း။ ဤဌ ဒိဋ္ဌိဂတ-သမ္ပယုတ် လောဘစိတ် ၄-ခုနှင့် ယှဉ်သော ငါကား ရုပ်နာမ်ကို မိမိအစိုးရ၏ အလိုသို့ လိုက်စေနိုင်သော ငါကိုယ် ငါဟာ အမှန်တည်းဟု ရှု၏။ ဤကား ပုထုဇဉ်၏ ငါတည်း။

ဒီဋ္ဌဂတဝိပ္ပယုတ်၄-ခုနှင့်ယှဉ်သော ငါကား ခန္ဓာကို အတ္တဟု မရူပေ။သို့ရာတွင် ခန္ဓာကို အစဲပြု၍ ငါသည် သူများထက်သိသော သမာဓိပညာ ရှိ၏ဟု မိမိကိုယ်ကို အထင်ကြီးသောအားဖြင့် တက်ကြွ ထောင်လွှားသော ငါတည်း။ ထို့ငါမူကား သောတာပန် သကဒါဂါမ် အနာဂါမ်တို့မှာသော်လည်း ဌိ၏။ အရဟတ္တမဂ်ကျမှ ပြတ်၏။ ဤသို့ ငါ ၂-မျိုးကို ခဲခြားမှတ်အပ်၏။

သက္ကာယနှင့် ဒိဋ္ဌိ ခြားနားပုံ

သက္ကာယနှင့် ဒိဋ္ဌိ ခြားနားပုံကို ပြဦးအံ့—

> "သန္တေ သံဝိဇ္ဇမာနေ ကာယေ သက္ကာယေ၊ သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ။"

ဤသို့ အဋ္ဌကထာဆရာ ပြ၏။

သန္တေ သံဝိဇ္ဇမာနေ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ကာယေ၊ ရူပကာယ နာမကာယ အပေါင်းအစုတည်း။ သက္ကာယေ၊ နာမ်ရုပ်အပေါင်းအစု။ သက္ကာယေ၊ ခန္ဓာ ၅-ပါး အပေါင်းအစု၌။ ဒိဋ္ဌိ၊ ဒေါစိုးရခြင်း, အလိုသို့လိုက်ခြင်း, အတ္တ သတ္တသဘော မရှိပဲလျက် ရှိသကဲ့သို့ မှားသောအားဖြင့် စွဲယူခြင်းသည်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ မည်၏။

ဤ၌ တဏှာ, ဒိဋ္ဌိဟူသော ဥပါဒါန်ကို ပယ်ပြီးသော ပုဂ္ဂိုလ်တို့၏ ခန္ဓာကား ဥပါဒါန်ကင်းသော ခန္ဓာသက်သက်မျှသာတည်း။ ထို့ဥပါဒါန်ကို မပယ်ရသေးသော ပုဂ္ဂိုလ်တို့၏ ခန္ဓာနှင့် တဏှာ, ဒိဋ္ဌိ ဥပါဒါန်တို့နှင့် တကွဖြစ်နေ၏။ထို့ကြောင့် ခန္ဓာ ဥပါဒါနက္ခန္ဓာ ၂-မျိုးကို ခဲခြား၍ မှတ်အပ်၏။ ပဥ္စုပ္ပန္နာဆိုလျှင် ပုထုဇဉ် အရိယာ ၂-မျိုးရ၏။ ပဥ္စုပါဒါနက္ခန္ဓာဟုဆိုလျှင် ပုထုဇဉ်သက်သက်ကိုသာ ရ၏ဟူလို။

ထို့သက္ကာယနှင့် ဒိဋ္ဌိ ခြားနားပုံကို ဥပမာနှင့်တကွ ပြလိုသော အဋ္ဌကထာဆရာသည်—

စောရနဂရံ ဝိယ သက္ကာယော၊ ခေမနဂရံ ဝိယ နိဗ္ဗာနံ၊
မဟာယောဓော ဝိယ ယောဂါဝစရော။"[၁]

ဟု မိန့်၏။

သက္ကာယော၊ ရူပကာယ နာမကာယ အပေါင်းအစုကို။ စောရနဂရံ ဝိယ၊ အတ္တဒိဋ္ဌိဟူသော ခိုးသူနေသော မြို့ကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ နိဗ္ဗာနံ။ အရဟတ္တဖိုလ်နိဗ္ဗာန်ကို။ ခေမနဂရံ ဝိယ၊ ဘေးကင်းသော မင်းနေပြည်ကြီးကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ မဟာယောဓော ဝိယ၊ ခိုးသူတို့ကို ကွပ်ညှပ်သော စစ်သူကြီးကဲ့သို့။ ယောဂါဝစရော၊ သက္ကာယဒိဋ္ဌိ စသော ကိလေသာတို့ကို ပယ်သတ်သော ယောဂါဝစရပုဂ္ဂိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အဓိပ္ပါယ်ကား—ရုပ်နာမ်ကို အတ္တဟု ရှုလျှင် သက္ကာယဒိဋ္ဌိ ဖြစ်၏။ ထိုဒိဋ္ဌိအယူကို စစ်သူကြီးနှင့်တူသော ယောဂါဝစရပုဂ္ဂိုလ်က မဂ်ဖြင့် ပယ်သတ်လျှင် ခန္ဓာသာ ရှိတော့၏၊ ဒိဋ္ဌိ မရှိတော့ပြီ။ ဒိဋ္ဌိမရှိက ဇာတိစသော ဘေးဒုက္ခတို့မှ လွတ်သော နိဗ္ဗာန်သို့ ရောက်နိုင်၏။

ထိုကြောင့် ခန္ဓာသက်သက်ရှိခြင်းမှာ ဘေးရန်ကင်းသော မင်းနေပြည်နှင့်တူ၏ ဟူလို။

ပြီးပြီ။

အတ္တဒိဋ္ဌိချုပ်လျှင် ဒိဋ္ဌိအားလုံးချုပ်ပုံ

၆၂-ပါးသော ဒိဋ္ဌိတို့သည် အတ္တဒိဋ္ဌိလျှင် အကြောင်းရင်းရှိ၏။ အတ္တဒိဋ္ဌိတနည်း—သက္ကာယဒိဋ္ဌိချုပ်လျှင် ဒိဋ္ဌိအားလုံးချုပ်ပုံ အဋ္ဌကထာ—

အတ္တဒိဋ္ဌိမူလကာ သဿတဉ္စေဒါဒယော။

သဿတဉ္စေဒါဒယော၊ သဿတ ဉ္စေဒစသော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့သည်။ အတ္တဒိဋ္ဌိမူလကာ၊ အတ္တဒိဋ္ဌိလျှင် အကြောင်းရင်းရှိကုန်၏။

၁။ အင်္ဂုတ္တရအဋ္ဌကထာ-တတိယနှာ-၃၂-စသည်။

အရင်းလဲ-အဖျားထင်းဖြစ်၏ ဆိုသကဲ့သို့ ထိုအတူ အတ္တဒိဋ္ဌိချုပ်လျှင် ကျန်သော ဒိဋ္ဌိတို့လည်း ချုပ်ရ၏ ဟူလို။

ပြီးပြီ။

နာမ်နှင့် ရူပ်ကို နာမရူပပရိစ္ဆေဒဖြင့် ခဲ့ခြားပြီး ရှုခြင်းဖြင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံ

ထိုပြင် နာမ်နှင့်ရူပ်ကို ခဲ့ခြားပြီး ရှုသောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပုံကို ပြလိုသော အဋ္ဌကထာဆရာသည်—

> "စက္ခု ရူပါယတနံ ရူပံ၊ ဒဿနံ စက္ခုဝိညာဏံ နာမံ၊ ဧဝံ နာမရူပံ ပရိစ္ဆိန္ဒိတ္ဝာ ပဝတ္တံ ဉာဏံ ဒိဋ္ဌိဝိသုဒ္ဓိနာမ။"

ဟု မိန့်၏။

စက္ခု ရူပါယတနံ၊ စက္ခုနှင့် ရူပါရုံသည်။ ရူပံ၊ အဆင်းကို မသိတတ်သော ရူပ်သက်သက်တည်း။ ဒဿနံ၊ အဆင်းကို သိတတ်သော။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ နာမံ၊ နာမ်တည်း။ ဤတို့ ဧဝံ၊ ဤသို့။ နာမရူပံ၊ နာမ်ရူပ် ၂ ပါးကို။ ပရိစ္ဆိန္ဒိတ္ဝာ၊ ပိုင်းခြားပြီး။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ စင်ကြယ်စွာမြင်သော ဉာဏ်မည်၏။ ဝါ၊ သတ္တဇီဝမှဆိတ်သော နာမ်ရူပ် ၂-ပါးမျှသာတည်းဟု မြင်သိသော ဉာဏ်မည်၏။

သောတ ဃာန ဇိဝှါတို့၌လည်း ၎င်းနည်းသိပါကုန်။ ကာယ၌ အထူးအားဖြင့် အဆင်မှားတတ်သောကြောင့် ထိုကာယ၌ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် ရှုနည်းကို ပြပါအံ့—

> ကာယ ဖောဋ္ဌဗ္ဗာယတနံ ရူပံ၊ ကာယဝိညာဏံ နာမံ၊ ဧဝံ နာမရူပံ ပရိစ္ဆိန္ဒိတ္ဝာ ပဝတ္တံ ဉာဏံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။

ကာယ ဖောဋ္ဌဗ္ဗာယတနံ၊ ကာယနှင့် ဖောဋ္ဌဗ္ဗာရုံသည်။ ရူပံ၊ သိတတ်သော သဘောမရှိသော အစေတန အဗျာကတ ရူပ်သက်သက်သာတည်း။ ကာယဝိညာဏံ၊ အတွေ့ အထိတို့ကို သိတတ်သော ကာယဝိညာဏ်စိတ်သည်။ နာမံ၊

နာမ်မည်၏။ ဣတိ ဧဝံ၊ ဤသို့။ နာမရူပံ၊ နာမ်ရုပ် ၂-ပါးကို။ ပရိစ္ဆိန္နိတ္ဘာ၊ ပိုင်းခြား၍။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ တနည်း—ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ သတ္တဇီဝမှဆိတ်သော အကြောင်းအကျိုးစပ်၍ ဖြစ်နေသော ပဋိစ္စသမုပ္ပါဒ် နာမ်ရုပ်မျှသာတည်းဟု မှန်ကန်စွာ မြင်သိသော ဉာဏ်မည်၏။

နာမ်သည် ရုပ်ကိုမှီ၍ဖြစ်သော်လည်း သဘောချင်း ခြားနားပုံကို ဥပမာနှင့်တကွ ပြပုံ

နာမ်သည် ဒွါရအာရုံဟူသော ရုပ်ကိုမှီ၍ သိခြင်းကိစ္စပြီး၏။ သို့ရာတွင် နာမ်သဘောနှင့် ရုပ်သဘော မရောမစပ်ကြောင်းပြလိုသော အဋ္ဌကထာဆရာသည်–

> ယထာ စ ဒဏ္ဍာဘိပဟတာ ဘေရိ နိဿာယ သဒ္ဒေ ပဝတ္တမာနေ အညာ ဘေရီ, အညော သဒ္ဒေါ, ဘေရိသဒ္ဒါ အသမ္မိဿာ၊ ဘေရီသဒ္ဒေန သညော၊ သဒ္ဒေါ ဘေရိယာ သုညော၊ ဧဝမေဝ ဝတ္ထုဒ္ဒါရာ-ရမ္မဏာသင်္ခါတံ ရူပံ နိဿာယ နာမေ ပဝတ္တမာနေ အညံ နာမံ, အညံ ရူပံ, နာမရူပါ အသမ္မိဿာ၊ ရူပံ နာမေန သုညံ၊ နာမ ရူပေန သုညံ၊ အထ ခေါ ဘေရိ ပဋိစ္စ သဒ္ဒေါ ဝိယ ရူပံ ပဋိစ္စ နာမံ ပဝတ္တတီတိ[၁]

ဟု မိန့်၏။

ယထာ၊ ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား။ ဘေရိ၊ စည်ကို။ ဒဏ္ဍာဘိပဟတာ၊ လက်ခတ်ဖြင့် ထိခတ်ခြင်းကြောင့်။ သဒ္ဒေ၊ အသံသည်။ ပဝတ္တမာနေ ပီ၊ ဖြစ်သည်ရှိသော်လည်း။ ဘေရီ၊ စည်သည်။ အညာ၊ သဘောတပါး သာတည်း။ သဒ္ဒေါ၊ အသံသည်။ အညော၊ သဘော တပါးသာတည်း။ ဘေရိသဒ္ဒါ၊ စည်နှင့် အသံတို့သည်။ အသမ္မိဿာ၊ သဘောအားဖြင့် မရောမယှက်ကုန်။ ဘေရီ၊ စည်သည်။ သဒ္ဒေန၊ အသံမှ။ သုညာ၊ ဆိတ်၏။ သဒ္ဒေါ၊ အသံသည်။ ဘေရိယာ၊ စည်သဘောမှ၊ သုညော၊ ဆိတ်၏။ ဧဝမေဝ၊ ဤအတူသာလျှင်၊ ဝတ္ထုဒ္ဒါရာရမ္မဏာသင်္ခါတံ၊ ဝတ္ထု ဒွါရ အာရုံဟု ဆိုဒေးပ်သော။ ရူပံ၊ ရုပ်ကို။ နိဿာယ၊ မှီ၍။ နာမေ၊ နာမ်သည်။ ပဝတ္တမာနေပီ၊ ဖြစ်

၁။ ဝိသုဒ္ဓိ ဒုတိယနှာ-၂၃၀-ကြည့်။

သော်လည်း။ နာမံ၊ သိတ်တော် နာမ်သည်။ အည်၊ သဘော တပါးသာ တည်း။ ရူပံ၊ မသိတတ်သောရုပ်သည်။ အည်၊ သဘော တပါးသာတည်း။ နာမရူပါ၊ နာမ်ရုပ် ၂-ပါးတို့သည်။ အသမ္မိဿာ၊ သဘောလက္ခဏာအားဖြင့် မရောမနှောကုန်။ နာမံ၊ နာမ်သည်။ ရူပေန၊ ဖောက်ပြန်တတ်သော ရုပ် သဘောမှ။ သုညံ၊ ဆိတ်၏။ ရူပံ၊ ရုပ်သည်။ နာမေန၊ အာရုံကို ညွတ်တတ်သော နာမ်သဘောမှ၊ သုညံ၊ ဆိတ်၏။ အထ ခေါ၊ စင်စစ်သော်ကား။ ဘေရိံ၊ စည်ကို။ ပဋိစ္စ၊ စဲ့၍။ ပဝတ္တော၊ ဖြစ်သော၊ သဒ္ဒေါ ဝိယ၊ အသံကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ရူပံ၊ ရုပ်ကို။ ပဋိစ္စ၊ စဲ့၍။ နာမံ၊ နာမ်သည်။ ပဝတ္တတိ၊ ဖြစ်၏။

ဤ၌ အဓိပ္ပါယ် ပေါ်လွင်သဖြင့် သိလွယ်သောကြောင့် အဓိပ္ပါယ် မပြတော့ပါ။

ပြီးပြီ။

ဖဿပဉ္စမက ဖြစ်ပုံ

ဤရုပ်နာမ်တို့ သဘောတခြားစီဖြစ်ကြောင်း စက္ခုဒွါရဝီထိဖြင့် ဖဿပဉ္စမက ဖြစ်ပုံကို ပြဦးအံ့—

စက္ခုံ စ ရူပေ စ ပဋိစ္စ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿသဟဇာတာ ဝေဒနာသညာသင်္ခါရဝိညာဏံ ဖဿပဉ္စမကံ ဥပ္ပဇ္ဇတိ။

စက္ခုံ စ၊ စက္ခုဒွါရ စက္ခုဝတ္ထုကိုဌင်း။ ရူပေ စ၊ ရူပါရုံတို့ကိုဌင်း။ ပဋိစ္စ၊ စဲ့၍။ ဝါ၊ မသိတတ်သော စက္ခု ရူပတို့ကို စဲ့၍။ စက္ခုဝိညာဏံ၊ အဖြူ အနီ စသော အဆင်းကို သိတတ်သော စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ ထိုစက္ခု ရူပ ဝိညာဏ် ဤသုံးဦးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံ လုံးထွေး ထိခိုက်မှုသည်။ ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ ဖဿဟူသော အကြောင်း ကြောင့်။ ဝေဒနာသညာသင်္ခါရဝိညာဏံ၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော။ ဖဿပဉ္စမကံ၊ ဖဿပဉ္စမကတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသို့ ရုပ်သဘောတခြား နာမ်သဘောတခြားတို့တည်း၊ နာမ်တို့တွင်လည်း ဖဿ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟူသော သဘောအသီးသီး ဖြစ်၏။

ထိုသဘောတို့၌အညာ ဖဿ, အညာ ဝေဒနာ, အညာ သညာ, အညာ သင်္ခါရာ, အညံ ဝိညာဏံ၊ ဤသို့ သဘောတခြားစီ ဖြစ်ပျက်ခြင်းရှိ၏။ ဤ၌ စက္ခု ရူပ စသော ရုပ် နာမ် ဖဿပဥ္စမကတရားတို့သည် သတ္တ ဇီဝသဘောမရှိ၊ ဝါ၊ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်။ အကြောင်းကို စဲ့၍ အကျိုးဖြစ်နေသော ပဋိစ္စသမုပ္ပါဒ် နာမ် ရုပ်တို့သာတည်းဟု သမ္မသနဉာဏ်အားဖြင့် သိမ်းဆည်းအပ်၏ ဟူလို။

စောဒက တက်ဖွယ်

စောဒက တက်ခွင့်ရှိသည်ကို ပြဦးအံ့-

နာမ်ရုပ်တို့သည် ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ အသက်မဟုတ်သော နိဿတ္တ နိဇ္ဇီဝမျှသာတည်းဟု ဆို၏။ ထိုဆိုသည့်အတိုင်း နိဿတ္တ နိဇ္ဇီဝ မှန်ပါလျှင် အဘယ်ကြောင့် အသီးအသီး မိမိတို့အလိုရှိရာ သွားလာ လုပ်ကိုင် ပြောဆို နိုင်ကြပါသနည်း၊ သတ္တ ဇီဝမှန်သောကြောင့်သာလျှင် ဤကဲ့သို့ မိမိတို့ အလိုရှိသော ကိစ္စကြီးငယ်ကို ပြုလုပ်နိုင်သည် မဟုတ်ပါလော။

ဤကား စောဒနာတည်း။

အဖြေကား-ပဋိစ္စသမုပ္ပါဒ်အားဖြင့် အကြောင်း အကျိုး ညီညွတ်က ဤမျှ လောက်သော သာမညကိစ္စကို ပြုနိုင်၏။ သို့ရာတွင် မိမိတို့ကိုယ်ကို မအိုအောင် မနာအောင် မသေအောင် အစိုးမရ၊ မြဲအောင် အစိုးမရကြပေ။ အကယ်၍ သတ္တ ဇီဝ နိစ္စ သုခ အတ္တ မှန်ပါလျှင် အဘယ်မှာလျှင် ထိုကဲ့သို့ အိုနာ သေမှုကို ဖြစ်စေလိမ့်မည်နည်း။ ထိုကြောင့်-

"အဝသတာယ အဝိဓေယျတာယ စ ပရတော"။[၁]

ဟူ၍ တောလေးဆယ်အဋ္ဌကထာ၌ ဖွင့်ပြ၏။

အဝသတာယ စ၊ မအို မနာ မသေလိုသော ဆန္ဒရှိကြသော်လည်း ထိုဆန္ဒ အရ အလိုမလိုက်သောကြောင့်ဝင်း။ အဝိဓေယျတာယ စ၊ သို့ဖြစ်စေခြင်းငှါ

၀ိသုဒ္ဓိ-ဒုတိယ-နာ-၂၄၇။

စီရင်၍မရသောကြောင့်ထင်း။ ပရတော၊ သူစိမ်းပြင်ပလူနှင့် တူသောအားဖြင့်။ ပဿတိ၊ ရှုအပ်၏။

ဥပမာ–မိဘသြဇာကို ခံယူကြသော သားသမီးတို့ကား အကြောင်းကြီးငယ်ကိစ္စရှိက မိဘတို့က အားထားကြရ၏။ မိမိ သြဇာမရှိသော သူစိမ်းပြင်ပလူ၌ ပြုဘွယ်ကိစ္စရှိသောအခါ အားမထားရသကဲ့သို့၊ ထိုအတူ အိမ္မ နာမ္မ သေမ္မစသော ဘေးတို့မှ ကင်းလွတ်စေရန် ခန္ဓာ၌ အားထားစရာ မရှိပေ။

ထိုကြောင့် အစိုးမရ အလိုမလိုက်သော အနတ္တ ဒုက္ခသစ္စာသာတည်းဟု နှလုံးသွင်း၍ အတ္တအယူကို ပယ်အပ်၏ ဟူလို။

သစ္စကပရိဗိုဇ်သည် ဤကဲ့သို့ မိမိတို့အလိုရှိရာ သွားလာ လုပ်ကိုင် နေနိုင်ကြသည်ကို အစဲ့ပြု၍ ခန္ဓာ ၅-ပါးသည် အတ္တဟု အယူရှိပြီးလျှင် မြတ်စွာဘုရားနှင့် ဝါဒပြိုင်ရာ မြတ်စွာဘုရားက သင်သည် အတ္တမှန်ခဲ့လျှင် လိစ္ဆဝီမင်းတို့ကဲ့သို့ နုပျိုသော ရုပ်အဆင်းဖြစ်အောင် ဘာကြောင့် မပြုလုပ်သနည်းဟု မေးလတ္တံ့ သော ပုစ္ဆာကို မြင်သိ၏။ ဤအခါမှ အနတ္တဟု ယုံကြည်သဖြင့် အတ္တဒိဋ္ဌိမှ ကျွတ်လေတော့၏ ဟူလို။ ထိုကြောင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ခန္ဓာ ၅-ပါးတို့မှ တပါး ကိစ္စကြီးငယ်ကို ပြုလုပ်တတ်သော ကာရကပုဂ္ဂိုလ် မရှိ၊ သုခ ဒုက္ခကို ခံစားတတ်သော ဝေဒကပုဂ္ဂိုလ် မရှိ၊ မှတ်တတ်သောပုဂ္ဂိုလ် မရှိ၊ ပြုပြင်တတ်သောပုဂ္ဂိုလ်, အာရုံကိုသိတတ်သောပုဂ္ဂိုလ် မရှိ၊ ပုဂ္ဂိုလ် သတ္တဝါဟူသည် ပညတ်မျှသာ ဟူလို။

ထိုကြောင့် ဥပမာနှင့်တကွပြလိုသော အဋ္ဌကထာဆရာသည်–

> “ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
> ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။”[၁]

ဟု မိန့်၏။

အင်္ဂသမ္ဘာရာ၊ ဘီး, ဝင်ရိုး, ထမ်းပိုးစသော အင်္ဂါကြီးငယ်ကြောင့်။ ရထော ဣတိ၊ ရထားဟူသော။ သဒ္ဒေါ၊ ဝေါဟာရသဒ္ဒါသည်။ ဟောတိ ယထာ၊ ဖြစ်

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၂၈။

သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ခန္ဓေသု၊ ခန္ဓာတို့သည်။ သန္တေသု၊ ရှိကုန်လသော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါဟူသော ဝေါဟာရပညတ်မျှသည်။ ဟောတိ၊ ဖြစ်၏။

စင်စစ်မူကား နာမ်ရုပ်တို့၏ သဘာဝနှင့် အနိစ္စကို မမြင်မသိသောကြောင့် အသက်ရှိ၏, မြဲ၏ဟု ယူမှားကြ၏။ တနည်း–နာမ်ရုပ်အဖြစ်အပျက် ဆက်၍နေသော သန္တတိကို မသိမမြင်သောကြောင့် မွေးကတည်းက အသက်သေမှ ပျက်၏ဟု ထင်ကြ၏။ ထိုသို့ ထင်ကြသည့်အတိုင်း မဟုတ်ကုန်၊ ကံ, စိတ်, ဥတု, အာဟာရစသော အကြောင်း အဆောက်အပုံတို့ကြောင့် အဖြစ်အပျက်ဆက်၍နေခြင်းမျှသာတည်း၊ မဖြစ်မပျက်ပဲ နိစ္စတည်သည် မဟုတ် ဟူလို။

နာမ်လည်း ဒုဗ္ဗလ, ရုပ်လည်း ဒုဗ္ဗလပင် ဖြစ်သော်လည်း အချင်းချင်း ကျေးဇူးပြုက ကိစ္စကြီးငယ်ပြီးစီးပုံ အကျိုးအကန်း ဥပမာ

ထိုပြင် နာမ်ရုပ်တို့၏ ဒုဗ္ဗလသဘောကို ပြလိုသော အဋ္ဌကထာဆရာသည်–

"ယထာ ဇစ္စန္ဓော နိတ္တေဇော ဒုဗ္ဗလော န သကေန ဗလေန ဂစ္ဆတိ၊ ပီဋသပ္ပီပိ နိတ္တေဇော ဒုဗ္ဗလော၊ န သကေန ဗလေန ဂမနံ ပဝတ္တတိ၊ အာဃ ခေါ အညမညံ နိဿာယ ဂမနံ ပဝတ္တတိ၊ ဧဝမေဝ နာမမ္ပိ နိတ္တေဇံ ဒုဗ္ဗလံ၊ န သကေန ဗလေန ပဝတ္တတုံ သက္ကောတိ၊ န ခါဒတိ၊ န ပိဝတိ၊ န ဗျာဟရိယတိ၊ န ဣရိယာပထံ ကပ္ပေတိ၊ ရူပမ္ပိ နိတ္တေဇံ ဒုဗ္ဗလံ၊ န သကေန ဗလေန ပဝတ္တတုံ သက္ကောတိ၊ န ခါဒတိ၊ န ပိဝတိ၊ န ဗျာဟရိယတိ၊ န ဣရိယာပထံ ကပ္ပေတိ၊ အထ ခေါ ရူပံ နိဿာယ နာမံ ပဝတ္တတိ၊ နာမံ နိဿာယ ရူပံ ပဝတ္တတိ၊ နာမဿ ခါဒိတုကာမတာယ ပိဝိတုကာမတာယ ဗျာဟရိတုကာမတာယ ဣရိယာပထံကပ္ပေတုကာမတာယ ရူပံ ခါဒတိ၊ ပိဝတိ၊ ဗျာဟရိယတိ၊ ဣရိယာပထံ ကပ္ပေတိတိ။"[၁]

ဟု မိန့်၏။

၁။ ဝိသုဒ္ဓိ ဒုတိယ နှာ-၂၃၁- ၂- ကြည့်ပါ။

အဓိပ္ပါယ်ကိုသာ ပြပါတော့အုံ —

နာမ်ရုပ်တို့သည် ဒုဗ္ဗလပင်တည်း၊ သို့ရာတွင် နာမ်နှင့် ရုပ်တို့ အချင်းချင်း ကျေးဇူးပြုက ကိစ္စကြီးငယ်ကို ပြီးစီးစေနိုင်၏။ ဥပမာ အကန်းသည် မျက်စိမမြင်၍ မသွား မလာနိုင်၊ အကျိုးလည်း ကျိုးနေ၍ မသွား မလာနိုင်၊ အကန်း အကျိုးတို့ တဦးတဦး ကျေးဇူးပြုကြသောအခါ သွားခြင်းကိစ္စ ပြီးစီးနိုင်၏။ ပြီးစီးပုံကား–အကန်းက အကျိုးကို ပခုံးမှာထမ်း၍ အကျိုးကညွှန်ပြရာ အကန်း ကသွား၍ ထမင်းတောင်းစားကြရာ စားသောက်ခြင်းကိစ္စကို ပြီးစေသကဲ့သို့ ထို့အတူ နာမ်သည်လည်း မိမိတဦးတည်း ကိစ္စမပြီးစီးနိုင်။ ရုပ်သည်လည်း မိမိတဦးတည်း ကိစ္စမပြီးစီးနိုင်။ ထို့ကြောင့် နာမ် ရုပ်တို့သည် ဒုဗ္ဗလပင်တည်း။ သို့ရာတွင် နာမ် ရုပ်တို့ အချင်းချင်း ကျေးဇူးပြုကြလျှင် သွားလာ လုပ်ကိုင်ပြောဆိုနိုင်ခြင်းကိစ္စတို့ ပြီးစီး၏။

ကိစ္စပြီးစီးပုံ

အထ ခေါ်၊ စင်စစ်သော်ကား။ ရူပံ၊ မျက်စိစသောရုပ်ကို။ နိဿာယ၊ မှီ၍။ နာမံ၊ အဆင်းကိုသိသော နာမ်သည်။ ပဝတ္တတိ၊ဖြစ်၏။နာမံ၊စားလိုသောက်လိုမှု နာမ်ကို။ နိဿာယ၊မှီ၍။ ရူပံ၊ ရုပ်သည်။ ပဝတ္တတိ၊စားသောက်မှု စသည်ဖြစ်၏။ နာမဿ၊ နာမ်၏။ ခါဒိတုကာမတာယ၊ စားလိုခြင်း ဖြစ်လတ်သော်။ ပိဝိတု-ကာမတာယ၊ သောက်လိုခြင်းဖြစ်လတ်သော်။ ဗျာဟရိတုကာမတာယ၊ ပြောလိုခြင်း ဖြစ်လတ်သော်။ ဂ္ဂရိယာပထံ ကပ္ပေတုကာမတာယ၊ ထိုင်ခြင်း ရပ်ခြင်း သွားခြင်း အိပ်ခြင်းဟူသော ဂ္ဂရိယာပုထ်ကိုပြုလိုသည်။ သတိ၊ ရှိသော်။ ရူပံ၊ ရုပ်သည်။ ခါဒတိ၊ စား၏။ ပိဝတိ၊ သောက်၏။ ဗျာဟရိယတိ၊ ပြောဆို၏။ ဂ္ဂရိယာပထံ ကပ္ပေတိ၊ ထိုင်ခြင်း-ရပ်ခြင်း-သွားခြင်း-အိပ်ခြင်းကို ပြု၏။

ဤ၌ နာမ်လည်း ဒုဗ္ဗလ, ရုပ်လည်း ဒုဗ္ဗလပင် ဖြစ်ကြသော်လည်း ဤသို့ အချင်းချင်း အညမညအားဖြင့် ကျေးဇူးပြုက လိုရာကိစ္စ ပြီး၏ ဟူလို။

မြစ်တဘက်သို့ကူးရာ၌ လူနှင့်လှေတို့ အချင်းချင်း ကျေးဇူးပြုသကဲ့သို့ နာမ်နှင့်ရုပ်တို့ကျေးဇူးပြုပုံ

ထိုနာမ် ရုပ်တို့ အချင်းချင်း ကျေးဇူးပြု၍ ဖြစ်ပျံးနေကြပုံကို ဥပမာ တနည်းဖြင့် ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည်-

> “ ဝ ဝ ဝ
> ယထာပိ နာဝ နိဿာယ၊ မနုဿာ ယန္တံ အက္ကမေ။
> ဧဝမေဝ ရူပံ နိဿာယ၊ နာမကာယော ပဝတ္တတိ။
> ယထာ စ မနုဿေ နိဿာယ၊ နာဝါ ဂစ္ဆတိ အက္ကမေ။
> ဧဝမေဝ နာမံ နိဿာယ၊ ရူပကာယော ပဝတ္တတိ။
> ဥဘော နိဿာယ ဂစ္ဆန္တိ၊ မနုဿာ နာဝါ စ အက္ကမေ။
> ဧဝံ နာမဉ္စ ရူပဉ္စ၊ ဥဘော အညောညံ နိဿိတာ တိ။”

ဟု မိန့်၏။

ယထာ၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ နာဝံ၊ လှေကို။ နိဿာယ၊ မှီ၍။ မနုဿာ၊ လူတို့သည်။ အက္ကမေ၊ မြစ်တဘက်သို့။ ယန္တိ၊ ရောက်ကုန်၏။ ဧဝမေဝ၊ ဤအတူ။ ရူပံ၊ စက္ခုစသောရုပ်ကို။ နိဿာယ၊ မှီ၍။ နာမကာယော၊ စက္ခုဝိညာဏ်စသော နာမကာယသည်။ ဝါ၊ စက္ခု သမ္မဿ ဝေဒနာ သညာ သခ်ါရ ဝိညာဏ် ဟူသော ဖဿပဉ္စမကသည်။ ပဝတ္တတိ ဖြစ်၏။။ မနုဿာ၊ လူတို့ကို။ နိဿာယ၊ မှီ၍။ နာဝါ၊ လှေသည်။ အက္ကမေ၊ မြစ်တဘက်သို့။ ဂစ္ဆတိ ယထာ၊ရောက်သကဲ့သို့။ ဧဝမေဝ၊ဤအတူ။ နာမံ၊နာမ်ကို။ နိဿယ၊မှီ၍။ ရူပကာယော၊ ရူပကာယသည်။ ဝါ၊ သွားလာ လုပ်ကိုင်ခြင်း စသော ရုပ်သည်။ ပဝတ္တတိ၊ ဖြစ်၏။။ ဥဘော၊ လှေ လူ ၂-ပါးတို့ကို။ နိဿာယ၊ မှီ၍။ မနုဿာ နာဝါ၊ လူနှင့် လှေတို့သည်။ အက္ကမေ၊ မြစ်တဘက်ကမ်းသို့။ ဂစ္ဆန္တိ ယထာ၊ ရောက်ကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ ရုပ်သည်၎င်း။ ဥဘော၊ နှစ်ပါးစုံတို့သည်။ အညောညနိဿိတာ၊ အချင်းချင်း မှီကြကုန်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဤကား နာမ်ရုပ်တို့ အချင်းချင်း ကျေးဇူးပြု၍ ဖြစ်ပျံးနေပုံတည်း။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၃၂။

နာမ်ရုပ်တို့သည် တစုံတရာ ဗျာပါရမရှိသော်လည်း ဗျာပါရ ရှိသကဲ့သို့ ထင်ရပုံ ဥပမာ

ထိုသို့ ဖြစ်ပွါးနေသော်လည်း ထိုနာမ်ရုပ်တို့၌ ဗျာပါရမရှိကြပေ။

ထိုသို့ ဗျာပါရမရှိသော်လည်း အကြောင်းကိုစဲ့၍ အကျိုးဖြစ်ခြင်း၌ ဗျာပါရ ရှိသကဲ့သို့ ဟင်ရပုံကို ပြလိုသော အဋ္ဌကထာဆရာသည်–

"ယထာ ဒါရုယန္တံ သုညံ နိဇ္ဇီဝံ နိရီဟကံ။ အထ စ ပန ဒါရု-ရဇ္ဇုကသမာယောဂေန ဂစ္ဆတိပိ တိဋ္ဌတိပိ၊ သ ဤဟကံ၊ သဗျာပါရံ ဝိယ ခါယတိ၊ ဧဝမိဒံ နာမရူပံ သုညံ နိဇ္ဇီဝံ နိရီဟကံ၊ အထ စ ပန အညမညံ နိဿာယ ပဝတ္တတိတိ။"[၁]

ဟု မိန့်၏။

ယထာ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဒါရုယန္တံ၊ သစ်သားရုပ်သည်။ သုညံ၊ သတ္တဇီဝမှ ဆိတ်၏။ နိဇ္ဇီဝံ၊ အသက်မရှိ။ နိရီဟကံ၊ အားထုတ်လိုသော ဗျာပါရ-မရှိ။ အထ စ ပန၊ ထိုသို့ပင် ဗျာပါရမရှိသော်လည်း။ ဒါရုရဇ္ဇုကသမာယော-ဂေန၊ ယန္တရားကြိုးနှင့် ရောယှက်ပြုပြင်ထားခြင်းကြောင့်။ ဂစ္ဆတိပိဝိယ၊ သွား တတ်သကဲ့သို့။ တိဋ္ဌတိပိ ဝိယ၊ ရပ်တတ်သကဲ့သို့။ သ ဤဟကံ ဝိယ၊ အားထုတ် တတ်သကဲ့သို့။ သဗျာပါရံ ဝိယ၊ ကြောင့်ကြ ဗျာပါရ ရှိသကဲ့သို့။ ခါယတိ၊ ထင်ရ၏။ ဧဝံ၊ ဤအတူ။ ဣဒံ နာမရူပံ၊ ဤနာမ်ရုပ် ၂ ပါးသည်။ သုညံ၊ အတ္တ သတ္တ သဘောမှ ဆိတ်၏။ နိဇ္ဇီဝံ၊ အသက်မရှိ။ နိရီဟကံ၊ အားထုတ်လုံ့လ ဗျာပါရ မရှိ။ အထ စ ပန၊ စစ်စင်သော်ကား။ အညမညံ၊နာမ်ရုပ်အချင်းချင်း။ နိဿာယ၊ မှီ၍။ ပဝတ္တတိ၊ ဖြစ်၏။

အဓိပ္ပါယ် သိလွယ်လောက်ပါ၏။

ဥပမာတနည်းပြဦးအံ့–– ရုပ်သေးစင်၌ အရုပ်သည် ရုပ်နှင့်တူ၏။ ကြိုးဆွဲ သမားသည် နာမ်နှင့်တူ၏။ ကြိုးဆွဲသမားမှာ အရုပ်မရှိက ကပြခြင်းငှါ မစုံမ်းနိုင်၊ အရုပ်မှာလည်း ကြိုးဆွဲသမားမရှိက မကနိုင်, မပြနိုင်၊ ထို့အတူ ရုပ်သက်သက်

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၃၀-ကြည့်ပါ။

ဖြင့် ကိစ္စကြီးငယ် မပြုလုပ်နိုင်၊ နာမ်သက်သက်ဖြင့်လည်း ကိစ္စကြီးငယ် မပြုလုပ်နိုင်၊ နာမ်ရုပ် ပေါင်းမိလျှင် ကိစ္စကြီးငယ် ပြုလုပ်နိုင်၏ ဟူလို။

တနည်းဥပမာ – လူ, ကြိုး, အရုပ် သုံးခုစုံလျှင် ကခုန်ခြင်းကို ဖြစ်စေနိုင်၏။ ထို့အတူ စိတ် ဝါယောဓာတ် ရူပကာယ ဤသုံးခုစုံလျှင် သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ဟူသော ဣရိယာပထကို ဖြစ်စေနိုင်၏။

နာမ်ရုပ်တို့သည် မြက်မှိုက် ထင်းချောင်းတို့၏ ပမာ သတ္တဇီဝမှ ဆိတ်ပုံ

ဥပမာ – ထမင်းစားသောက်မှု၌ သိသောဝိတ်သည် လူနှင့်တူ၏၊ လက်အတုံင်း၌ရှိသော ဝါယောဓာတ်သည် ကြိုးနှင့်တူ၏။ ထမင်းစားခြင်း ဝါးခြင်း မျိုခြင်းတို့ကား အရုပ်၏ ကခုန်မြူးထူးခြင်းနှင့် တူ၏။ ထို့ကြောင့် ငါသည် ထမင်းစားခြင်းကို ပြုတတ်သော ကာရကပုဂ္ဂိုလ်၊ သုခ ဒုက္ခကို ခံစားတတ်သော ဝေဒကပုဂ္ဂိုလ်ဟု မမှတ်အပ်၊ စိတ်သည် ဝါယောဓာတ်နှင့် အတူတကွရှိသော ပထဝီ အာပေါ် တေဇော တို့ကို စားသောက်ခြင်း ကိစ္စတို့ကို ပြီးစေသည်ဟု ရှုအပ်၏ ဟူလို။

အဋ္ဌတ္တာ၌ သိတတ်သော နာမ်နှင့် မသိတတ်သောရုပ် ရှိ၏။ သို့ရာတွင် ထို နာမ်ရုပ်သည် လူမဟုတ်၊ အသက်မဟုတ်၊ ယန္တရားကြိုးဖြင့် ပြုပြင်ထားသော အရုပ်နှင့်ဂုဏ်း မြက်မှိုက် ထင်းချောင်းများနှင့်ဂုဏ်း တူသော ဒုက္ခ အဂုအပုံ မျှသာတည်းဟု ပြလိုသော အဋ္ဌကထာ ဆရာသည်—

> "နာမဉ္စ ရူပဉ္စ ဣဒတ္ထိ သစ္စတော၊
> နဟေတ္ထ သတ္တော မနုဇော စ ဝိဇ္ဇတိ။
> သုညံ ဣဒံ ယန္တ မိဝါဘိသင်္ခတံ၊
> ဒုက္ခဿ ပုဉ္ဇော တိဏကဋ္ဌသာဒိသော တိ။"

ဟု မိန့်၏။

သစ္စတော၊ အမှန်အားဖြင့်။ နာမဉ္စ၊ အာရုံကို သိတတ် ညွှတ်တတ်သော နာမ်သည်ရှင်း။ ရူပဉ္စ၊ အာရုံကို မသိတတ်သော ရုပ်သည်ရှင်း။ ဝါ၊ ဝတ္ထု ဒွါရ

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ-၂၃၀။

အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ရုပ်သည်ထင်း။ အတ္တိ၊ ပရမတ္ထအားဖြင့် ရှိ၏။ ဧတ္ထ၊ ဤ နာမ်ရုပ်၌။ သတ္တော စ၊ သတ္တဝါသည်ထင်း။ မနုဇော စ၊ လူသည်ထင်း။ နဝိဇ္ဇတိ၊ မရှိ။ ဣဒံ၊ ဤနာမ်ရုပ် ၂-ပါးသည်။ အဘိသင်္ခတံ၊ အထူးပြုပြင်ထားသော။ ယန္တမိဝ၊ ယန္တရားရုပ်ကဲ့သို့။ သုညံ၊ သတ္တ ဇီဝမှ ဆိတ်၏။ တိဏကဋ္ဌသာဒီသော၊ မြက်မိုက်, ထင်းခြောင်းကဲ့သို့။ ဒုက္ခဿ၊ ဒုက္ခ သစ္စာ၏။ ပဒ္ဓော၊ အစုအပုံမျှသာတည်း။ (အခိပွါယ် ထင်ရှားပါ၏။)

နွားသွားသည်ကို လှည်းသွားသည် ပြောဆိုကြသကဲ့သို့ ထိုအာဘူ စိတ်နှင့် စိတ္တဇဝါယောခတ်တို့ သွား ရပ် ထိုင် လျောင်းခြင်း ပြုပုံ

လောကဋ္ဌ ပုဂ္ဂိုလ် သတ္တဝါတို့ သွားလာ လုပ်ကိုင်၏ဟု ပြောဆိုကြသည်မှာ ဝေါဟာရမျှသာ ဖြစ်ကြောင်း။ အမှန်မှာ ထိုပြောဆိုကြသည့်အတိုင်း မဟုတ်ဟု လှည်းနှင့်နွားတို့၏ ဥပမာကို ပြလိုသော အဋ္ဌကထာ ဆရာသည်—

ဥပမာ လှည်းကို နွားက ရွှေ့ကရုန်း၍ သွားသဖြင့် နောက်က လှည်းပါသွား၏။ စင်စစ်ကား နွားရုန်းသွား၍သာ ပါသွားလေသည်။ သို့ရာတွင် လောကဋ္ဌ နွားသွားသည်ကို လှည်းသွား၏ဟု တင်စား၍ ပြောကြလေသည်။ နွားရပ်သည်ကို လှည်းရပ်သည်ဟု ပြောကြလေသည်။ ထို့အာဘူ ပရမတ္ထ ဖြစ်သော စိတ်နှင့် စိတ္တဇဝါယောခတ်တို့ သွားလာသည်ကို သတ္တဝါ သွားလာသည်ဟု လောကဋ္ဌ ပြောဆိုကြပုံကို ပြလိုသော အဋ္ဌကထာ ဆရာသည်-

> "ဇဝမေဝ ဂစ္ဆာမိတိ စိတ္တေ ဥပ္ပန္နေ ဝါယောဓာတုဝိပ္ဖါရေန ဝိညတ္တိ ဇနယမာနာယ ဥပ္ပဇ္ဇတိ၊ ဣတိ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန ဂမနဌာန နိသဇ္ဇ သယနာနိ ဥပ္ပဇ္ဇန္တိ၊ တသ္မာ သတ္တော ဂစ္ဆတိ, သတ္တော တိဋ္ဌတိ, သတ္တော နိသီဒတိ, သတ္တော သယတီ ဣတိ ဝေါဟာရမတ္တံ ဇောတတော။

ဟု မိန့်၏။

၁။ ဒီ-ဋ္ဌ ၁-နှာ-၃၅၈။ မ-ဋ္ဌ နှာ-၂၅၆-တို့၌လည်း ရှုပါ။

၉၀မေ၀-၉၀ တထာ၊ ထိုသို့ နွားသွားသည်ကို လှည်းသွားသည် ဆိုသကဲ့သို့ နွားမသွား ရပ်သည်ကို လှည်းရပ်သည် ကိုသကဲ့သို့ သို့ ဆိုသည်အားလျော်စွာ။ ဂစ္ဆာမီတိ စိတ္တော၊ သွားအံ့ ဟူသော စိတ်သည်။ ဥပပဇ္ဇန္နေ၊ ဖြစ်လတ်သော်။ ဝါယောဓာတုဝိပ္ပါရေန: ဂါယောဓာတ် အားကြီးသောကြောင့်။ ဝိညတ္တိ၊ ကိုယ်ကို လှုပ်စေခြင်းကို။ ဇနယမာနာယ၊ ဖြစ်စေလျက်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ ဣတိ စိတ္တကြိယဝါယောဓာတုဝိပ္ပါရေန၊ ဤသို့ သွားလိုသော စိတ္တဇဝါယောဓာတ် အားကြီးသောကြောင့်။ ဝါ၊ စိတ္တဇဝါယောဓာတ် ကိုယ်လုံးပျံနှံ့ သွားသောကြောင့်။ဂမန ဌာန နိသဇ္ဇ သယနာနိ၊သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းတို့သည်။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သတ္တော ဂစ္ဆတိ၊ သတ္တဝါ သွား၏။ သတ္တော တိဋ္ဌတိ၊ သတ္တဝါ ရပ်၏။ သတ္တော နိသီဒတိ၊ သတ္တဝါ ထိုင်၏။ သတ္တော သယတိ၊ သတ္တဝါ အိပ်၏။ ဣတိ ဝေါဟာရမတ္တံ၊ ဤသို့သော ဝေါဟာရမျှသည်။ ဟောတိ၊ ဖြစ်၏။

တနည်း—"ဣတိ စိတ္တကြိယဝါယောဓာတုဝိပ္ပါရေန မာလုတဝေဂေန နာဝါယ ဂမနံ ဝိယ သုတ္တကာဒုနဝသေန ဒါရုယန္တဿ ဟတ္ထပါဒသမဉ္ဇနံ ယထာ၊ ဧဝံ စိတ္တကြိယဝါယောဓာတုဝိပ္ပါရဝသေန ဂမန ဌာန နိသဇ္ဇ-သယနာနိ ဟောန္တီတိ။" ဟု မိန့်၏။

ဣတိ စိတ္တကြိယဝါယောဓာတုဝိပ္ပါရေန၊ ဤသို့ စိတ်သည် ပြုအပ်သော ဝါယောဓာတ်အားကြီးသောကြောင့်။ မာလုတဝေဂေန၊ လေ၏အဟုန်ကြောင့်။ နာဝါယ၊ လှေ၏။ ဂမနံ ဝိယ၊ သွားခြင်းကဲ့သို့ဂုင်း။ သုတ္တကာဒုနဝသေန၊ယန္တရားကြိုးဆွဲငင်သည်၏အစွမ်းဖြင့်။ ဒါရုယန္တဿ၊ သစ်သားယန္တရားရုပ်၏။ ဟတ္ထ-ပါဒသမဉ္ဇနံ ယထာ၊ လက်ခြေတို့ လှုပ်ရှား ကပြသကဲ့သို့ဂုင်း။ ဧဝံ၊ ဤအတူ။ စိတ္တကြိယဝါယောဓာတုဝိပ္ပါရေန၊ ဤသို့ စိတ်ကြောင့်ဖြစ်သော။ဝါ၊ စိတ်သည်။ ပြီးစေအပ်သော ဝါယောဓာတ် ပျံနှံ့ခြင်းတည်းဟူသော ကာယဝိညတ်ဟု ဆိုအပ်သော ယန္တရားကြိုးဆွဲငင်ခြင်း၏အစွမ်းအားဖြင့်။ ဂမန ဌာန နိသဇ္ဇ သယ-နာနိ၊ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၁။ ဒီ-ဋ္ဌ ၁-နှာ-၃၇၈။ မ-ဋ္ဌ ၁-နှာ-၂၅၆-တို့ဋ္ဌလည်း ရှုပါ။

ဤသို့ လောကဝေါဟာရနှင့် ပရမတ္ထကို ခွဲခြား၍ မြင်သိမှသာ သတ္တဇီဝ အယူကို ဖွဲ့နှိုင်ပေမည်၊ ထိုသို့မသိလျှင် ကာရက ဝေဒကပုဂ္ဂိုလ် ရှိသကဲ့သို့ အမှားမှားယူဆတတ်ပေသည်။ ထိုကြောင့် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်နှိုင်ခြင်းငှါ သတ္တ ဇီဝ ကာရက ဝေဒကသဘောမရှိဟု ယထာဘူတအတိုင်းမှတ်ယူ၍ မဂ်သို့တက်ရန် အင်္ဂကထာဆရာပြဆိုပေသည် ဟူလို။

ဒိဋ္ဌိဝိသုဒ္ဓိနိဒ်းကုံး

၉၀ နာနာနယေဟိ နာမရူပံ ဝဝတ္ထာပယတော သတ္တသညံ အဘိ-ဘဝိတ္ဘာ အသမ္မောဟဘူမိယံ ဌိတံ နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိ ဝိသုဒ္ဓိ နာမ။[၁]

၉၀၊ ဤသို့။ နာနာနယေဟိ၊ အထူးထူးသောနည်းတို့ဖြင့်။ နာမရူပံ၊ နာမ်ရူပ်ကို။ ဝဝတ္ထာပယတော၊ ပိုင်းခြားသောအားဖြင့်။ သတ္တသညံ၊ သတ္တသညာကို။ ဝါ-သတ္တဝါဒ်၏ နိစ္စအသက်ရှိ၏ မြဲ၏ဟူသော လောကဝေါဟာရသညာကို။ အဘိဘဝိတ္ဘာ၊ လွှမ်းမိုး၍။ အသမ္မောဟဘူမိယံ၊ နိဿတ္တ နိဇ္ဇီဝဟု ဟုတ်မှန်စွာ မြင်သိသော အသမ္မောဟဘူမိ၌။ ဝါ၊ ပညာဘူမိ၌။ ဌိတံ၊ တည်သော။ နာမရူပံ၊ နာမ်ရူပ်တို့ကို။ ယာထာဝဒဿနံ၊ ဟုတ်မှန်သောအားဖြင့် မြင်ခြင်းသည်။ ဒိဋ္ဌိဝိသုဒ္ဓိ နာမ၊ ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

ဤဒိဋ္ဌိဝိသုဒ္ဓိကို ပြခြင်းကား လောကဒိဋ္ဌိ ဒုက္ခသစ္စာနာမ်ရုပ်ကို ဒုက္ခသစ္စာဟု မရှုမူ၍ ပုဂ္ဂိုလ်သတ္တဝါ ငါ၌၏၊ အတ္တ သတ္တ ရှိ၏ဟူသော သက္ကာယဒိဋ္ဌိ အယူကို နှစ်စေခြင်းငှါ ပြ၏။ ဤဒိဋ္ဌိဝိသုဒ္ဓိကား လောကဝေါဟာရနှင့် မျှားစွာ ဆန့်ကျင်၍ ဟောရ၏။ ဤသို့ ဟောရခြင်းသည်လည်း မြတ်စွာဘုရား၏ဒေသနာတော်အဟိုင်းပင်တည်း။ ထိုကြောင့်ပင်လျှင် ဉာဏ်အမြင်မရှိသော ဒိဋ္ဌိပုဂ္ဂိုလ်တို့က မြတ်စွာဘုရားကို နိဂ္ဂယ္ဟဝါဒီ ပုဂ္ဂိုလ်ဟု စွပ်စွဲကြလေသည်။

လောကဒိဋ္ဌိ လောကဝေါဟာရပညတ်ကိုတကယ်အဟုတ်အမှန်ပြု၍အမှောက်မှောက် ဒမှားမှား ယူဆပြောဆိုနေကြ၏။ ဤသို့ ပညတ်ကို အမှန်ထင်က မဂ်

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ ၂၃၂။

ဖိုလ်ကို ရမည်မဟုတ်ဟု မြင်သိတော်မူသောကြောင့်ဤကားလောကဝေါဟာရ ပညတ်မျှသာတည်း။ ဤသို့ သိမှ မှတ်မှ ဟုတ်မှန်သော ပရမတ္ထတည်းဟု မြတ်စွာဘုရား ဟောတော်မူ၏။ ဤအခါ မိစ္ဆာအယူရှိသော သူတို့က ရှင်ကြီး ဂေါတမသည် သူပြောတာမှ အမှန်၊ သူတပါးဟောပြောခြင်းတို့ကား အမှား မှားသောတည်းဟု သူတပါးတို့ ဝါဒကိုနှိပ်နင်းလေ့ရှိသော နှိုက္ကယ္ယဝါဒီ ပုဂ္ဂိုလ်ကြီးဟု အစွပ်စွဲခံရ၏။ သမ္မာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်တို့ကမူကား လက်ဖြောက်တီး၍ အံ့ချီးမြှင့်ကုန်ခိုင်အောင် ချီးမွမ်းကြ၏။

ထိုကြောင့် အဋ္ဌကထာဆရာသည် ပြုတော်မူအပ်သော ဝစနတ္ထကား—

"နိုက္ကယ္ယ ဝဒနသီလော ဧတဿာတိ နိုက္ကယ္ယဝါဒီ"။

ဧတဿ သမ္မာသမ္ဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရားအား။ နိုက္ကယ္ယ၊ သူတပါးတို့ မဟုတ်မမှန် ပြောဆို ယုံမှားခြင်းကို နှိပ်နင်း၍။ ဝဒနသီလော၊ အေးမြချိုဆိမ့် ဟုတ်မှန်သောစကားကို ပြောဆိုလေ့ရှိ၏။ တသ္မာ၊ ထိုကြောင့်။ တဿ သမ္မာ-သမ္ဗုဒ္ဓဿ၊ ထိုမြတ်စွာဘုရားအား။ နိုက္ကယ္ယဝါဒီ၊ နိုက္ကယ္ယဝါဒီဟု တိတ္ထိတို့က ဆို ကြ၏။

အခက်း-၂ ဒိဋ္ဌိဝိသုဒ္ဓိ ပြပုံ ဤတွင် ပြီးပြီ။

အခန်း ၃

သမုဒယ သစ္စာကထာ

ကခ်ီဝိတရဏဝိသုဒ္ဓိကို ပြခြင်း၏နိဒါန်း

ထို ကခ်ီဝိတရဏဝိသုဒ္ဓိကို ပြခြင်း၏ အကြောင်းရင်းမူကား အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလ သုံးပါးတို့၌ သတ္တဝါတို့ဖြစ်ပျက် ကျင်လည်ခြင်း မဟုတ်၊ ပရမတ္ထအားဖြင့် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိဟူသော ကိလေသဝဋ်၌ ကမ္မဘဝ သခ်ါရ ဟူသော ကမ္မဝဋ်တို့ကြောင့် ဖြစ်သော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ

ဝေဒနာဟူသော အကျိုးဝိပါက ဒုက္ခသစ္စာကို ပြုလုပ်သော လက်သည် သမုဒယသစ္စာကို ပြဆိုခြင်းပင်တည်း။

ထိုပြင် ထိုကိလေသဝဋ်ကို ကမ္မဝဋ်တို့ ချုပ်လျှင် "ဟေတုနိရောဓာ ဖလ·နိရောဓော"ဟူသော အဋ္ဌကထာအရ အကြောင်းသမုဒယချုပ်လျှင် အကျိုးဝိပါက ဒုက္ခသစ္စာ ချုပ်ပုံနှင့်တကွ နိရောဓသစ္စာ နိဗ္ဗာန်ကိုပါ မြင်သိသဖြင့် သဿတ, ဥစ္ဆေဒ စသော ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ပယ်နှိုင်ခြင်းဌာ ထို သမုဒယသစ္စာကို ကခ်ီဝိတရဏဝိသုဒ္ဓိဖြင့် ခွဲ၍ ပြပါသည်။ ထိုကြောင့်ဇာတိ စသော ဒုက္ခသစ္စာကို ပြုလုပ်သော လက်သည်ကို။ ဝါ၊ သမုဒယသစ္စာကို ခွဲ၍ ပြပါမည်ဟူသော တတိယပဋိညာဉ်အရ ခွဲ၍ပြပါလတ္တံ့၊ အသင့် နှလုံးသွင်း၍ မှတ်ယူနိုင်ကြပါစေကုန်သော်။

ဒုက္ခသစ္စာနာမ်ရုပ်တို့ဖြစ်ခြင်း၌ ဟေတုအကြောင်း ပစ္စယအကြောင်းများခဲ့ခြင်းပြဆိုပုံ

ဒုက္ခသစ္စာ နာမ်ရုပ်ကို ဖြစ်စေခြင်း၏ ဟေတုအကြောင်း, ပစ္စယအကြောင်းတို့ကို ပြပေအံ့—

"ပစ္စယပရိဂ္ဂဟေ တိ နာမဉ္စရူပဉ္စ ပဋိသန္ဓိယံ တာဝ အဝိဇ္ဇာ တဏှာ ဥပါဒါနကမ္မဟေတုဝေသန နိဗ္ဗတ္တတိ။ ပဝတ္တိယဉ္စ ရူပံ ကမ္မစိတ္တာဟာရတေ့ာ အာဟာရပစ္စယဝသေန, နာမဉ္စ ဖဿာဒိ နိဿယာရမ္မဏာဒိ ပစ္စယ·ဝသေန၊ ဝိသေသတော စ (သဒ္ဓမ္မသဝနံ)ယောနိသောမနသိကာရာဒိ·တေ့ကသမ္ပတ္တိယာ ကုသလံ, တပ္ပဋိပရိယာယေန အကုသလံ, ကုသလာ·ကုသလဝသေန ဝိပါကော, ဘဝင်္ဂါဒိဝသေန အာဝဇ္ဇနံ, ခဏာသဝ·သန္နာနဝသေန ကြိယာဇဝနံ အာဝဇ္ဇနဉ္စ ဥပပဇ္ဇတိတိ ဧဝံ သာဓာရဏာ·သာဓာရဏဝသေန တီသု အဒ္ဓါသု နာမရူပပ္ပဝတ္တိယာ ပစ္စက္ခာဒိသိဒ္ဓဿ ကမ္မာဒိပစ္စယဿပရိဂ္ဂဏှနံ သမုဒယသစ္စဿ ဝဝတ္ထာနံ ကခ်ီဝိတရဏ·ဝိသုဒ္ဓိ နာမ"။[၁]

ဟူ၍ ဋီကာကျော်ဆရာ မိန့်ဆိုတော်မူပေသည်။

၁။ ဋီကာကျော်၊ နှာ-၂၆၉။

အနက်ကား— ပစ္စယပရိဂ္ဂဟေ၁တိ၊ ကား၊ နာမဉ္စ၊ နာမ်သည်၎င်း။ ရူပဉ္စ၊ ရုပ်သည်၎င်း။ ပဋိသန္ဓိယံ၊ ပဋိသန္ဓေအခါ၌။ တာ၀၊ ရှေးဦးစွာ။ အ၀ိဇ္ဇာ-တဏှာ ဥပါဒါန ကမ္မ ဟေတု ၀သေန၊ အ၀ိဇ္ဇာ တဏှာ ဥပါဒါန် ကံအကြောင်းတို့၏ အစွမ်းဖြင့်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ပ၀တ္တိယံ၊ ပ၀တ္တိအခါ၌။ ၀ါ၊ ပဋိသန္ဓေစိတ်၏ ဌီ အခါကစ၍။ ရူပံ၊ ရုပ်သည်။ ကမ္မ စိတ္တ ဥတု အာဟာရ ပစ္စယ၀သေန၊ ကံ စိတ် ဥတု အာဟာရ အကြောင်းတို့၏ အစွမ်းဖြင့်။ ပ၀တ္တတိ၊ ၏။ နာမဉ္စ၊ နာမ်သည်ကား။စက္ခုရူပါဒိနိဿယအာရမ္မဏာဒိပစ္စယ၀သေန၊စက္ခုရူပါဒိုစသော ၀တ္ထုအာရုံစသော အကြောင်းတို့၏ အစွမ်းဖြင့်။ ပ၀တ္တတိ၊ဖြစ်၏။၀ိသေသတော စ၊အထူးအား၊ဖြင့်သော်ကား။ (သဒ္ဒမ္မဿ၀ဏ) ယောနိသောမနသိကာရာဒိစတု-စက္ကသမ္ပတ္တိယာ၊သူတော်ကောင်းတရားကိုကြားနာရခြင်း, အသင့်နှလုံးသွင်းခြင်း ဂတိသမ္ပတ္တိ, ဥပဓိသမ္ပတ္တိ ကာလသမ္ပတ္တိ ပယောဂသမ္ပတ္တိ ဟူသော သမ္ပတ္တိ လေးပါးတို့နှင့် ပြည့်စုံခြင်းကြောင့်။ ကုသလံ၊ ကုသိုလ်သည်။ ဟောတိ၊ဖြစ်၏။ တဗ္ဗိပရိယာယေန၊ ထိုနှင့် ဆန့်ကျင်ဘက် အကြောင်းကြောင့်။ အကုသလံ၊ အကုသိုလ်သည်။ ဟောတိ၊ ဖြစ်၏။ ကုသလာကုသလ ဝေသန၊ ကုသိုလ် အကု-သိုလ်တို့၏ အစွမ်းအား၊ဖြင့်။ ၀ါ၊ အစွမ်းအားလျော်စွာ။ ဝိပါ၀ေါ၊ ဝိညာဏ် နာမ် ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော ဝိပါကကွန္ဓာသည်။ ဟောတိ၊ ဖြစ်၏။ ဘ၀ံဂါဒိ၀သေန၊ ဘ၀င်စိတ် စသည်တို့၏ အစွမ်းဖြင့်။ အာ၀ဇ္ဇနံ၊ အာ၀ဇ္ဇန်းသည်။ ညဝုဇ္ဇတိ၊ ဖြစ်၏။ ဒီဃာသ၀သန္တာန၀သေန၊ အာသ၀ေါကုန်ပြီးသော ရဟန္တာတို့၏ စိတ်အစဉ်၏ အစွမ်းဖြင့်။ ကြိယာဇ၀နဉ္စ၊ ကြိယာ ဟသိတုပ္ပါဒ် ဇော၀သည်၎င်း။ အာ၀ဇ္ဇနဉ္စ၊ အာ၀ဇ္ဇန်းသည်၎င်း။ ညဝုဇ္ဇတိ၊ ဖြစ်၏။ ဣတိ ဇ၀ံ၊ ဤသို့။ သာဓာရဏာသာဓာရဏ၀သေန၊ ဓာတ်ဆံခြင်း, မဆက်ဆံခြင်း အကြောင်းတို့၏ အစွမ်းဖြင့်။ တီသု အဒ္ဓါသု၊ အခွန်သုံးပါးတို့၌။ နာမရူပဟေတုတ္တိယာ၊နာမ် ရုပ်တို့၏ ဖြစ်ခြင်းကို။ ပစ္စက္ခာဒိသိဒ္ဓဿ၊ ပစ္စက္ခ၀သည်ဖြင့် ပြီးသော။ ကမ္မာဒိပစ္စယဿ၊ ကံ ၀သော အကြောင်းကို။ ပရိဂ္ဂဟဏတ္ထံ၊ သိမ်းဆည်း ခြင်းဟူသော။ သမုဒယသစ္စဿ၊ သမုဒယသစ္စာကို။ ၀ဝတ္ထာနတ္ထံ။ ပိုင်းခြား မှတ်သားခြင်းသည်။ ကခ်ၤ်ဝိတရဏ၀ိသုဒ္ဓိ နာမ၊ ကခ်ၤ်ဝိတရဏ ဝိသုဒ္ဓိမည်၏။

ပစ္စယပရိဂ္ဂဟဉာဏ်ကို ကာလသုံးပါးဖြင့် အကျဉ်းမှတ်ယူပုံ

ထိုပစ္စယပရိဂ္ဂဟဉာဏ်ကို ကာလသုံးပါးတို့၌ အကျဉ်းအားဖြင့် မှတ်စေလိုသော အဋ္ဌကထာဆရာသည်-

"ယထာ ဣဒံ နာမရူပံ၊ ပစ္စယတော ပဝတ္တတိ။
ဧဝ တတော်ပျ နာဂတော၊ အာဘဝတ္ထာ ဘဝသီတ။

ဟု မိန့်၏။

ဤဒံ နာမရူပံ၊ ဤနာမ်ရူပ် ၂-ပါးသည်။ ပစ္စယတော၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ စက္ခု ရူပစသော အကြောင်းတို့ကြောင့်။ပဝတ္တတိ ယထာ၊ ယခုဖြစ်၍ နေသကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ အတီတေပိ၊ အနုမတဂ္ဂ ရှေးရှေး ဘဝ၌လည်း။ ပစ္စယတော၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ စက္ခု ရူပ စသော အကြောင်းတို့ကြောင့်။ အာဘဝတ္ထာ၊ ဖြစ်ဘူးလှလေပြီ။ အနာဂတေပိ၊ မကျွတ်သေးသမျှ အနာဂတ်ကာလ၌လည်း။ ပစ္စယတော၊ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ စက္ခု ရူပ စသော အကြောင်းတို့ကြောင့်။ ဘဝီသတိ၊ ဖြစ်လေဦးလတ္တံ့။

ဤတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ ဓမ္မဒါတ္ထ အကြောင်းဒုကျိုး စပ်၍ နာမ် ရုပ်တရားတို့ ဖြစ်ပျက်နေ၏။ သတ္တဝါတို့ ဖြစ်ပျက်နေသည်မဟုတ်ဟူလို။

ခန္ဓာ ရုပ် နာမ် မွေတို့၏ဖြစ်ခြင်း ဟေတု အကြောင်း ပစ္စယ, အကြောင်းများနှင့်-

ဆက်ဆံသော သဘောရက အကြောင်း, မဆက်ဆံသော အသဘောရက အကြောင်းတို့ကို ပြဆိုပုံ ဤတွင် ပြီး၏။

၁။ ဝိသုဒ္ဓိ-ဒုတိယန္ဒ ၂၃၄။ (အခိပ်ဂါယ်တူ)

အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် အမိနှင့်တူပုံ, ကံသည် အဖနှင့်တူပုံ, သား၊သည် ဝိပါက် နာမ် ရုပ်နှင့်တူပုံ

ထို့ပြင် ဟေတုအကြောင်း, ပစ္စယအကြောင်းတို့ကြောင့် ဝိပါက် နာမကွန္ဓာ ကဋတ္တာရုပ်တို့ ဖြစ်ပုံကို ဥပမာနှင့်တကွ ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည်—

"တသ္မေဝံ နိဗ္ဗတ္တမာနဿ အဝိဇ္ဇာ တဏှာ ဥပါဒါနံ ကမ္မန္တိ ဣမေ စတ္တာရော ဓမ္မာ နိဗ္ဗတ္တကတ္တာ ဟေတု၊ အာဟာရော ဥပတ္ထမ္ဘကတ္တာ ပစ္စယောတိ ပဥ္စ ဓမ္မာ ဟေတုပစ္စယာ ဟောန္တိ။ တေသုပိ အဝိဇ္ဇာဒယော တယော ဣမဿ ကာယဿ မာတာ ဝိယ ဒါရကဿ ဥပနိဿယာ၊ကမ္မံ ပိဟာ ဝိယ ပုတ္တဿ ဇနကံ၊ အာဟာရော ဓာတိ ဝိယ ဒါရကဿ သန္ဓာရကောတိ။ ဧဝံ ရူပကာယဿ ပစ္စယပရိဂ္ဂဟံ ကတ္ဝာ ပုန'စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏ'န္တိအာဒိနာ နယေန နာမကာယဿ ပစ္စယပရိဂ္ဂဟံ ကရောတိ၊"[၁]

ဟု မန္ဒသည်။

အဓိပ္ပါယ်ကား— လောကဌ် အမိသည် သား၏ တည်ရာ မှီရာ ဖြစ်သကဲ့သို့ ထိုအတူ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟူသော အမှန်ကို မသိမှု, တပ်မှု, အမှန်ကို မမြင်သောကြောင့် ငါ-ပါ၏ ဥစ္စာဟု အပြင်းအထန်စွဲယူမှု ဥပါဒါန် ဟူသော ကိလေသဝဋ်တို့သည် ဥပနိဿယ ပစ္စည်းမည်၏။ ထို့ကို အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ကြောင့် ပြုလုပ်သော သင်္ခါရ ကမ္မဘဝသည် သားကို ဖြစ်စေတတ်သော အဘနှင့်တူ၏။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော ဝိပါက် နာမကွန္ဓာ ကဋတ္တာရုပ်တို့သည် သားနှင့်တူ၏။ အာဟာရသည် သားကြီးပွါးစေရန် ပြုစုစောင့်ရှောက်ထိန်းသိမ်း နို့တိုက်ခြင်း စသည်တို့ဖြင့် ထောက်ပံ့ခြင်းနှင့် တူ၏ ဟူလို။

စက္ခုပသာဒရုပ် ရူပါရုံစသော ဒွါရ ၆-ပါး အာရုံ ၆-ပါးတို့သည် စက္ခုဝိညာဏ် စသော ဝိညာဏ် ၆-ပါးတို့၏ အကြောင်း မည်၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-၂၃၃-၄။

ရုပ်နာမ် ခန္ဓာတို့ ဖြစ်ခြင်း၏ ဟေတု အကြောင်း, ဇနက အကြောင်း, ဥပတ္ထမ္ဘကအကြောင်း, ဒဋ္ဌဝဇ္ဇဝိညာဏ်တဆယ်တို့၏ဖြစ်ကြောင်းမျှား ဥပမာနှင့် တကွ ပြဆိုပုံ ဤတွင် ပြီးပြီ။

တနည်းအားဖြင့် နာမ်တရားတို့ ဖြစ်ပေါ်ပုံကို ကခ်ါဝိတရဏဝိသုဒ္ဓိ ဖြစ်စေခြင်းငှါ ဥပမာနှင့်တကွ ပြလိုသော အဋ္ဌကထာဆရာသည်—

> "ယထာ တေလဝဋ္ဋံ ပဋိစ္စ ဒီပဇာလာ ပဝတ္တတ္တိ၊ ဧဝံ စက္ခု ရူပါရမ္မဏံ စက္ခုဝိညာဏဿ ဟေတု, စက္ခုဝိညာဏံ ဖလံ ဣတိ ပရိစ္ဆိန္ဒိတွာ ဉာဏံ ကခ်ါဝိတရဏဝိသုဒ္ဓိ နာမ။"[၁]

ဟု မိန့်ဆို၏။

ဧတေလဝဋ္ဋံ၊ ဆီနှင့် မီးစာကို။ ပဋိစ္စ၊ စဲ့၍။ ဒီပဇာလာ၊မီးလျှံ အရောင်အဆင်း အလင်းတို့သည်။ ပဝတ္တတ္တိ ယထာ၊ ဖြစ်ပေါ်လာကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ စက္ခုရူပါရမ္မဏံ၊ စက္ခုနှင့် ရူပါရုံ ထိခိုက်ခြင်းသည်။ စက္ခုဝိညာဏဿ၊ စက္ခု-ဝိညာဏ်၏။ ဟေတု၊ အကြောင်းတည်း။ စက္ခုဝိညာဏံ၊ အဆင်းကို သိတတ်သော စက္ခုဝိညာဏ်စိတ်သည်။ ဖလံ၊ အကျိုးတရားတည်း။ ဣတိ၊ ဤသို့။ ဟေတုဖလံ၊ အကြောင်းအကျိုး ၂-ပါးကို။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြားရှု။ ဉာဏံ၊ သိသောဉာဏ်သည်။ ကခ်ါဝိတရဏဝိသုဒ္ဓိ နာမ၊ ကခ်ါဝိတရဏဝိသုဒ္ဓိ မည်၏။ ဝါ၊ အကြောင်းကို စဲ့၍ အကျိုးဖြစ်နေသည်ကို သိသော ဉာဏ်မည်၏။

ဤသို့ သိလျှင် ပုဂ္ဂိုလ်သတ္တဝါ ဖြစ်မှု ပျက်မှု မဟုတ်၊ အကြောင်းကိုစဲ့၍ အကျိုးဖြစ်သော နာမ်ရုပ်မျှပင်ဟု သိသောကြောင့် ယုံမှားချုပ်ငြိမ်း၏ ဟူလို။

ကိလေသဝဋ္ဋတို့တွင် အကြောင်းရင်းဖြစ်သော အဝိဇ္ဇာ၏ အဝိပ္ပါယ်ကို ခွဲ၍ပြပုံ

အဿက်၌ ပြဆိုခဲ့သော အဝိဇ္ဇာ တဏှာ ဥပါဒါန် ဟူသော ဟေတု အကြောင်းတို့တွင် အဝိဇ္ဇာသည် အကြောင်းရင်းဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာ၏

၁။ ပရိယေသိတမ္ပံ။

အနက်အဓိပ္ပါယ်ကို မြင်သိရန် အရေးကြီး၏။ ၎င်းအဝိဇ္ဇာကို ချုပ်ငြိမ်းစေလျှင် ကျန်သော တဏှာ ဥပါဒါန်တို့လည်း ချုပ်စေနိုင်ရကား ထို အဝိဇ္ဇာသဘောကို ဝစနတ္ထမျှားနှင့်တကွ အကျယ်ခွဲ၍ ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာသည်–

> "အဝိဇ္ဇာတို့ သုတ္တန္တပရိယာယေန ဒုက္ခာဒီသု စတူသု ဌာနေသု အညာဏံ၊ အဘိဓမ္မပရိယာယေန ပုဗ္ဗန္တာဒီဟိ သဒ္ဓိံ အဋ္ဌသု။ ဝုတ္တဉ္ဉေ-တံ "တတ္ထ ကတမာ အဝိဇ္ဇာ ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ အညာဏံ၊ ပုဗ္ဗန္တေ အညာဏံ၊အပရန္တေ အညာဏံ၊ပုဗ္ဗန္တာပရန္တေ အညာဏံ၊ ဣဒပစ္စယတာ-ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု အညာဏန္တိ။"[၁]

ဟု မိန့်၏။

အဓိပ္ပါယ်ကား–သစ္စာ ၄-ပါးကို မသိခြင်း, ရှေးအတိတ်အစွန်းကို မသိ, အနာဂတ်ကိုလည်း မသိ, ရှေနောက် ၂-ပါးလုံးကိုလည်း မသိ, အကြောင်းကိုစဲ၍ အကျိုးဖြစ်နေသော ပဋိစ္စသမုပ္ပါဒ်ကိုလည်း မသိ၊ ဤရှစ်ဌာနတို့၌ မသိမှုကို အဝိဇ္ဇာဟု ဆို၏။ ထိုပြင်–

> အဝိဒ္ဒိယံ ဝိဒ္ဒတီတိ အဝိဇ္ဇာ၊ ဝိဒ္ဒိယံ နာ ဝိဒ္ဒတီတိ အဝိဇ္ဇာ။[၂]

အဝိဒ္ဒိယံ၊ မရအပ် မသိအပ်သော ဒုက္ခသို့လ်ကို။ ဝိဒ္ဒတိ၊ ရတတ် သိစေတတ်၏။ ဤတိ၊ကြောင့်။ အဝိဇ္ဇာ၏။ ဝိဒ္ဒိယံ၊ ရအပ် သိအပ်သော လောကုတ္တရာကုသို့လ်ကို။ နာ ဝိဒ္ဒတိ၊ မရတတ်, မသိစေတတ်။ ဤဟိ တသ္မာ၊ ကြောင့်။ အဝိဇ္ဇာ၊ ၏။

> ခန္ဓာနံ ရာသဋ္ဌံ၊ အာယတနာနံ အာယတနဋ္ဌံ၊ ဓာတူနံ သုညဋ္ဌံ၊ သစ္စာနံ တထဋ္ဌံ အဝိဒိတံ ကရောတီတိပိ အဝိဇ္ဇာ။[၃]

ခန္ဓာနံ၊ ခန္ဓာတို့၏။ ရာသဋ္ဌံ၊ အစုဟူသော အနက်ကိုဋ္ဌင်း။ အာယတနာနံ၊ အာယတနတို့၏။ အာယတနဋ္ဌံ၊ သံသရာကို ခွဲတတ်သော သဘောကိုဋ္ဌင်း။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၁၆၁။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၁၇၅။
၃။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၁၅၇။

ဓာတူနံ၊ ဓာတ်တို့၏။ သုညဋ္ဌံ၊ သတ္တဇီဝမှ ဆိတ်သော သဘောကိုဂုဏ်း။ သစ္စာနံ၊ သစ္စာတို့၏။ တတ္ထဋ္ဌံ၊ မှန်သော အနက်သဘောကိုဂုဏ်း။ အဝိဒိတံ၊ မသိခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ တသ္မာပိ၊ ထိုကြောင့်လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာ မည်၏။

ပရမတ္ထတော ဝိဇ္ဇမာနေသု ခန္ဓာဒီသု နဇဝတီတိ အဝိဇ္ဇာ။[1]

ပရမတ္ထတော၊ မှန်သောအားဖြင့်။ ဝိဇ္ဇမာနေသု၊ ထင်ရှား ရှိကုန်သော။ ခန္ဓာဒီသု၊ ခန္ဓာ စသည်တို့၌။ နဇဝတိ၊ မဖြစ်တတ်။ ဣတိ တသ္မာ၊ ကြောင့်။ အဝိဇ္ဇာ၊ မသိမမြင်တတ်သော မောဟအဝိဇ္ဇာ မည်၏။

ပရမတ္ထတော ဒဝိဇ္ဇမာနေသု ဣတ္ထိပုရိသာဒီသု ဇဝတီတိ အဝိဇ္ဇာ။[2]

ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ အဝိဇ္ဇမာနေသု၊ ထင်ရှား မရှိကုန်သော။ ဣတ္ထိပုရိသာဒီသု၊ မိန်းမ ယောကျ်ားစသည်တို့၌။ ဇဝါပေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ကြောင့်။ အဝိဇ္ဇာ၊ ၏။

အပိစ စက္ခုဝိညာဏာဒီနံ ဝတ္ထာရမ္မဏပဋိစ္စသမုပ္ပါဒပဋိစ္စသမုပ္ပန္နာနံ ဓမ္မာနံ ဆာဒနတော အဝိဇ္ဇာ။[3]

အုိစ၊ စင်စစ်သော်ကား။ ဝတ္ထာရမ္မဏပဋိစ္စသမုပ္ပါဒပဋိစ္စသမုပ္ပန္နာနံ၊ ဝတ္ထု အာရုံ ထိခိုက်ခြင်းကို ခဲ့၍ ဖြစ်ခြင်းကြောင့် ပဋိစ္စသမုပ္ပန္န မည်ကုန်သော။ စက္ခုဝိညာဏာဒီနံ၊ စက္ခုဝိညာဏ် အစရှိကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဆာဒနတော၊ ဤကား ဝတ္ထု, ဤကား အာရုံ, ဤကား ဝိညာဏ်, ဤကား ဖဿ, ဤကား ဝေဒနာ စသည်တို့ကို ဝေဖန်ခဲ့ခြမ်း၍ မမြင် မသိအောင် ဖုံးလွှမ်းတတ်သောကြောင့်။ အဝိဇ္ဇာ၊ အဝိဇ္ဇာ မည်၏။

ဤ၌ ပရမတ္ထတရားဟူသည် ဗျာပါရ မရှိသောကြောင့် အဝိဇ္ဇာက ငါသည် ဖုံးလွှမ်းအံ့ဟု ကိစ္စဗျာပါရ မရှိပေ။ ၎င်း၏သဘောကိုပင် ဖုံးလွှမ်းတတ်သူဟု တင်စား၍ ဟောမူပင် ဟူလို။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၅၇။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၅၇-၈။

အဝိဇ္ဇာ၏ လက္ခဏာ စသည်

အဝိဇ္ဇာ၏ လက္ခဏရသ စသည်များကို ပြဦးအံ့—

အညာဏလက္ခဏာ အဝိဇ္ဇာ၊ သမ္မောဟနရသာ၊ဆာဒနပစ္စုပဋ္ဌာနာ၊ အာသဝဝဒဋ္ဌာနာ။[၁]

အဝိဇ္ဇာ၊ သည်။အညာဏလက္ခဏာ၊ သဗ္ဗာ ၄-ပါး ပဋိစ္စသမုပ္ပါဒ်တရားတို့ကို။ မသိခြင်း လက္ခဏာ ရှိ၏။ သမ္မောဟနရသာ၊ ယင်းသဘောတို့၌ ပြင်းစွာ တွေဝေခြင်းကိစ္စ ရှိ၏။ ဆာဒနပစ္စုပဋ္ဌာနာ၊ အာရုံ၌ရှိသော သဘာဝလက္ခဏာ, အနိစ္စစသော သာမညလက္ခဏာတို့ကို မမြင်မသိရအောင် ဖုံးလွှမ်းတတ်သော တရားဟူ၍ ဉာဏ်အား ရွေ့ရှုထင်၏။ အာသဝဝဒဋ္ဌာနာ၊ အာသဝလျှင် နီးသော အကြောင်းရှိ၏။

အဝိဇ္ဇာ ပရမာ ဝဇ္ဇန္တိ ဒဋ္ဌဗ္ဗာ။

အယံ အဝိဇ္ဇာ၊ ဤအဝိဇ္ဇာကို။ ဝါ၊ မမြင်မသိတတ်သော သဘောကို။ ပရမာ၊ လွန်ကဲသော။ ဝဇ္ဇန္တိ၊ အပြစ်ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

အပြစ်ရှိသော ကိလေသာသံယောဇဉ်တို့တွင် အဝိဇ္ဇာသည် လွန်ကဲသော အပြစ်ရှိသောတရားဟု မှတ်အပ်၏ ဟူလို။

"အဝိဇ္ဇာ ပရမံ မလံ" ဟူ၍ မြတ်စွာဘုရား ဟောတော်မူ၏။

အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ ပရမံ၊ လွန်ကဲသော။ မလံ၊ အညစ်အကြေး မည်၏။

ကိလေသာ အညစ်အကြေးတို့တွင် အဝိဇ္ဇာသည် လွန်ကဲသော အညစ်အကြေးမည်၏ ဟူလို။

ထိုကြောင့် တရားအားထုတ်သော ပုဂ္ဂိုလ်တို့မှာ လောဘပယ်မှု ဒေါသပယ်မှု မောဟပယ်မှု ဟူသော ပယ်မှု ၃-ပါးတို့တွင် မောဟကို ရှေးဦးစွာ ပယ်သင့်၏။ အဘယ်ကြောင့်ဆိုသော် မောဟ အဝိဇ္ဇာကြောင့် သင်္ခါရစသော ပဋိစ္စသမုပ္ပါဒ်တရားတို့ ဖြစ်၍နေ၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၅၉။

အဝိဇ္ဇာချုပ်လျှင် အလုံးစုံသော ကိလေသာတို့ ချုပ်သဖြင့် အလုံးစုံသော ဒုက္ခတို့မှ ကင်းလွတ်ရကား နိဗ္ဗာန်ကို ရလေတော့၏။ ခဲ့၍ပြဦးအံ့—

ယဿ ဟိ ဒုက္ခာဒီသု အဝိဇ္ဇာသဓ်ါတံ အညာဏံ အပဟီနံ ဟောတိ၊ သော ဒုက္ခေ တာဝ ပုဗ္ဗန္တာဒီသု အညာဏေန သံသာရဒုက္ခံ သုခ-သညာယ ဂဟေတွာ တဿေဝ ဟေတုဘူတေ တိဝိဓေပိ သဓ်ါရေ အာရဗ္ဘတိ။

သမုဒယေ အညာဏေန ဒုက္ခဿ၊ ဟေတုဘူတေပိ တဏှာပရိက္ခာရေ သဓ်ါရေ သုခဟေတုတော မညမာနော အာရဗ္ဘတိ။

နိရောဓေ ပန မဂ္ဂေ စ အညာဏေန ဒုက္ခဿ အနိရောဓဘူတေပိ ဂတိဝိသေသေ ဒုက္ခနိရောဓသညီ ဟုတွာ နိရောဓဿ စ အမဂ္ဂဘူတေသုပိ ယညာမယတပါဒိမုခေန တိဝိဓေပိ သဓ်ါရေ အာရဗ္ဘတိ။[၁]

အဓိပ္ပါယ်ကား—

၁။ ဒုက္ခသစ္စာ စသော သစ္စာ ၄-ပါးကို မသိလျှင်။ ၀ါ၊ အဝိဇ္ဇာကို မပယ်ရုံသေးလျှင် သံသရာ၌ ဇာတိ ဇရာ မရဏတို့ဖြင့် ကျင်လည်ရခြင်း ဒုက္ခကိုသုခဟု အမှတ်ပြု၍ ထိုသံသရာ၌ ကျင်လည်ကြောင်း ပုည အပုည အာနေဉ္ဇတို့ကို ပြု၏။

၂။ သမုဒယသစ္စာကို မသိခြင်းကြောင့် ဒုက္ခ၏အကြောင်းဖြစ်သော ဘဝ တဏှာ စသည် ခြံရုံကာ သဓ်ါရ ၃-ပါးကို ပြု၏။

၃—၄။ နိရောဓသစ္စာ မဂ္ဂသစ္စာကို မသိခြင်းကြောင့် ဒုက္ခချုပ်ကြောင်း မဟုတ်သော အရူပဘဝ-စသော ဂတိအထူးကို ဒုက္ခချုပ်ရာ နိဗ္ဗာန်ဟု အမှတ် ပြုပြီးလျှင် ဒုက္ခချုပ်ကြောင်း အကျင့်မဟုတ်သော ယဇ်ပူဇော်ခြင်း စသော သဓ်ါရတို့ကို ပြု၏ဟူလို။

အဝိဇ္ဇာ၏ အဓိပ္ပါယ်မျှား ပြီးပြီ။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၆၂။

တဏှာလည်း အနာဂတ်ဇာတိ၏ မူလအကြောင်းဟု ဥပမာနှင့်ပြပုံ

အဝိဇ္ဇာ၏ အဓိပ္ပါယ်ကို ပြပြီး၍ တဏှာဟူသော ကိလေသဝဋ်၏ အဓိပ္ပါယ်ကို ပြလိုသော အဋ္ဌကထာဆရာသည်—

"တဿတိ မမေတန္တိ,မမ သန္တကန္တိ တဏှာ။"
ဟု မိန့်၏။

ဧတံ၊ ဤခန္ဓာ ၅-ပါးသည်။ မမ၊ ငါ၏။ သန္တကံ၊ ဥစ္စာတည်း။ မမ သန္တကံ၊ ငါသား မယား, ငါ၏ဥစ္စာ ပစ္စည်းတည်း။ ဣတိ၊ ဤသို့ အောက်မေ့၍။ တဿတိ၊ နှစ်နှစ်သက်သက် စုံမက်နှမြော မက်မောခင်မင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တဏှာ၊ တဏှာမည်၏။

ၦင်းပြင် တဏှာသဘာဝ၏ နက်နဲပုံကို ပဋိစ္စသမုပ္ပါဒ် ဒေသနာအရ ပြဦးအံ့—

> တဏှာယ အဘိနန္ဒိတ အဇ္ဈောသာန သမောသရိတာ-
> လတာ နဒီတဏှာ သမုဒ္ဒ ဒုပ္ပူရဋ္ဌော။[၁]

တဏှာယ၊ တဏှာ၏။ အဘိနန္ဒိတ အဇ္ဈောသာန သမောသရိတာလတာ-နဒီတဏှာ သမုဒ္ဒဒုပ္ပူရဋ္ဌော၊ အလွန်နှစ်သက်ခြင်း သဘော, အာရုံကိုမျှ၍ အပြီးအဆုံးသို့ ရောက်စေခြင်းသဘော, မြစ်ကဲ့သို့ သတ္တဝါတို့ကို ငင်ခြင်း မျောစေခြင်းသဘော။ ဝါ၊ မြစ်ကဲ့သို့ သတ္တဝါတို့ကို စိုစွတ်စေခြင်း သဘော, နွယ်ကဲ့သို့ သတ္တဝါတို့ကို ဖွဲ့ယှက်ခြင်းသဘော, တဏှာဟူသော မြစ်၏ စီးဝင်ခြင်း သဘော, တဏှာဟူသော သမုဒ္ဒရာ၏ ပြည့်နှိုင်ခဲခြင်း သဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။

တဏှာ၏ လက္ခဏာ စသည်

တဏှာ၏ လက္ခဏ ရသ စသည်များကို ပြဦးအံ့—

> ဟေတုလက္ခဏာ တဏှာ၊ အဘိနန္ဒနရသာ၊ အတိတ္တိပစ္စုပဋ္ဌာနာ၊
> ဝေဒနာပဒဋ္ဌာနာ။[၂]

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၂၀။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၅၉။

တဏှာ၊ သည်။ ဟေတုလက္ခဏာ၊ ဒုက္ခဖြစ်ခြင်း၏ အကြောင်းဟူသော လက္ခဏာရှိ၏။ အဘိနန္ဒနရသာ၊ အလွန် နှစ်သက်ခြင်းကိစ္စရှိ၏။ အတိတ္တိပစ္စုပ-ဋ္ဌာနာ၊ မရောင့်ရဲနိုင်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်တတ်၏။ ဝေဒနာ-ပဒဋ္ဌာနာ၊ ဝေဒနာလျှင် နီးသောအကြောင်းရှိ၏။

ထို့ပြင်—

တဏှာဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ။[၁]

တဏှာဒုတိယော၊ တဏှာဟူသော အဖော်သဟဲရှိသော။ ပုရိသော၊ သတ္တဝါသည်။ ဒီဃံ အဒ္ဓါနံ၊ ရှည်မြင့်စွာသော သံသရာကာလပတ်လုံး။ သံသရံ သံသရ-န္တော၊ ကျင်လည်ရလျက်။ ဣတ္ထဘာဝညထာဘာဝံ၊ ဤသို့သော အခြင်းအရာအား ဖြင့်မြတ်သောသုဂတိဘဝဖြစ်ခြင်း, တပါးသော အခြင်းအရာအားဖြင့် ယုတ်သော ဒုဂ္ဂတိဘဝ၌ ဖြစ်ခြင်းဟု ဆိုအပ်သော။သံသာရံ၊ သံသရာခရီးခဲကို။ နာတိ-ဝတ္တတိ၊ မလွန်မကြောက်နိုင်ချေ။

အဓိပ္ပါယ်မှာ – တောထွက်၍ တောကျောင်းမှာပင် တယောက် အထီးထီး ကေစာပင် နေဦးတော့၊ အာရုံ ၆-ပါးတို့၌ ခင်တွယ်သော တဏှာရှိက။ တနည်း-အတ္တဒိဋ္ဌိ တဏှာအဖော်ရှိက အဖော်ကင်း၍ နေသည်မမည်၊ အဖော်မကင်းခဲ့ လျှင် ဝဋ်မှမထွက်နိုင်ပေ။ အကယ်၍ ရှာကျောင်း၌ တပည့် ပရိသတ်တို့နှင့်ပင် နေဦးတော့၊ တဏှာဒိဋ္ဌိ အဖော်ကင်းခဲ့သော် အဖော်ကင်းသည် မည်၏၊ ဝဋ်မှ ထွက်နိုင်၏ ဟူလို။

တဏှာ၏ အဓိပ္ပါယ်မျှားပြပုံ ပြီးပြီ။

၁။ ဓမ္မပဒ-ဋ္ဌ၁ ။ c

မိစ္ဆာဒိဋ္ဌိ၏ အဓိပ္ပါယ်

မိစ္ဆာဒိဋ္ဌိ အဓိပ္ပါယ်ကို ပြဦးအုံ–

မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ။

ယော သဘာဝေါ၊ အကြင်သဘော တရားသည်။ မိစ္ဆာ၊ အမှားမှာ အယွင်းယွင်း။ ဝါ၊ အနိစ္စကို နိစ္စ, ဒုက္ခကို သုခ, အနတ္တကို အတ္တ, သတ္တ ဇီဝ ပုဂ္ဂလ ငါ သူတပါး ယောကျ်ား မိန်းမဟု။ ပဿတိ၊ ပရမတ္ထအားဖြင့် မရှိသည်ကို ရှိ၏ဟု ရှုမြင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော သဘောဝေါ၊ ထို သဘောတရားသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ မည်၏။

ထိုဒိဋ္ဌိသည် ဒိဋ္ဌာသဝကိစ္စရှိရကား ထို ဒိဋ္ဌာသဝ၏ ယိုစီးပုံကို ပြလိုသော အဋ္ဌကထာ ဆရာသည်–

> "တဿ 'အဟံ ရူပံ မမ ရူပ' န္တိ ပရိယုဋ္ဌဋ္ဌာယိနော ရူပဿ ဝိပရိ-
> ဏာမညထာဘာဝေါ ဥပ္ပဇ္ဇန္တိ သောကပရိဒေဝဒုက္ခဒောမနဿုပါယာ–
> သာ။"[၁]

ဟုမိန့်၏။

ရူပံ၊ ရူပ်သည်။ အဟံ၊ ငါတည်း။ မမ၊ ငါ၏။ ရူပံ၊ ရူပ်တည်း။ ဣတိ၊ ဤသို့။ ပရိယုဋ္ဌဋ္ဌာယိနော၊ မိစ္ဆာဉာဏ်အမြင်ဖြင့် ထိုးကျင့် နှိပ်စက်သော သူအား။ ရူပဿ၊ ရုပ်၏။ ဝိပရိဏာမညထာဘာဝေါ၊ အထူးထူးသော ဖောက်ပြန်ခြင်းတို့ကြောင့်။ ဝါ၊ အိုခြင်း နာခြင်း သေခြင်း စသည်တို့ကြောင့်။ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း ကာယိကဒုက္ခ စေတသိက ဒုက္ခတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ဒိဋ္ဌာသဝ ယိုစီးသည်ရှိသော် အဝိဇ္ဇာ တဖန် ဖြစ်သောကြောင့် သခ်ါရ ဝိညာဏ် စသည်ဖြစ်သဖြင့် သံသရာစက် မဆုံးနိုင်ပုံကို ပြလိုသော အဋ္ဌကထာ ဆရာသည်—

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၂၁။ (ကျမ်းရင်း သဋ္ဌာယတနသံယုတ်-နှာ-၃၅။)

"ဇရာမရဏမုစ္ဆဲဝယ၊ ပီဋိတာန မဘိဏ္ဍသော။
အာသာဝနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ။
ဝဋ္ဋမာဗန္ဓ မိစ္စေဝံ၊ တေဘူမက မနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။
ဧဝံ ဟေတုဖလပရမ္ပရာယ ပရိယောသာနံ နာမ နတ္ထိ။"

ဟု မိန့်ဆို၏။

ဇရာမရဏမုစ္ဆာဝယ၊ အိုခြင်း သေခြင်း တွေ့ဝေ မိန်းမောခြင်းဖြင့်။ အဘိ-ဏ္ဍသော၊ မပြတ်မလပ်။ ပီဋိတာနံ၊ နှိပ်စက်အပ်ကုန်သော သူတို့အား။ ဝါ၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းစသည်ဖြင့် နှိပ်စက်အပ်ကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ အာသဝါနံ၊ အာသဝေါတရားတို့၏။ သမုပ္ပါဒါ၊ ဖြစ်ခြင်းကြောင့်။ အဝိဇ္ဇာ စ၊ အဝိဇ္ဇာသည်လည်း။ ပဝတ္တတိ၊ ဖြစ်ပါး၏။ ။ဣစ္ဧဝံ၊ အကြင် အကြင် ဆိုအပ်ပြီးသောနည်းဖြင့်။ အာဗန္ဓံ၊ မပြတ်လည်ထသော။ အနာဒိကံ၊ အစ မထင်သော။ ဤမံ တေဘူမကံ ဝဋ္ဋံ၊ ဤတေဘူမက ဝဋ်ဝါရားကို။ ပဋိစ္စ-သမုပ္ပါဒေါတိ၊ အကြောင်း ညီညွတ်ခြင်းကိုစဲ့၍ အကျိုးမပြတ်ဖြစ်၍နေသော ပဋိစ္စသမုပ္ပါဒ်တရားဟူ၍။ မဟာမုနိ၊ မြတ်စွာဘုရားသည်။ ပဋ္ဌပေသိ၊ ထားတော်မူ၏။ ဝါ၊ ဟောတော်မူပြန်၏။

ဧဝံ၊ ဤသို့။ ဟေတုဖလပရမ္ပရာယ၊ အကြောင်းအကျိုး အပြန်ပြန်ဆက်၍ နေသည်ရှိသော်။ ပရိယောသာနံ နာမ၊ အဆုံးမည်သည်။ နတ္ထိ၊ မရှိနိုင်တော့ပြီ။

ဤသို့ ဓမ္မာဓိဋ္ဌာန်အားဖြင့် ဟေတုဖလ အကြောင်း အကျိုးစပ်၍ ဖြစ်ပျက်မှုကိုပင် ပုဂ္ဂလာဓိဋ္ဌာန်အနေဖြင့် ပုဂ္ဂိုလ်သတ္တဝါတို့ သံသရာမှာ ကျင်လည်ကြရ၏ ဟု ပညတ်အနေဖြင့် ပြတော်မူ၏ ဟူလို။

အဝိဇ္ဇာတဏှာမူလတို့ကြောင့် သံသရာရှည်ပုံ၊ ထို ၂-ပါး
ချုပ်က သံသရာစက်ချုပ်ပြတ်ရပုံ

ဤသို့အားဖြင့် အဆုံးမရှိသော်လည်း အကြောင်းကို ကုန်စေလျှင် အကျိုး ကုန်ရသော နည်းလမ်းရှိသေးကြောင်းကို ပြလိုသော အဋ္ဌကထာ ဆရာသည်—

၁။ **အဘိ**ဓမ္မတ္ထသင်္ဂဟ-နှ၁-၅၄။

"အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ၊ တေသမေဝ ဝဋ္ဋမူလာနံ နိရောဓေန နိရုဇ္ဈတီတိ။"[၁]

ဟု မိန့်ဆို၏။

အဝိဇ္ဇာတဏှာဝသေန၊ အဝိဇ္ဇာတဏှာ၏ အစွမ်းဖြင့်။ မူလာနိ၊ မူလတို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။ တေသမေဝ ဝဋ္ဋမူလာနံ၊ ထိုဝဋ်မြစ် ၂-ပါးတို့၏သာလျှင်။ ဝါ၊ သံသရာစက်ကို လည်စေတတ်သော ဝဋ်မြစ် ၂-ပါးတို့၏သာလျှင်။ နိရောဓေန၊ အရဟာတ္တမဂ်ဖြင့် ချုပ်စေခြင်းကြောင့်။ ဝဋ္ဋံ၊ တေဘူမကဝဋ်သည်။ နိရုဇ္ဈတိ၊ ချုပ်၏။

ဒုဓိပ္ပါယ်မှာ အဝိဇ္ဇာ တဏှာတို့ကို အရဟတ္တမဂ်ဖြင့် ပယ်သတ်လျှင် သံသရာစက် ချုပ်ပြတ်၏၊ အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက်နိုင်၏။ ထို့ကြောင့် သံသရာစက်လည်ကြောင်း သမုဒယရှိလျှင် ချုပ်ကြောင်း မဂ္ဂလည်း ရှိသေး၏ ဟူလို။

ဤကား သင်္ဂီဟ်ဆရာ အရှင်အနုရုဒ္ဓါ၏ နည်းတည်း၊ ထိုသင်္ဂီဟ်ကို ဖွင့်သော ဋီကာကျော်ဆရာ အရှင်သုမင်္ဂလ၏ နည်းကိုလည်း ပြဦးအံ့—

တေသမေဝ အဝိဇ္ဇာတဏှာသင်္ခါတာနံ ဝဋ္ဋမူလာနံ သစ္ဆပဋိဝေဓတော နိရောဓေန အနုပါဒဓမ္မတာပတ္တိယာ သိဒ္ဓါယ အပ္ပဝတ္တိယာ ဝဋ္ဋံ နိရုဇ္ဈတိ[၂]။

အဝိဇ္ဇာတဏှာသင်္ခါတာနံ၊ မသိမှု လိုချင်မှု အဝိဇ္ဇာတဏှာဟု ဆိုအပ်ကုန်သော။ တေသမေဝ ဝဋ္ဋမူလာနံ၊ ထိုဝဋ်မြစ် ၂-ပါးတို့၏သာလျှင်။ သစ္ဆပဋိဝေဓတော၊ သစ္စာကို ထိုးထွင်း၍သိသည်မှ။ နိရောဓေန၊ ချုပ်သဖြင့်။ အနုပါဒဓမ္မတာပတ္တိယာ၊ တဖန်အသစ်မဖြစ်သော သဘောသို့ ရောက်ခြင်း၏။ သိဒ္ဓါယ၊ ပြီးသည်၏အဖြစ်ကြောင့်။ အပ္ပဝတ္တိယာ၊ တဖန်အသစ်မဖြစ်မူ၍။ ဝဋ္ဋံ၊ ဝဋ်သည်။ နိရုဇ္ဈတိ၊ ချုပ်၏။

အဓိပ္ပါယ်ကား—သစ္စာကိုသိလျှင် သစ္စာကို မသိတတ်သော အဝိဇ္ဇာချုပ်၏။ ခန္ဓာငါးပါးကို ဒုက္ခဟု မြင်သိသောကြောင့် ဘဝတဏှာချုပ်၏။ ထို မူလ ၂-ပါး

၁။ အဘိ၀မ္မတ္ထသင်္ဂိဟ်-နှာ-၅၃-၄။ (အဓိပ္ပါယ်တူ)
၂။ ဋီကာကျော်-နှာ-၂၄၀။

ချုပ်ခဲ့လျှင် တဖန်အသစ် မဖြစ်သော အနုပ္ပါဒနိရောဓ နိဗ္ဗာန်ရမှု ကိစ္စလည်း ပြီး၏ ဟူလို။

ဤသို့ သစ္စာသိ၍ သောတာပန် စသည်ဖြစ်လျှင် ဘဝဇာတိကို ဖြစ်စေတတ်သော အကျင့်တို့ကို မကျင့်တော့ပြီ၊ ဇာတိချုပ်မှု မဂ်အကျင့်ကိုသာ ကျင့်တော၏။

အကယ်၍ သစ္စာမသိလျှင် ထိုသူသည် ဘဝသမ္ဘတ်စသည်ကို ရလိုသောတဏှာ ဥပါဒါန်ဖြင့် ကမ္မဝဋ်ကောင်းမှုကို ပြု၏။ထိုသူ၏ပြုခြင်းသည် ပိုးဖလံ မီးတိုးသည် နှင့်တူ၏ ဟူလို။

ကမ္မဝဋ်ကိုပြုသောသူတို့ကို ဥပမာဖြင့် ပြပုံ

အဝိဇ္ဇာတဏှာဒီနံ ကမ္မဟေတုပစ္စယာနံ အရိယမဂ္ဂန အပ္ပဟီနတ္တာ သံသာရဒုက္ခံ သုခသညာယ ဂဟေတွာန တဿေဝ ဟေတုဘူတေ တိဝိဓေပိ သခ်ါရေ အာရဗ္ဘတိ ဒေဝစ္ဆရကာမကော ဝိယ မာရုပ္ပပါတံ သလဘော ဝိယ ဒီပသိခါ ဝိနိပါတံ။[၁]

ကမ္မဟေတုပစ္စယာနံ၊ ကံကို အားထုတ်ခြင်း၏ အကြောင်းဖြစ်ကုန်သော။ အဝိဇ္ဇာတဏှာဒီနံ၊ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော အကြောင်းတရားတို့ကို။ အရိယမဂ္ဂေန၊ အရိယမဂ်ဖြင့်။ အပ္ပဟီနတ္တာ၊ မပယ် မဖျောက်အပ်သေးသည်၏ အဖြစ်ကြောင့်။ သံသာရဒုက္ခံ၊ ဇာတိစသော သံသရောဂဋ္ဌဒုက္ခကို။ သုခသညာယ၊ ချမ်းသာသုခဟူသော အမှတ်သညာဖြင့်။ ဂဟေတွာန၊ ယူ၍။ တဿေဝ၊ ထိုဒုက္ခ၏သာလျှင်။ ဟေတုဘူတေ၊ အကြောင်းဖြစ်၍ ဖြစ်ကုန်သော။ တိဝိဓေပိ၊ သုံးပါးအပြားရှိသည်လည်း ဖြစ်ကုန်သော။ သခ်ါရေ၊ ပုည, အပုည, အာနေဉ္ဇဟူသော သခ်ါရတို့ကို။ အာရဗ္ဘတိ၊အားထုတ်၏။ဒေယ်၊ ဤသို့အားထုတ်ခြင်းသည်။ ဒေဝစ္ဆရကာမကော၊ နတ်သမီးကိုဖြစ်လိုရှိသောသူသည်။ မာရုပ္ပပါတံ၊ တောင်ထိပ်မှ ခုန်ချသောသူကဲ့သို့ဝင်း။ သလဘော၊ ပိုးဖလံသည်။ ဒီပသိခါ၊

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၆၂-၃-ကြည့်ပါ။

ဆီမီးအလံ့သို့။ ဝိနိပါတံ ဝိယ၊ ရွှေတောင်ကြီးမှတ်သဖြင့် လုယူလိုသော လောဘဇောဖြင့် သူထက်ငါသာ တိုးဝင်သဖြင့် ဒုက္ခရကြသကဲ့သို့ဂင်းပေတည်း။

အဓိပ္ပါယ်မှာ–အဝိဇ္ဇာ စသော ကိလေသဝဋ်ကြောင့် ပုည, အပုည, အာနေဉ္ဇ ဟူသော ကမ္မသခ်ါရကို အားထုတ်၏။ ဒဿဝယ်ကဲ့သို့သော အမှတ်သညာဖြင့် အားထုတ်သနည်းဟူမူ။ နိစ္စ သုခ အတ္တကို ရလိမ့်မည်ထင်သောကြောင့် အားထုတ်၏။ ဝါ၊ လူ-နတ်-ဗြဟ္မာဘဝကို နိစ္စ သုခ အတ္တထင်၍ အားထုတ်၏။ အားထုတ်သည့်အတိုင်း ရသောအခါ နိစ္စ သုခ အတ္တကို မရ၊ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခသစ္စာ နာမ်ရုပ်ကိုသာ ရသောကြောင့် ပိုးဖလံ မီးကိုတိုးသည်နှင့် တူ၏ဟူလို။

ဂရုကံစသည်တို့၏ အကျိုးပေး ပရိယာယအပြား

ဂရုကံ အာသန္နကံ အာစိဏ္ဏကံ ကဋတ္တာကံတို့၏ အကျိုးပေး ပရိယာယကို ပြဦးအံ့–

၁။ ကံတပါးတို့၊ မကားနိုင်ရာ၊ အားကြီးစွာ၊ သညာ ဂရုကံ။

ဤ၌ အကုသိုလ်အရာမှာ မာတုဃာတကစသော အနန္တရိယ ကံစု၊ကုသိုလ်ကံ ဒသရာမှာ မဟဂ္ဂုတ်စျာန် ကံစု၊ ဤကံများရှိနေလျှင် သေလျှင် အခြားသောကံ တို့က မတားနိုင်၊ အနန္တရိယကံ၌ အပါယ်ကျ၏။ မဟဂ္ဂုတ်ကံ၌ ဗြဟ္မာဘဝ ရ၏။ ဇောခုနစ်ချက်တို့တွင် နောက်ဆုံးဇော၏ အကျိုးပေးခွင့်ဟူလို။

၂။ သေဆုံးလုမှ၊ ပြုသော်ငင်း၊ အဟောင်းပေါ်လာ၊ ဤ ၂-ဖြာ၊ သညာ **အာသန္နံ**။

သေခါနီးမှပြုသောကံ တမျိုး, ရှေးအခါကပြုခဲ့၍ သေခါနီးမှ အမှတ်ရသော ကံတမျိုး၊ ဤသို့ အာသန္နကံ ၂-မျိုးရှိ၏။

၃။ နွေရှည်လေ့ကျက်၊ ရက်ရှည်စဲမြဲ၊ အထုံစွဲ၊ ခေါ်မြဲအာစိဏ္ဏ။

ဤ၌ နွေရှည် ရက်ရှည် စဲမြဲခဲ့သော ဒါန သီလ ဘာဝနာမှု၊ ဝေယျာဝစ္စမှု၊ အကုသိုလ်၌ ပါဏာတိပါတ စသော ဒုစရိုက်မှုစသည်သည် အာစိဏ္ဏကံမည်၏။

၄။ ထို ၃-ပါးမှ၊ လွတ်လေက၊ သည် ကဋ္ဌတ္တာ။

ရှေးကံ ၃-ပါးမှ အလွတ်ဖြစ်သော ကံစုသည် ကဋ္ဌတ္တာကံ မည်၏။ ရှေးကံ ၃-ပါးကား ယခုဘဝတွင် ပြုအပ်သော သတ္တမ အဆုံးဇော ကံစုတည်း။ ရှေးရှေးဘဝတို့မှ ပြုခဲ့သော အလယ်ဇော ၅-ချက် ဟူသော အပရာပရိယကံစု ယခုဘဝမှာ ပြုခဲ့သော သာမန်ကံစုသည် ကဋ္ဌတ္တာကစုချည်းသာတည်း။

အကျိုးပေးပုံ အစဉ်မှာ ဂရုကံမရှိလျှင် အာသန္နကံ၊ အာသန္နကံ မရှိလျှင် အာစိဏ္ဏကံ၊ အာစိဏ္ဏကံ မရှိလျှင် အပရာပရိယကံက အကျိုးပေး၏ဟူလို။

ကံ၏ အကျိုးပေး ပရိယာယအပြား ပြပုံပြီး ပြီ။

ကံတို့၏ အကျိုးပေးရာကာလ

ကံတို့၏ အကျိုးပေးရာ ကာလကို ပြဦးအံ့—

ဒိဋ္ဌဓမ္မဝေဒနီယံ, ဥပပဇ္ဇဝေဒနီယံ, အပရာပရိယဝေဒနီယံ, အဟောသိကမ္မဥ္စေတိ ပါကကာလဝသေန စတုဗ္ဗိဓံ ဟောတိ။

ဒိဋ္ဌဓမ္မဝေဒနီယံ၊ မျက်မှောက်ဘဝ၌ ရအပ် ခံစားအပ်သော အကျိုးရှိသော ပဌမဇော စေတနာကံသည်ငင်း။ ဥပပဇ္ဇဝေဒနီယံ၊ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ ရအပ် ခံစားအပ်သောအကျိုးရှိသော သတ္တမဇော စေတနာကံသည်ငင်း။ အပရာပရိယဝေဒနီယံ၊ အရဟတ္တမဂ်ဖြင့် မဖြတ်မီအကြား အခွင့်သင့်သော အခါ၌ အကျိုးပေးခွင့်ရှိသော အပရာပရိယကံသည်ငင်း။ အဟောသိကမ္မဥ္စ၊ အကျိုးပေးခွင့်မရသော အဟောသိကံသည်ငင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

(အဓိပ္ပါယ် လွယ်၏။)

၁။ အဘိဓမ္မတ္ထသင်္ဂဟ-နှ၁-၃၃။ (အဓိပ္ပါယ်တူ)

၈သခြင်းလေးမျိုးနှင့် နိမိတ်ထင်ပုံ

သခြင်းလေးမျိုးနှင့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ထင်ပုံ စုတိပဋိသန္ဓေဆက်ပုံကို ပြလိုသော အဋ္ဌကထာဆရာသည်—

"အာယုကွေယေန ကမ္မကွေယေန ဥဘယကွေယေန ဥပစ္ဆေဒကကမ္မုနာ စေတိ စတုဓာ မရဏုပ္ပတ္တိ နာမ။"[၁]

ဟု မိန့်၏။

အာယုကွေယေန၊ အသက်တမ်းကုန်၍ သခြင်းဂင်း။ ကမ္မကွေယေန၊ကံကုန်၍ သခြင်းဂင်း။ဥဘယကွေယေန၊ အသက်ကံ နှစ်ပါးကုန်၍ သခြင်းဂင်း။ ဥပစ္ဆေဒက ကမ္မုနာ စ၊ ကြားက ကံဖြတ်၍ သခြင်းဂင်း။ ဣတိ၊ ဤသို့။ မရဏုပ္ပတ္တိ နာမ၊ သခြင်းမည်သည်။ စတုဓာ၊ လေးပါးအပြားရှိသည်။ ဟေား၊ ဖြစ်၏။

ဥပမာကား–ဆီကုန်၍ သခြင်း, မီးစာကုန်၍ သခြင်း, ဆီ မီးစာ ၂-ပါး ကုန်၍ သခြင်း, လေတိုး၍ သခြင်းကဲ့သို့တည်း။

သခါနိုး၌ နိမိတ်ထင်ပုံကို ပြလိုသော အဋ္ဌကထာဆရာသည်—

တထာ စ မရန္တာနံ ပန မရဏကာလေ ယထာရဟံ အဘိမုခီဘူတံ ဘဝန္တရေ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ, တံကမ္မကရဏကာလေ ရူပါဒိကမုပလဒ္ဓပုဗ္ဗမုပကရဏဘူတဉ္စ ကမ္မနိမိတ္တံ ဝါ, အနန္တရမုပ္ပဇ္ဇမာနဘဝေ ဥပလဘိတပုဗ္ဗမုပဘောဂဘူတဉ္စ ဂတိနိမိတ္တံ ဝါ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ၊ တတော ပရံ တမေဝ တဇ္ဇေါပဋိတံ အာရမ္မဏမာရဗ္ဘ ဝိပစ္စမာနကကမ္မာနုရူပံ ပရိသုဒ္ဓံ ဥပက္ကိလိဋ္ဌံ ဝါ ဥပလဘိတပုဗ္ဗဘဝါနုရူပံ တတ္ထောဏတံဝ စိတ္တသန္တာနံ အဘိဏှံ ပဝတ္တတိ ဗဟုလ္လေန၊ တမေဝ ဝါ ပန ဇနကဘူတံ ကမ္မံ အဘိနဝကရဏဝသေန ဒွါရပ္ပတ္တံ ဟောတိ။"[၂]

ဟု မိန့်၏။

၁။ အဘိဓမ္မတ္ထသင်္ဂြဟ်-နှာ-၃၆။ ၂။ အဘိဓမ္မတ္ထသင်္ဂြဟ်-နှာ-၃၇။

ပန၊ အထူးကို ဆိုအံ့။ ဝါ၊ သေခြင်းမှတပါး သေခါနိုးကာလ၌ ကံ ကမ္မနိမိတ် ဂတိနိမိတ် ထင်သည်ကို ဆိုဦးအံ့။ တထာ စ တတော ဇဝ၊ ထို လေးပါးသော အကြောင်းကြောင့်သာလျှင်။ မရန္တာနံ၊ သေကုန်သော။ သတ္တာနံ၊ သတ္တဝါတို့အား။ မရဏကာလေ၊ သေခါနိုးကာလ၌။ ယထာရဟံ၊ ထိုက်သည့်အား လျော်စွာ။ အဘိမုခီဘူတံ၊ ရှေးရှုသည်ဖြစ်၍ဖြစ်သော။ဘဝန္တရေ၊ ဘဝတပါး၌။ ပဋိသန္ဓိဇနကံ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော။ ကမ္မံ ဝါ၊ ကုသိုလ်ကံ, အကုသိုလ် ကံသည်ဝင်း။ တံဂမ္မကရဏကာလေ၊ ထိုကုသိုလ်ကံ, အကုသိုလ်ကံကို ပြုရာ ပြုကြောင်းဖြစ်သော ကာလ၌။ဥပလဒ္ဓိပုဗ္ဗဥ္စ၊ ရှေးခံရအပ်သည်လည်းဖြစ်သော။ ဥပကရဏဘူတဥ္စ၊ အဆောက်အဦဖြစ်၍လည်းဖြစ်သော။ ရူပါဒိကံ၊ ရူပါရုံအစ ရှိသော။ ကမ္မနိမိတ္တံ ဝါ၊ တုတ် လုံတံ ဓား လှံ လေး မြား စသော အကုသိုလ် ကမ္မနိမိတ်,ကျောင်း ဘုရား စေတီ ဆွမ်း သင်္ကန်း ထီး တံခွန် ပန်းမာလ်အစရှိ သော ကုသိုလ်ကမ္မနိမိတ်သည်ဝင်း။အနန္တရမုပဇ္ဇမာနဘဝေ၊ အခြားမဲ့ဖြစ်လတ္တံ့ သောဘဝ၌။ ဥပလဘိတဗ္ဗဥ္စ၊ ရအပ်သည်လည်းဖြစ်သော။ ဥပဘောဂဘူတဥ္စ၊ ခံစားအပ်သည်ဖြစ်၍လည်းဖြစ်သော။ ဂတိနိမိတ္တံ ဝါ၊ အမိဝမ်းရေ ငရဲအိုး ငရဲထိန်း ငရဲမီးလှဲ ခွေးနက်ကြီးစသော အပါယ ဂတိနိမိတ်, နတ်သိမ် နတ်သား ဗိမာန် ပဒေသာပင် အစရှိသော သုဂတိနိမိတ်သည်ဝင်း။ ကမ္မဗလေန၊ ကံ၏ အစွမ်းကြောင့်။ ဆန္နံ၊ ဖြ-ပါးကုန်သော။ ဒ္ဝါရာနံ၊ ဒ္ဝါရတို့တွင်။ အညတရသ္မိံ၊ အမှတ်မရှိ တခုခုသော ဒ္ဝါရ၌။ ပစ္စုပဋ္ဌာတိ၊ အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်၏။ တတော၊ ထိုသို့ အဖန်တလဲလဲ ရှေးရှုထင်သည်မှ။ ပရံ၊ နောက်၌။ တထောပဋိတံ-တထာ ဥပဋိတံ၊ ထိုသို့သော အခြင်းအရာအား ဖြင့် အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်သော။ တမေဝ အာရမ္မဏံ၊ ထို ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကိုပင်လျှင်။ အာရဗ္ဘ၊ အာရုံပြု၍။ ဝိပစ္စမာနကကမ္မာနုရူပံ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံအားလျော်စွာ။ ပရိသုဒ္ဓံ ဝါ၊ စင်ကြယ်သည် ဖြစ်၍ဝင်း။ ဥပက္ကိလိဋ္ဌံ ဝါ၊ ညစ်နွမ်းသည်ဖြစ်၍ဝင်း။ ဥပလဘိတဗ္ဗဘဝါနုရူပံ၊ ရအပ်ခံစားအပ်သော ဘဝအားလျော်စွာ။ တတ္ထ၊ ထိုရအပ် ခံစားအပ်သော ဘဝ၌။ သြဏတံဝ— သြဏတံ ဣဝ၊ ညွတ်သကဲ့သို့။ တနည်းကား– သြဏတံဝ-သြဏတံ ဧဝ၊ ညွတ်သည်သာလျှင် ဖြစ်သော။ စိတ္တသန္တာနံ၊ စိတ်အစဉ်သည်။ အဘိဏှံ၊ မပြတ်။ ဗာဟုလ္လေန၊ များသောအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။။

ပန၊ အထူးကို ဆိုဦးအံ့။ ဇနကဘူတံ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သည် ဖြစ်၍ ဖြစ်သော။ တမေဝ ဝါ ကမ္မံ၊ ထို ကံသည်ပင်လျှင်။ အဘိနဝကရဏဝသေန၊ မိမိ ကိုယ်ကိုအသစ် ပြုသည်၏အစွမ်းဖြင့်။ ဒုါရပ္ပတ္တံ၊ ဒုါရသို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။။(ပစ္စာသန္နမရဏာဿ၊ အလွန်နီးသော သေခြင်းရှိသော။ တဿ၊ထိုသတ္တဝါ အား။ ဝီထိစိတ္တာဝသာနေ ဝါ၊ တဒါရုံအဆုံး ဇောအဆုံးရှိသော ဝီထိစိတ်တို့၏ အဆုံးဌာဏင်း။ ဘဝင်္ဂသ္မေ ဝါ၊ ဘဝင်၏အဆုံးဌာဏင်း။စဝနဝသေန၊ စုတေသည်၏အစွမ်းဖြင့်။ ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ၊ ပစ္စုပ္ပန် ဘဝ၏ အဆုံးဖြစ်၍ ဖြစ်သော။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဥပ္ပဇ္ဇိတ္ဝာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။။)[၁]

> တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ တထာဂဟိတံ အာရမ္မဏ-
> မာရဗ္ဘ သဝတ္ထုကံ အဝတ္ထုကမေဝ ဝါ ယတာရဟံ အဝိဇ္ဇာနုသယ-
> ပရိက္ခိတ္တော နာ တဏှာနုသယမူလကေန သခ်ါရေန ဇနိယမာနံ သမ္ပ-
> ယုတ္တောဟိ ပရိဂ္ဂယ္ဟမာနံ သဟဇာတာနံ အဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂ-
> ဘူတံ ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသခ်ါတံ မာနသံ ဥပ္ပဇ္ဇ-
> မာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။[၂]

တသ္မိံ၊ ထိုစုတိ စိတ်သည်။ နိရုဒ္ဓေ၊ ချုပ်ပြီးသည် ရှိသော်။ နိရုဒ္ဓါဝသာနေ၊ ချုပ်သည်၏ အဆုံး၌။ တဿ၊ ထို စုတိ စိတ်၏။ အနန္တရမေဝ၊ အခြားမဲ့ ဖြစ်၍သာလျှင်။ တထာဂဟိတံ၊ ထိုသို့သော အခြင်းအရာ အားဖြင့် ဆဒ္ဒါရိက မရဏာသန္နဇောသည် ယူအပ်သော။ အာရမ္မဏံ၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ သဝတ္ထုကံ ဝါ၊ ဝတ္ထုရှိသည် ဖြစ်၍ပင်း။ အဝတ္ထုကမေဝ ဝါ၊ ဝတ္ထု မရှိသည် ဖြစ်၍ပင်း။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ အဝိဇ္ဇာနုသယပရိက္ခိတ္တော နာ၊ အဝိဇ္ဇာနုသယသည် ခြံရုံအပ်သော။ တဏှာနုသယမူလကေန၊ တဏှာနုသယလျှင် အကြောင်းရင်းရှိသော။ သခ်ါရေန၊ ကုသိုလ်ကံ အကုသိုလ်ကံသည်။ ဇနိယမာနံ၊ ဖြစ်စေအပ်သော။ သမ္ပယုတ္တောဟိ၊ ဖဿ ဝေဒနာ အစရှိသော သမ္ပယုတ် တရားတို့သည်။ ပရိဂ္ဂယ္ဟမာနံ၊ ခြံရုံအပ်သော။ သဟဇာတာနံ၊ သဟဇာတ် တရားတို့၏။ အဓိဋ္ဌာနဘာဝေန၊ တည်ရာ၏ အဖြစ်ဖြင့်။ ပုဗ္ဗင်္ဂမဘူတံ၊

၁။ ပါဠိ မပါ။ ၂။ အဘိ၊မဟာ၊ သင်္ဂဟ နှာ-၃၇။

ပြဋ္ဌာန်းသည် ဖြစ်၍ ဖြစ်သော။ ဘဝန္တရေ ပဋိသန္ဓာနဝသေန၊ ရွှေ-နောက်ဖြစ်သော ဘဝအထူးကို တစပ်တည်းကဲ့သို့ စပ်တတ်သည်၏ အစွမ်းဖြင့်။ ပဋိသန္ဓိ-သဒ်ါတံ၊ ပဋိသန္ဓေဟု ဆိုအပ်သော။ မာနသံ၊ စိတ်သည်။ ဥပ္ပဇ္ဇမာနမေဝ၊ ဖြစ်ဆဲ ဖြစ်၍သာလျှင်။ ဘဝန္တရေ၊ ဘဝတပါးဌ်။ ဝါ၊ ဘဝသစ်ဌ်။ ပတိဋ္ဌာတိ၊ တည်၏။

မှတ်ယူလွယ်စေခြင်းငှါ —

“အဖြစ်ဖုံးကာ၊ အဝိဇ္ဇာ၊ တဏှာညွှတ်စေမှု။
ကံသင်္ခါရ၊ ဇနက၊ ပစ်ချဖြစ်စေမှု။
အကြောင်းသုံးတော်၊ ညီစေသော်၊ ဖြစ်ပေါ်သန္ဓိစု။”

ဟူရကား — ရေ, မြေ, မျိုးစေ့စုံမှ အပင်ပေါက်နိုင်သကဲ့သို့၊ ထို့ အတူ မရဏာ-သန္နဇော အာရုံဌ်ရှိသော အနုစ်စ စသော လက္ခဏာကို မသိမမြင်ခြင်းသည် အဝိဇ္ဇာမည်၏။ ထိုအာရုံဌ် နိကန္တိဖြစ်မှုသည် တဏှာ မည်၏။ ကံသည် ကံအားလျော်စွာ ဘဝသစ်ဌ် ပဋိသန္ဓေ ဝိညာဏ်ကို ဖြစ်စေ၏ ဟူလို။

အဝိဇ္ဇာ တဏှာ ကံတို့ကို ပယ်ပြီးသော ရဟန္တာမျိုးမှာမူကား မရဏာ-သန္နဇော၏ အာရုံဌ်ရှိသော အနုစ်စသော အပြင်ကို အဝိဇ္ဇာ မဖုံးနိုင်သောကြောင့် ဟုတ်မှန်သည့်အတိုင်း မြင်သိ၏။ ထင်လာသော အာရုံဌ်လည်း တပ်ခြင်းမရှိ။ ကံကိုလည်း ပယ်ပြီးဖြစ်သောကြောင့် ပရိနိဗ္ဗာနစုတိနောင် ပဋိသန္ဓေ ဝိညာဏ်ဇာဝတီ မဖြစ်တော့ပြီ၊ ဒုက္ခချုပ်လေတော့၏။ ဖြစ်ခြင်း ပျက်ခြင်း မရှိသော အသင်္ခတသဘော်ဌ် တည်လေတော့၏ ဟူလို။

အဓိပ္ပါယ်လိုရင်းကား – ဤ ပစ္စုပ္ပန်ဘဝမှ ရုပ်နာမ်ခန္ဓာသည် ဤ ပစ္စုပ္ပန်ဘဝမှာပင် ချုပ်၏၊ တမလွန်ဘဝသို့ တစုံတရာ မသွား မရောက်၊ တမလွန်ဘဝဌ် ကံအားလျော်စွာ အသစ်ဖြစ်၏။ ထိုသို့ ဖြစ်ရာဌ် ကံအားလျော်စွာ သြဠာရိက သုခုမ ဟိန ပဏီတ စသည် ဖြစ်၏။ ထို့ကြောင့် သတ္တဝါ သေသည်မဟုတ်, သတ္တဝါ အသစ်ဖြစ်သည်မဟုတ် ဟူ၍ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ တို့ကို ပယ်အပ်၏ ဟူလို။

၁။ ပရမတ္ထသံခိပ် ပိုဒ်ရှေ ၃၅၃၊ ၃၅၄။ ပရမတ္ထသံခိပ်ဋီကာ ဒုတိ၊ နှာ-၁၆၂။

အဝိဇ္ဇာ တဏှာ ကံတို့ကို ဘဝသစ်သို့ ပစ္စည်းပြုပုံကို ပြလိုသော အဋ္ဌကထာ ဆရာသည်—

"အဝိဇ္ဇာ တဏှာ သင်္ခါရ.သဟဇေဟိ အပါယိနံ။
ဝိသယာဒီနဝစ္ဆာဒံ၊ နမနံ ခိပနမိ စ။
အပ္ပဟီနေဟိ သေသာနံ၊ ဆာဒနံ နမနမိ စ။
ခိပနေ ပန သင်္ခါရာ၊ ကုသလာဝ ဘဝန္တိဟာ။[၁]
ကတ္ထစိ ပန အနုပုဗ္ဗမာနဿ ခီဏာသဝဿ ယတောပဋ္ဌိတံ နာမ-ရူပမမ္မာဒိကမေဝ စုတိပရိယောသာနံ ဂေါစရဘာဝံ ဂစ္ဆတိ၊ နကမ္မကမ္မနိမိတ္တာဒယော။"[၂] — ဟု မိန့်၏။

အပါယိနံ၊ အပါယ်သို့ လားကုန်သော။ သတ္တာနံ၊ တို့အား။ အဝိဇ္ဇာတဏှာ-သင်္ခါရ သဟဇေဟိ၊ အဝိဇ္ဇာ တဏှာ သင်္ခါရ သဟဇာတ် တရားတို့သည်။ ဝိသယာဒီနဝစ္ဆာဒံ၊ အာဝုံဍုံရှိသော အပြစ် ဘဝဍုံရှိသော အပြစ်ကို ဖုံးလွှမ်းသည် ဖြစ်၍ဂုဏ်း။ နမနမိ စ၊ ညွတ်ခြင်းသည်ဂုဏ်း။ ခိပနမိ စ၊ ပစ်ချခြင်းသည်ဂုဏ်း။ ဟောတိ၊ ဖြစ်၏။ သေသာနံ၊ ဒုဂ္ဂတိမှ ကြွင်းကုန်သော သုဂတိသို့ လားကုန်သော သတ္တဝါတို့အား။ အပ္ပဟီနေဟိ၊ မပယ်အပ်သေးသော အဝိဇ္ဇာစသည် တို့ဖြင့်။ ဆာဒနမိ စ၊ ဖုံးလွှမ်းခြင်းသည်ဂုဏ်း။ နမနမိ စ၊ ညွတ်ခြင်းသည်ဂုဏ်း။ ဟောတိ၊ ဖြစ်၏။ ဣဟ၊ ဤဘဝသစ်သို့။ ခိပနေ ပန၊ ပစ်ချရာဍုံကား။ ကုသ-လာ၊ ကုသိုလ်ဖြစ်ကုန်သော။ သင်္ခါရာဝ၊ ကုသိုလ်ကံတို့သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ပန၊ အထူးကို ဆိုဦးအံ့။ ကတ္ထစိ၊ ပုထုဇဉ် သေက္ခမှ တပါးသော။ အနုပုဗ္ဗမာနဿ၊ တဖန် မဖြစ်လတ္တံ့သော။ ခီဏာသဝဿ၊ ရဟန္တာ၏။ယထော-ပဋ္ဌိတံ၊ အကြင်ထင်ခြင်းသည်ကား။ နာမရူပမမ္မာဒိကမေဝ၊ နာမ်ရုပ်စသော တရားသည်သာလျှင်။ စုတိပရိယောသာနံ၊ စုတိ အဆုံးရှိသောတရားတို့၏။ ဂေါစရဘာဝံ၊ အာရုံ၏အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ကမ္မကမ္မနိမိတ္တာဒယော၊ ကံ ကမ္မ ဂတိ စသော နိမိတ်တို့သည်။ နာ ဥပဋ္ဌဟန္တိ၊ မထင်ကုန်။

၁။ ဋီကာကျော် နှာ-၁၈၉-၁၉၀။ ၂။ ဋီကာကျော် နှာ-၁၀၈။

ဘုရားရဟန္တာတို့မှာ နိမိတ်မထင် နာမ်ရုပ် စသည်ထင်၏။ ဈာန်ရသော ပုဂ္ဂိုလ်ဖြစ်အံ့၊ မိမိရသော ဈာန်ကို အာရုံပြု၍ စုတိကျ၏။ ဈာန်မရသော ပုဂ္ဂိုလ်ဖြစ်အံ့၊ မိမိရသောဖိုလ် ဝင်စားခြင်းစသည်ဖြင့် စုတိကျ၏။ ပရိနိဗ္ဗာန်ယူ၏ ဟူလို။

စုတိနောင် ပဋိသန္ဓေ ယထာရဟဆက်ပုံ

စုတိနောင် ပဋိသန္ဓေဆက်ရာ၌ ယထာရဟဆက်ပုံ လယ်တီဆရာတော်ဘုရား၏ သံခိပ်ဖြင့် ပြဦးအံ့—

ဒုသုဒ္ဓိဟု၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ ၁၀-ကာမ သော။
တိဟိတ်ဝိဟု၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ ၂၀-အကုန်ဟော။
မဟဂ်ဝိဟု၊ စုတိနောက်ဝယ်၊ သန္ဓိချယ်၊ ၁၇-ဟေတုကော။

တိဟိတ် စုတိနောင် ၂၀-အကုန်ဟော—ဟူသည်မှာ အသညသတ် ရုပ် ပဋိသန္ဓေကို ရည်၍ ဆိုသည်။ (ပရမတ္ထသံခိပ်ဋီကာ ဒုတိယ၊ နှာ-၁၆၃)

အဓိပ္ပါယ်ကား – ဒုဂ္ဂတိအဟိတ်, သုဂတိအဟိတ်, ဒွိဟိတ်တို့ စုတိနောင် မဟာဝိပါက် စိတ် ဂ-ခု, အကုသလဝိပါက် သန္တီရဏတခု, ကုသလဝိပါက် သန္တီရဏတခု ဤသို့ ဝိပါက်ဆယ်ခုရ၏။

တိဟိတ် ပုဂ္ဂိုလ်တို့၏ စုတိနောင် မဟာဝိပါက် ဂ-ခု, မဟဂ္ဂုတ် ဝိပါက် ၉-ခု, အဟိတ် ဝိပါက် ၂-ခု၊ ပေါင်း ၁၉-ခု ရ၏။ ထိုတွင် အသညသတ် ရုပ်ပဋိသန္ဓေကို ထည့်၍ ၂၀-ဆို၏။ မဟဂ္ဂုတ် စုတိနောင် မဟာဝိပါက် ဂ-ခု, မဟဂ္ဂုတ် ဝိပါက် ၉-ခု၊ ပေါင်း ၁၇-ဖြစ်၏။ ထိုကြောင့် ဗြဟ္မာတို့ စုတိနောင် အပါယ်မလားနိုင်—ဟူလို။

စုတိနောင်ပဋိသန္ဓေဆက်ရာ၌ ပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့
တစုံတခုသော တရားမျှ မပြောင်းမသွားသော်လည်း
ဓာတ်အားဖြင့် ပဋိသန္ဓေ ဖြစ်နိုင်ပုံ

မေး။ စုတိနောင် ပဋိသန္ဓေဆက်ရာ၌ ဤပစ္စုပ္ပန် ဘဝမှ တမလွန် ဘဝသို့ တစုံတရာသွားသလော၊ မသွားလျှင် အဘယ်ကြောင့် တမလွန်ဘဝမှာ ပဋိသန္ဓေဖြစ်နိုင်ပါသနည်း။

ဖြ။ အတိတ် ခန္ဓာတို့သည် အတိတ်မှာပင် ချုပ်၏၊ ပစ္စုပ္ပန်သို့ မလာ။ ပစ္စုပ္ပန်ခန္ဓာတို့လည်း ပစ္စုပ္ပန်မှာပင် ချုပ်၏၊ တမလွန်သို့ မသွားပေ။

ထိုသို့ပင် မသွားသော်လည်း ဓာတ်အားဖြင့် ကျေးဇူးပြုပုံကို ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာသည် –

"ယထာ နု အာစရိယမုခတော သဇ္ဈာယော အန္တေဝါသိကဿ မုခံ ပဝိသတိ၊ နု စ တပ္ပစ္စယာ တဿ သဇ္ဈာယော နာပိ ပဝတ္တတိတိ။[၁]"

ဟု မိန့်၏။

ယထာ၊ ဥပမာ အဘယ်ကဲ့သို့ နည်းဟူမူကား။ အာစရိယမုခတော၊ဆရာ၏ ခံတွင်းမှ။ သဇ္ဈာယော၊ သရဇ္ဈာယ်သော အသံသည်။အန္တေဝါသိကဿ၊အတူနေတပည့်၏။ မုခံ၊ ခံတွင်းသို့။ နု ပဝိသတိ၊ မဝင်။ ဝါ၊ မသွားရောက်။ စ၊ယင်းသို့ပင် မသွားမရောက်ငြားသော်လည်း။ တပ္ပစ္စယာ၊ ထို့သရဇ္ဈာယ်သောအသံကြောင့်။ တဿ၊ ထိုတပည့်အား။ သဇ္ဈာယော၊ သရဇ္ဈာယ်နိုင်ခြင်းသည်။ နု နာပိ ပဝတ္တတိ၊ မဖြစ်သည်မဟုတ်။ ပဝတ္တတိ ဧဝ၊ သရဇ္ဈာယ် နိုင်သည်သာတည်း။

တနည်း—

> နု ဒူတေန မန္တောဒကံ ပိတံ ရောဂိနော ဥဒရံ ပဝိသတိ။
> နု စ တဿ တပ္ပစ္စယာ ရောဂေါ နု ဝူပသမ္မတိ။[၂]

ဒူတေန၊ လူမမာက ဆရာခေါ်လွှတ်လိုက်သော တမန်သည်။ ပိတံ၊သောက်အပ်သော။ မန္တောဒကံ၊ ဆရာ၏ရေမန်းသည်။ ရောဂိနော၊ လူမမာ၏။ ဥဒရံ၊ ဝမ်းသို့။ နု ပဝိသတိ၊ မဝင်။ ဝါ၊ မရောက်။ စ၊ ယင်းသို့ပင် မဝင်မရောက်သော်လည်း။ တပ္ပစ္စယာ၊ ထို အကြောင်းကြောင့်။ ရောဂေါ၊ အနာသည်။ နု ဝူပသမ္မတိ၊ မပျောက်သည်။ နု၊ မဟုတ်။ ဝူပသမ္မတိ ဧဝ၊ ပျောက်သည်သာတည်း။

တနည်း—

> နု မုခေ မဏ္ဍနဝိဓာနံ အာဒါသတလာဒီသု မုခနိမိတ္တံ ဂစ္ဆတိ။
> နု စ တတ္ထ တပ္ပစ္စယာ မဏ္ဍနဝိဓာနံ နု ပညာယတိ။[၂]

၁။ ဝိသုဒ္ဓိ၊ ဒုတိယ-နှာ-၂၃၈-၉။ ၂။ ဝိသုဒ္ဓိ၊ ဒုတိယ၊ နှာ-၂၃၉။

မုဒေါ၊ မျက်နှာဌ်။ မဏ္ဍနဝိဓာန်၊ အထူးထူး ဆင်ပြင်ထားသော တန်းဆာသည်။ အာဒါသတလာဒီသု၊ ကြေးမုံ မှန်အပြင် စသည်တို့ဌ်။ မုခနိမိတ္တံ၊မျက်နှာရိပ်သို့။ နဂစ္ဆတိ၊ မသ္ဒားမရောက်။ စ၊ ယင်းသို့ပင် မသ္ဒားမရောက်သော်လည်း။ တပ္ပစ္စယာ၊ ထို တန်းဆာအကြောင်းကြောင့်။ တတ္ထ အာဒါသတလာဒီသု၊ ထို ကြေးမုံအပြင် မှန်အပြင် စသည်တို့ဌ်။ မဏ္ဍနဝိဓာနံ၊ အထူးထူးဖြင့် ဆင်ထားသော တန်းဆာသည်။ နစနပညာယတိ၊ မထင်သည်မဟုတ်။ ပညာယတိဧဝ၊ ထင်သည်သာတည်း။

ဥပမေယျကို ပြလိုသော အဋ္ဌကထာ ဆရာသည်—

> “ဧဝမေဝ အတိတဘဝတော ဣမံ ဘဝံ၊ ဣတော ဝါ ပုနဗ္ဘဝံ ကောစိ ဓမ္မောပိ နသ သက်မတိ၊ နစ အတိတဘဝေ ခန္ဓာယတနဓာတုပစ္စယာ ဣဓ၊ ဣဓ ဝါ ခန္ဓာယတနဓာတုပစ္စယာ ပုနဗ္ဘဝေ ခန္ဓာယတန-ဓာတုယော နနိဗ္ဗတ္တန္တိတိ”ဝ။

ဟုမိန့်၏။

ဧဝမေဝ၊ ဤဆရာ သရဇ္ဈာယ်သော အသံသည် တပည့်ခံတွင်းသို့ မသ္ဒားမရောက်,တမန် သောက်ရေသည် လူမမာ၏ ဝမ်းတွင်းသို့မရောက်, အထူးထူးပြင်ဆင်ထားသော မျက်နှာသည် မှန်ထဲသို့ မသ္ဒားမရောက်,ယင်းသို့ပင်မသ္ဒားမရောက်သော်လည်း ထို အကြောင်းတို့ကြောင့်ပင်လျှင်အကျိုးဖြစ်ပေါ် သကဲ့သို့ ထို့အတူ။ အတိတဘဝတော၊ အတိတ်ဘဝမှ။ ဣမံ ဘဝံ၊ ဤ ပစ္စုပ္ပန်ဘဝသို့။ ဣတော ဝါပိ၊ ဤပစ္စုပ္ပန်ဘဝမှလည်း။ ပုနဗ္ဘဝံ၊ တဖန် ဘဝသစ်သို့။ ကောစိ၊ တစုံတခုသော။ ဓမ္မော၊ တရားသည်။ နသ သက်မတိ၊ မပြောင်းမသ္ဒား။ စ၊ ယင်းသို့ပင် မပြောင်းမသ္ဒားသော်လည်း။ အတိတဘဝေ၊ အတိတ်ဘဝ၌။ ခန္ဓာ-ယတန ဓာတုပစ္စယာ၊ ခန္ဓာအာယတနဓာတ် စသော အကြောင်းကြောင့်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ဣဓ ဝါ၊ ဤ ပစ္စုပ္ပန်ဘဝ၌လည်း။ ခန္ဓာယတန ဓာတုပစ္စယာ၊ ခန္ဓာ အာယတန ဓာတ် စသော အကြောင်းကြောင့်။ ပုနဗ္ဘဝေ၊ တဖန် ဘဝသစ်၌။ ခန္ဓာယတနဓာတုယော၊ တို့သည်။ နစနနိဗ္ဗတ္တန္တိ၊ မဖြစ်

၁။ ဝိသုဒ္ဓိ၊ဒုတိယ-နှာ-၂၃၉။

သည် မဟုတ်ကုန်။ နိဗ္ဗတ္တန္တိ ဧဝ၊ ဖြစ်ကုန်သည်သာတည်း။ ဣတိ၊ ဤသို့မှတ် အပ်၏။

အဓိပ္ပါယ် သိလွယ်လောက်ပါ၏။

အကြောင်းအာဒီလျော်စွာ အကျိုးဖြစ်ပုံ

ပရမတ္ထ ဓမ္မတာ သဘာဝအာဒီဖြင့် အကြောင်းအာဒီလျော်စွာ အကျိုးဖြစ်ပုံကို တနည်းအာဒီဖြင့် ပြလိုသော အဋ္ဌကထာ ဆရာသည်—

“ယထေဝ စက္ခုဝိညာဏံ. မနောဓာတုအနန္တရံ။
န စေဝ အာဂတံ နာပိ၊ န နိဗ္ဗတ္တံ အနန္တရံ။
တထေဝ ပဋိသန္ဓိမ္ပိ၊ ဝတ္တာတေ စိတ္တာသန္တတိ။
ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တာတေ။
တေသံ အန္တရိကာ နတ္ထိ၊ ဝိစိ တေသံ န ဝိဇ္ဇတိ။
န စိတော ဂစ္ဆတေ ကိဉ္စိ၊ ပဋိသန္ဓိ စ ဇာယတိ။”[၁]

ဟုမိန့်၏။

မနောဓာတု အနန္တရံ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း၏ အခြားမဲ့၌။ စက္ခုဝိညာဏံ၊ ဖြစ်သော စက္ခုဝိညာဏ်သည်။ နှစေဝ အာဂတံ၊ ထို ပဉ္စဒ္ဒါရာဝဇ္ဇန်း စိတ်မှလာသည် မဟုတ်။ အနန္တရံ၊ အခြားမဲ့၌။ နာပိ နိဗ္ဗတ္တံ၊ မဖြစ်ပဲလည်းမရှိ။ နိဗ္ဗတ္တံ ဧဝ၊ ဖြစ်သည်သာလျှင်တည်း။ တထေဝ၊ ထိုအတူ။ ပဋိသန္ဓိမ္ပိ၊ ပဋိသန္ဓေ၌။ စိတ္တာသန္တတိ၊ စိတ်၏အစဉ်သည်။ ဝတ္တာတေ၊ ဖြစ်၏။ ပုရိမံ၊ ရှေးဖြစ်သော စုတိစိတ်သည်။ ဘိဇ္ဇတေ၊ ပျက်၏။ ပစ္ဆိမံ၊နောက်ဖြစ်သော ပဋိသန္ဓေ စိတ်သစ်သည်။ ဇာယတေ၊ အကြောင်းအာဒီလျော်စွာဖြစ်၏။ တေသံ၊ ထို စုတိပဋိသန္ဓေတို့၏။ အန္တရိကာ၊ အခြားအဆီးသည်။ နတ္ထိ၊ မရှိ။ ဝိစိ၊ အကြားအပြတ်သည်။ န ဝိဇ္ဇတိ၊ မရှိ။ ဣတော၊ ဤစုတိမှ၊ ကိဉ္စိ၊ တစုံတခုသော တရားသည်။ န ဂစ္ဆတေ၊ ပဋိသန္ဓေသို့ မသွားမရောက်။ စ၊ ယင်းသို့ပင် မသွားမရောက်သော်လည်း။ ပဋိသန္ဓိ၊ ပဋိသန္ဓေ စိတ်သစ်သည်။ ဇာယတေ၊ ကံအကြောင်းအာဒီလျော်စွာဖြစ်၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၂၃၉။

ယင်းသို့ ကံကြောင့်ဝိပါက်ဖြစ်သော် ဝိပါက်ထည်းမှာ ကံရှိ၍လော၊သို့မဟုတ် ကံထည်းမှာ ဝိပါက်ရှိ၍လော၊ အကယ်၍မရှိလျှင် အဘယ်ကြောင့် ဝိပါက်ဖြစ်နိုင်ပါသနည်း ဟူသော စောဒနာကို ပြလိုသော အဋ္ဌကထာဆရာသည်-

"ကမ္မံ နတ္ထိ ဝိပါကမ့ိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊ န စ ကမ္မံ ဝိနာ ဖလံ။"

ဟုမိန့်၏။

ဝိပါကမ့်၊ ဝိပါက်၌။ ကမ္မံ၊ ကံသည်။ န ဝိဇ္ဇတိ၊ မရှိ။ ကမ္မေ၊ ကံ၌။ ပါကော၊ ဝိပါက်သည်။ နတ္ထိ၊ မရှိ။ ဥဘော၊ ကမ္မ, ဖလ ၂-ပါးတို့သည်။ အညမညံ၊ အချင်းချင်း။ သုညာ၊ ဆိတ်ကုန်၏။ စ၊ ယင်းသို့ပင် ဆိတ်သော်လည်း။ ကမ္မံ၊ ကံကို။ ဝိနာ၊ ကင်း၍။ ဖလံ၊ အကျိုးသည်။ န စ ပဝတ္တတိ၊ ဖြစ်လည်းမဖြစ်။

ဤ၌ ဥပမာကို ပြလိုသော အဋ္ဌကထာ ဆရာသည်-

"ယထာ နု သူရိယေ အဂ္ဂိ၊ နု မဏိမ့် နု ဂေါမယေ။
နု တေသံ ဗဟိ သော အတ္ထိ၊ သမ္ဘာရေဟိ စ ဇာယတိ။"

ဟု မိန့်၏။

ယထာ၊ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ သူရိယေ၊နေ၌။ အဂ္ဂိ၊မီးသည်။ နတ္ထိ၊မရှိ။ မဏိမ့်၊ မီးမှန်၌၊ အဂ္ဂိ၊ မီးသည်။ နတ္ထိ၊ မရှိ။ ဂေါမယေ စ၊ နွားချေးခြောက်၌လည်း။ အဂ္ဂိ၊ မီးသည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုနေ မီးမှန် နွားချေးခြောက် ကျိသုံးခုတို့၏။ ဗဟိ၊ အပ၌လည်း။ သော အဂ္ဂိ၊ ထိုမီးသည်။ နတ္ထိ၊ မရှိ။ စ၊ ယင်းသို့ပင် မရှိသော်လည်း။ သမ္ဘာရေဟိ၊ နေ, မီးမှန်, နွားချေးကျိသုံးခု ပေါင်းဆုံမိခြင်းကြောင့်။ သော အဂ္ဂိ၊ ထိုမီးသည်။ ဇာယတိ ယထာ၊ ဖြစ်သကဲ့သို့တည်း။

ဥပမေယျကို ပြလိုသော အဋ္ဌကထာဆရာသည်-

"တထာ နု အန္တော ကမ္မဿ၊ ဝိပါကော ဥပလဗ္ဘတိ။
ဗဟိဒ္ဓါပိ နု ကမ္မဿ၊ ဝိပါကော ဥပလဗ္ဘတိ။

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ- ၂၃၈။

"ဖလေန သုညံ တံ ကမ္မံ၊ ဖလံ ကမ္မေ နာ ဝိဇ္ဇတိ။
ကမ္မဥ္စ ခေါ ဥပါဒါယ၊ တတော နိဗ္ဗတ္တာတေ ဖလံ"ဝ

ဟု မိန့်၏။

တထာ၊ ထိုအတူ။ ကမ္မဿာ၊ ကံ၏။ အန္တော၊ အတွင်း၌။ ၏၊ ဝိပါကော၊ ဝိပါက်ကို။ နာ ဥပလဗ္ဘတိ၊ ရှာ၍မရ။ ဗဟိဒ္ဓါပိ၊ အပဋ္ဌလည်း။ ကမ္မဿာ၊ ၏။ ဝိပါကော၊ ကို။ နာ ဥပလဗ္ဘတိ၊ ရှာ၍မရ။ တံ ကမ္မံ၊ ထိုကံသည်။ ဖလေန၊ ဝိပါက်ဟူသော အကျိုးမှ။ သုညံ၊ ဆိတ်၏။ ဖလံ၊ အကျိုးသည်။ ကမ္မေ၊ ကံ၌။ နာ ဝိဇ္ဇတိ၊ မရှိ။ စ၊ ယင်းသို့ပင် မရှိသော်လည်း။ ခေါ၊ စင်စစ်။ ကမ္မဥ္စ၊ ကံကို သာလျှင်။ ဥပါဒါယ၊ အကြောင်းပြု၍။ တတော၊ ထိုကံကြောင့်။ ဖလံ၊ အကျိုးသည်။ နိဗ္ဗတ္တာတေ၊ ဖြစ်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။

သံသရာကို စီရင်တတ်သော နတ်ဖြဟ္မာမရှိ
ဟောကုအကြောင်း, ပစ္စယအကြောင်းတို့ကြောင့်သာလျှင်
ရုပ်ခန္ဓာတို့ဖြစ်ပေါ်ပုံ

ထို့ကြောင့် ကမ္မဝိပါကမှတပါး သံသရာကို ပြုလုပ်စီရင်သော ဖြဟ္မာဇီဿန်း နတ်စသည် လက်သည် မရှိပုံကိုပြလိုသော အဋ္ဌကထာဆရာသည်-

"နာ ဟေတ္ထ ဒေါဝေါ ဖြဟ္မာ ဝါ၊ သံသာရဿတ္ထိကာရကော။
သုဒ္ဓမမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရာ ပစ္စယာ"။

ဟုမိန့်၏။

ဧတ္ထ၊ ဤကမ္မဖလ ၂-ပါး၌။ သံသာရဿ၊ သံသရာကို။ ကာရကော၊ ပြုလုပ်တတ်သော။ ဒေဝေါ ဝါ၊ နတ်သည်ရင်း။ ဖြဟ္မာ ဝါ၊ ဖြဟ္မာသည်ရင်း။ နတ္ထိ၊ မရှိ။ ဟေတုသမ္ဘာရပစ္စယာ၊ ဟေတုအကြောင်း, ပစ္စယအကြောင်းတို့ကြောင့်။ တနည်း-ဟေတုသမ္ဘာရပစ္စယာ၊ ဇနကအကြောင်း, ဥပတ္ထမ္ဘကအကြောင်းတို့ကြောင့်။ သုဒ္ဓမမ္မာ၊ ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောယှက် သက်သက်သော ရုပ်နာမ်ဓမ္မ သခ်ါရတရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။

၁။ ဝိသုဒ္ဓိ ဒုတိယ-နာ-၂၃၈။

ကမ္မဝိပါကအားဖြင့် ဤလောကကြီး ဖြစ်၍နေပုံ

ဤလောကကြီးကို မည်သူမျှ ဖန်ဆင်းသည်မဟုတ်၊ ကံကြောင့် ဝိပါက်၊ ဝိပါက်ကြောင့် ကံစသည်ဖြင့် မျိုးစေ့နှင့် အပင်တို့ကဲ့သို့ ဖြစ်၍နေပုံကို ပြလိုသော အဋ္ဌကထာဆရာသည် –

"ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိ။"[1]

ဟု မိန့်၏။

ကမ္မာ၊ ကံကြောင့်။ ဝိပါကာ၊ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော အကျိုးဝိပါကတရား ငါးပါးတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝါ၊ ဝတ္တန္တိ၊ ကံအားလျော်စွာ သြဠာရိက သုခုမ ဟီန ပဏီတ စသည် ဖြစ်ကုန်၏။ ဝိပါကော၊ ဝိပါက်သည်။ ဝါ၊ဝိပါကက္ခန္ဓာ ၅-ပါးသည်။ ကမ္မသမ္ဘဝေါ၊ ပစ္စုပ္ပန်၌ ကမ္မဝင်္ခလျှင် တဖန်ဖြစ်ကြောင်းရှိ၏။ ကမ္မာ၊ ကံကြောင့်။ ပုနဗ္ဘဝေါ၊ တဖန် ဘဝသစ်၌။ ဝါ၊ ဇာတိ စသော အနာဂတ်သံသရာသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ သို့။ လောကော၊ သည်။ ပဝတ္တတိ၊ ၏။

ပစ္စုပ္ပန်ခန္ဓာကိုစဲ၍ ပစ္စုပ္ပန်မှာပင်လျှင် တဖန် ကံကို ပြုပြန်၏၊ ထို ကံကြောင့် အနာဂတ်၌ ဘဝဇာတိ ဖြစ်ပြန်၏ ဟူလို။

ဧဝံ ကမ္မေ ဝိပါကေ စ၊ ဝတ္တမာနေ သဟေတုကေ။
ဗီဇရုက္ခာဒိကာနံဝ၊ ပုဗ္ဗကောဋိ န နာယတိ။
အနာဂတေပိ သံသာရေ၊ အပ္ပဝတ္တံ န ဒိဿတိ။
ဧတမတ္ထံ အနညာယ၊ တိတ္ထိယာ အသယံဝသီ။
သတ္တာသညံ ဂဟေတွာန၊ သဿတုစ္ဆေဒ ဒဿိနော။
ဒုဒ္ဓိသဋ္ဌိဒိဋ္ဌိံ ဂဏှန္တိ၊ အညမညာ ဝိရောဓိတာ။[2]

ဧဝံ၊ ဤသို့။ ကမ္မေ စ၊ ကံသည်ရင်း။ ဝိပါကေ စ၊ ဝိပါက်သည်ရင်း။ သဟေတုကေ၊ အကြောင်းရှိသည်ဖြစ်၍။ ဝတ္တမာနေ၊ မပြတ်ပုံသေ ဖြစ်၍ နေသည်

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၃၇။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၃၇-ဂ။

ရှိသော်။ ဗီဇရက္ခာဒိကာနံဝ၊ မျိုးစေ့နှင့် သစ်ပင်စသည်တို့ကဲ့သို့။ ပဗ္ဗကောဋ္ဌိ၊ ရှေးအစွန်းသည်။ န နာယတိ၊ မထင်။ အနာဂတေပိ သံသာရေ၊ အနာဂတ် သံသရာ၌လည်း။ အပ္ပဝတ္တံ၊ မဖြစ်သည်ကို။ န ဒိဿတိ၊ မထင်။ ဧတမတ္ထံ၊ ဤသို့ သဘောရှိသော ကမ္မဝိပါကအစွမ်းကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ အနညာယ၊ မသိခြင်းကြောင့်။ တိတ္ထိယာ၊ မိစ္ဆာဒိဋ္ဌိတို့သည်။ ဒုသယံဝသိ၊ မှန်သော နှလုံးသွင်းခြင်းသို့ မလိုက်ရကုန်ပဲ မှားသော နှလုံးသွင်းခြင်းဟူသော မိစ္ဆာဘိနိဝေသအလိုသို့သာ လိုက်ရကုန်လျက်။ သတ္တာသည်၊ သတ္တဝါရှိ၏ဟူသော အမှတ်ကို။ ဂဟေတွာန၊ ယူ၍။ သဿတုစ္ဆေဒဒဿိနော၊ သတ္တဝါမြဲ၏, သတ္တဝါသေလျှင် ပြတ်၏ဟု ရှုကုန်လျက်။ အညမညဝိရောဓိတာ၊ အချင်းချင်းဆန့်ကျင်ကုန်လျက်။ ဒွါသဋ္ဌိဒိဋ္ဌိ၊ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိကို။ ဂဏ္ဟန္တိ၊ ယူကုန်၏။

အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးတို့၌ ပုဂ္ဂိုလ်သတ္တဝါတို့ ဖြစ်ပျက်နေမှုမဟုတ်၊ ကံကြောင့် ဝိပါက်ဖြစ်၍ နေမှုကို ကောင်းစွာ မြင်သိလျှင် သက္ကာယဒိဋ္ဌိမှစ၍ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိတို့ ချုပ်သဖြင့် ၁၆-ပါးသော ယုံမှားခြင်းကို ပယ်နိုင်လေတော့၏။

အကယ်၍ အတ္တ, သတ္တရှိ၏ဟူသော ဒိဋ္ဌိအယူကို မစွန့်ခဲ့လျှင် တကျာသည် ထို သတ္တဝါအား သံသရာ တကျာရေကြာဋ်၌ နစ်မျောနေပုံကို ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည်-

> "ဒိဋ္ဌဗန္ဓနဗန္ဓော တေ၊ တကျာသောတေန ဝုယျရေ။
> တကျာသောတေန ဝုယျန္တော၊ နော တေ ဒုက္ခာ ပမုစ္စရေ။"[၁]

ဟု မိန့်၏။

ဒိဋ္ဌိဗန္ဓနဗန္ဓော၊ ဒိဋ္ဌိဟူသော ကြိုးဖြင့် နှောင်ဖွဲ့ကုန်သော။ တေ၊ ထို သတ္တဝါအပေါင်းတို့သည်။ တကျာသောတေန၊ တကျာဟူသော ရေအဟုန်ဖြင့်။ ဝုယျရေ၊ မြစ်လယ်ရေကြော ဒိုက်သရောက်သို့ မျောပါးကုန်၏။ တကျာသောတေန၊ တကျာဟူသော ရေအယဉ်ဖြင့်။ ဝုယျန္တော၊ မျောပါးကုန်သော။ တေ၊ ထို သတ္တဝါအပေါင်းတို့သည်။ ဒုက္ခာ၊ သံသရာညွှန်ပျောင်း ဆင်းရဲ အပေါင်းမှ။ န ပမုစ္စရေ၊ မလွတ်နိုင်ကုန်။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၃၈။

ဤ လောကကြီး၌ ပုဂ္ဂိုလ် သတ္တဝါတို့ ကျင်လည်ခြင်းမဟုတ်၊ ကံကြောင့် ဝိပါက်ဖြစ်၏ဟု အဋ္ဌကထာဆရာ မိန့်ဆိုသဖြင့် သိရပါပေပြီ၊ သို့ရာတွင် ကံကို မည်သူလုပ်ပါသနည်းဟု စောဒနာရန်ရှိသောကြောင့် ထိုစောဒနာကို ဖြေခြင်းငှါ ကံကို ပြုလုပ်သော လက်သည် အထူးမရှိ၊ ဝိပါက်ကိုလည်း ခံစားသူ ပုဂ္ဂိုလ် သတ္တဝါ မရှိ။ ဓမ္မသဘောအားဖြင့် တဏှာ ဥပါဒါန် ဟူသော လက်သည်ကို ပြလို သော အဋ္ဌကထာဆရာသည်—

> "ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
> သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။"[၁]

ဟု မိန့်၏။

ကမ္မဿ၊ ကံကို။ ကာရကော၊ ပြုလုပ်တတ်သော သတ္တဝါသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ ဝိပါက်ကို။ ဝေဒကော၊ ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါသည်။ နတ္ထိ၊ မရှိ။ သုဒ္ဓမ္မာ၊ ပုဂ္ဂိုလ် သတ္တဝါတို့နှင့် မရောမယှက် သက်သက်သော နာမ်ရုပ် အကြောင်းအကျိုး သဘောတရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ တံ ဒဿနံ၊ ဤသို့ ဟုတ်မှန်စွာ မြင်ခြင်းသည်။ သမ္မဒဿနံ၊ မဖောက်မပြန် ဟုတ်မှန်သော မြင်ခြင်း မည်၏။

သုဒ္ဓမ္မာ-အရ ဖြစ်ပုံကို အသင့်အားဖြင့် ပြဦးအံ့ -

> "ဥပါဒါနေ သတိ ဘဝေါ ဟောတိ၊ ဥပါဒါနေ အသတိ ဘဝေါ န ဟောတီတိ။"[၂]

ဟူ၍ ပဋိစ္စသမုပ္ပါဒ် ဒေသနာကို ပြပေ၏။

ဥပါဒါနေ၊ တဏှာဒိဋ္ဌိဟူသော ဥပါဒါန်သည်။ သတိ၊ ရှိသော်။ ဝါ၊ ခန္ဓာ ၅-ပါးကို ငါ-ငါ၏ဥစ္စာဟု မြဲစွဲယူသော ဥပါဒါန်သည်။ သတိ၊ ရှိသော်။ ဘဝေါ၊ ကမ္မဘဝသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနေ၊ တဏှာဒိဋ္ဌိဟူသော ဥပါဒါန်သည်။ အသတိ၊ မရှိသော်။ ဝါ၊ အရိယမဂ်ဖြင့် ပယ်အပ်ပြီးသည်ရှိသော်။ ဘဝေါ၊ ကမ္မဘဝသည်။ န ဟောတိ၊ မဖြစ်။ ဝါ၊ မပြုမလုပ်။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၃၇။ ၂။ နိဒါန၀ဂ္ဂသံယုတ်-နှာ-၃၀၇။

ပုထုဇဉ်ဟူသမျှ တဏှာဒိဋ္ဌိ ဥပါဒါန် မကင်းသောကြောင့် ကုသိုလ်, အကုသိုလ်ကို ပြုကြ၏။ သောတာပန်တည်လျှင် ဘဝေါကို မပြုလုပ်တော့ပြီ။ ထိုကြောင့် သံသရာစက် ချုပ်ပြတ်လေတော့၏ ဟူလို။

အကြောင်းကို ကာရက ပုဂ္ဂိုလ်ထား၍ အကျိုးကို ဝေဒက ပုဂ္ဂိုလဟု ရှေးပညာရှိတို့ ပညတ်မျှသာဟု ပြဆိုပုံ

ထိုကံကို ပြုလုပ်သော လက်သည် ကာရကပုဂ္ဂိုလ် မရှိမဲ့မျှ မကသေးပေ။ ဝိပါက်ကိုလည်း ခံစားသူမရှိ၊ ခံစားသော ဝေဒကပုဂ္ဂိုလ် မရှိကြောင်းကို ပြလိုသော အဋ္ဌကထာ ဆရာသည်-—

> "သော နေဝ ကာရကောတော ကာရကံ ပဿတိ၊ န ဝိပါကပဝတ္တိတော ပဋိသံဝေဒကံ၊ ကာရကော ပန သတိ ကာရကော ဣတိ ဝိပါကပဝတ္တိယာ သတိ ပဋိသံဝေဒကောတိ သမညာမတ္တေန ပဏ္ဍိတာ ဝေါဟာရမ္ပီတိ ပဋိစ္စသမုပ္ပါဒေါတိ ပဋ္ဌပေသိ မဟာမုနိ"[၁]

ဟု မိန့်၏။

သော ဘိက္ခု၊ ထိုရဟန်းသည်။ ကာရကောတော၊ အကြောင်းတရားထက်။ ကာရကံ၊ ပြုလုပ်တတ်သော ကာရက ပုဂ္ဂိုလ်ကို။ န ပဿတိ၊ မမြင်။ ဝိပါကပဝတ္တိတော၊ ဝိပါက်၏ အဆင့်ဆင့်ဖြစ်ခြင်းထက်။ ပဋိသံဝေဒကံ၊ ဝိပါက်ကို ခံစားတတ်သော ဝေဒကပုဂ္ဂိုလ်ကို။ န ပဿတိ၊ မမြင်။ ပန စင်စစ်သော်ကား။ ကာရကော၊ အကြောင်းသည်။ သတိ၊ ရှိသော်။ ကာရကော ဣတိ၊ ပြုလုပ်တတ်သောသူဟူ၍။ ဝိပါကပဝတ္တိယာ၊ ဝိပါက်၏ အဆင့်ဆင့်ဖြစ်ခြင်းသည်။ သတိ၊ ရှိသော်၊ ပဋိသံဝေဒကောတိ၊ ဝိပါက်ကို ခံစားတတ်သောသူဟူ၍။ သမညာမတ္တေန၊ ပညတ်မျှဖြင့်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝေါဟာရန္တိ၊ ခေါ်ဆိုကုန်၏။ ဣတိ၊ ဤသို့ အကြောင်းအကျိုးစပ်၍ ဖြစ်နေခြင်းကို။ ဝါ၊ ဖသာကြောင့် ဝေဒနာဖြစ်၍နေခြင်းကို။ ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋိစ္စသမုပ္ပါဒ်ဟူ၍။ ဝါ၊

၁။ ဝိသုဒ္ဓိ ဒုတိယ·နှာ·၂၄၇ကြည့်ပါ။

အကြောင်းညီညွတ်ခြင်းတို့ကို စဲ၍ အကျိုးအဆင့်ဆင့်ဖြစ်၍နေသော ပဋိစ္စသမုပ္ပါဒ်တရားဟူ၍။ မဟာမုနိ၊ မြတ်စွာဘုရားသည်။ ပဋ္ဌပေသိ ပညာပေသိ၊ ဟောကြားတော်မူ၏။

ဤမျှလောက်သော အဓိအစည်တို့ဖြင့် အကြောင်းကိုစဲ၍ အကျိုးဖြစ်၍နေသော သမုဒယသစ္စာ ကခ်ီဝိတရဏဝိသုဒ္ဓိကိစ္စ ပြီးစီးလောက်ပါပြီ။

ကခ်ီဝိတရဏဝိသုဒ္ဓိအကျိုးပြ နိဂုံး

ဤ ကခ်ီဝိတရဏဝိသုဒ္ဓိအရ စုတိပဋိသန္ဓေကို မြင်သိက ၁၆-ပါးသော ယုံမှားခြင်းနှင့် ဂ-ပါးသော ဝိစိကိစ္ဆာချုပ်ပုံကို ပြပြီး၍ ထိုကခ်ီဝိတရဏဝိသုဒ္ဓိနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့၌ ရအပ်သောအကျိုးမျိုးကို နိဂုံးချုပ်ပြလိုသော အဋ္ဌကထာဆရာသည်—

> "ဧဝံ စုတိပဋိသန္ဓိဝသေန ဝိဒိတသဗ္ဗမမ္မပကာရေန နာမရူပဿ ပစ္စယပရိဂ္ဂဟံ ထာမဂတံ ဟောတိ။ သောဠသဝိဓာ ကခ်ီ သုဠုတရံ ပဟီယတိ။ နကေဝလဉ္စ သာ ဧဝ၊ သတ္တာရိ ကခ်တိတိ အာဒိနယပ္ပဝတ္တာ အဋ္ဌဝိဓာပိ ကခ်ီ ပဟီယတိ။ ဒုါသဋ္ဌဒဋ္ဌဂတာနိ ဝိကမ္ပဓာနိ။ ဧဝံ နာမရူပပစ္စယပရိဂ္ဂဟေန တီသု အဒ္ဓါသု ကခ်ံ ဝိတရိတွာန ဌိတံ ဉာဏံ ကခ်ီဝိတရဏဝိသုဒ္ဓိတိ ဝေဒိတဗ္ဗံ။"[၁]

ဟု မိန့်၏။

ဧဝံ၊ ဤသို့ပြခဲ့ပြီးသောနည်းဖြင့်။ စုတိပဋိသန္ဓိဝသေန၊ စုတိပဋိသန္ဓေတို့၏ အစွမ်းဖြင့်။ ဝိဒိတသဗ္ဗမမ္မပကာရေန၊ သိအပ်ပြီးသော အလုံးစုံသောတရားအပြားအားဖြင့်။ နာမရူပဿ၊ နာမ်ရုပ်၏။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းကို သိမ်းဆည်းခြင်းသည်။ ထာမဂတံ၊ အားအစွမ်းသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။ သောဠသဝိဓာ၊ ၁၆-ပါးအပြားရှိသော။ ကခ်ီ၊ ယုံမှားခြင်းကို။ သုဠုတရံ၊ ကောင်းစွာ။ ပဟီယတိ၊ ပယ်အပ်၏။ နကေဝလံ၊ သက်သက်။ သာ ဧဝ၊ ထို ၁၆-ပါးသော ယုံမှားခြင်းကင်းရုံမျှသည်။ န၊ မဟုတ်သေး။ သတ္ထာရိ ကခ်တိတိ

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ-၂၃၉။ (အနည်းငယ်မတူ)

အာဒိနယပ္ပဝတ္တာ၊ဘုရားဌ္ဌယုံမှားခြင်း,တရားဌ္ဌယုံမှားခြင်း,သံဃာဌ္ဌယုံမှားခြင်း, သိက္ခာဌ္ဌ ယုံမှားခြင်း, ရှေအစ္ဆန်းဌ္ဌ ယုံမှားခြင်း နောက်အစ္ဆန်းဌ္ဌ ယုံမှားခြင်း, ရှေနောက်အစ္ဆန်း ၂-ခုလုံးဌ္ဌ ယုံမှားခြင်း, ပဋိစ္စသမုပ္ပါဒ်တရားဌ္ဌ ယုံမှားခြင်း ဟူသော။ အဋ္ဌဝိဓာပိ ကခ်ါ၊ ရှစ်ပါးသော ယုံမှားခြင်းကိုလည်း။ ပဟီယတိ၊ ပယ်ဒဿပ်၏။ ဣတိ၊ ဤသို့။ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့သည်လည်း။ ဝိက္ခမ္ဘတိ၊ ငြိမ်းကုန်၏။ ဧဝံ၊ ဤသို့။ နာမရူပပစ္စယ-ပရိဂ္ဂဟဏေန၊ နာမ်ရူပ် ဖြစ်ကြောင်း သမုဒယသစ္စာကို သိမ်းဆည်းသော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်။ တီသု အဒ္ဓါသု၊ အတိတ် အနာဂတ် ပစ္စုပ္ပန်အဓ္ဓန့် သုံးပါးတို့ဌ္ဌ။ ကခ်ံ၊ ယုံမှားခြင်းကို။ ဝိတရိတ္ဝာန၊ ပယ်ဖျောက်၍။ ဌိတံ၊ တည်သော။ ဉာဏံ၊ ဉာဏ်သည်။ ကခ်ါဝိတရဏဝိသုဒ္ဓိ နာမ၊ ယုံမှားခြင်းကို စင်ကြယ်စွာပယ်သော ဝိသုဒ္ဓိမည်၏။

ဓမ္မဋ္ဌိတိစသည်မည်ပုံ

ထိုဉာဏ်ကို ဓမ္မဋ္ဌိတိဟူ၍ဌင်း, ယလောဘူတဟူ၍ဌင်း, သမ္မာဒဿနဟူ၍ဌင်း မှတ်အပ်ကြောင်းကို –

"ဓမ္မဋ္ဌိတိဉာဏန္တိပိ ယထာဘူတဉာဏန္တိပိ သမ္မာဒဿနဉာဏန္တိပိ ဧတသ္သေ ဝေဝစနံ။"[၁]

ဟု မိန့်၏။

ဧတသ္သေ၊ ထိုပစ္စယပရိဂ္ဂဟဉာဏ်ကိုပင်လျှင်။ ဓမ္မဋ္ဌိတိ ဉာဏန္တိပိ၊ဒုကြောင်း တရားကို သိခြင်းဌ္ဌတည်သော ဉာဏ်ဟူ၍ဌင်း။ ယထာဘူတဉာဏန္တိပိ၊မဖောက် မပြန် ဟုတ်မှန်စွာသိသောဉာဏ်ဟူ၍ဌင်း။ သမ္မာဒဿနဉာဏန္တိပိ၊ ကောင်းစွာ မြင်သိသောဉာဏ်ဟူ၍ဌင်း။ ဝေဝစနံ၊ ပရိယာယ် ဝေါဟာရ အပ်၏ ဟူလို။

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ-၂၃၉။

ကဒ်ါဝိတရဏညာဏ်နှင့်ပြည့်စုံက စူဠသောတာပန်မည်ပုံ

ထိုကဒ်ါဝိတရဏညာဏ်နှင့်ပြည့်စုံက ဤသာသနာမှာ မှီရာ တည်ရာ သက်သာရာကိုရ၍ အယုတ်ဆုံးအားဖြင့် စူဠသောတာပန်အဖြစ်သို့ ရောက်နိုင်ပုံကို ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည်-

> "ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော-နာမ။"[1]

ဟု မိန့်၏။

ပန၊ အကျိုးထူးကို ဆိုဦးအံ့။ ဣမိနာ ဉာဏေန၊ ဤဉာဏ်နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာကို ရှုလေ့ရှိသော ယောဂီပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော တည်ရာရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသော သုဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နော နာမ၊ စူဠသောတာပန်မည်သည်၊ ဟောတိ၊ ဖြစ်၏။

စူဠသောတာပန်အဖြစ်သည် သက်သာရာရသည်မည်ပုံ

ဤသာသနာတော်၌ အရိယမဂ် အရိယဖိုလ်သည်သာလျှင် တည်ရာ မှီရာ သက်သာရာ ရှိ၏။ သို့ရာတွင် စူဠသောတာပန်သည် အရိယမဂ် အရိယဖိုလ်သို့ မရောက်သေးသော်လည်း ရောက်ကြောင်းအကျင့်၌ တည်ရကား မှီရာ တည်ရာ သက်သာရာ ရသည် မည်၏ဟု ပြလိုသော ဋီကာဆရာသည်-

> "ပရမတ္ထတော သာသနေ အဿာသော နာမ အရိယဖလံ၊ ပတိဋ္ဌာ နာမ အရိယမဂ္ဂေါ၊ အယံ ပန အနဓိဂတမဂ္ဂဖလော ပိ တဒဓိဂမဉ္စပါယ-ပဋိပတ္တိယံ ဌိတတ္တာ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော တိ ဝုစ္စတိ။"[2]

ဟု မိန့်၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၄၀။ ၂။ ဝိသုဒ္ဓိမဂ် မဟာဋီကာ ဒုတိယ-နှာ-၃၁၅-ကြည့်ပါ။

ပရမတ္ထတော၊ ပရမတ္ထအာဒးဖြင့်။ သာသနေ၊သာသနာတော်၌။ အဿာသော နာမ၊ သက်သာရာ မည်သည်ကား။ အရိယဖလံ၊ အရိယာဖိုလ်တည်း။ ပတိဋ္ဌာ နာမ၊ တည်ရာမည်သည်ကား။ အရိယမဂ္ဂေါ၊ အရိယာမဂ်တည်း။ ပန၊ စင်စစ် သော်ကား။ အနဓိဂတမဂ္ဂဖလော ပိ၊ မရအပ်သေးသော မဂ်ဖိုလ်ရှိသော်လည်း။ တဒဓိဂမဥပါယပဋိပတ္တိယံ၊ ထိုအရိယမဂ်ဖိုလ်သို့ ရောက်ကြောင်း မဂ်အကျင့်၌။ ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ ဒယံ၊ ကျိပုဂ္ဂိုလ်ကို။ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌောတိ၊ ရအပ်သော မှီရာ တည်ရာ သက်သာရာရှိသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

မုချ မရသေးမူလည်း ဥပစာရအာဒးဖြင့် ရပြီ ဟူလို။

အခက်း ၃-အရ၊ သမုဒယသစ္စာကို အကျယ်ခွဲ၍ပြပုံ

ဤတွင် ပြီးပြီ။

အခက်း-၄

နိရောဓကထာ

အခက်း ၃-အရ သမုဒယသစ္စာကို ကခ်ဂါဝိတရဏဝိသုဒ္ဓိဖြင့် ပြပြီး၍ အခက်း ၄-အရ နိရောဓသစ္စာကို ပြပေအံ့—

နိရောဓ၏ အဓိပ္ပါယ်ကား—

"ဇော်ထ ဇောတေန ဝါ ဒုက္ခဿ ဒဿနုပ္ပါဒနိရောဓော အတ္ထိတိ ဒုက္ခနိရော-ဓော"[၁] ဟူ၍ ဋီကာကျော်ဆရာ မိန့်ဆိုတော်မူ၏။

ဇော်ထ၊ ဤဖြစ်ခြင်းကင်းသော အနုပ္ပါဒနိဗ္ဗာန်၌။ ဝါ၊ တနည်းကား။ ဇောတေန၊ ဤဖြစ်မှုကင်းသော အနုပ္ပါဒနိဗ္ဗာန်ဖြင့်။ ဒုက္ခဿ၊ ဇာတိ စသော ဒုက္ခ၏။ အနုပ္ပါဒနိရောဓော၊ တဖန် မဖြစ်သောအားဖြင့် ချုပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဤတိ တသ္မာ၊ ထိုကြောင့်။ ဇော် နိဗ္ဗာနံ၊ ထိုဗ္ဗာန်သည်။ ဒုက္ခနိရောဓော၊ ဒုက္ခနိရောဓမည်၏။

၁။ ဋီကာဒးကျော်-နဒ-၂၃၁။

အဓိပ္ပါယ်ကား–နိဗ္ဗာန်၌ ဇာတိစသော ဒုက္ခမရှိ၊ ဖြစ်ခြင်းပျက်ခြင်း မရှိသဖြင့် ချမ်းသာ၏။ ထိုမျှမကသေး၊ အကြင် ပညာရှိ ပုဂ္ဂိုလ်သည် ထိုနိဗ္ဗာန် အာရုံဖြင့် မိမိသန္တာန်၌ရှိသော ဒုက္ခ သမုဒယ နှစ်ပါးကိုလည်း ချုပ်စေသည် ဟူလို။

အထက်၌ သစ္စာလေးပါးကို ဥဒ္ဒေသဖြင့် ပြစဉ်အခါက နိရောဓ သစ္စာကို ပြခဲ့ပြီးပင်တည်း။ သို့ရာတွင် ဒဋ္ဌကမ္မအားဖြင့် မြဲမြံခိုင်ခဲ့စေခြင်းငှါ မဂ္ဂင်ဝနာပွါးနည်းနှင့်တကွ ဒုက္ခ သုခ ၂-ပါးကို တဲ့၍ ပြပေအံ့။

အကြောင်းမူကား—နိဗ္ဗာန်သက်သက်ပြ၍ ထင်မြင်ရန် ခဲယဉ်း၏။ ဒုက္ခနှင့် သုခကို တဲ့၍ ပြက လွယ်လင့်တကူ နိဗ္ဗာန်ကို မြင်သိနိုင်ခွင့် ရှိ၏။ ထိုကြောင့် ဓမ္မစကြာ၌ နိဗ္ဗာန်ကို ဒုက္ခနိရောဓဟူ၍ ဟောတော်မူ၏။ ဤ၌ ဒုက္ခကား ဒုက္ခသစ္စာပင်တည်း။ နိရောဓကား ထို ဒုက္ခချုပ်သော သဘောပင်တည်း။ ဤ၌ ဒုက္ခဟူသည် ဖြစ်ခြင်းရှိသော ဇာတ ပဝတ္ထ ဥပ္ပါဒ သဒ်တ ခန္ဓာတို့ပင်တည်း။ နိဗ္ဗာန်ဟူသည် ခန္ဓာ ၅-ပါး ဖြစ်ခြင်းမရှိသော အဇာတ အပဝတ္ထ အနုပ္ပါဒ အသဒ်တတို့ပင်တည်း။ ထို အဇာတ အပဝတ္ထ အနုပ္ပါဒ အသဒ်တ သဒ္ဒါတို့၌ နိဗ္ဗာန်ဟူသောပုဒ် မပါသော်လည်း နိဗ္ဗာန်၏ အနက်သဘောပင် ဖြစ်သောကြောင့် နိဗ္ဗာန်ဟူ၍ မှတ်အပ်၏ ဟူလို။

နိရောဓသစ္စာ၏ အဓိပ္ပါယ် နိဒါန်း ဤတွင် ပြီးပြီ။

ယမကရှုနည်း

ဒုက္ခနှင့် သုခကို တဲ့၍ တနည်း–ဒုက္ခသစ္စာနှင့် နိရောဓသစ္စာကို တဲ့၍ ယမကရှုနည်းကို ပြဦးအံ့—

"ဥပ္ပါဒေါ ဒုက္ခံ အနုပ္ပါဒေါ သုခံ"[1]ဟု ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။

ဥပ္ပါဒေါ၊ ခန္ဓာ ၅-ပါး ဖြစ်ခြင်းသည်။ ဒုက္ခံ၊ ဇရာ မရဏဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ၊ ခန္ဓာ ၅-ပါး မဖြစ်ရခြင်းသည်။ သုခံ၊ ပျက်ခြင်း မရှိသောကြောင့် ချမ်းသာ၏။

ဤသို့ ဒုက္ခနှင့် သုခကို အကျဉ်းအားဖြင့် မှတ်အပ်၏။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၇။

ထို့ပြင် "ဒုက္ခာ သခ်ၤာရ သုခေါ နိဗ္ဗာနော" ဟူ၍လည်း ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။

သခ်ၤာရ၊ ရုပ်နာမ်ခန္ဓာ သခ်ၤါရတရားတို့သည်။ ဒုက္ခာ၊ ဖြစ်တတ် ပျက်တတ်သော ဒုက္ခ တရားတို့သာတည်း။ နိဗ္ဗာနော၊ ထိုသခ်ၤါရတရားတို့၏ ချုပ်ခြင်းသည်။ ဝါ၊ အနုပ္ပါဒ နိဗ္ဗာနအားဖြင့် တဖန် မဖြစ်မူ၍ ချုပ်ခြင်းသည်။ သုခေါ၊ ဖြစ်မှု ပျက်မှု မရှိသောကြောင့် ချမ်းသာ၏။

ထိုကြောင့် ခန္ဓာ ၅-ပါး သခ်ၤါရတရား ရှိနေလျှင် ဒုက္ခ ရှိနေ၏ဟု မှတ်အပ်၏။ သခ်ၤါရတရား ချုပ်ပြတ်ငြိမ်းစဲသဖြင့် အကြွင်းမဲ့ခြင်းကို သုခဟု မှတ်အပ်၏။ ဝါ၊ နိဗ္ဗာန်ဟု မှတ်အပ်၏။

မှတ်ယူလွယ်ခြင်းငှါ—

ခန္ဓာ အာယတနဒ္ဓါ၊ တည်ထ ဒုက္ခံ၊ တည်ရာချုပ်က၊ ထို ဒုက္ခ၊ မုချ ချုပ်ပြတ်လံ့။

ဇာတိရှိက၊ ဖြစ်ထ ဇရာမရဏဒုက္ခံ၊ ဇာတိချုပ်က၊ ထို ဇရာမရဏ၊ မုချ ချုပ်ပြတ်လံ့။

ဤသို့ ရှုမှု၊ နိဗ္ဗာန၊ သုခ ထင်ရှားပေမည်-ဟူလို့။

သခ်ၤတလက္ခဏာ, အသခ်ၤတလက္ခဏာတို့ကို ဓမ္မသင်္ဂဏီ ဒုက မာတိကာအရ ခဲ့ခြားပြဆိုပုံ

ထို့ပြင် သခ်ၤတလက္ခဏာ, အသခ်ၤတလက္ခဏာတို့ ခြားနားပုံကို ဓမ္မသင်္ဂဏီ ပါဠိတော်အရ ပြဦးအံ့—

သခ်ၤတဿ သခ်ၤတလက္ခဏာနိ ဥပ္ပါဒေါ ပညာယတိ၊
ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ။[1]

သခ်ၤတဿ၊ ရုပ်နာမ်ခန္ဓာသခ်ၤါရတရား၏။ လက္ခဏာနိ၊လက္ခဏာတို့သည်ကား။ ဥပ္ပါဒေါ၊ ဥပါဒ်အားဖြင့် ဖြစ်ခြင်းသည်။ ပညာယတိ၊ ထင်၏။ ဝယော၊ ဘင်

၁။ အင်္ဂုတ္တိရ်-ပဉ္စမ-နှာ-၁၅၀။

အားဖြင့် ပျက်ခြင်းသည်။ ပညာယတိ၊ ထင်၏။ ဌိတာသ၊ ဌိခဏ၏။ အညထတ္တံ၊ ဖြစ်ပျက်ခြင်းမှ တပါးသော အဖြစ်သည်။ ပညာယတိ၊ ထင်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အသခ်္ခတာသ အသခ်္ခတလက္ခဏာနိ ဥပ္ပါဒေါ နာ ပညာယတိ၊ ဝယော နာ ပညာယတိ၊ နာ ဌိတာသ အညထတ္တံ ပညာယတိတိ။[1]

အသခ်္ခတာသ၊ အသခ်္ခတနိဗ္ဗာန်၏။ လက္ခဏာနိ၊ တို့သည်ကား။ ဥပ္ပါဒေါ၊ ဥပါဒ်အားဖြင့် ဖြစ်ခြင်းသည်။ နာ ပညာယတိ၊ မထင်၊ ဝါ၊ ဥပါဒ်မရှိ။ ဝယော၊ ပျက်ခြင်းသည်။ ဝါ၊ ဘင်ခဏသည်။ နာ ပညာယတိ၊ မထင်။ ဌိတာသ၊ ဌိခဏ၏။ အညထတ္တံ၊ ဥပါဒ်ဘင်မှ တပါးသောအဖြစ်သည်။ နာ ပညာယတိ၊ မထင်။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ထိုကြောင့် ဖြစ်ခြင်း ဥပါဒ်မျှမရှိသော အဇာတ အပ္ပဝတ္တ အနုပ္ပါဒ အသခ်္ခတတို့ကို နိဗ္ဗာန် ချမ်းသာဟု မှတ်အပ်၏။ ဖြစ်ခြင်းရှိသော ဇာတ ပဝတ္တ ဥပ္ပါဒ သင်္ခတတို့ကို ဒုက္ခသစ္စာဟု မှတ်အပ်၏ ဟူလို။

သင်္ခတ, အသင်္ခတ ၂-ပါးတို့တွင် အသင်္ခတသည် အမြတ်ဆုံးဟု ဟောတော်မူပုံ

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ။[2]

ဘိက္ခဝေ၊ ရဟန်းတို့။ ယာဝတာ၊ အကြင်မျှလောက်။ သင်္ခတာ ဝါ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်သည်လည်း ဖြစ်ကုန်သော။ အသင်္ခတာ ဝါ၊ အကြောင်းတရားတို့သည် မပြုပြင်အပ်သည်လည်း ဖြစ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တေသံ ဓမ္မာနံ၊ ထိုသခ်္ခတ အသခ်္ခတ သဘောတရား ၂-ပါးတို့တွင်။ ဝိရာဂေါ၊ ရာဂကင်းရာ ဖြစ်ခြင်း ပျက်ခြင်းမရှိသော နိဗ္ဗာန်ကို။ အဂ္ဂံ-အဂ္ဂေါ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ဟောအပ်၏။

၁။ အင်္ဂုတ္တိုရ်-ပဌမ-နှာ-၁၅၀။ ၂။ အင်္ဂုတ္တိုရ်-ပဌမ-နှာ-၃၄၃။

ဥပါဒ် ဌီ ဘင် မရှိသော အသခ်တသည်။ ဝါ၊ ကံ စိတ် ဥတု အာဟာရစသော အကြောင်းတရားတို့ မပြုပြင်အပ်သော နိဗ္ဗာန်သည် အမြတ်ဆုံး ဟူလို။

တနည်း။ မဂ် ၄-ပါး, ဖိုလ် ၄-ပါး, နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ၉-ပါးတို့တွင် နိဗ္ဗာန်သည် အမြတ်ဆုံး ဟူလို။

နိဗ္ဗာန်၌ အဘယ်ကြောင့် ရာဂ ကင်းသနည်း။

ရာဂ၏ တည်ရာ ခန္ဓာဖြစ်ခြင်းပင် မရှိသောကြောင့်တည်း။ ရာဂ ဟူသည် ဖြစ်ခြင်းရှိသော ခန္ဓာ၌သာ တည်၏။ နိဗ္ဗာန်၌ ရာဂ၏တည်ရာ သခ်ါရ တရားပင် မရှိသောကြောင့် ရာဂမတည်နိုင် ဟူလို။

နိဗ္ဗာန်ကို အမြတ်ဆုံးတရားဟု ဆုံးဖြတ်ပုံ ပြီးပြီ၊

နိဗ္ဗာန်၏ အသခ်တမည်ပုံ

"နိဗ္ဗာနံ ဥပ္ပါဒါဒိနဉ္စိ အဘာဝေန အသခ်တန္တိ ပညာယတိ။"ဝ
ဟူ၍ မဟာဋီကာဆရာက ပြ၏။

ဟိ၊ နိဗ္ဗာန်၏ အသခ်တတရားဟု ခေါ်ဆိုခြင်း၏ အကြောင်းကို ပြဦးအံ့။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ဥပ္ပါဒါဒိနံ၊ ဥပါဒ် စသည်တို့၏။ ဝါ၊ ဥပါဒ် ဌီ ဘင် တို့၏။ အဘာဝေန၊ မရှိခြင်းကြောင့်။ အသခ်တန္တိ၊ အသခ်တ ဟူ၍။ ပညာယတိ၊ ထင်ရှား၏။

နိဗ္ဗာန်၏ နိရောဓ မည်ခြင်းအကြောင်း

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ နိရောဓော၊ ရုပ်နာမ် ခန္ဓာတို့၏အဖြစ် ချုပ်ကင်း ချုပ်ငြိမ်းခြင်းကြောင့်။ ဒုက္ခနိရောဓော၊ ဒုက္ခနိရောဓမည်၏။

ဝ။ ပရိယေသိတမ္ဘံ၊

တနည်း-နိရောဓော ဟောတိတိ အနုပ္ပါဒေါ။ နိရောဓော ဟောတိတိ၊ ဟူသည်ကား။ အနုပ္ပါဒေါ၊ ရုပ်နာမ် ခန္ဓာအသစ် အဖြစ် ချုပ်ကင်း မဖြစ်ခြင်း သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ကြောင့်။ နိရောဓော၊ ၏။

အဓိပ္ပါယ်မှာ နိရောဓဟူသည် အနုပ္ပါဒပင် ဟူလို။

အသခ်ံတ နိရောဓတို့၏ အဓိပ္ပါယ်ပြဆိုပုံ ပြီးပြီ။

ဒုက္ခနှင့်သုခကို ပဋိသမ္ဘဒါမဂ်အရ ခဲခြားပြ မြင်သိနည်း

"ဥပ္ပါဒေါ ဒုက္ခန္တိ အဘိညေယျံ၊ အနုပ္ပါဒေါ သုခန္တိ အဘိညေယျံ။"" ဟူ၍ ဟောတော်မူ၏။

ဥပ္ပါဒေါ၊ ဖြစ်ခြင်းရှိသော ခန္ဓာ ၅ ပါးကို။ ဒုက္ခန္တိ၊ ဒုက္ခတရားဟူ၍။ အဘိညေယျံ၊ ထူးသော မဂ်ဉာဏ်ဖြင့် သိအပ်၏။ အနုပ္ပါဒေါ၊ ဖြစ်ခြင်းမရှိသော အသခ်ံတ အဇာတ အပုဝတ္တ အနုပ္ပါဒ သဘောကို။ သုခန္တိ၊ နိဗ္ဗာနသုခဟူ၍။ အဘိညေယျံ၊ ထူးသောမဂ်ဉာဏ်ဖြင့် သိအပ်၏။

တရားအားထုတ်ကြရာ၌ နိဗ္ဗာန်ကို အာရုံပြုတတ်မှ မဂ်ကိစ္စ ပြီးပါသည်။ နိဗ္ဗာန်သဘောကား သခ်ါရ ရုပ်နာမ်တို့ကဲ့သို့ ဖြစ်ခြင်းမရှိသောကြောင့် မြင်သိ နိုင်ရန် အလွန်ပင် ခက်ခဲ နက်နဲ သိမ်မွေ့ပါသည်။ ထို့သို့ပင် ခက်ခဲသော်လည်း ပဋိသမ္ဘိဒါမဂ်၌ မြင်သိလွယ်ခြင်းငှါ "ဥပ္ပါဒေါ ဒုက္ခံ-အနုပ္ပါဒေါ သုခံ" ဟု ဒုက္ခနှင့် သုခကို စပ်၍ ပြထားပါသည်။ ဤသို့ဖြစ်ခြင်းရှိက ဒုက္ခဟု ပြ၏။ ဖြစ်မှု မရှိခြင်း ချုပ်ငြိမ်းခြင်းကို သုခ နိဗ္ဗာန်ဟု ပြ၏။ ထို့ကြောင့် ထိုနိရောဓသစ္စာကို ဘာဝနာဖြစ်အောင် ပွါးအပ်၏။ ပွါးပုံ—

"ဒုက္ခာ သခ်ါရာ သုခေါ နိရောဓောတိ။"

၁။ ပဋိသမ္ဘိဒါမဂ်-နှာ- ၃။

သခ်ါရာ၊ ဖြစ်တတ် ပျက်တတ် ရုပ် နာမ် ခန္ဓာ သခ်ါရ တရားတို့သည်။ ဒုက္ခာ၊ ဒုက္ခတရားတို့သာတည်း။ နိရောဓော၊ ချုပ်ခြင်းသည်။ သုခေါ၊ ချမ်းသာအစစ်တည်း။ ဣတိ၊ ဤသို့ ပွါးအပ်၏။

ဤသို့ အဖန်ဖန် ပွါးလျှင် ဖြစ်မှုချုပ်သော အနုပ္ပါဒ နိဗ္ဗာန်ကို နှစ်သက်သော မဂ်စိတ် ဖြစ်လတ္တံ့။ ဤသို့ မဂ်စိတ်ဖြစ်လျှင် တဏှာပယ်မှု ကိစ္စပြီးရကား သောတာပတ္တိမဂ် စသည် ရောက်နိုင်၏ဟူလို။

နိဗ္ဗာန်ကို အာရုံပြု၍ မဂ္ဂဘာဝနာ ပွါးပုံ ပြီး၏။

ပဋိစ္စသမုပ္ပါဒ်အရ သစ္စာဖွဲ့၍ နိဗ္ဗာန်ကို မြင်သိပုံ

ပဋိစ္စသမုပ္ပါဒ်အရ သစ္စာဖွဲ့၍ ၄၄-ပါးသော ဉာဏဝတ္ထုတို့ကို ရှုသဖြင့် နိဗ္ဗာန် မြင်သိနိုင်ပုံကို ပြဦးအံ့ —

၁။ ဇရာမရဏော ဉာဏံ၊ ဇရာမရဏသမုဒယေ ဉာဏံ၊ ဇရာမရဏနိရောဓေ ဉာဏံ၊ ဇရာမရဏနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏန္တိ။[1]

ဇရာမရဏော၊ ဖိုခြင်း, သေခြင်းဟူသော ဒုက္ခသစ္စာ၌။ ဉာဏံ၊ သိသော မဂ်ဉာဏ်သည်၎င်း။ ဇရာမရဏသမုဒယေ၊ ဇရာမရဏ၏ အကြောင်းဖြစ်သော ဇာတိ၌။ ဉာဏံ၊ သမုဒယသစ္စာကို သိသောဉာဏ်သည်၎င်း။ဇရာမရဏ နိရောဓေ၊ ဇရာမရဏ၏ ချုပ်ငြိမ်းခြင်းဟူသော နိရောဓသစ္စာ၌။ ဉာဏံ၊ သိသောဉာဏ်သည်၎င်း။ ဇရာမရဏ နိရောဓဂါမိနိယာ ပဋိပဒါယ၊ ဇရာမရဏချုပ်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာ၌။ ဉာဏံ၊ သိသော ဉာဏ်သည်၎င်း။ ဤသို့ ဇရာမရဏတို့ကို သစ္စာဖွဲ့၍ ရှုအပ်၏။

ဤနည်းအတိုင်း ကျန်သော အင်္ဂါတို့၌လည်း သိပါကုန်။

ပါဠိမပါပဲ သိလွယ်ခြင်းငှါ အနက်ဖြင့်သာ ပြတော်အံ့ —

၂။ ကမ္မဘဝ ဥပပတ္တိဘဝ တို့သည် ဇာတိ၏ အကြောင်း ဖြစ်သောကြောင့် သမုဒယသစ္စာ မည်၏၊ဇာတိသည် ကမ္မဘဝ၏ အကျိုးတရား ဖြစ်သော

၁။ နိဒါနဝဂ္ဂသံယုတ် နှာ-၂၈၈

ကြောင့် ဒုက္ခသစ္စာ မည်၏၊ ဘဝဇာတိ ချုပ်ခြင်းသည် နိရောဓသစ္စာ မည်၏၊ ဘဝဇာတိချုပ်ကြောင်း အကျင့်သည် မဂ္ဂသစ္စာ မည်၏။

၃။ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် တို့သည် ကမ္မဘဝေါ, ဥပပတ္တိဘဝေါကိုဖြစ်စေတတ်သောကြောင့် သမုဒယသစ္စာ မည်၏၊ ကမ္မဘဝ, ဥပပတ္တိဘဝတို့သည် အကျိုးဒုက္ခသစ္စာ မည်၏၊ ထို ဥပါဒါန် ဘဝေါတို့ ချုပ်ခြင်းသည် နိရောဓသစ္စာမည်၏၊ ထို ဥပါဒါန်-ဘဝေါတို့ ချုပ်ကြောင်း သမ္မာဒိဋ္ဌိစသော အကျင့်သည် မဂ္ဂသစ္စာ မည်၏။

၄။ တဏှာသည် ဥပါဒါန်၏အကြောင်း ဖြစ်သောကြောင့် သမုဒယသစ္စာ မည်၏၊ ဥပါဒါန်သည် ဒုက္ခသစ္စာမည်၏၊ တဏှာ ဥပါဒါန်တို့၏ချုပ်ခြင်း သည် နိရောဓသစ္စာ မည်၏၊ ချုပ်ကြောင်းအကျင့်သည် မဂ္ဂသစ္စာ မည်၏။

၅။ ဝေဒနာသည် တဏှာ၏အကြောင်း ဖြစ်သောကြောင့် သမုဒယသစ္စာ မည်၏၊ တဏှာသည် ဝေဒနာ၏ အကျိုးတရားဖြစ်သောကြောင့် ပဋိစ္စ-သမုပ္ပါဒ်နည်းအားဖြင့် ဒုက္ခသစ္စာမည်၏၊ ထိုဝေဒနာ တဏှာချုပ်ခြင်း သည် နိရောဓသစ္စာမည်၏၊ ချုပ်ကြောင်းအကျင့်သည်မဂ္ဂသစ္စာမည်၏။

၆။ ဖဿသည် ဝေဒနာ၏ အကြောင်း ဖြစ်သောကြောင့် သမုဒယ သစ္စာ မည်၏၊ ဝေဒနာသည် အကျိုး ဒုက္ခသစ္စာ မည်၏။ ဖဿ ဝေဒနာ ချုပ်ခြင်းသည် နိရောဓသစ္စာ မည်၏။ ချုပ်ကြောင်းအကျင့်သည် မဂ္ဂသစ္စာ မည်၏။

၇။ အာယတနသည် ဖဿ၏ အကြောင်းဖြစ်သောကြောင့် သမုဒယ သစ္စာ မည်၏။ ဖဿသည် ဒုက္ခသစ္စာမည်၏။ ထိုအာယတန ဖဿတို့ ချုပ်ခြင်း သည် နိရောဓသစ္စာမည်၏။ ချုပ်ကြောင်း အကျင့်သည် မဂ္ဂသစ္စာ မည်၏။

၈။ နာမ်ရုပ်သည် အာယတန၏ အကြောင်း ဖြစ်သောကြောင့် သမုဒယ သစ္စာမည်၏။ အာယတနသည် ဒုက္ခသစ္စာ မည်၏။ နာမ်ရုပ် အာ-

ယတနတို့ ချုပ်ခြင်းသည် နိရောဓသစ္စာမည်၏။ ချုပ်ကြောင်း အကျင့်သည် မဂ္ဂသစ္စာ မည်၏။

၉။ ဝိညာဏ်သည် နာမ် ရုပ်၏ အကြောင်းဖြစ်သောကြောင့် သမုဒယသစ္စာမည်၏။ နာမ် ရုပ်သည် ဒုက္ခသစ္စာမည်၏။ ဝိညာဏ် နာမ်ရုပ်တို့ ချုပ်ခြင်းသည် နိရောဓသစ္စာ မည်၏။ သိခြင်း အကြောင်း မဂ်အကျင့်သည် မဂ္ဂသစ္စာမည်၏။

၁၀။ ပုညဉ် အပုညဉ် အာနေဉ္ဇသင်္ခါရသည် ပဋိသန္ဓေ ဝိညာဏ်၏ အကြောင်းဖြစ်သောကြောင့် သမုဒယသစ္စာမည်၏။ဝိညာဏ်သည် ဒုက္ခသစ္စာမည်၏။ ထိုသင်္ခါရ ဝိညာဏ်တို့ ချုပ်ခြင်းသည် နိရောဓသစ္စာ မည်၏။ ထို နိရောဓသစ္စာကို သိခြင်းအကြောင်းဖြစ်သော အကျင့်သည်။ ဝါ၊ ချုပ်ကြောင်း အကျင့်သည် မဂ္ဂသစ္စာ မည်၏။

၁၁။ အဝိဇ္ဇာသည်။ ဝါ၊ သစ္စာ မသိမှုသည် သင်္ခါရ၏ အကြောင်း ဖြစ်သောကြောင့် သမုဒယသစ္စာ မည်၏။ သင်္ခါရသည် အကျိုးတရားဖြစ်သောကြောင့် ဒုက္ခသစ္စာမည်၏။ ထိုအဝိဇ္ဇာ သင်္ခါရတို့ ချုပ်ခြင်းသည် နိရောဓသစ္စာမည်၏။ နိရောဓသစ္စာကို သိခြင်း အကြောင်းဖြစ်သော သမ္မာဒိဋ္ဌိ မဂ်အကျင့်သည် မဂ္ဂသစ္စာမည်၏။

သစ္စာလေးပါးကိုသိလျှင် မသိတတ်သော မောဟအဝိဇ္ဇာချုပ်၏။ အဝိဇ္ဇာချုပ်လျှင် သင်္ခါရ ဝိညာဏ်, နာမ် ရုပ် သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝေါ, ဇာတိ, ဇရာ, မရဏချုပ်၏၊ နိဗ္ဗာန်ရ၏ဟူလို။

အကြောင်းကြောင့် အကျိုးဖြစ်၍နေ၏၊ အကြောင်းချုပ်လျှင် အကျိုးချုပ်၏။ ပုဂ္ဂိုလ်သတ္တဝါတို့ ဖြစ်မှု ချုပ်မှု မဟုတ်ဟု ရှု၍ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကို ပယ်အပ်၏၊ နိဗ္ဗာန်ကိုလည်း သိအပ်၏ဟူလို။

၁၁-တည် သစ္စာလေးပါးနှင့်မြောက်လျှင် ၄၄-ရ၏။

ဤသည်လျှင် ၄၄-ပါးသော ဉာဏဝတ္ထုတို့ဖြင့် သစ္စာရှုနည်း ပြီးပြီ။

ထို့ပြင် ပဋိသမ္ဘိဒါမုဂ်အရ ၇၇-ပါးသော ဉာဏဝတ္ထုတို့ဖြင့် ရှုပုံ

၁။ ဇာတိယာ သတိ ဇရာမရဏံ ဟောတိ၊ ဇာတိယာ အသတိ ဇရာမရဏံ နု ဟောတိ၊ အတီတမ္ပိ အဒ္ဓါနံ ဇာတိယာ သတိ ဇရာမရဏံ ဟောတိ၊ ဇာတိယာ အသတိ ဇရာမရဏံ နု ဟောတိ။ အနာဂတမ္ပိ အဒ္ဓါနံ ဇာတိယာ သတိ ဇရာမရဏံ ဟောတိ၊ ဇာတိယာ အသတိ ဇရာမရဏံ နု ဟောတိ၊ ယမ္ပိဿ တံ ဓမ္မဋ္ဌိတိဉာဏံ၊ တမ္ပိ ခယဓမ္မံ ဝယဓမ္မံ နိရောဓ-ဓမ္မန္တိ။[၁]

ဇာတိယာ၊ ဇာတိ ဟူသော အကြောင်းသည်။ သတိ၊ ရှိသော်။ ဇရာမရဏံ၊ ဇရာမရဏ ဟူသော အကျိုးတရားသည်။ ဟောတိ၊ ၏။ ဇာတိယာ၊ ဇာတိသည်။ အသတိ၊ မရှိသော်။ ဇရာမရဏံ၊ ဇရာမရဏ ဟူသော အကျိုးတရားသည်။ နု ဟောတိ၊ မဖြစ်။

အတီတမ္ပိ အဒ္ဓါနံ၊ အတိတ်အဓ္ဓန်၌လည်း။ ဇာတိယာ၊ ဇာတိသည်။ သတိ၊ ရှိသော်။ ဇရာမရဏံ၊ ဇရာမရဏဟူသော အကျိုးတရားသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိယာ၊ သည်။ အသတိ၊ မရှိသော်။ ဇရာမရဏံ၊ သည်။ နု ဟောတိ၊ မဖြစ်။

အနာဂတမ္ပိ အဒ္ဓါနံ၊ အနာဂတ်အဓ္ဓန်၌လည်း။ ဇာတိယာ၊ ဇာတိသည်။ သတိ၊ ရှိသော်။ ဇရာမရဏံ၊ သည်။ ဟောတိ၊ ၏။ ဇာတိယာ၊ သည်။ အသတိ၊ မရှိသော်။ ဇရာမရဏံ၊ သည်။ နု ဟောတိ၊ မဖြစ်။

အသ၊ ထိုအရိယာတပည့်၏။ ယမ္ပိ တံ၊ အကြင်အကြောင်းကြောင့် အကျိုးဖြစ်ပုံ အကြောင်းချုပ်က အကျိုးချုပ်ရပုံကို သိခြင်းသည်။ ဝါ၊ သမုဒယကြောင့် ဒုက္ခဖြစ်၍ သမုဒယချုပ်က ဒုက္ခချုပ်၏ဟူသိသော ဉာဏ်သည်။ ဓမ္မဋ္ဌိတိဉာဏံ၊ အကြောင်း၌တည်၍သိသောဉာဏ် မည်၏။ တမ္ပိ၊ ထိုဝိပဿနာဉာဏ်သည်လည်း။ ခယဓမ္မံ၊ ကုန်ခြင်းသဘော ရှိ၏။ ဝယဓမ္မံ၊ ပျက်ခြင်းသဘော ရှိ၏။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘော ရှိ၏။

၁။ နိဒါနဝဂ္ဂသံယုတ် နှာ-၂၉၁။ (အဓိပ္ပါယ်တူ)

ဤ၌ အဘိတ် ၂-ပါး အနာဂတ် ၂-ပါး ပစ္စုပ္ပန် ၂-ပါး ဝိပဿနာ ဉာဏ် ၁-ပါး ပေါင်း ဉာဏ်ခုနစ်ပါး ရ၏ ဤသို့ရှုက ကာလသုံးပါးတို့၌ အကြောင်းကိုစဲ့၍ အကျိုးဖြစ်နေသော ပဋ္ဌိစ္စသမုပ္ပါဒ် တရားတို့သာ တည်း။ သတ္တဝါဖြစ်ပျက်နေမှုမဟုတ်ဟု မြင်သိရကား သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ, (တနည်း) သတ္တဝါ ငါရှိ၏ဟူသော အတ္တဒိဋ္ဌိနှင့်တကွ ဝိစိ-ကိစ္ဆာချုပ်သဖြင့် မဂ်သို့ သက်ရောက်နိုင်၏ဟူလို။

ကျန်သောအင်္ဂါတို့၌လည်း နံပါတ် ၁-မှာ ပြသကဲ့သို့ပင်–

၂။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးတို့၌ ဘဝေါရှိက ဇာတိဖြစ်၏၊ ဘဝေါမရှိက ဇာတိမဖြစ်နိုင်ဟူ၍၎င်း။

၃။ ဥပါဒါန်ကြောင့် ဘဝေါဖြစ်၏၊ ဥပါဒါန်မရှိက ဘဝေါမဖြစ်နိုင် ဟူ၍၎င်း။

၄။ တဏှာကြောင့် ဥပါဒါန်ဖြစ်၏၊ တဏှာမရှိက ဥပါဒါန် မဖြစ်နိုင်။

၅။ ဝေဒနာကြောင့် တဏှာဖြစ်၏၊ ဝေဒနာမရှိက တဏှာ မဖြစ်နိုင်။

၆။ ဖဿကြောင့် ဝေဒနာဖြစ်၏၊ ဖဿမရှိက ဝေဒနာ မဖြစ်နိုင်။

၇။ သဠာယတနကြောင့် ဖဿဖြစ်၏၊ သဠာယတနမရှိက ဖဿ မဖြစ်နိုင်။

၈။ နာမ် ရုပ်ကြောင့် အာယတန ဖြစ်၏၊ နာမ် ရုပ် မရှိက အာယတန မဖြစ်နိုင်။

၉။ ဝိညာဏ်ကြောင့် နာမ် ရုပ် ဖြစ်၏၊ ဝိညာဏ်မရှိက နာမ် ရုပ် မဖြစ်နိုင်။

၁၀။ ပုညဟူသော အပုညဟူသော သင်္ခါရကံကြောင့် ပဋ္ဌိသန္ဓေဝိညာဏ် ဖြစ်၏၊ သင်္ခါရမရှိက ပဋ္ဌိသန္ဓေဝိညာဏ် မဖြစ်နိုင်။

၁၁။ သစ္စာကို မသိတတ်သော အဝိဇ္ဇာကြောင့် သင်္ခါရကို ပြု၏၊ သစ္စာသိမှု ရှိလျှင် သင်္ခါရကို မပြုတော့ပြီ။

ကာလသုံးပါးတို့၌ ဤနည်းအတိုင်း သိပါကုန်။

အနုလောမနည်း

အနုလောမနည်းကို ပြဦးအံ့–

အဝိဇ္ဇာချုပ်လျှင် သခ်ါရချုပ်၏၊ သခ်ါရချုပ်လျှင် ဝိညာဏ်ချုပ်၏၊ ဝိညာဏ်ချုပ်လျှင် နာမ် ရုပ် ချုပ်၏၊ နာမ် ရုပ်ချုပ်လျှင် အာယတန ချုပ်၏၊ အာယတန ချုပ်လျှင် ဖဿချုပ်၏၊ ဖဿချုပ်လျှင် ဝေဒနာချုပ်၏၊ ဝေဒနာ ချုပ်လျှင် တဏှာချုပ်၏၊ တဏှာချုပ်လျှင် ဥပါဒါန်ချုပ်၏၊ ဥပါဒါန်ချုပ်လျှင် ဘဝေါ ချုပ်၏၊ ဘဝေါချုပ်လျှင် ဇာတိချုပ်၏၊ ဇာတိချုပ်လျှင် ဇရာမရဏချုပ်သဖြင့် နိဗ္ဗာန်ရလေတော့၏ ဟူလို။

၁-နံပါတ်မှ ၁၁-ထိ တည်၊ ဉာဏ် ၇-ပါးနှင့်မြောက်၊ ၇၇-ပါး ရ၏ဟူလို။
၇၇-ပါးသော ဉာဏဝတ္ထုရှုနည်း ပြီးပြီ။

လောက၏ အစ, အဆုံးကို ဟောတော်မူပုံ

အာယတနကြောင့် ဖဿဖြစ်၏၊ အာယတနချုပ်က ဖဿချုပ်၏ဟု ပဋိစ္စသမုပ္ပါဒ် အလယ်ကနေ၍ လောက၏ အစ, အဆုံးကို ဟောတော်မူလိုသော မြတ်စွာဘုရားသည်–

'ကတမော စ ဘိက္ခဝေ လောကသ သမုဒယော၊ စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ (ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။) အယံ ဝုစ္စတိ ဘိက္ခဝေ လောကသ သမုဒယော။'

ဘိက္ခဝေ၊ တို့။ ကတမော စ၊ အသို့လျှင်။ လောကသ၊ ရုပ်နာမ် ခန္ဓာဟူသော သခ်ါရလောက၏။ သမုဒယော၊ ပဋိစ်စမုပ္ပါဒ်ခြင်းသည်။ တနည်း–သမုဒယော၊

၁။ သဋ္ဌာယတနဝဂ္ဂသံယုတ်-နှာ-၃၀၇။ ကြည့်ပါ။

ဆက်ကာ ဆက်ကာ ဖြစ်၍နေခြင်းသည်။ ဟောတိ၊ ဖြစ်သနည်း။ စက္ခုံ စ၊ စက္ခု ပသာဒကိုဌင်း။ ရူပေ စ၊ အဆင်းရူပါရုံတို့ကိုဌင်း။ ပဋိစ္စ၊ စဲ၍။ စက္ခုဝိညာဏံ၊ အဆင်းကို မြင်သိတတ်သော စက္ခုဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခု, ရူပါရုံ, စက္ခုဝိညာဏ် ဤသုံးခုတို့၏။ သင်္ဂတိ၊ ပေါင်းဆုံလုံးထွေး ထိခိုက်မှုသည်။ ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ တွေ့ထိခြင်းဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ သုခ ဒုက္ခ ဥပေက္ခာဝေဒနာသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ ဟောတိ၊ ဖြစ်၏။ တဏှာပစ္စယာ၊ တဏှာ၏ဖြစ်ခြင်းကြောင့်။ တနည်း-တဏှာပစ္စယာ၊ သုခဝေဒနာ၌ တပ်ခြင်း, ဒုက္ခဝေဒနာဖြစ်သောအခါ သုခကို တောင့်တခြင်း စသော တဏှာကြောင့်။ ဥပါဒါနံ၊ ဥပါဒါန်သည်။ တနည်း-ဥပါဒါနံ၊ ခန္ဓာ ၅-ပါးကို တဏှာဒိဋ္ဌိအားဖြင့် ငါ, ငါ၏ဥစ္စာဟု ကြွက်ကို ကြောင်ခဲသကဲ့သို့ မြဲစွာ စွဲယူသော ဥပါဒါန်သည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါနပစ္စယာ၊ ဥပါဒါန်ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ ကုသိုလ်ကံ, အကုသိုလ်ကံဟူသော ကမ္မဘဝသည်။ တနည်း-ဘဝေါ၊ ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ကေဝါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝဟူသော ဘဝကိုးပါးသို့ ပစ်ချတတ်သော ကမ္မဘဝသည်။ ဟောတိ၊ ဖြစ်၏။ ဘဝပစ္စယာ၊ ဘဝဟူသော အကြောင်းကြောင့်။ ဇာတိ၊ နိရယဇာတိ, ပေတဇာတိ, တိရစ္ဆာနဇာတိ, မနုဿဇာတိ, ဒေဝဇာတိဟူသော ဇာတိငါးပါးတို့၌ ကံအားလျော်စွာ လားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တနည်း-ဇလာဗုဇ-ကလလရေကြည်၌ ဂဗ္ဘသေယျဖြင့် ပဋိသန္ဓေနေရခြင်း, သံသေဒဇ-အညို အပေး, အနှံ စသည်တို့ကို စွဲ၍ အကောင်အထည်နှင့်တကွဖြစ်ခြင်း, အဏ္ဍဇ-ဥ၌ဖြစ်ခြင်း, သြပပါတိက-၁၅-နှစ် ၁၆-နှစ်အရွယ် စက္ခုစသော အာယတန အပြည့်အစုံ ထင်ရှားသောကိုယ်ဖြစ်ခြင်းဟူသော ယောနိလေးပါးသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာ မရဏာ သောက ပရိဒေဒ ဒုက္ခ ဒေါမနဿုပါယာသာ၊ အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်ပူဆွေး ငိုကြွေးခြင်းစသော ဒုက္ခတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ (ဣတိ ဧဝံ၊ ဤသို့။ ဧတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ၊ ထိုထိုအကျိုးမရှိသော သက်သက်သော ဒုက္ခသစ္စာတရား၏။ သမု-

ဒယော၊ ပ္ပါးစီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။) ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသို့အကြောင်းကို စဲ၍ အကျိုးဒုက္ခဖြစ်၍နေခြင်းကို။ လောကဿ၊ သတ္တလောက၏။ ဝါ၊ သဒ္ဓါရလောက၏။ သမုဒယော၊ ပ္ပါးစီးခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကား အကြောင်းကိုစဲ၍ အကျိုးဒုက္ခဖြစ်၍ နေပုံတည်း။ သောတ ဃာန ဇိဝှါ ကာယ မနတို့၌လည်း ၎င်းနည်းသိပါကုန်။

အကြောင်းချုပ်က အကျိုးချုပ်သော ဒုက္ခနိရောဓရှိပုံ

အကြောင်းချုပ်က အကျိုးဒုက္ခချုပ်သော ဒုက္ခနိရောဓနိဗ္ဗာန်ရှိပုံကို သဠာယတနသံယုတ် ပါဠိတော်အရ ပြဦးအံ့ –

> ကတမော စ ဘိက္ခဝေ လောကဿ အတ္ထင်္ဂမော၊ စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ တဿာယေဝ တဏှာယ အသေသ-ဝိရာဂနိရောဓော ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓော ဘဝနိရောဓော ဘဝနိရောဓော ဇာတိနိရောဓော၊ ဇာတိနိရောဓော ဇရာမရဏ သောက-ပရိဒေဝ ဒုက္ခဒောမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ လောကဿ အတ္ထင်္ဂမော။[1]

သောတ ဃာန ဇိဝှါ ကာယ မနတို့၌လည်း သိပါကုန်။

ဘိက္ခဝေ၊ တို့။ လောကဿ၊ လောက၏။ တနည်း–လောကဿ၊ အပျက်ကြီး, အပျက်ကလေးတို့ဖြင့် ဖြစ်တတ် ပျက်တတ်သော ခန္ဓာ အာယတန ဟူသော လောက၏။ ကတမော စ၊ အသို့လျှင်။ အတ္ထင်္ဂမော၊ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်ပါသနည်း။ စက္ခုံ စ၊ စက္ခုဓာတ်ကိုဋ္ဌင်း။ ရူပေ စ၊ အဆင်းဟူသော ရူပါရုံဓာတ်တို့ကိုဋ္ဌင်း။ ပဋိစ္စ၊ စဲ၍။ စက္ခုဝိညာဏံ၊ အဆင်းကို သိတတ်သော စက္ခု ဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ၊ စက္ခု ရူပါရုံ စက္ခုဝိညာဏ်

၁။ သဠာယတနဝဂ္ဂသံယုတ်နှာ-၃၀၈။

တို့၏။ သင်္ကတိ၊ ပေါင်းဆုံလုံးထွေး ထိခိုက်မှုကြောင့်။ ဖဿော၊ ဖဿသည်။ ဟောတိ၊ ဖြစ်၏။ ဖဿပစ္စယာ၊ ဖဿ ဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ ဝေဒနာသည်။ ဟောတိ၊ ဖြစ်၏။ ဝေဒနာပစ္စယာ၊ ဝေဒနာ ဟူသော အကြောင်းကြောင့်။ တဏှာ၊ တဏှာသည်။ ဟောတိ၊ ဖြစ်၏။ တဿာယေဝ တဏှာယ အသေသဝိရာဂနိရောဓာ၊ ထိုတဏှာ၏ အကြွင်းမဲ့ ချုပ်ခြင်းကြောင့်။ ဝါ၊ အရဟတ္တမဂ်ဖြင့် ချုပ်စေခြင်းကြောင့်။ ဝါ၊ ဝေဒနာ ရေပွက်ကဲ့သို့ တခဏချင်း ကုန်ခန်း ပျက်စီးတတ်သော ခယဝယကို ရှုသဖြင့် ဝေဒနာ၌ ခင်တွယ်မှု ချုပ်ခြင်းကြောင့်။ ဥပါဒါနနိရောဓာ၊ အပြင်းအထန် ငါ-ငါ၏ ဥစ္စာဟု စွဲလမ်းသော ဥပါဒါန်၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဥပါဒါန-နိရောဓာ၊ ဥပါဒါန်၏ ချုပ်ခြင်းကြောင့်။ ဘဝနိရောဓာ၊ ကမ္မဘဝ ဥပပတ္တိ-ဘဝတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိရောဓာ၊ ကမ္မဘဝ, ဥပပတ္တိ-ဘဝတို့၏ ချုပ်ခြင်းကြောင့်။ ဇာတိနိရောဓာ၊ အကျိုးဇာတိ၏ ချုပ်ခြင်း သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိနိရောဓာ၊ ဇာတိ၏ ချုပ်ခြင်းကြောင့်။ ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ၊ တို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဧဝံ၊ ဤသို့။ တေသဉ္စ ကေဝလဿ ဒုက္ခက္ခန္ဓဿ၊ ၏။ နိရောဓော၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤသို့အကြောင်းချုပ်သဖြင့် အကျိုး ဒုက္ခသစ္စာ နာမ်ရုပ်တို့၏ ချုပ်ခြင်းသည်။ ဝါ၊ ချုပ်ခြင်းကို၊ လောကဿ၊ သတ္တလောက၏။ အတ္ထင်္မော၊ ချုပ်ခြင်းဟူ၍။ ဝါ၊ လောက၏အဆုံး နိဗ္ဗာန် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အကြောင်းချုပ်က အကျိုးချုပ်သော လောကအဆုံးဖြစ်သော
နိဗ္ဗာန်ရှိပုံကို ပြဆိုချက်များ ဤတွင် ပြီးပြီ။

ဥဒယဗ္ဗယဉာဏ် ၅၀-တို့ဖြင့် သစ္စာမြင်သိနည်း

ဥဒယဗ္ဗယဉာဏ်၌ ခဏဥဒယဝယ-၁၀၊ ပစ္စယဥဒယဝယ-၄၀၊ ပေါင်း ၅၀-တို့ ဖြင့် သစ္စာမြင်သိနည်းကို ပြဦးအံ့–

"ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပသ္သနေ ပညာ၊ ဉဒယဗ္ဗယာနုပသ္သနေ ဉာဏံ"[၁] ဟူသော ဝိသုဒ္ဓိမဂ် (နှာ-၂၆၅) ပါဠိအရ ပစ္စုပ္ပန်နာမ်ရုပ်တို့၏ ဖြစ်ပျက်မှုကို မျှခြင်းသည် ဉဒယဗ္ဗယဉာဏ် မည်၏။ ဥပမာ-ပစ္စုပ္ပန်၌ မပြတ် ဖြစ်ပျက်နေသော ဝေဒနာ၏ ဖြစ်ပျက်မှုကိုဂုဏ်း။ တနည်း-စိတ်ခဝတ်ကြောင့်ဖြစ်သော ဝါယောခတ်သည် နှာသီးဖျားကို ထိ၍ထိ၍ ထွက် ဖြစ်ပျက်, ဝင် ဖြစ်ပျက်နေမှုတို့ကို မျှမြင်ခြင်းသည်လည်း ဉဒယဗ္ဗယဉာဏ် မည်၏။ ဥပမာသော်ကား-စောင်းတံးရာ၌ ရှေးကတီးသွား၍ နောက်က ပျက်၍ ပျက်၍ လိုက်သကဲ့သို့၊ ထို့အတူ နာမ်ရုပ်တို့မှာ အနုမတဂ္ဂ သံသရာမှစ၍ ဖြစ်ဆဲ ပျက်ဆဲနှင့် လာခဲ့ရ၏။ ထို့ကြောင့် သတ္တ ဇီဝသဘော မရှိ၊ အဖြစ်အပျက်ဓာတ်သော နာမ် ရုပ် သန္တတိ နိမိတ်မျှသာ ရှိ၏ဟု မျှအပ်၏ ဟူလို။

ခန္ဓာငါးပါးတို့သည် အဝိဇ္ဇာစသော အကြောင်းကြောင့် ဖြစ်ပုံ, အကြောင်းချုပ်က အကျိုးချုပ်သော ဒုက္ခနိရောဓနိဗ္ဗာန်ရှိပုံကို ဉဒယဗ္ဗယဉာဏ် ငါးဆယ်တို့ဖြင့် သစ္စာလေးပါး ထင်မြင်အောင် မျှနည်းကို ပြဦးအံ့-

> ဝ
> အဝိဇ္ဇာသမုဒယာ ရူပသမုဒယော၊ တဏှာသမုဒယာ ရူပသမုဒယော၊ ကမ္မသမုဒယာ ရူပသမုဒယော၊ အာဟာရသမုဒယာ ရူပသမုဒယော၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဉဒယော။[၂]

အဝိဇ္ဇာသမုဒယာ၊ မသိ မမြင်တတ်သော မောဟအဝိဇ္ဇာ၏ဖြစ်ပွါးမှုကြောင့်။ ရူပသမုဒယော၊ ရုပ်၏ ဖြစ်ပွါးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာသမုဒယာ၊ တဏှာ၏ ဖြစ်ပွါးမှုကြောင့်။ ရူပသမုဒယော၊ သည်။ ဟောတိ၊ ၏။ ကမ္မသမုဒယာ၊ ကံ၏ ဖြစ်ပွါးမှုကြောင့်။ ရူပသမုဒယော၊ သည်။ ဟောတိ၊ ၏။ အာဟာရသမုဒယာ၊ အာဟာရ၏ ဖြစ်ပွါးမှုကြောင့်။ ရူပသမုဒယော၊ သည်။ ဟောတိ၊ ၏။ တဿ နိဗ္ဗတ္တိလက္ခဏံ၊ ထိုရုပ်၏ ပစ္စုပ္ပန်၌ ဖြစ်ပွါးခြင်း လက္ခဏာသည်။ ဉဒယော၊ ဉဒယ မည်၏။

ဤ၌ ရုပ်ဖြစ်ကြောင်း ၄-ပါး, ဖြစ်ခြင်းတပါး၊ ပေါင်း ၅-ပါး ရ၏။

၁။ ပဋိသမ္ဘိဒါမဂ် နှာ-၁။ (ကျမ်းချင်း) ၂။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၃။

အဝိဇ္ဇာနိရောဓာ ရူပနိရောဓော၊ တဏှာနိရောဓာ ရူပနိရောဓော၊ ကမ္မနိရောဓာ ရူပနိရောဓော၊ အာဟာရနိရောဓာ ရူပနိရောဓော၊ တဿ ဝိပရိဏာမလက္ခဏံ ဝယော။[၁]

အဝိဇ္ဇာနိရောဓာ၊ သစ္စာ ၄-ပါးကို မသိတတ်သော အဝိဇ္ဇာ၏ ချုပ်ခြင်း ကြောင့်။ ရူပနိရောဓော၊ ရုပ်၏ ချုပ်ခြင်းသည်။ ဝါ၊ ချုပ်ပြီးနောက် အသစ် မဖြစ်မူ၍ ချုပ်ခြင်းသည်။ ဟေတိ၊ ဖြစ်၏။ တဏှာနိရောဓာ၊ တဏှာ၏ ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ ရုပ်၏ ချုပ်ခြင်းသည်။ ဟေတိ၊ ဖြစ်၏။ ကမ္မနိရောဓာ၊ ကံ၏ ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ ရုပ်၏ ချုပ်ခြင်းသည်။ ဟေတိ၊ ဖြစ်၏။ အာဟာရနိရောဓာ၊ အာဟာရ၏ ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ ရုပ်၏ ချုပ်ခြင်းသည်။ ဟေတိ၊ ဖြစ်၏။ တဿ၊ ထိုရုပ်၏။ ဝိပရိဏာမလက္ခဏံ၊ ဖောက်ပြန်ချုပ်ပြတ်ခြင်းသို့ ရောက်ခြင်းသည်။ ဝယော၊ ပျက်ခြင်းမည်၏။

ဤကား အနုပါဒိဿသနိဗ္ဗာန်ကို ဆိုလို၏။ ဤသို့လျှင် ရုပ်ချုပ်ကြောင်း ၄-ပါး၊ ချုပ်ခြင်းတပါးအားဖြင့် ၅-ပါး ရ၏။

ဤသို့လျှင် ရုပ်ဖြစ်ကြောင်း ၄-ပါး၊ ဖြစ်ခြင်းတပါး၊ ချုပ်ကြောင်း ၄-ပါး၊ ချုပ်ခြင်းတပါးအားဖြင့် ဥဒယဗ္ဗယဉာဏ် ၁၀-ပါး ရ၏။

အဝိဇ္ဇာသမုဒယာ ဝေဒနာသမုဒယော၊ တဏှာသမုဒယာ ဝေဒနာသမုဒယော၊ ကမ္မသမုဒယာ ဝေဒနာသမုဒယော၊ ဖဿသမုဒယာ ဝေဒနာသမုဒယော၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။[၂]

အဝိဇ္ဇာနိရောဓာ ဝေဒနာနိရောဓော၊ တဏှာနိရောဓာ ဝေဒနာနိရောဓော၊ ကမ္မနိရောဓာ ဝေဒနာနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ တဿ ဝိပရိဏာမလက္ခဏံ ဝယော။[၂]

သညာ သင်္ခါရတို့၏ ပါဠိလည်း ဝေဒနာနှင့် အတူတူပင်။ သညာ သင်္ခါရ အမည်ပြောင်းရုံမျှသာ ထူးတော့၏။ အနက်လည်း သိလွယ်လောက်ပါ၏။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၃။ ၂။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၄။

အဝိဇ္ဇာသမုဒယာ ဝိညာဏသမုဒယော၊ တဏှာသမုဒယာ ဝိညာဏသမုဒယော၊ ကမ္မသမုဒယာ ဝိညာဏသမုဒယော၊ နာမရူပသမုဒယာ ဝိညာဏသမုဒယော၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော။[1]

အဝိဇ္ဇာနိရောဓာ ဝိညာဏနိရောဓော၊ တဏှာနိရောဓာ ဝိညာဏနိရောဓော၊ ကမ္မနိရောဓာ ဝိညာဏနိရောဓော၊ နာမရူပနိရောဓာ ဝိညာဏနိရောဓော၊ တဿ ဝိပရိဏာမလက္ခဏံ ဝယော။[2]

အနက်မှာ ရှပ်၌ပြဆိုခဲ့သော အနက်ကဲ့သို့ ယူပါ။ ဝိညာဏ်၏ အထူးကား နာမ်ရူပ်မျှသာ ထူးပါသည်။

ထိုသို့လျှင် ရူပကွန္ဓာ၌ဖြစ်ကြောင်း-၄၊ ဖြစ်ခြင်း-၁၊ ချုပ်ကြောင်း-၄၊ ချုပ်ခြင်း ၁၊ ပေါင်း ဥဒယဗ္ဗယဉာဏ် ၁၀-ရှိ၏။ ထို့အတူ ဝေဒနာအရ-၁၀၊ သညာအရ-၁၀၊ သင်္ခါရအရ-၁၀၊ ဝိညာဏ်အရ-၁၀၊ ပေါင်းဥဒယဗ္ဗယဉာဏ် ၅၀ ဖြစ်၏။ ထို ၅၀-ကို အဖန်ဖန် သုံးသပ်ဆင်ခြင်ပါလျှင် ခန္ဓာ ၅-ပါးသည် ဒုက္ခသစ္စာ၊ ခန္ဓာ ဖြစ်ကြောင်း အဝိဇ္ဇာ တဏှာ ကမ္မ စသည်တို့ကား သမုဒယသစ္စာ၊ ထို့အဝိဇ္ဇာတဏှာကံတို့ ချုပ်သဖြင့် ဖြစ်မှုဇာတိ ချုပ်ခြင်းကား နိရောဓသစ္စာ၊ ချုပ်စေခြင်းငှါ ကျင့်ခြင်းကား မဂ္ဂသစ္စာ၊ ဤသို့ သစ္စာလေးပါးကို မြင်သိနိုင်ပါ၏။ အကြောင်း ချုပ်လျှင် အကျိုးချုပ်ငြိမ်းသော နိဗ္ဗာန်ရှိပုံတို့ကို ကောင်းစွာ မြင်သိနိုင်ပါသည် ဟူလို။

စက္ခုစသော အာယတနတို့ကြောင့် ဒုက္ခဖြစ်ပုံချုပ်ပုံ

စက္ခုစသော အာယတနကို ခင်တွယ်က ဒုက္ခကို ခင်တွယ်သည်မည်ပုံ အာယတန၌ ခင်တွယ်မှုစွန့်က ဒုက္ခမှ လွတ်ပုံကို သဠာယတန သံယုတ် ပါဠိတော်၌-

"ယော ဘိက္ခဝေ စက္ခုံ အဘိနန္ဒတိ၊ ဒုက္ခံ သော အဘိနန္ဒတိ၊ ယော ဒုက္ခံ အဘိနန္ဒတိ၊ အပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။"[2]

ဟု ဟောတော်မူ၏။

၁။ ပဋိသမ္ဘိဒါမဂ် နှာ-၅၄ ၂။ သဠာယတနသံယုတ်-နှာ-၂၄၆။

ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သူသည်။ စက္ခုံ၊ စက္ခုကို။ အဘိနန္ဒတိ၊ ငါ, ငါ၏ဥစ္စာဟူ၍ တဏှာ ဒိဋ္ဌိအားဖြင့် အလွန်နှစ်သက်၏။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဒုက္ခကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ ယော၊ သည်။ ဒုက္ခံ၊ ဒုက္ခကို။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ သော၊ ထိုသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခမ္မာ။ အပရိမုတ္တောတိ၊ မလွတ်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

ဤပုဒ်၌ စက္ခု-ကား ဒုက္ခသစ္စာတည်း။ ထိုစက္ခုကို ခင်တွယ်မှုကား သမုဒယသစ္စာတည်း။ ဤသို့ သစ္စာ ၂-ပါးကို သိအပ်၏။

သောတ ဃာန ဇိဝှါ ကာယ မနတို့၌လည်း ထိုနည်းသိပါကုန်။

> ယော ဘိက္ခဝေ စက္ခုံ နာ အဘိနန္ဒတိ၊ ဒုက္ခံ သော နာ အဘိနန္ဒတိ။
> ယော ဒုက္ခံ နာ အဘိနန္ဒတိ၊ ပရိမုတ္တော သော ဒုက္ခသ္မာတိ ဝဒါမိ။[၁]

ဘိက္ခဝေ၊ တို့။ ယော၊ အကြင်သူသည်။ စက္ခုံ၊ စက္ခုကို။ နာ အဘိနန္ဒတိ၊ အနိစ္စတရား, ဒုက္ခတရား, အနတ္တတရား, ဝိပရိဏာမတရားသာတည်းဟု သမ္မာဒိဋ္ဌိမဂ်ဉာဏ်ဖြင့် မြင်သိသည်ဖြစ်၍ မနှစ်သက်။ သော၊ ထိုသူသည်။ ဒုက္ခံ၊ ဒုက္ခကို။ နာ အဘိနန္ဒတိ၊ မနှစ်သက်သူမည်၏။ ယော၊ သည်။ ဒုက္ခံ၊ ဒုက္ခကို။ နာ အဘိနန္ဒတိ၊ အလွန်မနှစ်သက်။ သော၊ ထိုသူသည်။ ဒုက္ခသ္မာ၊ ဒုက္ခမ္မာ။ ပရိမုတ္တောတိ၊ လွတ်၏ဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။

သောတ ဃာန ဇိဝှါ ကာယ မနတို့၌လည်း ၎င်းနည်းသိပါကုန်။ ဤပုဒ်၌ စက္ခု-ကား ဒုက္ခသစ္စာတည်း။ ခင်တွယ်မှုကို ပယ်စွန့်ခြင်းကား မဂ္ဂသစ္စာတည်း။ ခင်တွယ်မှု တဏှာ သမုဒယ သစ္စာကို ပယ်စွန့်သဖြင့် ဒုက္ခမှ လွတ်ခြင်းကား နိရောဓသစ္စာ နိဗ္ဗာန်တည်း။ ဤသို့လျှင် မဂ္ဂသစ္စာ နိရောဓသစ္စာ ၂-ပါးရ၏။ အထက်ပုဒ်, အောက်ပုဒ် ၂-ပုဒ်စပ်၍ ဆင်ခြင်လျှင် သစ္စာ ၄-ပါး မြင်သိမှုနှင့် တကွ မဂ်ကိစ္စလေးပါးပြီးသဖြင့် သောတာပန် တည်နိုင်ပါသည် ဟူလို။

တဏှာဒိဋ္ဌိ ဥပါဒါန်ကို စွန့်ရန် မီးပုံ ဥပမာဖြင့် ပြပုံ

တဏှာဒိဋ္ဌိဟူသော ဥပါဒါန်ကို မပယ်က ဒုက္ခဖြစ်ပုံ၊ ပယ်မှ ဒုက္ခချုပ်ပုံကို နိဒါနဝဂ္ဂ သံယုတ်၌ ဥပမာနှင့်တကွ မြတ်စွာဘုရား ဟောတော်မူသည်ကိုပြဦးအံ့–

၁။ သဠာယတနဝဂ္ဂသံယုတ် နှာ-၂၄၆။

ချစ်သားရဟန်းများတို့အား ငါမေးဦးအံ့၊ မီးပုံကြီးတပုံသည်ရှိရာ၏။ ထိုမီးပုံကြီး၌ မီးမပြတ်စေလိုသော် အဘယ်ကဲ့သို့ ပြုလုပ်မည်နည်းဟု မေး၏။ ဤအခါ ရဟန်းများက ဖြေဆိုသည်။ ထိုမီးပုံ၌ ထင်းအဆက်မပြတ် ထည့်ပေးလျှင် မီးမပြတ်ပါဘုရားဟု လျှောက်ထားကြ၏။ မြတ်စွာဘုရားက သာဓုခေါ်၏။ တဖန် ချစ်သားတို့, ထို မီးပုံကြီး၌ မီးငြိမ်းစေလိုသော် မည်သို့ပြုလုပ်မည်နည်းဟု မေးပြန်၏။ ထိုအခါ ရဟန်းများက ထင်းမထည့်ပဲထားလျှင် ထိုမီး ငြိမ်းရပါမည်ဘုရားဟု လျှောက်ထားကြ၏။ မြတ်စွာဘုရားက သာဓုခေါ်တော်မူ၏။

ဤ၌ ဥပမေယျမျက်သာ ပြတော်အံ့—

ဧဝမေဝ ဥပါဒါနိယေသု ဓမ္မေသု အာသာဒါနုပဿိနော တဏှာ ပဝတ္တတိ။[1]

ဥပါဒါနိယေသု ဓမ္မေသု အာဒီနဝါနုပဿိနော တဏှာ နိရုဇ္ဈတိ။[2]

ဧဝမေဝ၊ ဤမီးပုံကြီး၌ ထင်းမပြတ် ထည့်၍ ထည့်၍ ပေးသည်နှင့်အတူ။ ဥပါဒါနိယေသု ဓမ္မေသု၊ တဏှာဒိဋ္ဌိ ဟူသော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ အာယတနတို့၌။ ဝါ။ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာ ၅-ပါး၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန ဟူသော အဇ္ဈတ္တိကာယတန ၆-ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မဟူသော ဗာဟိရာယတန ၆-ပါး၊ ဤသို့လျှင် ဥပါဒါန်၏ အာရုံဖြစ်သော အာရုံတို့၌။ အဿာဒါနုပဿိနော၊ ငါ, ငါ၏ဥစ္စာ သာယာဘွယ် ခင်တွယ်ဘွယ်ဟု အဖန်ဖန် ရှုလေ့ရှိသောသူအား။ တဏှာ၊ တဏှာသည်။ ပဝတ္တတိ၊ ပွါး၏။

ဤ၌ ခန္ဓာ အာယတန တို့ကား ဒုက္ခသစ္စာသာတည်း။ ထို ဒုက္ခသစ္စာကို သုခသစ္စာဟု ထင်မှတ်၍ ခင်တွယ်မှုကား သမုဒယသစ္စာတဏှာတည်း။ ဤ၌ ဒုက္ခာ, သမုဒယသစ္စာ ၂-ပါး ရ၏။

ထိုနောက် မဂ္ဂနှင့် နိရောဓကို ပြအံ့—

ဥပါဒါနိယေသု ဓမ္မေသု၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာ အာယတနတို့၌။ အာဒီနဝါနုပဿိနော၊ အနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမ တရားတို့သာတည်းဟု

၁။ နိဒါနဝဂ္ဂသံယုတ်-နှာ-၃၁၂။

ဝိပဿနာ သမ္မာဒိဋ္ဌိမဂ်ဖြင့် အဖန်ဖန် ရှုလေ့ရှိသော သူအား။ တဏှာ၊ တဏှာသည်။ နိရုဇ္ဈတိ၊ ချုပ်၏။

ဤဌာန ခန္ဓာ အာယတနတို့ကား ဒုက္ခသစ္စာသာတည်း၊ ခင်တွယ်မှုကို ပယ်ခြင်းကား မဂ္ဂသစ္စာတည်း၊ တဏှာ ချုပ်ခြင်းကား နိရောဓသစ္စာတည်းဟူလို။

ကျက်မှတ်၍ လွယ်လင့်တကူ ဆင်ခြင်နည်းကို ပြဦးအံ့ -

"သမုဒယကြောင့်၊ ဖြစ်ထဒုက္ခံ။ သမုချုပ်က၊ ထိုဒုက္ခ၊ မုချ ချုပ်ပြတ်လံ့။"

ဤကထာသည် မှတ်မှုကျဉ်း၍ အမြင်ကျယ်သော ကထာဖြစ်၏။ ထိုကြောင့် နှုတ်ရဆောင်၍ ဆင်ခြင်ပါက သစ္စာကို လျင်စွာ မြင်သိနိုင်လတ္တံ့ ဟူလို။

ချုပ်ငြိမ်းလိုက၊ ဖြစ်ခြင်းရှိသမျှ၊ ခန္ဓာအာယတနတို့၌၊ ရှထ အနိစ္စ
ဗုက္ခအနတ္တံ၊ တနည်း-ရှထ ဇာတိ ဇရာ ဗျာဓိမရဏ ဒုက္ခံ။

ဤသို့ ရှုက၊ သမုဒယကား၊ ချုပ်ရကံ။

ဤသို့ ချုပ်မှု၊ နှစ်သက်ပြု၊ ပြီးမှု မဂ်ကိစ္စံ။

တနည်း- ဤသို့ ချုပ်မှု၊ မျက်မှောက်ပြု၊ ပြီးမှု မဂ်ကိစ္စံ။

အဓိပ္ပါယ်ကား-ဖြစ်ခြင်းရှိသော ရုပ်နာမ် ခန္ဓာတို့ကို ဒုက္ခသစ္စာဟု ရှုအပ်၏။ ထိုခန္ဓာတို့ကား ခင်တွယ်မှု တဏှာကြောင့်ဖြစ်၏။ ထိုတဏှာချုပ်လျှင် ခန္ဓာဇာတိချုပ်သဖြင့် ဒုက္ခချုပ်ရ၏။ ဤ ချုပ်ခြင်းကို နှစ်သက်မှ မဂ်ကိစ္စပြီး၏ ဟူလို။

နိဗ္ဗာန်တရားသည် တဏှာအာရုံမှ ကင်းလွတ်ပုံ, ထိုနိဗ္ဗာန်အာရုံကြောင့် တဏှာရာဂချုပ်ရပုံ

အထက်၌ နိရောဓသစ္စာ နိဗ္ဗာန်ရှိပုံ, ရောက်အောင်ကျင့်ပုံတို့ကို ပြခဲ့ပြီး၍ ထို နိရောဓ်၏ ဝစနတ္ထနှင့်တကွ နိဂုံးချုပ်၍ ပြပေဦးအံ့ -

ဝါနသင်္ခါတဝယ တဏှာယ နိက္ခန္တိတိ နိဗ္ဗာနံ။

ဝါနသင်္ခါတဝယ၊ ဝါနဟု ဆိုအပ်သော။ တဏှာယ၊ ဘဝကြီးငယ်ကို တစပ် ထည်းကဲ့သို့ စပ်တတ်သော တဏှာမှ။ နိက္ခန္တံ၊ လွတ်ထွက်တတ်သည်တည်း။

ဝါ၊ တဏှာအာရုံမှ လွတ်သည်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန် မည်၏။

နိဗ္ဗာန်သည် အဘယ်ကြောင့် တဏှာမှ ထွက်မြောက်စေသနည်း၊ အဘယ်ကြောင့် တဏှာအာရုံမှ လွတ်ပါသနည်းဟူငြားအံ့။သမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရှိသော ပညာရှိသည် တေဘူမက ခန္ဓာအာယတန ဓာတ်တို့၌ အနိစ္စ ဒုက္ခ အနတ္တ ဒုက္ခ-သစ္စာဟူ မြင်သိ၏။ နိဗ္ဗာန်၌ ခန္ဓာမရှိသောကြောင့် အလုံးစုံသော ဒုက္ခတို့မှ ကင်းလွတ်သည်ကိုလည်း မြင်သိ၏။ ထိုအမြင် ၂-ချက်တို့တွင် အကြင်ပညာရှိသည် ဘေးရန်မကင်းသော ခန္ဓာအာယတနတို့၌ ခင်တွယ်နှစ်သက်ခြင်းကို စွန့်၏။ ဘေးရန်ကင်းသော နိဗ္ဗာန်သို့သာ ညွတ်၏။ ထို့ကြောင့် နိဗ္ဗာန်သည် တဏှာမှ ထွက်မြောက်စေနိုင်သည်ဟူလို။ ထို့ပြင် တဏှာဟူသည် သန်္ဓိရတရားဌ်သာ အာရုံပြု၏။ သန်္ဓိရတရားမရှိသော အနုပါဒ နိဗ္ဗာန်ကို အာရုံမပြု။ ထို့ကြောင့် နိဗ္ဗာန်သည် တဏှာအာရုံမှ လွတ်၏ ဟူလို။

တနည်း—

‘ပရမတ္ထတော ဟိ ‘ဒုက္ခနိရောဓံ အရိယသစ္စ’န္တိ နိဗ္ဗာနံ ဝုစ္စတိ၊ ယသ္မာ ပန တံ အာဂမ္မ တဏှာ ဝိရဇ္ဈတိ စေဝ နိရုဇ္ဈတိ စ၊ တသ္မာ ဝိရာဂေါတိ စ နိရောဓောတိ စ ဝုစ္စတိ။’’

ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာ ပြဆို၏။

ဟိ၊ အထူးကိုဆိုဦးအံ့။ ပရမတ္ထဒေတာ၊ ပရမတ္ထအားဖြင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဒုက္ခနိရောဓံ အရိယသစ္စန္တိ၊ အရိယာတို့သည် သိအပ်သော ဒုက္ခနိရောဓ သစ္စာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤ၌ ဒုက္ခနိရောဓဟူသည် ဖြစ်ခြင်းကင်းသော။ ဝါ၊ ဖြစ်ခြင်းမရှိသော အသင်္ခတ အဇာတ အပုဝတ္ထ အနုပါဒတို့ပင် ဟူလို။

ပန သစ္စံ၊ ထိုစကားသည် မှန်၏။ ယသ္မာ၊ အကြင်ကြောင့်။ တံ၊ ထိုနိဗ္ဗာန်ကို။ ဝါ၊ ဖြစ်ခြင်းကင်းသော အဇာတ အပုဝတ္ထ အနုပါဒ အသင်္ခတသဘောကို။

၁။ ဝိသုဒ္ဓိ၊ ဒုတိယ- နှာ-၁၃၉။

အာဂမမှ၊စွဲ၍။ ဝါ၊အာရုံပြု၍။ ဝါ၊ အာရုံပြုသော အာရမ္မဏိက မဂ်စိတ်ကြောင့်။ တဏှာ၊ တဏှာသည်။ ဝိရဇ္ဈတိ စေဝ၊ သခ်ါရတရားတို့၌ တပ်ခြင်းကင်းသည် ဖြစ်၍လည်း ဖြစ်၏၊ နိရုဇ္ဈတိ စ၊ ချုပ်သည်ဖြစ်၍လည်း ချုပ်၏။ တသ္မာ၊ ထို ၂-ပါးသော သတ္တိကြောင့်။ ယံ နိဗ္ဗာနံ၊ အကြင်အနုပ္ပါဒ နိဗ္ဗာန်ကို။ဝိရာဂေါတိ စ၊ ဝိရာဂဟူ၍ဂုဏ်း။ နိရောဓောတိ စ၊ နိရောဓဟူ၍ဂုဏ်း။ ဝုစ္စတိ၊ ဆိုအပ်၏။

အသခ်္ခတ နိဗ္ဗာန်၏ သြဝနယျိကဂုဏ်နှင့်ပြည့်စုံပုံ

ထို့ကြောင့်ပင်လျှင် အကြင်ပညာရှိတို့သည် နိဗ္ဗာန်ကို မိမိတို့စိတ်၌ ကပ်၍ ဆောင်ခြင်းဌါထိုက်သော သြဝနယျိက ဂုဏ်ရှိ၏ဟု ပြလိုသော အဋ္ဌကထာ ဆရာသည်—

"အသခ်္ခတေ ပန အတ္ထနော စိတ္တေန ဥပနယနံ အရဟတီတိ သြဝနယျိကော။"[1]

အသခ်္ခတေ ပန၊ ဖြစ်ခြင်းမရှိသော အဇာတ အနုပ္ပာတ္တ အနုပ္ပါဒ အသခ်္ခတ နိဗ္ဗာန်၌မူကား။ ဝိညူဟိ၊ ပညာရှိတို့သည်။ အတ္တနော၊ မိမိ၏။ စိတ္တေန၊ စိတ်ဖြင့်။ ဥပနယနံ၊ ကပ်၍ဆောင်ခြင်းဌါ။ အရဟတိ၊ ထိုက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သြဝနယျိကဂုဏ်ရှိသော တရားမည်၏"ဟု မိန့်၏။

နိရောဓကထာ ပြီး၏။

အခန်း-၅

မဂ္ဂကထာ

အခန်း ၅-အရာ၊ မဂ္ဂသစ္စာကို ပြပေတော့အံ့—

မဂ္ဂသစ္စာဟူသည် သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဤရှစ်ပါးတည်း။

၁။ ဝိသုဒ္ဓိ ပဌမ နှာ-၂၁၀။

စတုသစ္စ ၁၂—ပ-ဗ-သ-စ

သမ္မာဒိဋ္ဌိ၊ ကောင်းစွာမြင်ခြင်း၊ ဝါသစ္စာလေးပါးကိုမြင်ခြင်း။သမ္မာသင်္ကပ္ပ၊ ဝဋ်မှ ထွက်မြောက်ရန်ကြံခြင်း။ သမ္မာဝါစာ၊ဝစီဒုစရိုက်လေးပါးမှ ကြဉ်ခြင်း။ သမ္မာကမ္မန္တ၊ကာယဒုစရိုက် ၃-ပါးမှ ကြဉ်ခြင်း။ သမ္မာအာဇီဝ၊ ကောင်းစွာအသက်မွေးခြင်း။ သမ္မာဝါယာမ၊ ကောင်းစွာအားထုတ်ခြင်း သမ္မာသတိ၊ ကောင်းသောသတိရှိခြင်း။ သမ္မာသမာဓိ၊ ကောင်းစွာတည်ကြည်ခြင်း။ ဤရှစ်ပါးပင်တည်း။

မဂ္ဂသစ္စ၏လက္ခဏာစသည်

ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ မဂ္ဂသစ္စာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် မျှားကို ပြဦးအံ့–

"နိယျာနလက္ခဏံ မဂ္ဂသစ္စံ၊ ကိလေသပဟာနရသံ၊ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ။"

မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာသည်။ နိယျာနလက္ခဏံ၊ ဝဋ်မှထုတ်ဆောင်ခြင်းလက္ခဏာရှိ၏။ ကိလေသပဟာနရသံ၊ လောဘစသော ကိလေသာကို ပယ်သတ်ခြင်းကိစ္စရှိ၏။ ဝုဋ္ဌာနပစ္စုပဋ္ဌာနံ၊ ဝဋ်မှ ထမြောက်တတ်သော တရားဟူ၍ ဉာဏ်အား ဖွေးရှုထင်၏။

ဤမဂ္ဂသစ္စာ၏။ဝါ၊မဂ်အကျင့်၏ အဓိပ္ပါယ်လိုရင်းမူကားဇာတိချုပ်အောင် ကျင့်မှုပင်တည်း။

ခဲ့ပြီးအံ့–ဇာတိရှိလျှင် ဇရာမရဏဖြင့် ပျက်သောကြောင့် ဆင်းရဲဒုက္ခရှိ၏။ ဇာတိချုပ်လျှင် အလုံးစုံသော ဒုက္ခတို့မှ လွတ်သောကြောင့်နိဗ္ဗာနသုခမည်၏။ ထို့ကြောင့် မဂ်အကျင့်ဟူသည် ဇာတိချုပ်အောင် ကျင့်မှုပင်တည်း။ ဇာတိချုပ်အောင် ကျင့်မှုဟူသည်လည်း ထိုဇာတိကို ဖြစ်စေတတ်သော ဘဝတဏှာ ပယ်မှုပင်တည်း။ ဘဝတဏှာ ပယ်မှုဟူသည် ထို ဘဝတဏှာကြောင့် ဖြစ်သော--

"ဇာတိပိ ဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာပိ ဒုက္ခာ၊ အပ္ပိယေဟိ

၁။ ဝိဘင်းအဋ္ဌကထာ နှာ ၈၀ ကြည့်။

သမ္မယော ဂေါ ဒုက္ခော၊ ပယေဟိ ဝိပ္ပယော ဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။"

ဟူသော ဒုက္ခ ၁၂-ပါးကို ဆင်ခြင်ပွါးများမှုပင်တည်း။ ထို့ကြောင့် ဒုက္ခသစ္စာ ထင်မြင်လျှင် ဇာတိဖြစ်လိုသော ဘဝတဏှာ ချုပ်ရလေတော့၏။ဥပမာနတ်သမီးထင်၍ ချစ်ပုံ၊ ဘီလူးမဟု မြင်သိရုံနှင့် ချစ်စိတ်ကုန်ခန်းသကဲ့သို့ထို့အတူ ခန္ဓာအာယတနတို့ကား ဒုက္ခသစ္စာသာတည်းဟု မြင်သိလျှင် တဖန်ဖြစ်လိုမှု ဘဝတဏှာချုပ်ရလေတော့၏။ ဤသို့ဘဝတဏှာချုပ်လျှင် ဇာတိလည်းချုပ်ရလေတော့၏။ ဥပမာ-ဖယောင်းတိုင်ကို အမှီပြု၍ ဖြစ်သောမီးသည် ဖယောင်းတိုင်ကုန်လျှင် ငြိမ်းရသကဲ့သို့ ထိုအတူ ဘဝတဏှာကို အမှီပြု၍ဖြစ်သော ဇာတိသည် ထိုတဏှာချုပ်လျှင် ချုပ်ရလေတော့၏။ဤသို့ ဇာတိချုပ်ခြင်းသို့ ရောက်ခြင်းသည် အနုပါဒိသေသ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စ ပြီး၏ဟူလို။

သတိပြုတော်မူကြစေလိုသည်မှာ–သမုဒယသစ္စာကိုပြုရာ၌ ရုံခါ တဏှာကို ပြ၏။ ရုံခါ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံဟူ၍ အပြည့်အစုံ ပြ၏။ ၂-မျိုးလုံးပင် ပါဠိတော် အဋ္ဌကထာအရ ပြခြင်းပင် ဟူလို။

ဓမ္မစကြာအရ မဂ္ဂင်္ဂဝေနာပဒါန်းနည်း

မဂ္ဂင်္ဂဝေနာပဒါန်းပုံ တနည်း ပြဦးအံ့–

၁။ ဓမ္မစကြာသုတ္တန်နည်းအရ ဆံပင် မွေးညင်း မျက်စိ နား နှာ အင်္ဂါခြေလက် စသည်တို့၌ အို နာ သေမှု မမြဲမှု အနိစ္စ ဒုက္ခအနတ္တစသော ဒုက္ခသစ္စာကို မိမိတို့ အဇ္ဈတ္တသို့သွင်း၍ ဆင်ခြင်၍နေမှု တရုပ်–

၂။ ထို ဒုက္ခသည်လည်း မိမိ၏ ဘဝတဏှာ စသည်တို့ကြောင့် ဖြစ်၏ဟု သမုဒယသစ္စာကို အဇ္ဈတ္တသို့ ရောက်အောင် ရှုဆင်ခြင်၍နေမှု တရုပ်–

၃။ မိမိဘဝတဏှာ စသည်တို့ကို မိမိမင်္ဂလာဖြင့် ပယ်စွန့်က မိမိ၏ ဇာတိ-ဒုက္ခ နိဂြောဓ နိဗ္ဗာန်ကို ရနိုင်၏ဟု ဆင်ခြင်၍နေမှု တရုပ်–

၄။ သမ္မာဒိဋ္ဌိစသော မဂ်ဖြင့် ကောင်းစွာ မြင်ခြင်း ကျင့်ခြင်းသည် ဒုက္ခသမုဒယတို့ ချုပ်ငြိမ်းကြောင်း အမှန်ပင်တည်းဟု ဆင်ခြင်၍နေမှ တရပ်-

ဤသို့ဆင်ခြင်သဖြင့် ယထာဘူတအားဖြင့် ဟုတ်မှန်သည့်အတိုင်း မြင်သိသော် ဒဿနပဟာတဗ္ဗကိစ္စပြီးသဖြင့် သောတာပတ္တိမဂ်သို့ရောက်နိုင်၏ ဟူလို။

ဤ၌ မဂ္ဂဘာဝနာပဋိပက္ခဟူသည် အဘိဓမ္မာနည်းပဋိပက္ခနိုင်မှသာမဂ်သို့ရောက်နိုင်မည်။ ထို့သို့ မပဋိပက္ခနိုင်က မဂ်သို့မရောက်နိုင်ဟု ယုံမှားမရှိကြပါနှင့်၊ အဘိဓမ္မာနည်းဖြစ်စေ, ဓမ္မစကြာအရ သုတ္တန်နည်းဖြစ်စေ ယထာဘူတအနက်ကို မြင်သိလျှင် မဂ်သို့ရောက်နိုင်သည်ဟု နှလုံးသွင်းကြပါကုန်။

ဓမ္မစကြာအရ မဂ္ဂဘာဝနာပဋိပက္ခနည်းပြီးပြီ။

မဂ္ဂအမဂ္ဂ ပဟာတဗ္ဗ ဘာဝေတဗ္ဗတို့ကို ခွဲခြား၍ မြင်သိနည်း

မဂ္ဂ, အမဂ္ဂ-ပဟာတဗ္ဗ, ဘာဝေတဗ္ဗတို့ကို ပြဦးအံ့-

ခန္ဓာအာယတနဓာတ်တို့၌ နိစ္စ သုခ အတ္တ သုဘ သာယာဘွယ် ခင်တွယ်ဘွယ်ဟု တဏှာဒိဋ္ဌိသံယောဇဉ်ဖြင့် မြှောက်ပင့်သမျှ၊ အာရုံပြုသောကြောင့်၊ မှားမှသည်၊ စိတ္တ ဒိဋ္ဌိဝိပလ္လာသံ။ ဤသို့မှားက၊ အမဂ္ဂ၊မုချသိမှတ်ရန်။

ထိုထို ခန္ဓာအာယတနဓာတ်တို့၌ အနိစ္စ ဒုက္ခ အနတ္တ အသုဘ နိဿတ္တနိဇ္ဇီဝ၊ ဘေးဘယဟု၊ ရှုမှုဟုတ်မှန်။ ဤသို့ ချောက်လှန့်သမျှ၊ အမှန်ရှုမှု၊သမဂ္ဂ၊ မုချသိမှတ်ရန်။

တနည်း—

ဇာတိစသော သံသရာဝဋ်ဒုက္ခတို့ကိုလည်း ဒုက္ခဟု မမြင်မသိပြန်။ ထို သံသရာဝဋ်ဒုက္ခတို့၏ အဆုံးဖြစ်သော ဒုက္ခနိရောဓ အဇာတ အပ္ပဝတ္တ အနုပ္ပါဒ အဿခ်တဲ နိဗ္ဗာန်ရှိမှုကိုလည်း မမြင်မသိမှု အဝိဇ္ဇာမောဟ ဖုံးမှုတတ်၏။ ထိုထို

ဒုက္ခအဆုံးသို့ ရောက်ကြောင်းဖြစ်သော သမ္မာဒိဋ္ဌိစသော မဂ်ဒသကျင့်ကိုလည်း မမြင်မသိ၊ တွေ့ဝေမှုကလည်းရှိ၏ တဖန်။ ဤသို့ရှိက၊ မဂ္ဂဖလ၊ ရမ္မ လွန်ဝေးလံ၊ အမဂ္ဂ ပြီးပြီ။

သမဂ္ဂ ဘာဝေတုမ္ဟ အဓိပ္ပါယ်ကို ပြဦးအုံ—

ဒုက္ခသစ္စာကို ဒုက္ခသစ္စာဟုသိမှု သမ္မာဒိဋ္ဌိမဂ်ဉာဏ်၊ "နဤ ခန္ဓသမာ ဒုက္ခာ" အရ ခန္ဓာနှင့်တူသော ဒုက္ခမရှိဟု သိမှုဟုတ်ပုန်။ နတ္ထိ သန္တိသမံ သုခံ" ဟူသော ပါဠိတော်အရ ဥပါဒ် ဌီ ဘင် ကင်းသဖြင့် အလွန်ငြိမ်သက်အေးမြသော နိဗ္ဗာန်နှင့် တူသော သုခမရှိဟု သိမှုတတန်။ ဤသို့ သိမှုကျင့်မှု၊ အကြောင်းပြု၊ သမဂ္ဂ၊ ရအပ် အဇ္ဈာတနိဗ္ဗာန်။

သမဂ္ဂ ပြီးပြီ။

လောကုတ္တရာတရား ကိုးပါးကို ပြဦးအုံ—

သောတာပတ္တိမဂ်ဉာဏ်, သောတာပတ္တိဖိုလ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်, သကဒါဂါမိဖိုလ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်, အနာဂါမိဖိုလ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်၊ ဤသို့ မဂ် ၄-ပါး ၊ ဖိုလ် ၄-ပါး ပေါင်းရှစ်ပါးတို့ နိဗ္ဗာန်ကိုထည့်လျှင် လောကုတ္တရာတရား ၉-ပါးဖြစ်၏။ မဂ်ဉာဏ်ဟူသည် သစ္စာလေးပါးကို မြင်သိသော ဉာဏ်ပင်တည်း။ ဖိုလ်ဉာဏ်ဟူသည် သစ္စာ ၄-ပါးမြင်သိမှု အမြဲတည်သော ဉာဏ်ပင်တည်း။ နိဗ္ဗာန်ဟူသည် ဖြစ်ခြင်းကင်းသော အဇာတ အဘူတ အနုပ္ပါဒ အသင်္ခတပင်တည်း။

လောကုဇ္ဇာန်၏ အဓိပ္ပါယ်

လောကတော ဥတ္တရတီတိ လောကုတ္တရံ။

လောကတော၊ လောကထက်။ ဥတ္တရတိ။ လွန်မြတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ လောကုတ္တရံ၊ လောကုတ္တရာမည်၏။

သောတာပတ္တိမဂ်ကို ရအောင် ကျင့်နည်းနှင့် အထက်မဂ်
ရအောင် ကျင့်နည်း ခြားနားပုံ

မမ္မသဂ်ဏီပါဠိတော် တိကမာတိကာ ဒဿနတိက် (စာမျက်နှာ-၂)၌—

"ဒဿနေန ပဟာတဗ္ဗာ မမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗာ မမ္မာ၊
နေဝ ဒဿနေန န ဘာဝနာယ ပဟာတဗ္ဗာ မမ္မာ။"

ဟူ၍ဟောတော်မူ၏။

ထိုသုံးပါးတို့တွင် သောတာပတ္တိမဂ်သည် ဒဿနပဟာတဗ္ဗကိစ္စရှိ၏။ ဒဿနဟူသည် သစ္စာ ၄-ပါးကို မြင်သိမှုပင်တည်း၊ ထို့ကြောင့် သောတာပတ္တိမဂ်ကို ရလိုသော ပုဂ္ဂိုလ်တို့မှာ သစ္စာ ၄-ပါးကို ဟောပြောတတ်သော ပညာရှိထံ ဆည်းကပ်၍ သင်ကြားလေ့ကျက်၍ အနုပေါဒ သုတသိဖြစ်အောင် အားထုတ်ရမည်။ ထို အနုပေါဒသိမှ ပဋိဝေဓသိသို့ ရောက်အောင်၊ ဝါ။ သစ္စာ ၄-ပါးကို မိမိကိုယ်တွေ့ မြင်သိအောင် အားထုတ်မှုပင်တည်း။ ထိုသို့ အားထုတ်သဖြင့် မဂ်ကိစ္စ ၄-ပါး ပြီးစီးလျှင် ဒဿနပဟာတဗ္ဗကိစ္စ ပြီး၏ ဟူလို။

အထက်မဂ် ၃-ပါးမှကား သောတာပတ္တိမဂ်၌ သစ္စာသိပြီးဖြစ်သောကြောင့် သစ္စာကို မြင်သိရန် အားထုတ်ဖို့ မလိုတော့ပြီ။ ဒိဋ္ဌိ, ဝိစိကိစ္ဆာမှတပါး ကျန်သော ကိလေသာ ၅စ်ပါးကို။ ဝါ၊ ကာမရာဂ ဗျာပါဒ စသည်တို့ကို ခေါင်းပါးစွာ ကျင့်ခြင်း, ဘာဝနာပွါးခြင်းတို့ဖြင့်သာလျှင် ပယ်အပ်သောကိစ္စ ရှိတော့၏။

သောတာပတ္တိမဂ်အတွက်မှကား ကာမရာဂ ဗျာပါဒ ဥဒ္ဓစ္စကို မပယ်နိုင်သေးသော သားမယားနှင့်နေသော လူဥပါသကာတို့သော်လည်း အခါအခွင့် သင့်သည့်အခါ သစ္စာကို ဟောတတ်သော ပညာရှိထံ ဆည်းကပ်၍ ကြားနာမှတ်သားလေ့လာခြင်းပြုသဖြင့် သစ္စာလေးပါးတို့၌ ယုံမှားခြင်းကင်း၍ မဂ်ကိစ္စ ပြီးနိုင်ခွင့် ရှိပါသည်။

ထို့ကြောင့် သောတာပတ္တိမဂ်၏ ကိစ္စဖြစ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်နိုင်ခြင်းငှါ သစ္စာကို ဟောပြောနည်း ကျင့်နည်းတမျိုး, အထက်မဂ်အလို့ငှါ ကာမရာဂ ဗျာပါဒ စသည်ကို ဘာဝနာဖြင့် ပယ်ရန် ဟောပြောနည်း ကျင့်နည်း

တမျိုး၊ ဤသို့ ၂-မျိုးရှိသည်ကို သတိပြုတော်မူကြပြီးလျှင် အကြောင်းအာဒေါလျော်စွာ ပြောအပ် ဟောအပ် ကျင့်အပ်ပေသည်။ သို့မှသာလျှင် လိုရင်းကိစ္စ လျင်စွာပြီးသဖြင့် ခရီးရောက်ဖွယ် ရှိပေသည်။ ထို့သို့ သတိမပြုမူ၍ ခေါင်းပါးစွာ ကျင့်မှု, ဥဒ္ဓစ္စပယ်မှုတို့ကို ရှေးဦးကျင့်ခဲ့လျှင် လိုရာခရီး မရောက်သဖြင့် စိတ်တွန့်တတ်၏။ ထို့ကြောင့် ဒဿနပဟာတဗ္ဗကိစ္စဖြစ်သော သစ္စာကို မြင်သိခြင်းဖြင့် ဒိဋ္ဌ, ဝိစိကိစ္ဆာကို ရှေးဦးမပယ်ပဲ ကျင့်ခဲ့လျှင်။ ဥပမာ-ကမ်းစပ်၌ ကြိုးဖြင့် ချည်ထားသော လှေကို ကြိုးမဖြုတ်ပဲ လှော်က တဘက်ကမ်း မရောက်နိုင်သကဲ့သို့ ထို့အတူ နိဗ္ဗာန်ဟူသော ကန်းတဘက်သို့ရောက်ရန် ခက်ခဲတတ်၏ ဟူလို။

ယုံမှားခြင်းကို ရှေးဦး မပယ်ပဲ ကျင့်က လိုရင်းကိစ္စမပြီးဟု ရှင်တဆထောင်တို့ကို အကြောင်းပြု၍ ဟောတော်မူပုံ

ထို့ကြောင့် မြတ်စွာဘုရားက ရှင်တထောင်တို့ကို အကြောင်းပြု၍—

"နနဂ္ဂစရိယာ နဒဋ္ဌာ နပက်ာ၊ နာနာသကာ ထဏ္ဍိလသာယိကာ ဝါ။
ရဇောဇလ္လ ဥက္ကုဋ္ဌိကပ္ပဓာန၊ သောဓေန္တိ မစ္စု အဝတဏ္ဍကာခ ။
သလ္လံ ပဟန္တွာန ဓမ္မေသု၊ ဝါယမန္တော အမတသာ ဘာဂေါ။

အဝိတိဏ္ဏကခ်ံ၊ ရှစ်ပါးသော ယုံမှားခြင်းကို။ တနည်း-အဝိတိဏ္ဏကခ်ံ၊ ဗုဒ္ဓေါ သဗ္ဗညူ, ဓမ္မော နိယျာနိကော, သံဃော သုပ္ပဋိပန္နော, နိဿတ္တာ နိဇ္ဇီဝေါ စသည်၌ ယုံမှားခြင်းကို မလွန်မမြောက်နိုင်သေးသော။ ဝါ၊ အတ္တာဒိဋ္ဌိဟူသော ငြောင့်ကို မနုတ်မပယ်သော။ မစ္စံ၊ သတ္တဝါကို။ ဝါ၊ တရားအားထုတ်သောပုဂ္ဂိုလ်ကို။ နနဂ္ဂစရိယာ၊ အဝတ်မဆည်း အချည်းနှီးသော အကျင့်ဖြင့်လည်း။ န သောဓေယေ၊ မသုတ်သင်နိုင်ရာ။ ဝါ၊ ဝဋ်မှ ကျွတ်လွတ်ခြင်းငှါ မစွမ်းနိုင်ရာ။ ဇဋ္ဌာ-ဇဋ္ဌေန၊ အိမ်ရာစွန့်ပစ် ဆံကျစ်ထုံး၍ တောဋ္ဌမွေသော ရသေ့အကျင့်ဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်နိုင်ကုန်။ ပက်ာ-ပင်္ကေန၊ လူတို့ကမ္မပထ ကိစ္စပယ်ရှား သွားကိုမျှပင် မသုတ်သင်ပဲ သွားချေးတင်အောင်။ ဝါ၊ ညှန်တင်အောင် ကျင့်သော ဒေးကျင့်ဖြင့်လည်း။ န သောဓေန္တိ၊ မစင်ကြယ်

၁။ ဓမ္မပဒ နှာ ၃၄။ (ရှင်တထောင်ဓဟာရ ရှာပါ)။

နိုင်ကုန်။ အနာသကာ-အနာသကေန၊ ထမင်းမစား အငတ်ထား၍ ဖြတ်ထားသော အကျင့်ဖြင့်လည်း။ နသောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ထက္ကီလသာယိကာ ဝါ၊ ဆူးပုံထက်၌ အိပ်စက်၍ကျင့်သော အကျင့်ဖြင့်လည်း။ နသောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ရဇောဇလ္လံ၊ မှုန်ဖြင့် ပြည်းကုန်လျက် ညစ်ညမ်းသောကိုယ်ရှိသော အကျင့်ဖြင့်လည်း။ နသောဓေန္တိ၊ ကုန်။ ဥက္ကုဋိကပွဓာနံ၊ တုံးလုံးမစက် ရပ်လျက်မတည် သွားသည်မရှိ ပကတိ ဆောင့်ကြောင့် ထိုင်နေသော အကျင့်ဖြင့်လည်း။ နသောဓေန္တိ၊ ကုန်။ တု၊ ဧင်စစ်သော်ကား။ သလ္လံ၊ ဒိဋ္ဌိဝိစိကိစ္ဆာဟူသော ငြောင့်ကို။ ပဟန္တွာန၊ ပယ်သတ်၍။ တနည်း–ပဟန္တွာန၊ သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် ယုံမှားခြင်းကို ပယ်ဖျောက်၍။ ဓမ္မေသု၊ မဂ္ဂင်ရှစ်ပါး တရားတို့၌။ ဝါယမန္တော၊ အားထုတ်ခြင်းသည်။ ဝါ၊ အားထုတ်သော သူသည်။ အမတဿ၊ သေခြင်းကင်းသော အမြိုက်ခေါ်ဆို မဂ်ဖိုလ်နိဗ္ဗာန်၏။ ဘာဂေါ၊ အဖို့ပေတည်း။”–

ဟု ဟောတော်မူ၏။

တရားအားမထုတ်မီ မိမိ၏စိတ်ကို ပရိကံပြုပုံ

သို့ဖြစ်ရကား တရားမကျင့်မီ ပညာရှိထံ ဆည်းကပ်၍ ယုံမှားခြင်းကို ပယ်ဖျောက်နိုင်လောက်သော ဇဟုသုတကို ရအောင် ရှေးဦးစွာ အားထုတ်ရမည်။ သို့မှသာလျှင် လိုရင်းဖြစ်သော အဇာတ နိဗ္ဗာန်သို့ သွားရာ၌ ခရီးလျင်စွာ ရောက်နိုင်ပေမည် ဟူလို။

ထိုကြောင့် တရားအားထုတ်မည်ဟု အကြံပြုသည့်အခါ မသိမှု အဝိဇ္ဇာလို့ချင်မှုတဏှာ အမြင်မှားမှု မိစ္ဆာဒိဋ္ဌိဟူသော ကိလေသဝဋ်မပါမဝင်ရအောင် အဘယ့်ကြောင့် တရားအားထုတ်လိုပါသနည်း ဟု မိမိစိတ်ကို မေးအပ်၏။ ထိုအခါ ဇာတိချုပ်လိုသောကြောင့် ဟု ဖြေဆိုအပ်၏။ အဘယ့်ကြောင့် ဇာတိချုပ်လိုပါသနည်းဟု တဖန် မေးအပ်၏။ ဇာတိကား အပါယ်လေးပါး စသော ဒုဂ-ဘုံနှင့်သက်ဆိုင်၏။ ထို့ပြင် အိုမှု နာမှု သေမှု အနိစ္စ ဒုက္ခ အနတ္တတို့နှင့်လည်းစပ်၏၊ ထို့ကြောင့် ဒုက္ခရှိ၏။ ဇာတိချုပ်လျှင် ထိုအလုံးစုံသော ဒုက္ခတို့မှလွတ်၏ဟု မြင်သိသောကြောင့် ဇာတိချုပ်လို၏ဟု ဤသို့ ဖြေဆိုအပ်၏။ ဤသို့

မိမိစိတ်ကို စင်ကြယ်စွာ ပရိကံပြုပြီးမှ တရားကို အားထုတ်လျှင် ထိုသူ၏ ဆန္ဒ၌ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဟူသော ကိလေသဝဋ်ခုံပြတ်၏။ အဘယ့်ကြောင့် ချုပ်သနည်း ဟူမူ–ခန္ဓာဇာတိရှိလျှင် ဒုက္ခဟုမြင်သိမှု၊ ဇာတိချုပ်လျှင် နိဗ္ဗာန်ဟုမြင်သိမှုဖြစ်၏။ ထို့ကြောင့် ဒုက္ခကို ဒုက္ခဟု မသိတတ်သော မောဟအဝိဇ္ဇာချုပ်၏။ ဇာတိရှိလျှင် ဒုက္ခဟု မြင်သိသောကြောင့် ဘဝဇာတိတဖန် ဖြစ်လိုသောတဏှာသည် ချုပ်၏။ မိမိအားထုတ်သော ကံသည်လည်း ဝဋ္ဋနိဿိတကံချုပ်သဖြင့် ဝိဝဋ္ဋနိဿိတ မဂ္ဂင်ကုသိုလ်ကံကို ရလေတော့၏။ ဤသို့ ပရိကံပြု၍ အားထုတ်ခြင်းသည် အလွန်ခရီးရောက်သောကြောင့် ယခုပစ္စုပ္ပန်ဘဝမှာပင်လျှင် သောတာပတ္တိမဂ် စသည်ကို ရနိုင်ပါသည်ဟူလို။

တရားအားထုတ်သော လက်သည်ကို အရိယဝံသကထာအရ ပြပုံ

ထိုပြင် တရားအားမထုတ်မီ အားထုတ်သောလက်သည်ကိုလည်းစိစစ်အပ်၏။ ပရမတ္ထအားဖြင့် တရားအားထုတ်သော ကာရကပုဂ္ဂိုလ် မရှိပေ။ ထို့ကြောင့် ငါသည် တရားအားထုတ်သူပင်တည်းဟု နှလုံးမသွင်းအပ်၊ နှလုံးသွင်း ဖြောင့်မှုန်စေရန် ဝသုဒ္ဓိမဂ်အဋ္ဌကထာဆရာက —

> "ကာရကော သတိ ကာရကောတိ, ဝိပါကပဝတ္တိယာ သတိ ပဋိသံဝေဒကောတိ သမညာမတ္တေန ပဏ္ဍိတာ ဝေါဟာရဋ္ဌိ။"[1]

ဟူ၍ မိန့်ဆိုတော်မူ၏။

ကာရကော၊ အကြောင်းသည်။ သတိ၊ ရှိသော်။ ကာရကောတိ၊ ပြုလုပ်တတ်သောသူဟူ၍။ ဝိပါကပဝတ္တိယာ၊ ဝိပါက်၏ အဆင့်ဆင့်ဖြစ်ခြင်းသည်။ သတိ၊ ရှိသော်။ ပဋိသံဝေဒကောတိ၊ ဝိပါက်ကို ခံစားတတ်သောသူဟူ၍။ သမညာမတ္တေန၊ ပညတ်မျှဖြင့်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝေါဟာရဋ္ဌိ၊ ခေါ်ဆိုကုန်၏။

အဓိပ္ပါယ်ကား - ဇာတိချုပ်လိုသော ဆန္ဒသည် အကြောင်းမည်၏။ ဆန္ဒကြောင့် မဂ်အကျင့်ကို ကျင့်ခြင်းသည် အကျိုးမည်၏။ ဤသို့ အကြောင်းအကျိုးမျှသာတည်း။ ကာရကပုဂ္ဂိုလ် အထူး ဝိသေသ မရှိဟူလို။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ- ၂၇၂။

ထိုပြင် တရားအားထုတ်သောလက်သည်ကို အရိယဝံသကထာအရ ပြဦးအံ့–

"အဟံ(ဝိပဿနံ)ဝိပဿာမိ၊ မမ ဝိပဿနာ"တိ ဂဏှတော ဟိ ဒိဋ္ဌဥ္ဇုကံ နာမ နဟောတိ၊ "သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ"တိ ဂဏှတော ပန ဒိဋ္ဌဥ္ဇုကံ နာမ ဟောတိ။[1]

အနက်ကား——အဟံ၊ ငါသည်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝိပဿာမိ၊ ပွါး၏။ မမ၊ ငါ၏။ ဝိပဿနာ၊ ဝိပဿနာတည်း။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူသောသူ အား။ ဒိဋ္ဌဥ္ဇုကံ နာမ၊ ဒိဋ္ဌကို ခွါသောမည်သည်။ နဟောတိ၊ မဖြစ်။ (အထ ခေါ၊ စင်စစ်သော်ကား။) သင်္ခါရာဝ၊ သင်္ခါရတရားတို့သည်သာလျှင်။ သင်္ခါရေ၊ စိတ် စေတသိက် သင်္ခါရတရားတို့ကို။ ဝိပဿန္တိ၊ ဒဿနိစ္စ ဒုက္ခ အနတ္တဟု ရှုကုန်၏။ သမ္မသန္တိ၊ သုံးသပ်ကုန်၏။ ဝဝတ္ထပေန္တိ၊ ပိုင်းခြားကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ဆုံးဖြတ်ကုန်၏။ ဣတိ၊ ဤသို့။ ဂဏှတော။ ယူသောသူအား။ ဒိဋ္ဌဥ္ဇုကံ နာမ၊ ဒိဋ္ဌကိုခွါသော မည်သည်။ ဝါ၊ ပယ်၍ ကျင့်သည် မဲ့သည်သည်။ ဟောတိ၊ ဖြစ်၏။

အောက်ပါ မာနတဏှာမူးတွင် မြုပ်ထားသော အနက်မျှးကို ဒိဋ္ဌိမှာ ကဲ့သို့ သိပါကုန်။

"သုဒ္ဒါ ဝိပဿာမိ၊ မနာပံ ဝိပဿာမိ"တိ ဂဏှတော ပန မာန-သမုဿိတော နာမ နဟောတိ၊ သင်္ခါရာဝ သင်္ခါရေ(ပ)မာန-သမုဿိတော နာမ ဟောတိ။[2]

သုဒ္ဒါ၊ ကောင်းစွာ။ ဝိပဿာမိ၊ ပွါး၏။ မနာပံ၊ နှစ်သက်စွာ။ ဝိပဿာမိ၊ ပွါး၏။ ဣတိ၊ ဤသို့။ ဂဏှတော ပန၊ ယူသောသူအားကား။ မာနသမုဿိတော နာမ၊ မာနကို ခွါသောမည်သည်။ နဟောတိ၊ မဖြစ်။ သင်္ခါရာဝ၊ သင်္ခါရတရားတို့သည်သာလျှင်။ ဝါ၊ သဒ္ဓါ သတိ ဝီရိယ စသော သင်္ခါရတရားတို့သည်သာလျှင်။(ပ)ဂဏှတော၊ ယူသောသူအား။ မာနသမုဿိတော နာမ၊ မာနကို ခွါသောမည်သည်။ ဟောတိ၊ ဖြစ်၏။

၁။ ဝိသုဒ္ဓိ ဒုတိယ နှာ·၂၆၃။

"ဝိပဿိတုံ သင်္ကောမိ"တိ ဝိပဿနံ အာဿာဒေန္တဿ နိကန္တိပရိယာ-
ဒါနံ နာမ နဟောတိ။ သခ်ါရာဝ။ပ။ နိကန္တိပရိယာဒါနံ နာမ ဟောတိ။[၁]

ဝိပဿိတုံ၊ ပွါးခြင်းငှါ။ သင်္ကောမိ၊ စွမ်းနိုင်၏။ ဣတိ၊ ဤသို့။ ဝိပဿနံ၊ ဝိပဿနာကို။ အာဿာဒေန္တဿ၊ တဏှာဖြင့် သာယာသောသူအား။ နိကန္တိ-ပရိယာဒါနံ နာမ၊ နိကန္တိတဏှာကို ပယ်သောမည်သည်။ န ဟောတိ၊ မဖြစ်။ သခ်ါရာဝ၊ သဒ္ဓါ သတိ ဝီရိယစသော သခ်ါရတရားတို့သည်သာလျှင်။ သခ်ါရေ၊ သခ်ါရတရားတို့ကို။ ဝိပဿနိ၊ အထူးထူး အပြားပြားရှုကုန်၏။ ဝါ၊ အနိစ္စ ဒုက္ခ အနတ္တဟု ရှုကုန်၏။ သမ္မသနိ၊ သုံးသပ်ကုန်၏။ ဝဝတ္ထပေနိ၊ ပိုင်းခြားကုန်၏။ ပရိဂ္ဂဏှနိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္နနိ၊ ဆုံးဖြတ်ကုန်၏။ ဣတိ၊ ဤသို့။ ဂဏှတော၊ ယူသောသူအား။ နိကန္တိပရိယာဒါနံ နာမ၊ နိကန္တိတဏှာကိုပယ်သောမည်သည်။ ဟောတိ၊ ဖြစ်၏။

မြုပ်ထားသောအနက်များကို ဒီဋ္ဌဥ္ဃါဋ္ဌနမှာကဲ့သို့ ရှုပါကုန်။

အရိယဝံသကထာအရှု တဏှာ မာန ဒိဋ္ဌိ
ပယ်နည်း ပြီး၏။

လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာ ၂ မျိုးတို့၏ အဓိပ္ပါယ်ကိုပြပုံ

မင်္ဂလာဟူသည် လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာဟူ၍ ၂-မျိုးရှိ၏။ မင်္ဂလာစိတ်နှင့် ယှဉ်ခိုက်မှာ မင်္ဂဂုဏ်ရှစ်ပါးသည် လောကုတ္တရာမင်္ဂလာ မည်၏။ မင်္ဂလာစိတ်နှင့်မယှဉ်မီ ကိလေသာ သံယောဇဉ်များကို ပယ်သတ်ခြင်းသည် လောကီမင်္ဂလာစိတ်နှင့်ယှဉ်၍သာ ကျင့်ရခြင်းကြောင့် လောကီမင်္ဂလာမည်၏ဟူလို။

ထိုမင်္ဂလာ၏အဓိပ္ပါယ်ကို ဝစနတ္ထများနှင့်တကွ ပြဦးအံ့—

ဇောယ၂, ဒုက္ခနိရောဓံ ဂစ္ဆတိ အာရမ္မဏဝသေန တဒဘိမုခီ-
ဘူတတ္တာ၊ ပဋိပဒါ စ ဟောတိ ဒုက္ခနိရောဓပတ္တိယာ၊ တသ္မာ ဒုက္ခ-
နိရောဓဂါမိနိပဋိပဒါတိ ဝုစ္စတိ[၃]။

၁။ ဝိသုဒ္ဓိ ဒုတိယ နှာ-၂၆၃။ ၂။ ဇေတံ (ဆဋ္ဌ)
၃။ ဝိသုဒ္ဓိ ဒုတိယ နှာ-၁၂၆။

ဧတာဃ၊ ဤအဋ္ဌကိုကမက်ဖြင့်။ တနည်း-ဧတာဃ၊ ဤကောင်းစွာမြင်ခြင်း, ကောင်းစွာ ကြံခြင်း, ဝစီကံ ၄ ပါးကိုကြဉ်ခြင်း, ကာယကံ ၃-ပါးကို မလွန်ကျူးခြင်း, ကောင်းစွာ အသက်မွေးခြင်း, သမ္မပ္ပဓာန်လုံ့လဖြင့် ကောင်းစွာ အားထုတ်ခြင်း, ကောင်းသော သတိရှိခြင်း, ကောင်းသော တည်ကြည်ခြင်း ဟူသော မဂ္ဂင်ရှစ်ပါးအကျင့်ဖြင့်။ ဒုက္ခနိရောဓံ၊ ဒုက္ခနိရောဓသို့။ တနည်း-ဒုက္ခနိရောဓံ၊ ဖြစ်မှုမရှိသော အဇာတ ဒေးပွဝတ္တ အနုပ္ပါဒ အသင်္ခတအာရုံသို့။ အာရမ္မဏဝသေန၊ အာရုံပြုသည်၏အစွမ်းဖြင့်။ တနည်း— အာရမ္မဏဝသေန၊ ဇာတိချုပ်မှုကို အလိုရှိသော အာရမ္မဏိကမက်စိတ်ဖြင့်။ တဒဘိမုခီဘူတတ္တာ၊ ထို ဇာတိနိရောဓသို့ အာရုံပြုသောအားဖြင့် ရှေးရှုသည်၏အဖြစ်ကြောင့်။ ဂစ္ဆတိ၊ ရောက်တတ်၏။ ဝါ၊ ဖြစ်မှုချုပ်ခြင်းကိုသာ စွဲယူနေတော့၏။ ဝါ၊ နှစ်သက်၍ နေတော့၏။ ဝါ၊ ဖြစ်မှုချုပ်ခြင်းသာလျှင် အမြတ်ဆုံးတရားဟု ဆုံးဖြတ်လိုက် တော့၏။ ဒုက္ခနိရောဓပတ်တိယာ၊ ဒုက္ခနိရောဓသို့။ ဝါ၊ ဇာတိနိရောဓသို့ ရောက် ခြင်း၏။ ပဋိပဒါ စ၊ ရောက်ကြောင်း အကျင့်မြတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ ဇာသမ္မာ၊ ထိုသို့ ဇာတိချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ဟူသော သတ္တိကြောင့်။ ဒုက္ခနိရောဓဂါမိနိပဋိပဒါဘိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သုခါ, နိရောဓောဟူ၍ နှစ်ပုဒ်ရှိသည့်အနက် မဂ်စိတ်သည် သုခကိုအာရုံမပြုရ နိရောဓကိုသာ အာရုံပြုရန် သတ်ငေးပုံ

ဤဌ် မဂ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ကျင့်ရမည်ဖြစ်သောကြောင့် နိဗ္ဗာန် အာရုံမှန်မှ မဂ်ကိစ္စ ပြီးနိုင်သည်။ ဥပမာ – သုခါ နိရောဓော-ဟူ၍ ဘာဝနာ ပွါးရာဌ် နိရောဓော-ကား နိဗ္ဗာန်တည်း။ သုခါ-ကား သဒ်ါရချုပ်သဖြင့် ဒုက္ခမှ ကင်းလွတ်သော ချမ်းသာသောဂုဏ်တည်း။ ထိုကြောင့် သုခါဟူသောဂုဏ်ကို အာရုံမပြုရ။ နိရောဓောဂုဏ်ကိုသာ အာရုံပြုရမည်။ “အနုပ္ပါဒေါ သုခံ၊ အပ္ပဝတ္တံ သုခံ၊ အဇာတိ သုခံ” တို့မှာလည်း ထိုအတူ ဖြစ်မှုချုပ်သော။ ဝါ၊ ချုပ်ရာနိရောဓ သဘောကိုသာ အာရုံပြုရမည်။ သုခကို အာရုံပြုက လောဘ မောဟ ပါဝင်နေ တတ်၏ဟူလို။

ဝိပဿနာ၏ အဓိပ္ပါယ်နှင့် ဝစနတ္ထများကို ပြပုံ

သမ္မာဒိဋ္ဌိမဂ်ဖြင့် ဝိပဿနာပဉ္စဝါးရာ၌ ဝိပဿနာ၏အဓိပ္ပါယ်ကို ပြဦးအံ့–

အဘယ်ကြောင့် ဝိပဿနာ မည်ပါသနည်း ဟူငြားအံ့–

ခန္ဓာဒိသခ်ံတဓမ္မေ အနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ။[1]

ခန္ဓာဒိသခ်ံတဓမ္မေ၊ ခန္ဓာစသော သခ်ံတတရားတို့ကို။ အနိစ္စာဒိဝိဝိဓာကာရေန၊ အနိစ္စ စသော အထူးထူးသော အပြားအားဖြင့်။ ပဿတိ၊ ရှုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာ မည်၏။

ဝိဝိဓာကာရေန-အရ ရူပကာယ တခုဋ္ဌပင်လျှင် သစ္စာလေးပါးထိအောင် ရှုနိုင်၏။ ဥပမာ – ကာယပသာဒရုပ်၌ ဆံပင်စသော ပထဝီဓာတ် ၂၀၊ ပိတ်ံ စသော အာပေါဓာတ် ၁၂၊ သန္တိပ္ပန စသော တေဇောဓာတ် ၄၊ ဝိတ္ထမ္ဘန စသော ဝါယောဓာတ် ၆-ပါး၊ ဤ ၄၂-ကောဋ္ဌာသတို့၌ ဓာတ်အားဖြင့် မြေ, ရေ, လေ, မီး စသည်ဖြင့် ရှုနိုင်၏။ လက္ခဏာအားဖြင့် ကက္ခဋတ္တ, အာပန္ဓနတ္တ, ဥဏှတ္တ, ဝိတ္ထမ္ဘနတ္တအားဖြင့် ရှုနိုင်၏။ ရုပ္ပနအားဖြင့် ရှုနိုင်၏။ ဓာတ်သဘော မျှသာ ဖြစ်သောကြောင့် သတ္တဇီဝမှု ဆိတ်မှု၊ သိတတ် မှတ်တတ်သော သဘော မရှိ၊ အစေတန အဗျာကတမျှ၏အဖြစ်၊ မမြဲသော အနိစ္စလက္ခဏာ၊ အဖန်ဖန် ဖြစ် ပျက်မှု အဘိဏှပဋိပီဠန ဒုက္ခလက္ခဏာ၊ မအို မနာ မသေအောင် အစိုးမရ အလိုသို့ မလိုက်မှု ဟူသော အနတ္တလက္ခဏာတို့ကိုလည်း ရှုနိုင်၏။ ထိုရုပ်တို့သည် အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ ဟူသော သမုဒယသစ္စာကြောင့် ဖြစ်၏။ အဖန်ဖန် ပြုပြင်အပ်သောကြောင့် သခါရဒုက္ခတရားမျှသာ ဖြစ်၏။ ထိုရုပ်ကို ဖြစ်စေတတ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံတို့ကို မဂ်ဖြင့်ချုပ်စေလျှင် အသင်္ခတဖြစ်မှုရှိ ချုပ်ရ၏။ ဤသို့လျှင် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ ဟူသော သစ္စာ ၄-ပါး ကိစ္စပြီးစီးအောင် ရှုအပ်သောကြောင့်။ ဝါ၊ ရှုနိုင်သောကြောင့် ဝိပဿနာကို ဝိဝိဓာကာရေန-ဟု အဋ္ဌကထာဆရာက ဝစနတ္ထဝိဂြိုဟ် ပြုပါသည် ဟူလို။

၁။ အဋ္ဌသာလိနီ-နှာ-၉၅-စသည် ကြည့်။

အနိစ္စ ဒုက္ခ အနတ္တ တရားနှင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို ခဲခြား၍ မြင်သိနည်း

ဝိပဿနာပညာ၏ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်များကို ပြဦးအံ့—

ပညာယ လက္ခဏာဒီနိ၊ သဘာဝပ္ပဋိဝေဓနံ။
မောဟန္ဓဝိဒ္ဓံသနဋ္ဌ၊ အာသဓမ္မာဟော သမာဓိ စ။[၁]

ပညာယ၊ ဝိပဿနာပညာ၏။ လက္ခဏာဒီနိ၊ လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့သည်ကား။ သဘာဝပ္ပဋိဝေဓနံ၊ ကကွဋ္ဆ, ဖုသန, ဝေဒိယန, သဉ္ဇာနန, ဝိဇာနန စသော သဘာဝလက္ခဏာ, အနိစ္စ စသော သာမညလက္ခဏာတို့ကို မြင်သိတတ်သော လက္ခဏာသည်၎င်း။ မောဟန္ဓဝိဒ္ဓံသနဋ္ဌ၊ ယင်း သဘောတို့၌ ဖုံးလွှမ်းတတ်သော မောဟ အဝိဇ္ဇာကို။ ဖျက်ဆီးခြင်း ကိစ္စသည်၎င်း။ အာသမ္မာဟော စ၊ ယင်း သဘောတို့၌ မတွေဝေခြင်း ဟူသော ပစ္စုပဋ္ဌာန်သည်၎င်း။ သမာဓိ စ၊ ယင်းသဘောတို့ကို မြင်သိမှု၌ တည်သော သမာဓိ ဟူသော ပဒဋ္ဌာန်သည်၎င်း။ ဣတိ၊ ဤသို့။ လက္ခဏာဒီနိ၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို။ ဒဋ္ဌဗ္ဗာနိ၊ ကုန်၏။

လက္ခဏ ရသတို့၏ ဒ၅ဓိပ္ပါယ်ကား—

သဘာဝေါ ဝါ သာမညံ ဝါ လက္ခဏံ နာမ၊ ကိစ္စံ ဝါ သမ္ပတ္တိ ဝါ ရသော နာမ။[၂]

သဘာဝေါ ဝါ၊ သဘာဝ လက္ခဏာသည်၎င်း။ သာမညံ ဝါ၊ ဒ၅နိစ္စ စသော သာမည လက္ခဏာသည်၎င်း။ လက္ခဏံ နာမ၊ လက္ခဏာ မည်၏။ ကိစ္စံ ဝါ၊ ကိစ္စ ရသသည်၎င်း။ သမ္ပတ္တိ ဝါ၊ ပြည့်စုံခြင်း ဟူသော ရသသည်၎င်း။ ရသော နာမ၊ ရသ မည်၏။

သာမညလက္ခဏာကို ရှုရာ၌ လက္ခဏာနှင့် လက္ခဏာ၏ တည်ရာ ၂-ပါးတို့တွင် ရုပ်နာမ် ခန္ဓာတို့ကား အနိစ္စ ဒုက္ခ အနတ္တ ဟူသော သာမညလက္ခဏာတို့၏ တည်ရာ မည်၏။ ထို ရုပ် နာမ် ခန္ဓာတို့၌ ရှိသော မမြဲသောလက္ခဏာ,

---

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၆၈-ကြည့်။ ၂။ အဋ္ဌသာလိနီ-နှာ-၁၀၅။

ဆင်းရဲသော လက္ခဏာ, အစိုးမရ အလိုသို့မလိုက် အတ္တ သတ္တ မဟုတ်သော အနတ္တ လက္ခဏာတို့ကိုသာ ရှုရမည်။ ထိုသို့ လက္ခဏာကို ရှုလျှင် လက္ခဏာ၏ တည်ရာ ရုပ် နာမ် ခန္ဓာတို့၌ ခင်တွယ်သော တဏှာမှ ထမြောက်လေတော့၏။ ဤသို့ မည်သည့်ခန္ဓာကိုမျှ မလိုချင်မှုသည် တဏှာပယ်မှုကိစ္စ ပြီးပါ၏ ဟူလို။

အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကြောင့် သင်္ခါရတရားတို့သည် အနိစ္စတရား ဒုက္ခတရား အနတ္တတရား မည်ပုံကို ရှုရန် ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည် 'ဇတ္ထန္တရေ' စသည်ကို မိန့်တော်မူ၏။

> ဇတ္ထန္တရေ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ကသ္မာ၊ ဥပ္ပါဒဝယဝတ္တိတော စ ဝိပရိနာမတော စ တာဝကာလိကတော စ နိစ္စပဋိက္ခေပတော စ အနိစ္စာ။[1]

ဇတ္ထန္တရေ၊ ဤဘဝအတွင်း၌။ ယသ္မာ၊ အကြင်ကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သဗ္ဗေ သင်္ခါရာ၊ ရုပ် နာမ် ခန္ဓာ သင်္ခါရ တရားအပေါင်းတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဥပ္ပါဒဝယဝတ္တိတော စ၊ ဖြစ်ခြင်း ပျက်ခြင်းအား ဖြင့် ဖြစ်ခြင်းကြောင့်၎င်း။ ဝိပရိဏာမတော စ၊ အိုခြင်း နာခြင်း စသည်ဖြင့် ဖောက်ပြန်ခြင်းကြောင့်၎င်း။ တာဝကာလိကတော စ၊ အခိုက်အတန့်မျှသာ တည်ခြင်းကြောင့်၎င်း။ နိစ္စပဋိက္ခေပတော စ၊ မြဲခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၎င်း။ ဝါ၊ မြဲမှုကို ပယ်သောကြောင့်၎င်း။ သင်္ခါရာ၊ ရုပ် နာမ် ခန္ဓာ သင်္ခါရ တရားတို့သည်။ အနိစ္စာ၊ အနိစ္စမည်ကုန်၏။

ဤကား အနိစ္စမည်ခြင်း အကြောင်း လေးပါးတည်း။

> ယသ္မာ စ ဥပ္ပန္နာ သင်္ခါရာ ဒုတိ° ပါပုဏန္တိ၊ ဒုတိယံ ဇရာယ ကိလမန္တိ၊ ဇရံ ပတ္တာ အဝဿံ ဘိဇ္ဇန္တိ၊ ဘသ္မာ အဘိဏှသမ္ဘဋ္ဌပိဋ္ဌ-နတော ဒုက္ခမတော ဒုက္ခဝတ္ထုတော သုခပဋိက္ခေပတော စ ဒုက္ခာ။"[2]

ယသ္မာ၊ အကြောင်ကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သင်္ခါရာ၊ ရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့သည်။ ဒုတိ°၊ ဒု ဓာတ်သို့။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဒုတိယံ၊

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ၊၂၅၃။ ၂။ ဝိသုဒ္ဓိ ဒုတိယ-နှာ-၂၃၅။

ဌီ ခဏ၌။ ဇရာယ၊ အိုခြင်းဖြင့်။ ကိလမန္တီ၊ ပင်ပန်းကုန်၏။ ဇရံ၊ အိုခြင်းသို့။ ပတ္တာ၊ ရောက်၍။ အဝဿံ၊ မခွတ်။ ဝါ၊ အလိုမရှိပဲလျက်။ ဘိဇ္ဇန္တိ၊ ဘင်ခဏဖြင့် ပျက်ဒီးကုန်၏။ တသ္မာ အဘိက္ခဏမပွဋိပဇ္ဇနတော၊ ထိုသို့ဥပါဒ်ဌီ ဘင် ဇာတိ ဇရာ မရဏတို့ဖြင့် မပြတ်နှိပ်စက်အပ်သောကြောင့်ဂင်း။ ဒုက္ခမတော စ၊ သည်းခံနိုင်ခဲသောကြောင့်ဂင်း။ ဒုက္ခဝတ္ထုတော စ၊ ဒုက္ခ၏တည်ရာ ဝတ္ထုဖြစ်သောကြောင့်ဂင်း။ သုခပဋိက္ခေပတော စ၊ သုခကိုပယ်သောကြောင့်ဂင်း။ ဝါ၊ ဖြစ်ခြင်း ပျက်ခြင်း သဒ်ါရတရား မရှိသဖြင့် အလုံးစုံသော ဒုက္ခတို့မှကင်းလွတ်သော နိဗ္ဗာန် ချမ်းသာ၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ဂင်း။ ဒုက္ခာ၊ ဒုက္ခ မည်ကုန်၏။

ဤကား ဒုက္ခတရားမည်ခြင်း အကြောင်းဧလေးပါးတည်း။

ယသ္မာ စ "ဥပ္ပန္နာ သဒ်ါရာ ဌီတိ မာ ပါပုဏန္တု၊ ဌာနပ္ပတ္တာ မာ ဇီရန္တု၊ ဇရာပတ္တာ မာ ဘိဇ္ဇန္တု" တိ ဣမေသု တီသု ဌာနေသု ကဿစိ ဝသဝတ္တိဘာဝေါ နတ္ထိ၊ တေန ဝသဝတ္တနာကာရေန သုညော၀၊ တသ္မာ သုညတော စ အဿာမိကတော စ (အသာရကတော စ) အတ္တပဋိက္ခေပတော စ အနတ္တာတိ။[1]

ယသ္မာ၊ အကြင်ကြောင့်။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သဒ်ါရာ၊ ရုပ်နာမ်ခန္ဓာသဒ်ါရ တရားတို့သည်။ ဌီတိ၊ ဌီ ခဏသို့။ မာ ပါပုဏန္တု၊ မရောက်ပါစေကုန်သတည်း။ ဝါ၊ မြဲပါစေကုန်သတည်း။ ဌာနပ္ပတ္တာ၊ ဌီသို့ ရောက်ကုန်ပြီးသော။ သဒ်ါရာ၊ သဒ်ါရတရားတို့သည်။ မာ ဇီရန္တု၊ မဆွေးမြေ့ပါစေကုန်သတည်း။ ဝါ၊ မအို မနာ သွားမကျိုး ဆံမဖြူ ခါးမကိုင်း နားမထိုင်း မျက်စိ မမှုန်ပါစေကုန်သတည်း။ ဇရာပတ္တာ၊ အိုခြင်းသို့ ရောက်ကုန်သော။ သဒ်ါရာ၊ ရုပ်နာမ်ခန္ဓာသဒ်ါရ တရားတို့သည်။ မာ ဘိဇ္ဇန္တု၊ ဘင်ခဏ၌ မပျက်စီးပါစေကုန်သတည်း။ ဝါ၊ မသေမကြေ မပျောက်မကွယ်ပါစေကုန်သတည်း။ ဣတိ၊ ဤသို့။ ဣမေသု တီသု ဌာနေသု၊ ဤဥပါဒ်ဌီ ဘင် ဇာတိ ဇရာ မရဏတို့၌။ ကဿစိ၊ တစုံတယောက်သောသူ၏။ ဝသဝတ္တိဘာဝေါ အလိုသို့ လိုက်ခြင်းသည်။ နတ္ထိ၊

၁။ ဝိသုဒ္ဓိ၊ဒုတိယ- နှာ၊ ၂၅၃-၄။

မရှိပြီ။ တေန ဝသဝတ္တာနာကာရေန၊ ထိုသို့ အလိုသို့လိုက်ခြင်းမှ။ သုညော၀၊ ဆိတ်သည်သာလျှင်တည်း။ တသ္မာ သုညတော စ၊ ထိုသို့ အလိုသို့ လိုက်ခြင်းမှ ဆိတ်သေးကြောင့်၎င်း။ အဿာမိကတော စ၊ အရှင်မရှိသောကြောင့်၎င်း။ တနည်း–အဿာမိကတော စ။ မအို့အောင် မနာအောင် မသေအောင် စောင့်ရှောက်နိုင်သော အစိုးရသော အရှင် တစုံတယောက်မျှ မရှိခြင်းကြောင့်၎င်း။ (အသာရကတော စ။ နိစ္စဟူသော မြဲသော အနှစ်အသား, သုခဟူသော ချမ်းသာသော အနှစ်အသား, အစိုးရခြင်း အလိုသို့ လိုက်စေခြင်း ဟူသော အနှစ်အသား မရှိသောကြောင့်၎င်း။) အတ္တပဋိက္ခေပတော စ။ အတ္တကို ပယ်သောကြောင့်၎င်း။ ၀ါ၊ ပဂ္ဂိုလ်, သတ္တ၀ါ, ငါ, သူတပါး ယောကျ်ား, မိန်းမ ဟူသော လောကပညတ်နှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၎င်း။ အနတ္တာ၊ အနတ္တ မည်ကုန်၏။

ဤကား အနတ္တမည်ခြင်း အကြောင်းလေးပါးတည်း။

ဤသို့လျှင် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာနှင့် ထိုလက္ခဏာတို့တည်ရာ ရုပ်နာမ်တရားတို့ကို ခွဲခြား၍ ရှုအပ်၏ ဟူလို။

ဤသို့ ရုပ်နာမ် ခန္ဓာ သစ္စာရ တရားတို့၌ ရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကိုရှုလျှင် ထိုလက္ခဏာတို့၏ တည်ရာ ရုပ်နာမ် ခန္ဓာ သစ္စာရ တရားတို့၌ ငါ, ငါ၏ ဥစ္စာ, ပုဂ္ဂိုလ်, သတ္တ၀ါ, ယောကျ်ား, မိန်းမဟု ရှုတတ်သော အတ္တ သတ္တဟု ယူသော အတ္တဒိဋ္ဌိ ချုပ်ရလေတော့၏။ ဝိပဿနာရှုမှုဟူသည် မိမိတို့သန္တာန်၌ ရှိသော ဆိပင် မွေးညင်းစသော ရုပ် ဝေဒနာ သညာ သစ္စာရ ဝိညာဏ်ဟူသော ရုပ် နာမ် ခန္ဓာတို့၌ အနိစ္စစသော အပြစ်ကို ရှုသဖြင့် ထိုခန္ဓာ သစ္စာရတို့ တဖန်ဖြစ်လိုသော လောဘတဏှာ ချုပ်အောင် ကျင့်မှုပင်တည်း။ တနည်း-ပဋိသန္ဓေ အဖန်ဖန် နေရမှု အဖန်ဖန် အိုမှု နာမှု သေမှုတို့ကို ရှုခြင်းဖြင့် လောဘတဏှာ ချုပ်အောင် ကျင့်မှုပင်တည်း။ ထိုကြောင့် ဝိပဿနာ အာရုံတခြားမှာ ရှာရန်မလို၊ မိမိသန္တာန်၌ရှိသော ဇာတိ ဇရာ ဗျာဓိ မရဏ သောကစသော ဘေးတို့ကို ရှုမှုပင်တည်း။ ဤသို့ ဇာတိ ဇရာ စသည်တို့ကိုရှုလျှင် အနိစ္စစသော လက္ခဏာရှုမှုကိစ္စလည်း ပြီးနိုင်ပါ၏ ဟူလို။

ပဥ္စဝဂ္ဂိ ၅-ဦးတို့သည် ဒုက္ခသစ္စာကို ကြားနာရသော သံဝေဂကြောင့် တခန်ဖြင့် မဂ်သို့သက်ပုံ

ပဥ္စဝဂ္ဂိ ၅-ဦးတို့အား မြတ်စွာဘုရားက သစ္စာလေးပါး ဟောတော်မူစဉ်အခါ–

“ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။”

ဟူ၍ ဒုက္ခ ၇-ပါးကို ဟောတော်မူသဖြင့် သံဝေဂရပြီးလျှင် ပဥ္စဝဂ္ဂိ ၅-ဦးတို့သည် ထိုင်ရာမထ သောတာပတ္တိမဂ် စသည် ရတော်မူကြလေသည်။ ထိုကြောင့် ထိုဒုက္ခ ၇ ပါးကိုပင် အဖန်တလဲလဲ ရှုကြပါကုန်။ ဤကား ဓမ္မစကြာ အလို အားဖြင့် ဒုက္ခ ၇-ပါးတည်း။

သတိပဋ္ဌာန်အလို မူကား ဒုက္ခ ၁၂-ပါးတည်း။ ထိုကြောင့် ဒုက္ခ ၇-ပါးသာ ရှိ၏၊ ၁၂ ပါးမရှိဟု မဆိုအပ်ပေ။ ခန္ဓာ ၅-ပါးဖြစ်လျှင် အနိစ္စ ဒုက္ခ အနတ္တ ကပ်လျက် တကွ ပါလာ၏။ ထိုကြောင့်ပင်လျှင် ကံ စိတ် ဥတု အာဟာရတို့ဖြင့် မပြတ်ပြုပြင်ပေးရ၏။ ထိုခန္ဓာတို့သာလျှင် မမြဲမှု ဆင်းရဲမှု အစိုးမရ အလိုသို့ မလိုက်မှု ရှိသည်မဟုတ်။ ထိုပြုပြင်ပေးသော ကံ စိတ် ဥတု အာဟာရတို့သည်လည်း အနိစ္စ ဒုက္ခ အနတ္တပင် ဖြစ်သောကြောင့်သာလျှင် အဖန်ဖန် ပြုပြင်ရ၏။

နိဂုံးချုပ်အားဖြင့် ဆိုရလျှင် ပြုပြင် ဖြစ်ပျက်, ဖြစ်ပျက် ပြုပြင်စသဖြင့် အိုမှု မဆုံး နာမှုမဆုံး သေမှုမဆုံး ဟဖန် ပဋိသန္ဓေ နေရမှုမဆုံး အပါယ်လေးပါးသို့ ကျရောက်မှုမဆုံး သံသရာ ရဟတ်ချား ဆုံးလည် နှံးကဲ့သို့ဟု သံဝေဂယူ၍ ဇာတိ ချုပ်ရာ နိဗ္ဗာန်ကိုသာလျှင် ညွတ်သင့်ပေသည် ဟူလို။

ဖြစ်စေတတ်သော အကြောင်းတရားတို့သည်လည်း အနိစ္စ ဒုက္ခ အနတ္တသာတည်းဟု ဟောပုံ

ပစ္စုပ္ပန် ယခုရှိသော နာမ်ရုပ်တို့သာ မမြဲသည်မဟုတ်၊ ထိုရုပ်နာမ် ဇာတိကို ဖြစ်စေတတ်သော အကြောင်းတို့သည်လည်း အနိစ္စ ဒုက္ခ အနတ္တတို့သာတည်းဟု

သံယုတ်ပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။ ဟောတော်မူပုံကား–

ရူပံ ဘိက္ခဝေ အနတ္တာ၊ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ ဒုအနတ္တာ၊ အနတ္တာသမ္ဘူတံ ဘိက္ခဝေ ရူပံ၊ ကုတော အတ္တာ ဘဝိဿတိ။

ပါဠိတော်မှာ အနတ္တာကို အစထား၍ ဟောတော်မူသည့်အတိုင်း ယခုလည်း အနတ္တာကို အစထားပါသည် ဟူလို။[၂]

ရူပံ ဘိက္ခဝေ အနိစ္စာ ဒုက္ခာ၊ ယောပိ ဟေတု ယောပိ ပစ္စယော ရူပဿ ဥပ္ပါဒါယ၊ သောပိ အနိစ္စာ ဒုက္ခာ၊အနိစ္စဒုက္ခသမ္ဘူတံ ဘိက္ခဝေ ရူပံ၊ ကုတော နိစ္စံ သုခံ ဘဝိဿတိ။[၃]

(ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ကိုလည်း ၎င်းနည်းသိပါကုန်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ရူပံ၊ ရုပ်သည်။ အနတ္တာ၊ အစိုးမရသဖြင့် အလိုသို့ မလိုက်ခြင်းကြောင့် အတ္တ သတ္တ မဟုတ်ကုန်။ ရူပဿ၊ ရုပ်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်း၏။ ယောပိ ဟေတု၊ အကြင် ဇနကအကြောင်းသည်ရင်း။ ယောပိ ပစ္စယော၊ အကြင် အထောက်အပံ့အကြောင်းသည်ရင်း။ အတ္ထိ၊ ရှိ၏။ သောပိ၊ ထိုဇနက, ဥပတ္ထမ္ဘကအကြောင်းသည်လည်း။ အနတ္တာ၊ အစိုးမရကုန်။ ဘိက္ခဝေ၊ တို့။ ရူပံ၊ ရုပ်သည်။ အနတ္တသမ္ဘူတံ၊ အစိုးမရ အလိုသို့ မလိုက်သောအားဖြင့် ဖြစ်ခြင်းရှိ၏။ အတ္တာ၊ အတ္တ သတ္တသည်။ ကုတော ဘဝိဿတိ၊ အဘယ်မှာ ဖြစ်နိုင်တော့အံ့နည်း။

အနိစ္စ ဒုက္ခ လက္ခဏာတို့အတွက်လည်း အနတ္တကဲ့သို့ပင်တည်း၊ အနိစ္စ ဒုက္ခ ဟု အမည်ပြောင်းပေးရုံမျှသာ ထူးတော့၏။

လို့ပြင် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့မှာလည်း ရုပ်ကဲ့သို့ပင် ရှုပါကုန်။ ထို ခန္ဓာငါးပါးတို့၏ အတိတ်အကြောင်းမူကား ဇနက ကံပင်တည်း၊ ပစ္စုပ္ပန်၌

၁။ ခန္ဓဝဂ္ဂသံယုတ် နှာ-၂၀။ ၂။ ယခုပါဠိတော်မျှားး၌ အနိစ္စကို အစထားလျက် ရှိသည်။
၃။ ခန္ဓာဂ္ဂသံယုတ်နှ -၂၀။

ရုပ်အကြောင်းကား ကံ စိတ် ဥတု အာဟာရတို့ပင်တည်း။ နာမ်၏အကြောင်းကား ဒွါရ, အာရုံတို့ပင်တည်း ဟူ၍ သိပါကုန်။ ထိုထို ရုပ်၏ အကြောင်း နာမ်၏အကြောင်းတို့သည်လည်း အမြဲမရှိ၊ ဆင်းရဲသော အစိုးမရသော အနိစ္စ ဒုက္ခ အနတ္တတို့သာတည်း၊ ပစ္စုပ္ပန် ဒွါရ အာရုံ ဝိညာဏ် ဖဿ ဝေဒနာ သညာ စသော တရားတို့သည်လည်း အနိစ္စ ဒုက္ခ အနတ္တတို့သာတည်း။ ထို့ကြောင့် ခန္ဓာငါးပါး ရှိနေခြင်းသည် ဒုက္ခသစ္စာ ရှိနေခြင်းပင် ဖြစ်၏။ ထို့ကြောင့် "ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ" ဟူ၍ ဟောတော်မူပေသည် ဟူလို။

သဘိပဋ္ဌာန်အရ ဒုက္ခသစ္စာ ၁၂-ပါးကို အကျယ်ဖေါ်၍ ပြပုံ

ဒုက္ခ ၁၂-ပါးတို့၏ အကျယ်ကို ပြဦးအံ့–

၁။ တ꣱တ္ထ ကတ꣱မာ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမ္ဟိ တမ္ဟိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ (ဘိက္ခဝေ) ဇာတိ။[၁]

အနက်လွယ်ပါ၏၊ ပဋိသန္ဓေနေမှု ဒုက္ခပင် ဟူလို။

၂။ တ꣱ဉ္စ ကတမာ ဇရာ၊ ယာ တေသံ တေသံ သတ္တာနံ တမ္ဟိ တမ္ဟိ သတ္တနိကာယေ ဇရာ ဇီရဏတာ ခဏ္ဍိစ္စံ ပါလိစ္စံ ဝလိတ္တစတာ အာယုနော သံဟာနိ ဣန္ဒြိယာနံ ပရိပါကော၊ အယံ ဝုစ္စတိ (ဘိက္ခဝေ) ဇရာ။[၂]

သွားကျိုး ဆံဖြူ နားထိုင်း ခါကိုင်း မျက်စိမှုန် စသော ဒုက္ခတို့ပင် ဟူလို။

၃၊ တတ္ထ ကတမံ မရဏံ။ပ။ စုတိ စဝနတာ ဘေဒေါ အန္တရဓာနံ မစ္စုမရဏံ ကာလင်္ကိရိယာ ခန္ဓာနံ ဘေဒေါ ကဠေဝရဿ နိက္ခေပေါ၊ ဇီဝိတိန္ဒြိယဿ ဥပစ္ဆေဒေါ၊ ဣဒံ ဝုစ္စတိ (ဘိက္ခဝေ) မရဏံ။[၃]

ဤ၌လည်း သတ္တဝါသေမှု၊ လူသေမှု နတ်သေမှု စသည့် ဒုက္ခပင်တည်း။

၁။ ဝိဘင်း နှာ-၁၀၄။

၄။ ကတမော စ ဘိက္ခဝေ သောကော၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ သောကော သောစနာ သောစိတတ္တံ အန္တောသောကော အန္တောပရိသောကော၊ အယံ ဝုစ္စတိ ဘိက္ခဝေ သောကော။[၁]

အဓိပ္ပါယ်ကား – ညာတိ၏ပျက်စီးခြင်း မိမိ၌ ရောဂါရခြင်း ပစ္စည်းဥစ္စာသီလ သမာဓိ ပျက်စီးခြင်းဟူသော ဗျသနငါးပါးနှင့် တွေ့ကြုံသောအခါ ပူပန်သောကဖြစ်မှုပင် ဟူလို။

၅။ ကတမော စ ဘိက္ခဝေ ပရိဒေဝေါ၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာဒေဝေါ ပရိဒေဝေါ။ပ။ အာဒေဝိတတ္တံ ပရိဒေဝိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပရိဒေဝေါ။[၂]

ဤဥစ္စလည်း ဗျသနနှင့် ကြုံသည့်အခါ ငိုကြွေးခြင်းကိုပြုသော ဒုက္ခပင်တည်း။

၆။ ကတမဉ္စ ဘိက္ခဝေ ဒုက္ခံ၊ ယံ ခေါ ဘိက္ခဝေ ကာယိကံ ဒုက္ခံ ကာယိကံ အသာတံ ကာယသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခံ။[၁]

ကာယကို အကြောင်းပြု၍ဖြစ်သော ဒုက္ခဝေဒနာပင်တည်း။

၇။ ကတမဉ္စ ဘိက္ခဝေ ဒေါမနဿံ၊ ယံ ခေါ ဘိက္ခဝေ စေတသိကံ ဒုက္ခံ စေတသိကံ အသာတံ မနောသမ္ဖဿဇံ ဒုက္ခံ အသာတံ ဝေဒယိတံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒေါမနဿံ။[၂]

ဤဥစ္စလည်း ဒေါသစိတ်နှင့်ယှဉ်သော ဝေဒယိတဒုက္ခပင်တည်း။

၈။ ကတမော စ ဘိက္ခဝေ ဥပါယာသော၊ ယော ခေါ ဘိက္ခဝေ အညတရညတရေန ဗျသနေန သမန္နာဂတဿ အညတရညတရေန ဒုက္ခဓမ္မေန ဖုဋ္ဌဿ အာယာသော ဥပါယာသော အာယာသိတတ္တံ ဥပါယာသိတတ္တံ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဥပါယာသော။[၃]

၁။ သုတ်မဟာဝါ နှာ-၂၄၄။

ဗျသနနှင့် ကြုံသောအခါ အသည်းနှလုံး ဆွေးမတတ် အတွင်းပူ ပူခြင်း ပင်တည်း။

၉။ ကတမော စ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။ ဣဓ ယဿ တေ ဟောန္တိ အနိဋ္ဌာ အကန္တာ အမနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ အနတ္ထကာမာ အဟိတ-ကာမာ အဖာသုကကာမာ အယောဂက္ခေမကာမာ၊ ယာ တေဟိ သဒ္ဓိ သင်္ဂတိ သမာဂမော သမောဓာနံ မိဿီဘာဝေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော။

မချစ်မနှစ်လိုသော လူနှင့်ဖြစ်စေ၊ ခွေး, ဝက်, မှက်, ခြင်, ယင်, နေပူစသည်တို့နှင့် ကြုံတွေ့ရသည့်အခါ၌ဖြစ်စေ၊ မကောင်းသော အဆင်း အသံ အနံ့ အရသာ အတွေ့အထိ စသည်တို့နှင့် ပေါင်းသင်းရခြင်း တွေ့ဆုံရခြင်းတို့ကြောင့်ဖြစ်သော အပ္ပိယသမ္ပယောဂ ဒုက္ခပင်တည်း။

၁၀။ ကတမော စ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။ ဣဓ ယဿ တေ ဟောန္တိ ဣဋ္ဌာ ကန္တာ မနာပါ ရူပါ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ၊ ယေ ဝါ ပနဿ တေ ဟောန္တိ အတ္ထကာမာ ဟိတကာမာ။ပ။ မာတာ ဝါ ပိတာ ဝါ ဘာတာ ဝါ ဘဂိနီ ဝါ။ပ။ ဉာတိသာလောဟိတာ ဝါ၊ ယာ တေဟိ သဒ္ဓိံ အသင်္ဂတိ အသမာဂမော အသမောဓာနံ အမိဿီ-ဘာဝေါ၊ အယံ ဝုစ္စတိ ဘိက္ခဝေ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော။

ဤ၌ အလိုရှိအပ် ချစ်နှစ်သက်အပ်သော ရူပါဒုံ သဒ္ဒါဒုံ ဂန္ဓာဒုံ ရသာဒုံ ဖောဋ္ဌဗ္ဗာဒုံ ဓမ္မာဒုံတို့နှင့်ဝင်း၊ လူ၌ မိဘ ဆွေမျိုး သားချင်း စသည်တို့နှင့်ဝင်း ကွဲကွင်းရသော ဒုက္ခပင်တည်း။

၁၁။ ကတမဉ္စ ဘိက္ခဝေ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။ ဇာတိမရဏံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ န ဇာတိဓမ္မာ အဿာမ၊ နှစ် စ ဝတ နော ဇာတိဓမ္မာ ဒုက္ခာ ဆွေယျု" ဝါ၊

၁။ သုတ်မဟာဝါ နှာ-၂၄၅။

နာ ခေါ် ပနေတံ ဣစ္ဆာယ ပတ္တာဗျံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ယမ္မိစ္ဆံ နာလဘတိ တမ္မိ ဒုက္ခံ။[၁]

ပဋိသန္ဓေ မနေရပါလို၏ဟု တောင့်တရုံဖြင့် မရ၊ ထိုသို့ မရခြင်းကြောင့် ဒုက္ခဖြစ်၏။ စင်စစ်ကား တောင့်တရုံနှင့် မရ၊ မဂ်အကျင့်ကို ကျင့်၍ အာသဝေါ ကုန်မှသာ ရနိုင်၏။

ဇရာဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဇဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ နု ဇရာဓမ္မာ အဿာမ၊ နု ခ ဝတ နော ဇရာဓမ္မာ အာဂစ္ဆေ-ယျ" န္တိ၊ နာ ခေါ် ပနေတံ ဣစ္ဆာယ ပတ္တာဗျံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ယမ္မိစ္ဆံ နာလဘတိ တမ္မိ ဒုက္ခံ။[၂]

မအိုလိုပါ အိုခြင်းတရား မလာပါစေနှင့် ဟု တောင့်တသော်လည်း မရသောကြောင့် ဒုက္ခဖြစ်၏။

ဗျာဓိဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဇဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ နု ဗျာဓိဓမ္မာ အဿာမ၊ နု ခ ဝတ နော ဗျာဓိဓမ္မာ အာဂစ္ဆေ-ယျ" န္တိ၊ နာ ခေါ် ပနေတံ ဣစ္ဆာယ ပတ္တာဗျံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ယမ္မိစ္ဆံ နာလဘတိ တမ္မိ ဒုက္ခံ။[၃]

ကျိန်ခြင်းလည်း ခေါင်းခဲ ဝမ်းနာ ဖျားနာ စသည် မလာပါစေသတည်းဟု တောင့်တသော်လည်း မရသဖြင့် ဒုက္ခဖြစ်၏။

မရဏမမ္မာနံ ဘိက္ခဝေ သတ္တာနံ ဇဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ နု မရဏဓမ္မာ အဿာမ၊ နု ခ ဝတ နော မရဏဓမ္မာ အာဂစ္ဆေ-ယျ" န္တိ၊ နာ ခေါ် ပနေတံ ဣစ္ဆာယ ပတ္တာဗျံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ယမ္မိစ္ဆံ နာလဘတိ တမ္မိ ဒုက္ခံ။[၄]

ငိုခြင်း သေတတ်သောတရား မလာပါစေနှင့်ဟု တောင့်တသော်လည်း မရသဖြင့် ဒုက္ခ ဖြစ်၏။

၁။ သုတ်မဟာဝါ နှာ-၂၄၅။

သောက·ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသဓမ္မာနံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဣစ္ဆာ ဥပ္ပဇ္ဇတိ "အဟော ဝတ မယံ န သောကပရိဒေဝ-ဒုက္ခဒေါမနဿုပါယာသာ အာဿာမ၊ န စ ဝတ နော သောက-ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ အာဂစ္ဆေယ္ယု" န္တိ၊ န ခေါ ပနေတံ ဣစ္ဆာယ ပတ္တဗ္ဗံ၊ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ။

ဤဥ်လည်း စိုးရိမ်ပူဆွေး ငိုကြွေးခြင်းစသော ဒုက္ခတို့ မလာပါစေနှင့်ဟု တောင့်တသော်လည်း စိုးရိမ်ကြောင့်ကြခြင်းကို ပြုတတ်သော ရာဂ ဒေါသ မောဟကို မပယ်နိုင်သူတို့မှာ ပူပန်သောက ဖြစ်ကြသည်သာတည်း၊ ဤသို့ အားဖြင့် ဒုက္ခသစ္စာသာတည်း။

၁၂။ ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။ သေယ္ယထိဒံ၊ ရူပုပါဒါနက္ခန္ဓော ဝေဒနုပါဒါနက္ခန္ဓော သညုပါဒါနက္ခန္ဓော သင်္ခါ-ရုပါဒါနက္ခန္ဓော ဝိညာဏုပါဒါနက္ခန္ဓော။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။[၂]

ဤဥ် ခန္ဓာရှိလျှင် ဖြစ်ခြင်း ပျက်ခြင်း မမြဲခြင်း ဆင်းရဲခြင်း အစိုးမရ, အလိုသို့ မလိုက်ခြင်း စသည်တို့ကြောင့် ဒုက္ခသစ္စာ မည်၏။

ထိုကြောင့် ဓမ္မပဒပါဠိတော်၌ "နတ္ထိ ခန္ဓသမာ ဒုက္ခံ" ဟူ၍ ဟောတော်မူ၏။ ခန္ဓသမာ၊ ခန္ဓာနှင့်တူသော။ ဒုက္ခံ၊ ဒုက္ခမည်သည်။ နတ္ထိ၊ မရှိ-ဟူ၍ ဟောတော်မူ၏။

နတ္ထိ သန္တိသမံ သုခံ။ သန္တိသမံ၊ နိဗ္ဗာန်နှင့်တူသော။ ဝါ၊ ခန္ဓာငါးပါး မရှိသော။ ဝါ၊ ဥပါဒ်ဖြစ်ဘင် မရှိသဖြင့် ငြိမ်သက်သော သုခရှိသော နိဗ္ဗာန်နှင့် တူသော။ သုခံ၊ ချမ်းသာမည်သည်။ နတ္ထိ၊ မရှိ။

ဤသို့အားဖြင့် ဒုက္ခနှင့် သန္တိသုခတို့ကို ရှုသည်ရှိသော် အကြင်ပုဂ္ဂိုလ်၏ စိတ်သည် ဖြစ်မှု မရှိသော အသင်္ခတ အနုပ္ပါဒ အပ္ပဝတ္တ အဇာတ နိဗ္ဗာန်သို့သာ

၁။ သုတ်မဟာဝါ နှာ-၂၄၅။ ၂။ သုတ်မဟာဝါ နှာ-၂၄၆။

ညွတ်လေတော့၏။ ဇာတိတဖန် ဖြစ်လိုသော ဘဝတဏှာ ချုပ်၏။ ဥပမာ အားဖြင့် ဆိုသည်ရှိသော် အဆိပ်သီးဟု သိလျှင် မစားဝံ့သကဲ့သို့ဌင်း၊ မစင် အသုဘ ဟု သိလျှင် မနှစ်သက်သကဲ့သို့ဌင်း ဘဝတဏှာ ချုပ်ရလေတော့၏။ တဏှာချုပ်ကလည်း ဇာတိစသော သခ်ါရတရားချုပ်၏။ ဤသည်လျှင် သန္ဓိ-နိပ္ပဒန် မည်၏။

အပါယ်သို့တခါကျမိလျှင် သုဂတိသို့ တဖန်ပြန်ရရန် ခဲယဉ်းပုံ ဥပမာ

ဝိပဿနာရှုမှု, မဂ္ဂဘာဝနာပွါးမှု ဟူသည် ဇာတိစသော သံသရာဘေးကို ထိတ်လန့် သံဝေဂရသဖြင့် ဘဝတဏှာချုပ်အောင် အားထုတ်မှုပင်တည်း။ ဘေး ကို ရှုခြင်းသည် ဘယဉာဏ်မည်၏။ ထိုဘေးတို့တွင် အပါယ်ဘေးသည် အထူး ကြောက်ဖွယ်ကောင်း၏။ ဗအပါယ်သို့ကျလျှင် ကာယိကဒုက္ခ, စေတသိကဒုက္ခ တို့မှာ အသက်ရှုခွင့် မရနိုင်လောက်အောင် ဆင်းရဲ၏။ ဇာတိစသော သံသရာမှ မလွတ်ဖေးလျှင် ထိုဘေးတို့မှ ဗမြဲလွတ်အောင် မစွမ်းနိုင်ကုန်။ အဘယ်ကြောင့် ဆိုသော် ကောင်းမှုတို့ကို မပြုတ်အားထုတ်နိုင်မှ ထိုဘေးတို့မှ လွတ်နိုင်ပေမည်။ ကောင်းမှုကို ဘဝတိုင်း ဘဝတိုင်း အားထုတ်နိုင်ရန် ခဲယဉ်း၏။ သတ္တဝါတို့ သန္တာန်မှာ လောဘ ဒေါသ မောဟ အဖြစ်အားကြီး၏။ အလောဘ အဒေါသ ဗအမောဟတို့ကား အဖြစ်နည်း၏။ ထိုကြောင့် ဘဝသမ္ပတ္တိမမြဲနိုင်၊ အပါယ်သို့ သာ အကျမျှား၏ ဟူလို။

အကယ်၍ပင် အကြောင်းညီညွတ်သဖြင့် သုဂတိဘဝကို ရဦးတော့၊ အမိက သားကိုချစ်သောကြောင့် မအို မနာ မသေရန် မည်သို့ပင်ဆုတောင်းသော်လည်း မရကောင်းပေ။ သားက အမိကို ချစ်သောကြောင့် မအို မနာ မသေရန် ဆုတောင်း၍မရ၊ ထို့ကြောင့် **အမာတုပုတ္တိက** ဘေးသုံးပါးကို ဟောတော် မူလေသည်။[1] ထို့ကြောင့် သံသရာ၌ ကျင်လည်ရခြင်းကို အလွန်ကြောက်ဖွယ် ကောင်း၏။ ထို သံသရာဘေးကို မည်သူမျှပြုလုပ်သည်မဟုတ်။ စင်စစ်သော်ကား သံသရာဝဋ်ဒုက္ခကို။ ဝါ၊ ဇာတိစသော ဒုက္ခဘေးကို မမြင် မသိတတ်သော မောဟအဝိဇ္ဇာ ထိုသို့ဒုက္ခကို ဒုက္ခဟု မမြင် မသိတတ်သော မောဟအဝိဇ္ဇာလျှင်

၁။ အင်္ဂုတ္တိရ်-ပဌမ-နှာ-၁၈၀။

အကြောင်း ရှိသောကြောင့် ဒုက္ခကို သုခဟု မှတ်ထင်သဖြင့် ရယူလိုသော ဘဝတဏှာတို့ကြောင့် သံသရာ ဆုံလည်ခဲ့ကဲ့သို့ အိုမှုမဆုံး နာမှုမဆုံး ပဋိသန္ဓေနေမှုမဆုံးသော ဒုက္ခတို့နှင့် ကြုံတွေ့နေရပုံကို အနုမတဂ္ဂသုတ်၌ ဟောတော်မူ၏။ အဓိပ္ပါယ်အကျဉ်းမူကား မသိမှု အဝိဇ္ဇာနှင့် လိုချင်မှုတဏှာ ဤ ၂-ပါးကြောင့် ဒုက္ခ၌ တဝဲလည်လည် နေကြရတော့၏ ဟူလို။

အဝိဇ္ဇာနှင့် တဏှာကြောင့် သံသရာရှည်၏ဟု
အနုမတဂ္ဂသုတ်၌ ဟောတော်မူပုံ

အနုမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။[၁]

ဘိက္ခဝေ၊ တို့။ အယံ သံသာရော၊ ဤသတ္တဝါတို့၏ ဖြစ်စဉ် သံသရာကြီးသည်ကား။ ဝါ၊ အယံ သံသာရော၊ ဤခန္ဓာ အာယတနဓာတ်တို့ မပြတ်ကျင်လည်သော သံသရာကြီးသည်ကား။ အနုမတဂ္ဂေါ၊ မသိအပ် မသိနိုင်သော အစရှိ၏။ အဝိဇ္ဇာနီဝရဏာနံ၊ အဝိဇ္ဇာနီဝရဏတို့သည် ဖုံးလွှမ်းအပ်ကုန်သည်ဖြစ်၍။ တဏှာသံယောဇနာနံ၊ တဏှာသံယောဇဉ်တို့ဖြင့် ငါ့ငါ၏ဥစ္စာဟု ဖွဲ့ချည်အပ်ကုန်သည်ဖြစ်၍။ သန္ဓာဝတံ၊ ဤဘဝမှသည် ထိုဘဝသို့, ထိုဘဝမှသည် ဤဘဝသို့၊ တနည်း–ယုတ်သောဘဝမှသည် မြတ်သောဘဝသို့, မြတ်သောဘဝမှသည် ယုတ်သောဘဝသို့ ပြေးသွား၍ နေကြရကုန်သော။ သံသရတံ၊ သြဠာရိက ဘဝမှသည် သုခုမ ဘဝသို့, သုခုမဘဝမှသည် သြဠာရိကဘဝသို့ ကျင်လည်၍ နေကြရကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ပုဗ္ဗကောဋိ၊ ရှေးအစွန်းကို။ ဝါ၊ သည်။ န ပညာယတိ၊ မထင်။

ဤ၌ သတ္တဝါဟု ဟောခြင်းကား မြင်သိလွယ်ခြင်းငှါ သုတ္တန်ဒေသနာအရ ဟော၏။ ပရမတ္ထမူကား ခန္ဓာ အာယတန ဓာတ်တို့သည် အကြောင်းကိုစဲ၍ အကျိုးဖြစ်နေသော ပဋိစ္စသမုပ္ပါဒ် ဝေးရောပင်တည်း။ ထိုကြောင့် သံသရာ၏ အဓိပ္ပါယ်ကို ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည်—

၁။ နိဒါနဝဂ္ဂသံယုတ် နှာ-၃၇။

"ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာန စ။
အဗ္ဗောစ္ဆိန်ံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။"

ဟူ၍ မိန့်တော်မူ၏။

ခန္ဓာနဉ္စ၊ ခန္ဓာ ၅-ပါးတို့၏ဂုဏ်း။ ဓာတုအာယတနာနဉ္စ၊ ဓာတ်အာယတန တို့၏ဂုဏ်း။ အဗ္ဗောစ္ဆိန်ံ၊ မပြတ်မလပ်။ ဝတ္တမာနာ၊ ဖြစ်၍နေသော်။ ပဋိပါဋိ၊ အစဉ်ကို။ သံသာရောတိ၊ သံသရာဟူ၍။ ပဝုစ္စတိ၊ မိန့်အပ်၏။

ဇာတိ ဇရာ ဗျာဓိမရဏ အပါယစသော ဘေးတို့ကား သံသရာရဟတ်ချား ဆုံလည်နှားကဲ့သို့ အိုမှုမဆုံး နာမှုမဆုံး သေမှုမဆုံး တဖန် ပဋိသန္ဓေနေမှုမဆုံး တစဲလည်လည် တွေ့ကြုံနေရခြင်းကို အလွန်ကြောက်လန့်ဖွယ်ကောင်း၏၊ ထို ဘေးတို့ကား တကမ္ဘာအတွင်းမှာပင် မရေမတွက်နိုင်အောင် ဝံ့ရ၏။ တကမ္ဘာ အတွင်း၌ ခံခဲ့ရသောဒုက္ခကို ထားဘိဦး၊ ကမ္ဘာပေါင်းကိုလည်း မရေမတွက်နိုင်။ ထိုကြောင့် ဘုရားစသော သူတော်ကောင်းတို့သည် အသည်းနှလုံးတုန်လှုပ်တတ် ကြောက်တော်မူကြပေ၏။ အကယ်၍ သံသရာဝဋ်ကို မချုပ်သေးလျှင်၊ ဝါ၊ ဇာတိ မချုပ်သေးလျှင် အနာဂတ်မှာလည်း ထိုထိုဒုက္ခတို့နှင့် မုချတွေ့ကြုံရလတ္တံ့ ဟု မြင်သိသည်ဖြစ်၍ ဇာတိချုပ်ခြင်းငှါ ကျင့်တော်မူကြပေသည်။ ထိုကြောင့် ယခု အခါ မြတ်စွာဘုရား တပည့်သာဝက ဥပါသကာ ဥပါသိကာ တို့သည်လည်း ဇာတိချုပ်လို့သောစိတ်ဖြင့်။ ဝါ၊ အနာဂတ် သံသရာ ချုပ်လိုသောစိတ်ဖြင့် ကျင့်ကြံသင့်ပေသည်။

ဘဝသမ္ပတ္တိကိုပင် ရဦးတော့၊ မမြဲမှု၍ သေကြပျက်စီးရ၏၊ သေပြီးနောက်လည်း ဘဝဂတိ မမြဲပုံကို သံဝေဂယူကြ၍ ဘဝဇာတိ ချုပ်အောင် အားထုတ်ကြရာ၏။

ဥက္ခိတ္တာ ပုဉ္ဇတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂန္တမိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ ။။၂

၁။ ဝိသုဒ္ဓိ ဒုတိယ နှာ-၁၇၆။ ၂။ ဝိဘင်း နှာ-၄၄၁။

ပုညတေဇေန၊ ကာမကုသိုလ်, ရူပကုသိုလ်, အရူပကုသိုလ်အရှိန်သည်။ ဥက္ခိတ္တာ၊မြောက်တင်အပ်သည်ဖြစ်၍။ကာမရူပဂတိ ကတာ၊ ကာမဘုံ, ရူပဘုံ သို့ရောက်ကုန်သော။ သတ္တာပိ၊ သတ္တဝါတို့သည်၎င်း။ ဘဝဂ္ဂန္တံ၊ အထက်ဆုံးဘုံသို့။ သမ္ပတ္တာ၊ ရောက်ကြကုန်သော။ သတ္တာပိ၊ သတ္တဝါတို့သည်၎င်း။ ပုန၊ တဖန်။ ဒုဂ္ဂတိ၊ ဒုဂ္ဂတိသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

တာဝ ဒီဃာယုကာ သတ္တာ၊ စဝန္တိ အာယုသခ်ယာ။
နတ္ထိ ကောစိ ဘဝေါ နိစ္စော၊ ဣတိ ဝုတ္တံ မဟေသိနာ။[၁]

တာဝ ဒီဃာယုကာ၊ ကမ္ဘာပေါင်း ဂဂ၀၀၀-အသင်္ချတမ်းရှည်ကြကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အာယုသခ်ယာ၊ အသင်္ချတမ်း၏ကုန်ခြင်းကြောင့်။ စဝန္တိ၊ စုတေကုန်၏။ နိစ္စော၊ မြဲသော။ ကောစိ ဘဝေါ၊ တစုံတခုသော ဘဝသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ မဟေသိနာ၊ ကြီးမြတ်သောပညာရှိတော်မူသော မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

မြတ်စွာဘုရားက တပည့်သာဝကများ၏ ကျင့်ကြံအားထုတ်မှုဌ် အာရုံပြုရန် လိုရင်းအချက်ကို ပြဆိုတော်မူသည်ကား—

"ဇဟိ ဘိက္ခု၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ"[၂] ဟူ၍ မိန့်တော်မူ၏။

ဘိက္ခု၊ ရဟန်း။ ဇဟိ၊ လာလှည့်။ ဝါ၊ လာလော့။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခဿ အန္တကိရိယာယ၊ ဒုက္ခ၏အဆုံးသို့ရောက်ခြင်းငှါ။ ဝါ၊အနာဂတ်ဇာတိသံသရာ ကုန်ဆုံးခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သောရဟန်း၏အကျင့်ကို။ ဝါ၊ ဗြဟ္မစရိယံ၊ဖြစ်မှုမရှိသော အဇာတနိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်မှုချုပ်လိုသော ဆန္ဒဖြင့် သမ္မာဒိဋ္ဌိ-စသော မဂ်အကျင့်ကို။ သမ္မာ၊ ကောင်းစွာ။ စရ၊ ကျင့်လော့။

အဓိပ္ပါယ်မှာ—ဒုက္ခကုန်ခြင်းငှါ ကျင့်ကြံအားထုတ်ရန် လာလှည့်ပင်တည်း။ ဤဌ် ဒုက္ခကုန်သောသဘော, ဒုက္ခအဆုံးသဘောကား ဖြစ်ခြင်းကင်းသော။ ဝါ၊ ဖြစ်မှုမရှိသော အဇာတိပင်တည်း။ ဖြစ်မှုမရှိက ပျက်ခြင်းဒုက္ခစသည် မရှိမူ၍ ဒုက္ခငြိမ်းသော သဘောကိုပင် နိဗ္ဗာန်ဟု မှတ်အပ်၏ ဟူလို။

၁။ ဝိဘင်း၊ နှာ-၄၄၁။ ၂။ ဝိနည်းမဟာဝါ၊ နှာ-၁၇-စသည်။

ဒုက္ခအဆုံးသို့ ရောက်ခဲ့သော် သံသရာ၌ ကျင်လည်ရမှု ဒုက္ခကိုသံဝေရကြစေခြင်းငှါ နခသိခသုတ်၌ ပါရှိသော ဇာတိ၏နယ်မှကား အပါယ်လေးဘုံ, ကာမသုဂတိခုနစ်ဘုံ, ဗြဟ္မာဘုံ ၂၀-နှင့်တကွ ၃၁-ဘုံရှိ၏။ အပါယ်လေးဘုံမှကား ဒုက္ခဒုက္ခံ အတိဒုက္ခံ–ဟူရကား အလွန်အလွန် ဆင်းရဲ၏။ လူ့ဘုံ၌လည်း ပဋိသန္ဓေနေရမှု အိုမှု နာမှု သေမှု ဆင်းရဲ၏။ အပါယ်ဘုံသို့ တခါကျမိလျှင် တဖန် သုဂတိဘုံသို့ ပြန်ရောက်ခြင်းငှါ ခဲယဉ်းပုံ ဥပမာကား–အလျားတယူဇနာ, အနံတယူဇနာ, စောက် တယူဇနာမျှသော ကျောက်တောင်ကြီးသည် ယူဇနာရှစ်သောင်းလေးထောင်နက်သော သမုဒ္ဒရာသို့ ကျသည်ရှိသော် တဖန် ပြန်ပေါ်နိုင်ရန် ခဲယဉ်းသကဲ့သို့၊ အပါယ်သို့ တခါကျလျှင် သုဂတိသို့ပြန်ရောက်ရန် ခဲယဉ်း၏။ ထိုကြောင့် မြတ်စွာဘုရားက မြေမှုန့်ကို လက်သည်းပေါ်မှာ တင်၍ ရဟန်းများအား မေးတော်မူပုံမှာ ချစ်သားတို့၊ ငါ၏လက်သည်းပေါ်မှာရှိသော မြေမှုန့်နှင့် နှစ်သိန်းလေးသောင်း အထူရှိသော မဟာပထဝီမြေကို အမှုန့်ပြု၍ နှိုင်းယှဉ်သော် ဘယ်သင်းကများမည်နည်းဟု မေးတော်မူ၏။ ရဟန်းများက လက်သည်းပေါ်မှာ ရှိသော မြေမှုန့်ကား အလွန်နည်းလှပါ၏။ မဟာပထဝီမြေမှုန့်က မပြောနိုင် မရေမတွက်နိုင်လောက်အောင်ပင် များပါ၏ဟုလျှောက်ထားကြ၏။ ထိုအတူ အပါယ်၌ ကျင်လည်ရသော ဘဝကများ၏။ သုဂတိဘဝကနည်း၏ဟု ဟောတော်မူ၏ ဟူလို။[၁]

နခသိခသုတ်အရ သံဝေဂယူနည်း ဤတွင် ပြီးပြီ။

ထိုပြင် အနမတဂ္ဂသုတ်အရ ညောင်ပင်သာ ဆရာတော်ဘုရားက သိလှယ်စေခြင်းငှါ အကျဉ်းချုံး၍ ရေးထားသော လက်ာကိုသာပြပေတော့အံ့—

ပြလိုရင်းကား ကောင်းသည်က တဘဝ, မကောင်းသော ဘဝကား အနန္တဟု ပြလိုရင်းပေတည်း။

"အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋ္ဌိ န ပညာယတိ"[၂] မိန့်ရှိထုတ်ဖော်၊ ပါဠိတော်အရ၊ အဓိပ္ပါယ်ပြသည်မှာ၊ သံသရာ၏ အစကို၊ ရှာမရကြည့်မမြင်၊ သာဂရအာသင်္ဃ၊ ဘာကိုမျှမထင်၊ ဥပမာတင်သည်မှာ၊ အကြင်

၁။ နိဒါနဝဂ္ဂသံယုတ်၊ နှာ-၄၅၄။ ၂။ နိဒါနဝဂ္ဂသံယုတ်၊ နှာ-၃၀၇။

ယောကျ်ား၊ ငါတကားဟု၊ အားကြိုးမာန်တက်၊ အမိ၏ အဆက်ဆက်ကို၊ ရေတွက်မည် နှလုံးပြု၍၊ ဇမ္မူဒီပေ၊ သောင်းကျယ်တဲ့ ဤမြေတွင်၊ ဝါးတွေ သစ်တွေ ရှိသမျှအလုံးစုံကို၊ စုခုံးကာရှာဖွေ၍၊ ပုံသေသေစံနစ်နှင့်၊ ၄-သစ် လောက် ၄-သစ်လောက်၊ တခုစီ ဖြတ်တောက်၍၊မောက်မောက်မုံမို၊ မြင်းမိုရ် တန္တု၊ပုံကာပြုလျက်၊သည်တခုမှာတော့ သည်အမေ၊ဟိုတခုမှာတော့ ဟိုအမေ၊ ကခုစီဝေပြီးလျှင်၊ အမိပေါင်း အဆက်ဆက်ကို၊ ရေတွက်သော ယောကျ်ား သည်၊သစ်သားနှင့် ဝါးတွေသာ၊ကုန်တန်လေရာ၊ အမိပေါင်း အဆက်ဆက်မှာ တော့၊မဆုံးမကုန်နိုင်ရာ၊သို့ကလောက် ရှည်ကြာတဲ့၊ သံသရာစက်ဝဠ်မှ၊ မကျတ် သမျှ၊ မလွတ်သမျှကား၊သမုဒယသစ္စာ၊အဝိဇ္ဇာနှင့်၊ဘဏ္ဍာရှက်တယ်၊ အမြစ်ကြီး ၂-သွယ်ကြောင့်၊ ပုန်းတယ်လို့လဲ မလွတ်၊ ရှုန်းတယ်လို့လဲ မကျတ်၊ သံယောဇဉ် ဆယ်ညှတ်က၊ ကွင်းစွပ်၍ချည်နှောင်၊မပြီအောင်တင်းကျပ်၊သံခြေကျဉ်းအထပ် ထပ်၊ မိုးဟိန်းကြီး ခတ်သကဲ့သို့၊ မပြတ်နိုင်၊ မပြုတ်နိုင်၊ ကြုံကြုံကြီးခိုင်သော ကြောင့်၊ ဆိုင်ရာပိုင်ရာ၊နိုင်ရာမကင်း၊ အာဏာက ပြင်းသနှင့်၊မင်းလေးပါးနိုင်ငံ မှာ၊အတန်တန် အဖန်ဖန်၊ ဝိပရိ ဖောက်ပြားချက် ရှိကြသည်၊ ဇာတိမင်း စိုး ချုပ်၍၊ဘုံသုံးဆဲ့ တစ်၊ဘဝခေတ်တွင်၊နစ်သူတမှားမှား၊ ပေါ်သူတကြွားကြွား၊ မော်သူ တဟားဟား၊တရားနှင့်စစ်လိုက်တော့၊ ဖြစ်သူဖြစ်၊ ပျက်သူပျက်၊ တက် သူတက်၊ဆင်းသူဆင်း၊လောကဓံမကင်း၍၊ ငြဟ်မှောမင်းဖြစ်တုန်းက၊ လျှပ်စစ်လို ကိုယ်ရောင်၊ တပြောင်ပြောင် တလက်လက်၊ ဝက်ဖြစ်တော့ တအုတ်အုတ်၊ မြင်းမိုရ်ထွတ်ထိပ်ဖျား၊ သိကြားမင်းဖြစ်တုန်းက၊ နတ်ဘုရင်၊ လူ့ပြည်တွင် လွတ်လို့၊ မောဟိုက်၍ တရှူရှူ၊ ခုနစ်ဆူ ရတနာနှင့်၊ စကြာမင်းဖြစ်တုန်းက၊ ဘုန်းတေဇာကဲ့မိုး၊ လေးကျွန်းလုံးအုပ်စိုး၊ တန်ခိုးကြီးမား၊ ဒဏ်းစက္ကားဘဝ-မှာတော့ တနပ်စာမျှ၊ စားစရာကို၊ တမှာလုံးတောင်းမရ၊ သုခနှင့်ဒုက္ခ၊ တွေ့ကြုံမြဲမုချ၊ ဘဝကအလွန်များ၊ နွားဖြစ်၍ဝန်ရုံး၊ တကုန်းကုန်းဆင်းရဲနက်၊ ဝက်ဖြစ်၍ လုံနှင့်သေ၊ အကုသိုလ်မှေသောကြောင့်၊ ရေမျောဖြစ်၊ မြေမျောဖြစ်၊ အညိုဖြစ်၊ အဉာဖြစ်၊ ကိုယ်တွင်းဖြစ် ဝမ်းတွင်းအောင်း၊ ကောင်းသည်ကား တဘဝ၊ မကောင်းသည် ဘဝကား အနန္တ၊ ဒုက္ခကဲ့မိုး၊ ဦးချိုနှင့် တမောက် မောက်၊ အတောင်ရောက် အမြီးပေါက်၊ နှစ်ချောင်းထောက်၊ လေးချောင်း ထောက်၊ မျောက်လျက်သွား၊ ပက်လက်သွား၊ ဖီလာသွား၊ ခြေများခြေနည်း၊

ခြေမရှိအချည်းနှီး၊ ရုပ်ပုံလည်းမတူ၊ဖြူတခါ ညိုတခါ၊ အဝါ အမှောင်၊ အကြောင်အကျား၊ အထွေထွေဆန်းပြား၊ စကားပြောနိုင်တဲ့ဘဝ ပြော၊ တုံ့ကိုဘောဖြင့်၊ မပြောနိုင်တဲ့ဘဝ မပြော၊ ချောတဲ့ဘဝ ချော၊ ကြမ်းတဲ့ဘဝ ကြမ်း၊ ပရမ်းပတာ၊ ကြောက်စရာ သံသရာ၊ ရေမှာကျက်စား၊ မြေမှာကျက်စား၊ ကောင်းကင်မှာ ကျက်စား၊ ငါးဖြစ်တုံ၊ သားဖြစ်တုံ၊ ကြုံရသည် အကြိမ်ကြိမ်၊ ရှိန်တခါ၊ မှိန်တခါ၊ တောက်တခါ၊ မှေးတခါ၊ အောက်မှာ နရက်၊ အထက်မှာ ဘဝဂ်၊ ကြွက်ကြွက်ဆူ ဗရပွေ၊ ရှုပ်၍သာ နေတော့၊ သေလိုလည်း မဆုံး၊ နာလိုလည်း မဆုံး၊ ဝဲလှည့်သည့် သစ်တုံးကဲ့သို့၊ ဆုံးမမြင် စမမြင်၊ စက်ရှင်ယန္တရား၊ တချာချာ လည်ပတ်သည့်၊ ရဟတ်ချားကဲ့သို့၊ ငါးပါးသော ဂတိဖြင့်၊ တယိယိပင်ပန်း၊ နွမ်းတယ်လို့လည်း မကြောက်၊ ပန်းတယ်လို့လည်း မကြောက်၊ ခြောက်အာရုံနှောက်သောကြောင့်၊ အကောက်ကို အဖြောင့်မှတ်၊ အမြတ်ကို အယုတ်ထင်၊ ကာမဂုဏ်ငင်သဖြင့်၊ အထင်မှား အမြင်မှား၊ ထက်လှသည့် သင်ဓုန်းသွားဝယ်၊ တင်ထားသည် ပျားရည် စက်ကို၊ လျက်မိလျှင် တခါတဲ့၊ လျှာထက်ခြမ်း၊ ဗျမ်းဗျမ်းကြီး ကွဲသကဲ့သို့၊ လွဲသူသာ များခဲ့သည်။ အတည်မဲ့မျိုး၊ အစိုးမရ၊ ဤခန္ဓာ ပဉ္စကၡန်ဓ၊ သက္ကာယ ဒိဋ္ဌိ ဒအမြင်မှားသဖြင့်၊ ဖောက်ပြားခဲ့ကြ ရှိကြသည်၊ အသိဉာဏ်ယွင်းယို၊ ငါ့ကိုယ်ဟု မှတ်မှား၊ မာနက တကြွးကြွား၊ သီလက ခေါင်းပါး ဘာဝနာက တက်တက်ရှား၊ ငါ့မယား ငါ့သားဟု၊ စွဲလမ်းချက်ကြီးမား၍၊ လေးပါးသော ဥပါဒါန်၊ ဟုတ်ရာကို မကြံဘဲ၊ ဖောက်ပြန်သူသာ များခဲ့သည်၊ အချည်တွင်လည်း တဏှာ၊ အလည်တွင်လည်း စကြာ၊ သံသရာတိုအောင်၊ တဏှာကို ရှောင်၊ တောင်တွင်လည်း မြင်းမိုရ်၊ မြင်းတွင်လည်း အဿတိုရ်၊ ဂုဏ်ရှိရာ ဆိုခဲ့မည်၊ မြင်းမိုရ်ကို ပုံတူ၍၊ ကုသိုလ်များအောင်ကြံ၊ သတ္တဝါ ကောင်းမကောင်း၊ အကြောင်းသာ စီမံသည်၊ ကံလျှင် အမိ၊ ကံလျှင် အဘ၊ သည်တရား ဇကန္တ၊ ကံမြှင့်မှ မြင့်သတဲ့၊ ကံဆင့်မှ ရင့်သတဲ့၊ ကံပေးမှ ငွေးသတဲ့၊ ကံညှန်းမှ ထွန်းသတဲ့၊ ကံပေါ်မှ ကျော်သတဲ့၊ မော်လိုမျှး ငါတကားဟု၊ ဝါကြွား၍ မယောင်ကြန့်၊ ကံပြောင်အောင် ကုသိုလ်မျိုးကို၊ ကိုးစား၍ ပြုကြရမည်၊ သို့ဖြစ်သည်ကြောင့်၊ “ပုညံ ဘိက္ခဝေ မာ ဘာယိတ္ထ၊ ပုညံ ဘာယတော သုခံ ဘာယတိ နာမ”။ ဘိက္ခဝေ၊ သူတော်ကောင်းအပေါင်းတို့။ ပုညံ၊ ဇာတိချုပ်ကြောင်း ကောင်းမြတ်သော ဝိဝဋ္ဋကုသိုလ်ပြုရန် ကိစ္စကို။

မာ ဘာယိတ္ထ၊ မကြောက်ကြကုန်လင့်။ ပုညံ၊ ကောင်းမှုပြုရန် ကိစ္စကို။ ဘာယတော၊ ကြောက်သော သူအား။ သုခံ၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ ဘာယဘီ နာမ၊ ကြောက်သည် မည်၏။

သံသရာဌ် ဒုက္ခ ၁၂-ပါးမှ မလွတ်နိုင်ပုံကို သံဝေဂယူနည်း လက်ာ

သံသရာဌ် မှေလျော်သော စိတ်ကို သံဝေဂဝတ္ထုတို့ဖြင့် မှုဂ္ဂ် သဟောတ္တပ္ပ-ညာဏ်ဖြင့် ထိတ်လန့်စေလျှင် ပစ္စုပ္ပန်ဘဝမှာပင်လျှင် သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်နိုင်ပုံကို ပြဦးအံ့—

ကျက်မှတ်၍ ကောင်းစွာ ဆင်ခြင်သုံးသပ်ကြပါကုန်။

ဖြစ်ရ ပျက်ရ၊ ပြုပြင်ရကြောင့်၊ မုချ သဒ်ါရဒုက္ခံ။ ဇာတိဇရာ ဗျာဓိမရဏ သောက စသည် ကာယိက ဒုက္ခံ၊ စေတသိက ဒုက္ခံ။ အပ္ပိယသမ္ပယောဂနှင့်၊ ပိယဝိပ္ပယောဂံ၊ ယမ္ပိစ္ဆံ န လဘတိနှင့် တည်၌ ခန္ဓာ ပဉ္စကံ။ ထိုထို တေဘုမ္မက၊ ဝဋ်ဒုက္ခ၊ မုချဖြိုးငွေ့ရန်။

သုဂတိဘဝ ဒုဖြစ်မမြဲသဖြင့်၊ ငရဲတိရစ္ဆာန်၊ အသုရကာယ်စ၊ ပြိတ္တာဘဝဌ် ဖြစ်ရတန်တန်၊ လက်သည်းပေါ်ရှိ၊ မြေမှုန့်ရှိမျှ၊ သုဂတိသုခံ။ မဟာပထဝီမြေမှုန့်အမျှ၊ ဒုဂ္ဂတိဘဝ၊ ဖြစ်ရ ဒုက္ခကွန်။

ဤကား ဒုက္ခကို သံဝေဂယူရန်နည်းတည်း။

ဖြစ်လျှင် ပျက်ရ၊ ချုပ်မှသုခံ၊ နိဗ္ဗာန်သံဝေဂမှု၊ ဉာဏ်ဖြင့်ရှု၍၊ ပယ်မှု တဏှာ၊ ဥပါဒါန်ကံ။ ဇာတိချုပ်မှု၊ နှစ်သက်ပြု၍၊ ကျင့်မှုမဂ္ဂံ။ ဤသို့ ကျင့်က၊ ပစ္စုပ္ပန်ဘဝ၊ ရဒေါပ်မဂ္ဂဖလံ။

ဤကား ဒုက္ခမှ လွတ်အောင် ကျင့်ပုံတည်း။

သံသရာဝဋ်မှ မကျွတ်နိုင်ပုံ တနည်း

သံသရာဝဋ်မှ မကျွတ်နိုင်ပုံကို တနည်းအားဖြင့် ပြဦးအံ့—

ခန္ဓာပဉ္စက၊ အာရုံဆဋ္ဌ၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟု၊ အပြစ်ကိုမမြင်၊ ထိုထို မသိမမြင်၊ လိုချင် ခင်တွယ်မှု ဟူသော အဝိဇ္ဇာ တဏှာ ဒိဋ္ဌိတို့ကြောင့်၊

ဘီလူးမအား၊ နတ်သမီးဟု၊ အဟုတ်တကယ်ထင်၊ အလှန်ချစ်ခင် နှစ်သက်သော ကြောင့်၊ ဘယ်တော့မှ မပစ်မခွါချင်။ ဤဥပမာကဲ့သို့ ပစ္စုပ္ပန် ခန္ဓာ အာယ. တနတို့၌ နိစ္စ, သုခ, အတ္တ, သုဘဟု တကယ်ထင်မြင်။ ဤသို့ အထင်အမြင်မှားမှု၊ အကြောင်းစုကြောင့်၊ သံသရာဝဋ်ဒုက္ခ၌ စိတ်ကပျော်ရွှင်။ ဤသို့ တဏှာ သံယောဇဉ်မှု၊ ခင်တွယ်ပြုက၊ အနုမတဂ္ဂ၊ သံသာရ၊ ရအပ်ဒုက္ခအစဉ်။

ဤကား သံသရာမှ မလွတ်ပုံတည်း။

သံသရာမှ ကျွတ်လွတ်နိုင်ပုံ

သံသရာမှ ကျွတ်လွတ်နိုင်ပုံကို ပြဦးအံ့—

ထိုထိုခန္ဓာ အာယဘနတို့၏ မမြဲမှု ဆင်းရဲမှု အစိုးမရ အလိုသို့ မလိုက်မှုတို့အား ဝိပဿနာ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိဖြင့်၊ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘဟု အပြစ် ထင်မြင်။ ဘီလူးမအား နတ်သမီးမဟုတ်၊ ဘီလူးမသာတည်းဟု တကယ်သိမြင်။ ကြောက်စရာ လန့်စရာ စက်ဆုပ်ရွံရှာဖွယ်ရာဟု တကယ်သိမြင်။ ထိုထို ကြောက်စရာ လန့်စရာ စက်ဆုပ်ဖွယ်ရာတို့ကြောင့် ချစ်စိတ်ကုန်စင်။ ငြီးငွေ့လှ သဖြင့်၊ ဘယ်တော့မှ မတွေ့မမြင်ချင်။ ဤဥပမာကဲ့သို့ ခန္ဓာပဉ္စက အာရုံဆ တို့၌၊ အနိစ္စ, ဒုက္ခ, အနတ္တတို့ကြောင့် စိတ်ကမန်ရှင်။ ထိုထိုစိတ်က မန်ရှင်၊ မလို ချင်မှု၊ ပယ်စွန့်ပြု၊ ချုပ်မှု အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ သံယောဇဉ်။ ဤသို့ ချုပ်မှု၊ အကြောင်းပြုက၊ ပစ္စုပ္ပန်ဘဝ၊ ရအပ် သောတာပတ္တိ မဂ္ဂ ဖလ အစဉ်။

ဤကား သံယောဇဉ်ပယ်သဖြင့် မဂ်ဖိုလ်ရပုံတည်း။

ဤသို့ အကြမ်းအားဖြင့် ရှုရ၍ သံဝဂ ရဂ္ဂိကလည်း မဂ်ဖိုလ်သို့ သက်ဝင်နိုင် ပါ၏ ဟူလို။

စတုသစ္စ ၁၄—ပ-မ-သ-စ

ဘင်္ဂာဏ်ဖြင့် ဉာဏ်ခုနစ်ဆင့်ကို ဆင်ခြင်လျှင် မဂ်သို့သက်ဝင်နိုင်ပုံ

ဘင်္ဂာဏ်ဖြင့် အကြောင်း ဝိပဿနာ သုံးဆင့်၊ အကျိုး ဝိပဿနာ လေးဆင့်၊ ဤသို့ ဝိပဿနာ ခုနစ်ဆင့်ဖြင့် မဂ်သို့ သက်ဝင်နိုင်ပုံကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဒုတိယ-နှာ-၂၇၇)[၁] အရ ပြဦးအံ့—

ကထံ အာရမ္မဏပဋိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ။

ရူပါဒိမ္မဏာတာ စိတ္တံ ဥပ္ပဇ္ဇိတ္ဝာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ။ အနုပဿတိတိ ကထံ အနုပဿတိ။

အနိစ္စတော အနုပဿတိ နော နိစ္စတော၊ ဒုက္ခတော အနုပဿတိ နော သုခတော၊ အနတ္တတော အနုပဿတိ နော အတ္တတော၊ နိဗ္ဗိန္ဒတိ နော နန္ဒတိ၊ ဝိရဇ္ဇတိ နော ရဇ္ဇတိ၊ နိရောဓေတိ နော သမုဒေတိ၊ ပဋိနိဿဇ္ဇတိ နော အာဒိယတိ။

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟာတိ၊ ဒုက္ခတော အနုပဿန္တော သုခသညံ ပဇဟာတိ၊ အနတ္တတော အနုပဿန္တော အတ္တသညံ ပဇဟာတိ၊ နိဗ္ဗိန္ဒန္တော နန္ဒိံ ပဇဟာတိ၊ ဝိရဇ္ဇန္တော ရာဂံ ပဇဟာတိ၊ နိရောဓေန္တော သမုဒယံ ပဇဟာတိ၊ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟာတိ။[၂]

သဒ္ဒါရမ္မဏတာ ဂန္ဓာရမ္မဏတာ ရသာရမ္မဏတာ ဖောဋ္ဌဗ္ဗာရမ္မဏတာ ဓမ္မာရမ္မဏတာတို့မျာလည်း ရူပါရမ္မဏတာမျာကဲ့သို့ပင် ဟူလို့။

ထိုဝိပဿနာ၏အနက်ကို မပြလိုတော့ပါ၊ ဝိပဿနာရှုနည်းကိုသာ ပြပေတော့အံ့—

အာရုံ ၆-ပါးတို့တွင် တပါးပါးသော အာရုံကြောင့် စိတ်ဖြစ်ပေါ်လျှင် ထို ဖြစ်ပေါ်သော အာရမ္မဏိက စိတ်၏ ဘင်္ဂနှင့် အာရုံ၏ ဘင်္ဂတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ, နိဗ္ဗိန္ဒ, ဝိရဇ္ဇန, နိရောဓ, ပဋိနိဿဇ္ဇ-အားဖြင့် ဝိပဿနာခုနစ်ဆင့် ရှုအပ်

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၅၅ (ကျမ်းရင်း)

၏။ ဤသို့ ရှုသည်ရှိသော် "အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟာတိ" အနိစ္စကို နှလုံးသွင်းလျှင် နိစ္စသညာ ချုပ်၏။ ဝါ၊ နိစ္စသညာကို စွန့်၏။ "ဒုက္ခ-တော အနုပဿန္တော သုခသညံ ပဇဟာတိ" ဒုက္ခလက္ခဏာကို နှလုံးသွင်းသော အခါ သုခသညာကို စွန့်၏။ အနတ္တလက္ခဏာကို နှလုံးသွင်းသောအခါ အတ္တသတ္တသညာကို စွန့်၏။ ဝါ၊ အတ္တသညာ ချုပ်၏။

"နိဗ္ဗိန္ဒန္တော နန္ဒိံ ပဇဟာတိ" ငြီးငွေ့ဖွယ်ဟု နှလုံးသွင်းသောအခါ နှစ်သက်တတ်သော နန္ဒိတဏှာကို စွန့်၏။

"ဝိရဇ္ဇန္တော ရာဂံ ပဇဟာတိ" တပ်ခြင်းကင်းသော ဝိရာဂဖြင့် နှလုံးသွင်းလျှင် တပ်တတ်သော ရာဂချုပ်၏။

"နိရောဓေန္တော သမုဒယံ ပဇဟာတိ" ချုပ်ခြင်းကို။ ဝါ၊ နိဗ္ဗာန်ကို နှစ်သက်လျှင် တဏှာသမုဒယကို စွန့်၏။ ဝါ၊ ချုပ်၏။

"ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟာတိ" တဖန် မရလို မယူလိုဟု နှလုံးသွင်းလျှင် တဖန် ရယူလိုသော တဏှာ ချုပ်၏။

ဤသည်တို့ကား ဝိပဿနာပွါးမှုအစဉ် တဒင်္ဂချုပ်၏။ ပွါးဖန်များသော် ဝိက္ခမ္ဘန-သမုစ္ဆေဒအားဖြင့် ချုပ်၏။ ဤဥနိဗ္ဗိန္ဒကား မဂ်၏ အာဝဇ္ဇန်းပင်တည်း၊ ဝိရာဂကား မဂ်စိတ်ပင်တည်း။ နိရောဓကား ဖိုလ်စိတ်ပင်တည်း။ ပဋိနိဿဂ္ဂကား ပစ္စဝေက္ခဏာပင် ဟူလို။

ဘင်္ဂဉာဏ်တွင် စက္ခုဝိညာဏ်၏ ဘင်္ဂကို ဆင်ခြင်ရာ၌ ၁၄-နှစ်လိအားဖြင့် ၂၀-ရ၏။ စက္ခု သောတ-စသော ဝိညာဏ် ၆-ပါးနှင့်မြောက်လျှင် ဉာဏ်ပေါင်း ၁၆၀-ရ၏ ဟူလို။

အာရုံ ၆-ပါး ဖြစ်သောကြောင့် ဝိညာဏ် ၆-ပါး ရ၏။ ဝိညာဏ်တပါးတပါး၌ ဘင်္ဂဉာဏ် ၄၀-ရ၏။ ဝိညာဏ် ၆-ပါးနှင့်မြောက်လျှင် ဘင်္ဂဉာဏ်ပေါင်း ၂၄၀-ရ၏ ဟူလို။

ဤ၌ အာရုံ အာရမ္မဏိက သခ်ါရတရားတို့ကား ဒုက္ခသစ္စာတည်း။ ထိုတရားတို့ကို တပ်နှစ်သက်ခြင်းကား သမုဒယသစ္စာတည်း။ တပ်မှုကို ပယ်ခြင်းကား မဂ္ဂသစ္စာတည်း။ ပယ်သည် အတိုင်း ချုပ်ခြင်းကား နိရောဓသစ္စာတည်း။

ထိုကြောင့် ဘင်္ဂာဏ် အမြင်ပေါက်ရောက်ခဲ့လျှင် မဂ်ဗိုလ်သို့ သက်ဝင်နိုင်သည်ဟူလို့။

တောလေးဆယ်နှင့် နိဗ္ဗာန်

ပဋိသမ္ဘိဒါမဂ်အရ တောလေးဆယ်နှင့် နိဗ္ဗာန်လေးဆယ်ကို ပြဦးအုံ—

(၁) ပဥ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကခန္တိ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော နိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[၁]

ပဥ္စ၊ ငါးပါးကုန်သော။ ခန္ဓေ၊ ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲသောအားဖြင့်။ ပဿန္တော၊ ရှုမြင်သည်ရှိသော်။ အနုလောမိကခန္တိ ၊ အနုလောမိကခန္တိဉာဏ်ကို။ ဝါ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ အနုပ္ပါဒနိရောဓအားဖြင့် တဖန် မဖြစ်မူ၍ ချုပ်ခြင်းသည်။ နိစ္စံ၊ ချုပ်မှုမြဲသော။ တနည်း–နိစ္စံ၊ ဒုက္ခမှ လွတ်ခြင်းမြဲသော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝါ၊ နိဗ္ဗာနန္တိ၊ ဒုက္ခနိရောဓ အဇာတ အပ္ပဝတ္တ အနုပ္ပါဒ အသင်္ခတနိဗ္ဗာန်ဟူ၍။ ပဿန္တော၊ ပညာစက္ခုဖြင့် မြင်သောသူသည်။ သမ္မတ္တ-နိယာမံ၊မိမိ၏အခြားမဲ့၌ အကျိုးပေးခြင်းမြဲသော သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

အခိပ်ပါယ်မှာ–ခန္ဓာရှိလျှင် ဇရာမရဏဖြင့် ပျက်ရကား မမြဲသော အနိစ္စသာတည်းဟု မြင်သိသည်ဖြစ်၍ ခန္ဓာချုပ်က ဒုက္ခမှ ကင်းလွတ်မှု မြဲလေတော့၏ဟု နှလုံးသွင်းပြီးလျှင် ခန္ဓာတဖန် ဖြစ်လိုမှုကိုပယ်၍ ခန္ဓာချုပ်ခြင်းကို နှစ်သက်သော။ ဝါ၊ သည်းခံနိုင်သောသူအား မဂ်သို့ သက်ဝင်နိုင်၏ ဟူလို့။

(၂) ပဥ္စက္ခန္ဓေ ဒုက္ခတော ပဿန္တော အနုလောမိကခန္တိ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော သုခံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[၂]

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၄၁၁။

ပဥ္စက္ခန္ဓေ- ခန္ဓာငါးပါး၌။ ဝါ၊ ခန္ဓာငါးပါးတို့ကို။ ဒုက္ခတော၊ ဝတ်ဆင်းရဲဟု။ ပဿန္တော၊ မြင်သောသူသည်။ ဝါ၊ မြင်သည်ရှိသော်။ အနုလောမိကခန္တိ ံ၊ မက်နှင့်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ တို့၏။ နိရောဓေ၊ အနုပါဒိသေသအားဖြင့် အကြွင်းမဲ့ချုပ်ခြင်းသည်။ သုခံ၊ ဆင်းရဲမရှိသဖြင့် ချမ်းသာသော သဘောရှိသော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝါ၊ အလုံးစုံသော ဆင်းရဲဒုက္ခတို့မှ ကင်းလွတ်သော တရားဟူ၍။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မိမိ၏အခြားမဲ့၌ အကျိုးပေးခြင်းမြဲသော သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ သြက္ကမတိ၊ သက်ဝင်၏။

အဓိပ္ပါယ်ကား–ခန္ဓာရှိလျှင် ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်သဖြင့် ဆင်းရဲ၏။ ခန္ဓာချုပ်က အလုံးစုံသောဒုက္ခတို့မှ ကင်းလွတ်၏ဟု ပညာစက္ခုဖြင့် မြင်သိသည်ဖြစ်၍ ခန္ဓာဇာပ်ခြုပ်ခြင်းကို နှစ်သက်သော သူသည် ဒုက္ခကင်းလွတ်မှု အကျိုးပေးခြင်းမြဲသော သမ္မတ္တနိယာမသို့ သက်ဝင်နိုင်၏ဟူလို့။

(၃) ပဥ္စက္ခန္ဓေ ရောဂကော ပဿန္တော အနုလောမိကခန္တိ ံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အရောဂံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။[၁]

ပဥ္စက္ခန္ဓေ၊ တို့ကို။ ရောဂတော၊ အနာရောဂါဒါးဖြင့်။ ပဿန္တော၊ မြင်သောသူသည်။ အနုလောမိကခန္တိ ံ၊ မက်နှင့်လျော်သော သည်းခံခြင်းကို။ ဝါ၊ နှစ်သက်ခြင်းကို။ ပဋိလဘတိ၊ ရ၏။ ဝါ၊ တနည်း–အနုလောမိကခန္တိ ံ၊ မက်နှင့်လျော်သော နိစ္စ သုခ အတ္တဟု နှလုံးသွင်းခြင်းကိုပယ်၍ အနိစ္စ ဒုက္ခ အနတ္တတို့သာတည်းဟု သည်းခံနိုင်သော။ ဝါ၊ နှစ်သက်ခြင်း ပီတိပါမောဇ္ဇဖြစ်သည်ဖြစ်၍ သည်းခံနိုင်သော အနုလောမိကခန္တိကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ၊ ငါးပါးကုန်သော်။ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အရောဂံ၊ အနာရောဂါမရှိသော်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ မိမိ၏အခြားမဲ့၌ အကျိုးပေးခြင်းမြဲသော သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ သြက္ကမတိ၊ သက်ဝင်၏။

၁။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၄၁၁။

အဓိပ္ပါယ်ကား - ခန္ဓာရှိလျှင် အနာရောဂါရှိသည်မည်၏။ ခန္ဓာချုပ်လျှင် အနာရောဂါမှ ကင်းလွတ်၏။ ထို့ကြောင့် ခန္ဓာချုပ်ခြင်းကို နှစ်သက်က မင်္ဂလာသက်ဝင်၏ ဟူလို။

(၄) ပဉ္စက္ခန္ဓေ ဂဏ္ဍတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အဂဏ္ဍံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[၁]

ပဉ္စက္ခန္ဓေ၊ တို့ကို။ ဂဏ္ဍတော၊ အိုင်းအမာအား‌ဖြင့်။ ပဿန္တော၊ မြင်သော သူသည်။ ဝါ၊ ရှုသည်ရှိသော်။ အနုလောမိကခန္တိံ၊ အနုလောမိကခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အဂဏ္ဍံ၊ အိုင်းအမာ မဟုတ်သော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ မြင်သော သူသည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၅) ပဉ္စက္ခန္ဓေ သလ္လတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အသလ္လံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[၂]

ပဉ္စက္ခန္ဓေ၊ တို့ကို။ သလ္လတော၊ မြားငြောင့်ဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကခန္တိံ၊ အနုလောမခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အသလ္လံ၊ မြားငြောင့်မဟုတ်သော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ မြင်သည်ရှိသော်။ သမ္မတ္တနိယာမံ၊ အကျိုးပေးခြင်းမြဲသော မင်္ဂဖိုလ်ဟူသော သမ္မတ္တနိယာမသို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၆) ပဉ္စက္ခန္ဓေ အဃတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓော အနဃော နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[၃]

၁။ ပဋိသမ္ဘိဒါမဂ်၊ ၃-၄၁။ ၂။ ပဋိသမ္ဘိဒါမဂ်၊ ၃-၄၂။

ပဉ္စက္ခန္ဓေ၊ တို့ကို။ အဃတော၊ ရာဂ ဒေါသ မောဟဟူသော အညစ် အကြေးတရားသုံးပါးတို့ ဖျက်ဆီးခံရပ်သော တရားဟူ၍။ ပဿန္တော။ မြင်သော သူသည်။ အနုလောမိကခန္တိ ံ၊ မက်နှင့်လျော်ဖွယ်သော နှစ်သက်ခြင်းကို။ပဋိလဘတိ၊ ရ၏။ ပဉ္ဆနံ၊ ငါးပါးကုန်သော။ ခန္ဓာနံ၊ ခန္ဓာတို့၏။ နိရောဓေ၊ ချုပ်ခြင်းသည်။ အနဃော၊ အညစ်အကြေးကင်းသော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ သြက္ကမတိ၊ ဆင်း၏။

(၇) ပဉ္စက္ခန္ဓေ အာဗာဓတော ပဿန္တော အနုလောမိကခန္တိ ံ ပဋိလဘတိ-
ပဉ္ဆနံ ခန္ဓာနံနိရောဓေ အနာဗာဓံ နိဗ္ဗာနန္တိ ပဿန္တောသမ္မတ္တနိယာမံ
သြက္ကမတိ။[၁]

ပဉ္စက္ခန္ဓေ၊ တို့ကို။ အာဗာဓတော၊ မပြတ်နိပ်စက်တတ်သောအားဖြင့်။ ပဿန္တော၊ ရှုသည်ရှိသော်။ အနုလောမိကခန္တိ ံ၊ ကို။ ပဋိလဘတိ၊ ၏။ ပဉ္ဆနံ၊ ကုန်သော၊ ခန္ဓာနံ၊ တို့၏။ နိရောဓေ၊ သည်။ အနာဗာဓံ၊ နှိပ်စက်မှုမရှိသော။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဿန္တော၊ သည်။ သမ္မတ္တနိယာမံ၊ သို့။ သြက္ကမတိ၊ ၏။

(၈) ပဉ္စက္ခန္ဓေ ပရိတော ပဿန္တော အနုလောမိကခန္တိ ံ ပဋိလဘတိ၊
ပဉ္ဆနံ ခန္ဓာနံ နိရောဓေ အပရိ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ
သြက္ကမတိ။[၂]

ပဉ္စက္ခန္ဓေ၊ တို့ကို။ ပရိတော၊ သူဗိမ်းပြင်ပအားဖြင့်။ ဝါ၊ သူစိမ်းပြင်ပ လူနှင့်တူ၏ ဟူ၍။ ပဿန္တော၊ သည်။ အနုလောမိကခန္တိ ံ၊ မက်နှင့်လျော်သော နှစ်သက်ခြင်းကို။ ပဋိလဘတိ ရ၏။ ပဉ္ဆနံ ခန္ဓာနံ၊ တို့၏။ နိရောဓေ၊ သည်။ အပရိ၊ သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ သည်။ သမ္မတ္တနိယာမံ၊ သို့။ သြက္ကမတိ၊ ၏။

ဒါနဓိပ္ပါယ်ကား-ခန္ဓာငါးပါးသည် သူစိမ်းပြင်ပလူနှင့်တူ၏။ သူစိမ်းပြင်ပ-လူ အပေါ်၌ မိမိ သြဇာအာဏာ မရှိသကဲ့သို့ ခန္ဓာငါးပါးအပေါ်မှာ မအိုနှင့်, မနာ

၁။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၄၁၂။

နှင့်, မသေနှင့်ဟု သြဇာပေးမည်ဆိုသော်လည်း နားထောင်မည် မဟုတ်ဟူလို။ အဘယ်ကြောင့်ဆိုသော် သူစိမ်းပြင်ပလူကို အစိုးမရသကဲ့သို့ပေတည်း။

(၉) ပဥ္စက္ခန္ဓေ ပလောကတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္ဉံ ခန္ဓာနံ နိရောဓော အပလောကဓမ္မော နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြကြမတိ။

ပဥ္စက္ခန္ဓေ၊ တို့ကို။ ပလောကတော၊ ပျက်စီးတတ်သော သဘောအားဖြင့်။ ပဿန္တော၊ မြင်သည်ရှိသော်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ ပဥ္ဉံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အပလောကဓမ္မော၊ ပျက်စီးခြင်းမရှိသော။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဿန္တော၊ သည်။ သမ္မတ္တနိယာမံ၊ သို့။ သြကြမတိ၊ ၏။

အဓိပ္ပါယ်ကား–ခန္ဓာချုပ်ခြင်းဟူသော ဒုက္ခနိရောဓ ခန္ဓာဖြစ်ခြင်းမရှိသော အဇာတ အပ္ပဝတ္တ အနုပ္ပါဒ အသင်္ခတသဘောတို့မှကား ဖြစ်ခြင်းပင် မရှိသောကြောင့် ပျက်ခြင်းမရှိရကား ဒုက္ခမှ လွတ်၏။ ဤသို့ ဒုက္ခမရှိခြင်း, ဒုက္ခမှလွတ်ခြင်းသည် ချမ်းသာ၏ဟု ရှုသည်ဖြစ်၍ ချုပ်ခြင်းကို နှစ်သက်လျှင် ထိုသူသည် မဂ်သို့ သက်ဝင်လေတော့၏ ဟူလို။

(၁၀) ပဥ္စက္ခန္ဓေ ဤတိတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္ဉံ ခန္ဓာနံ နိရောဓော အနိတိကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြကြမတိ။

ပဥ္စက္ခန္ဓေ၊တို့ကို။ဤတိတော၊မျှားစ့ာ ပျက်စီးတတ်သော သဘောအားဖြင့်။ ပဿန္တော၊ သော်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ဝါ နှစ်သက်ခြင်းကို။ ပဋိလဘတိ၊ ၏။ ပဥ္ဉံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အနိတိကံ၊ ပျက်စီးတတ်သော အလေ့သဘောမရှိသော။ နိဗ္ဗာနန္တိ၊ဟူ၍။ ပဿန္တော၊ သည်။ သမ္မတ္တနိယာမံ၊ သို့။ သြကြမတိ၊ ၏။ (အဓိပ္ပါယ်လွယ်၏)။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ ၄၁၂။

(၁၁) ပဥ္စက္ခန္ဓေ ဥပဒ္ဒဝတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အနုပဒ္ဒဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။[၁]

ပဥ္စက္ခန္ဓေ၊ တို့ကို။ ဥပဒ္ဒဝတော၊ ကပ်၍ ညှဉ်းပန်းနှိပ်စက်တတ်သော သဘော အား[ဖြင့်]။ ပဿန္တော၊ သည်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော် သည်းခံခြင်းကို။ ပဋိလဘတိ၊ ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အနုပဒ္ဒဝံ၊ ကပ်၍နှိပ်စက်ခြင်းမရှိသော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ သည်။ သမ္မတ္တနိယာမံ၊ သို့။ သြက္ကမတိ၊ ၏။

ခန္ဓာရှိလျှင် နှိပ်စက်သော သဘောရှိ၍ နေတော့၏။ ခန္ဓာချုပ်လျှင် ထို သဘောမရှိတော့ပြီဟု မြင်သိသည်ဖြစ်၍ ခန္ဓာဇာတိချုပ်ခြင်းကို နှစ်သက်ကာ မဂ်သို့ သက်ဝင်လေတော့၏ ဟူလို။

(၁၂) ပဥ္စက္ခန္ဓေ ဘယတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အဘယံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။[၁]

အဓိပ္ပါယ်မှာ–ခန္ဓာရှိလျှင် ဇရာဘေး ဗျာဓိဘေး မရဏ စသော ဘေးများရှိသဖြင့် ဆင်းရဲဒုက္ခ ရှိရလေတော့၏။ ခန္ဓာချုပ်လျှင် ထိုဘေးတို့မှ လွတ်၏ဟု နှလုံးသွင်း၍ ခန္ဓာဇာတိ ချုပ်ခြင်းကို နှစ်သက်လျှင် မဂ်သို့ သက်ဝင်လေတော့၏ ဟူလို။

(၁၃) ပဥ္စက္ခန္ဓေ ဥပသဂ္ဂတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အနုပသဂ္ဂံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။[၁]

အဓိပ္ပါယ်ကား–ခန္ဓာငါးပါးတို့ကို မပြတ်ကပ်၍ ညှဉ်းဆဲတတ်သော သဘော အား[ဖြင့်] မြင်သည်ဖြစ်၍ ထိုခန္ဓာချုပ်လျှင် ကပ်၍ ညှဉ်းဆဲတတ်သော သဘော

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၎၁၂။

ကင်းသော နိဗ္ဗာန်ဟု မြင်သိသည်ဖြစ်၍ ခန္ဓာချုပ်ခြင်းကို နှစ်သက်လျှင် မင်္ဂလာသက်ဝင်လေတော့၏ ဟူလို။

(၁၄) ပဥ္စက္ခန္ဓေ စလတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အစလံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[1]

ပဥ္စက္ခန္ဓေ၊ တို့ကို။ စလတော၊ တုန်လှုပ်တတ်သော သဘော အားဖြင့်။ ဝါ၊ စလတော၊ ဗျာသန တရားငါးပါး လောကဓံတရား ရှစ်ပါးကြောင့် တုန်လှုပ်တတ်သောသဘောအားဖြင့်။ပဿန္တော၊မြင်သောသူသည်။အနုလောမိကခန္တိံ၊ မင်္ဂလာသက်ဝင်လျော်သော သည်းခံခြင်းကို။ ဝါ၊ နှစ်သက်ခြင်းကို။ ပဋိလဘတိ၊ ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အစလံ၊ တုန်လှုပ်ခြင်း ကင်းသော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန် ဟူ၍။ ပဿန္တော။ မြင်သိသော သူသည်။ ဝါ၊ အဖန်ဖန် ရှုသောသူသည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ဝါ၊ အကျိုးပေးခြင်းမြဲသော မင်္ဂလာသို့။ ဩက္ကမတိ၊ သက်ဝင်၏။ (အဓိပ္ပါယ် လှယ်ပါ၏)။

(၁၅) ပဥ္စက္ခန္ဓေ ပဘင်္ဂတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အပဘင်္ဂံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[1]

ပဥ္စက္ခန္ဓေ။ တို့ကို။ ပဘင်္ဂတော၊ မိမိပယောဂ, သူတပါးပယောဂတို့ကြောင့် ပျက်စီးတတ်သော သဘောအားဖြင့်။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကခန္တိံ၊ မင်္ဂလာသက်ဝင်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အပဘင်္ဂံ၊ ပျက်စီးခြင်းမရှိသော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ သည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဩက္ကမတိ၊ သက်ဝင်၏။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၄၁၂။

(၁၆) ပဥ္စက္ခန္ဓေ အဒ္ဓါဝတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္ဉံ ခန္ဓာနံ နိရောဓော ဓုဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ တိုကို။ အဒ္ဓါဝတော၊ ဣရိယာပထအားဖြင့်ဂုဏ်း, စားသောက်ခြင်း, ပြောဆိုခြင်း စသည်တို့ဖြင့်ဂုဏ်း မမြဲသောအားဖြင့်။ တနည်း-အဒ္ဓါဝတော၊ ဖဿ ၆ ပါး, ဝေဒနာ ၆-ပါးတို့၏ မမြဲသော သဘောအားဖြင့်။ ပဿန္တော၊ ရှုမြင်ဆင်ခြင်သောသူသည်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော နှစ်သက်ခြင်းကို။ တနည်း အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ ဓုဝံ၊ မြဲသော။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တ-နိယာမံ၊ သမ္မတ္တနိယာမသို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၇) ပဥ္စက္ခန္ဓေ အတာဏတော ပဿန္တော အနုလောမိကခန္တိံ ပဋိ-လဘတိ၊ ပဥ္ဉံ ခန္ဓာနံ နိရောဓော တာဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ တိုကို။ အတာဏတော၊ အစောင့်အရှောက် မရှိသောအားဖြင့်။ ပဿန္တော၊ ရှုသောသူသည်။ အနုလောမိကခန္တိံ၊ ကို။ ပဋိလဘတိ၊ ၏။ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ တာဏံ၊ စောင့်ရှောက်နိုင်သော။ တနည်း-တာဏံ၊ အို, နာ သေရေး ဒုက္ခဘေးတို့ကို စောင့်ရှောက်နိုင်သော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၈) ပဥ္စက္ခန္ဓေ အလေဏတော ပဿန္တော အနုလောမိကခန္တိံ ပဋိလ-ဘတိ၊ ပဥ္ဉံ ခန္ဓာနံ နိရောဓော လေဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ-နိယာမံ ဩက္ကမတိ။

ပဥ္စက္ခန္ဓေ၊ တိုကို။ အလေဏတော၊ ပုန်းအောင်းရာသဘောမဟုတ်ဟူ၍။ ဝါ၊ အလေဏတော၊ ပုန်းအောင်းခိုကိုးရာ မရှိဟူ၍။ ပဿန္တော၊ ရှုမြင်သောသူ

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-ဌ၁၂။

သည်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော နှစ်သက်ခြင်းကို။ ပဋိလဘတိ၊ ၏။ ပဥ္ဉန္ဒုံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ လေဏံ၊ သေမင်းဘေးမှ ကင်းလွတ် ပုန်းအောင်းရာဖြစ်သော။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဿန္တော၊ ရှုမြင်သော သူသည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၁၉) ပဥ္စက္ခန္ဓေ အသရဏတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္ဒုံ ခန္ဓာနံ နိရောဓော သရဏံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[၁]

ပဥ္စက္ခန္ဓေ၊ တို့ကို။ အသရဏတော၊ ကိုးကွယ်ရာ မဟုတ်သောအားဖြင့်။ ပဿန္တော၊ ရှုမြင်သောသူသည်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္ဒုံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ သရဏံ၊ ကိုးကွယ်ရာဖြစ်သေး။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ ရှုမြင်သော သူသည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ ဩက္ကမတိ၊ ၏။

(၂၀) ပဥ္စက္ခန္ဓေ ဂိုတ္တတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္ဒုံ ခန္ဓာနံ နိရောဓော အဂိုတ္တံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[၂]

ပဥ္စက္ခန္ဓေ၊ တို့ကို။ ဂိုတ္တတော၊ နိစ္စ သုခ အတ္တ သုဘဘို့မှ ကင်းသော အားဖြင့်။ ပဿန္တော၊ သည်။ အနုလောမိကခန္တိံ၊ ကို။ ပဋိလဘတိ၊ ၏။ ပဥ္စန္ဒုံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အဂိုတ္တံ၊ အဂိုတ္တဖြစ်သော။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဿန္တော၊ သည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ ၏။

(၂၁) ပဥ္စက္ခန္ဓေ တုစ္ဆတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္ဒုံ ခန္ဓာနံ နိရောဓော အတုစ္ဆံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[၃]

ပဥ္စက္ခန္ဓေ၊ တို့ကို။ တုစ္ဆတော၊ အချည်းနှီးအားဖြင့်, အကျိုးမဲ့သောအား ဖြင့်။ ပဿန္တော၊ ရှုမြင်သောသူသည်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော

၁။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၄၁၂။ ၂။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၄၁၄။

နှစ်သက်ခြင်းကို။ ပဋိလာဘတိ၊ ရ၏။ ပဉ္ဆန်ံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အတုစ္ဆံ၊ အချည်းနှီးမဟုတ်သော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ မြင်သော သူသည်။ သမ္မတ္တနိယာမံ၊ သို့။ ဩက္ကမတိ၊ ၏။

(၂၂) ပဉ္စက္ခန္ဓေ သုညတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဉ္စန်ံ ခန္ဓာနံ နိရောဓော ပရမသုညံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ-နိယာမံ ဩက္ကမတိ။[၁]

ပဉ္စက္ခန္ဓေ၊ တို့ကို။ သုညတော၊ အတ္တ သတ္တ ပုဂ္ဂလတို့မှ ဆိတ်သောအားဖြင့်။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ဝါ၊ နှစ်သက်ခြင်းကို။ ပဋိလာဘတိ၊ ရ၏။ ပဉ္စန်ံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ ပရမသုညံ၊ မြတ်သော သုညဟူသော။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဿန္တော၊ ရှုမြင်သော သူသည်။ သမ္မတ္တနိယာမံ၊ မိမိ၏အခြားမဲ့၌ အကျိုးပေးခြင်း မြဲသော သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ ဩက္ကမတိ၊ သဘော၏။

အဓိပ္ပါယ်ကား-ခန္ဓာငါးပါးတို့သည်လည်း နိစ္စ သုခ အတ္တ ပုဂ္ဂလ သဘောမှ ဆိတ်၏၊ ထို ဆိတ်ခြင်းကား ယုတ်သော ဆိတ်ခြင်းတို့တည်း။ ခန္ဓာနိမ်တ်ကင်းသော အလုံးစုံသော ဂတိတို့မှ။ ဆိတ်သောသုညမူကား အလုံးစုံသော ဒုက္ခတို့မှ လွတ်သောကြောင့် မြတ်၏။ ထိုကြောင့် ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူသော သုည ၂၅-မျိုးတွင် ဤခန္ဓာချုပ်သော ခန္ဓာဆိတ်သော သုညသည် မြတ်၏ ဟူလို။

(၂၃) ပဉ္စက္ခန္ဓေ အနတ္တတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဉ္စန်ံ ခန္ဓာနံ နိရောဓော ပရမတ္တံ၂ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိ-ယာမံ ဩက္ကမတိ။[၂]

ပဉ္စက္ခန္ဓေ၊ တို့ကို။ အနတ္တတော၊ အနတ္တအားဖြင့်။ ဝါ၊ အလိုသို့လိုက်စေနိုင်သော အရှင်မရှိသော အားဖြင့်။ ပဿန္တော၊ ရှုမြင်သောသူသည်။ အနု-လောမိကခန္တိံ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ပဋိလာဘတိ၊ ရ၏။ ပဉ္စန်ံ

၁။ ပဋိသမ္ဘိဒါမဂ် နှာ-၄၁၃။ ၂။ပရမတ္ထံ (ဆဋ္ဌမ)

ခန္ဓာနံ၊ တို့၏။ နိရောဓော၊ အနုပါဒိသေသ နိဗ္ဗာန်အားဖြင့် အကြွင်းမဲ့ ချုပ်ခြင်းသည်။ ပရမတ္ထံ၌ မြတ်သော။ နိဗ္ဗာနန္တိ၊ ငြိမ်းခြင်းဟူ၍။ ပဿန္တော၊ ရှုမြင်သော သူသည်။ သမ္မတ္တနိယာမံ၊ အကျိုးပေးခြင်းမြဲသော သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ သြက္ကမတိ၊ သက်ဝင်တော့၏။

(၂၄) ပဥ္စက္ခန္ဓေ အာဒီနဝတော ပဿန္တော အနုလောမိကာနိ ပဋိ-လဘတိ၊ ပဥ္စန်း ခန္ဓာနံ နိရောဓော အနာဒီနဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။

ပဥ္စက္ခန္ဓေ၊ တို့ကို။ အာဒီနဝတော၊ အပြစ်အားဖြင့်။ ဝါ၊ အာဒီနဝတော၊ မမြဲသော ဆင်းရဲသော အစိုးမရ အလိုသို့ မလိုက်သော အနိစ္စ ဒုက္ခ အနတ္တ အားဖြင့်။ ပဿန္တော၊ ရှုမြင်သော သူသည်။ အနုလောမိကာနိ ၊ မဂ်နှင့်လျော်သော နှစ်သက်ခြင်းကို။ ဝါ၊ သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ပဥ္စန်း ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အနာဒီနဝံ၊ အပြစ်ကင်းသော။ နိဗ္ဗာနန္တိ၊ ချုပ်ငြိမ်းခြင်းဟူ၍။ ပဿန္တော၊ မြင်သောသူသည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ သြက္ကမတိ၊ ၏။

(၂၅) ပဥ္စက္ခန္ဓေ ဝိပရိဏာမဓမ္မတော ပဿန္တော အနုလောမိကာနိ ပဋိလဘတိ၊ ပဥ္စန်း ခန္ဓာနံ နိရောဓော အဝိပရိဏာမဓမ္မံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။

ပဥ္စက္ခန္ဓေ၊ တို့ကို။ ဝိပရိဏာမဓမ္မတော၊ အိုမှု နာမှု သေမှုစသည် ဖောက်ပြန်တတ်သော တရားဟူ၍။ ပဿန္တော၊ ရှုမြင်သော သူသည်။ အနုလောမိက-ခန္တိ ၊မဂ်နှင့်လျော်သော နှစ်သက်ခြင်းကို။ ပဋိလဘတိ၊ရ၏။ ပဥ္စန်းခန္ဓာနံ၊တို့၏။ နိရောဓော၊ချုပ်ခြင်းသည်။ အဝိပရိဏာမဓမ္မံ၊ အို နာ သေရေး ဒုက္ခဘေးတို့မှ ကင်းဝေးသော။ နိဗ္ဗာနန္တိ၊ ငြိမ်းခြင်းဟူ၍။ ပဿန္တော၊ ရှုမြင်သော သူသည်။ သမ္မတ္တနိယာမံ၊ သို့။ ဝါ၊ မဂ်သို့။ သြက္ကမတိ၊ သက်ဝင်၏။

၁။ ပဋိသမ္ဘိဒါမဂ် နှာ-၄၁၃။

(၂၆) ပဥ္စက္ခန္ဓေ အသာရကတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော သာရံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။[၁]

ပဥ္စက္ခန္ဓေ၊ တိုကို။ အသာရကတော၊ နိစ္စသာဂ သုခသာရ အတ္တသာရဟူသော အနှစ် အသားမရှိသော သဘောအား ဖြင့်။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကခန္တိံ၊ မင်္ဂနှင့်လျော်သော နှစ်သက်ခြင်းကို။ ဝါ၊ သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ ဒုကြွင်းမဲ့ချုပ်ခြင်းသည်။ သာရံ၊ နိစ္စသာရ သုခသာရ အတ္တသာရဟူသော အနှစ်နှင့် ပြည့်စုံသော။ နိဗ္ဗာနန္တိ၊ ငြိမ်းချမ်းအေးမြသော သဘောဟူ၍။ ပဿန္တော၊ သည်။ သမ္မတ္တ-နိယာမံ၊ သို့။ သြက္ကမတိ၊ ၏။

(၂၇) ပဥ္စက္ခန္ဓေ အဃမူလတော ပဿန္တော အနုလောမိကခန္တိံ ပဋိလ-ဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အနဃမူလံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။[၁]

ပဥ္စက္ခန္ဓေ၊ တိုကို။ အဃမူလတော၊ ရာဂ ဒေါသ မောဟ ဟူသော အညစ် အကြေး သုံးပါးတို့၏ မူလဟူ၍။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိက-ခန္တိံ၊ မင်္ဂနှင့်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ အကြွင်းမဲ့ချုပ်ခြင်းသည်။ အနဃမူလံ၊ မကောင်းမှုတို့၏ အကြောင်းမဟုတ်သော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ ရှုမြင်သော သူသည်။ သမ္မတ္တနိယာမံ၊ အကျိုးပေးမြဲသော သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ သြက္ကမတိ၊ သက်ဝင်၏။

(၈) ပဥ္စက္ခန္ဓေ ဝဓကတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အဝဓကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ-နိယာမံ သြက္ကမတိ။[၁]

ပဥ္စက္ခန္ဓေ၊ တိုကို။ ဝဓကတော၊ သူသတ်ဟူ၍။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကခန္တိံ၊ မင်္ဂနှင့်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ၏။

၁၊ ပဋိသမ္ဘိဒါမဂ်-နှာ-၄၁၃။

ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အဝဓကံ၊ သူသတ်မဟုတ်သော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝါ နိဗ္ဗာနန္တိ၊ သတ်တတ်သောတရား မဟုတ်ဟူ၍။ ပဿန္တော၊ မြင်သော သူသည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ သြက္ကမတိ၊ သက်ဝင်၏။

(၂၉) ပဥ္စက္ခန္ဓေ ဝိဘဝတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အဝိဘဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။[၁]

ပဥ္စက္ခန္ဓေ၊ တို့ကို။ ဝိဘဝတော၊ အပါယ် ၄-ဘုံ, ကာမသုဂတိ ၇-ဘုံ, ဗြဟ္မာ ၂၀-ဟူသော အထူးထူးသော ဘဝတို့၌ ကံအားလျော်စွာ ဖြစ်တတ်သော သဘောအားဖြင့်။ ပဿန္တော၊ ရှုမြင်သော သူသည်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ဝါ၊ အနုလောမခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အဝိဘဝံ၊ ဖြစ်ခြင်းကင်းသော။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဿန္တော၊ ရှုမြင်သော သူသည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တ-နိယာမသို့။ ဝါ၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးခြင်းမြဲသော သမ္မတ္တနိယာမသို့။ သြက္ကမတိ၊ သက်ဝင်၏။

(၃၀) ပဥ္စက္ခန္ဓေ သာသဝတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အနာသဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တ-နိယာမံ သြက္ကမတိ။[၂]

ပဥ္စက္ခန္ဓေ၊ ခန္ဓာငါးပါးတို့ကို။ သာသဝတော၊ ၃၁-ဘုံသို့ ယိုစီးတတ်သော သဘောအားဖြင့်။ ပဿန္တော၊ ရှုသော သူသည်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ အနာသဝံ၊ ယိုစီးခြင်းမရှိသော။ နိဗ္ဗာနန္တိ၊ အနာသဝ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ ရှုမြင်သော သူသည်။ သမ္မတ္တနိယာမံ၊ မိမိ၏ အခြားမဲ့၌ အကျိုးပေး ခြင်း မြဲသော သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ သြက္ကမတိ၊ သက်ဝင်၏။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၄၁၃။

(၃၁) ပဥ္စက္ခန္ဓေ သဒ်္ဓတတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အသင်္ခတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[1]

ပဥ္စက္ခန္ဓေ၊ တို့ကို။ သဒ်္ဓတတော၊ ဥပါဒ်ဌိ ဘင်ဖြင့် ဖြစ်တတ် ပျက်တတ်သော သဘောအားဖြင့်။ ဝါ၊ သဒ်္ဓတတော၊ ကံ စိတ် ဥတု အာဟာရ တို့ဖြင့် ပြုပြင်အပ်သော သန္တာန ရ တရားဟူ၍။ ပဿန္တော၊ ရှုမြင်သောသူသည်။ အနုလောမိကခန္တိံ၊ အနုလောမခန္တိဉာဏ်ကို။ ဝါ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို၊ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အသင်္ခတံ၊ ဥပါဒ်ဌိ ဘင် မရှိသော။ ဝါ၊ တစုံတခုသော အကြောင်းတို့မျှ မပြု မပြင်အပ်သော။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဿန္တော၊ ရှုသောသူသည်။ သမ္မတ္တနိယာမံ၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးခြင်း မြဲသော သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၂) ပဥ္စက္ခန္ဓေ မာရာမိသတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ၊ ခန္ဓာနံ နိရောဓော နိရာမိသံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[2]

ပဥ္စက္ခန္ဓေ၊ တို့ကို။ မာရာမိသတော၊ မာရ်မင်း၏ အစာဟူ၍။ ဝါ၊ တနည်းကား—မာရာမိသတော၊ ကိလေသမာရ် မစ္စုမာရ်တို့၏ စားဘတ် ဝါးဘတ်ဟူ၍။ ပဿန္တော၊ ရှုမြင်သောသူသည်။ အနုလောမိကခန္တိံ၊ မဂ်နှင့် လျော်သော အနုလောမခန္တိ ဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ သည်။ နိရာမိသံ၊ မာရ်မင်း၏ စားဘတ် ဝါးဘတ် အစာမဟုတ်သော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ ရှုမြင်သောသူသည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ ဩက္ကမတိ၊ သက်ဝင်၏။

(၃၃) ပဥ္စက္ခန္ဓေ ဇာတိဓမ္မတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိဇာတော အဇာတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[3]

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၄၁၃။

ပဋ္ဌာန်၌၊ တို့ကို။ ဇာတိမမ္မတော၊ ပဋိသန္ဓေ နေတတ်သော သဘော အားဖြင့်။ ပဿန္တော၊ ရှုသော်သူသည်။ အနုလောမိကခန္တိ၊ မဂ်နှင့် လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ၊ ရ၏။ ပဋ္ဌန် ခန္ဓာနံ။ တို့၏။ နိရောဓေ၊ သည်။ အဇာတိ၊ ပဋိသန္ဓေ နေခြင်း ကင်းသော။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဿန္တော၊ ရှုသည်ရှိသော်။ ဝါ၊ ရှုသော်သူသည်။ သမ္မတ္တနိယာမံ၊ သမ္မတ္တနိယာမသို့။ သြက္ကမတိ၊ သက်ဝင်၏။

(၃၄) ပဋ္ဌာန်၌ ဇရာဓမ္မတော ပဿန္တော အနုလောမိကခန္တိ၊ ပဋိလဘတိ၊ ပဋ္ဌန် ခန္ဓာနံ နိရောဓေ အဇရံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။

အိုတတ်သော သဘော။ (အနက် လွယ်ပါ၏)

(၃၅) ပဋ္ဌာန်၌ ဗျာဓိဓမ္မတော ပဿန္တော အနုလောမိကခန္တိ၊ ပဋိလဘတိ၊ ပဋ္ဌန် ခန္ဓာနံ နိရောဓေ အဗျာဓိ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။

နာတတ်သော သဘော။ (အနက် သိလွယ်၏)။

(၃၆) ပဋ္ဌာန်၌ မရဏဓမ္မတော ပဿန္တော အနုလောမိကခန္တိ၊ ပဋိလဘတိ၊ ပဋ္ဌန် ခန္ဓာနံ နိရောဓေ အမတံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။

သေတတ်သော သဘော။ (အနက် လွယ်ပါ၏)။

(၃၇) ပဋ္ဌာန်၌ သောကဓမ္မတော ပဿန္တော အနုလောမိကခန္တိ၊ ပဋိလဘတိ၊ ပဋ္ဌန် ခန္ဓာနံ နိရောဓေ အသောကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ။

ပူပန် စိုးရိမ် ကြောင့်ကြခြင်း သဘော။ (အနက်သိလွယ်ပါ၏။)

၁။ ပဋိသမ္ဘိဒါမဂ်-နှာ·၄၁၃-၄။ ၂။ ပဋိသမ္ဘိဒါမဂ်နှာ-၄၁၄။

(၃၈) ပဥ္စက္ခန္ဓေ ပရိဒေဝဓမ္မတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အပရိဒေဝံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[1]

ငိုကြွေးတတ်သော သဘော။ (အနက် လွယ်၏)။

(၃၉) ပဥ္စက္ခန္ဓေ ဥပါယာသဓမ္မတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အနုပါယာသံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[1]

ပင်ပန်းခြင်း သဘော။ (အနက် လွယ်၏။)

(၄၀) ပဥ္စက္ခန္ဓေ သံကိလေသိကဓမ္မတော ပဿန္တော အနုလောမိကခန္တိံ ပဋိလဘတိ၊ ပဥ္စန္နံ ခန္ဓာနံ နိရောဓော အသံကိလေသိကံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။[1]

ပဥ္စက္ခန္ဓေ၊ တို့ကို။ သံကိလေသိကဓမ္မတော၊ တဏှာ သံကိလေသိက, ဒိဋ္ဌိ-သံကိလေသိက, ဒုစ္စရိတသံကိလေသိက ဟု ဆိုအပ်သော တပ်ခြင်း, အယူအမြင်မှားခြင်း, ဒုစ္စရိတဖြင့် မကောင်းမှုတို့ကို ပြုခြင်းဟူသော သံကိလေသဓမ္မတို့၏ အစီးအပွါးတို့သာတည်းဟု။ ပဿန္တော၊ ရှုသည်ရှိသော်။ ဝါ၊ ရှုသောသူသည်။ အနုလောမိကခန္တိံ၊ မဂ်နှင့်လျော်သော သည်းခံခြင်းကို။ ပဋိလဘတိ။ ၏။ ပဥ္စန္နံ ခန္ဓာနံ၊ တို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ အသံကိလေသိကံ၊ အညစ်အကြေးတရားတို့၏ အာရုံမဟုတ်သော။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ပဿန္တော၊ ရှုမြင်သောသူသည်။ သမ္မတ္တနိယာမံ၊ အကျိုးပေးခြင်းမြဲသော သမ္မတ္တနိယာမသို့။ ဝါ၊ မဂ်သို့။ ဩက္ကမတိ၊ သက်ဝင်၏။

ထို တောလေးဆယ်တွင် အချို့သောပုဒ်များ၏ ဝစနတ္ထဝိဂြိုဟ်များ

တော ၄၀-တွင် အချို့သော ပုဒ်များအရ ဝစနတ္ထဝိဂြိုဟ်များကို ပြဦးအံ့—

"မလေဟိ ဟညတေတိ အဃံ"—မလေဟိ၊ ရာဂ, ဒေါသ, မောဟ-ဟူသော အညစ်အကြေးတရားတို့သည်။ ဟညတေ၊ ဖျက်ဆီးအပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ပဥ္စက္ခန္ဓာ၊ ခန္ဓာ ၅-ပါးတို့သည်။ အဃံ၊ အဃ မည်၏။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၄၁၄။

"သမ္ပတ္တိနံ အန္တရေ ဧတေ အာဂစ္ဆတိတိ ဣတိ"-သမ္ပတ္တိနံ၊ သမ္ပတ္တိတို့၏။ အန္တရေ၊ အကြားဧ။ ဧတေ အာဂစ္ဆတိ၊ ဆိုက်ရောက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပဋိက္ခိန္နာ၊ တို့သည်။ ဣတိ၊ ဣတိ မည်၏။

"ဥပဂန္တွာ ဒဝတိတိ ဥပဒ္ဒဝေါ"-ဥပဂန္တွာ၊ ကပ်ရောက်၍။ ဒဝတိ၊ ပူပန်ပင်ပန်း ညှဉ်းပန်း နှိပ်စက်တတ်၏။ ဣတိ၊ ကြောင့်။ ပဋိက္ခိန္နာ၊ ခန္ဓာငါးပါးတို့သည်။ ဥပဒ္ဒဝေါ၊ ဥပဒ္ဒဝ မည်၏။

"ဥပဂန္တွာ သဇ္ဇတိတိ ဥပသဂ္ဂေါ"-ဥပဂန္တွာ၊ ကပ်ရောက်၍။ သဇ္ဇတိ၊ နှုနာများကဲ့သို့ စံကပ်၍ နှိပ်စက်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပဋိက္ခိန္နာ၊ တို့သည်။ ဥပသဂ္ဂေါ၊ မည်၏။

"စာယတိ ရက္ခတိတိ တာဏံ၊ ပဋိက္ခိန္နာ အတာဏာ"-တာယတိ ရက္ခတိ၊ စောင့်မျှောက်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ရတနတ္တယံ၊ ရတနာသုံးပါးသည်။ တာဏံ၊ တာဏ မည်၏။ ဝါ၊ ကိုးကွယ်ရာ မည်၏။ ပဋိက္ခိန္နာ၊ ခန္ဓာငါးပါးတို့သည်။ အတာဏာ၊ မစောင့်မရှောက်တတ်သော တရား မည်ကုန်၏။

"လီယန္တိ ဧတ္ထာတိ လေဏံ၊ ပဋိက္ခိန္နာ အလေဏာ" -ဧတ္ထ၊ ဣဿိုဗ္ဘာန်ဧ။ လီယန္တိ၊ ပုန်းအောင်းရကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ လေဏံ၊ ပုန်းအောင်းရာမည်၏။ ပဋိက္ခိန္နာ၊ တို့သည်။အလေဏာ၊ပုန်းအောင်းရာမဟုတ် အလေဏ မည်ကုန်၏။

"အဟိတေ ဓမ္မေ သရတိ ဟိံသတိတိ သရဏံ" - အဟိတေ၊ အစီးအပွါးမဲ့ဖြစ်ကုန်သော။ဓမ္မေ၊အကုသိုလ်တရားတို့ကို။ သရတိ ဟိံသတိ၊ ညှဉ်းပန်းနှိပ်စက်ဖျက်ဆီးတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ရတနတ္တယံ၊ ရတနာသုံးပါးအပေါင်းသည်။ သရဏံ၊ သရဏ မည်၏။ ပဋိက္ခိန္နာ၊ ခန္ဓာငါးပါးတို့သည်။ အသရဏာ၊ ကိုးကွယ်ရာမဟုတ်ကုန်။

"ဘုသော ဒိနံ ဝဟတီတိ အာဒိနဝေါ"-ဘုသော၊ လွှန်စွာ။ ဒိနံ၊ ဆင်းရဲပင်ပန်းခြင်းကို။ ဝဟတိ၊ ရွက်ဆောင်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ပဋိက္ခိန္နာ၊ တို့သည်။ အာဒိနဝေါ၊ အပြစ်မည်၏။

"မာရုနံ အာမိသာတိ မာရုမိသာ"–မာရုနံ၊ ကိလေသမာရ်, မစ္စုမာရ် တို့၏။ အာမိသာ၊ စားဘတ် ဝါးဘတ်တို့တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပဋိက္ခိန္နာ၊ တို့သည်။ မာရုမိသာ၊ မာရုမိသမည်ကုန်၏။

တဏှာဒိဋ္ဌိဒုစ္စရိတသံကိလေသာနံ ဟိတာတိ သံကိလေသိကာ"– တဏှာ-ဒိဋ္ဌိဒုစ္စရိတသံကိလေသာနံ၊ တဏှာ သံကိလေသ, ဒိဋ္ဌိသံကိလေသ, ဒုစ္စရိတသံကိ-လေသတို့၏။ ဟိတာ၊ အစီးအပွါးတို့တည်း။ ဣတိ တသ္မာ၊ ကြောင့်။ ပဋိက္ခိန္နာ၊ ခန္ဓာ ၅-ပါးတို့သည်။ သံကိလေသိကာ၊ မည်ကုန်၏။

ထိုခန္ဓာ ၅-ပါးတို့သည် တဏှာ ဒိဋ္ဌိတို့၏ အစီးအပွါးလည်း ဟုတ်၏။ ထို တဏှာ ဒိဋ္ဌိတို့ကို တဖန် ပွါးစေခြင်း၏ အကြောင်းလည်း ဟုတ်၏ ဟူလို။

တော ၄၀-ဟူသော ဤဝိပဿနာသည် ဝိပဿနာဉာဏ် ဆယ်ပါးတို့တွင် ပဋို-သခ်ါဉာဏ်မည်၏။ ဒုက္ခ ကောင်းစွာ ဇင်မြင်သဖြင့် ထိတ်လန့်ငြီးငွေ့ခြင်းရှိသော သူသည် အားကိုးရာ နိဗ္ဗာန်ကို မြင်သဖြင့် တို ထိတ်လန့်သော စိတ်ကို သက်သ ရာ ရစေခြင်းငှါငင်း၊ ထို ဒုက္ခနိရောဓ အဇာတ နိဗ္ဗာန်သဘောကို နှစ်သက်က သောတာပတ္တိမဂ် စသည်သို့ရင်း သက်ရောက်စေနိုင်ခြင်းငှါ အရှင် သာရိပုတ္တရာသည် ပဋိသမ္ဘိဒါမဂ်၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ ၄၀-နှင့် နိဗ္ဗာန် ၄၀-ကို တဲ့၍ ဟောတော်မူသည် ဟူလို။

ဤ တော ၄၀-၏ အနက်များတွင် အချို့သော နေရာများ၌ ပါဠိအနက် ရိုးရိုးပြ၏။ အချို့သောပုဒ်များ၌ အဋ္ဌကထာအနက်များပါထည့်၍ ပြ၏။ ဤ အထူးထူးသော အနက်များကို ဗဟုသုတ ရှိကြစေခြင်းငှါ ပြ၏။ ထိုသို့ အထူး ထူးပင် ပြဆိုသော်လည်း သဘာဝအနက်တို့မှာ ဟထပ်တည်းပင် ဟူလို။

ဤ စတုသစ္စဒီပကမ္မကထာ၌ ဒုက္ခသစ္စာနှင့် နိရောဓသစ္စာကို လျင်မြန်စွာ မြင်သိ၍ မဂ်သို့ လျင်စွာ တက်နိုင်စေခြင်းငှါ "ဥပါဒေါ ဒုက္ခံ, အနုပါဒေါ သုခံ" ဟု ပြ၏။ ပြသည့်အတိုင်း အကျဉ်းအားဖြင့် ပွါးလျင်လည်း တော ၄၀-ပွါးများမှ ကိစ္စပြီး၏။ အသယ်ဖြင့်ဆိုသော် မဂ်သို့ သက်ဝင်မှုချင်း တူသောကြောင့် တည်း။ တော ၄၀-ရိုးရိုးကိုသာ အပြများ၏။ ပဋိသမ္ဘိဒါမဂ်အရ နိဗ္ဗာန်နှင့်တဲ့၍

ပြမှု နည်းပါး၏။ ပဋိသမ္ဘိဒါမဂ်နည်းမူကား ဒုက္ခနှင့် ဒုက္ခနိရောဓ နိဗ္ဗာန်ကိုတဲ့၍ ပြသောကြောင့် တချက်ခုတ် နှစ်ချက်ပြတ်နည်း မည်၏။ အထူးရှုကြပါကုန်။

ဒုက္ခတို့ဟူ၍ ဇာတိသည် မူလဖြစ်ပုံ

ထိုထို ဒုက္ခတို့တွင် ဇာတိဒုက္ခသည် မူလရင်းဖြစ်၏။ ထို့ဇာတိချုပ်လျှင် အလုံးစုံသော ဒုက္ခတို့မှ လွတ်၏။ ထို့ကြောင့် ဇာတိဒုက္ခကို ပဌမထား၍ မြတ်စွာဘုရား ဟောတော်မူပုံကို ပြလိုသော အဋ္ဌကထာဆရာသည်-

> "ကိ ံ ဗဟုံ ပဘာသိတေန၊ လောကေ ယံ ကိဉ္စိ ဒုက္ခိတံ။
> တံ သဗ္ဗံ ဇာတိဝိရဟေ၊ ဇရာဟ သဗ္ဗပဌမံ။"

ဗဟုံ၊ များစွာ။ ပဘာသိတေန၊ ထွေထွေရာရာ ပြောဆိုနေသဖြင့်။ ကိ ံ၊ အဘယ်အကျိုး ရှိအံ့နည်း။ လောကေ၊ လောက၌။ ယံ ကိဉ္စိ၊ အကြင်အမှုတ် မရှိသော်။ ဒုက္ခိတံ၊ ဆင်းရဲခြင်းဟူသမျှသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုဆင်းရဲခြင်းဟူသမျှသည်။ ဇာတိဝိရဟေ၊ ဇာတိကင်းသည်ရှိသော်။ ဝါ၊ ချုပ်ငြိမ်းသည် ရှိသော်။ နတ္ထိ၊ မရှိနိုင်တော့ပြီ။ တေန၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ သဗ္ဗပဌမံ၊ အလုံးစုံသော ဒုက္ခတို့၏ ရှေးဦးစွာ။ ဇာတိဒုက္ခံ၊ ဇာတိဒုက္ခကို။ အာဟ၊ ဟောတော်မူ၏"-ဟု မိန့်၏။

ထို့ဒုက္ခနှင့် နိဗ္ဗာန်ကိုမြင်သိသဖြင့် မဂ်ကိစ္စလေးပါး ပြီးစီးနိုင်ပုံကို မြန်မာစကားသက်သက်ဖြင့် တဖန် ပြဦးအံ့—

> ဖြစ်မှုရှိက၊ ပျက်ရဒုက္ခံ၊ ဖြစ်မှုချုပ်မှ၊ ချုပ်မှုဒုက္ခံ၊ ဒုက္ခချုပ်မှ၊ သုခ နိဗ္ဗာန်၊ ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှုမဂ်ကိစ္စံ။
> ချုပ်ငြိမ်းလိုက၊ ဖြစ်ခြင်းရှိသမျှ၊ ရပ်နားမဲ့မှု၌၊ ရှုထ ဇရာဗျာဓိ မရဏ ဒုက္ခံ။
> တနည်းရှုကြ၊ အနိစ္စ ဒုက္ခ အနတ္တံ။ ဤသို့ယခု ဖန်ဖန်ရှုက၊ ချုပ်မှုဘဝတဏှာ။ တဏှာချုပ်က၊ ဇာတိစ၊ ချုပ်ရ ဒုက္ခကွန်။

၁။ ဝိသုဒ္ဓိ-ဒုတိယနှာ-၃၃၂-ကြည့်။

အကြင်ပုဂ္ဂိုလ်သည် တဏှာကြောင့် ဇာတိဒုက္ခဖြစ်၏ဟု မြင်သိသည်ဖြစ်၍ ဇာတိချုပ်ခြင်းကိုလည်း နှစ်သက်သည်ဖြစ်အံ့၊ ထိုသူမှာ တဏှာပယ်မှုကိစ္စ ပြီးသောကြောင့် မဂ်ကိစ္စ ၄-ပါးကို ပြီးစီးစေနိုင်ရကား ယခုပစ္စုပ္ပန်ဘဝမှာပင်လျှင် သောတာပန်စသည် တည်နိုင်ပါ၏ ဟူလို။

ဒုက္ခ ၁၅-ပါးနှင့် သုခနိဗ္ဗာန် ၁၅-ပါး တွဲ၍ ပဋိသမ္ဘိဒါမဂ်အရ ယုဂနဒ္ဓနည်းဖြင့် ရှုပုံ

ဖြစ်ခြင်းကို စိတ်ပျက်၍။ ဝါ၊ ငြီးငွေ့၍ ချုပ်ခြင်းဟူသော နိဗ္ဗာန်ကို နှစ်သက်လွယ်စေခြင်းငှါ ဒုက္ခ ၁၅-ပါးနှင့် နိဗ္ဗာန သုခ ၁၅-ပါး တွဲ၍ ယုဂနဒ္ဓရှုနည်းကို ပဋိသမ္ဘိဒါမဂ်အရ ပြဦးအံ့—

> ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ။ ပဝတ္တံ ဒုက္ခံ၊ အပ္ပဝတ္တံ သုခံ။ နိမိတ္တံ ဒုက္ခံ၊ အနိမိတ္တံ သုခံ။ အာယူဟနာ ဒုက္ခံ၊ အနာယူဟနာ သုခံ။ ပဋိသန္ဓိ ဒုက္ခံ၊ အပ္ပဋိသန္ဓိ သုခံ။ ဂတိ ဒုက္ခံ၊ နဂတိ သုခံ။ နိဗ္ဗတ္တိ ဒုက္ခံ၊ နနိဗ္ဗတ္တိ သုခံ။ ဥပပတ္တိ ဒုက္ခံ၊ အနုပပတ္တိ သုခံ။ ဇာတိ ဒုက္ခံ၊ အဇာတိ သုခံ။ ဇရာ ဒုက္ခံ၊ အဇရာ သုခံ။ ဗျာဓိ ဒုက္ခံ၊ အဗျာဓိ သုခံ။ မရဏံ ဒုက္ခံ၊ အမတံ သုခံ။ သောကော ဒုက္ခံ၊ အသောကော သုခံ။ ပရိဒေဝေါ ဒုက္ခံ၊ အပရိဒေဝေါ သုခံ။ ဥပါယာသော ဒုက္ခံ၊ အနုပါယာသော သုခန္တိ။[၁]

ဥပ္ပါဒေါ၊ ခန္ဓာဂါးပါးဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ဥပါဒ်၌ ဒုဿ ဘင်ဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ အနုပ္ပါဒေါ၊ ခန္ဓာဂါးပါးမဖြစ်ရခြင်းသည်။ ဝါ၊ ချုပ်ငြိမ်းရခြင်းသည်။ သုခံ၊ ပျက်ခြင်းမရှိသောကြောင့် ချမ်းသာ၏။ ပဝတ္တံ၊ ခန္ဓာဂါးပါးတို့၏ ပဝတ္တိအခါ၌ အဖန်ဖန်ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ အဖန်ဖန်ပျက်ရသောကြောင့် ဆင်းရဲ၏။ အပ္ပဝတ္တံ၊ ခန္ဓာဂါးပါး တဖန်မဖြစ်ခြင်းသည်။ သုခံ ချမ်းသာ၏။ နိမိတ္တံ၊ ခန္ဓာနိမိတ်ရှိခြင်းသည်။ ဒုက္ခံ၊ အိုမူ နာမူ သေမူတို့ကြောင့် ဆင်းရဲ၏။ အနိမိတ္တံ၊ ခန္ဓာနိမိတ်မရှိခြင်းသည်။ သုခံ၊ ဘေးမရှိသောကြောင့် ချမ်းသာ၏။ အာယူဟနာ၊ ကောင်းမှု မကောင်းမှုစသည်ဖြင့် ပြုလုပ်အားထုတ်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ အနာယူဟနာ၊ အားထုတ်မှုမရှိရခြင်းသည်။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၁၄။

သုခံ၊ ချမ်းသာ၏။ ပဋိသန္ဓိ၊ ပဋိသန္ဓေနေရခြင်းသည်။ တနည်း – ပဋိသန္ဓိ၊ အမိဝမ်းဌ အမိ၏ အစာသစ်အိမ်ကို ခေါင်းဖြင့်ရွက်၍ အစာဟောင်းအိမ်ပေါ် ဌထိုင်ပြီးလျှင် အမိဝမ်းရေကို ကျောပြု၍ အမိ၏ကျောက်ဆူးရိုးသို့ မျက်နှာမူလျက် အမိ၏ အူမအူသိမ်တို့ဖြင့် ခြုံရုံ၍ မစင်အိမ်ကဲ့သို့ အလွန်မကောင်းသော အနံ့ရှိသော ဌာနဌ ပိုးလောက်တို့ကဲ့သို့ ပဋိသန္ဓေ ၉-လကျော် နေရခြင်းသည်။ ဒုက္ခံ၊ ပြောမဆုံးလောက်အောင် ကျဉ်းကျဉ်းကြပ်ကြပ် အထပ်ထပ် ကြောက်ဖွယ်ကောင်းသော ဘေးကြီးပေတည်း။ အပဋိသန္ဓိ၊ တဖန်မဖြစ်ရမူ၍ ဘုရားရဟန္တာတို့ကဲ့သို့ အနုပါဒိသေသနိဗ္ဗာန်ဓာတ်ဖြင့် အကြွင်းမဲ့ ချုပ်ရခြင်းသည်။ သုခံ၊ ဆင်းရဲစရာဝတ္ထု ဘာတခုမျှ မရှိသော နိဗ္ဗာန်ချမ်းသာပေတည်း။ဂတိ၊ နိရယဂတိ, ပေတဂတိ, တိရစ္ဆာနဂတိ, မနုဿဂတိ, ဒေဝဂတိဟူသော ဂတိငါးပါးသို့ လားရောက်ရခြင်းသည်။ ဒုက္ခံ၊ ဇရာမရဏဖြင့် ပျက်သောကြောင့် ဆင်းရဲ၏။ နဂတိ၊ ဂတိငါးပါးသို့ မလားရမူ၍ ချုပ်ငြိမ်းခြင်းသို့ ရောက်ရခြင်းသည်။ သုခံ၊ ပျက်ခြင်းမရှိသောကြောင့် ချမ်းသာ၏။ နိဗ္ဗတ္တိ၊ သံသေဒဇဖြင့် ဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ပျက်သောကြောင့် ဆင်းရဲ၏။ နနိဗ္ဗတ္တိ၊ မဖြစ်ရခြင်းသည်။ သုခံ၊ ပျက်ခြင်းမရှိသောကြောင့် ချမ်းသာ၏။ ဥပပတ္တိ၊ ၁၅-၁၆-နှစ် အရွယ်ကဲ့သို့ အပြည့်အစုံ ကိုယ်ထင်ရှားဖြစ်ရခြင်းသည်။ ဒုက္ခံ၊ ပျက်ရသောကြောင့် ဆင်းရဲ၏။ အနုပပတ္တိ၊ မဖြစ်ရခြင်းသည်။ သုခံ၊ ပျက်မှုဝတ္ထု ဘာတခုမျှ မရှိသဖြင့် ပျက်ခြင်းမရှိသောကြောင့် ချမ်းသာ၏။ ဇာတိ၊ ဘဝသစ်၌ ရှေးဦးဖြစ်ခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ အဇာတိ၊ မဖြစ်ရခြင်းသည်။ သုခံ၊ ချမ်းသာ၏။ ဇရာ၊ အိုရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၊ အဇရာ၊ မအိုရခြင်းသည်။ သုခံ၊ ချမ်းသာ၏။ ဗျာဓိ၊ နာရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ အဗျာဓိ၊ မနာရခြင်းသည်။ သုခံ၊ ချမ်းသာ၏။ မရဏံ၊ တွေ့တွေ့ဝေဝေ သေရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ အမတံ၊ မသေရခြင်းသည်။ သုခံ၊ နိဗ္ဗာန်ချမ်းသာပေတည်း။ သောကော၊ စိုးရိမ်ပူပန်ရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ အသောကော၊ စိုးရိမ်ကြောင့်ကြရမူမရှိခြင်းသည်။သုခံ၊ ချမ်းသာ၏။ ပရိဒေဝေါ၊ ငိုကြွေးခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ အပရိဒေဝေါ၊မငိုမကြွေးရခြင်းသည်။ သုခံ၊ ချမ်းသာ၏။ ဥပါယာသော၊ ပူဆွေးပင်ပန်းရခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲ၏။ အနုပါယာသော၊ မပင်မပန်းရခြင်းသည်။ သုခံ၊ ချမ်းသာ၏။

ဒုက္ခနှင့် သုခကို ကျိသို့ခွဲခြား၍ မြင်သိလျှင် ဘဝတဏှာ ချုပ်ရလေတော့၏။ ကျိဌ် အဖန်ဖန် ပွါးဆဲအခါမှာ ကိလေသာ တဒင်္ဂ် ချုပ်၏။ အဖန်ဖန် ပွါးသဖြင့် မဂ်စိတ်နှင့် ယှဉ်သောအခါ ကိလေသာသည် သမုစ္ဆေဒအားဖြင့် ချုပ်နိုင်၏ ဟူလို။

တော ၄၀-နှင့် နိဗ္ဗာန် ၄၀-စပ်၍ ပြပုံ ပြီးပြီ။

သတိပြုရန်—

တော ၄၀-လုံးကို မပွါးနိုင်သော်လည်း တခုသောတော၏ အဝိပ္ပါယ်ကို ပွါး၍ အနက်ထင်လျှင် ကျန်သော တော်တို့သည်လည်း ၎င်းနည်းဟု သိနိုင်၏။ မဂ်သို့ ရောက်နိုင်၏ ဟူလို။

ဒုက္ခ ၁၅-နှင့် နိဗ္ဗာန် ၁၅-ကို တွဲ၍ပြခြင်း

ထို့ပြင် ဒုက္ခ ၁၅-နှင့် နိဗ္ဗာန် ၁၅-ကို ပဋိသမ္ဘိဒါမဂ်အရ ပြဦးအံ့—

ဥပ္ပါဒေါ သခ်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ။ ပဝတ္တံ သခ်္ခါရာ၊ အပ္ပဝတ္တံ နိဗ္ဗာနံ။ နိမိတ္တံ သခ်္ခါရာ၊ အနိမိတ္တံ၊ နိဗ္ဗာနံ။ အာယူဟနာ သခ်္ခါရာ၊ အနာယူဟနာ နိဗ္ဗာနံ။ပဋိသန္ဓိ သခ်္ခါရာ၊အပ္ပဋိသန္ဓိ နိဗ္ဗာနံ။ ဂတိ သခ်္ခါရာ၊ န ဂတိ နိဗ္ဗာနံ။ နိဗ္ဗတ္တိ သခ်္ခါရာ၊ န နိဗ္ဗတ္တိ နိဗ္ဗာနံ။ ဥပပတ္တိ သခ်္ခါရာ၊ အနုပပတ္တိ နိဗ္ဗာနံ။ ဇာတိ သခ်္ခါရာ၊ အဇာတိ နိဗ္ဗာနံ။ ဇရာ သခ်္ခါရာ၊ အဇရာ နိဗ္ဗာနံ။ ဗျာဓိ သခ်္ခါရာ၊ အဗျာဓိ နိဗ္ဗာနံ။ မရဏံ သခ်္ခါရာ၊ အမတံ နိဗ္ဗာနံ။ သောကော သခ်္ခါရာ၊ အသောကော နိဗ္ဗာနံ။ ပရိဒေဝေါ သခ်္ခါ၊ အပရိဒေဝေါ နိဗ္ဗာနံ။ ဥပါယာသော သခ်္ခါရာ၊ အနုပါယာသော နိဗ္ဗာနန္တိ။[၁]

ဥပ္ပါဒေါ၊ ခန္ဓာငါးပါးဖြစ်ရခြင်းသည်။ သခ်္ခါရာ၊ ဥပါဒ် ၃ ဘင်ဖြင့် ဖြစ်တတ် ပျက်တတ်သော သင်္ခါရတရားတို့သောတည်း။ တနည်း – ဥပ္ပါဒေါ၊ ခန္ဓာငါးပါး ဖြစ်ရခြင်းသည်။ သခ်္ခါရာ၊ ကံ စိတ် ဥတု အာဟာရတို့ဖြင့် အဖန်ဖန် ပြုပြင် အပ်သော သခ်္ခါရဒုက္ခတို့သောတည်း။အနုပ္ပါဒေါ၊ ဖြစ်ခြင်း မဖြစ်ရခြင်းသည်။နိဗ္ဗာနံ၊

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၁၅၆။

ဥပါဒ် ဌီ ဘင်ဖြင့် ဖြစ်ခြင်း ပျက်ခြင်း မရှိသော အသင်္ခတ နိဗ္ဗာန်ပေတည်း။ ပဝတ္တံ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အပ္ပဝတ္တံ၊ သည်။ နိဗ္ဗာနံ၊ တည်း။ နိမိတ္တံ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အနိမိတ္တံ၊ သည်။ နိဗ္ဗာနံ၊ တည်း။ အာယူဟနာ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အနာယူဟနာ၊ သည်။ နိဗ္ဗာနံ၊ တည်း။ ပဋိသန္ဓိ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အပ္ပဋိသန္ဓိ၊ သည်။ နိဗ္ဗာနံ၊ အသင်္ခတနိဗ္ဗာန်တည်း။ ဂတိ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ နဂတိ၊ သည်။ နိဗ္ဗာနံ၊ တည်း။ နိဗ္ဗတ္တိ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ နနိဗ္ဗတ္တိ၊ သည်။ နိဗ္ဗာနံ၊ တည်း။ ဥပပတ္တိ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အနုပပတ္တိ၊ သည်။ နိဗ္ဗာနံ၊ တည်း။ ဇာတိ၊ သည်။ သင်္ခါရာ၊ သင်္ခါရဒုက္ခသာတည်း။ အဇာတိ၊ သည်။ နိဗ္ဗာနံ၊ တည်း။ ဇရာ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အဇရာ၊ သည်။ နိဗ္ဗာနံ၊ တည်း။ ဗျာဓိ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အဗျာဓိ၊ သည်။ နိဗ္ဗာနံ၊ တည်း။ မရဏံ၊ သည်။ သင်္ခါရာ: တို့သာတည်း။ အမတံ၊ သည်။ နိဗ္ဗာနံ၊ တည်း။ သောကော၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အသောကော၊ သည်။ နိဗ္ဗာနံ၊ တည်း။ ပရိဒေဝေါ၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အပရိဒေဝေါ၊ သည်။ နိဗ္ဗာနံ၊ တည်း။ ဥပါယာသော၊ သည်။ သင်္ခါရာ၊ တို့သာတည်း။ အနုပါယာသော၊ သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာပေတည်း။

ခန္ဓာ အာယတနတို့၌ သတ္တ ဇီဝမှ ဆိတ်ပုံကို ဖြ-ပါးသော ဆဟာကာရ သုည ရှုနည်း

အထက်၌ ပဋိသင်္ခါဉာဏ်နှင့်စပ်သော ဝိပဿနာတို့ကို ပြပြီး၍ ယခုအခါ သင်္ခါရတရားတို့၌ သတ္တ ဇီဝမှ ဆိတ်ပုံကို ဖြ-ပါးသော သုညတို့ဖြင့် ရှုနည်းကို ပြဦးအံ့—

စက္ခု သုည၊ ရူပါ သုညာ၊ မနော သုညော၊ ဓမ္မာ သုညာ၊ စက္ခု-ဝိညာဏံ သုညံ၊ စက္ခုသမ္ဖဿော သုညော၊ စက္ခုသမ္ဖဿဇာ ဝေဒနာ သုညာ၊ တဏှာ သုညာ၊ ဥပါဒါနံ သုညံ၊ ဘဝေါ သုညော၊ ဇာတိ သုညာ၊ ဇရာ သုညာ၊ မရဏံ သုညံ၊ အတ္တေန ဝါ အတ္တနိယေန ဝါ

အနိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါတိ ဆ သုညာနိ ဒဋ္ဌဗ္ဗာနိ။[၁]

သောတ, သဒ္ဒ, ဃာန, ဂန္ဓ, ဇိဝှါ, ရသ, ကာယ, ဖောဋ္ဌဗ္ဗ, မန, ဓမ္မ တို့ကို အထက်နည်းပင် ရူအပ်၏ ဟူလို။

စက္ခု၊ စက္ခုသည်။ သုညံ၊ သတ္တဇီဝမှဆိတ်၏။ ရူပါ၊ ရူပါရုံသည်။ သုညာ၊ သတ္တဇီဝမှ ဆိတ်၏။ မနော၊ ဘဝင်စိတ်သည်။ သုညော၊ သတ္တဇီဝမှ ဆိတ်၏။ ဓမ္မာ၊ အာဝဇ္ဇန်းစိတ်သည်။ သုညာ၊ သတ္တဇီဝမှ ဆိုတ်၏။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။ သုညံ၊ သတ္တဇီဝမှ ဆိုတ်၏။ စက္ခုသမ္ဖဿော၊ စက္ခုသမ္ဖဿသည်။ သုညော၊ သတ္တဇီဝမှ ဆိတ်၏။ စက္ခုသမ္ဖဿဇာ ဝေဒနာ၊ စက္ခုသမ္ဖဿဇာ ဝေဒနာသည်။ သုညာ၊ သတ္တဇီဝမှ ဆိုတ်၏။ တဏှာ၊ တဏှာသည်။ သုညာ၊ သတ္တဇီဝမှ ဆိတ်၏။ ဥပါဒါနံ၊ ဥပါဒါန်သည်။ သုညံ၊ သတ္တဇီဝမှ ဆိတ်၏။ ဘဝေါ၊ ဘဝသည်။ သုညော၊ သတ္တဇီဝမှ ဆိတ်၏။ ဇာတိ၊ ဇာတိသည်။ သုညာ၊ သတ္တဇီဝမှ ဆိတ်၏။ ဇရာ၊ အိုခြင်းသည်။ သုညာ၊ သတ္တ ဇီဝသဘောမှ ဆိတ်၏။ မရဏံ၊ သေခြင်းသည်။ သုညံ၊ သတ္တဇီဝသဘောမှ ဆိတ်၏။ အတ္တနော ဝါ၊ အတ္တမှဌင်း။ ဝါ၊ အစိုးရခြင်း အလိုသို့လိုက်ခြင်းမှဌင်း။ အတ္တနိယေန ဝါ၊ အတ္တသတ္တ၏ ဥစ္စာမှဌင်း။ နိစ္စေန ဝါ၊ အသစ်မဖြစ်စေသောအားဖြင့်မြဲခြင်းမှဌင်း။ ဓုဝေန ဝါ၊ မပျက်စေသောအားဖြင့် မြဲခြင်းမှဌင်း။ သဿတေန ဝါ၊ အခါခပ်သိမ်း တည်သောအားဖြင့် မြဲခြင်းမှဌင်း။ အဝိပရိဏာမဓမ္မေန ဝါ၊ အိုခြင်း နာခြင်း သေခြင်းစသဖြင့် မဖောက်မပြန်ခြင်းမှဌင်း။ သုညော၊ ဆိတ်၏။ ဣတိ၊ ဤသို့။ ဆ သုညာနိ၊ ၆-ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်ခြင်းတို့ကို။ ဒဋ္ဌဗ္ဗာနိ၊ ရူအပ်ကုန်၏။

ဆဟာကာရ သုညရူနည်း ပြီးပြီ။

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ-၂၉၂။ စူဠနိဒ္ဒေသ-နှာ-၁၀၃ ၄-ကြည့်ပါ။

ထိုခန္ဓာ ၅-ပါးတို့၌ သတ္တဇဝသဘောမှ ဆိတ်ပုံကို ၁၂ ပါးသော အခြင်းအရာတို့ဖြင့် ရှုပုံ

ဒုဒါဒသာဟာကာရတို့ဖြင့် ရှုနည်းကို ပြဦးအံ့-

ရူပံ နာ သတ္တော နာ ဇီဝေါ နာ နရော နာ မာဏဝေါ ဣတ္ထီ နာ ပုရိသော နာ အတ္တာ နာ အတ္တနိယံ နာဟံ နာ မမ နာ အညဿ နာ ကဿစိ၊ အထ ခေါ ရူပက္ခန္ဓမေဝ ဟောတီတိ။[၁]

ရူပံ၊ ရူပ်သည်။ နာ သတ္တော၊ သတ္တဝါမဟုတ်။ ဝါ၊ နာ သတ္တော၊ သတ္တဝါ မဟုတ်သော သိတတ်သော သဘောမရှိသော အဗျာကတ တရားသာတည်း။ နာ ဇီဝေါ၊ အသက်မဟုတ်။ နာ နရော၊ လူမဟုတ်။ နာ မာဏဝေါ၊ လုလင်မဟုတ်။ နာ ဣတ္ထီ၊ မိန်းမ မဟုတ်။ နာ ပုရိသော၊ ယောကျ်ားမဟုတ်။ နာ အတ္တာ၊ ကိုယ် မဟုတ်။ ဝါ၊ အတ္တာမဟုတ်။ နာ အတ္တနိယံ၊ အတ္တ၏ ပစ္စည်းမဟုတ်။ နာ အဟံ၊ ငါမဟုတ်။ နာ မမ၊ ငါ၏ဥစ္စာ မဟုတ်။ နာ အညဿ၊ သူတပါးလည်းမဟုတ်။ နာ ကဿစိ၊ တစုံတယောက်သော သူလည်းမဟုတ်။ အထ ခေါ၊ စင်စစ်သော်ကား။ ရူပက္ခန္ဓမေဝ၊ ရူပက္ခန္ဓာမျှသာလျှင်။ ဟောတိ၊ ဖြစ်၏။

ရူပ်၌ ဒုဒါဒသာဟာကာရ သုညရှုနည်း ပြီးပြီ။

ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့၌လည်း ရူပ်၌ ပြထားသော အနက် သဘောအတိုင်း နှလုံးသွင်းပါကုန်။

ဤသို့ သုညတ၏ အပြစ်ကို မြင်သဖြင့် သင်္ခါရ ဥပေက္ခာ ပြုပုံ

သင်္ခါရုပေက္ခာ ဉာဏ်ဖြစ်ပုံကို ပြဦးအံ့—

ဧဝံ သုညတော ဒိဿာ တိလက္ခဏံ အာရောပေတ္ဝာ သင်္ခါရေသု ပရိဂ္ဂဏှန္တော ဘယဥ္စ နန္ဒိဥ္စ ဝိပ္ပဟာယ သဗ္ဗသင်္ခါရေသု ဥဒါသိနော အဟောသိ မဇ္ဈတ္တော၊ အဟန္တိ ဝါ မမန္တိ ဝါ နာ ဂဏှာတိ၊ ဝိဿဋ္ဌဘာရိ-ယော ဝိယ ပုရိသော ဟောတိ။[၂]

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၉၃၊ စူဠနိဒ္ဒေသ-နှာ-၁၈၄-ကြည့်ပါ။
၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၂၉၄၊

ဧဝံ၊ ဤသို့။ သုညတော၊ သတ္တဇီဝမှ ဆိတ်သောအားဖြင့်။ ဒိသ္ဝာ၊ မြင်၍။ တိလက္ခဏံ၊ လက္ခဏာရေးသုံးပါးသို့။ အာရောပေတ္ဝာ၊ တင်၍။ သခ်ၤရေ၊ သခ်ၤရတရားတို့ကို။ ပရိဂ္ဂဏှန္တော၊ ဆင်ခြင်သောသူအား။ ဘယဉ္စ၊ သခ်ၤရတရားတို့ ပျက်စီးခြင်းကိုမြို၍ ဖြစ်လတ္တံ့သော ဘေးကိုဂင်း။ နန္ဒိဉ္စ၊သခ်ၤရတရားတို့၏ ပြည့်စုံခြင်းကိုမြို၍ ဖြစ်လတ္တံ့သော နှစ်သက်ဝမ်းမြောက်ခြင်းကိုဂင်း။ ဝိပဿာယ၊ ပယ်၍။ သဗ္ဗသခ်ၤရေသု၊ ခပ်သိမ်းသော သခ်ၤရတရားတို့၌။ ဥဒါသိနော၊ လေးတူ ချိန်တူဥဒါသိမ် မူသည်ဖြစ်၍။ မဇ္ဈတ္တော၊ လျစ်လျူရှုသည်။ ဒါဟာသိ၊ ဖြစ်ပြီ။ အဟန္တိ ဝါ၊ ငါဟူ၍ဂင်း။ မမန္တိ ဝါ၊ ငါ၏ဥစ္စာဟူ၍ဂင်း။ နကဏှာတိ၊ မယူ။ဝိဿဋ္ဌဘဂ္ဂဝါယော၊ ကွာရှင်းပြီးသော မယားရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ပဇ္ဈတ္တော ဝိယ၊ ထို မိန်းမအပေါ်၌ ချစ်ခြင်း မုန်းခြင်းကို ပယ်၍။ ဝါ၊ ထို မိန်းမ၏ ဆင်းရဲမှု ချမ်းသာမှုတို့ကြောင့် တုန်လှုပ်ခြင်းမရှိမူ၍ ဥပေက္ခာ ပြုသကဲ့သို့ ခန္ဓာငါးပါးတို့၌ ဥပေက္ခာပြုသည်။ ဟောတိ၊ ဖြစ်၏။

တနည်းကား—

ပဋိသခ်ၤရဓမ္မေသု ဘယနန္ဒီဝဇ္ဇနဝသေန ပဝတ္တံ ဉာဏံ သခ်ၤရုပေက္ခာဉာဏံ နာမ ဟောတိ။

ပဋိသခ်ၤရဓမ္မေသု၊ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို တော ၄၀-ဖြင့် အကျယ်ဝေဖန် တဖန်ဆင်ခြင်ဒဿပ်ပြီးသော သခ်ၤရတရားတို့၌။ ဘယနန္ဒီဝဇ္ဇနဝသေန၊ ကြောက်ခြင်း နှစ်သက်ခြင်းကို ကြဉ်သည်၏ အစွမ်းဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ သခ်ၤရုပေက္ခာဉာဏံ နာမ၊ သခ်ၤရုပေက္ခာဉာဏ်မည်၏။

သခ်ၤရုပေက္ခာဉာဏ် ဤတွင် ပြီး၏။

"သခ်ၤရုပေက္ခာနှင့် အနုလောမ ထိုနှစ်ဝကို ဝုဋ္ဌာနဂါမိနီလည်း ခေါ်သတည်း။

ဤ သခ်ၤရုပေက္ခာဉာဏ်, အနုလောမဉာဏ် နှစ်ပါးကိုပင် ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟု ဆို၏။ ပုထုဇဉ်အနွယ်မှထ၍ အရိယာအနွယ်ဟူသော မဂ်ဖိုလ်သို့ ရောက်စေသောကြောင့် ဝုဋ္ဌာနဂါမိနီ မည်၏။

"ဝုဋ္ဌာနဂါမ်၊လွန်ရင့်သန်ကာနီဗွာန်ပေါက်ကာ၊ မဂ်ရောက်လှာ၊ ပဋိပဒါဉာဏ-ဒဿန ဝိသုဒ္ဓိလည်း ခေါ်သတည်း။

ဤတွင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြီးပြီ။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြီးသဖြင့် ဉာဏဒဿန ဝိသုဒ္ဓိကို ပြပုံ

ဉာဏဒဿန ဝိသုဒ္ဓိကိုပြပေတော့အံ့—

သောတာပတ္တိမဂ္ဂေါ သကဒါဂါမိမဂ္ဂေါ အနာဂါမိမဂ္ဂေါ အရဟတ္တ-မဂ္ဂေါတိ ဣမေသု ပန စတူသု မဂ္ဂေသု ဉာဏံ ဉာဏဒဿနဝိသုဒ္ဓိ နာမ။[၁]

သောတာပတ္တိမဂ္ဂေါ၊ ၎င်း။ သကဒါဂါမိမဂ္ဂေါ၊ ၎င်း။ အနာဂါမိမဂ္ဂေါ၊ ၎င်း။ အရဟတ္တမဂ္ဂေါ၊ ၎င်း။ ဣတိ ဣမေသု စတူသု မဂ္ဂေသု ပန၊ ဤ ၄-ပါးသော မဂ်တို့၌ကား။ ဉာဏံ၊ သည်။ ဉာဏဒဿနဝိသုဒ္ဓိ နာမ၊ ဉာဏဒဿနဝိသုဒ္ဓိ မည်၏။

ဉာဏဒဿနဝိသုဒ္ဓိ အကျဉ်းပြဆိုပုံ ဤတွင်ပြီးပြီ၊

အနိမိတ္တဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ, သုညတ ဝိမောက္ခတို့ကို ပြပုံ

ထိုလေးပါးသော မဂ်သို့ သက်သော ဝိမောက္ခ သုံးပါးကို ပြပေတော့အံ့—

အယံ ပန မဂ္ဂေါ အနိစ္စာနုပဿနာယ ဃနဝိနိဗ္ဘောဂံ ကတ္တာ နိစ္စနိ-မိတ္တ ဓုဝနိမိတ္တ သဿတနိမိတ္တံ ပဟာယ အာဂတော၊ တသ္မာ အနိမိတ္တော ဝိမောက္ခော တိ ဝုစ္စတိ။[၂]

ပန၊ ထိုမှတပါး။ အယံ မဂ္ဂေါ၊ ဤမဂ်သည်။ အနိစ္စာနုပဿနာယ၊ အနိစ္စာနုပဿနာဖြင့်။ တနည်း–အနိစ္စာနုပဿနာယ၊ သင်္ခါရ ရုပ်နာမ်တို့၌ မြဲသော သဘောမရှိမှုကို ရှုမြင်သော အနုပဿနာဉာဏ်ဖြင့်။ဃနဝိနိဗ္ဘောဂံ၊ အဋ္ဌကလာပ်

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၃၁၂။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၃၀၇။

စသော ရုပ်အပေါင်းအစု, ဖဿ ဝေဒနာ စသော နာမ်အပေါင်းအစု ဤသို့ အပေါင်းကိစ္စ အာရုံအားဖြင့် တခဲနက် ဝေဖန်ခြင်းကို။ ကတ္တာ၊ ပြု၍။ နိစ္စ-နိမိတ္တ ဓုဝနိမိတ္တ သဿတနိမိတ်၊ နိစ္စနိမိတ် ဓုဝနိမိတ် သဿတနိမိတ်ကို။ပဟာယ၊ ပယ်၍။ အာဂတောဝါ လောဂေါ။ တသ္မာ၊ ထိုကြောင့်။ ဒုဃံ မဂ္ဂေါ၊ ဤမက် သည်။ အနိမိတ္တောဝါ၊ အနိမိတ္တမည်၏။ တနည်း—အယံ မဂ္ဂေါ၊ ဤမက်သည်။ အနိမိတ္တော ဝိမောက္ခော၊ ခန္ဓာနိမိတ်ကင်းသော အနိမိတ္တနိဗ္ဗာန်ကို အာရုံပြု၍ ကျွတ်လွတ်သော မဂ်မည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်မှာ—ခန္ဓာနိမိတ်ရှိလျှင် ပျက်ခြင်းဟူသောမမြဲမှုကြောင့်ဆင်းရဲ၏။ ခန္ဓာနိမိတ်ချုပ်သော။ တနည်း-ခန္ဓာနိမိတ်ကင်းသော အနိမိတ္တ နိဗ္ဗာန်မူကား ပျက်မှုမရှိသောကြောင့် ဒုက္ခမှလွတ်၏။ ထိုကြောင့် ခန္ဓာနိမိတ်ကို အလိုမရှိတော့ ပါဟု ခန္ဓာတဖန်ဖြစ်လိုသော တဏှာကိုပယ်၍ ခန္ဓာချုပ်ရာ နိဗ္ဗာန်ကိုနှစ်သက် သော အာရမ္မဏိက မဂ်စိတ်ဖြစ်၏။ ဤသည်လည်း တဏှာနိရောဓပင် ဟူလို။

အယံ ပန ဒုက္ခာနုပဿနာယ သုဒ္ဓသည္ဟံ ပဟာယ ပဏိဓိံ ပတ္ထနံ သုက္ခာပေတွာ အာဂတောဝါ၊ တသ္မာ အပ္ပဏိဟိတော ဝိမောက္ခော တိ ဝုစ္စတိ။

ပန၊ အနိမိတ္တ ဝိမောက္ခမ့္ပတပါး အပ္ပဏိဟိတဝိမောက္ခကို ဆိုဦးအံ့။ အယံ မဂ္ဂေါ၊ဤမက်သည်။ဒုက္ခာနုပဿနာယ၊ဒုက္ခာနုပဿနာဖြင့်၊သုဒ္ဓသည္ဟံ၊သုဒ္ဓသညာ ကို။ ပဟာယ၊ ပယ်၍။ ပဏိဓိံ ပတ္ထနံ၊ သုဒ္ဓ၌ တောင့်တခြင်းပတ္ထနာကို။ သုက္ခာ-ပေတွာ၊ ခန်းခြောက်စေ၍။ အာဂတောဝါ၊ လောဂေါ။ တသ္မာ၊ ထိုကြောင့်။ အယံ မဂ္ဂေါ၊ ဤမက်ကို။ အပ္ပဏိဟိတော ဝိမောက္ခော တိ၊ အပ္ပဏိဟိတဝိမောက္ခဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား – ခန္ဓာရှိလျှင် အဖြစ်အပျက်တို့ဖြင့် မပြတ်နှိပ်စက်သော ကြောင့် ဒုက္ခရှိ၏။ ခန္ဓာမရှိလျှင် ပျက်မှုမရှိသဖြင့်၊ ဒုက္ခမရှိတော့ပြီ။ ထိုကြောင့် သုခကို တောင့်တဖွယ် မရှိတော့ပြီဟု နှလုံးသွင်း၍ တောင့်တမှုကင်းသော အပ္ပဏိဟိတနိဗ္ဗာန်ကို နှစ်သက်သော စိတ်သည် မဂ်စိတ်မည်၏။ နိဗ္ဗာန်သည်။

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ-၃၀၇-ကြည့်။

အပ္ပဏိဟိတ နိဗ္ဗာန်မည်၏။ ဝါ၊ အပ္ပဏိဟိတ ဝိမောက္ခမည်၏။ ဤဥလည်း တကျာနိရောဓပင်တည်း။

အယံ ပန မဂ္ဂေါ အနတ္တာနုပဿနာယ အတ္တာသတ္တပုဂ္ဂလသညံ ပဟာယ သခ်ါရေသု သုညံ ပဿတော အာဒဂတော၊ တသ္မာ သုညတော ဝိမောက္ခော တိ ဝုစ္စတိ။

ပန၊ ထို အပ္ပဏိဟိတဝိမောက္ခမှတပါး သုညတဝိမောက္ခကို ဆိုဦးအံ့။ အယံ မဂ္ဂေါ၊ ဤ သုညတမဂ်သည်။ အနတ္တာနုပဿနာယ၊ အနတ္တာနုပဿနာဖြင့်။ အတ္တသတ္တပုဂ္ဂလသညံ၊ ခန္ဓာငါးပါးတို့၌ အတ္တ သတ္တ ပုဂ္ဂလဟု မှားသောသညာကို။ ပဟာယ၊ ပယ်၍။ သခ်ါရေသု၊ သခ်ါရတရားတို့၌။ သုညံ၊ သတ္တဇီဝမှဆိတ်သည်ကို။ ပဿတော၊ ရှုသည်ဖြစ်၍။ အာဒဂတော။ လာ၏။ တသ္မာ၊ ကြောင့်။ အယံ မဂ္ဂေါ၊ ကို။ သုညတော ဝိမောက္ခော၊ သုညတနိဗ္ဗာန်ကိုအာရုံပြု၍တကျာမှကျွတ်လွတ်သော ဝိမောက္ခ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤခန္ဓာ သခ်ါရတို့၏ သတ္တ ဇီဝမှ ဆိတ်သည်ကို မြင်သိသဖြင့် သခ်ါရမှ ဆိတ်သော သုညတနိဗ္ဗာန်ကို အာရုံပြု၍ ခန္ဓာ တဖန် မဖြစ်တော့ပါဟု ချုပ်ခြင်းကို နှစ်သက်သော အာရမ္မဏိက မဂ်စိတ်ဖြစ်ခြင်းပင် ဟူလို။

ထိုဝိမောက္ခ သုံးပါးလုံးပင် ဇာတိဖြစ်လိုသော ဘဝတကျာကိုပယ်၍ ဇာတိချုပ်ရာ နိဗ္ဗာန်အာရုံကို နှစ်သက်သော မဂ်စိတ်ဖြစ်မှုပင်ဟူလို။

ဝိမောက္ခ ၃-ပါးပြပုံ ပြီးပြီ။

ဂေါတြဘုံ၏ အဓိပ္ပါယ်ကို အဋ္ဌကထာနှင့်တကွ အကျယ်ဝေဖန်၍ ပြပုံ

ဂေါတြဘုံ၏ အဓိပ္ပါယ်ကို ပြပေတော့အံ့—

ထူလထူလေ သစ္စပဋိစ္ဆာဒကေ တမမှိ အန္ဓရဓာပိတေ သဗ္ဗသခ်ါရ-ဂတေသု စိတ္တံ နု ပက္ခန္ဒတိ၊ နု တိဋ္ဌတိ၊ နာဓိမုစ္စတိ၊ နု သဇ္ဇတိ၊

၁။ ဝိသုဒ္ဓိ-ဒုတိယ နှာ-၃၀၇-ကြည့်။

နှ လဂ္ဂတိ၊ နှ ဗဇ္ဈတိ၊ ပဒုမပလာသတော ဥဒကပိန္နဲ့ ဝိယ ပဋိကုဋ္ဌတိ၊ ပဋိလီယတိ၊ ပဋိဝဓ္ဓတိ၊ သဗ္ဗံ နိမိတ္တာရမ္မဏမ္မဲ့ ပလိဗောဓတော ဥပဋ္ဌာတိ၊ အထသာ တသ္မိံ ပလိဗောဓတော ဥပဋ္ဌိတေ အာနုလောမ-ဉာဏသာ အာသေဝနန္တေ အနိမိတ္တံ အပ္ပဝတ္တံ ဝိသခ်ါရံ နိရောဓံ နိဗ္ဗာနံ အာရမ္မဏံ ကုရုမာနံ ပုထုဇ္ဇနဂေါတ္တံ ပုထုဇ္ဇနသဒ်ံ ပုထုဇ္ဇနဘူမိံ အတိက္ကမမာနံ အရိယဂေါတ္တံ အရိယသဒ်ံ အရိယဘူမိံ သြက္ကမမာနံ နိဗ္ဗာနာရမ္မဏေ ပဌမာဝဇ္ဇန ပဌမာဘောဂ ပဌမသမန္နာဟာရဘူတံ မဂ္ဂသ အနန္တရံ သမနန္တရံ အာသေဝန ဥပနိဿယ နတ္ထိ ဝိဂတဝသေန ဆဟာကာရေဟိ ပစ္စယဘူတံ သိခါပတ္တဝိပဿနာယ မုဒ္ဒဘူတံ အပု-နရာဝဇ္ဇကံ ဥပ္ပဇ္ဇတိ ဂေါတြဘုဉာဏံ။[၁]

ထူလထူလေ၊ ရုန့်ရင်းရုန့်ရင်းကုန်သော။ သစ္စာပဋိစ္စာဒဂေ၊ သစ္စာလေးပါးကို ဖုံးလွှမ်းတတ်ကုန်သော။ တမမှိ၊ အဝိဇ္ဇာဟူသော အမိုက်ကို။ အန့်ရဓာပိတေ၊ ကွယ်ပစေအပ်သည်ရှိသော်။ သဗ္ဗသခ်ါရဂတေသု၊ ခပ်သိမ်းသော သခ်ါရဟုရူး တို့၌။ စိတ္တံ၊ စိတ်သည်။ နှ ပက္ခန္ဒတိ၊ မပြေးဝင်။ နှ တိဋ္ဌတိ၊ မတည်။ နာမိမ္ဟစ္ဆတိ၊ နှလုံးမသွင်း။ နှ သဇ္ဇတိ၊ မငြို။ နှ လဂ္ဂတိ၊ မကပ်။ နှ ဗဇ္ဈတိ၊ မစပ်။ ပဒုမပ-လာသတော၊ ပဒုမ္မာကြာဖက်မှ။ ဥဒကပိန္နဲ့ ဝိယ၊ ရေပေါက်ကဲ့သို့။ ပဋိကုဋ္ဌတိ၊ တွန့်၏။ ပဋိလီယတိ၊ ရှုံ့၏။ ပဋိဝဓ္ဓတိ၊ လည်၏။ သဗ္ဗံ နိမိတ္တာရမ္မဏမ္မဲ့၊ ခပ်သိမ်းသော သခ်ါရနိမိတ် အာရုံသည်လည်း။ ပလိဗောဓတော၊ ပလိဗောဓ အားဖြင့်။ ဝါ၊ လေးသောဝန်ထုပ်ကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်လာ၏။ အထ၊ ထို့အခါ၌။ အသာ၊ ထိုရဟန်းအား။ တသ္မိံ နိမိတ္တာရမ္မဏေ၊ ၌။ ပလိဗောဓတော၊ ပလိဗောဓ အားဖြင့်။ ဥပဋ္ဌိတေ၊ ထင်ပြီးသည်ရှိသော်။ အနုလောမဉာဏသာ၊ အနုလောမ ဉာဏ်၏။ အာသေဝနန္တေ၊ ရအပ်သော အာသေဝနပစ္စည်းရှိသောဉာဏ်၏အဆုံး၌။ အနိမိတ္တံ၊ နိမိတ်ကင်းသော။ ဝါ၊ နိမိတ်၏ဆန့်ကျင်ဘက်ဖြစ်သော။ အပ္ပဝတ္တံ၊ ဖြစ်ခြင်းမရှိသော။ ဝါ၊ ဖြစ်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော။ ဝိသခ်ါရံ၊ သခ်ံရ မဟုတ်သော။ဝါ၊ သခ်ါရတရားဝို့၏ ဆန့်ကျင်ဘက်ဖြစ်သော။ နိရောဓံ၊ သခ်ါရ တို့၏ ချုပ်ရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရမ္မဏံ ကုရုမာနံ၊ အာရုံ

၁။ ဝိသုဒ္ဓိ-ဒုတိယ နှာ ၃၁၂။

ပြုလျက်။ ပုထုဇ္ဇနဂေါတ္တံ၊ ပုထုဇဉ်အနှယ်ကို။ ပုထုဇ္ဇနသဒ်ံ၊ ပုထုဇဉ်အရေအတွက်ကို။ ပုထုဇ္ဇနဘူမိံ၊ ပုထုဇဉ်ဘူမိကို။ အတိက္ကမမာနံ၊ လွန်မြောက်စေလျက်။ အရိယဂေါတ္တံ၊ အရိယာအနှယ်သို့။ အရိယသဒ်ံ၊ အရိယာအရေအတွက်သို့။ အရိယဘူမိံ၊ အရိယာဘူမိသို့။ သြက္ကမမာနံ၊ သက်ရောက်စေလျက်။ နိဗ္ဗာနာရမ္မဏော၊ နိဗ္ဗာန်အာရုံ၌။ တနည်း – နိဗ္ဗာနာရမ္မဏော၊ အနိမိတ္တ အပ္ပဝတ္တ ဝိသခါရ-ဟူသော နိဗ္ဗာန်အာရုံ၌။ ပဌမာဝတ္ထုန ပဌမာဘောဂ ပဌမသမန္နာဟာရဘူတံ၊ ရှေးဦးစွာ လည်ခြင်း, ဆင်ခြင်ခြင်း, သုံးသပ်ခြင်းဖြစ်၍ ဖြစ်သော။ မဂ္ဂဿ၊ အရိယာမဂ်အား။ အနန္တရ သမနန္တရ အာသေဝန ဥပနိဿယ နတ္ထိ-ဝိဂတဝသေန၊ အနန္တရ, သမနန္တရ, အာသေဝန, ဥပနိဿယ, နတ္ထိ, ဝိဂတတို့၏ အစွမ်းဖြင့်။ ဆဟာကာရေဟိ၊ ဖြ ပါးသော အာကာရတို့ဖြင့်။ ပစ္စယဘူတံ၊ ပစ္စည်းဖြစ်၍ဖြစ်သော။ သိခါပတ္တဝိပဿနာယ၊ သိခါပတ္တဝိပဿနာ၏။ ဝါ၊ အထ္ထတ်အထိပ်သို့ရောက်သော ဝိပဿနာ၏။ မုဒ္ဓဘူတံ၊ အဦးအထိပ်ဖြစ်၍ဖြစ်သော။ အပုနရာဝဇ္ဇကံ၊ တဖန်မလည်မသုံးသော။ ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်သည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။

အဓိပ္ပါယ်သိလွယ်လောက်ပါပြီ။

ဂေါတြဘု၏ ဝစနတ္ထများ

ထိုဂေါတြဘုဉာဏ်၏ ဝစနတ္ထများကိုသာ ပြပေတော့အုံ—

ဥပပါဒံ အဘိဘုယျတိတိ ဂေါတြဘု၊[၁]
အနုပပါဒံ နိဗ္ဗာနံ ပကွန္ဒတိတိ ဂေါတြဘု။[၁]

ဥပပါဒံ၊ ဖြစ်ခြင်းကို။ အဘိဘုယျတိ၊ မဖြစ်လိုသောအားဖြင့်လွှမ်းမိုး၍ တည်တတ်၏။။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။။

အနုပပါဒံ၊ ဖြစ်ခြင်းမရှိသော။ နိဗ္ဗာနံ၊ အပ္ပဝတ္တနိဗ္ဗာန်သို့။ ပကွန္ဒတိ၊ မဖြစ်လိုသောအားဖြင့် ပြေးဝင်၏။။ ဝါ၊ အာရုံပြု၏။။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၆၃။

ပဝတ္တံ အဘိဘုယျတိတိ ဂေါတြဘု၊[1]
အပ္ပဝတ္တံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။[1]

အဃက်က အနက်နှင့် အတူတူပင်တည်း။

နိမိတ္တံ အဘိဘုယျတိတိ ဂေါတြဘု၊[2]
အနိမိတ္တံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။[2]

နိမိတ္တံ၊ သင်္ခါရနိမိတ်ကို။ အဘိဘုယျတိ၊ လွှမ်းမိုး၍ တည်တတ်၏။ ဝါ၊ စွန့်လွှတ်သောအားဖြင့် တည်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။

အနိမိတ္တံ၊ ခန္ဓာနိမိတ် မရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ နှစ်သက်သော အားဖြင့် ပြေးဝင်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။

အာယူဟနံ အဘိဘုယျတိတိ ဂေါတြဘု၊[3]
အနာယူဟနံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။[3]

အာယူဟနံ၊ နောင်တဖန် ဇာတိဖြစ်ကြောင်း ကောင်းမှု မကောင်းမှုဥ္စေတနာအားထုတ်ခြင်းကို။ အဘိဘုယျတိ၊ အားမထုတ်လိုသောအားဖြင့် လွှမ်းမိုး၍ တည်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။

အနာယူဟနံ၊ အားထုတ်မှုကင်းသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ အားကိုးအားထားပြု၍ ပြေးဝင်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။

ပဋိသန္ဓိံ အဘိဘုယျတိတိ ဂေါတြဘု၊[4]
အပ္ပဋိသန္ဓိံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။[4]

ပဋိသန္ဓိံ၊ ပဋိသန္ဓေနေခြင်းကို။ အဘိဘုယျတိ၊ လွှမ်းမိုး၍ တည်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ ၆၃။

အပဋိသန္ဓိ၊ ပဋိသန္ဓေ မနေရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပကာ္ခန္ဒတိ၊ ပုန်းအောင်ရာအဖြစ်ဖြင့် ပြေးဝင်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘု၊ မည်၏။

ဂတိ အဘိဘုယျတိတိ ဂေါတြဘု၊
နဂတိ နိဗ္ဗာနံ ပကာ္ခန္ဒတိတိ ဂေါတြဘု။

ဂတိ၊ ဂတိ ၅-ပါး၌လားရခြင်းကို။ အဘိဘုယျတိ၊ လွှမ်းမိုး၍တည်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။

နဂတိ၊ ဂတိ ၅-ပါးသို့ မလားရာဖြစ်သော။ ဝါ၊ လားခြင်းမရှိသော အလုံးစုံသော ဂတိတို့မှ ဆိတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပကာ္ခန္ဒတိ၊ ပြေးဝင်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဂေါတြဘု၊ ဂေါတြဘု မည်၏။

နိဗ္ဗတ္တိ အဘိဘုယျတိတိ ဂေါတြဘု၊
နာ နိဗ္ဗတ္တိ နိဗ္ဗာနံ ပကာ္ခန္ဒတိတိ ဂေါတြဘု။

နိဗ္ဗတ္တိ၊ နိဗ္ဗတ္တိအား ဖြင့် ထင်ရှားဖြစ်ခြင်းကို။ အဘိဘုယျတိ၊ ထင်ရှားမဖြစ်လိုသောအားဖြင့် လွှမ်းမိုး၍ တည်တတ်၏။ ဣတိ၊ ထိုကြောင့်။ ဂေါတြဘု၊ မည်၏။

နာ နိဗ္ဗတ္တိ၊ ဖြစ်ခြင်းမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့၊ ပကာ္ခန္ဒတိ၊ ဖြစ်လိုခြင်းကို စွန့်၍ မဖြစ်လိုသောအားဖြင့် ပြေးဝင်၏။ ဣတိ၊ ထိုကြောင့်။ ဂေါတြဘု၊ ၏။

ဥပပတ္တိ အဘိဘုယျတိတိ ဂေါတြဘု၊
အနုပပတ္တိ နိဗ္ဗာနံ ပကာ္ခန္ဒတိတိ ဂေါတြဘု။

ဥပပတ္တိ၊ ဥပပတ်ဖြစ်ခြင်းကို။ အဘိဘုယျတိ၊ လွှမ်းမိုး၍ တည်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဂေါတြဘု၊ မည်၏။

အနုပပတ္တိ၊ ဖြစ်ခြင်းမရှိသော။ နိဗ္ဗာနံ၊နိဗ္ဗာန်သို့။ ပကာ္ခန္ဒတိ၊ ဖြစ်လိုမှုကိုစွန့်၍ မဖြစ်လိုသောအားဖြင့် ပြေးဝင်၏။ ဣတိ၊ ကြောင့်။ ဂေါတြဘု၊ မည်၏။

၁။ ပဋိသန္ဓိဒါမက်-နှာ-၆၃။

ဇာတိ· အဘုဘိယျတိတိ ဂေါတြဘု၊ိ
အဇာတိ· နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။ိ

ဇာတိ·၊ တဖန်ဘဝသစ်၌ ဖြစ်ခြင်းသဘောကို။ အဘိဘုယျတိ၊ လွှမ်းမိုး၍ တည်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဂေါတြဘု၊ မည်၏။

အဇာတိ·၊ ဖြစ်ခြင်းမရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ဖြစ်လိုမှုကို စွန့်၍ ချုပ်လိုသောအားဖြင့် ပြေးဝင်၏။ ဣတိ၊ ကြောင့်။ ဂေါတြဘု၊ မည်၏။

ဇရံ အဘိဘုယျတိတိ ဂေါတြဘု၊ အဇရံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။ ဗျာဓိ· အဘိဘုယျတိတိ ဂေါတြဘု၊ အဗျာဓိ· နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။ မရဏံ အဘိဘုယျတိတိ ဂေါတြဘု၊ အမတံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။ သောကံ အဘိဘုယျတိတိ ဂေါတြဘု၊ အသောကံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။ ပရိဒေဝံ အဘိဘုယျတိတိ ဂေါတြဘု၊ အပရိဒေဝံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။ ဥပါယာသံ အဘိ-ဘုယျတိတိ ဂေါတြဘု၊ အနုပါယာသံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု။ိ
(အနက်များ လွယ်ပါ၏။)

ဤ ဒုက္ခ ၁၅၊ နိဗ္ဗာန် ၁၅-ကို အပြားအားဖြင့် ပြသော်လည်း တခုသော တရားဌာ သဘောနှစ်သက်က ဂေါတြဘုကိစ္စ ပြီးပါ၏။

ဥပမာ-"ဥပါဒံ အဘိဘုယျတိတိ ဂေါတြဘု၊ အနုပါဒံ နိဗ္ဗာနံ ပက္ခန္ဒတိတိ ဂေါတြဘု"-အခိုပါယ်ကို သိသည်ဖြစ်၍ မဖြစ်ခြင်းကို နှစ်သက်လျှင် ဂေါတြဘုကိစ္စ မဂ်ကိစ္စ ပြီးနိုင်ပါ၏ ဟူလို။

ဂေါတြဘု၏ အဓိပ္ပါယ် အကျယ်ပြဆိုပုံ ပြီးပြီ။

အဓိပ္ပါယ်အထူးမှတ်း- ဂေါတြဘုသည် လောကီမဟာကုသိုလ်စိတ်ဖြင့် နိဗ္ဗာန်ကို အာရုံပြု၏။ ထို ဂေါတြဘုသည် တဒင်္ဂပဟာန်တွင် ပါဝင်၏။ မဂ်စိတ်မှ

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၆ဉ။

သာ သမုဒ္ဓေဒပဟာန် မည်၏။ တနည်း –ဂေါတြဘုသည် နိဗ္ဗာန်အာရုံပြုသော ကြောင့် သခ်ါရနိမိတ်မ့ထသော်လည်း ပဝတ္တကို မပြတ်နိုင်၊ မဂ်စိတ်မူကား နိမိတ္တ, ပဝတ္တ ၂-ပါးလုံးကို ပြတ်နိုင်၏။ ထိုကြောင့် ဓေသာဘမူ ဒိဋ္ဌိဂတ-သမ္ပယုတ်စိတ် ၄-ခု၊ ဝိစိကိစ္ဆာစိတ် ၁ ခု၊ ပေါင်း စိတ် ၅-ခု တဖန် မဖြစ်နိုင် သမုဒ္ဓေဒအားဖြင့် ချုပ်၏ ဟူလို။

ဝိပဿနာ မဂ်ဖိုလ်တို့နှင့် လျော်သော ဘီလူးမနှင့် ပေါင်းဖော်သော ယောကျ်ား၏ ဥပမာကိုပြပုံ

ဂေါတြဘုနောင် မဂ်ကို မဆက်မီ ဝိပဿနာ မဂ် ဖိုလ်တို့နှင့် လျော်သော ဥပမာကို ပြလိုသော အဋ္ဌကထာ ဆရာသည် —

"ဓေကော ကိရ ပုရိသော ယက္ခိနိယာ သဒ္ဓိံ သံဝါသံ ကပ္ပေသိ၊ သာ ရတ္တိဘာဂေ'သုတ္တာ အယ'န္တိ မန္ဒာ အာမကသုသာနံ ဂန္ဒာ မနုဿ-မံသံ ခါဒတိ။ သော 'ကုဟိံ ဓေသာ ဂစ္ဆတီ'တိ အနုဗန္ဓိတ္ဝာ မနုဿမံသံ ခါဒမာနံ ဒိသွာ တာဿာ အမနုဿိကဘာဝံ ဉတ္ဝာ 'ယာဝ မံ နခါဒတိ။ တာဝ ပလာယိဿာမိ'တိ ဘီတော ဝေဂေန ပလာယိတ္ဝာ ဓေမဋ္ဌာနေ အဋ္ဌာသိ။ တတ္ထ ယက္ခိနိယာ သဒ္ဓိံ သံဝါသော ဝိယ ခန္ဓာနံ 'အဟံ မမာ'တိ ဂဟဏံ၊ သုသာနေ မနုဿမံသံ ခါဒမာနံ ဒိသွာ 'ယက္ခိနီ အယ'န္တိ ဇာနနံ ဝိယ ခန္ဓာနံ တိလက္ခဏံ ဒိသွာ အနိစ္စာဒိဘာဝဇာနနံ၊ ဘီတကာလော ဝိယ ဘယတုပဋ္ဌာနံ၊ ပလာယိတုကာမတာ ဝိယ မုဉ္စိတု-ကမ္မတာ၊ သုသာန ဝိဇဟနံ ဝိယ ဂေါတြဘု၊ ဝေဂေန ပလာယနံ ဝိယ မဂ္ဂေါ၊ အဘယဒေသေ ဌာနံ ဝိယ ဖလံ။"

ဟု (ဝိသုဒ္ဓိမဂ် ဒုတိယ နှာ-၃၀၃-၌) မိန့်၏။

ကိရ၊ကြားဘူးသည်ကား။ဓေကော၊တယောက်သော။ ပုရိသော၊ယောကျ်ား သည်။ ယက္ခိနိယာ၊ ဘီလူးမနှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ ပေါင်းဖက်ခြင်းကို။ ကပ္ပေသိ၊ ပြု၏။ သာ၊ ထိုသူမသည်။ ရတ္တိဘာဂေ၊ ညဉ့်အခါ၌။ အယံ၊ ဤသူသည်။ သုတ္တာ၊ အိပ်ပျော်ပြီ။ဣတိ၊ ဤသို့။မန္ဒာ၊ သိ၍။ အာမကသုသာနံ၊

အာမကသုသာန်သို့။ ဂန္ဓာ၊ သွား၍။ မနုဿမံသံ၊ လူသားကို။ ခါဒတိ၊ စား၏။ အထ၊ ထိုအခါ၌။ သော၊ ထိုယောကျ်ားသည်။ သော၊ ဤသူမသည်။ ကုဟိံ၊ အဘယ်သို့။ ဂစ္ဆတိ၊ သွားသနည်း။ ဣတိ၊ ဤသို့။ အနုဗန္ဓိတ္ဝာ၊ လိုက်လံစုံစမ်းသည်ရှိသော်။ မနုဿမံသံ၊ လူသားကို။ ခါဒမာနံ၊ စား၍နေသည်ကို။ ဒိသ္ဝာ၊ မြင်၍။ ဝါ၊ မြင်သောကြောင့်။ တဿ၊ ထို၌၏မိန်းမ၏။ အမနုဿိကဘာဝံ၊ လူမဟုတ် ဘီလူးမ၏ အဖြစ်ကို။ ဉ တ္ဝာ၊ သိ၍။ ယာဝ၊ အကြင်မျှလောက်။ မံ၊ ငါ့ကို။ နံ ခါဒတိ၊ မစားသေး။ တာဝ၊ ထိုမစားသေးမီ။ ပလာယိဿာမိ၊ ပြေးတော့အံ့။ ဣတိ၊ ဤသို့ကြံ၍။ ဘီတော၊ ကြောက်သည်ဖြစ်၍။ ဝေဂေန၊ လျင်စွာ။ ဝါ၊ လျင်သောအဟုန်ဖြင့်။ ပလာယိတ္ဝာ၊ ထွက်ပြေး၍။ အဘယဒ္ဒါနေ၊ ဘေးကင်းရာဌာန၌။ အဒ္ဒါသိ၊ တည်၏။ တတ္ထ၊ ထိုဥပမာ၌။ ယက္ခိနိယာ၊ ဘီလူးမနှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသော ဝိယ၊ ပေါင်းဖော်ခြင်းကဲ့သို့။ ဝါ၊ တကယ်ပင် နတ်သမီးထင်၍ ချစ်ချစ်ခင်ခင် ပေါင်းဖော်စဉ်အခါကဲ့သို့။ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့ကို။ အဟံ မမာတိ၊ ငါ, ငါ၏ဥစ္စာဟု။ ဂဟဏံ၊ တဏှာ ဒိဋ္ဌိ အာဒါးဖြင့် မှားသောယူခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ သုသာနေ၊ သုသာန်၌။ မနုဿမံသံ၊ လူသားကို။ ခါဒမာနံ၊ စားသည်ကို။ ဒိသ္ဝာ၊ မြင်၍။ အယံ၊ ဤသူမကား။ ယက္ခိနီ၊ ဘီလူးမတည်း။ ဣတိ၊ ဤသို့။ ဇာနနံ ဝိယ၊ သိခြင်းကဲ့သို့။ ခန္ဓာနံ၊ ခန္ဓာတို့၏။ တိလက္ခဏံ၊ လက္ခဏာသုံးပါးကို။ ဒိသ္ဝာ၊ မြင်၍။ အနိစ္စာဒိ-ဘာဝဇနနံ၊ အနိစ္စ စသော မမြဲသော ဆင်းရဲသော အစိုးမရသော အလိုသို့မလိုက်သော တရားတို့သာတည်းဟု မြင်သိခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဘီတကာလော ဝိယ၊ ကြောက်ခြင်းကဲ့သို့။ ဘယတုပဋ္ဌာနံ၊ ဘေးဟူ၍သောဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ပလာယိတုကာမတာ ဝိယ၊ ပြေးခြင်းကို အလိုရှိသကဲ့သို့။ မုဉ္စိတုကမ္မတာ၊ မုဉ္စိတုကမ္မတာဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ သုသာနံ၊ သုသာန်ကို။ ဝိဇဟနံ ဝိယ၊ စွန့်ခြင်းကဲ့သို့။ ဂေါတြဘုဉာဏံ၊ ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ ဝေဂေန၊ လျင်စွာ။ ပလာယနံ ဝိယ၊ ပြေးခြင်းကဲ့သို့။ မဂ္ဂေါ၊ နိဗ္ဗာန်သို့ ဒေါမုံပြူသော မဂ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။ အဘယဒေဒသေ၊ ဘေးကင်းရာအရပ်၌။ ဌာနံ ဝိယ၊ ရပ်ခြင်းကဲ့သို့။ ဖလံ၊ ဖိုလ်ဉာဏ်ကို။ ဒဋ္ဌဗ္ဗံ၊ ၏။

အဓိပ္ပါယ်အထူးမကား— ဘီလူးမကို နတ်သမီးထင်မှန့် ခန္ဓာငါးပါးကို နှိပ်စက်သုခ အတ္တဟု ရှုမှု တူ၏။ ဘီလူးမကို ဘီလူးမဟု မြင်သိသဖြင့် ပယ်ခွါခြင်းနှင့် ခန္ဓာငါးပါးဌ် အနိစ္စ ဒုက္ခ အနတ္တဟု မြင်သိသဖြင့် ခန္ဓာဌ် ခင်တွယ်သော တဏှာပယ်မှု တူ၏ ဟူလို။

တဿ "ဒါနိ မဂ္ဂေါ ဥပ္ပဇ္ဇိဿတိ" တိ သခ်ါရုပေက္ခာ သခ်ါရေ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ သမ္မသိတ္ဝာ ဘင်္ဂံ ဃြတရုတိ၊ ဘင်္ဂါနုဿရံ သခ်ါရုပေက္ခာယ ကတနယေနေဝ သခ်ါရေ အနိစ္စာတိ ဝါ ဒုက္ခာတိ ဝါ အနတ္တာတိ ဝါ အာရမ္မဏံ ကုရုမာနံ ဥပ္ပဇ္ဇတိ မနောဒ္ဒါရာဝဇ္ဇနံ။ တတော ဘင်္ဂံ အာဝဇ္ဇေတ္ဝာ ဥပ္ပန္နဿ တဿ ကြိယစိတ္တဿာနုဿရံ အဝီစိကံ စိတ္တသန္တတိံ အနုပဗန္ဓမာနံ တထေဝ သခ်ါရေ အာရမ္မဏံ ကတ္ဝာ ဥပ္ပဇ္ဇတိ ပဌမဇဝနစိတ္တံ၊ ယံ ပရိကမ္မန္တိ ဝုစ္စတိ၊ တဒနုဿရံ တထေဝ သခ်ါရေ အာရမ္မဏံ ကတ္ဝာ ဥပ္ပဇ္ဇတိ ဒုတိယဇဝနစိတ္တံ၊ ယံ ဥပစာရန္တိ ဝုစ္စတိ။ တဒနုဿရမိ တထေဝ သခ်ါရေ အာရမ္မဏံ ကတ္ဝာ ဥပ္ပဇ္ဇတိ တတိယဇဝနစိတ္တံ၊ ယံ အနုလောမန္တိ ဝုစ္စတိ၊ ဣဒံ ဧနသံ ပါဠိယေကွံ နှာမံ။

အဝိသေသေန ပန တိဝိဓမ္မေတံ အာသေဝနန္တိပိ ပရိကမ္မန္တိပိ ဥပစာရန္တိပိ အနုလောမန္တိပိ ဝတ္တုံ ဝဋ္ဋတိ။[၁]

တဿ၊ ထိုရဟန်းအား။ ဣဒါနိ၊ ယခုအခါ၌။ မဂ္ဂေါ၊ မဂ်သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ ။ဣတိ၊ သို့။ဝတ္တာဗ္ဗေ၊ဆိုအပ်သည်ရှိသော်။ သခ်ါရုပေက္ခာ၊သခ်ါရုပေက္ခာ ဉာဏ်သည်။ သခ်ါရေ၊ သခ်ါရတရားတို့ကို။ အနိစ္စာတိ ဝါ၊ မမြဲသောအားဖြင့် ၎င်း။ ဒုက္ခာတိ ဝါ၊ ဆင်းရဲသောအားဖြင့်၎င်း။ အနတ္တာတိ ဝါ၊ အစိုးမရအလိုသို့မလိုက်သောအားဖြင့်၎င်း။ သမ္မသိတ္ဝာ၊ သုံးသပ်၍။ ဘင်္ဂံ၊ ဘင်္ဂသို့။ ဃြတရုတိ၊ သက်၏။ ဘင်္ဂါနုဿရံ၊ ဘင်္ဂ၏အခြားမဲ့၌။ သခ်ါရုပေက္ခာယ၊ သခ်ါရုပေက္ခာဉာဏ်သည်။ ကတနယေနေဝ၊ ပြုအပ်ပြီးသောနည်းဖြင့်သာလျှင်၊ သခ်ါရေ၊ သခ်ါရတရားတို့ကို။ အနိစ္စာတိ ဝါ၊ အနိစ္စတရားတို့သော်လည်းဟူ၍

၁။ ဝိသုဒ္ဓိ -ဒုတိယ-နှာ- ၃၀၈။

၎င်း။ ဒုက္ခာတိ ဝါ၊ ဒုက္ခတရုးတို့သာတည်းဟူ၍၎င်း။ အနတ္တာတိ ပါ၊ အနတ္တ တရုးတို့သာတည်းဟူ၍၎င်း။ အာရမ္မဏံ၊ အာရုံကို။ ကုရုမာနံ၊ ပြုလျက်။ မနောဒ္ဒါရာဇ္ဇနံ၊ မနောဒ္ဒါရာဝဇ္ဇန်းသည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ တတော၊ ထို နောက်မှ။ ဘဝင်္ဂံ၊ ဘဝင်ကို။ အာဝဇ္ဇေတ္ဝာ၊ လွှန်၍။ ဥပပဇ္ဇန္တာ၊ ဖြစ်သော။ တဿ ကြိယစိတ္တဿ၊ ထို ကြိယာစိတ်၏။ အနန္တရံ၊ အခြားမဲ့၌။ အဝိစိကံ၊ အကြား မရှိသော။ စိတ္တသန္တတိ၊ စိတ်၏အစဉ်ကို။ အနုပဗန္ဓမာနံ၊ မပြတ် ဖွဲ့လျက်။ တထေဝ သခ်ါရေ၊ ထို့ဒေတူ သခ်ါရတရုးတို့ကို။ အာရမ္မဏံ ကတ္ဝာ၊ အာရုံပြု၍။ ပဌမဇဝနစိတ္တံ၊ ပဌမဇောစိတ်သည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤ စိတ်ကို။ ပရိကမ္မန္တိ၊ ပရိကံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဒနန္တရံ၊ ထို ပဌမဇော စိတ်၏ အခြားမဲ့၌။ တထေဝ သခ်ါရေ၊ ထို့အတူ သခ်ါရတရုးတို့ကို။ အာရမ္မဏံ ကတ္ဝာ၊ အာရုံပြု၍။ ဒုတိယဇဝနစိတ္တံ၊ ဒုတိယဇောစိတ်သည်။ ဥပပဇ္ဇတိ၊ ၏။ အယံ၊ ဤစိတ်ကို။ ဥပစာရန္တိ၊ ဥပစာရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တဒနန္တရမ္ပိ၊ ထို ဒုတိယဇော၏ အခြားမဲ့၌လည်း။ တထေဝ၊ ထို့အတူသာလျှင်။ သခ်ါရေ၊ သခ်ါရတရုးတို့ကို။ အာရမ္မဏံ ကတ္ဝာ၊ အာရုံပြု၍။ တတိယဇဝနံ၊ သည်။ ဥပပဇ္ဇတိ၊ ၏။ အယံ၊ ဤ တတိယဇောကို။ အနုလောမန္တိ၊ မဂ်နှင့်လျော်သော အနုလောမဟူ၍။ ဝုစ္စတိ၊ ၏။ ဣဒံ၊ ဤသည်ကား။ ပါဠိယေကွံ၊ အသီးအသီး ရအပ်သော။ နာမံ၊ အမည်တည်း။

အဝိသေသေန ပန၊ အထူး မပြုသောအားဖြင့်မူကား။ တိဝိဓမ္ပိ၊ သုံးပါး အပြားရှိသည်လည်းဖြစ်သော။ ဇောံ၊ ထို ဇောကို။ အာသေဝနန္တိပိ၊ အာသေဝန ဟူ၍၎င်း။ ပရိကမ္မန္တိပိ၊ ပရိကံ ဟူ၍၎င်း။ ဥပစာရန္တိပိ၊ ဥပစာ ဟူ၍၎င်း။ အနုလောမန္တိပိ၊ အနုလောမဟူ၍၎င်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။

သောတာပတ္တိမဂ္ဂဝိထိကျပုံ

မဂ္ဂဉာဏသဟ ဂေါတြဘုဉာဏေန ဒိန္နသညာယ အမုဉ္ဆိတ္ဝာဝ နိဗ္ဗာနံ အာရမ္မဏံ ကတ္ဝာ အနိဗ္ဗိဒ္ဓပုဗ္ဗာနံ အပဒါလိတပုဗ္ဗာနံ လောဘဒေါသ-မောဟက္ခန္ဓာနံ နိဗ္ဗိဇ္ဈနပဒါလနံ။

နာ ကေဝလဉ္စ ဧသ မဂ္ဂေါ လောဘက္ခန္ဓာဒိနံ နိဗ္ဗိဇ္ဈနမေဝ ကရောတိ၊ အပိ စ ခေါ အနုမတဂ္ဂသံသာရဝဋ္ဋဒုက္ခသမုဒ္ဒံ သောသေတိ။ သဗ္ဗ-အာပါယဒွါရာနိ ပိဒဟတိ၊ သတ္တာနံ အရိယဓနာနံ သမ္မုခီဘာဝံ ကရောတိ။ အဋ္ဌင်္ဂိကမိစ္ဆာမဂ္ဂံ ပဇဟတိ။ သဗ္ဗဝေရဘယာနိ ဥပသမေတိ၊ သမ္မာ-သမ္မုဒ္ဓဿဲ သြရသပုတ္တဘာဝံ ဥပနေတိ၊ အညေသဉ္စ အနေကသတာနံ အာနိသံသာနံ ပဋိလာဘာယ သံဝတ္တတီတိ ဧဝံ အနေကာနိသံသ-ဒါယကေန သောတာပတ္တိမဂ္ဂေန သမ္ပယုတ္တံ ဉာဏံ သောတာပတ္တိမဂ္ဂ-ဉာဏန္တိ ဝုစ္စတိ။ ပဌမမဂ္ဂဉာဏံ နိဋ္ဌိတံ။[1]

မဂ္ဂဉာဏာဿ၊ မဂ်ဉာဏ်အား။ ဂေါတြဘုဉာဏေန၊ ဂေါတြဘုဉာဏ်သည်။ ဒိန္နသညာယ[2]၊ ပေးအပ်သောသညာဖြင့်။ ဝါ၊ ပေးအပ်သောသညာကို။ အမုဉ္စိ-တွာဝ၊ မလွှတ်မူ၍သာလျှင်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ တနည်း–နိဗ္ဗာနံ၊ ဖြစ်ခြင်း-ကင်းသော အဇာတနိဗ္ဗာန်ကို။ အာရမ္မဏံ ကတွာ၊ နှစ်သက်သောအားဖြင့် အာရုံပြု၍။ အနိဗ္ဗိဒ္ဓပုဗ္ဗာနံ၊ ရှေးဦး မဖောက်မထွင်းဘူးသေးကုန်သော။ အပဒါ-လိတပုဗ္ဗာနံ၊ ရှေးဦး မခွဲမဖျက်ဘူးသေးကုန်သော။ လောဘ ဒေါသ မောဟက္ခ-န္ဓာနံ၊ လောဘ ဒေါသ မောဟက္ခန္ဓာတို့ကို။ နိဗ္ဗိဇ္ဈနပဒါလနံ၊ ဖောက်ထွင်း-ခွဲဖျက်ခြင်းကို။ ကရောတိ၊ ပြု၏။

ဧသ ဧသော မဂ္ဂေါ၊ သည်။ ကေဝလံ၊ သက်သက်။ လောဘက္ခန္ဓာဒိနံ၊ လောဘက္ခန္ဓာ စသည်တို့ကို။ နိဗ္ဗိဇ္ဈနမေဝ၊ ဖောက်ထွင်းခွဲဖျက်ခြင်းကိုသာလျှင်။ နာ ကရောတိ၊ ပြုသည် မဟုတ်သေး။ အပိ စ ခေါ၊ စင်စစ်သော်ကား။ အနုမတဂ္ဂ သံသာရ ဝဋ္ဋဒုက္ခသမုဒ္ဒံ၊ အစ မထင် သံသရာ ဝဋ်ဒုက္ခ ဟူသော သမုဒ္ဒရာကို။ သောသေတိ၊ ခန်းခြောက်စေ၏။ သဗ္ဗအပါယဒွါရာနိ၊အလုံးစုံသော အပါယ်တံခါးတို့ကို။ ပိဒဟတိ၊ ပိတ်ဆို့၏။ သတ္တာနံ၊ ခုနစ်ပါးကုန်သော။ အရိယဓနာနံ၊ အရိယာတို့၏ ပစ္စည်းဖြစ်သော သဒ္ဓါ သတိ ဟိရီ ဩတ္တပ္ပ ဗဟုဿစ္စ စီရိယ ပညာ ဟူသော အတုမရှိ ကြည်လင်သော သဒ္ဓါ, အခါခပ်သိမ်း

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ-ဝဂ္ဂ-၅။ ၂။ ဒိန္နသညံ(ဆဋ္ဌ)

မမေ့မလျော့ခြင်းဟူသော သတိ, မကောင်းမှုဌ် ရှက်ခြင်း ဟိရိ, သံသရာဘေးကို ထိတ်လန့်တတ်သော ဩတ္တပ္ပ, များသော အကြားအမြင် ဟူသော ဗဟုဿစ္စ, ကျင့်အပ်သော ဝတ်ရားတို့ကို အားထုတ်တတ်သော ဝီရိယ, သဒ္ဓါရတနားတို့ကား အနိစ္စ ဒုက္ခ အနတ္တ တရားတို့သာတည်းဟု အပြားအားဖြင့် သိတတ်သော ပညာဟူသော သူတော်ကောင်းတရား ခုနစ်ပါးတို့ကို။ သမ္မုခီဘာဝံ၊မျက်မှောက်၏ အဖြစ်ကို။ ကရောတိ၊ ပြု၏။ အဋ္ဌင်္ဂိကမိစ္ဆာမဂ္ဂံ၊ အဋ္ဌင်္ဂိကမိစ္ဆာမဂ်ကို။ တနည်း-အဋ္ဌင်္ဂိကမိစ္ဆာမဂ္ဂံ၊ မှားသော မြင်ခြင်းဟူသော မိစ္ဆာဒိဋ္ဌိ, မှားသော ကြံခြင်းဟူသော မိစ္ဆာသင်္ကပ္ပ, မှားသောစကား မိစ္ဆာဝါစာ, မှားသောအပြု မိစ္ဆာကမ္မန္တ, မှားသော အသက်မွေးခြင်း ဟူသော မိစ္ဆာဇီဝ, မှားသော အားထုတ်ခြင်း ဟူသော မိစ္ဆာဝါယာမ, မှားသော အောက်မေ့ခြင်း ဟူသော မိစ္ဆာသတိ, မှားသော တည်ကြည်ခြင်းဟူသော မိစ္ဆာသမာဓိဟူသော မိစ္ဆာမဂ်ကို။ ပဇဟတိ၊ စွန့်၏။ သပ္ပဝေရဘယာနိ၊ အလုံးစုံသော ဘေးရန်တို့ကိုလည်း။ ဝူပသမေတိ၊ ငြိမ်းစေ၏။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သြရသပုတ္တဘာဝံ၊ ရင်၌ဖြစ်သော သားအဖြစ်သို့။ ဥပနေတိ၊ ဆောင်၏။ အညေသဉ္စ၊ ထို့မှတပါးလည်း ဖြစ်ကုန်သော။ အနေကသတာနံ၊အရာမကသော များမြတ်လှကုန်သော။ အာနိသံသာနံ၊အကျိုးတရားတို့ကို။ ပဋိလာဘာယ၊ရခြင်းငှါ။ သံဝတ္တတိ၊ဖြစ်၏။ ဧဝံ၊ ဤသို့။ အနေကာနိသံသဒါယကေန၊ များသော အကျိုးပေးခြင်း ရှိသော။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်စိတ်နှင့်။ သမ္မယုတ္တံ၊ ယှဉ်သော။ ဉာဏံ၊ ဉာဏ်ကို။ သောတာပတ္တိမဂ္ဂဉာဏန္တိ၊ သောတာပတ္တိမဂ်ဉာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပဌမ မဂ္ဂဉာဏံ၊ ပဌမ မဂ်ဉာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ဤ ပဌမ မဂ်သည် ဒဿနုပဟာတဗ္ဗကိစ္စရှိသဖြင့် သစ္စာမြင်သိရန် အလွန်အရေးကြီးသောကြောင့် ပါဠိတော် အဋ္ဌကထာများနှင့် အကျယ် ဝေဖန်၍ ပြပါသည်။ အထက် မဂ်များမှာမူကား ပဌမမဂ်ဖြင့် သစ္စာ မြင်သိပြီး ဖြစ်၍ ဘာဝနာပဟာတဗ္ဗမျှသာ ကျန်ရှိသောကြောင့် အရေးမကြီးလှပါ၊ ထို့ကြောင့် မပြတော့ပါ။

သစ္စာ ၄-ပါးကို မြင်သိရာ၌ အနုဗောဓသိ ပဋိဝေဓသိ ၂-မျိုးကို ဝေဖန်၍ ပြုံ

သစ္စာလေးပါးကို မြင်သိရာ၌ သုတသိ, ဒိဋ္ဌသိ ၂-မျိုးရှိသည်ကို ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည်–

"ဒုဝိဓဉ္ဉိ သစ္စညာဏံ အနုဗောဓညာဏဉ္စ ပဋိဝေဓညာဏဉ္စ။တတ္ထ အနုဗောဓ-ညာဏံ လောကိယံ အနုဿဝါဒိဝသေန နိရောဓေ မဂ္ဂေ စ ပဝတ္တတိ။ ပဋိဝေဓညာဏံ လောကုတ္တရံ နိရောဓံ အာရမ္မဏံ ကတ္ဝာ ကိစ္စတော စတ္တာရိ သစ္စာနိ ပဋိဝိဇ္ဈတိ။ ယထာဟ–ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခ သမုဒယမ္ပိ သော ပဿတိ၊ ဒုက္ခနိရောဓမ္ပိ ပဿတိ၊ ဒုက္ခနိရောဓ ဂါမိနိပဋိပဒမ္ပိ ပဿတီတိ သဗ္ဗံ ဝတ္တဗ္ဗံ။"[၁]

ဟု မိန့်၏။

သစ္စညာဏံ၊ သစ္စာလေးပါးကို သိသောဉာဏ်သည်။ အနုဿဝါဒိဝသေန၊ တဆင့်ကြားသုတအစွမ်းဖြင့်သိသော။ အနုဗောဓညာဏဉ္စ၊ အနုဗောဓဉာဏ်သည်ဉင်း။ ဝါ၊ လောကိမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် သိမြင်ခြင်းဉင်း။ ပဋိဝေဓညာဏဉ္စ၊ သစ္စာ ၄-ပါးကို မဂ်စိတ်နှင့်တကွ ထိုးထွင်း၍သိသော ပဋိဝေဓဉာဏ်သည်ဉင်း။ ဝါ၊ လောကိမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် သိမြင်ခြင်းဉင်း။ တတ္ထ၊ ထို ၂-ပါးတို့တွင်။ အနုဗောဓညာဏံ၊ သုတအားဖြင့် တဆင့်ကြားသိသော ဉာဏ်သည်။ နိရောဓေ စ၊ နိဗ္ဗာန်၌ဉင်း။မဂ္ဂေ စ၊မဂ်၌ဉင်း။အနုဿဝါဒိဝသေန၊တဆင့်ကြား၏ အစွမ်းအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ လောကိယံ၊ လောကီမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြင့် သိသောကြောင့် လောကီမျှ သာတည်း။ လောကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ ပဋိဝေဓညာဏံ၊ သစ္စာ ၄-ပါးကို မဂ်စိတ်နှင့်တကွ ထိုးထွင်း၍သိသောဉာဏ်သည်။ ဝါ၊ မဂ်စိတ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိ မဂ်ဉာဏ်သည်။ နိရောဓံ၊ ဒုက္ခနိရောဓ အဇာတ အပ္ပဝတ္တ အနုပ္ပါဒ အသင်္ခတနိဗ္ဗာန်ကို။ အာရမ္မဏံ ကတ္ဝာ၊ ချုပ်သော ဖြစ်ခြင်းကင်းသော သဘော

၁။ ဝိသုဒ္ဓိမဂ်-နှာ-၁၄၂။

ကို နှစ်သက်သော အာရမ္မဏိက မဂ်စိတ်ဖြင့် အာရုံပြု၍။ ကိစ္စတော၊ ကိစ္စ အားဖြင့်။ စတ္တာရိ သစ္စာနိ၊ သစ္စာလေးပါးတို့ကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်းသိ၏။ ယထာဟ၊ အဘယ်ကဲ့သို့ မြတ်စွာဘုရား ဟောတော်မူပါသနည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော၊ အကြင်သူသည်။ ဒုက္ခံ၊ ဖြစ်ခြင်းရှိသမျှ သခါရ ဒုက္ခတရားကို။ ပဿတိ၊ သိအပ်သော ကိစ္စရှိ၏ဟု မြင်သိ၏။ သော၊ ထိုသူသည်။ ဒုက္ခသမုဒယမ္ပိ၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ တဏှာကိုလည်း။ ပဿတိ၊ ပယ်အပ်သောကိစ္စရှိ၏ဟု မြင်သိ၏။ ဒုက္ခနိရောဓမ္ပိ၊ ဒုက္ခချုပ်သော အဇာတ အပ္ပဝတ္တ အနုပ္ပါဒ အသင်္ခတ နိဗ္ဗာန်ကိုလည်း။ ပဿတိ၊ မျက်မှောက်ပြုအပ်သော ကိစ္စရှိ၏ဟု မြင်သိ၏။ မဂ္ဂမ္ပိ၊ သမ္မာဒိဋ္ဌိစသော အင်္ဂါကမဂ်ကိုလည်း။ ပဿတိ၊ ပွါးအပ်သောကိစ္စရှိ၏ဟု မြင်သိ၏။ ဣတိ၊ ဤသို့။ သဗ္ဗံ ကိစ္စံ၊ အလုံးစုံသော ကိစ္စတို့၏ ပြီးစီးခြင်းကို။ ဝတ္တာဗ္ဗံ၊ ဟောအပ်၏။ ဝါ၊ ဆိုအပ်၏။

သောတာပတ္တိမဂ်ခဏ၌ မိစ္ဆာမဂ္ဂင်ရှစ်ပါးမှ ထပုံ

သောတာပတ္တိမဂ်ခဏက စ၍ မိစ္ဆာမဂ္ဂင်မှထ၍ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးနှင့် ပြည့်စုံလေတော့၏ဟု ပြလိုသော အဋ္ဌကထာဆရာသည်-

> "သောတာပတ္တိမဂ္ဂက္ခဏေ ဒဿနဋ္ဌေန သမ္မာဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိယာ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။
>
> သောတာပတ္တိမဂ္ဂက္ခဏေ နေက္ခမ္မဋ္ဌေန သမ္မာသင်္ကပ္ပါ မိစ္ဆာသင်္ကပ္ပါ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။
>
> သောတာပတ္တိမဂ္ဂက္ခဏေ ပရိဂ္ဂဟဋ္ဌေန သမ္မာဝါစာ မိစ္ဆာဝါစာယ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။

၁။ အဘိနိဝေသပနဋ္ဌေန (ဆင်္ခေပ)

သောတာပတ္တိမဂ္ဂက္ခဏေ သမုဋ္ဌာနဋ္ဌေန သမ္မာကမ္မန္တော မိစ္ဆာ-
ကမ္မန္တော ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊
ဇဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။

သောတာပတ္တိမဂ္ဂက္ခဏေ ဝေါဒါနဋ္ဌေန သမ္မာအာဇီဝေါ မိစ္ဆာ-
အာဇီဝါ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊
ဇဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။

သောတာပတ္တိမဂ္ဂက္ခဏေ ပဂ္ဂဟဋ္ဌေန သမ္မာဝါယာမော မိစ္ဆာဝါယာ-
မာ ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ၊ ဇဟိဒ္ဓါ စ
သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။

သောတာပတ္တိမဂ္ဂက္ခဏေ ဥပဋ္ဌာနဋ္ဌေန သမ္မာသတိ မိစ္ဆာသတိယာ
ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ ဝုဋ္ဌာတိ။ ဇဟိဒ္ဓါ စ
သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ။

သောတာပတ္တိမဂ္ဂက္ခဏေ အဝိက္ခေပနဋ္ဌေန သမ္မာသမာဓိ မိစ္ဆာ-
သမာဓိတော ဝုဋ္ဌာတိ၊ တဒနုဝတ္တကကိလေသေဟိ စ ခန္ဓေဟိ စ
ဝုဋ္ဌာတိ၊ ဇဟိဒ္ဓါ စ သဗ္ဗနိမိတ္တေဟိ ဝုဋ္ဌာတိ”။[၁]

ဟု မိန့်ဆို၏။ အနက်ကိုမပြတော့ပြီ။

အဓိပ္ပါယ်မှာ–သောတာပတ္တိမဂ်သို့ ရောက်သည်ဖြစ်အံ့။ ကောင်းစွာမြင်ခြင်း
ကောင်းစွာ ကြံခြင်း, နှုတ်ဖြင့် ဝစီဒုစရိုက်လေးပါးတို့ကို ကြဉ်ခြင်း, ကိုယ်ဖြင့်
ကာယကံ ၃-ပါးကို မကျူးမလွန်ခြင်း, ကောင်းစွာ အသက်မွေးခြင်း, ကောင်း
စွာ အားထုတ်ခြင်း, ကောင်းစွာ အောက်မေ့ခြင်း, ကောင်းစွာ တည်ကြည်
ခြင်းဟူသော အကျင့်တို့၌ တည်လေတော့၏။ ထိုကြောင့် မှားသော မြင်ခြင်း,
ကြံခြင်းစသော ရှစ်ပါးသောမိစ္ဆာမဂ္ဂင်တို့ ချုပ်ရလေတော့၏ ဟူလို။

၁။ ပဋိသမ္ဘိဒါမဂ်-နှာ-၆၆-၇။ (ကျမ်းရင်း)

လောကီမဂ် လောကုတ္တရာမဂ် ၂-မျိုး၏ အဓိပ္ပါယ်

မဂ်သည် လောကီမဂ်, လောကုတ္တရာမဂ်ဟူ၍ ၂-မျိုးရှိ၏။

မဂ္ဂေါတိ လောကိယလောကုတ္တရဝသေန ဒုဝိဓံ ဟောတိ၊ တတ္ထ လောကိယစိတ္တသမ္ပယုတ္တံ မဂ္ဂံ လောကိယံ။ လောကုတ္တရစိတ္တသမ္ပယုတ္တံ မဂ္ဂံ လောကုတ္တရန္တိ။[1]

မဂ္ဂေါတိ ဇတ္ထ၊ မဂ္ဂဟူသော ဤပုဒ်၌။ လောကိယလောကုတ္တရဝသေန၊ လောကီမဂ် လောကုတ္တရာမဂ်ဟူသောအာမ္ဘမ်းဖြင့်။ ဒုဝိဓံ ၂-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထို ၂-ပါးတို့တွင်။ လောကိယစိတ္တသမ္ပယုတ္တံ၊ လောကီမဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်နှင့် ယှဉ်သည်၏အာမ္ဘမ်းဖြင့်ဖြစ်သော။ ဝါ၊ ဝိပဿနာစိတ်နှင့်ယှဉ်သော။ မဂ္ဂံ၊ မဂ်သည်။ လောကိယံ၊လောကီသာတည်း။ လောကုတ္တရစိတ္တသမ္ပယုတ္တံ၊လောကုတ္တရာမဂ်စိတ်နှင့် ယှဉ်သော။ မဂ္ဂံ၊ အဋ္ဌင်္ဂိကမဂ်သည်။ လောကုတ္တရံ၊လောကုတ္တရာမည်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အဓိပ္ပါယ်ကား—မဂ္ဂင်ရှစ်ပါးသည် မဂ်စိတ် ၄-ခုဌ် ယှဉ်ဆဲခဏတွင် လောကုတ္တရာမဂ်မည်၏။ လောကီဝိပဿနာစိတ် စသောအခိုက်နှင့်ယှဉ်သော မဂ္ဂင်ရှစ်ပါးသည် လောကီမဂ်မည်၏။ အကြောင်းမူကား လောကီစိတ်သည် မဂ်ကိစ္စလေးပါးကို မပြီးစေနိုင်၊ လောကုတ္တရာမဂ်စိတ်မှသာလျှင် မဂ်ကိစ္စ ၄-ပါးကို ပြီးစေနိုင်သောကြောင့် ဟူလို။

ဥပမာ–သောတာပန် တည်ပြီးသောပုဂ္ဂိုလ်သည် အထက် သကဒါဂါမိမဂ်ကိုရရန် အားထုတ်စဉ်မှာ လောကီ မဟာကုသိုလ်နှင့်ပင် အားထုတ်ရ၏။ အားထုတ်ဖန်များသဖြင့် သကဒါဂါမိမဂ်စိတ် ဖြစ်သော အခါမှသာ လောကုတ္တရာမဂ်ဟု မှတ်အပ်၏ ဟူလို။

၁။ ပရိယေသိတဗ္ဗံ။

သောတာပတ္တိမဂ်သည် အနုပါဒိန္နကခန္ဓာ, ဥပါဒိန္နက ခန္ဓာ ၂ ပါးလုံးမှ ထသည်မည်ပုံ

သောတာပတ္တိမဂ်ဖြင့် အနုပါဒိန္နကခန္ဓာ ဥပါဒိန္နကခန္ဓာ ၂-ပါးမှ ထပုံကို ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာသည်—

"သောတာပတ္တိမဂ္ဂေန စတ္တာရိ ဒိဋ္ဌိဂတသမ္ပယုတ္တစိတ္တာနိ ဝိစိကိစ္ဆာသဟဂတဉ္စ ဣမာနိ ပဉ္စ စိတ္တာနိ ပဟီယန္တိ။ တာနိ ပဉ္စစိတ္တာနံ ရူပံ သမုဋ္ဌာပေတိ၊ အယံ အနုပါဒိန္နကရူပက္ခန္ဓော၊ တာနိ ပဉ္စ စိတ္တာနိ ဝိညာဏက္ခန္ဓော၊ တံသမ္ပယုတ္တာ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ သင်္ခါရာ သင်္ခါရက္ခန္ဓောတိ။ သစေ သောတာပန္နဿ သောတာပတ္တိမဂ္ဂေါ အဘာဝိတော အဘာဝိဿ၊ တာနိ ပဉ္စ စိတ္တာနိ ဆသု အာရမ္မဏေသု ပရိယုဋ္ဌာနံ ပါပုဏေယျုံ။ နေသံ ပရိယုဋ္ဌာန-ဥပ္ပတ္တိဝါရယမာနေ အနုပါဒိန္နကတော ဝုဋ္ဌာတိ နာမ။"[၁]

ဟု မိန့်၏။

အဓိပ္ပါယ်ကား- သောတာပတ္တိမဂ်သည် လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် လေးခု, ဝိစိကိစ္ဆာစိတ်တခု ကျင်းခုသောစိတ်တို့ကြောင့် ခန္ဓာမှ ထ၏။ ထ၏ ဟူသည် သောတာပတ္တိမဂ်ဖိုလ်၌တည်ပြီးနောက် ထိုစိတ်ငါးခု သမုဋ္ဌာန်အားဖြင့် ချုပ်သဖြင့် နောင်တဖန် မဖြစ်နိုင်မှုကို ဆိုလို၏။

အကယ်၍ ထိုသောတာပတ္တိမဂ်ကို မပွါးပါမူကား ထိုငါးခုသောစိတ်တို့သည် ရူပါရုံ စသည်တို့၌ အယံ မမ သန္တကံ-စသော ဒိဋ္ဌိ ဝိစိကိစ္ဆာတို့နှင့်ယှဉ်ပြီးလျှင် ထိုးကျင့် နှိပ်စက်လတ္တံ့၊ ထိုသို့ ထိုးကျင့်မှုတို့ တဖန် မဖြစ်ရအောင် ပယ်၏။ ထို့ကြောင့် သောတာပတ္တိမဂ်သည် အနုပါဒိန္နကခန္ဓာမှ ထ၏။ ထိုအနုပါဒိန္နက-ခန္ဓာမှသာ ထသည် မဟုတ်သေး။ ခုနစ်ဘဝအလွန်၌ရှိသော ဥပါဒိန္နက ခန္ဓာမှ လည်း ထသည် မည်၏ ဟူလို။

၁။ မရိယေသိတဗ္ဗံ။

ထိုသို့ ဥပါဒိန္နက ခန္ဓာမှ ထပ်ကို ပြလိုသော အဋ္ဌကထာဆရာသည်—

"သစေ သောတာပန္နဿ သောတာပတ္တိမဂ္ဂေါ အဘာဝိတော အဘာဝိဿ၊ ဌပေတ္ဝာ သတ္တဘာဝေ အနုမတဂ္ဂေ သံသာရေ ဥပါဒိန္နကံ ပဝတ္တေယျ။ ကဿစာ တဿ နိဗ္ဗတ္တိဟေတုနော အတ္ထိတာယ။ တိဏ်ဏံ သံယောဇနာနံ ဒိဋ္ဌာနုသယော ဝိစိကိစ္ဆာနုသယောတိ ဣမေ ပဉ္စ ကိလေသာ သောတာပတ္တိမဂ္ဂေါ ဥပ္ပဇ္ဇမာနော၀ သမုဿဟိတောတိ။ ဣဒါနိ ကုတော ဌပေတ္ဝာ သတ္တဘာဝေ အနုမတဂ္ဂေ သံသာရေ ဥပါဒိန္နကံ ပဝတ္တိဿတိ၊ ဧဝံ မဂ္ဂဉာဏံ ဥပါဒိန္နကပဝတ္တံ အပ္ပဝတ္တံ ကုရုမာနော ဥပါဒိန္နကတော ဝုဋ္ဌာတိ နာမ။" ဟု မိန့်၏။

အဓိပ္ပါယ်ကား– သောတာပတ္တိမဂ်ကို ပွါးစဉ်ကပင် ခုနစ်ဘဝအလွန်၌ ဇာတိကိုဖြစ်စေတတ်သော သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ ဟူသော ကိလေသာ သံယောဇဉ်တို့ကို ပယ်ပြီးဖြစ်သောကြောင့် ခုနစ်ဘဝအလွန်၌ တဖန် ပဋိသန္ဓေ မနေရတော့ပြီ။ ထိုကြောင့် သောတာပတ္တိမဂ်ဿည် ဥပါဒိန္နကခန္ဓာ, အနုပါဒိန္နက ခန္ဓာ ၂-ပါးလုံးမှ တသည်မည်၏ ဟူလို။

ထိုကြောင့် သောတာပတ္တိမဂ်သည် ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်တို့ကို အောင်ပြီး အောင်ဆဲ အောင်လတ္တံ့ ဟူလို။ ထိုပြင် အဘိသင်္ခါရမာရ်ဟူဆိုအပ်သော (၇-ဘဝထက်လွန်သော သုဂတိပဋိသန္ဓေနှင့် အပါယ်) ဘဝပဋိသန္ဓေကို ဖြစ်စေတတ်သော ကောင်းမှု မကောင်းမှုတို့ကိုလည်း မပြုတော့ပြီ။ ထိုကြောင့် အဘိသင်္ခါရမာရ်ကိုလည်း အောင်ပြီ ဟူလို။

ကိလေသာကို မင်္ဂဖြင့် ပယ်သတ်ရာ၌ ကာလသုံးပါးမှလွတ်သော အနုသယကိလေသာကိုသာ ပယ်ပုံ

မင်္ဂဖြင့် ကိလေသာကို ပယ်သတ်ရာ၌ ကာလသုံးပါးမှလွတ်သော အနုသယကိလေသာကို ပယ်၏ဟု ပြလိုသော အဋ္ဌကထာ ဆရာသည်—

၁။ ဟိုယေသိတမ္ပံ။

"ပဥ္စက္ခန္ဓာ ဝိပဿနာယ ဘူမိ နာမ။ယတ္ထ အတီတာ ဝါ အနာဂတာ ဝါ ပစ္စုပ္ပန္နာ ဝါ ဝတ္တဗ္ဗာ၊ တတ္ထ အနုသယကိလေသာ အတီတာ ဝါ အနာဂတာ ဝါ ပစ္စုပ္ပန္နာ ဝါ နု ဝတ္တဗ္ဗာ၊ တံ မဂ္ဂေါ ပဟီယတိ။ ယထာ တရုဏော ရုက္ခော ဒဗ္ဗာတဖလော၊ တမေနံ ပုရိသော မူလံ ဆိန္ဒေယျ၊ ယေ တဿ ရုက္ခဿ အဗ္ဗာတဖလာ၊ တေ အဗ္ဗာတာယေဝ နု ဗာယန္တိ၊ အနိဗ္ဗတ္တာယေဝ နု နိဗ္ဗတ္တန္တိ၊ အပါတုဘူတာယေဝ နု ပါတုဘဝန္တိ။ ဧဝမေဝ ဥပ္ပါဒေါ ဟေတု ဥပ္ပါဒေါ ပစ္စယော ကိလေသာနံ နိဗ္ဗတ္တိယာတိ ဥပ္ပါဒေ အာဒိနဝံ ဒိသွာ အနုပ္ပါဒေ စိတ္တံ ပက္ခန္ဒတိ၊ အနုပ္ပါဒေ စိတ္တဿ ပက္ခန္ဒတ္တာ ယေ အာယူဟနပစ္စယာ ကိလေသာ နိဗ္ဗတ္တေယျုံ၊ တေ အဗ္ဗာတာယေဝ နု ဗာယန္တိ၊ အနိဗ္ဗတ္တာယေဝ နု နိဗ္ဗတ္တန္တိ၊ အပါတု-ဘူတာယေဝ နု ပါတုဘဝန္တိ၊ အတ္ထိ မဂ္ဂဘာဝနာ၊ အတ္ထိ ဖလသစ္ဆိ-ကိရိယာ၊ အတ္ထိ ကိလေသပဟာနံ၊ အတ္ထိ ဓမ္မာဘိသမယောတိ။"[၁]

ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာဋီ မိန့်၏။

ပဥ္စက္ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်။ ဝိပဿနာယ ဘူမိ နာမ၊ ဝိပဿနာ၏ ဘူမိ မည်၏။ ယတ္ထ၊ အကြင် ခန္ဓာငါးပါး၌။ အတီတာ ဝါ၊ အတိတ်ဟူ၍ဂုဏ်း။ အနာဂတာ ဝါ၊ အနာဂတ်ဟူ၍ဂုဏ်း။ ပစ္စုပ္ပန္နာ ဝါ၊ ပစ္စုပ္ပန်ဟူ၍ဂုဏ်း။ ဝတ္တဗ္ဗာ၊ ဟောအပ်၏။ တတ္ထ၊ ထို ခန္ဓာငါးပါး၌။ အနုသယကိလေသာ၊ ကိန်းသော ကိလေသာကို။ အတီတာ ဝါ၊ အတိတ်ဟူ၍ဂုဏ်း။ အနာဂတာ ဝါ၊ အနာဂတ် ဟူ၍ဂုဏ်း။ ပစ္စုပ္ပန္နာ ဝါ၊ ပစ္စုပ္ပန်ဟူ၍ဂုဏ်း။ နု ဝတ္တဗ္ဗာ၊ မဟောအပ်။ မဂ္ဂေါ၊ မဂ်သည်။ တံ၊ ထိုကာလသုံးပါးမှလွတ်သော အနုသယကိလေသာကို။ ပဟီ-ယတိ၊ ပယ်အပ်၏။ ယထာ၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ တရုဏော၊ ငယ်သော။ အဗ္ဗာတဖလော၊ အသီးမသီးသေးသော။ ဝါ၊ အခြိန်တန်လျှင် သီးလတ္တံ့သော။ ရုက္ခော၊ သစ်ပင်သည်။ အတ္ထိ၊ ရှိ၏။ တမေနံ၊ ထိုသစ်ပင်ကို။ ပုရိသော၊ ယောကျ်ားသည်။ မူလံ၊ အမြစ်ကို။ ဆိန္ဒေယျ၊ ဖြတ်ရာ၏။ တဿ ရုက္ခဿ၊ ထိုသစ်ပင်၏။ ယေ အဗ္ဗာတဖလာ၊ အကြင် သီးလတ္တံ့သော အသီး တို့သည်။ အတ္ထိ၊ ရှိကုန်၏။ တေ၊ ထိုသီးလတ္တံ့သော အသီးတို့သည်။အဗ္ဗာတာ-

---

၁။ ဝိသုဒ္ဓိ၊ဒုတိယ၊နှာ၃၂၂၊၈-ကြသို့။ (ကျမ်းရင်း ပဋိသမ္ဘိဒါမဂ်၊နှာ၁၉၅-လည်းကြည့်)

ယေဝ၊ မဖြစ်မီကပင်လျှင်။ ဝါ၊ မသီးမီကပင်လျှင်။ နာ ဇာယန္တိ၊ မသီးကုန်။ ဒုနိဗ္ဗတ္တာယေဝ၊ မဖြစ်မီကပင်လျှင်။ နာ နိဗ္ဗတ္တန္တိ၊ မဖြစ်ကုန်။ အပါတုဘူတာယေဝ၊ ထင်ရှားမဖြစ်မီကပင်လျှင်။ နာ ပါတုဘဝန္တိ၊ ထင်ရှားမဖြစ်မပေါ်ကုန်။ ဧဝမေဝ၊ ဤအတူသာလျှင်။ဥပပါဒေါ၊ဖြစ်ခြင်းရှိသော ခန္ဓာသည်။ကိလေသာနှံ၊ တို့၏။ နိဗ္ဗတ္တိယာ၊ ဖြစ်ခြင်း၏။ ဟေတု၊ အကြောင်းတည်း။ ဥပပါဒေါ၊ သည်။ ကိလေသာနှံ၊ တို့၏။ နိဗ္ဗတ္တိယာ၊ ၏။ ပစ္စယော၊ အကျေအာက်အပံ့တည်း။ ဤတို့၊ ဤသို့။ ဥပပါဒေ၊ ဖြစ်ခြင်း၌။ အာဒီနဝံ၊ အနိစ္စစသော အပြစ်ကို။ ဒိဿဝါ၊ မြင်၍၊ ဝါ၊ မြင်သောကြောင့်။အနုပပါဒေ၊ မဖြစ်ခြင်း၌။ ဝါ၊ဖြစ်ခြင်းမရှိသော ဗာဇာတအပဝဝတ္ထ အနုပပါဒ အသခ်တ နိဗ္ဗာန်သို့။ စိတ္တံ၊ သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ တဿ စိတ္တဿ၊ ထို မဂ်စိတ်၏။ ပက္ခန္ဒတ္တာ၊ နိဗ္ဗာန်သို့ ပြေးဝင်သည်၏ အဖြစ်ကြောင့်။ အာယူဟနပစ္စယာ၊အားထုတ်လတ္တံ့သော အကြောင်းဖြစ်ကုန်သော။ ယေ ကိလေသာ၊ အကြင် ကိလေသာတို့သည်။ တနည်း-ယေ ကိလေသာ၊ အကြင် အဝိဇ္ဇာ တဏှာ ဒိဋ္ဌိ ဟူသော ကိလေသာတို့သည်။ နိဗ္ဗတ္တေယျုံ၊ ဖြစ်ကုန်ရာ၏။ တေ ကိလေသာ၊ ထို ကိလေသာတို့သည်။ အဇာတာယေဝ၊ အာဃာတမှု မဖြစ်ခင်ကပင်လျှင်။ နာ ဇာယန္တိ၊ မဖြစ်ကုန်။ အနိဗ္ဗတ္တာယေဝ၊ မဖြစ်မပေါ်မီကပင်လျှင်။ နာ နိဗ္ဗတ္တန္တိ၊ မဖြစ်မပေါ်ကုန်။ အပါတုဘူတာယေဝ၊ ထင်ရှားမရှိမီကပင်လျှင်။ နာ ပါတုဘဝန္တိ၊ ထင်ရှားမဖြစ်ပေါ်ကုန်။ တဿာ၊ ထိုကြောင့်။ မဂ္ဂဘာဝနာ၊ မဂ်ကိုပွါးသော ဘာဝနာသည်။ အတ္ထိ၊ ရှိ၏။ ဖလသစ္ဆိကိရိယာ၊ ဖိုလ်ဟူသော မျက်မှောက်ပြုခြင်းသည်။ အတ္ထိ၊ရှိ၏။ ကိလေသပပဟာနံ၊ကိလေသာကိုပယ်ခြင်းသည်။ အတ္ထိ၊ ၏။ ဓမ္မာဘိသမယော၊ သစ္စာကိုထိုးထွင်း၍သိသော ဓမ္မာဘိသမယသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

အနုသယကိလေသာဟူသည်ကာလသုံးပါးမှလွတ်၏။မဂ်သည်ကိလေသာကိုပယ်သတ်၏ ဟူရာ၌-အတိတ်ကို ပယ်သလော၊ အနာဂတ်ကို ပယ်သလော၊ ပစ္စုပ္ပန်ကို ပယ်သလော။ အကယ်၍ ကာလ ၃-ပါးမှ လွတ်သော ကိလေသာကို ပယ်၏ဆိုလျှင် အဘယ်သို့ ပယ်နိုင်ပါမည်နည်းဟူသော စောဒနာကိုဖြေပုံကား-

မဂ်သည် ကာလသုံးပါးမှလွတ်သော အနုသယကိလေသာကို ပယ်၏။ ဒိဋ္ဌိဝိစိကိစ္ဆာ အနုသယကား ပုထုဇဉ်ခန္ဓာ၌သာကိန်း၏၊အရိယာခန္ဓာ၌ မကိန်းနိုင်။

ထိုကြောင့် ပုထုဇဉ်ခန္ဓာအဖြစ်မှ အရိယာခန္ဓာသို့ ရောက်မှုကိုပင် ဒိဋ္ဌ ဝိစိကိစ္ဆာ-အနုသယကို ပယ်သတ်သည် မည်၏ ဟူလို။

ဥပမာ–အပင်ကိုမြို့၍သီးသောအသီးသည် မသီးမီကပင် အပင်ကိုသတ်လိုက်သဖြင့် သီးလတ္တံ့သောအသီးတို့ မသီးနိုင်သကဲ့သို့။ထို့အတူ ပုထုဇဉ်ခန္ဓာအဖြစ်မှ အရိယာခန္ဓာအဖြစ်သို့ ရောက်သောကြောင့်ဒိဋ္ဌဝိစိကိစ္ဆာတည်ရာမရှိသဖြင့်တဖန် မဖြစ်နိုင်မှုကိုပင် မဂ်သည် ကာလ ၃-ပါးမှလွှတ်သော အနုသယကိလေသာကို ပယ်သတ်သည် မည်၏ဟူလို။

စောဒကအဖြေ ပြီးပြီ။

မဂ်စိတ်တချက်၌ မဂ်ကိစ္စ ၄ ပါး ပြီးစီးပုံကို ဆီမီးဥပမာဖြင့် ပြပုံ

ဥပါဒ် ဌီ ဘင် ခဏငယ် ၃-ချက် မဂ်စိတ်တချက်၌ ဒုက္ခသစ္စာကို သိခြင်းကိစ္စ, သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ, မဂ္ဂသစ္စာကို ပွါးခြင်းကိစ္စဟူသော ၄-ကိစ္စပြီးစီးပုံကို ဥပမာဖြင့် ပြလိုသော အဋ္ဌ-ကထာဆရာသည်—

"ယထာ ပဒီပေါ အပုဗ္ဗံ အစရိမံ ဧကက္ခဏေ စတ္တာရိ ကိစ္စာနိ, ကရောတိ ဝဋ္ဋိံ စျာပေတိ၊အန္ဓကာရံဝိဓမတိ၊ အာလောကံပရိဝိဒံသေတိ၊ သိနေဟံ ပရိယာဒိယတိ။ ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗံ အစရိမံ ဧကက္ခဏေ စတ္တာရိ သစ္စာနိ အဘိသမေတိ၊ဒုက္ခံ ပရိညာဘိသမယေန အဘိသမေတိ၊ သမုဒယံ ပဟာနာဘိသမယေန အဘိသမေတိ၊ မဂ္ဂံ ဘာဝနာဘိ-သမယေန အဘိသမေတိ၊ နိရောဓံ သစ္ဆိကိရိယာဘိသမယေန အဘိ-သမေတိ။

ဟု မိန့်ဆို၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-န၁-၃၃၁။

ဤ၌ ဥပမေယျသော်ကား-

"ယထာ ပဒီပေါ ဝဋ္ဋိ ံ စျာပေတိ၊ ဧဝံ မဂ္ဂင်္ဂဏံ ဒုက္ခံ ပရိဇာနာတိ၊ ယထာ ပဒီပေါ အန္ဓကာရံ ဝိဓမတိ၊ ဧဝံ မဂ္ဂင်္ဂဏံ သမုဒယံ ပဇဟတိ၊ ယထာ ပဒီပေါ အာလောကံ ပရိဝိဒံသေတိ၊ဧဝံ မဂ္ဂင်္ဂဏံ သဟဇာတာဒိ-ပစ္စယတာယ သမ္မာသင်္ကပ္ပါဒိဓမ္မသခ်ါတံ မဂ္ဂံ ဘာဝေတိ၊ ယထာ ပဒီပေါ သိနေဟံ ပရိယာဒိယတိ၊ ဧဝံ မဂ္ဂင်္ဂဏံ ကိလေသပရိယာဒါနံ နိရောဓံ သစ္ဆိကရောတီတိ။" ဟူသည်တည်း။

ဤ၌ ဥပမေယျ၏ အနက်ကိုပြသဖြင့် ဥပမာ၏အနက်ကိုလည်း မြင်နိုင်ရကား ထို့ကြောင့် ဥပမေယျအနက်ကိုသာ ပြပေတော့အံ့-

ပဒီပေါ၊ ဆီမီးလျှံသည်။ ဝဋ္ဋိ ံ၊ မီးစာကို။ စျာပေတိ ယထာ၊ လောင်ဖစေသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ မဂ္ဂင်္ဂဏံ၊ မဂ်င်္ဂဏ်သည်။ တနည်း-မဂ္ဂင်္ဂဏံ၊ ဖြစ်ခြင်းကင်းသော အနုပ္ပါဒ နိဗ္ဗာန်ကို နှစ်သက်သော အားဖြင့် အာရုံပြုသော အာရမ္မဏိက မဂ်စိတ်သည်။ ဒုက္ခံ၊ ဖြစ်ခြင်းရှိသမျှ ရုပ်နာမ် သခ်ါရ ဒုက္ခ-သစ္စာကို။ ပရိဇာနာတိ၊ ပိုင်းခြား၍ သိ၏။ ပဒီပေါ၊ ဆီမီးလျှံသည်။ အန္ဓကာရံ၊ အမိုက်တိုက်ကို။ ဝိဓမတိ ယထာ၊ ပယ်ဖျောက်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ မဂ္ဂင်္ဂဏံ၊ မဂ်င်္ဂဏ်သည်။ တနည်း-မဂ္ဂင်္ဂဏံ၊ အဇာတ အပ္ပဝတ္တ အနုပ္ပါဒ အသခ်ါတ နိဗ္ဗာန်အာရုံကို နှစ်သက်သော အာရမ္မဏိကမဂ်စိတ်သည်။ သမုဒယံ၊ ဇာတိကိုဖြစ်စေတတ်သော ဘဝတဏှာကို။ ပဇဟတိ၊ စွန့်၏။ ပဒီပေါ၊ ဆီမီးလျှံသည်။ အာလောကံ၊ အရောင်အလင်းကို။ ပရိဝိဒံသေတိ ယထာ၊ ထွန်းလင်းပြသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ မဂ္ဂင်္ဂဏံ၊ သမ္မာဒိဋ္ဌိမဂ်င်္ဂဏ်သည်။ သဟ-ဇာတာဒိပစ္စယတာယ၊ သဟဇာတ်စသောပစ္စည်းအဖြစ်ဖြင့်။သမ္မာသင်္ကပ္ပါဒိဓမ္မ-သခ်ါတံ၊ ကောင်းစွာ ကြံခြင်းစသော သဟဇာတ်တရားဟူသော။ မဂ္ဂံ၊ ကို။ ဘာဝေတိ၊ ပွါးစေ၏။ ပဒီပေါ၊ သည်။ သိနေဟံ၊ ဆီကို။ ပရိယာဒိယတိ ယထာ၊ ကုန်ခန်းစေသကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ မဂ္ဂင်္ဂဏံ၊ နိဗ္ဗာန်ကို အာရုံပြုသော အာရမ္မဏိကမဂ်စိတ်သည်။ကိလေသပရိယာဒါနံ၊ ကိလေသာကို၏ ကုန်ရာဖြစ်သော။ နိရောဓံ၊ ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြု၏။

၁၊ ဝိသုဒ္ဓိ-ဒုတိ ၁-နှာ-၃၃၁။

အဓိပ္ပါယ်ထင်ရှားပါ၏။ ဒေသိအမှတ်လွှယ်ကူရန် လက်ာဖြင့် ပြဦးအုံ-

လောင်ခြင်းမိုက်ဖျောက်၊ ရောင်လင်းလှုံ၊ ဆီခန်းကိစ္စံ၊ ပြီးမှုကိစ္စ။
ဇာတိချုပ်မှု၊ နှစ်သက်ပြုက၊ ဖြစ်ခြင်းရှိသမျှ၊ သင်္ခါရဠ်၊ သိထ ဒုက္ခသစ္စံ။
ချုပ်လိုဆန္ဒ၊ အလောဘကြောင့်၊ ပြီးထ တဏှာပယ်မှုကိစ္စံ။
ချုပ်ခြင်းအမှု၊ မျက်မှောက်ပြုထ၊ အဇာတကား၊ မုချ သုခနိဗ္ဗာန်။
ချုပ်ခြင်းအမှု၊ နှစ်သက်ပြု၊ ပြီးမှု မင်္ဂကိစ္စံ။

အဓိပ္ပါယ်ကား – မည်သည့်ဘဝကိုမျှ အလိုမရှိတော့ပါဟု မဆိုသော်လည်း ချုပ်သောသဘောကို မင်္ဂစိတ်က အာရုံပြုလျှင်။ ဝါ၊ နှစ်သက်လျှင် တဏှာပယ်မှုကိစ္စပြီး၏ ဟူလို။

မင်္ဂ ၄-ပါးတို့၏ ကိလေသာသံယောဇဉ် ပယ်ရာ၌ မင်္ဂအာဒေးလျော်စွာ ချုပ်ပုံ

ကိလေသာသံယောဇဉ်တို့ကို မင်္ဂလေးပါးတို့ဖြင့် ပယ်ပုံကို ပြဦးအုံ-

သယောဇနေသု သက္ကာယဒိဋ္ဌ ဝစကစ္ဆာ သာသဗ္ဗတပရာမာသော ဣမေ ဓမ္မာ ပဌမညာဏဝတ္ထွာ။[1]

ဣမေ ဓမ္မာ၊ ဤသံယောဇဉ် ၃-ပါးတို့ကို။ ပဌမညာဏဝတ္ထွာ၊ သောတာပတ္တိမဂ်၌သတ်၏။ ဝါ၊ ပယ်၏။ (ဝတ္ထွာအနက်ကို ဤသို့ သိပါကုန်)။

ကာမရာဂေါ ပဋိဃော ဣမေ ဓမ္မာ တတိယညာဏဝတ္ထွာ။ ရူပရာဂ-အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ ဣမေ ဓမ္မာ စတုတ္ထညာဏဝတ္ထွာ။[2]

ဤသံယောဇဉ်၌ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ကာမရာဂေါ ပဋိဃော-ဟူသော ဤ ၅-ပါးတို့သည် သြရမ္ဘာဂိယသံယောဇဉ်မည်၏။ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ ဤငါးပါးသည် ဥဒ္ဓံဘာဂိယသံယောဇဉ် မည်၏ ဟူလို။

သံယောဇဉ်ပယ်ပုံ ပြီးပြီ။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ ၃၂၅။

ဒေါက်မဂ် ၃-ပါးဖြင့် ပယ်သော သံယောဇဉ်ကို ဩရမ္ဘာဂိယသံယောဇဉ် ဆိုသည်၊ အရဟတ္တမဂ်ဖြင့် ပယ်ရသော သံယောဇဉ်ကို ဥဒ္ဓမ္ဘာဂိယသံယောဇဉ် ဆိုသည်။

ကိလေသေသု ဒိဋ္ဌိ ဝိစိကိစ္ဆာ ပဌမညာဏဝတ္ထုဿ။ ဒေါသော တတိယ-ညာဏဝတ္ထုဿ။ လောဘ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိက-အနောတ္တပ္ပါနိ စတုတ္ထညာဏဝတ္ထုဿာနိ။[1]

ကိလေသာပယ်စဉ် ပြီးပြီ။

မိစ္ဆတ္တေသု မိစ္ဆာဒိဋ္ဌိ မုသာဝါဒေါ မိစ္ဆာကမ္မန္တော မိစ္ဆာအာဇီဝေါတိ ဣမေ မေမွာ ပဌမညာဏဝတ္ထုဿ။ မိစ္ဆာသင်္ကပ္ပေါ ပိသုဏဝါစာ ဖရုသဝါစာတိ ဣမေ မေမွာ တတိယညာဏဝတ္ထုဿ။[2]

ဤ၌ "စေတနာယေဝ စေတ္ထ ဝါစာတိ ဝေဒိတဗ္ဗာ"။[3]-ဝါစာကို စကားဟု အနက်ပေး၏။ စကားဟု အနက်ပေးလျှင် အသံ ဝဗ်ဝိညတ်ဖြစ်ရကား နာမ်မဟုတ်၊ ရုပ်၏အနက်ဖြစ်၍ နေ၏။ ထို့ကြောင့် ရုပ်၏အနက်ကို နှစ်စေခြင်းငှါ ကြဉ်ရှောင်သော စေတနာသည်သာ ဝါစာ ဟူလို။

သမ္မပ္ပလာပ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ-ညာဏာနိ စတုတ္ထညာဏဝတ္ထုဿာနိ။[4]။

အဓိပ္ပါယ် လွယ်ပါ၏။

မိစ္ဆာမဂ္ဂင် ၁၂-ပါး ပယ်ပုံ ပြီးပြီ။

ဝိပလ္လာသေသု အနိစ္စေ နိစ္စန္တိ အနုတ္တာနိ အတ္တာတိ သညာစိတ္တ ဒိဋ္ဌိ-ဝိပလ္လာသာ, ဒုက္ခေ သုခံ အသုဘေ သုဘန္တိ ဒိဋ္ဌိဝိပလ္လာသော စာတိ ဣမေ ပဌမညာဏဝတ္ထုဿ။ အသုဘေ သုဘန္တိ သညာစိတ္တဝိပလ္လာသာ တတိယညာဏဝတ္ထုဿ။ ဒုက္ခေ သုခန္တိ သညာစိတ္တဝိပလ္လာသာ စတုတ္ထ-ညာဏဝတ္ထုဿ။[5]

၁။ ဝိသုဒ္ဓိ ဒုတိယ-နှာ ၃၂၅။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၃၂၆။

၃။ ဝိသုဒ္ဓိ ဒုတိယ-နှာ ၃၂၅။

ဤ၌ သည်ာ, စိတ်တ, ဒိဋ္ဌ-ဟူသော ဝိပလ္လာသသုံးပါးကို တည်၊ နိစ္စ, သုခ သုဘ, အတ္တ-ဟူသော လက္ခဏာ ၄-ပါးနှင့်မြောက်လျှင် ဝိပလ္လာသ ၁၂-ပါး ရှိ၏ ဟူလို။

အာသဝေသု ဒိဋ္ဌာသဝေါ ပဌမညာဏဝဇ္ဈော၊ ကာမသဝေါ တတိယ-ညာဏဝဇ္ဈော၊ ဣတရေ ဒွေ စတုတ္ထညာဏဝဇ္ဈော။[၁]

ဤ၌ ဒိဋ္ဌာသဝကို ပဌမမဂ်၌ ပယ်၏။ ကာမာသဝကို တတိယမဂ်၌ ပယ်၏။ ကျန်သော ဘဝါသဝ, အဝိဇ္ဇာသဝ ၂ ပါးကို အရဟတ္တမဂ်၌ ပယ်၏။ ဩဃ လေးပါး, ယောဂလေးပါးတို့မှာလည်း အာသဝကဲ့သို့ပင် ပယ်၏ ဟူလို။

အနုသယေသု ဒိဋ္ဌိဝိစိကိစ္ဆာနုသယာ ပဌမညာဏဝဇ္ဈာဝ။ ကာမရာဂ-ပဋိဃာနုသယာ တတိယညာဏဝဇ္ဈာ။ မာနဘဝရာဂအဝိဇ္ဇာနုသယာ စတုတ္ထညာဏဝဇ္ဈာ။[၂]

အကုသလကမ္မပထေသု ပါဏာတိပါတော အဒိန္နာဒါနံ မိစ္ဆာစာရော မုသာဝါဒေါ မိစ္ဆာဒိဋ္ဌိ တိဏ္ဏမေ ပဉ္စ ဓမ္မာ ပဌမညာဏဝဇ္ဈာ၊ ပိသုဏဝါစာ ဖရုသဝါစာ ဗျာပါဒေါ တတိယညာဏဝဇ္ဈာ။ သမ္ဖပ္ပလာပါဘိဇ္ဈာ စတုတ္ထညာဏဝဇ္ဈာ။

နိဝရဏေသု ဝိစိကိစ္ဆာနိဝရဏံ ပဌမညာဏဝဇ္ဈံ။ ကာမစ္ဆန္ဒော ဗျာပါဒေါ ကုက္ကုစ္စန္တိ တိဏိ တတိယညာဏဝဇ္ဈာနိ။ ထိနမိဒ္ဓ ဥဒ္ဓစ္စာနိ စတုတ္ထညာဏဝဇ္ဈာနိ။

အကုသလစိတ္တုပ္ပါဒေသု စတ္တာရော ဒိဋ္ဌဂတသမ္ပယုတ္တာ, ဝိစိကိစ္ဆာ-သမ္ပယုတ္တော စာတိ ဏမေ ပဉ္စ စိတ္တာ ပဌမညာဏဝဇ္ဈာ၊ ဒွေ ပဋိဃသမ္ပ-ယုတ္တာ တတိယညာဏဝဇ္ဈာ၊ သေသာ စတုတ္ထညာဏဝဇ္ဈာ။[၃]

ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄-ခု၊ ဥဒ္ဓစ္စစိတ် ၁-ခု၊ ဤ ၅-ခုကို စတုတ္ထမဂ်၌ ပယ်၏ ဟူလို။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၃၂၆။

အရိယာ ရှစ်ယောက်တို့၏ အဓိပ္ပါယ်

သစ္စာလေးရပ်၊ ယုံမှတ်ကင်းမှု၊ အကြောင်းပြု၊ ရောက်မှု သောတာ-ပတ္တိမဂ္ဂဖလံ။

ကာမရာဂ၊ ဗျာပါဒမှု၊ ခေါင်းပါးပြု၊ ရောက်မှု သကဒါဂါမိမဂ္ဂဖလံ။

ထိုကာမရာဂ၊ ဗျာပါဒအား၊ ကြွင်းမဲ့ပယ်မှု၊ အကြောင်းပြု၊ ရောက်မှု အနာဂါမိမဂ္ဂဖလံ။

လောဘ မောဟ မာန ထိန ဥဒ္ဓစ္စ အဟိရိကနှင့် အနောတ္တပ္ပ၊ ထိုထို ကိလေသာ ခုနှစ်ခု၊ ပယ်စွန့်ပြု၊ ရောက်မှု အရဟတ္တမဂ္ဂဖလံ။

ဤသို့လျှင် မဂ်ပုဂ္ဂိုလ် ၄၊ ဖိုလ်ပုဂ္ဂိုလ် ၄၊ အရိယာ ရှစ်ယောက် ရ၏။

တနည်း—

ဒိဋ္ဌ သံ ဝိစိ၊ ကြဉ်တုံဘိ၊ အာဒိ မဂ်သောတာ။
ကာ ဗျာ ၂-ထွေ၊ ခေါင်းပါးချွေ၊ ရောက်လေ သကဒါဂါ။
သဗ္ဗကိလေ၊ အကုန်ချွေ၊ ရောက်လေ အရဟတ္တာ။[၁]

ဤသို့အားဖြင့်လည်း မဂ်ပုဂ္ဂိုလ် ၄-ယောက်, ဖိုလ်ပုဂ္ဂိုလ် ၄-ယောက်အား ဖြင့် အရိယာရှစ်ယောက် ဖြစ်၏။

ပဟာန် ၃-မျိုး

ပဟာန် ၃-မျိုး, ပဟာန်-၅ မျိုးရှိ၏။ သို့ရာတွင် ပဟာန် ၅-မျိုးကိုမပြပဲ ပဟာန် ၃-မျိုးကို ဝိသုဒ္ဓိမဂ်အရ ပြဦးအံ့—

ယံ ဝိက္ခမ္ဘနပ္ပဟာနဥ္စ ပဥ္စန်ဝရဏာနံ ပဌမဇ္ဈာနံ ဘာဝယတော၊
တဒင်္ဂပ္ပဟာနဥ္စ ဒိဋ္ဌိဂတာနံ နိဗ္ဗေဓိကဘာဂိယံ သမာဓိံ ဘာဝယတော၊
သမုစ္ဆေဒပ္ပဟာနဥ္စ လောကုတ္တရံ ခယဂါမိမဂ္ဂံ ဘာဝယတော တိ။[၂]

၁။ ပရမတ္ထသင်္ခေါပ်၊ ပိုဒ်ရေ ၆၃၇-၆၄၃။
၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၃၃၅။ (ကျမ်းရင်း ပဋိသမ္ဘိဒါမဂ်-နှာ-၂၆-၇ ကြည့်။)

ပဌမဇ္ဈာနံ၊ ပဌမစ္ဈာန်ကို။ ဘာဝယတော၊ ပွါးသောပုဂ္ဂိုလ်အား။ ပဋ္ဌာနိဝရဏာနံ၊ နိဝရဏတရား ငါးပါးတို့ကို။ ယံ ဝိကွမ္ဘနပဟာနဋ္ဌေ၊ ကိလေသာကို ခွါသောအားဖြင့် အကြင်ပယ်ခြင်းသည်ရှင်း။ နိဗ္ဗေဓိကဘာဝိယံ၊ ကိလေသာတို့ကို ဖောက်ထွင်း ခွဲဖျက်တတ်သော အဖို့ရှိသော။ သမာဓိ ံ၊ သမာဓိကို။ ဘာဝယတော၊ ပွါးသောပုဂ္ဂိုလ်အား။ ဒိဋ္ဌဂတာနံ၊ ဒိဋ္ဌိသို့ကျရောက်ကုန်သော။ ဝါ၊ ဒိဋ္ဌိဋ္ဌ အကြုံးဝင်ကုန်သော ကိလေသာတို့ကို။ ယံ တဒင်္ဂပဟာနဋ္ဌေ၊ အကြင် တဒင်္ဂအားဖြင့် ပယ်ခြင်းသည်ရှင်း။ လောကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ ခယဂါမိမဂ္ဂံ၊ ကိလေသာကို ကုန်ခန်းချုပ်ပျောက်စေတတ်သော ခယဂါမိမဂ်ကို။ ဘာဝယတော၊ ပွါးသောပုဂ္ဂိုလ်အား။ ယံ သမုစ္ဆေဒပဟာနဋ္ဌေ၊ အကြင် ကိလေသာကို အကြွင်းမဲ့ဖြတ်သော သမုစ္ဆေဒပဟာန်သည်ရှင်း။ ဣတိ၊ ဤသို့။ တိဝိဓံ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပါယ်အထူးကား–ဝိကွမ္ဘနပဟာန်သည် ကိလေသာကို မဖောက်ခွဲနိုင်၊ ဝိပဿနာဘာဝနာမှသာ ဒိဋ္ဌိစသော ကိလေသာတို့ကို ဖောက်ထွင်းခွဲဖျက်နိုင်၏။ ရှင်းသည် တဒင်္ဂမျှသာ ရှိသေး၏။ လောကုတ္တရာစိတ်နှင့် ယှဉ်မှသာလျှင် သမုစ္ဆေဒပဟာန်မည်၏ ဟူလို။

အောက်မဂ်သုံးပါးသည် လျှပ်စစ်နှင့်တူပုံ
အရဟတ္တမဂ်သည် ဝရဇိန်လက်နက်နှင့်တူပုံ

ထိုပြင် အောက်မဂ်သုံးပါးတို့၏ လျှပ်စစ်နှင့်တူပုံ, အရဟတ္တမဂ်၏ ဝရဇိန်လက်နက်နှင့်တူပုံ ပြဦးအံ့–

ဝိဇ္ဇူပမာ ဓမ္မာ၊ ဝဇိရူပမာ ဓမ္မာတိ။[၁]

ဓမ္မာ၊ ဓမ္မစက္ခုဖြစ်သော အောက်မဂ်သုံးပါးတို့သည်။ ဝိဇ္ဇူပမာ၊လျှပ်စစ်နှင့်တူကုန်၏။ ဓမ္မာ၊ ဉာဏစက္ခုဟူသော အရဟတ္တမဂ်သည်။ ဝဇိရူပမာ၊ ဝရဇိန်လက်နက်နှင့်တူကုန်၏။

၁။ ဓမ္မသင်္ဂဏီ-နှာ-၁၃။

အဘယ်ကြောင့်နည်း–

ပုန အနတ္တလက္ခဏဘာဝေန ကိလေသန္ဓကာရံ ဝိဒ္ဓံသေတုံ အသမတ္ထတာယ ဝိဇ္ဇူပမာ။[၁]

ပုန အနတ္တလက္ခဏဘာဝေန၊ တဖန်မလွှမ်းမိုးနိုင်စေသည်၏ အဖြစ်ဖြင့်။ ကိလေသန္ဓကာရံ၊ ကိလေသာဟူသော အမိုက်တိုက်ကို။ ဝိဒ္ဓံသေတုံ၊ ဖျက်ဆီးခြင်းငှါ။ အသမတ္ထတာယ၊ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ တေ ဓမ္မာ၊ ထို အောက်မက် ၃-ပါးတို့သည်။ ဝိဇ္ဇူပမာ၊ အလင်းကိုပြုပြီးနောက် ချက်ခြင်း ချုပ်ပျောက်၍သော လျှပ်စစ်နှင့် တူကုန်၏။

အဓိပ္ပါယ်ကား–လျှပ်စစ်သည် ဖြစ်ပြီးချုပ်ပျောက်သဖြင့် မှောင်မြဲမှောင်ပြန်သကဲ့သို့၊ ထိုဒုတ္ထ အောက်မက် ၃-ပါးတို့သည် မိမိတို့မက်အခိုက်၌ အလုံးစုံသော ကိလေသာတို့ ချုပ်ကုန်၏။ မိမိမက်နှင့်မဆိုင်သော ကိလေသာတို့ကား တဒင်္ဂမျှသာ ချုပ်၏။ ထိုတဒင်္ဂချုပ်သော ကိလေသာတို့ကား တဖန်ပြန်၍ ဖုံး၏။ အရဟတ္တမဂ်မှကား ဝရဇိန်လက်နက်သည် ထိရာရှရာ၌ မှုန့်မှုန့်ညက်ညက်ပြာကျစေနိုင်သကဲ့သို့ ထိုအတူကိလေသာဟူသမျှတို့ကိုပြာကျ၍ အကြွင်းမဲ့ချုပ်ပျောက်စေနိုင်သောကြောင့် တဖန်ပြန်၍ မဖုံးမလွှမ်းနိုင် ဟူလို။

ဒုက္ခသစ္စာကို ကုစ္ဆိတ, တုစ္ဆသာတည်းဟု ရှုအပ်ပုံ

သစ္စာလေးပါးတို့တွင် ပဌမသစ္စာ၏ ကုစ္ဆိတ, တုစ္ဆဖြစ်ပုံကို ပြလိုသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာသည်–

> “ဣဒဉ္ဟိ ပဌမသစ္စံ ကုစ္ဆိတံ၊ ကသ္မာ၊အနေက ဥပဒ္ဒဝအဓိဋ္ဌာနတော၊ တုစ္ဆံ ဗာလဇနပရိကပ္ပိတခဏသုဘသုခအတ္တဘာဝရဟိတတ္တာ၊ တသ္မာ ကုစ္ဆိတတ္တာ တုစ္ဆတ္တာ စ ဒုက္ခန္တိ ဝုစ္စတိ။”[၂]

ဟု မိန့်၏။

၁။ အဋ္ဌသာလိနီ-နှာ-၉၃-ကြည့်

၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၅-ကြည့်။

ကွဒဠ္ဆ ပဌမသစ္စံ၊ ဤပဌမသစ္စာသည်။ ကုစ္ဆိတံ၊ စက်ဆုပ်အပ်၏။ ကသ္မာ အဘယ်ကြောင့်နည်းဟူမူကား။ အနေကဥပဒ္ဒဝအဓိဋ္ဌာနတော၊ တပါးမက များလှစွာသော ခပ်သိမ်းသော ဘေးဥပဒ္ဒဝေါတို့၏ တည်ရာ၏အဖြစ်ကြောင့် တည်း။ တနည်း–အနေကဥပဒ္ဒဝအဓိဋ္ဌာနတော၊ ဇာတိဘေး, ဇရာဘေး, ဗျာဓိဘေး, မရဏဘေး, အပါယဘေး, အတီတေ ဝဋ္ဋမူလကဘေး, အနာဂတေ ဝဋ္ဋမူလကဘေး, ပစ္စုပ္ပန္နေ စားရေး သောက်ရေး နေရေး ထိုင်ရေး ပစ္စည်းဥစ္စာ ရှာမှီးရခြင်းဟူသော ပရိယေသနဘေးဟူသော ဘေးကြီးရှစ်ပါးတို့၏တည်ရာ၏ အဖြစ်ကြောင့်တည်း။ ဗာလဇနပရိကပ္ပိတ ဓုဝ သုဘ သုခ အတ္တဘာဝရဟိ-တတ္တာ၊ သူမိုက်တို့သည် ကြံဆအပ်သော မြဲသည်၏အဖြစ်, တင့်တယ်သည်၏ အဖြစ်, ချမ်းသာသည်၏အဖြစ်, အစိုးရခြင်း အလိုသို့လိုက်ခြင်း စသော အတ္တ သတ္တဟု အယူရှိကြသော သဘောတို့မှ ကင်းသည်၏အဖြစ်ကြောင့်။ တုစ္ဆံ စ၊ အချည်းနှီး အကျိုးမရှိသော တရားလည်းဟုတ်၏။ တသ္မာ ကုစ္ဆိတတ္တာ စ၊ ထိုသို့ စက်ဆုပ်အပ်သည်၏ အဖြစ်ကြောင့်ဝင်း။ တသ္မာ တုစ္ဆတ္တာ စ၊ ထိုသို့ အချည်းနှီး၏ အဖြစ်ကြောင့်ဝင်း။ ဒုက္ခန္တိ၊ ၍။ ဝုစ္စတိ၊ ၏။

တဏှာသမုဒယသစ္စာသည် တပါးသောတရားနှင့် စပ်မိမှ မိမိကိစ္စပြီးနိုင်ပုံ

ဒုတိယသစ္စာသည် မိမိချည်း ကိစ္စမပြီး၊ တပါးသောတရားတို့နှင့် ယှဉ်မှ သာလျှင် ကိစ္စပြီးစီးပုံကို ပြလိုသော အဋ္ဌကထာဆရာသည်—

> "ကွဒဠ္ဆာပိ ဒုတိယသစ္စံ အဝသေသပစ္စယသမာယောဂေ သတိ ဒုက္ခဿ ဥပ္ပတ္တိကာရဏံ ဟောတိ၊ ကွတိ ဒုက္ခဿ သံယောဂေ ဥပ္ပတ္တိ-ကာရဏတ္တာ ဒုက္ခသမုဒယန္တိ ဝုစ္စတိ။"[၁]

ဟု မိန့်ဆို၏။။

ကွဒဠ္ဆာပိ ဒုတိယသစ္စံ၊ ဤသမုဒယသစ္စာသည်။ အဝသေသပစ္စယသမာ-ယောဂေ၊ ဤတဏှာမှ တပါးသော အဝိဇ္ဇာဥပါဒါန် ကံစသောအကြောင်း

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၅။

တို့နှင့် ယှဉ်ခြင်းသည်။ သတိ၊ ရှိသော်။ ဒုက္ခဿ၊ ဇာတိစသော ဒုက္ခ၏။ ဥပပ္ပတ္တိကာရဏံ၊ ဖြစ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒုက္ခဿ သံယောဂေ ဥပပ္ပတ္တိကာရဏတ္တာ၊ ဒုက္ခနှင့်ယှဉ်ခြင်း၌ ဖြစ်ခြင်း အကြောင်း၏ အဖြစ်ကြောင့်။ ဒုက္ခသမုဒယန္တိ၊ ဒုက္ခဖြစ်ကြောင်း သမုဒယ သစ္စာဟူ၍။ ဒုစ္စတိ ၊ဆိုအပ်၏။

မြတ်စွာဘုရားသည် သစ္စာကို ဟောတော်မူရာ၌ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာကိုသာလျှင် သမုဒယသစ္စာဟု ဟောတော်မူ၏။ ထိုသို့ဟောတော်မူခြင်းမှာ ဇာတိစသော ဒုက္ခဖြစ်ခြင်း၌ တဏှာပြဋ္ဌာန်းသောကြောင့် ဤကဲ့သို့ ဟောတော်မူ၏ဟု ပြလိုသော အဋ္ဌကထာဆရာသည်—

> "အညေသု ဒုက္ခဟေတူသု သန္တေသုပိ တဏှာယေဝ သမုဒယသစ္စာတိ။ ကသ္မာ၊ တဏှာပဓာနကာရဏတ္တာတိ"။[1]

ဟုမိန့်၏။

အညေသု၊ တာဒိသမ္ပတပါးကုန်သော။ ဒုက္ခဟေတူသု၊ အဝိဇ္ဇာဥပါဒါန်းကံစသော ဒုက္ခ၏အကြောင်းတရားတို့သည်။ သန္တေသုပိ၊ ရှိကုန်သော်လည်း။ တဏှာယေဝ၊ တဏှာကိုသာလျှင်။ သမုဒယသစ္စာတိ၊ သမုဒယသစ္စာဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တဏှာပဓာနကာရဏတ္တာ၊ တဏှာပြဋ္ဌာန်းသော အကြောင်းဖြစ်သောကြောင့်တည်း။ တနည်း-တဏှာပဓာနကာရဏတ္တာ၊ ဘုရားရဟန္တာတို့မှတပါး ပုထုဇဉ်သေက္ခတို့၏ မရဏာသန္နဇော၌ ထင်သော ကံ, ကမ္မ, ဂတိ အာရုံတပါးပါး၌ ဘဝနိကန္တိတဏှာကို ဖြစ်စေတတ်သောကြောင့်တည်း။

နိရောဓသစ္စာသည် သဗ္ဗဂတိသုညတာအရ အလုံးစုံသော ဂတိ ၅-ပါးတို့မှ ဆိတ်ပုံ

ဒုတိယသစ္စာကို ပြပြီး၍ တတိယသစ္စာဖြစ်သော ဒုက္ခနိရောဓ၏ အဓိပ္ပါယ်ကို ပြလိုသော အဋ္ဌကထာဆရာသည်—

၁။ ဋီကာကျော် နှာ-၂၃၂-လည်းကြည့်။

"ဘတိယသစ္စံ ပန ယသ္မာ နိသဒ္ဒါ အဘာဝံ၊ ရောဓသဒ္ဒါ စ စာရကံ ဒီပေတိ၊ တသ္မာ အဘာဝေါ ဧတ္ထ သံသာရစာရကသဒ္ဒါတဿ ဒုက္ခ-ရောဓဿ သဗ္ဘဂတိသုညတ္တာ။ သမဓိဂတော ဝါ တသ္မိံ သံသာရစာရက-သဒ္ဒါတဿ ဒုက္ခရောဓဿ အဘာဝေါ ဟောတိ၊ (ကသ္မာ၊) တပ္ပဋိ-ပက္ခတ္တာတိပိ ဒုက္ခနိရောဓန္တိဝုစ္စတိ။ဒုက္ခဿ ဝါ အနုပ္ပါဒနိရောဓပစ္စယတ္တာ ဒုက္ခနိရောဓန္တိ (ဝုစ္စတိ)။"

ဟု မိန့်၏။

ပန၊ ဒုတိယသစ္စာကို ပြပြီးသည်မှတပါး တတိယသစ္စာကိုပြဦးအံ့။ နိသဒ္ဒါ၊ နိသဒ္ဒါသည်။ ယသ္မာ၊ အကြောင်ကြောင့်။ အဘာဝံ၊ မရှိခြင်းအနက်ကို။ ဒီပေတိ၊ ပြ၏၊ ရောဓသဒ္ဒါ စ၊ ရောဓသဒ္ဒါသည်ကား။ စာရကံ၊ သံသရာနှောင်ချိုင့်ဟူသော အနက်ကို။ ဒီပေတိ၊ ပြ၏။ တသ္မာ၊ ထိုသို့ နိသဒ္ဒါ၏ အဘာဝ, ရောဓသဒ္ဒါ၏ စာရကကိုပြခြင်းကြောင့်။ ဧတ္ထ၊ ဤနိဗ္ဗာန်၌။ သံသာရစာရက သဒ်္ဒါ-တဿ၊ သံသရာနှောင်ချိုင့်ဟုဆိုအပ်သော။ ဒုက္ခရောဓဿ၊ ဇာတိဧသောဒုက္ခ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ သဗ္ဗာဂတိသုညတ္တာ၊ ဂတိငါးပါးတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့် တည်း။ဝါ၊ တနည်းကား။တသ္မိံ၊ ထိုဖြစ်ခြင်းကင်းသောဂတိငါးပါးမှဆိတ်သော နိဗ္ဗာန်ကို။ သမဓိဂတော၊ အသင့်အာဝဖြင့် မဂ်အကျင့်ဖြင့် ရအပ် သိအပ်သည် ရှိသော်။ တဒဓိဂမတော၊ ထိုသို့ရခြင်း သိခြင်းရှိသော ပုဂ္ဂိုလ်အား။ သံသာရ-စာရကသဒ်္ဒါတဿ၊ သံသရာနှောင်ချိုင့်ဟုဆိုအပ်သော။ ဒုက္ခရောဓဿ၊ ဇာတိ စသော ဒုက္ခ၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ ကား။ တပ္ပဋိပက္ခတ္တာ ပဝတ္တိသဒ်္ဒါတဿ ဒုက္ခရောဓဿ ပဋိပက္ခဘူတာယ နိဝတ္တိယာ၊ ထိုသံသရာ၌ဖြစ်ခြင်းဟု ဆိုအပ်သော ဒုက္ခနိရောဓ၏ ဆန့်ကျင်ဘက်မဖြစ်ခြင်းဟု ဆိုအပ်သော နိဝတ္တိနိဗ္ဗာန်ကို။ အဓိဂတတ္တာ၊ ရသည်၏အဖြစ်ကြောင့်တည်း။ဝါ၊ တနည်းကား။ ယံ၊ အကြောင်နိဗ္ဗာန်ကို။ ဒုက္ခဿ အနုပ္ပါဒ နိရောဓပစ္စယတ္တာ၊ ဒုက္ခ၏တဖန်မဖြစ်ခြင်း ချုပ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်လည်း။ ဒုက္ခနိရောဓန္တိ၊ ဒုက္ခနိရောဓဟူ၍။ ဝုစ္စတိ၊ ၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၆။

ထိုပြင် ဒုက္ခနိရောဓကို တဏှာနိရောဓဖြင့်လည်း မြတ်စွာဘုရား ပြတော်မူသေး၏။ အကြောင်းမူကား တဏှာချုပ်မှသာလျှင် ဒုက္ခချုပ်နိုင်သောကြောင့်တည်း။

ထိုကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာဆရာသည် တဏှာနိရောဓ၏ ဒုက္ခနိရောဓကို ပြခြင်းငှါ—

"သမုဒယနိရောဓေန ဒုက္ခနိရောဓော။ သမုဒယနိရောဓေန ဟိ ဒုက္ခံ နိရုဇ္ဈတိ၊ န အညထာ။ တေနာဟ—

ယထာပိမူလေ အနုပဒ္ဒဝေဒဠှေ၊
ဆိန္နောပိ ရုက္ခော ပုနဒေဝ ရူဟတိ။
ဧဝမ္ပိ တဏှာနုသယေ အနူဟတေ၊
နိဗ္ဗတ္တတိ ဒုက္ခမိဒံ ပုနပ္ပုနန္တိ။"

ဟု မိန့်ဆို၏။

သမုဒယနိရောဓေန၊ အကြောင်း သမုဒယချုပ်သဖြင့်။ ဒုက္ခနိရောဓော၊ ဇာတိစသော အကျိုးဒုက္ခတို့၏ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဟိသစ္ဒံ၊ ထိုစကားသည် မှန်၏။ သမုဒယ နိရောဓေန၊ အကြောင်း သမုဒယသစ္စာတဏှာချုပ်သဖြင့်သာလျှင်။ ဒုက္ခံ၊ ဇာတိစသော အကျိုးဒုက္ခသည်။ နိရုဇ္ဈတိ၊ ချုပ်၏။ အညထာ၊ တဏှာချုပ်ခြင်းမှတပါးသော ဒုက္ခသည်။ န နိရုဇ္ဈတိ၊ မချုပ်။ တေန၊ ထိုကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။

(ကထာ၊ အဘယ်သို့ ဟောကြားပါသနည်းဟူမူကား။) မူလေ၊ ရှေးဘက် မြစ်သည်။ ဒဠှေ၊ မြဲစွာ။ အနုပဒ္ဒဝေ၊ ဘေးရန်မရှိ ပကတိစိုရွှင်လျက်နေသည် ရှိသော်။ ရုက္ခော၊ သစ်ပင်သည်။ ဆိန္နောပိ၊ ဖြတ်၍ပင် ထားပါသော်လည်း။ ပုနဒေဝ၊ တဖန်သာလျှင်။ ရူဟတိ ယထာ၊ ပေါက်မြဲပေါက်, စည်ကားမြဲ စည်

၁။ ဝိသု-ဒ္ဓိဒုတိယ-နှာ-၁၃၈။

ကားပြန်သကဲ့သို့။ ဧဝမ်ိဳ၊ ဤအတူ။ တဏှာနုသယော၊ သတ္တဝါတို့၏ စိတ်သန္တာန်တွင်း၌ မပြတ်ကိန်းဝပ်စုံစွဲတ်ဖွဲ့စေး၍နေသော တဏှာအနုသယ ဓာတ်စေးကို။ အနူဟတော၊ အဆုံးနုတ်၍ မပစ်အပ်သည်ရှိသော်။ ဣဒံ၊ ဤလူနတ် ဗြဟ္မာ သတ္တဝါဟု ခန္ဓာငါးခု ဓာတ်အစုဖြစ်သော ဒုက္ခသစ္စာတရားသည်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။နိဗ္ဗတ္တတိ၊ ဖြစ်ပေါ်စည်ကားမြဲ စည်ကားပြန်ပေ၏။ ဣတိ၊ဤသို့ ဟောတော်မူ၏။

ဤကား တဏှာ အနုသယ မပယ်သေးလျှင် ဗြဟ္မာဘဝကိုပင် ရသော်လည်း ထိုမှစုတေ၍ သံသရာလည်ရသည့်အခါ ဗြဟ္မာ့ပြည်မှလာသော ဝက်မငယ်ကို အကြောင်းပြု၍ ဟောတော်မူသောတရား ဟူလို။

တတိယသစ္စာနှင့် စပ်လျဉ်းသော အဓိပ္ပါယ်မျှားပြဆိုပုံ ဤတွင်ပြီးပြီ။

ပဋိသမ္ဘိဒါမဂ်အရ အနုပါဒိဿသ နိဗ္ဗာန်ကို ပြပုံ

စတုတ္ထသစ္စာအတွက် ဤကျမ်း စာမျက်နှာ ၁၇၇-တွင် ပြခဲ့ပြီးဖြစ်၍ ယခု မပြတော့ပြီ။ တဏှာချုပ်လျှင် သဉ်ပါဒိဿသနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စပြီး၏။ ပရိနိဗ္ဗာနစုတိဖြင့် ခန္ဓာချုပ်လျှင် အနုပါဒိဿသနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိစ္စ ပြီး၏။ ထိုကြောင့် အနုပါဒိဿသနိဗ္ဗာန်၏ အဓိပ္ပါယ်ကို ပဋိသမ္ဘိဒါမဂ်အရ ပြဦးအံ့ —

> ဣဒဉ္ဥဝ စက္ခု ပဝတ္တံ[၂] ပရိယာဒိယတိ၊ အညဉ္ဥ စက္ခု ပဝတ္တံ နဥပ္ပဇ္ဇတိ။ ဣဒဉ္ဥဝ သောတံ ပဝတ္တံ ပရိယာဒိယတိ၊ အညဉ္ဥ သောတံ ပဝတ္တံ နဥပ္ပဇ္ဇတိ။ ဣဒဉ္ဥဝ ဃာနံ ပဝတ္တံ ပရိယာဒိယတိ၊ အညဉ္ဥ ဃာနံ ပဝတ္တံ နဥပ္ပဇ္ဇတိ။ ဣဒဉ္ဥဝ ဇိဝှံ ပဝတ္တံ ပရိယာဒိယတိ၊ အညဉ္ဥ ဇိဝှံ ပဝတ္တံ နဥပ္ပဇ္ဇတိ။ဣဒဉ္ဥဝ ကာယံ ပဝတ္တံ ပရိယာဒိယတိ၊အညဉ္ဥ ကာယံ ပဝတ္တံ နဥပ္ပဇ္ဇတိ။ ဣဒဉ္ဥဝ မနံ ပဝတ္တံ ပရိယာဒိယတိ၊အညဉ္ဥ မနံ ပဝတ္တံ နဥပ္ပဇ္ဇတိ။[၃]

၁။ မမ္မပဒ-ဒုတိယ-နှာ-၃၃၁-၂။ ၂-ပါဠိတော်၌-စက္ခုပဝတ္တံ-စသည်-သမာသ်ရှိသည်။ ၃-ပဋိသမ္ဘိဒါမဂ်-နှာ-၉၇။

ကုဒဥ္စေဝ စက္ခု၊ ဤပစ္စုပ္ပန် စက္ခုပသာဒရုပ်သည်သာလျှင်။ ပဝတ္တံ၊ ဖြစ်ခြင်းကို။ ပရိယာဒိယတိ၊ ကုန်စေ၏။ ဝါ၊ စုတိနောင် အသစ်မဖြစ်သောအားဖြင့် ကုန်စေ၏။ အညဥ္စ စက္ခု၊ စုတိ၏အခြားမဲ့၌ တပါးသောစက္ခုသည်။နှ ဉပပဇ္ဇတိ။ မဖြစ်။

အဓိပ္ပါယ်ကား– ဤပစ္စုပ္ပန်ဘဝ ကမ္မဇရုပ်နာမ်တို့ ချုပ်ပြီးနောက် အသစ်မဖြစ်တော့ပြီ။ ဤသို့ အနုပ္ပါဒနိရောဓအားဖြင့် တဖန်မဖြစ်မူ၍ ချုပ်ခြင်းသည် ပင်လျှင် အနုပါဒိသေသ နိဗ္ဗာန်မည်၏ ဟူလို။

သောတ ဃာန ဇိဝှါ ကာယ မနတို့၏ အနက်ကိုလည်း စက္ခာယတနကဲ့သို့ ပင် မှတ်ယူကြပါကုန်။

သဥပါဒိသေသ နိဗ္ဗာန်မူကား ဇာတိဒုက္ခကို ဖြစ်စေတတ်သော အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံတို့ကို ချုပ်စေသောကြောင့် ဒုက္ခအဆုံး သံသရာအဆုံးသို့ ရောက်ခြင်းအကြောင်းဖြစ်၏။ထိုသဥပါဒိသေသ နိဗ္ဗာန်မူကား သောတာပတ္တိ-မဂ်ကစ၍ အရဟတ္တဖိုလ် ပရိနိဗ္ဗာနစုတိ ထိအောင် သဥပါဒိသေသမည်၏။ ပရိနိဗ္ဗာနစုတိ ဘင်ကျမှ အနုပါဒိသေသ နိဗ္ဗာန်မည်၏ ဟူလို။

သစ္စာအနက် ၁၆-ချက်ပြပုံ

လောကုတ္တရာတရား ကိုးပါးတို့၌ တွေ့ဝေခြင်း ကင်းစေခြင်းငှါ သစ္စာအနက် ၁၆-ချက်ကို ပြဦးအံ့—

ဒုက္ခဿ ပီဠနဋ္ဌော သင်္ခတဋ္ဌော သန္တာပဋ္ဌော ဝိပရိဏာမဋ္ဌောတိ။[၁]

ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။ ပီဠနဋ္ဌော၊ အဖန်ဖန် နှိပ်စက်တတ် နှိပ်စက်အပ်သော သဘောလည်း တပါး။ တနည်း–ပီဠနဋ္ဌော၊ ပဋိသန္ဓေ နေရခြင်း, အိုခြင်း, နာခြင်း, သေခြင်း,ပူပန်ခြင်းတို့ဖြင့် အဖန်ဖန် နှိပ်စက်တတ် နှိပ်စက်အပ်သော သဘောလည်း တပါး။ သင်္ခတဋ္ဌော၊ အဖန်ဖန် ပြုပြင်တတ် ပြုပြင်အပ်သော သဘောလည်း တပါး။ တနည်း–သင်္ခတဋ္ဌော၊ နွေစားအလုပ်သမား သည် နွေစဉ်မပြတ် စားသောက်ရေးအတွက် ကြောင့်ကြစိုက်ရသကဲ့သို့ ထိုအတူ

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၅။ (ကျမ်းရင်း ပဋိသမ္ဘိဒါမဂ်နှာ-၂၃၉။)

ကံ စိတ် ဥတု အာဟာရတို့ဖြင့် နေ့ညဉ့်မပြတ် ပြုပြင်တတ်ပြုပြင်အပ်သော သဘောလည်း တပါး။ သန္တာပဌဉ်၊ အဖန်ဖန် ပူပန်တတ် ပူပန်အပ်သော သဘောလည်း တပါး။ ဝိပရိဏာမဌဉ်၊ အဖန်ဖန် အိုမှု နာမှု သေမှု စသဖြင့် အထူးထူးအပြားပြား ဖောက်ပြန် ပျက်စီးတတ်သော သဘောလည်း တပါး။ ဤတို့ကျိသို့။ စတုဗ္ဗိဓံ။ ဒုက္ခသစ္စာအနက် လေးချက်ရှိသည်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

သမုဒယသ ဒါယူဟနဋ္ဌော နိဒါနဋ္ဌော သံယောဂဋ္ဌော ပလိဗောဓဋ္ဌောတိ။[၁]

သမုဒယသ၊ တဏှာသမုဒယသစ္စား၏။ ဒါယူဟနဋ္ဌော၊ ဒုက္ခဝတ္ထုဒုက္ခမှုတို့ကို မပြတ်စုဆောင်း ဆည်းပူးတတ်သော သဘောလည်းတပါး။ နိဒါနဋ္ဌော၊ ဒုက္ခဝတ္ထု ဒုက္ခမှုတို့ကို မပြတ်ပေးအပ် ဆောင်နှင်းတတ်သော သဘောလည်း တပါး။သံယောဂဋ္ဌော၊ နှားကို ကြိုးဖြင့် ချည်တိုင်၌ ချည်ထားသကဲ့သို့ ဒုက္ခဝတ္ထု ဒုက္ခမှုတို့၌သာ စိတ်ကိုမပြတ် ယှဉ်စေခြင်းသဘောလည်း တပါး။ ပလိဗောဓဋ္ဌော၊ ဝဋ်မှ ထွက်မြောက်ခြင်းကို ပလိဗောဓဝတ္ထု ဟူသော။ ဝါ၊ ခန္ဓာငါးပါး သားမယားစသည်တို့၌ ခင်တွယ်သော တဏှာဖြင့် တားမြစ် နှောင့်နှက်တတ်သော သဘောလည်း တပါး။ ဤတို့ကျိသို့။ စတုဗ္ဗိဓံ၊လေးပါးအပြားရှိသည်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

နိရောဓော နိဿရဏဋ္ဌော ဝိဝေကဋ္ဌော အသင်္ခတဋ္ဌော အမတဋ္ဌောတိ။[၂]

နိရောဓော၊ ဇာတိစသော ဒုက္ခချုပ်ငြိမ်းသော နိရောဓသစ္စာ၏။ နိဿရဏဋ္ဌော၊ ဇာတိ စသော ဒုက္ခဝဋ်တို့မှ ကျွတ်လွတ် ထွက်မြောက်ခြင်း သဘောလည်း တပါး။ ဝိဝေကဋ္ဌော၊ ကိလေသဝဋ်, ကမ္မဝဋ် ဝိပါကဝဋ်တို့မှ ကျွတ်လွတ် ဆိတ်ငြိမ်းခြင်း သဘောလည်း တပါး။ အသင်္ခတဋ္ဌော၊ အကြောင်းတရားတို့ မပြုပြင်အပ်သော သဘောလည်း တပါး၊ အမတဋ္ဌော၊ ဇာတိဖြစ်ခြင်းပင် မရှိသောကြောင့် သေခြင်းဟူသော ဒုက္ခမှု ကင်းလွတ်သောသဘောလည်းတပါး။ ဤတို့ကျိသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်ကို။ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၅။ (ကျမ်းရင်းပဠိသမ္ဘိဒါမဂ်-၂၉၃-၄။)

မဂ္ဂဿ နိယျာနဋ္ဌော ဟေတ္ဝဋ္ဌော ဒဿနဋ္ဌော အဓိပတေယျဋ္ဌောတိ။[၁]

မဂ္ဂဿ၊ အရိယမဂ်၏။ နိယျာနဋ္ဌော၊ ဇာတိစသော ဝဋ်ဒုက္ခတို့မှ ကင်းသော ဇာတိ မရှိသော အဇာတနိဗ္ဗာန်သို့ ထုတ်ဆောင်တတ်သော သဘောလည်း တပါး။ ဟေတ္ဝဋ္ဌော၊ ဒုက္ခသမုဒယ တို့ကို ချုပ်ငြိမ်းစေတတ်သော အကြောင်းလည်း တပါး။ ဒဿနဋ္ဌော၊ ဇာတိ စသော ဒုက္ခတို့ ချုပ်ငြိမ်းသော။ ဝါ၊ ဇာတိ မရှိသော နိဗ္ဗာန်ကို။ ဝါ၊ သမုဒယကို မဂ်ဖြင့် ချုပ်စေသောကြောင့် အကျိုး ဇာတိတို့၏ ချုပ်ရာ နိဗ္ဗာန်ကို မြင်တတ်သော သဘောလည်း တပါး။ အဓိပတေယျဋ္ဌော၊ တဏှာ အကြီးအမှူးရှိသော လောကီ သီလ သမာဓိ ပညာ တို့ထက် ကြီးကဲ့ လွန်မြတ်သော အဓိပတေယျဋ္ဌ သဘောလည်း တပါး။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အဋ္ဌကထာ အနက်မျှားနှင့်တကွ ပြထားသောကြောင့် အဓိပ္ပါယ်ထင်ရှားသဖြင့် အဓိပ္ပါယ်ကို အထူး မပြတော့ပါ-ဟူလို။

သစ္စာလေးပါးကို ဝန်ထုပ် ဥပမာဖြင့် ရှုပုံ

သစ္စာလေးပါးကို ဥပမာဖြင့် ရှုပုံကို ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာသည်—

> "ဘာရော ဝိယ ဒုက္ခသစ္စံ ဒဋ္ဌဗ္ဗံ၊ ဘာရာဒါနံ ဝိယ သမုဒယသစ္စံ ဒဋ္ဌဗ္ဗံ၊ ဘာရနိက္ခေပနံ ဝိယ နိရောဓသစ္စံ ဒဋ္ဌဗ္ဗံ၊ ဘာရနိက္ခေပနုပါယော ဝိယ မဂ္ဂသစ္စံ ဒဋ္ဌဗ္ဗံ။"[၂]

ဟု မိန့်၏။

ဒုက္ခသစ္စံ၊ ရုပ်နာမ်ခန္ဓာ ဟူသော ဒုက္ခသစ္စာကို။ ဘာရော ဝိယ၊ ဝန်ထုပ်ကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ဘာရာဒါနံ ဝိယ၊ ဝန်ထုပ်ကို ပေးအပ်သောသူကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ် ရှုအပ်၏။ နိရောဓသစ္စံ၊

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၅။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၄၃။

နိရောဓသစ္စာကို။ ဘာရနိက္ခေပနံ ဝိယ၊ ဝန်ထုပ်ကို ပစ်ချခြင်းကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ် ရှုအပ်၏။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဘာရနိက္ခေပနူပါယော ဝိယ၊ ဝန်ထုပ်ကို ပစ်ချရန် အားထုတ်ခြင်းကဲ့သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ် ရှုအပ်၏။

သစ္စာ ၄-ပါးကို ဥပမာနှင့် ရှုနည်း ပြီးပြီ။

သစ္စာလေးပါးကို အနာရောဂါ ဥပမာဖြင့်ရှုပုံ

အနာရောဂါ ဥပမာဖြင့် ရှုပုံကို ပြဦးအံ့—

ရောဂေါ ဝိယ ဒုက္ခသစ္စံ ဒဋ္ဌဗ္ဗံ၊ ရောဂနိဒါနမိဝ သမုဒယသစ္စံ ဒဋ္ဌဗ္ဗံ၊ ရောဂူပသမော ဝိယ နိရောဓသစ္စံ ဒဋ္ဌဗ္ဗံ၊ ဘေသဇ္ဇမိဝ မဂ္ဂသစ္စံ ဒဋ္ဌဗ္ဗံ။[1]

ရောဂေါ ဝိယ၊ ဗျနာရောဂါကဲ့သို့။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ် ရှုအပ်၏။ ရောဂနိဒါနမိဝ၊ အနာဖြစ်ကြောင်း မသင့်သော ဥတု အာဟာရကဲ့သို့။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ရောဂူပသမော ဝိယ၊ အနာ ပျောက်ငြိမ်းခြင်းကဲ့သို့။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ ဝါ၊ ဖြစ်မှုချုပ်ငြိမ်းသော အနုပါဒိသေသ နိဗ္ဗာန်ကို။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ဘေသဇ္ဇမိဝ၊ အနာပျောက်ကြောင်း ဆေးကောင်းသဖွယ်ကဲ့သို့။ မဂ္ဂသစ္စံ၊ သမ္မာဒိဋ္ဌိ စသော မဂ္ဂသစ္စာကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဗျနာရောဂါဖြင့် ရှုနည်း ပြီးပြီ။

သစ္စာ ၄-ပါးခွဲ ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂ ဤသို့အစဉ် ထား၍ ဟောတော်မူခြင်းအကြောင်း

သစ္စာလေးပါးခွဲ ဒုက္ခ, သမုဒယ,နိရောဓ, မဂ္ဂ ဤသို့ အစဉ်ထား၍ ဟောခြင်း အကြောင်းကို ပြလိုသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာသည်—

"တတ္ထ စ ဩဠာရိကတ္တာ သဗ္ဗသတ္တသာဓာရဏတ္တာ စ သုဝိညေယ္ယန္တိ ဒုက္ခသစ္စံ ပဌမံ ဝုတ္တံ။ တတော တဿ ဟေတုဒဿနတ္ထံ တဒနန္တရံ

၁။ ဝိသုဒ္ဓိ-ဒုတိယ-န္နာ-၁၄၃။

သမုဒယသစ္စံ ဝုဉ္စတိ။ ဟေတုနိရောဓာ ဖလနိရောဓောတိ ဉာပနတ္ထံ တဒတာ ပရံ နိဒ္ဒေဒသစ္စံ။ တဒဝဓာရဏပါဃဒဿနတ္ထံ အန္တေ မဂ္ဂသစ္စံ ဝုတ္တံ။"[၁]

ဟု မိန့်၏။

ဤ၌ ဤသစ္စာလေးပါးတို့၌။ ဒုက္ခသစ္စံ၊ ဒုက္ခသစ္စာကို။ သဋ္ဌာရိကတ္တာ စ၊ ကြမ်းတမ်းသည်၏ အဖြစ်ကြောင့်ဂုဏ်း။ သင်္ခတလက္ခဏာရဏတ္တာ စ၊ အလုံးစုံသော သင်္ခတဝါတို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့်ဂုဏ်း။ ပဌမံ၊ ရှေးဦးစွာ။ ဝုတ္တံ၊ မြတ်စွာဘုရား ဟောတော်မူအပ်၏။ တဿေဝ၊ ထိုဒုက္ခသစ္စာ၏သာလျှင်။ ဟေတုဒဿနတ္ထံ၊ ဖြစ်ခြင်း၏ အကြောင်းကို ပြခြင်းငှါ။ တဒနန္တရံ၊ ထိုဒုက္ခသစ္စာ၏ အခြားမဲ့၌။ သမုဒယသစ္စံ၊ သမုဒယသစ္စာကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟေတုနိရောဓာ၊ ဒုက္ခ၏အကြောင်းဖြစ်သော သမုဒယသစ္စာ ကာန့်၏ ချုပ်ခြင်းကြောင့်။ ဖလနိရောဓော၊ ဇာတိစသော အကျိုးဒုက္ခ၏ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဉာပနတ္ထံ၊ သိစေခြင်းငှါ။ တဿော။ ထိုသမုဒယသစ္စာ၏ အခြားမဲ့၌။ နိရောဓသစ္စံ၊ နိရောဓသစ္စာကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တဒဓိဂမုပါယဒဿနတ္ထံ၊ ထိုဒုက္ခသမုဒယ၏ ချုပ်ကြောင်း အကျင့်ကိုပြခြင်းငှါ။ အန္တေ၊ အဆုံး၌။ မဂ္ဂသစ္စံ၊ မဂ္ဂသစ္စာကို။ ဝုတ္တံ၊ မြတ်စွာဘုရားဟောတော်မူအပ်၏။

သစ္စာအစဉ်ဟောပုံ အဓိပ္ပါယ် ပြီးပြီ။

ပရမတ္ထသစ္စာသည် လေးပါးထက် မယုတ်မလွန်ပုံ

ပရမတ္ထသစ္စာသည် လေးပါးထက် မလွန်မယုတ်ပုံကို ပြဦးအံ့—

ပဝတ္တိ, ပဝတ္တကာ, နိဝတ္တိ, နိဝတ္တကာဝသေန စတုဒ္ဓါ ဟောတိ။
သင်္ခတ, တာဒ္ဓာ, အသင်္ခတ, ဒဿနာနံ ဝသေန စတုဒ္ဓါ ဟောတိ။
တထာ ပရညျေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗာန ကစ္စဝသေန စတုဒ္ဓါ ဟောတိ။

၁။ ဝိသုဒ္ဓိ ဒုတိယ နှာ ၁၂၁။

တဏှာဝတ္ထု၊ တဏှာ၊ တဏှာနိရောဓ၊ တဏှာနိရောဓုပါယဝသေန စတုဗ္ဗိဓံ ဟောတိ။

အာလယ, အာလယာရာမတာ, အာလယသမုဿိတ, အာလယသမုဿိတ-ဉပါယာနုဿ ဝသေန စတ္တာရော ဝုတ္တာနိတိ။[1]

ပဝတ္တိ, ပဝတ္တက, နိဝတ္တိ, နိဝတ္တကဝသေန၊ ဒုက္ခဖြစ်ခြင်း, ဇာတိစသော ဒုက္ခကို ဖြစ်စေခြင်း, ဇာတိစသော ဒုက္ခချုပ်ခြင်း, ထိုဒုက္ခသစ္စာ နာမ်ရုပ်တို့ကို ချုပ်စေခြင်း၏ အစွမ်းအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

သဒ်တ, ဘဏှာ, အသဒ်တ, ဒဿနာနံ၊ ဒုက္ခသစ္စာ သဒ်ဘလက္ခဏာ, သမုဒယသစ္စာ တဏှာလက္ခဏာ, နိရောဓသစ္စာ အသဒ်တလက္ခဏာ, မဂ္ဂသစ္စာ ဒဿနလက္ခဏာတို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တထာ ပရညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗာန၊ ထုအာတ္ဗ ဒုက္ခသစ္စာကို ပိုင်းခြားသိမှုကိစ္စ, သမုဒယသစ္စာ တဏှာကို ပယ်မှုကိစ္စ, နိရောဓသစ္စာကို မျက်မှောက်ပြုမှုကိစ္စ, မဂ္ဂသစ္စာကို ပွါးမှုကိစ္စတို့၏။ ကိစ္စဝသေန၊ ကိစ္စ၏ အစွမ်းအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တဏှာဝတ္ထု၊ တဏှာ, တဏှာနိရောဓ, တဏှာနိရောဓုပါယာနံ၊ ခန္ဓာသည် တဏှာ၏ ဘည်ရာဝတ္ထု၊ ထိုခန္ဓာ၌ တဏှာဖြင့် တပ်မှု ခင်တွယ်မှု, ထိုဒုက္ခသစ္စာ၌ တပ်နှစ်သက်သော တဏှာချုပ်မှု, ထိုတဏှာကို ချုပ်အောင် ကျင့်မှုအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

အာလယ, အာလယာရာမတာ အာလယသမုဿိတ, အာလယသမုဿိတဉပါ-ယာနုဿ ဝသေနာပိ၊ အာသာဆန္ဒ အာလယရှင်းခြင်း, အာလယဖြင့် မွေ့လျော်ခြင်း, အာသာဆန္ဒ အာလယပြတ်ခြင်း, အာလယကို ပြတ်စေခြင်း၏အစွမ်းဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၂၈-ကြည့်။

သစ္စာ ၄-ပါးမှတပါး ကာရက ဝေဒက
စသည် သဘ္ဘဝါ ပုဂ္ဂိုလ် မရှိပုံ

သစ္စာလေးပါးမှ တပါး ထို သစ္စာလေးပါးကို ပြုလုပ်ခံစားတတ်သော ကာရက, ဝေဒကပုဂ္ဂိုလ်မရှိဟု ပြလိုသော အဋ္ဌကထာဆရာသည်—

> "ဒုက္ခမေဝ ဟိ နာ ကောစိ ဒုက္ခိတော၊
> နာ ကာရကော နာ ကိရိယာဝ ဝိဇ္ဇတိ။
> အတ္ထိ နိဗ္ဗုတိ နာ နိဗ္ဗုတော ပုမာ၊
> မဂ္ဂမတ္ထိ ဂမကော နာ ဝိဇ္ဇတီတိ။"

ဟု မိန့်၏။

ဟိ၊ နှလုံးသွင်းရန် အထူးကို ဆိုဦးအံ့။ ဒုက္ခမေဝ၊ ရုပ်နာမ်ခန္ဓာ ဒုက္ခသစ္စာသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ ဒုက္ခိတော၊ ဒုက္ခကို ခံစားတတ်သော။ ကောစိ၊ တစုံတယောက်သော။ ပုမာ၊ ယောကျ်ားသည်။ နတ္ထိ၊ မရှိ။ ကိရိယာဝ၊ ပြုလုပ်ခြင်း ကိရိယာသည်သာလျှင်။ အတ္ထိ၊ ရှိ၏။ကာရကော၊ ပြုလုပ်တတ်သော လက်သည် ကာရကပုဂ္ဂိုလ်သည်။ နတ္ထိ၊ မရှိ။ နိဗ္ဗုတိ၊ ငြိမ်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ နိဗ္ဗုတော၊ ငြိမ်းသော သဘောရှိသော။ ပုမာ၊ ယောကျ်ားသည်။ နာ ဝိဇ္ဇတိ၊ မရှိ။ မဂ္ဂံ၊ နိဗ္ဗာန်သို့ မင်္ဂအကျင့်ဖြင့် သွားခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဂမကော၊ သွားရောက်တတ်သော။ ပုမာ၊ ယောကျ်ားသည်။ နာ ဝိဇ္ဇတိ၊ မရှိ။

ဤသို့ ပရမတ္ထ ဓမ္မာဓိဋ္ဌာန်အားဖြင့် သစ္စာလေးပါးတို့၏ သဘောလက္ခဏာသာ ရှိသည်၊ ပုဂ္ဂိုလ် သတ္တဝါမရှိ ဟူလို။

မင်္ကိစ္စ ၁၆-ချက်၏ အဓိပ္ပါယ်ကို ပြပုံ

မင်္ကိစ္စ ၁၆-ချက်ကို ပြဦးအံ့—

သောတာပတ္တိမဂ်၌ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း, သမုဒယသစ္စာ တဏှာကို ပယ်ခြင်း, နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို

၁။ ဝိသုဒ္ဓိ ဒုကိယ၊ နှစ်-၁၄၄။

ပ္ဍါးခြင်းဟူ၍ လေးကိစ္စရှိ၏။ ထို့ဒုတ္ထ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့မျှာလည်း ကိစ္စ ၄-ပါးစီ ရှိ၏။ ထို့ကြောင့် မဂ်လေးပါးကိုတည်၍ ကိစ္စ ၄-ပါးနှင့်မြောက်လျှင် ကိစ္စ ၁၆-ချက် ဖြစ်၏ ဟူလို။

သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်ဟူသော ဉာဏ် ၁၂-ပါးကို ပြပုံ

ဉာဏ် ၁၂-ပါးကို ပြဦးအံ့—

ဒုက္ခသစ္စာ၌ ဒုက္ခဟု သိခြင်းကိစ္စ၊ ထိုဒုက္ခကို သိအပ်သော ကိစ္စရှိ၏ဟု ကိစ္စကို သိခြင်း၊ သိအပ်သောကိစ္စအရ သိပြီးပြီဟု ကတဉာဏ်ဖြစ်ခြင်း။

သမုဒယကို သမုဒယဟု သိခြင်း၊ ထိုသမုဒယကား ပယ်အပ်သော ကိစ္စရှိ၏ဟု ကိစ္စကို သိခြင်း၊ ပယ်အပ်သောကိစ္စအရ ပယ်ပြီးပြီဟု ကတဉာဏ်ကို ဖြစ်စေခြင်း။

နိရောဓသစ္စာ၌ နိရောဓဟု သိခြင်း၊ ထိုဒုက္ခနိရောဓကို မျက်မှောက်ပြုအပ်သော ကိစ္စရှိ၏ဟု ကိစ္စကို သိခြင်း၊ ထို ကိစ္စအရ မျက်မှောက်ပြုပြီးပြီဟု ကတဉာဏ်ကို ဖြစ်စေခြင်း။

မဂ္ဂသစ္စာကို မဂ္ဂသစ္စာဟု သိခြင်း၊ ထို မဂ္ဂအား ပ္ဍါးအပ်သော ကိစ္စရှိ၏ဟု ကိစ္စကိုသိခြင်း၊ ထိုကိစ္စအရ ပ္ဍါးပြီးပြီဟု ကတဉာဏ်ကို ဖြစ်စေခြင်း။

ဤသို့လျှင် ဒုက္ခသစ္စာ၌ သစ္စ, ကိစ္စ, ကတ ၃-ပါး၊ သမုဒယ၌ သစ္စ, ကိစ္စ, ကတ ၃-ပါး၊ နိရောဓ၌ သစ္စ, ကိစ္စ, ကတ ၃-ပါး၊ မဂ္ဂသစ္စာ၌ သစ္စ, ကိစ္စ, ကတ ၃-ပါး။ ပေါင်း ဉာဏ် ၁၂-ပါး ဖြစ်၏။

အဓိပ္ပါယ်ကား—သစ္စဉာဏ်ဟူသည် သစ္စာလေးပါးကို ပိုင်းခြား၍ သိသော ဉာဏ်ပင်တည်း။

ကိစ္စဉာဏ်ဟူသည် ဒုက္ခသစ္စာ၌ သိခြင်းကိစ္စ, သမုဒယသစ္စာ၌ ပယ်ခြင်းကိစ္စ, နိရောဓသစ္စာ၌ မျက်မှောက်ပြုခြင် ကိစ္စ, မဂ္ဂသစ္စာ၌ ပ္ဍါးခြင်းကိစ္စ၊ ဤသို့ ကိစ္စအသီးသီးကို မြင်သိမှုပင်တည်း။

ကတညာဏ်ဟူသည် ဒုက္ခသစ္စာကို သိအပ်သော ကိစ္စရှိသည့်အတိုင်း လောကီစိတ် ၈၁၊ လောဘကြွင်သော စေတသိက် ၅၁၊ ရုပ် ၂၈-တို့သည် ဒုက္ခသစ္စာဟု သိအပ်သော ကိစ္စရှိသည့်အတိုင်း ကောင်းစွာ မြင်သိပြီးပေပြီ။ လောဘမူစိတ် ၈-ခု၌ယှဉ်သော လောဘစေတသိက်ဟူသော သမုဒယသစ္စာတရားကို ပယ်စွန့်ရန် ကိစ္စရှိသည်အတိုင်း ပယ်စွန့်ပြီးပြီ။ နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြုမူကိစ္စ ရှိသည့်အတိုင်း ဒုက္ခချုပ်မှု ဇာတိချုပ်မှုကို မျက်မှောက်ပြု၍ ပြီးပေပြီ။ မဂ္ဂသစ္စာပွါးရန် ကိစ္စရှိသည့်အတိုင်း ပွါး၍ပြီးပေပြီ။ တနည်း - မဂ္ဂင် ၈ ပါးနှင့် မင်္ဂိတ်ယှဉ်၍ မဂ္ဂင်ထိုဖြစ်ပြီးပြီ။ ဤသို့ ကိစ္စပြီးသည်ကို ပြီးပြီဟု နှလုံးသွင်းခြင်း မြင်သိခြင်းတို့သည် ကတညာဏ်မည်၏ ဟူလို။

နိဗ္ဗာန်ကို မျက်မှောက်ပြု၏ဟူသော အဓိပ္ပါယ်

နိဗ္ဗာန်ကို မျက်မှောက်ပြု၏ဟူသော အဓိပ္ပါယ်ကို ပြဦးအံ့—

နိဗ္ဗာန်ကို မျက်မှောက်ပြု၏ဟူသည် ဒုက္ခချုပ်ခြင်းကို မျက်မှောက်ပြုခြင်း ပင်တည်း။

ဤ၌ ဥပမာ-သောတာပတ္တိမဂ်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာချုပ်သဖြင့် ထိုဒိဋ္ဌိဝိစိကိစ္ဆာနှင့် စပ်လျဉ်းသော ဒုက္ခဟူသမျှ အလုံးစုံချုပ်၏။ ချုပ်ပုံကား- အပါယ်ဘေးမှ လွတ်၏၊ ဒုစရိုက်ကံဟောင်းတို့ အကျိုးပေးခွင့်မှ လွတ်၏။ ဒုစရိုက်ဒါသစ်ကိုလည်း မပြုတော့ပြီ၊ အလွန်ဆုံး ခုနစ်ဘဝထက် ပဋိသန္ဓေမနေရတော့ပြီ၊ အဆက်မဂ်ကိုမရမီ သစ္စာလေးပါးကို မြင်သိသော ဖိုလ်ညာဏ် အမြဲပါရှိနေသောကြောင့် ဖြစ်ရာဖြစ်ရာ ဘဝတို့၌ သစ္စာကိုမြင်သိရန် ဆရာမရှာရတော့ပြီ။ အကယ်၍ သောတာပတ္တိမဂ်ကို မရခဲ့လျှင် အကက်၌ ပြဆိုခဲ့ပြီးသော ဒုက္ခတို့မှ လွတ်ခွင့်မရသဖြင့် များစွာသော ဒုက္ခတို့ရှိနေသည်မည်၏။ ထို့ကြောင့် သောတာပတ္တိမဂ်ကို ရခြင်းသည် ထိုထိုဒုက္ခတို့မှ ကင်းလွတ်ခြင်းကို မျက်မှောက်ပြုသည်မည်၏ ဟူလို။

အထက် အထက်ဖြစ်သော မဂ်တို့အတွက်မှာလည်း မိမိတို့ရသော မဂ်အား လျော်စွာ တဆင့်ထက်တဆင့် ဒုက္ခမှ လွတ်ခွင့်ရကြလေတော့၏။

သောတာပတ္တိမဂ်ကစ၍ ဒေရဟတ္တမဂ်အရဟတ္တဖိုလ်နှင့်တကွ ပရိနိဗ္ဗာနစုတိ၏ ဘင်ကို မရောက်မီအတွင်းမှာ သဉ္ဇပါဒိသေသနိဗ္ဗာန် မည်၏။ ပရိနိဗ္ဗာနစုတိဘင်ကျမှ အနုပါဒိသေသနိဗ္ဗာန်မည်၏။ ဤသည်လျှင် အလုံးစုံသော ဒုက္ခတို့ ချုပ်ငြိမ်းခြင်းကို မျက်မှောက်ပြုသည်မည်၏ ဟူလို။

မဂ်ဖိုလ်ရပြီး ဟုတ်, မဟုတ် မြင်သိနည်း

မဂ်ဖိုလ်ရပြီး ဟုတ်, မဟုတ် မိမိကိုယ်ကို မိမိဉာဏ်ဖြင့် မြင်သိနိုင်ပုံကို မဟာဝဂ္ဂသံယုတ်ပါဠိတော် ကြေးမုံတရားအရ ပြဦးအံ့—

ဤ၌ ပါဠိတော်ကား အတော်ပင် ကျယ်ဝန်းသောကြောင့် အကျဉ်းအားဖြင့် မှတ်ရန်လက်ဝါးဖြင့် ပြတော့အံ့—

ဗုဒ္ဓ ဓမ္မ၊ သံဃဂုဏ်၊ တုန်လှုပ်ကင်းပ၊ သဒ္ဓါဗလဝဖြင့်၊ ကြည်ထိုင်သံ၊ အရိယကန္တ၊ တည်ထ သိလုံ၊ သင်္ကာဒိဋ္ဌိ၊ မစဲငြိုက၊ ထိုပုဂ္ဂလ၊ ရအပ် သောတာပတ္တိဖလုံ။ ဤသို့စကား၊ မိမိအား၊ ပြောကြား ကြေးမုံဓမ္မခံ။

အဓိပ္ပါယ်ကား–

ဘုရား တရား သံဃာ ရတနာသုံးပါးတို့၌ အသက်ကိုပင် မငဲ့မူ၍ အဝေစ္ဆပသာဒဖြင့် တုန်လှုပ်ကင်းစွာ ယုံကြည်ခြင်း,

ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါးတို့မှ ကြဉ်၍ရသောပစ္စည်းဖြင့် အသက်မွေးခြင်း,

သစ္စာလေးပါးတို့၌ ယုံမှားကင်းခြင်း,

အတ္တဒိဋ္ဌိကိုပယ်ခြင်း,

ဘဝတဏှာပယ်ခြင်း,

ဤသို့သော အင်္ဂါတို့နှင့်ပြည့်စုံလျှင် မိမိသည် မဂ်ဖိုလ်ကိုရပြီဟူ၍ မိမိကိုယ်ကို မိမိဆုံးဖြတ်အပ်၏ ဟူလို။

လူဥပါသကာများမှာ ငါးပါးသီလလုံခြုံလျှင်အရိယကန္တသီလရှိသည်မည်၏။

နိဗ္ဗာန်ချမ်းသာဟူသော အဓိပ္ပါယ်ကို ပြပုံ

နိဗ္ဗာန်ချမ်းသာဟူသော အဓိပ္ပါယ်ကိုပြဦးအံ့—

နိဗ္ဗာန်ချမ်းသာဟူသည် ဒုက္ခကင်းသော သဘောပင်တည်း။ ဝါ၊ ဖြစ်မှုကင်းသော ချုပ်သော ငြိမ်းသော သဘောပင်တည်း။

ထိုကြောင့် ပဋိသမ္ဘိဒါမဂ်၌—

"အနုပ္ပါဒေါ သုခံ အဇာတိ သုခံ"

စသည်ဖြင့် ဟောတော်မူ၏။

အနုပ္ပါဒေါ၊ မဖြစ်ရခြင်းသည်။ သုခံ၊ ပျက်ခြင်းမရှိသောကြောင့်ချမ်းသာ၏။ အဇာတိ၊ ပဋိသန္ဓေမနေရခြင်း။ ဝါ၊ ခန္ဓာငါးပါးဖြစ်မှုချုပ်ငြိမ်းခြင်းသည်။ သုခံ၊ ဇရာမရဏတို့ဖြင့် ပျက်ခြင်း မရှိသောကြောင့် ချမ်းသာ၏။

တနည်း–"ဒုက္ခာ သင်္ခါရာ သုခေါ နိရောဓော"

သင်္ခါရာ၊ ရုပ်နာမ်ခန္ဓာသင်္ခါရတရားတို့သည်။ ဒုက္ခာ၊ ဖြစ်ခြင်း ပျက်ခြင်း ရှိသောကြောင့် ဆင်းရဲကုန်၏။ နိရောဓော၊ သင်္ခါရတရားတို့ တဖန်မဖြစ်မူ၍ ချုပ်ခြင်းသည်။ သုခေါ၊ ဖြစ်ခြင်း ပျက်ခြင်းမရှိသောကြောင့် ချမ်းသာ၏။

အဓိပ္ပါယ်ကား–ဖြစ်ခြင်းရှိသမျှ တရားတို့၌ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာနှင့်တကွ အိုမှု နာမှု သေမှုတို့ကြောင့် ဆင်းရဲ၏။ သင်္ခါရ ရုပ်နာမ် ခန္ဓာ မရှိကအလုံးစုံသော ဒုက္ခတို့မှ လွတ်၏။ ဤနိဗ္ဗာန်ကား သင်္ခါရ ဒုက္ခ၏ ဆန့်ကျင်ဘက် သုခမည်၏ ဟူလို။

သန္တိသုခ, ပလသုခ, ဧဝဒယိတသုခ ဟူသော သုခသုံးမျိုး အဓိပ္ပါယ်

အရှင်သာရိပုတ္တရာသည် ရဟန်းပရိသတ်နှင့် ကြုံတွေ့သည့်အခါ "သုခမိဒံ အာဝုသော နိဗ္ဗာနံ" ဟူ၍ ဥဒါန်းကျူးလေ့ရှိ၏။

အာဝုသော၊ ငါ့ရှင်တို့။ ဣဒံ နိဗ္ဗာနံ၊ ဤ ဖြစ်ခြင်းကင်းသော အဇာတနိဗ္ဗာန်သည်။ တနည်း-ဣဒံ နိဗ္ဗာနံ၊ ဤအရဟတ္တဖိုလ် နိဗ္ဗာန်သည်။ သုခံ၊ ချမ်းသာစွတကား ဟူ၏။

ဤအခါ ရဟန်းတပါးက အရှင်ဘုရား နိဗ္ဗာန်ဟူသည် ခံစားမှုလည်း မရှိဘဲလျက် အဘယ်ကြောင့် ချမ်းသာပါသနည်းဟု လျှောက်၏။ ထိုအခါ အရှင်သာရိပုတ္တရာက ငါ့ရှင် စင်စစ်သော်ကား ခံစားမှုမရှိသောကြောင့်ပင် ချမ်းသာ၏။ ခံစားမှုဟူသည် သဒိုရတရားမျှသာဖြစ်သောကြောင့် ပျက်၏။ ထိုကြောင့် ဒုက္ခသစ္စာသာတည်း။ ခံစားမှုမရှိသော နိဗ္ဗာန် သဘောမူကား။ ဝါ၊ ဖြစ်ခြင်းကင်းသော နိဗ္ဗာန်သဘောမူကား ပျက်ခြင်းမရှိသောကြောင့် နိစ္စသုခ အားဖြင့် အမြဲချမ်းသာသော သန္တိသုခနိဗ္ဗာန်မည်၏ ဟူလို။

တနည်းအားဖြင့်ကား "နိဗ္ဗုတိ ဘုဥ္ဇမာနာ"ဟု အရ ဖြစ်ခြင်းကင်းသော နိဗ္ဗာန်ကို အာရုံပြု၍ ဖိုလ်ဝင်စားသော ပုဂ္ဂိုလ်တို့၏ စိတ်သည် အလွန်အေးမြချမ်းသာ၏။ ထိုကြောင့် ခံစားမှုပင် ရှိသော်လည်း နိဗ္ဗာန်အာရုံ၌ ခံစားမှုဖြစ်သောကြောင့် အလွန်စင်ကြယ်သော သုခ-သေဝိတဗ္ဗသုခ မည်၏ ဟူလို။

လောကီအာရုံခံစားမှုဟူသော သုခမူကား ရာဂ ဒေါသ မောဟ မကင်းသောကြောင့် စင်ကြယ်သော သုခ မဟုတ်ဟူလို။ ဤသို့လျှင်-

ခံစားမှုမရှိသော သန္တိသုခတမျိုး,

ခံစားမှုပင်ရှိသော်လည်း ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်အာရုံကို ခံစားသော အလွန် စင်ကြယ်သော သုခတမျိုး,

လောကီအာရုံခံစားမှုဟူသော မစင်ကြယ်သော သုခတမျိုး,

ဤသို့ သုံးမျိုး ခွဲခြားမှတ်အပ်၏ ဟူလို။

၁။ ခုဒ္ဒကပါဌ-ဋ္ဌ၁-၅။

နိဗ္ဗာန်အာရုံ၌ မွေ့လျော်အပ်ပုံ

နိဗ္ဗာန်အာရုံ၌ မွေ့လျော်ခြင်းကို အလိုရှိအပ်ကြောင်း "တတြာဘိရတိ-မိစ္ဆေယျ"ဝ ဟူ၍ ဟောတော်မူ၏။

တတြ နိဗ္ဗာနေ၊ ထိ နိဗ္ဗာန်၌။ ဝါ၊ ဖြစ်ခြင်းကင်းသော အနုပ္ပါဒ အစ္စာတ နိဗ္ဗာန်၌။ အဘိရတိ ံ၊ အလွန် မွေ့လျော်ခြင်းကို။ ဝါ၊ ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကို ဒရာရုံပြု၍ နေခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။

အဘယ်ကြောင့်နည်းဟု ဟိတ်ခတ်၍ ပြလိုသော ဒုဋ္ဌကထာဆရာသည် -

"ကသ္မာ ယန္တံ သန္တ ပဏီတ အမတ ဓေမ သုခ သိဝဂုဏ-သမ္ပန္နတ္တာ။"

ဟု မိန့်၏။

ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ယန္တံ၊ အကြင်နိဗ္ဗာန်သည်။ သန္တ-ပဏီတ အမတ ဓေမ သုခ သိဝဂုဏ သမ္ပန္နတ္တာ၊ ဥပါဒ် ဌီ ဘင် မရှိသောကြောင့် ငြိမ်သက်ခြင်း, မြင့်မြတ်ခြင်း, သေမှုကင်းခြင်း, ဘေးကင်းခြင်း, ချမ်းသာခြင်း အေးမြခြင်းစသော ဂုဏ်တို့နှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့်တည်း။

ထိုပြင်-

"တဏှာက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓသာဝကော"၂

ဟူ၍ မဟာဝဂ်၌ ဟောတော်မူ၏။။

သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရားတပည့်သည်။ တဏှာက္ခယရတော၊ တဏှာကုန်ခန်းရာ နိဗ္ဗာန်၌သာလျှင် မွေ့လျော်သည်။ ဟောတိ၊ ဖြစ်၏။။

နိဗ္ဗာန်သည် ပညာရှိတို့စိတ်၌ ကပ်၍ဆောင်ခြင်းငှါထိုက်သော သြပနေယျိကဂုဏ် ရှိပုံ

ထိုပြင် နိဗ္ဗာန်သည် သြပနေယျိက-ဟူသော တရားဂုဏ်တော်နှင့် ပြည့်စုံကြောင်း ပြလိုသော အဋ္ဌကထာဆရာသည်—

၁။ ဓမ္မပဒ-နှာ-၂၆။ ၂။ ဓမ္မပဒ-နှာ-ဇာ။

"အသခ်ံတေ ပန အတ္တနော စိတ္တေန ဥပနယန် အရဟာတိတိ ဩပနေယျိကော"ာ

ဟူ၍ ဝစနတ္ထပြုတော်မူ၏။

အသခ်ံတေ ပန၊ အသခ်ံတနိဗ္ဗာန်ဌမူကား။ ပါ၊ အသခ်ံတေ ပန၊ ဥပါဒ် ဌီ ဘင် သခ်ံတလက္ခဏာမရှိသော နိဗ္ဗာန်ဌမူကား။ ဝိညူဟိ၊ ပညာရှိတို့သည်။ ဝါ၊ အရိယာပုဂ္ဂိုလ်တို့သည်။ အတ္တနော စိတ္တေန၊ မိမိစိတ်ဖြင့်။ ဝါ၊ ဖိုလ်ဝင်စား သောစိတ်ဖြင့်။ ဥပနယနံ၊ ကပ်၍ ဆောင်ခြင်းငှါ။ အရဟာတိ၊ ထိုက်၏။ ဣတိ၊ ကြောင့်။ နိဗ္ဗာနံ၊ သည်။ ဩပနေယျိကော၊ ဩပနေယျိကဂုဏ် ရှိတော်မူ၏။ ဝါ၊ မိမိတို့စိတ်၌ ကပ်၍ဆောင်ခြင်းငှါထိုက်သော အာရုံ မည်၏။ ဝါ၊ မယုတ်မာသော သူတို့၏သုံးဆောင်ရာဖြစ်သော အနောမတ္တပရိဘောဂ မည်၏။

နိဗ္ဗာန်၏ မအို မနာ မသေ ဟူသော အဓိပ္ပါယ်နှင့် နိဗ္ဗာန်ရှုပြည်အဓိပ္ပါယ်

နိဗ္ဗာန်၏ မအို မနာ မသေ-ဟူသော အဓိပ္ပါယ်ကို ပြဦးအံ့—

အမတံ ဝုစ္စတိ နိဗ္ဗာနံ၊ ယဉ္စိ နတ္ထိယတိ နာ မိယတိ နာ စဝတိ၊ ကသ္မာ-အဇာတတ္တာ။[၂]

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အမတံ၊ မသေသောတရားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ ထိုစကားသည် မှန်၏။ ယံ၊ အကြင်နိဗ္ဗာန်သည်။ နာ ဇီယတိ၊ မအို။ နာ မီယတိ၊ မသေ။ နာ စဝတိ၊ အဖန်တလဲလဲ မစုတေ။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ အဇာတတ္တာ၊ ဖြစ်ခြင်းမရှိသည်၏ အဖြစ်ကြောင့်တည်း။

အဓိပ္ပါယ်မှာ-ဖြစ်ပြီးနောက် မအို မနာ မသေ၊ ဤကဲ့သို့ ဟောလိုသည် မဟုတ်ပါ၊ ဖြစ်ခြင်းပင် မရှိသောကြောင့် မပျက်ပါ ဟူလို။

နိဗ္ဗာနပုရ နိဗ္ဗာန်ရှုပြည်၏ အဓိပ္ပါယ်ကား—

အသခ်ံတ အနုပ္ပါဒ အပ္ပဝတ္တ အဇာတ နိဗ္ဗာန်ဌ ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်ကြီးလေးပါးပင် မရှိသောကြောင့် မြို့ မရှိနိုင်ပေ။

၁။ ဝိသုဒ္ဓိ ပဌမ နှာ-၂၁၀။ ၂။ သာရတ္ထဒီပနီဋီကာ ပဌမ-၁၃၁-ကြည့်။

သို့ရာတွင် ဘေးရန်ကင်းသော မင်းနေပြည်ကြီး၌ နေရသော သူတို့၏ မွေ့လျော်ဘွယ် ရှိသကဲ့သို့ နိဗ္ဗာန်ကို အာရုံပြုသော ဖိုလ်ဝင်စား၍နေသော ပုဂ္ဂိုလ်တို့ စိတ်အေးမြချမ်းသာ သေဝိတဗ္ဗ နိရာမိသ သုခ သောမနဿ ဖြစ်ခြင်းကို အကြောင်းပြု၍ နိဗ္ဗာန်ရှေ့ပြည်ဟု တင်စား၍ ဟောတော်မူ၏ဟု နှလုံးသွင်းအပ်ပေသည်။

တနည်းအားဖြင့်ကား- ကာမဘုံ ရူပဘုံ အရူပဘုံ လောကုတ္တရာဘုံ ဟူ၍ ဘူမိလေးမျိုးရှိသည်အနက် အရိယာတို့ဘုံသည် လောကုတ္တရာဘုံမည်၏။ အရိယာပုဂ္ဂိုလ်သည် လူ အရိယာဖြစ်စေ, နတ် အရိယာဖြစ်စေ, ဗြဟ္မာ အရိယာဖြစ်စေ, မိမိတို့နေရာဘုံသည် လောကုတ္တရာဘုံ မည်၏။ ထို လောကုတ္တရာ ဘုံသားတို့၏ စိတ်အာရုံမှာ နိဗ္ဗာန်ကို အာရုံပြုရကား အလွန် အေးမြ ချမ်းသာခြင်းကိုစွဲ၍ လောကုတ္တရာဘုံကို အဝတ္ထာဘုံဟူ၍ မှတ်ဒေါပ်၏ ဟူလို။

ကောင်းမှုပြုရာ၌ လောဘ မောဟ ကင်းလွတ်အောင် ဆုတောင်းနည်း

ဆုတောင်းနည်းကို ပြဦးအံ့—

ကောင်းမှုပြု၍ ဆုဟောင်းကြရာ၌ လောဘ မောဟ ကင်းသော ဆုတောင်းနည်းမူကား— ဤကောင်းမှုကြောင့် သမ္မာသမ္ဗောဓိဆု, ပစ္စေကဗောဓိဆု, အဂ္ဂသာဝကဆု မဟာသာဝကဆု ပကတိသာဝကတို့ရအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရပါလို၏—ဟု ဤသို့ ဆုတောင်းခြင်းကား လောဘ မောဟ ကင်း၏။ ထိုပြင် ဤကောင်းမှုကြောင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရပါလို၏ဟု ဆုတောင်းရာ၌ နိဗ္ဗာန် သဘောကို သိပြီးပုဂ္ဂိုလ်များမှာ သင့်လျော်ပါ၏၊ နိဗ္ဗာန်သဘောကို မမြင် မသိသော ပုဂ္ဂိုလ်များမှာ လောဘ မောဟ ပါဝင်နေဟတ်၏။

ထိုကြောင့် လောဘ မောဟ ကင်းသော ဆုတောင်းနည်းကို ပြဦးအံ့—

"ဤသို့ ယခုပြုရသော ကောင်းမှုကြောင့် ဘဝဇာတိ ချုပ်ငြိမ်းခြင်းကို မျက်မှောက် ပြုရပါလို၏" ဟု ဆုတောင်းလျှင် လောဘ မောဟ ကင်း၏။ အဘယ်ကြောင့် ကင်းသနည်းဟူမူကား-ဇာတိချုပ်လိုခြင်းသည် အလောဘ အမောဟပင်တည်း၊ ဇာတိချုပ်ခြင်းသည် အနုပါဒိသေသ နိဗ္ဗာန်တည်း၊

ထိုကြောင့် ဇာတိချုပ်ငြိမ်းရပါလို၏ဟု ဆုတောင်းခြင်းနှင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက် ပြုရပါလို၏ဟု ဆုတောင်းခြင်းတို့မှာ နိဗ္ဗာန်၏ အနက်သဘော တထပ်တည်းပင် ဟူလို။

နိဗ္ဗာနသုခ နိဗ္ဗာန်၏ အဇရ အမတ နိဗ္ဗာနပုရမျှား ပြဆိုပုံ ဤတွင် ပြီးပြီ။

ဆတောင်းပံ —

"ဣဒံ မေ ပုညံ ဒုက္ခနိရောဓံ သစ္ဆိကရောမိ။" မေ၊ အက္ခန်ပ်၏။ ဣဒံ ပုညံ၊ ဤ ကောင်းမှုသည်၊ ဒုက္ခနိရောဓံ၊ ဇာတိ စသော ဒုက္ခတို့၏ ချုပ်ငြိမ်းခြင်း ဟူသော ဒုက္ခနိရောဓနိဗ္ဗာန်ကို။ သစ္ဆိကရောမိ၊ မျက်မှောက်ပြုနိုင်ရပါလို၏ ဘုရား။

တနည်း —

"ဣဒံ မေ ပုညံ သဗ္ဗဒုက္ခာ ပရိမုစ္စိဿာမိ။"

မေ၊ အက္ခန်ပ်၏။ ဣဒံ ပုညံ၊ ဤ ဒါန သီလ ဘာဝနာစသော ကောင်းမှု သည်။ ဝါ၊ ဤ ကောင်းမှုကြောင့်။ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဇာတိစသော ဒုက္ခမှ။ ပရိမုစ္စိဿာမိ၊ ကင်းလွတ်ရပါလို၏ ဘုရား။

အဓိပ္ပါယ်ကား နိဗ္ဗာန်ဟူသည် ဖြစ်ခြင်းကင်းသော ဇာတိ နိရောဓ အနုပ္ပါဒ အပ္ပဝတ္တ သဘောပင်တည်း၊ ဖြစ်မှု ဇာတိမှ မရှိခဲ့လျှင် အိုခြင်း နာခြင်း သေခြင်း စသော ဒုက္ခတို့မှ ကင်းလွတ်လေတော့၏။ သို့ဖြစ်ရကား ဤကောင်းမှုကြောင့် အလုံးစုံသော ဇာတိစသောဒုက္ခ ချုပ်ငြိမ်းရပါလို၏ဟု ဆုတောင်းခြင်းသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလို၏ ဟူသော ဆုတောင်းခြင်းနှင့် အနက်အဓိပ္ပါယ် တထပ်တည်းပင် ဟူလို။

ထိုဆုတောင်း၌ လူမင်း နတ်မင်း ဗြဟ္မာမင်း စသော စည်းစိမ်ကို ရပါလို၏— မပါသော်လည်း ကောင်းမှု၏ သဘာဝအတိုင်း နိဗ္ဗာန်ကို မျက်မှောက်မပြုသေးမီ အကြား ဘဝခပ်သိမ်းတို့၌ ထိုကောင်းမှုတို့၏ အကျိုးအာနိသံသမူကား ရပြီးပင် ဟူလို။ ထိုကြောင့် ဆုတောင်းထည်းမှာ ထည့်ရန်မလိုပါ။ အကယ်၍ ဆုတောင်း ထည်းမှာ ထည့်လျှင် လောဘ မောဟ ပါဝင်နေတတ်သည်။ ထိုပြင် အပါယ်

လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရား ငါးပါးတို့မှ ကင်းလွှတ်ရပါလို၏ ဟု ဆုတောင်းထည်းမှာမပါသော် လည်း ကောင်းမှု၏ သဘာဝအရ ကင်းလွှတ်ပြီးပင် ဟူလို။

မဂ္ဂကထာ ပြီးပြီ။

အခန်း-၆

ဗဟုသုတကထာ

ဆဋ္ဌကထာ ပဋိညာဉ်အရ အထွေထွေ ဝိပဿနာနှင့် အထွေထွေ ဗဟုသုတ များကို ပြပေအံ့—

တရက်မျှ အသက်ရှင်ရသော်လည်း သစ္စာလေးပါးကိုသိက မြင့်မြတ်ပုံ

မြတ်သော သစ္စာလေးပါးကို မသိက အသက်တရာပင် ရှည်သော်လည်း မမြတ်၊ သစ္စာကို သိသည်ဖြစ်၍ တနေ့ တရက်မျှ အသက်ရှင်သော်လည်း မြတ်၏ ဟု ဓမ္မပဒ ပါဠိတော်၌ မြတ်စွာဘုရား ဟောတော်မူပုံကား—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။
ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ ။

ယော စ၊ အကြင်သူသည်ကား။ ဓမ္မမုတ္တမံ၊ မြတ်သော သစ္စာလေးပါး တရားကို။ အပဿံ-အပဿန္တော၊ မမြင် မသိမူ၍။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ နု သေယျော၊ မမြတ်။ ယော စ၊ အကြင်သူသည်ကား။ ဓမ္မမုတ္တမံ၊ မြတ်သော သစ္စာလေးပါးကို။ ပဿတော၊ မြင်သည်ဖြစ်၍။ ကောဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

အဓိပ္ပါယ် သိလွယ်ပါ၏။

၁။ ဓမ္မပဒ-နှ၁-၃၀။

ဆရာသမား ဘုန်-ပ-သ-စ

တရက်မျှ အာသက်ရှင်ရဒသ်လည်း သခ်ါရတရားတို့၏ အဖြစ်အပျက်ကို သိက မြင့်မြတ်ပုံ

သခ်ါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မမြင် မသိက အသက်တရာပင် ရှည်ဒသ်လည်း မမြတ်။ တရက်မျှပင် အာသက်ရှင်သော်လည်း သခ်ါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မြင်သိက မြတ်ပုံ ဓမ္မပဒပါဠိတော်အရ ပြဦးအုံ—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။[၁]

ယော စ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်ခန္ဓာ သခ်ါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ အပဿံ-အပဿန္တော၊ မမြင် မသိမူ၍။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအုံ။ န သေယျော၊ မမြတ်။ ယော စ၊ အကြင် သူသည်ကား။ ဥဒယဗ္ဗယံ၊ သခ်ါရတရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ဝါ၊ ခဏဥဒယဝယ-၁၀, ပစ္စယ ဥဒယဝယ-၄၀၊ ပေါင်း-၅၀-သော ဥဒယဗ္ဗယ ဉာဏ်ကို။ ပဿတော၊ မြင်သိသော သူသည်။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

တရက်မျှ အသက်ရှင်ရဒသ်လည်း လုံ့လ ဝီရိယရှိက မြင့်မြတ်ပုံ

ပျင်းသော သူသည့် အသက်တရာ ရှည်သော်လည်း မမြတ်။ လုံ့လဝီရိယ ရှိသူသည် တနေ့ တရက်မျှ အသက်ရှည်ခြင်းသည် မြတ်၏ဟု ဓမ္မပဒပါဠိတော်၌ ဟောတော်မူပုံကား—

ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယာရမ္ဘတော ဒဠှံ။[၂]

ယော စ၊ ကား။ ကုသီတော၊ ပျင်းရိသည် ဖြစ်၍။ ဟီနဝီရိယော၊ ယုတ်သော ဝီရိယရှိသည်ဖြစ်၍၊ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအုံ။ န သေယျော၊ မမြတ်။ ယော စ၊ ကား။ ဒဠှံ၊ မြဲစွာ။ ဝီရိယာ-

---

၁။ ဓမ္မပဒ နာ-၃၀။ ၂။ ဓမ္မပဒ နာ-၂၉။

ရမ္မတော၊ လှုံလ ဝီရိယ ရှိသည်ဖြစ်၍။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

ကောဇ်မင်း စသည်ထက် သောတာပန် ပုဂ္ဂိုလ် မြင့်မြတ်ပုံ

အကြင်သူသည် သောတာပတ္တိဖိုလ်၌ တည်သည်ဖြစ်အံ့။ ရသေ့, ရဟန်းဖြစ်စေ၊ လူ, နတ်, ဥပါသကာ, ဥပါသိကာ ဖြစ်စေ မြင့်မြတ်ပုံကား—

ပဏဗျာ ကေရဇေ္ဇန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။[1]

ပထဗျာ၊ မြေအပြင်၌။ကေရဇေ္ဇန၊ကေရာဇ်မင်း ပြုရသည်ထက်ဝင်း။သဂ္ဂဿ၊ နတ်ပြည်သို့။ ဂမနေန ဝါ၊ လားရောက် စံပျော်ရခြင်းထက်ဝင်း။ သဗ္ဗလောကာ-ဓိပစ္စေန၊ ခပ်သိမ်းသော လောကကို အစိုးရသည်ထက်ဝင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်။ ဝရံ၊ မြတ်၏။

အဘယ်ကြောင့်နည်းဆိုသော်-ပုထုဇဉ်ဖြစ်အံ့၊ လူမင်း နတ်မင်း ဗြဟ္မာမင်း ကြီးပင် ဖြစ်သော်လည်း သံသရာဘေး အပါယ်ဘေးကို မတားမမြစ်နိုင်။ သောတာပတ္တိဖိုလ်၌ တည်သည်ဖြစ်အံ့။ ပေါကျွံး မိန်းမ မည်သူမဆို ထိုထို သော ဘေးတို့မှ ကင်းလွတ်ခွင့် ရပြီးဖြစ်သောကြောင့်တည်း။

အလုံးစုံသော မေ့မေ့လျော့ခြင်းတို့တွင် တရားနှင့်မေ့မလျော့ခြင်းက အောင်နိုင်ပုံ ဝသည်များ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိ ဓမ္မရတိ ဇိနာတိ၊
တဏှာက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။[2]

သဗ္ဗဒါနံ၊ အလုံးစုံသော အလှူကို။ ဓမ္မဒါနံ၊ တရားတည်းဟူသော အလှူသည်။ ဇိနာတိ၊ အောင်နိုင်၏။ သဗ္ဗရသံ၊ အလုံးစုံသော အရသာကို။ဓမ္မရသော၊ တရားအရသာသည်။ ဇိနာတိ၊အောင်နိုင်၏။ သဗ္ဗရတိ၊ အလုံးစုံသော ဖွဲ့လျော်

၁။ ဓမ္မပဒ-နှာ-၎၀။ ၂။ ဓမ္မပဒ-နှာ-၎၎။

ခြင်းကို။ ဓမ္မရတိ၊ တရားဌ ပေ့ဆွလျော်ခြင်းသည်။ ဇီနာတိ၊ အောင်နိုင်၏။ တဏှာကွယော၊ တဏှာကုန်ခန်းရာ နိဗ္ဗာန်သည်။ ဝါ၊ တဏှာခွုပ်ငြိမ်းခြင်းသည်။ သဗ္ဗဒုက္ခံ၊ အလုံးစုံသော ဒုက္ခကို။ ဇိနာတိ၊ အောင်နိုင်၏။

ဓမ္မဒါနတို့တွင် သိခါပတ္တ ဓမ္မဒါန၏ မြင့်မြတ်ပုံ

ကွမေ ဓမ္မာ အဘိညေယျာ၊ ကွမေ ဓမ္မာ ပရိညေယျာ၊ ကွမေ ဓမ္မာ ပဟာတဗ္ဗာ၊ ကွမေ ဓမ္မာ သစ္ဆိကာတဗ္ဗာ၊ ကွမေ ဓမ္မာ ဘာဝေတဗ္ဗာတိ သစ္စာနိ ဘာဓဝန္တော အမတာဓိဂမံ ဓမ္မံ ကထေတ္ဝာ ဒေတိ၊ ကွဒံ သိခါပတ္တ ဓမ္မဒါနံ နာမ[1]။

ကွမေ ဓမ္မာ၊ ကျိသစ္စာလေးပါး တရားတို့ကို။ အဘိညေယျာ၊ ထူးသော ဉာဏ်ဖြင့် ကျိကား ဒုက္ခသစ္စာ, ကျိကား သမုဒယသစ္စာ, ကျိကား နိရောဓသစ္စာ, ကျိကား ဒုက္ခနိရောဓဂါမိနိ ပဋိပဒါသစ္စာတည်းဟု သိအပ်ကုန်၏။ ကွမေ ဓမ္မာ၊ ကျိဒုက္ခသစ္စာတရားတို့သည်။ ဝါ၊ ဖြစ်ခြင်းရှိသမျှ တေဘူမက သင်္ခါရတရားတို့သည်။ ပရိညေယျာ၊ ပိုင်းခြားချိသိအပ်သော တရားတို့သာတည်း။ ကွမေ ဓမ္မာ၊ ကျိဒုက္ခသမုဒယသစ္စာ တဏှာတို့သည်။ ပဟာတဗ္ဗာ၊ ပယ်အပ်သောတရားတို့သာတည်း။ ကွမေ ဓမ္မာ၊ ကျိဒုက္ခနိရောဓသစ္စာ နိဗ္ဗာန်တို့သည်။ သစ္ဆိကာတဗ္ဗာ၊ မျက်မှောက်ပြုအပ်သော တရားတို့သာတည်း။ ကွမေ ဓမ္မာ၊ ကျိဒုက္ခချုပ်ကြောင်းဖြစ်သော သမ္မာဒိဋ္ဌိစသော မဂ်အကျင့်တို့သည်။ ဘာဝေတဗ္ဗာ၊ ပွါးအပ်သော တရားတို့သာတည်း။ ကွတိ၊ ကျိသို့။ သစ္စာနိ၊ သစ္စာတို့ကို။ ဘာဝေန္တော၊ ပြုလျက်။ အမတာဓိဂမံ၊ သေခြင်းကင်းရာ နိဗ္ဗာန်ရောက်ကြောင်း တရားကို။ ကထေတ္ဝာ၊ နှုတ်ဖြင့်ပြောဟော၍။ ဒေတိ၊ တရားအလှူကိုပေး၏။ ကွဒံ၊ ကျိသို့ တရားအလှူကိုပေးခြင်းသည်။ သိခါပတ္တဓမ္မဒါနံ နာမ၊ အထူတ်အမြတ်သို့ ရောက်သော ဓမ္မဒါနမည်၏။

သစ္စာကိုမဟောပဲ တခြားသော တရားများ ဟောခြင်းသည်လည်း ကောင်းပါ၏။ သို့ရာတွင် သစ္စာကိုဟောသော ဓမ္မဒါနလောက် အကျိုးမကြီးကျယ် ဟူလို။

၁။ ပရိယေသိတဗ္ဗံ။

လောဘ ဒေါသ မောဟတို့သည် မိမိမှီရာ တည်ရာ
ပုဂ္ဂိုလ်ကို သတ်ဖြတ် ညှဉ်းဆဲပုံ

လောဘော ဒေါသော စ မောဟော စ၊ ပုရိသံ ပါပစေတသံ။
ဟိ သန္တိ အတ္တာသမ္ဘူတာ၊ တစသာရံဝ သမ္ဖလံ။[၁]

တစသာရံ၊ ဝါးပင်, ပေပင်, ကျူပင်ကို။ သမ္ဖလံ၊ မိမိဝါးသီး, ပေသီး, ကျူသီး သည်။ ဟိ သတိ ဇ္ဈဝ၊ ညှဉ်းပန်းနှိပ်စက်လေသကဲ့သို့။ သာသနေ၊ သာသနာ တော်၌။ ပါပစေတသံ၊ ယုတ်မာသော နှလုံးသွင်းရှိသော။ ပုရိသံ၊ သတ္တဝါကို။ လောဘော စ၊လောဘသည်၎င်း။ ဒေါသော စ၊ ဒေါသသည်၎င်း။ မောဟော စ၊ မောဟသည်၎င်း။ အတ္တာသမ္ဘူတာ၊ ကိုယ်တွင်းသန္တာန်၌ သံသရာဘဝအဆက် ဆက်က ညှဉ်းပန်းနှိပ်စက် ဖျက်ဆီး၍လာကုန်သော။ ဇ္ဈမေ တယော ပစ္စတ္ထိကာ၊ ဤရန်သူကြီး ၃-ယောက်တို့သည်။ ဟိ သန္တိ၊ ညှဉ်းပန်းနှိပ်စက်ဖျက်ဆီး၍ နေကုန်၏။

ဗဟိဒ္ဓရန်သူထက် အစ္ဈတ္တရန်သူကို အထူးကြောက်စရာ ကောင်းသဖြင့် သူတော်ကောင်းတို့ ပယ်တော်မူကြ၏ ဟူလို။

ရာဂနှင့်တူသော မီးမရှိပုံစသည်

နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ကလိ။
နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိသမံ သုခံ။[၂]

ရာဂသမော၊ ရာဂနှင့်တူသော။ အဂ္ဂိ၊ မီးသည်။ နတ္ထိ၊ မရှိ။ ဒေါသသမော၊ ဒေါသနှင့်တူသော။ ကလိ၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ခန္ဓသမာ၊ ခန္ဓာငါးပါးနှင့် တူကုန်သော။ ဒုက္ခာ၊ ဆင်းရဲတို့သည်။ နတ္ထိ၊ မရှိကုန်။ သန္တိသမံ၊ ဥပဓိဒုဿဘင် မရှိသော။ ဝါ၊ ဖြစ်ခြင်းကင်းသော နိဗ္ဗာန်နှင့်တူသော။ သုခံ၊ ချမ်းသာသည်။ နတ္ထိ၊ မရှိ။

၁။ ဇာတိဝတ္ထက-နှာ-၂၂၆။

၂။ ဓမ္မပဒ-နှာ-၎၁။

အဓိပ္ပါယ်မှာ – ခန္ဓာရှိလျှင် ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် မပြတ်နှိပ်စက်သောကြောင့် ဆင်းရဲ၏။ နိဗ္ဗာန်၌မူကား ခန္ဓာဖြစ်ခြင်းမရှိသဖြင့် ပျက်ခြင်းမရှိသောကြောင့် ချမ်းသာ၏ ဟူလို။

ရာဂမီးကြောင့်ဆင်းရဲပုံ ဘဝစန်ထုပ်သည် မြင်းမိုရ်တောင်ကို ထမ်းရွက်ရသကဲ့သို့ ဝန်လေးပုံကို အရှင်သာရိပုတ္တရာဥဒါန်းကျူးပုံ

ဘဝသုံးပါးတို့၌ ရာဂ, ဒေါသ, မောဟဟူသော မီးသုံးပုံတို့ကြောင့် ဆင်းရဲပုံကို ရဟန်းပရိသတ်တို့နှင့် တွေ့ကြုံသည့်အခါ အရှင်သာရိပုတ္တရာက ဥဒါန်းကျူးပုံကား–

ဘဝေ သာတံ နု ဝိန္ဒာမိ၊ ဒုယ္ဘန္တော တီဟိ အဂ္ဂိဟိ။
ဘရိတော ဘဝဘာရေန၊ နေရုံ ဥဒ္ဓရိတော ယထာ။[၁]

အာဝုသော၊ ငါရှင်တို့။ တိဟိ အဂ္ဂိဟိ၊ သုံးပါးသောမီးတို့သည်။ ဒုယ္ဘန္တော၊ လောင်သည်ဖြစ်၍။ ဘဝေ၊ ဘဝသုံးပါးတည်းဟူသော သံသရာ၌။ သာတံ၊ သက်သာရာကို။ နု ဝိန္ဒာမိ၊ ငါမရခဲ့ပါပြီ။ ဘဝဘာရေန၊ ဘဝဟူသောဝန်ထုပ်ဖြင့်။ ဘရိတော၊ အလွန်ဝန်လေးလှ၏။ ယထာ၊ ဥပမာ ဒဿယ်ကဲ့သို့နည်းဟူမူကား။ နေရုံ၊ မြင်းမိုရ်တောင်ကြီးကို။ ဥဒ္ဓရိတော ယထာ၊ ထမ်းရွက်၍ထားရသကဲ့သို့ပေတည်း။

ကိလေသာရေအယဉ်တို့ မဖျက်ဆီးနိုင်သော အရဟတ္တဖိုလ် ကျန်းကြီးတည်ပုံ

အရဟတ္တဖိုလ်ဟူသော ကျန်းကြီးတည်ပုံကား–

ဥဋ္ဌာနေနပ္ပမာဒေန၊ သံယမေန ဒမေန စ။
ဒီပံ ကယိရာထ မေဓာဝီ၊ ယံ သြဃော နာဘိကီရတိ။[၂]

ဥဋ္ဌာနေနေန စ၊ ထကြွလုံလ ဝီရိယချီခြင်းဖြင့်၎င်း။ အပ္ပမာဒေန စ၊ မမေ့မလျော့ခြင်းဖြင့်၎င်း။ သံသမေန စ၊ စကျွဲ သောတ စသည်ခြောက်ထွေ ဣန္ဒြေတို့ကို

၁။ အပဒါန်-ပဌမ-နှာ-၃၂-၎၄ကြည့်ပါ(မတူ)။ ၂။ ဓမ္မပဒ-နှာ-၁၇။

လုံခြုံအောင် စောင့်စည်းခြင်းဖြင့်ငင်း။ ဒဗေန စ၊ ကိုယ် နှုတ် နှလုံး သုံးပါးလုံး တို့ကို ယဉ်ကျေးအောင် ဆုံးမခြင်းဖြင့်ငင်း။ မေဓာဒီ၊ ပညာဖြင့် ပညာရှိသော သူသည်။ယံ ဒီပံ၊ အကြင် အရဟတ္တဖိုလ်ဟူသော ကျွန်းကို။ သြဃော၊ကိလေသာ ရေအယဉ်သည်။ နာဘိကီရတိ၊ မဖြိုမဖျက်နိုင်။ တံ ဒီပံ၊ ထို ကိလေသာ ရေအယဉ်တို့သည် မဖြိုမဖျက်နိုင်သော အရဟတ္တဖိုလ်ဟူသော ကျွန်းကို။ ကယိရာထ-ကရောထ၊ ပြုကြကုန်ရာ၏။

ကိလေသာအညစ်အကြေး ပယ်နည်း

ပန်းထိမ်ဆရာသည် ရွှေ၌၏ အညစ်အကြေးကို ပယ်ထုတ်သကဲ့သို့ အကြင် ပညာရှိသည် ကိလေသာကို ပယ်သတ်ရမည်ဟု ဟောပုံကား—

အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ။
ကမ္မာရော ရဇတသ္ဿေ၊ နိဒ္ဓမေ မလမတ္တနော။[၁]

ကမ္မာရော၊ ပန်းထိမ်သည်သည်။ ရဇတဿ၊ ရွှေ၌၏။ မလံ၊ အညစ်အကြေးကို။ နိဒ္ဓမေ ဇ္ဈဝ၊ တဖြေးဖြေးနှင်ထုတ်သကဲ့သို့။ မေဓာဝီ၊ ပညာဖြင့် ပညာရှိသောသူသည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ထောကံ ထောကံ၊ အတန်ငယ် အတန်ငယ်။ ခဏေ ခဏေ၊ ခဏတိုင်း ခဏတိုင်း။ အတ္တနော၊ မိမိ၏။ သန္တာနေ၊ သန္တာန်၌။ မလံ၊ကိလေသာဟူသော အညစ်အကြေးကို။ နိဒ္ဓမေ၊ တဖြေးဖြေး နှင်ထုတ်ရာ၏။

ဩဝါဒပါတိမောက် ပါဋိတော် အနက်

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။[၂]

သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်းမှုကို။ အကရဏံ၊ မပြုခြင်းငင်း။ ကုသလဿ၊ ကုသိုလ်ကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းငင်း။ သစိတ္တပရိယောဒပနံ၊

၁။ ဓမ္မပဒ-နှာ-၄၈။ ၂။ ဒီဃ-နှာ-၃၁-စသည်။

မိမိစိတ်ကို ထက်ဝန်းကျင် ဖြူစင်စေခြင်းငင်း။ ဧတံ၊ ဤသည်လျှင်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်တည်း။

ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။
အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။[၁]

တိတိက္ခာ၊ တိတိက္ခာဟု ဆိုအပ်သော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝါ၊ ဥပါဒ် ဌီ ဘင်ဖြင့် ဖြစ်ခြင်း ပျက်ခြင်းမရှိသော အသင်္ခတနိဗ္ဗာန်ကို။ ပရမံ၊ မြတ်၏ဟူ၍။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝဒန္တိ၊ မိန့်ဆိုတော်မူကြကုန်၏။ ပရူပဃာတီ၊ သူတပါးတို့ကို သတ်ဖြတ်လေ့ရှိသောသူသည်။ ပဗ္ဗဇိတော၊ ကိလေသာကို နှင်ထုတ်သောရဟန်းမည်သည်။ န ဟောတိ၊ မဖြစ်။ ပရံ၊ သူတပါးကို။ ဝိဟေဌယန္တော၊ ညှဉ်းဆဲသောသူသည်။ သမဏော၊ ကိလေသာမီးကို ငြိမ်းအောင် အားထုတ်သော ရဟန်း မည်သည်။ န ဟောတိ၊ မဖြစ်။

အနုပဝါဒေါ၊ သူတပါးတို့ကို မစွပ်မစဲ့ မကဲ့ရဲ့ခြင်းသည်ဌင်း။ အနုပဃာတော၊ သူတပါးတို့ကို မသတ်မဖြတ် မညှဉ်းဆဲခြင်းသည်ဌင်း။ ပါတိမောက္ခေ၊ ပါတိမောက္ခသံဝရသီလ၌။ သံဝရော စ၊ ကောင်းစွာ စောင့်စည်းခြင်းသည်ဌင်း။ ဘတ္တသ္မိံ၊ ဆွမ်းဘောဇဉ် အာဟာရ၌။ မတ္တညုတာ စ၊ အတိုင်းအရှည်ကို သိခြင်းသည်ဌင်း။ ပန္တဉ္စ၊ ဆိတ်ငြိမ်သော။ သယနာသနဉ္စ၊ ကျောင်းအိပ်ရာ နေရာသို့ ကပ်ခြင်းသည်ဌင်း။ အဓိစိတ္တေ၊ စိတ်ကို အစိုးရခြင်းဟူသော သမာဓိ၌။ အာယောဂေါ စ၊ လုံ့လပြုခြင်းသည်ဌင်း။ ဧတံ၊ ဤသည်

၁။ ဓမ္မပဒ-နဝင-စသည်။

လျှင်။ ဗုဒ္ဓါနုံ၊ ဘုရားရှင်တို့၏။ သာသနုံ၊ အဆုံးအမ သာသနာတော်ပါပေ တည်း။

ပညာ ၄-မျိုး သမ္မာဒိဋ္ဌိ ၅-မျိုး တို့ကို ခွဲခြားပြပုံ

အဋ္ဌသာလိနီ အဋ္ဌကထာအရ ပညာ ၄-မျိုးကို မြန်မာစကားသက်သက်ဖြင့် ပြဦးအံ့-

ကာမာဝစရာ ပညာ, ရူပါဝစရာ ပညာ, အရူပါဝစရာ ပညာ, အပရိယာပန္နာ ပညာဟူ၍ ပညာ ၄-မျိုးရှိ၏။[1]

ထိုပညာ ၄-မျိုးတို့တွင်-

၁။ ကာမာဝစရာ ပညာ-ဟူသည် အပါယ်ဘုံ၌ရှိသော အပြစ်ကိုမြင်သဖြင့် အပါယ်မှလွတ်၍သုဂတိဘုံတို့၌ရှိသော သုခကိုရကြောင်း ကောင်းမှုကိုအားထုတ် တတ်သော ကာမာဝစရ ပညာတည်း။

၂။ ရူပါဝစရာ ပညာ-ဟူသည် ကာမဘုံ၌ရှိသော အပြစ်အာဒီနဝကို မြင်သိ သဖြင့် ရူပဘုံ၌ ရအပ်သော စျာနသုခကို ရအောင် အားထုတ်တတ်သော ပညာတည်း။

၃။ အရူပါဝစရာ ပညာ-ဟူသည် ရူပ်၏အပြစ်ကို မြင်သဖြင့် နာမ်ခန္ဓာ ၄-ပါး ဟူသော အရူပဘုံ၌ရှိသောသုခကို ရခြင်းငှါ အားထုတ်တတ်သော ပညာတည်း။

၄။ အပရိယာပန္နာ ပညာ-ဟူသည် တဘုမွက သခ်ါရ၌ရှိသော ဒုနိစ္စ စသော အပြစ်အာဒီနဝကို မြင်သဖြင့် ထိုတဘုမွက သခ်ါရဒုက္ခတို့မှ လွတ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ အားထုတ်တတ်သော မဂ်ဖိုလ်ပညာတည်း။

ထိုပညာ ၄-မျိုးတို့တွင် သခ်ါရတရားတို့၌ ကပ်လျက်ပါရှိသော အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာကို မြင်သိတတ်သဖြင့် သခ်ါရချုပ်ရာနိဗ္ဗာန်ကို မြင်သိသော မဂ်ဖိုလ်ပညာမှသာလျှင် တကယ့် နိယျာနိက ပညာ ဟူလို။

၁။ ဝိဘင်းပါဠိတော် -နှာ-၃၄၁။ ဓမ္မပဒအဋ္ဌကထာ-ပဌမ-နှာ-၁၉၆-၌ကား အပရိ-ယာပန္နပညာနေရာတွင် လောကုတ္တရာပညာဟု လာရှိသည်။

သမ္မာဒိဋ္ဌိ ၅-မျိုးကို ပြဦးအံ့-

ကမ္မဿက သမ္မာဒိဋ္ဌိ, စျာနသမ္မာဒိဋ္ဌိ, ဝိပဿနာသမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိ ဤ ၅-မျိုး ပင်တည်း။

ကမ္မဿကသမ္မာဒိဋ္ဌိ–ဟူသည် ကောင်းမှုပြုလျှင် ကောင်းကျိုး ရ၏။ မကောင်းမှုပြုလျှင် မကောင်းသော အကျိုးကို ရ၏ဟု မြင်သိတတ်သော ကမ္မဿက သမ္မာဒိဋ္ဌိတည်း။

စျာန သမ္မာဒိဋ္ဌိ–ဟူသည် စျာန်ကိုရအောင် ကမ္မဋ္ဌာန်း စသော အကျင့်တို့၌ ကောင်းစွာ မြင်သိသော သမ္မာဒိဋ္ဌိပင်တည်း။

ဝိပဿနာသမ္မာဒိဋ္ဌိ–ဟူသည် သင်္ခါရတရားတို့၌ အနိစ္စ ဒုက္ခ အနတ္တ စသော အပြစ်ကို မြင်သိတတ်သော သမ္မာဒိဋ္ဌိပင်တည်း။

မဂ္ဂသမ္မာဒိဋ္ဌိ–ဟူသည် သစ္စာ၄-ပါးကို မြင်သိတတ်သော သမ္မာဒိဋ္ဌိပင်တည်း။

ဖလသမ္မာဒိဋ္ဌိ–ဟူသည် ဖိုလ်ဉာဏ်၌တည်သော မြင်သိသော သမ္မာဒိဋ္ဌိပင်တည်း။

ထိုသမ္မာဒိဋ္ဌိ ငါးမျိုးတို့တွင် ဝိပဿနာသမ္မာဒိဋ္ဌိ, မဂ္ဂသမ္မာဒိဋ္ဌိ, ဖလသမ္မာဒိဋ္ဌိ တို့မှ သာလျှင် တကယ်အားထားလောက်သော တာဏ, လေဏ, ပရာယဏ ထိုက်သော သမ္မာဒိဋ္ဌိမည်၏ ဟူလို။

သက္ကာယဒိဋ္ဌိခွါနည်း အဝိဇ္ဇာကို ချုပ်ငြိမ်းစေသောနည်း
တဏှာအစပ် ဖြတ်နည်းများကို ရဟန်းများအား
မြတ်စွာဘုရား ဟောတော်မူပုံ

အဘယ်ကဲ့သို့ မြင်သိမှ သက္ကာယ ကွာပါသနည်း။ အဘယ်ကဲ့သို့ မြင်သိမှ အဝိဇ္ဇာချုပ်ပါသနည်း။ ဝေဒနာနှင့်တဏှာအစပ်ကို မည်ကဲ့သို့ ဖြတ်ရပါသနည်း ဟု ရဟန်းများက မြတ်စွာဘုရားအား လျှောက်သည်။ သင်္ဃာယတန သံယုတ်

၁။ အင်္ဂုတ္တရအဋ္ဌကထာ-ပဌမ-နှာ-၃၆၉။

ပါဠိတော် ဟောတော်မူပုံကို မြင်သိလွယ်စေခြင်းငှါ အကျဉ်းအားဖြင့် ပြတော့အံ့—

အာယတန၊ ဝိညာဏဉ္စင့်၊ ဖဿဝေဒနံ။

သတ္တဇီဝ၊ အတ္တမဟုတ်၊ အစိုးမရ၊ အလိုသို့မလိုက်သော အနတ္တ ဟု၊ မြင်မှုဟုတ်မှန်။ ဤသို့ အမှန်မြင်မှု၊ အကြောင်းပြု၊ ကွဲမှု သင်္ကာယံ။

မမြဲအနိစ္စ၊ ဒုဓမ္မဟု၊ မြင်ထဟုတ်မှန်။

ဤသို့မြင်မှု၊ အကြောင်းပြု၊ ချုပ်မှု အဝိဇ္ဇံ။

ထိုသို့ချုပ်က၊ တဏှာအစပ်လည်း၊ ချုပ်ပြတ်ကေ။

ဤသို့ချုပ်မှု၊ အကြောင်းပြုက၊ ပစ္စုပ္ပန်ဘဝ၊ ရအပ် မဂ္ဂဖလံ။

လူနတ်တို့ကား အာရုံ ၆-ပါးဌ မွေ့လျော်ကြ၏။ မိမိတို့ နှစ်သက်သော အာရုံတို့ ဖောက်ပြန်ပျက်စီးသည့်အခါ ဆင်းရဲဒုက္ခ ရကြ၏။ ငါဘုရားမူကား ထိုထို အာရုံတို့ဌ ခင်တွယ်မွေ့လျော်မှုကို ပယ်သောကြောင့် ထိုထိုအာရုံတို့ ဖောက်ပြန် ပျက်စီးမှုကြောင့် ဒုက္ခမရှိ ချမ်းသာစွာ နေရ၏ဟု ရဟန်းများအား ဟောတော်မူ၏။ (သဋ္ဌာယတန-၂၁၈)။

အချို့ကား ပစ္စုပ္ပန်မှာပင် မင်္ဂိုလ်ကိုရ၏၊ အချို့ကား မရကြသည်ကို သိကြားမင်းက မြတ်စွာဘုရားအား လျှောက်ထားသဖြင့် ဟောတော်မူပုံ

ကျက်မှတ်ရန်—

လူ နတ် ပုထုဇဉ်န၊ အာရုံဆဋ္ဌ၊ ပျော်ကြ ပါးကြ၊ မွေ့လျော်ကြသည်၊ ဆ ဖဿ သုခဝေဒနံ။

အနိစ္စ စ၊ ဝိပရိဏာမတို့ကြောင့်၊ ဖြစ်ထ ဒုက္ခဒေါမနဿံ။

ထိုထို အာရုံတရားတို့၏ဖြစ်ကြောင်း ချုပ်ကြောင်းနှင့်တကွ သိထ ဟုတ်မှန်၊ သုခ သောမနဿတို့ဌ၊ အနိစ္စ, ဒုက္ခ,အနတ္တ ဟု ဉာဏ်မြင်ရှု၍၊ပယ်မှု ဆန္ဒထုံ။

ထိုသို့ ပယ်မှု၊ အကြောင်းပြုက၊ ဒုက္ခဒေါမနဿတို့ ချုပ်ရကော်။ ဤသို့ ချုပ်က၊ ဒုက္ခကင်းငြား၊ ငါဘုရား၊ ရငြား ကေဂံ့။

အခ္ခို သတ္တဝါကား ပစ္စုပ္ပန်ဘဝ၌၊ ရအပ်နိဗ္ဗာန်၊ အခ္ခိုမူကား မရနိဗ္ဗာန်၊ ထိုအကြောင်းကား၊ ဘယ်သို့လားဟု၊ သိကြားမင်းသက်က၊ မြတ်ဗုဒ္ဓ၊ လျှောက်ထ သက်စ္ခံ။ (သဋ္ဌာယတနသံယုတ်-သက်ကပဉ္ဉသုတ်-နှာ-၃၂၁-၂-ကြည့်)။

ရူပ သဒ္ဒ၊ ဂန္ဓ ရသ၊ ဖောဋ္ဌဗ္ဗနှင့်၊ ဓမ္မ ၆-တန်၊ သာယာဖွယ်ဟု၊ စွဲလမ်းပြု၍၊ တပ်မှု တဏှာဥပါဒါန်။

ထိုထို စွဲယူစိတ္တာ၊ ဖြစ်တုံကလျှင်၊ အသန်တာ၊ နိဗ္ဗာနအား၊ ရမှု ဝေးလံ။

ထိုထို ဥပါဒါန်ပယ်မှု၊ အကြောင်းပြုမှ၊ ပစ္စုပ္ပန်ဘဝ၌၊ ရအပ် နိဗ္ဗာန်။

သိကြားမင်းအား၊ ဤသို့ကား၊ ဖြကြား မြတ်ဗုဒ္ဓံ။

ဝေဒဂူ စသည်မည်ပုံ

အဘယ်သို့သော ပုဂ္ဂိုလ်သည် ဝေဒဂူမည်ပါသနည်း၊ အဘယ်သို့သော ပုဂ္ဂိုလ်သည် သဗ္ဗဇိတမည်ပါသနည်း၊ အဘယ်သို့သော ပုဂ္ဂိုလ်သည် ဂဇ္ဈမူလကို နုတ်ပယ်ပြီး မည်ပါသနည်းဟု သာဝကတို့ အမေးကို မြတ်စွာဘုရား ဖြကြား တော်မူပုံကား–(သဋ္ဌာယတနသံယုတ်-ဥဒကသုတ်-နှာ-၃၀၄။)

မြင်သိလွယ်စေခြင်းငှါ ကျက်မှတ်ရန်ကိုသာ ပြတော်အံ့–

၆-ပါးဖဿ၊ ဖြစ်ကြောင်းစနှင့်၊ ချုပ်ထခြင်းရာ၊ သာယာသုခ၊ သောမနဿ၌၊ အနှစ် ဒုက္ခ အနတ္တဟု၊ မြင်ထ အာဒီနဝါ။

ထိုသို့မြင်မှု၊ အကြောင်းစုကြောင့်၊ ချုပ်မှု ဆန္ဒရာဂါ။

ဤသို့ချုပ်က၊ နိဿရဏာ၊ နိဗ္ဗာနဟု၊ သိထမှန်စွာ။

ထိုသို့သိမူ၊ ဝေဒဂူဟု၊ သဗ္ဗညူ၊ ဟောမူ သေအာချာ။

ထိုထိုဖဿ၊ စသည် ၆-ဖြာ၊ တဏှာဒိဋ္ဌိ၊ မစွဲငြိက၊ မှတ်သိ သဗ္ဗဇိတာ။

ဓာတ်ကြီးလေးခု၊ အမှီပြု၍၊ ဖြစ်မှု ရူပဂတ္တာ။ ထို ရူပကာယဂတ္တာ၌၊ ပယ်ထ တဏှာ။ ထိုသို့ ပယ်က၊ ဂတ္တာမူလ၊ နုတ်ကိစ္စ၊ ပြီးထ သေအာချာ။

အဓိပ္ပါယ်ကား—စက္ခုသမ္ဖဿ စသော ဖဿ ၆-ပါးတို့သည် စက္ခာယတန, ရူပါယတန စသော အာယတန ၁၂-ပါးတို့ကြောင့် ဖြစ်၏။ အာယတနချုပ်လျှင် ဖဿ ချုပ်ရမှုကိုလည်း၊ ထိုပြင် သုခသောမနဿတို့၌ အနိစ္စ ဒုက္ခ အနတ္တ ဟူသော အာဒီနဝကိုလည်း၊ ထို အာဒီနဝကို မြင်သိသဖြင့် တဏှာဆန္ဒကို ပယ်လျှင် ထုတ် မြောက်ရာ နိဿရဏ နိဗ္ဗာန်ပင်တည်း ဟူ၍လည်း မြင်သိလျှင် ထိုသူသည် ဝေဒဂူ မည်၏။ ဝါ၊ ပညာဖြင့် အပြားအားဖြင့် မြင်သိတတ်သော ပညာရှိ မည်၏။

ထိုထို တရားတို့၌ ငါ, ငါ၏ ဥစ္စာ ဟု စွဲယူတတ်သော တဏှာဒိဋ္ဌိ ဟူသော ဥပါဒါန်ကို ပယ်လျှင် အလုံးစုံကို အောင်သော သဗ္ဗဇိတ မည်၏။

ရူပကာယ၌ ခင်တွယ်မှု တဏှာကို ပယ်လျှင် ဂတ္တာမူလ အမြစ်နုတ်ပယ်မှု ပြီးသဖြင့် အရဟာတ္တဖိုလ်သို့ ရောက်နိုင်၏ ဟူလို။

သာသနာတော်၌ သက်သာရာရခြင်း အဓိပ္ပါယ်

ဤ သာသနာတော်၌ သက်သာရာကို ရ၏ ဟူသည် အဘယ်သို့ပါနည်း၊ လွန်မြတ်သော သက်သာရာကို ရ၏ ဟူသည် အဘယ်သို့ပါနည်း ဟု ဒေရှင် ဇမ္ဗုခါဒကာ အရှင်သာရိပုတ္တရာကို လျှောက်ထားသည့်အခါ ဟောတော်မူပုံကား—

(သဋ္ဌာယတန မြန်မာပြန် စာမျက်နှာ ၄၀၈-၄၀၉ တွင် ကြည့်ပါ)။

၆-ပါး ဖဿ၊ ဖြစ်ကြောင်းစနှင့်၊ ချုပ်ထခြင်းရာ၊ သာယာဘွယ်ဖြစ်၊ အပြစ်အာဒီနဝါ။ ထွက်မြောက်နိဗ္ဗာန်၊ ကျင့်မဂ္ဂအား၊ သိထမှန်စွာ။ ထိုသို့သိက၊ ပဌမ၊ ရဟန်းသက်သာရာ။

ထိုပြင်တဝ၊ တဏှာဒိဋ္ဌိ၊ မစွဲငြိက၊ လွန်မြတ်လှသည်၊ ဒုတိယ သက်သာရာ။

အရှင်သာရိပုတ္တရာက၊ အရှင်ဇမ္ဗုခါဒက၊ ဟောပြ ဤသို့သော။

အဓိပ္ပါယ်မှာ–ပဌမ သက်သာရာဟူသည် သုတသိပင်တည်း၊ ၎င်းသည် ဧူဋ္ဌသောတာပန်သို့ ရောက်၏။ ဒိဋ္ဌဂတသမ္မယုတ် တဏှာနှင့် ဒိဋ္ဌကို မင်္ဂြိုင်းမဲ့ ပယ်သည်အခါ မဟာသောတာပန် တည်၏။ ဤသည်လျှင် ဒုတိယသက်သာရာမည်၏။ ဤသို့လျှင် ပဌမသက်သာရာ, ဒုတိယသက်သာရာတို့ကို သိအပ်မှတ်အပ်၏ ဟူလို။

ဤဌ် ရှေးဦးစွာ အာယကနကြောင့် ဖဿ ဖြစ်၏။ အာယတနချုပ်လျှင် ဖဿချုပ်၏။ ဖဿကြောင့်ဖြစ်သော သုခသောမနဿဝေဒနာသည် သာယာဘွယ်ဟု လောကဌ် အယူရှဲကြပြီးလျှင် သာယာခင်တွယ်၍ နေကြ၏ဟု သိအပ်၏။ ထို သုခသောမနဿဝေဒနာသည် အနိစ္စ ဒုက္ခ အနတ္တသာတည်းဟု မြင်သိသော ပညာရှိတို့သည် ထိုခင်တွယ်မှုကို ပယ်သောကြောင့် ဝဋ်မှုကျွတ်လွတ်ကြ၏။ ဤကျွတ်လွတ်ခြင်းသည် နိဿရဏမည်သော နိဗ္ဗာန်ပင်ဟု သိအပ်၏ ဟူလို။

ဘဒ္ဒကဂါမဏိက ဒုက္ခ ဘာကြောင့် ဖြစ်ပါသနည်း, ဒုက္ခ ဘာကြောင့် ချုပ်ပါသနည်းဟု မြတ်စွာဘုရားအား ဒလျှောက်ထားသဖြင့် ဟောပုံ

ဘဒ္ဒကဂါမဏိ အမည်ရှိသော ရွာသူကြီးက မြတ်စွာဘုရားအား အရှင်ဘုရား ဒုက္ခဖြစ်ကြောင်း ဒုက္ခချုပ်ကြောင်းတို့ကား အဘယ်သို့ပါနည်းဟု လျှောက်၏။ ထိုအခါ ဆန္ဒရာဂကြောင့် ဒုက္ခဖြစ်၏။ ဆန္ဒရာဂကို ပယ်လျှင် ဒုက္ခချုပ်၏ ဟု မြတ်စွာဘုရားက ဟောတော်မူ၏။

ဤသို့ ဟောတော်မူရာ၌ အတိတ်ကို ဟောက လွန်ပြီး ဖြစ်သောကြောင့် ကိုယ်တော် မဖြစ်နိုင်၊ အနာဂတ်ကို ဟောလျှင်လည်း မရောက်သေးသောကြောင့် ယုံမှားခြင်းကို မပယ်နိုင်၊ ထိုကြောင့် ပစ္စုပ္ပန် ကိုယ်တော်အားဖြင့် ဟောအံ့–သင်၏သား–စိရဝါသီ၏ အမိကို မမြင်ဘူး မသိဘူး မကြားဘူးမီက ထို သူမ၌ ဆင်းရဲ ချမ်းသာ ရှိခဲ့လျှင် သင်၏ စိတ်မှာ အဘယ်သို့ သိရှိမည်နည်းဟု မေး၏။ ထိုအခါ ဂါမဏိက ဟပည့်တော်၏ စိတ်၌ တစုံတရာ တုန်လှုပ်ခြင်း ဖြစ်မည် မဟုတ်ပါဘုရားဟု လျှောက်၏။ ယခုအခါမှာ ထိုသူမ၌ တစုံတရာ ချမ်းသာ ဆင်းရဲဖြစ်ခဲ့သော် သင်၏စိတ်မှာ အဘယ်သို့ ဖြစ်မည်နည်းဟု မေး၏။ တပည့်

တော်၏စိတ်၌ တုန်လှုပ်ခြင်း ဖြစ်ပါသည်ဘုရား။ အဘယ်ကြောင့်ဆိုသော် သား မယားဟူသော တဏှာသံယောဇဉ်ငြိသောကြောင့်ပါဘုရားဟု လျှောက်၏။ ယခင် ခဏတုန်းက စိဝရာဒီကို ကိစ္စတခုနှင့်မြို့ထဲသို့စေလွှတ်လိုက်ရာ ရုတ်တရက် ပြန်မလာသဖြင့် ကြောင့်ကြမကင်း ရှိနေပါသည်ဘုရားဟု လျှောက်၏။ ယင်းသို့ဖြစ်ရကား ငါ့ ငါ၏သားမယားဟု တဏှာဒိဋ္ဌိ သံယောဇဉ်ဖြင့် ဖွဲ့ချည်ခဲ့လျှင် ဒုက္ခဖြစ်ကြောင်းဟု သိအပ် မှတ်အပ်၏။ ထို တဏှာ ဒိဋ္ဌိ သံယောဇဉ်ကို ပယ်ခဲ့လျှင် ဒုက္ခချုပ်ကြောင်းဟု သိအပ် မှတ်အပ်၏။ ထို တဏှာဒိဋ္ဌိ သံယောဇဉ်ကို ပယ်လိုက ခန္ဓာအာယတနတို့၌ရှိသော အနိစ္စ ဒုက္ခ အနတ္တလက္ခဏာကို ရှုရမည်။ ထိုသို့ရှုသဖြင့် အနိစ္စ ဒုက္ခ အနတ္တလက္ခဏာထင်လျှင် တဏှာ ဒိဋ္ဌိ သံယောဇဉ် ချုပ်သဖြင့် မင်္ဂိုလ်နိဗ္ဗာန်ကို ရနိုင်လေတော့၏ဟူလို။

(အကျယ်သိလိုလျှင် မြန်မာပြန်သံယုတ်-စာမျက်နှာ-၅၁၂-မှာ ကြည့်ပါ)။

ကျက်မှတ်ရန်— မမြင် မကြားဘူးသေးသော သူတို့၌ ဖြစ်မှုဆင်းရဲချမ်းသာ။ ထိုထိုသူတို့၌ တဏှာသံယောဇဉ် မရှိသောကြောင့် မိမိစိတ်၌ တုန်လှုပ်ဟောင်းကွာ။ သားမယားစသည် ကလျာဏမိတ္တာ။ ထိုထိုသူတို့၌ ဖြစ်မှုဆင်းရဲချမ်းသာ။ ထိုသို့ဖြစ်က၊ တဏှာ သံယောဇနမှု၊ အကြောင်းပြု၊ ဖြစ်မှုဝဋ်ဒုက္ခာ၊

ထိုနည်းပမာဏ၊ ခန္ဓာပဥ္စက၊ အဇ္ဈတ္တ၌၊ စံထ တဏှာ၊ ဒိဋ္ဌိ ဥပါဒါနာ။
ဤသို့စံမှု၊ အကြောင်းပြုက၊ ဖြစ်မှုဒုက္ခာ။
ထိုထိုဥပါဒါန်မှု၊ ပယ်စွန့်ပြု၊ ချုပ်မှုဝဋ်ဒုက္ခာ။

ခန္ဓာငါးပါး ရရှိခြင်းသည် အနာဝေဒနာရသည်နှင့် တူသောကြောင့် နေ့ညဉ့်မပြတ် ဆေးကုနေရပုံ

"ရောဂါဝေယျ ဒုက္ခသစ္စံ ဒဋ္ဌဗ္ဗံ"[1]ဟူသော အဋ္ဌကထာအရ ခဲ့၍ပြဦးအုံ—

၁။ သဋ္ဌာယတသံယုတ် နှာ-၅၁၀-၅၁၁။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၄၃။

ခန္ဓာငါးပါးသည် အနာရောဂါနှင့်တူ၏။ အနာပျောက်ကင်း၍ ချမ်းသာသုခ ရခြင်းနှင့် ခန္ဓာဇာတိချုပ်သဖြင့် နိဗ္ဗုန်သုခကိုရခြင်း တူ၏ ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ မြင်သိလွယ်ခြင်းငှါ လင်္ကာဖြင့် ပြဦးအံ့-

ရောဂါ အလား၊ ခန္ဓာ ငါးကြောင့်၊ ဆေးစား ဆေးစု၊ ပြုပြင်မှု ကြောင့်၊ ဖြစ်မှုသခိုရဒုက္ခံ။

ထခါလျက်မှ၊ တချက်သုံခံ၊ နေ့ညဥ်မပြတ် ပူပန်မှု ကိလေသာ၊ အနာရောဂါ အထပ်ထပ်၊ အဘိဇ္ဈာ ဒေါမနသ်တို့ကြောင့်၊ မပြတ် စေတသိကဒုက္ခံ။

ထိုထိုကာယိက၊ စေတသိက ဒုက္ခအနာ၊ သက်သာရမှု၊ အကြောင်း ပြု၊ ဆေးကု ဘေးဝေးလံ။

ရူပကာယ၊ အဇ္ဈတ္တဒွါ၊ ထမင်းဆာ ရေငတ်၊ အချမ်းအပူ ဖောက်ပြန် ခတ်တို့ကြောင့်၊ မပြတ်ဒုက္ခံ၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်း, အနိဋ္ဌာရုံတို့ကြောင့် ဖြစ်ထ ကာယိကဒုက္ခံ။

ပူလျှင် အေးကြောင်း၊ အေးလျှင် နွေးကြောင်း၊ ဆာလျှင်ဝကြောင်း၊ ဖျားလျှင် ပျောက်ကြောင်း၊ ရုပ်ခတ်ပေါင်းစု၊ ဖောက်ပြန် မှုအား၊ ညီညွတ်စေမှု-အကြောင်းပြု၊ အေးကုဘေးဝေးလံ။

ထိုထို အနာရောဂါ၊ ခန္ဓာမချုပ်သမျှ၊ မုချ ဒုက္ခသစ္စံ။

ခန္ဓာ ချုပ်မှု၊ မျက်မှောက်ပြုမှ၊ အနုပါဒိသေသနိဗ္ဗာန်။

ဤသို့ သမ္မာဒိဋ္ဌိမှု၊ ဉာဏ်မြင် ရှုရ၊ ပယ်မှုတဏှာ၊ ဥပါဒါန်ကံ။

ဤသို့ပယ်မှု၊ အကြောင်းပြုက၊ ခန္ဓာပဥ္စက၊ ရောဂါဗလဝကား၊ ချုပ်ရကံ။

ဤသို့ ချုပ်မှု၊ အကြောင်းပြုက၊ အဇာတ၊ ရအပ် နိဗ္ဗာနသုခံ။

သင်္ကာယဒိဋ္ဌိပယ်ပုံ

အဘယ်သို့ကား၊ မြင်သိ ငြားမှ၊ သင်္ကာယဒိဋ္ဌိ၊ ပယ်ဘို့ ခြင်းရာ သိလိုပါလှ၊ မြတ်ဗုဒ္ဓအား၊ လျှောက်ထားသံဃာ၊ ဒုါရခြောက်စုံ၊ အာရုံ၊

ခြောက်ဝ၊ ခြောက်ဝ ဝိညာဏ်၊ ခြောက်တန် ဖဿ၊ ခြောက်ဝ ဝေဒနာ၊ ကိုယ်မဟုတ်ထ၊ အစိုးမရ၊ အနတ္တဟု၊ ရှုမှုမှန်စွာ။ ဤသို့ ယထာဘူတ၊ မြင်သိက၊ ချုပ်ထ သက္ကာယာ။ ဤသို့ ချုပ်က၊ သောတာပတ္တိဖလ၊ ရအပ် သေအချာ။

ထိုတရားတို့၌ မအို မနာ မသေရန် အစိုးမရသောကြောင့် အတ္တ သတ္တ မဟုတ်၊ အနတ္တသာတည်းဟု ယုံမှားကင်းလျင် သောတာပန် တည်နိုင်ပါသည်ဟူလို။ (သဋ္ဌာယတနသံယုတ်-သက္ကာယသုတ်-၃၅၉)။

သစ္စာမသိ သံသရာရှည်ပုံ သစ္စာသိက သံသရာချုပ်ပုံ လက်သည်များပြပုံ

အမှန်မမြင် မသိမှုကြောင့်၊ ဖြစ်မှု ဇာတိဒုက္ခံ။ အမှန် မြင်သိမှု အကြောင်းပြု၊ ချုပ်မှု ထို ဒုက္ခံ။

ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂသစ္စံ။ မိုက်မှောင်အတိ၊ မောဟ ဖိသဖြင့်၊ မသိသစ်။ ဤသို့ အကန်းအတိ၊ လမ်းမသိက၊ သံသာရ၊ မုချရှည်မှုလှံ့။

ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂသစ်။ သမာဒိဋ္ဌိ၊ ဉာဏ်မျက်စိဖြင့်၊ သိထဟုတ်မှန်။ ဤသို့သိမှု၊ အကြောင်းပြု ဝင်္ခဒုက္ခံ။

အနမတဂ္ဂ၊ သံသာရ၌၊ ဖြစ်ထ ဇာတိ ဇရာ မရဏဒုက္ခံ။

လက်သည်အစ၊ ကာရကအား၊ မုချထုတ်ပြန်။

စတုသစ္စ၊ မသိထ၊ မောဟ အဝိဇ္ဇံ။

အနမတဂ္ဂ၊ သံသာရ၏၊ ချုပ်ထခြင်းရာ၊ လက်သည်အစ၊ ကာရကကား၊ သမ္မာဒိဋ္ဌိ၊ဉာဏ်မျက်စိဖြင့်၊ မြင်သိသစ္စာ။ ထိုသို့သိမှု၊ အကြောင်းပြု၊ ချုပ်မှု ဇာတိသံသရာ။

စတုသစ္စ ၂၀—ပ-မ-သ-ဝ

ဒုက္ခကိုမည်သူလုပ်ပါသနည်းဟု ပုဏ္ဏားတဦးက မြတ်စွာဘုရားကို လျှောက်သဖြင့် ဖဟာတော်မူပုံ

မြတ်စွာဘုရားလက်ထက်က ပုဏ္ဏားတဦးက ဒုက္ခကို မည်သူလုပ်ပါသနည်းဟု လျှောက်၏။ ဤအခါ မြတ်စွာဘုရားက ဒုက္ခကို မည်သူမျှ မပြုမလုပ်၊ သစ္စာကို မမြင်မသိသော မောဟ ဒေဝိဇ္ဇာ လုပ်သည်ဟု ဖြေဆိုတော်မူပုံကား—

သယံ ကတံ ဒုက္ခံ ဘန္တေ၊ နု သယံ ကတံ ဒုက္ခံ ဗြာဟ္မဏ၊ ညဒါဟု ပရံ ကတံ ဒုက္ခံ ဘန္တေ၊ နု ပရံ ကတံ ဒုက္ခံ ဗြာဟ္မဏ။ ညဒါဟု ဥဘယံ ကတံ ဒုက္ခံ ဘန္တေ၊ နု ဥဘယံ ကတံ ဒုက္ခံ ဗြာဟ္မဏ။ အတ္ထိ နု ခေါ နတ္ထိ နု ခေါ ဒုက္ခံ ဘန္တေ၊ နု ခေါ ဗြာဟ္မဏ နတ္ထိ ဒုက္ခံ၊ အတ္ထိ ခေါ ဗြဟ္မဏ ဒုက္ခံ၊ ကိံ ပန ဧတံ ဒုက္ခံ ဘန္တေ။ သုဏောဟိ ဗြာဟ္မဏ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ သဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏသောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ။[၁]

ဘန္တေ၊အရှင်ဘုရား။ ဒုက္ခံ၊ ဇာတိစသောဒုက္ခကို။ သယံ၊မိမိသည်။ ကတံ၊ ပြုပါသလော။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဒုက္ခံ၊ ဇာတိစသောဒုက္ခကို။ သယံ၊ မိမိသည်။ နု ကတံ၊ မပြုအပ်။ ဘန္တေ၊ အရှင်ဘုရား။ ဥဒါဟု၊ ထိုသို့ မိမိသည် မပြုဒယ်သည်ရှိသော်။ ပရံ၊ သူတပါးသည်။ ကတံ၊ ပြုပါသလော။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဒုက္ခံ၊ဒုက္ခကို။ ပရံ၊ သူတပါးသည်။ နု ကတံ၊ မပြုအပ်။ ဘန္တေ၊ အရှင်ဘုရား။ ဥဒါဟု၊ ထိုသို့ သူတပါး မပြုအပ်သည်ရှိသော်။ ဒုက္ခံ၊ကို။ ဥဘယံ၊ မိမိသူတပါးသည်။ ကတံ၊ ပြုပါသလော။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဒုက္ခံ၊ကို။ ဥဘယံ၊ မိမိနှင့် သူတပါးသည်။ နု ကတံ၊ မပြုအပ်။ ဘန္တေ၊ အရှင်ဘုရား။ ဒုက္ခံ၊ ဒုက္ခသည်။ အတ္ထိ နု ခေါ၊ ရှိပါသလော။ နတ္ထိ နု ခေါ၊ မရှိပါသလော။ ဗြာဟ္မဏ၊

၁။ ပရိယေသိတဗ္ဗံ။ (နိဒါနဝဂ္ဂသံယုတ်-၂၅၉-စသည်၌ အလားတူလာသည်)။

ပုဏ္ဏား၊ ဒုက္ခံ၊ ဒုက္ခသည်။ နတ္ထိ၊ မရှိသည်။ န မဟုတ်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဒုက္ခံ၊ သည်။ အတ္ထိ ခေါ၊ ရှိသည်သာတည်း။ ဘန္တေ၊ အရှင်ဘုရား။ တေ ဒုက္ခံ၊ ဤဒုက္ခသည်။ ကိံ ပန၊ အဘယ်သို့ပါနည်း။ ဗြာဟ္မဏ၊ ပုဏ္ဏား။ သုဏောဟိ၊ နာလော့။ အဝိဇ္ဇာပစ္စယာ၊ သစ္စာ ၄-ပါး ပဋိစ္စသမုပ္ပါဒ်တရားကို မမြင် မသိသော မောဟ အဝိဇ္ဇာဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ သင်္ခါရတရား တို့သည်။ တနည်း — သင်္ခါရာ၊ ပုည, အပုည, အာနေဉ္ဇ, ကာယ, ဝစီ, စိတ္တာဟူသော သင်္ခါရတရားတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာ၊ သင်္ခါရဟူသော အကြောင်းကြောင့်။ ဝိညာဏံ။ပ။ ဇာတိ၊ ဘဝသစ်၌ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇာတိပစ္စယာ၊ ဇာတိဟူသော အကြောင်းကြောင့်။ ဇရာ-မရဏ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ၊ ဥပါယာသတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ကေဝလဿ ဒုက္ခက္ခန္ဓဿ၊ သုဓမဟက် သက်သက်သော ဒုက္ခစု ဒုက္ခဓံကြီးသာ ဖြစ်၍နေသော။ ဇာတ၊ ဤဝဋ်ဆင်းရဲ၏။ သမုဒယော၊ ပဉ်းဇီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဓိပါယ် သိသာလောက်ပါ၏။

သမုဒယကြောင့် ဒုက္ခဖြစ်ပုံ၊ ဒုက္ခကြောင့် သမုဒယ ဖြစ်ပုံမျှားကို ဥပမာနှင့် တကွ နည်းအမျိုးမျိုးနှင့် ပြဦးအံ့ —

သံသရာစက် ချုပ်ရပုံဥပမာ

သမုဒယကြောင့်၊ ဖြစ်ထဒုက္ခံ၊ သမုဒယချုပ်က၊ ထို ဒုက္ခ၊ မုချချုပ်ပြတ်လျှံ။
မြစ်မူလကြောင့်၊ ပင်မဝေလျှံ၊ အမြစ်ပြုတ်က၊ ထိုပင်မ၊ ချုပ်ရ ဥပမံ။

သံသရာစက် မပြတ်လည်ပုံ ဥပမာ

သမုဒယကြောင့်၊ ဖြစ်ထ ခန္ဓာပဉ္စကံ၊ ထိုခန္ဓာပဉ္စကကြောင့်၊ ဖြစ်ထ သမုဒယတဖန်။ ဤသို့ဖြစ်က၊ အနာဂတ၊ သံသာရ၊ မုချရှည်မှုလျှံ။

မျိုးစေ့မူလ၊ သဘာဝကြောင့်၊ ဖြစ်ထ ပင်စည်လျှံ၊ ယင်း အပင်မှ ဖြစ်ထ မျိုးစေ့တဖန်။ ဤသို့ဖြစ်က၊ အနာဂတ၏၊ ဆုံးမရှိ၊ မှတ်သိ ဥပမံ။

သူစိလောမ ဘီလူးအမေးကို မြတ်စွာဘုရား ဖြေတော်မူပုံ

သူစိလောမ ဘီလူးက ရာဂ, ဒေါသ, မောဟ, အရတိ, ရတိတို့သည် ဘာကြောင့် ဖြစ်ပါသနည်းဟု မြတ်စွာဘုရားအား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက ခန္ဓာ အတွင်ဘောကြောင့်ဟု ညောင်ပင်မှ အမြစ်ပွါးစေသကဲ့သို့ ကျေးဇူးပြုပုံကို ဥပမာနှင့်တကွ ဒုက္ခကြောင့် သမုဒယဖြစ်ပုံကို ဟောတော်မူ၏။ ဤခန္ဓာ အတွင်ဘောကား အတိတ် သမုဒယသစ္စာကြောင့် ဖြစ်သော ပစ္စုပ္ပန်အကျိုး ဒုက္ခသစ္စာတရားသာတည်း။ ထို ဒုက္ခသစ္စာကိုပင် ဒုက္ခဟု မမြင် မသိမှုကြောင့် ရာဂ ဒေါသ မောဟ တဖန် ဖြစ်၏။ ညောင်ပင်မှ အမြစ်ကျသကဲ့သို့၊ ထိုအဟူ ခန္ဓာ အတွင်ဘောကို သမုဒယသစ္စာထား၍ ရာဂ ဒေါသ မောဟတို့ကို ဒုက္ခသစ္စာအနေဖြင့်ဟောတော်မူလိုခြင်းပင်တည်း။ဤနည်းမူကား ပဋိစ္စသမုပ္ပါဒ်၌ အဝိဇ္ဇာ သင်္ခါရဟူသော အတိတ် သမုဒယသစ္စာကိလေသဝဋ်, ကမ္မဝဋ်တို့ကြောင့် ပစ္စုပ္ပန် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဟူသော ဝိပါက ဒုက္ခသစ္စာဖြစ်၏။ ထိုမှတဖန် ဖြစ်ပေါ်သော သုခ သောမနဿ ဝေဒနာတို့၌ သာယာခင်တွယ်သော တဏှာ ဥပါဒါန် ကမ္မဘဝါဟူသော သမုဒယသစ္စာ တဖန် ပစ္စုပ္ပန်၌ ဖြစ်ပြန်ရကား၊ ဤ၌ အကျိုး ဒုက္ခသစ္စာကြောင့် အနာဂတ်ဇာတိ၏ အကြောင်း သမုဒယသစ္စာ တဖန်ဖြစ်၏။ ဥပမာ ညောင်ပင်ကြောင့် ညောင်မြစ်ပွါးသကဲ့သို့ ဟူလို။

ကျက်မှတ်ရန်—ပညောင်ပင်မှ၊ မြစ်ပျဉ်းချသို့၊ ထိုနည်းပမာ၊ အတွင်ဘောခန္ဓာ၊ သမုဒယကြောင့်၊ ဖြစ်ထ ရာဂ ဒေါသ မောဟ ဒုက္ခသစ္စံ။

ဤသို့ ဒုက္ခသစ္စာဟု၊ ညာဏ်မြင်ရှု၍၊ အပင်သေမှု၊ ဒုကြောင်းပြု၊ တဏှာမြစ် မူလကား၊ ချုပ်ရကံ။

ဤသို့ချုပ်က၊ ပုနဗ္ဘဝ၊ မုချ ချုပ်ပြတ်လှ်။

တနည်း–မာလုဝ ဟူသော မာလောန္ဒယ်သည် အပင်ကိုဖုံးအုပ်မြေးယှက်၏။ သို့ရာတွင် အပင်သေက ချုပ်ပျောက်ရသကဲ့သို့ဟု ဥပမာ ပြလိုရကား–—

ထို့ပြင်တဝ၊ မာလုဝသို့၊ အတ္တဘာဝ၊ ကာယဝတ္ထု၊ သာယာဖွယ်ဟု၊ ဖုံးပိတ်မှုကြောင့်၊ ပွါးမှု ရာဂ ဒေါသ မောဟ ဒုက္ခသစ္စံ။

ဒုက္ခသစ္စာသာတည်းဟု၊ ဉာဏ်မြင်ရှုက၊ ချုပ်ထ ရာဂ ဒေါသ မောဟ ဒုက္ခသစ္စံ။

ဤသို့ချုပ်က၊ ပုနဗ္ဘဝ၊ မုချ ချုပ်ပြတ်လျှံ။
ဤသို့ သုစိလောမ၊ မေးသမျှ၊ ဖြေဆ မြတ်ဗုဒ္ဓံ။

ပုထုဇဉ်နှင့် သောတာပန်အရိယာတို့ ခြားနားပုံ

ပုထုဇဉ်မှာ သံသရာ၌ ဇာတိ ဇရာ ဗျာဓိ မရဏ စသော ဘေးတို့မှ လွတ်ခွင့် ကန့်သတ်မရှိသောကြောင့် အလွန်ကြောက်လန့်ဖွယ် ကောင်း၏။ သောတာပန်မှာ သုဂတိဘာ မြဲ၏။ အပါယ်ဘေးမှ အမြဲလွတ်၏။ အလွန်ဆုံး ခုနစ်ဘဝထက် ပဋိသန္ဓေ မနေရတော့ပြီ။ သောတာပန်မှာ ဖြစ်ရာ ဖြစ်ရာ ဘဝတို့၌ သစ္စာဖြင့် သိဘို့ရာ ဆရာရှာရန် မလိုတော့ပြီ၊ သစ္စာကို မြင်သိသော မဂ်ဉာဏ် ဖိုလ်ဉာဏ် အမြဲပါသွားသောကြောင့် မိမိဖာသာပင်လျှင် အရဟတ္တာမဂ်သို့ တက်နိုင်၏။ ပုထုဇဉ်မှာ အပါယ်ဘေးမှ အမြဲလွတ်ခွင့်မရှိ၊ ဖြစ်ရာ ဖြစ်ရာ ဘဝတို့၌ သစ္စာကို မြင်သိရန် ဆရာကို ရှာရ၏။ သောတာပန်မှာ ဇာတိချုပ်လိုသော ဆန္ဒဖြင့်သာ ကျင့်တော့၏။ ဇာတိဖြစ်လိုသော ဆန္ဒဖြင့် မကျင့်တော့ပြီ။ ကောင်းစွာ မြင်သိခြင်း၊ ကောင်းစွာကြံခြင်း။ ကာယကံ ၃-ပါး, ဝစီကံ ၄-ပါး, မိစ္ဆာဒိဋ္ဌိ ဟူသော ဒုစရိုက်တို့ကို မပြုတော့ပြီ။ သမ္မာအာဇီဝဖြင့်သာလျှင် အသက်မွေး လေတော့၏၊ မဂ္ဂင်အကျင့်နှင့် ပြည့်စုံလေတော့၏။

လောက၌ လူသောတာပန်သည် သားမယားနှင့်နေ၏၊ ပစ္စည်းဥစ္စာရှာ၏၊ ပုထုဇဉ်လည်း ထိုအတူ သားမယားနှင့်နေ၍ ပစ္စည်းရှာ၏၊ အရပ်ထည်းမှာ အသွင် အပြင် အနေ အထိုင်တို့မှာ ပုထုဇဉ်နှင့် သောတာပန်တူသော်သည်း အစ္ဆတ္တ နှလုံးသွင်းတို့မှာ အလွန်ကွာခြားလေသည်။ သောတာပန်သည် အကယ် ၍ပင် ကာမဂုဏ်ခံစားဦးတော့ ထိုတဏှာကို ပယ်ရမည်ဟု သိ၏။ ပယ်ပါမည်

၁။ သဂါထာဝဂ္ဂသံယုတ်-နှာ-၂၀၈။

ဟူ၍လည်း ပြဋ္ဌာန်း၏။ ပုထုဇဉ်မှာ ပယ်ရမည်ဟုလည်း မသိ၊ ပယ်လိုသော။ ဓာန္ဒလည်း မရှိ၊ ဤသို့ အစ္ဆတ္တ နှလုံးသွင်း ခြားနား၏ ဟူလို။

သောတာပတ္တိမဂ်ကို ရဘို့ရာ ရသေ့ရဟန်းပြုရာ၌ ခေါင်းပါးစွာ ကျင့်ရန် မလိုပုံ

သောတာပတ္တိမဂ်သည် ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်ရန် တာဝန်ရှိ၏။ ထိုဒိဋ္ဌိဝိစိ-ကိစ္ဆာကို ရသေ့ရဟန်းမလုပ်နိုင်, သားမယားမစွန့်နိုင်, ခေါင်းပါးစွာ မကျင့်နိုင် သော်လည်း ပညာရှိထံ ဆည်းကပ်၍ ဇဟုသုတရှိအောင် ကြားနာ မှတ်သား သင်ကြားခြင်းပြုက ယုံမှားခြင်းကို ပယ်နိုင်လေတော့၏။ သီလ သမာဓိ ပညာ ဟူသော သိက္ခာအစဉ်နှင့် မဂ်သို့တက်နိုင်က ကောင်းပါ၏။ သို့ရာတွင် ထိုသို့ သိက္ခာအစဉ်နှင့် မတက်နိုင်သော်လည်း သစ္စာလေးပါးကို ပြောဟောတတ်သော ပညာရှိထံ ဆည်းကပ်၍ သစ္စာ ၄-ပါးကို မြင်သိလျှင် သိက္ခာ ၃-ပါး တခါတည်း ပြည့်စုံလေတော့၏။

ထို့ကြောင့်ပင်လျှင် မြတ်စွာဘုရားလက်ထက်က ငါးမျှားစားသော အရိယ မည်သော တံငါ၊ ခါးပိုက်နှိုက်၍ အသက်မွေးသော သူမှစ၍ ခိုးသားငါးရာတို့ သော်လည်း သစ္စာမြင်သိက သောတာပန်တည်လေတော့၏၊ သိက္ခာ ၃-ပါး တည်လေတော့၏။ ဇာတိဘေး, ဇရာဘေး, ဗျာဓိဘေး, မရဏဘေး, အပါယဘေး, အတီတောဒ္ဓမ္မလကဘေး, အနာဂတောဒ္ဓမ္မလကဘေး, စားသောက်နေထိုင်ရန် ပစ္စည်းဥစ္စာ ရှာမှီးရခြင်းဟူသော ပရိယေဋ္ဌိဘေး ဟူသော ဘေးကြီးရှစ်ပါးတို့မှ လွတ်ခွင့်ရလေတော့၏ ဟူလို။

ဒီဃဓိပွါယ်အထူးကို ပြဦးအံ့-တရားအားထုတ်မှုဟူသည် ရာဂ ဒေါသ မောဟ တို့ကို ပယ်မှုပင်တည်း၊ ထို ၃-ပါးတို့တွင် ရသေ့, ရဟန်း မပြုနိုင်သော လူတို့မှာ ကာမရာဂ ဗျာပါဒ ဥဒ္ဓစ္စတို့ကို ပယ်ရန် မလွယ်လှပေ။ ထို့ကြောင့် လူဥပါသကာ တို့မှာ ရာဂ ဒေါသ မောဟ ၃-ပါးအနက် မောဟကို ရှေးဦး ပယ်ခြင်းငှါ သင့်၏။ မောဟပယ်မှုဟူသည် သစ္စာလေးပါးကို ပြောဟောတတ်သော ဆရာထံ ဆည်းကပ်၍ လေ့လာမှတ်သား၍ သစ္စာမြင်သိအောင် အားထုတ်မှုပင်တည်း။ သားမယားစွန့်ခြင်း, ပစ္စည်းရှာမှီးခြင်းကို စွန့်ခြင်း, ကမ္မဋ္ဌာန်းထိုင်ခြင်း စသည်

တို့ကို ပြုနိုင်လျှင်ကောင်း၏။ အကယ်၍ မစွန့်နိုင်သော်လည်း မောဟ အဝိဇ္ဇာ ပယ်မှုပြီးစီးက သောတာပတ္တိမဂ်သို့ ရောက်နိုင်ပါသည်။

သောတာပတ္တိမဂ် ရခြင်းအကြောင်း အဂ်ါလေးပါး

သုတ်ပါဌေယျပါဠိတော်

ထိုကြောင့် သုတ်ပါဌေယျပါဠိတော်၌—

> "စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ၊ ကတမာနိ စတ္တာရိ။ သပ္ပုရိသသံသေဝေါ၊ သဒ္ဓမ္မသဝနံ၊ ယောနိသောမနသိကာရော၊ ဓမ္မာနု-ဓမ္မပဋိပတ္တိတိ။"[၁]

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ပုထုဇ္ဇဉ်ဟူသမျှ ပူပန်ရသည့် သံသရာဝဋ်ဒုက္ခကြောက်ဥာဏ်မှကင်းလွတ်လိုခြင်း ပုထုဇ္ဇဉ်အမျှင်းတို့။ စတ္တာရိမာနိ၊ ဤ၄-ပါးသောတရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန်ဖြစ်ခြင်းအကြောင်း အင်္ဂါတို့ပေတည်း။ စတ္တာရိ၊ လေးပါးတို့ဟူသည်။ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ သပ္ပုရိသသံသေဝေါ၊ ရှုပ်နာမ်ခန္ဓာ သစ္စာတို့၌ ကျမ်းကျင်လိမ္မာသော သူတော်ကောင်းနှင့် ပေါင်းဖော်ရခြင်းလည်းတပါး။ သဒ္ဓမ္မသဝနံ၊ ရုပ်နာမ်ခန္ဓာ သစ္စာတို့နှင့်စပ်သော သဒ္ဒါတရားအစုတို့ကို စာတွေ့မဟုတ် ယထာဘူတအတိုင်းကိုယ်တွေ့သိပြီးသော ပုဂ္ဂိုလ်တို့၏ ဆုံးမဟောကြားသော တရားကို ကြားနာမှတ်သားသင်ကြားရခြင်းလည်းတပါး။ ယောနိသောမနသိကာရော၊ အသင့်နှလုံးသွင်းရခြင်းလည်းတပါး။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မင်္ဂဉ်ဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားကို ရခြင်း၏အကြောင်းဖြစ်သော သက္ကာယဒိဋ္ဌိကို ပယ်ရှားသော အကျင့်လည်းတပါး။ ဣတိ ဣမာနိ စတ္တာရိ၊ ဤ၄-ပါးတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန်အဖြစ်သို့ ရောက်ကြောင်း အင်္ဂါတို့ပေတည်း။

အကျဉ်းချုပ်မှတ်ရန်—

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊သင့်ရာစိတ်ထား၊ မင်္ဂအားလျော်ဘိ၊ ဒိဋ္ဌိကိုခွါ၊ ဤလေးဖြာ၊ သောတာပန်အစစ်၊ ဖြစ်ကြောင်းတည်း။

၁။ ပါထိကဝဂ်-နှာ-၁၉၀။

ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး

ပဋိစ္စသမုပ္ပါဒ်တရားသည် ၁၆-ပါးသော ယုံမှားခြင်း၊ ရှစ်ပါးသော ဝိစိကိစ္ဆာတို့ကို ပယ်နှိုင်ခြင်းအကြောင်း, သစ္စာ ၄-ပါးကို မြင်သိခြင်းအကြောင်းဖြစ်သောကြောင့် တတ်သိလိမ္မာရှိအောင် အားထုတ်သင့်သည်အတိုင်း ဗဟုသုတ ရှိကြစေခြင်းငှါ ပြဦးအံ့—

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝံ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိတိ။[1]

အနက်ကို မပြတော့ပြီ။ ထိုပဋိစ္စသမုပ္ပါဒ်၏ ဝေနတ္တ စသည်မျှားကိုသာ ပြတော့အံ့—

ပဋိစ္စသမုပ္ပါဒ်၏ လက္ခဏာစသည်

ဇရာမရဏာဒိနံ ပစ္စယလက္ခဏော ပဋိစ္စသမုပ္ပါဒေါ၊ ဒုက္ခအနုပဗန္ဓနရသော၊ ကုမ္မဂ္ဂပစ္ဆုပဋ္ဌာနော၊ အာသဝပဒဋ္ဌာနော။[2]

ပဋိစ္စသမုပ္ပါဒေါ၊ သည်။ ဇရာမရဏာဒိနံ၊ ဇရာမရဏ စသည်တို့၏။ ပစ္စယလက္ခဏော၊ အကြောင်းဟူသော လက္ခဏာရှိ၏။ ဒုက္ခအနုပဗန္ဓနရသော၊ ဇာတိစသော ဒုက္ခကို အစဉ်ဖွဲ့စပ်ခြင်းကိစ္စရှိ၏။ ကုမ္မဂ္ဂပစ္ဆုပဋ္ဌာနော၊ ခရီးလွဲ,ခရီးမှား, ခရီးကောက် ဟူ၍ ဉာဏ်အား ရှေးရှုထင်၏။ အာသဝပဒဋ္ဌာနော၊ အာသဝလျှင်နီးသောအကြောင်းရှိ၏။

ဤ၌ ဇရာမရဏာကို ပဋိစ္စသမုပ္ပန္န အကျိုးတရားဟု မှတ်ပါ၊ ဇာတိသည် ဇရာမရဏ၏ အကြောင်းတရားဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒဟု မှတ်ပါ။

၁။ ဝိဘင်း-နှာ-၁၄၂-စသည်။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၄၉-စသည်။

ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး၏ လက္ခဏာစသည်

အင်္ဂါ ၁၂-ပါးတို့၏ လက္ခဏ ရသမျှားကို ပြဦးအုံ–

အညာဏလက္ခဏာ အဝိဇ္ဇာ၊ သမ္မောဟနရသာ၊ ဆာဒနပစ္စုပ-
ဋ္ဌာနာ၊ အာသဝဝပဒဋ္ဌာနာ။[1]

အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ အညာဏလက္ခဏာ၊ သစ္စာလေးပါး ပဋ္ဌိစ္စသမုပ္ပါဒ် တရားတို့ကို မသိခြင်းလက္ခဏာရှိ၏။ သမ္မောဟနရသာ၊ ယင်းသဘောတို့၌ ပြင်းစွာ တွေဝေခြင်း ကိစ္စရှိ၏။ ဆာဒနပစ္စုပဋ္ဌာနာ၊ အာရုံ၌ရှိသော သဘော တရားကို အမှန် မမြင်မသိအောင် ဖုံးလွှမ်းတတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။ အာသဝဝပဒဋ္ဌာနာ၊ အာသဝလျှင် နီးသောအကြောင်းရှိ၏။

အဝိဇ္ဇာသည် မျက်စိမမြင်သော သူနှင့်တူ၏ ဟူလို။

အဘိသင်္ခရဏလက္ခဏာ သင်္ခါရာ၊ အာယူဟနရသာ၊ စေတနာပစ္စု-
ပဋ္ဌာနာ၊ အဝိဇ္ဇာပဒဋ္ဌာနာ။[2]

သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အဘိသင်္ခရဏလက္ခဏာ၊ အကျိုးတရားတို့ကို ပေါင်းစုပြုပြင် စီရင်ခြင်းလက္ခဏာရှိကုန်၏။ အာယူဟနရသာ၊ အားထုတ်ခြင်း ကိစ္စရှိကုန်၏။ စေတနာပစ္စုပဋ္ဌာနာ၊ စေ့ဆော်တတ်သောစေတနာလျှင် ပြဋ္ဌာန်း သော တရားဟူ၍ ညာဏ်အား ရှေးရှုထင်ကုန်၏။ အဝိဇ္ဇာပဒဋ္ဌာနာ၊ အဝိဇ္ဇာလျှင် နီးသောအကြောင်းရှိကုန်၏။

ဝိဇာနနလက္ခဏံ ဝိညာဏံ၊ ပဋိသန္ဓိပစ္စုပဋ္ဌာနံ၊ သင်္ခါရ-
ပဒဋ္ဌာနံ။[3]

ဝိညာဏံ၊ ဝိညာဏ်သည်။ ဝိဇာနနလက္ခဏံ၊ အာရုံကို သိခြင်းလက္ခဏာရှိ၏။ ပဋိသန္ဓိပစ္စုပဋ္ဌာနံ၊ စေတသိက်တို့၏ ရှေ့ဆောင် ရှေ့သွားဟူသော ကိစ္စရှိ၏။ ပဋိသန္ဓိ-ပစ္စုပဋ္ဌာနံ၊ စုတိပဋိသန္ဓေဟူသော ဘဝသန္ဓေပါးကို တစပ်တည်းကဲ့သို့ စပ်တတ် သော တရားဟူ၍ ညာဏ်အား ရှေးရှုထင်၏။ သင်္ခါရပဒဋ္ဌာနံ၊ သင်္ခါရတရားလျှင် နီးသောအကြောင်းရှိ၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၅၉။

နမနလက္ခဏံ နာမံ၊ သမ္ပယောဂရသံ၊ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ ဝိညာဏပဒဋ္ဌာနံ။[၁]

နာမံ၊ ဖဿ စသော စေတသိက် ၅၂-ပါးဟူသော နာမ်သည်။ နမနလက္ခဏံ၊ အာရုံကို ညွတ်ခြင်းလက္ခဏာ ရှိ၏။ သမ္ပယောဂရသံ၊ စိတ်နှင့်ယှဉ်ခြင်း ကိစ္စရှိ၏။ အဝိနိဗ္ဘောဂပစ္စုပဋ္ဌာနံ၊ စိတ်နှင့် မကွေမကွာ ယှဉ်တတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဏ်လျှင် နီးသောအကြောင်း ရှိ၏။

"စိတ္တံ ဝိညာဏက္ခန္ဓော" ဟူသော ပါဠိအရ စိတ်နှင့် ဝိညာဏ် အတူတူပင် ဟူလို။

ရူပနလက္ခဏံ ရူပံ၊ ဝိကိရဏရသံ၊ အဗျာကတပစ္စုပဋ္ဌာနံ၊ ဝိညာဏ-ပဒဋ္ဌာနံ။[၂]

ရူပံ၊ ရုပ်သည်။ ရူပနလက္ခဏံ၊ အချမ်း အပူ စသည်ဖြင့် ဖောက်ပြန်ခြင်း လက္ခဏာ ရှိ၏။ ဝိကိရဏရသံ၊ ဖရိုဖရဲ ကြဲခြင်းကိစ္စ ရှိ၏။ အဗျာကတ ပစ္စုပဋ္ဌာနံ၊ သိတတ်သော သဘောမရှိသော အဗျာကတ တရားဟူ၍ ဉာဏ်အား ရှေးရှု တင်တတ်၏။ ဝိညာဏပဒဋ္ဌာနံ၊ ဝိညာဏ်လျှင် နီးသောအကြောင်း ရှိ၏။

ရူပနလက္ခဏံ ရူပန္တိ ဇတ္ထ သီတေနပိ ရူပတိ၊ ဥဏှေနပိ ရူပတိ၊ ဇိယစ္ဆာယပိ ရူပတိ၊ ပိပါသာယပိ ရူပတိ၊ ဒုံသ မကသ ဝါတာတပ-သရီသပ သမ္ဖဿေနာပိ ရူပတိ။[၂]

ရူပနလက္ခဏံ ရူပန္တိ ဇတ္ထ၊ ဒွိ။ သီတေနပိ၊ အချမ်းကြောင့်လည်း။ ရူပတိ၊ ဖောက်ပြန်၏။ ဥဏှေနပိ၊ အပူကြောင့်လည်း။ ရူပတိ၊ ၏။ ဇိယစ္ဆာယပိ၊ ဆာလောင်ခြင်းကြောင့်လည်း။ ရူပတိ၊ ၏။ ပိပါသာယပိ၊ ရေတောခြင်းကြောင့် လည်း။ ရူပတိ၊ ၏။ ဒုံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနာပိ၊ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ ဘေးရန်အတွေ့ကြောင့်လည်း။ ရူပတိ၊ ၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၁၅၉။ ၂။ နိဒါနဝဂ္ဂသံယုတ်-နာ-၇၁ (နောက်ပိုင်းတူ)

အာယတနလက္ခဏံ သဋ္ဌာယတနံ၊ ဒဿနာဒိရသံ၊ ဝတ္ထုဒ္ဒါရဘာဝ-ပစ္စုပဋ္ဌာနံ၊ နာမရူပပဒဋ္ဌာနံ။[၁]

သဋ္ဌာယတနံ၊ စက္ခုစသော သဋ္ဌာယတနတရားသည်။ အာယတနလက္ခဏံ၊ အာယမည်သော စိတ် စေတသိက် တရားတို့ကို ခဲ့ျခြင်းလက္ခဏာ ရှိ၏။ တနည်း-အာယကနလက္ခဏံ၊ သံသရာကို ခဲ့ျခြင်းလက္ခဏာ ရှိ၏။ ဒဿနာဒိရသံ၊ မြင်ခြင်း, ကြားခြင်း, နံခြင်း, လျက်ခြင်း, တွေ့ထိခြင်းစသော ဒဿန, သဝန, ဃာယန, သာယန, ဖုသနစသော ကိစ္စရှိ၏။ ဝတ္ထုဒ္ဒါရဘာဝပစ္စုပဋ္ဌာနံ၊ ဝတ္ထုအဖြစ် ဒ္ဒါရအဖြင်ဖြင့် ကျေးဇူးပြုတတ်သော တရားဟူ၍ ဉာဏ်အား ရှေးရှုထင်၏။ နာမရူပပဒဋ္ဌာနံ၊ နာမ်ရုပ်လျှင် နီးသောအကြောင်း ရှိ၏။

ထို အာယတန၌ အာယပုဒ်, တနပုဒ် ၂-ပုဒ်တို့၏ အဓိပ္ပါယ်ကို ပြဦးအံ့--

တံ တံ ဒ္ဒါရာရမ္မဏေသု စိတ္တစေတသိကာ ဓမ္မာ အာယန္တိ ပဝတ္တန္တီတိ အာယာ။ အာယသင်္ခါတေ စိတ္တစေတသိကေ ဓမ္မေ တာနိ စက္ခုရူပါဒီနိ တနောန္တိ ဝိတ္ထာရေန္တီတိ အာယတနာနိ။[၂]

တံ တံ ဒ္ဒါရာရမ္မဏေသု၊ ထိုထို စက္ခု စသော ဒ္ဒါရ, ရူပ စသော အာရုံတို့၌ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်စေတသိက် တရားတို့သည်။ အာယန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အာယာ၊ အာယ မည်ကုန်၏။ အာယသင်္ခါတေ၊ အာယ မည်ကုန်သော။ စိတ္တစေတသိကေ ဓမ္မေ၊ စိတ်, စေတသိက် တရားတို့ကို။ တာနိ စက္ခုရူပါဒီနိ၊ ထို စက္ခုရူပ စသော တရားတို့သည်။ တနောန္တိ ဝိတ္ထာရေန္တိ၊ ခဲ့ျတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို ၂ ပါးသော သတ္တိကြောင့်။ တေ ဓမ္မာ၊ ထို တရားတို့သည်။ အာယတနာနိ၊ အာယတနတို့ မည်ကုန်၏။

၁။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၁၅၉။

၂။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၁၁၂။ ဋီကာကျော်-နာ-၂၂၃-စသည်ကြည့်။

တနည်း–အာယေ တနောတိ, အာယတဉ္စ နယတီတိ အာယတနံ။

အာယေ၊ အာယမည်သော စိတ်, စေတသိက် တရားတို့ကို။ တနောတိ၊ ခဲ့ျတတ်၏။ အာယတဉ္စ၊ ရှည်စွာသော သံသရာခရီးသို့လည်း။ နယတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အာယဟနံ၊ အာယတန မည်၏။

ဤဒွိ တန–ပုဒ်ကား စကွဲစသော ဒွါရ ၆-ပါး, အာရုံ ၆-ပါးတည်း။ အာယ-ပုဒ်ကား စိတ် စေတသိက်တည်း။ ထို ပုဒ် ၂-ခုသည် သံသရာကို ခဲ့ျတတ်သော ကြောင့် အာယ–တနမည်၏ ဟူလို။

ဖုသနလက္ခဏော ဖဿော၊ သံဃဋ္ဋနရသော၊ သင်္ဂတိပစ္စုပဋ္ဌာနော၊ အာယတနပဒဋ္ဌာနော။[၁]

ဖဿော၊ ဖဿသည်။ ဖုသနလက္ခဏော၊ အာရုံနှင့် တွေ့ထိခြင်းလက္ခဏာ ရှိ၏။ သံဃဋ္ဋနရသော၊ ထိပါးခြင်းကိစ္စ ရှိ၏။ သင်္ဂတိပစ္စုပဋ္ဌာနော၊ ပဋိစ္ဆုပ်ချုပ် ထိပါးတတ်သော တရားဟူ၍ ဉာဏ်အားရှေးရှု ထင်၏။ အာယတနပဒဋ္ဌာနော၊ အာယတနလျှင် နီးသောအကြောင်း ရှိ၏။

ဖဿနှင့် ဝေဒနာတို့၏ ဥပမာကား—

အဂ္ဂိနာ ဖုဋ္ဌဿ ဖဿော၊ ဒါဟော ဝိယ ဒုက္ခဝေဒနာ။

အဂ္ဂိနာ၊ မီးနှင့်။ ဖုဋ္ဌဿ၊ တွေ့ထိခြင်းကဲ့သို့။ ဖဿော၊ ဖဿကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဒါဟော ဝိယ၊ ပူလောင်ခြင်းကဲ့သို့။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ဤဥပမာအတိုင်း ဖဿ ၆ ပါး, ဝေဒနာ ၆-ပါးတို့ကို သိပါကုန်။

အနုဘဝနလက္ခဏာ ဝေဒနာ၊ ဝိသယရသသမ္ဘောဂရသာ၊ သုခဒုက္ခ-ပစ္စုပဋ္ဌာနာ၊ ဖဿပဒဋ္ဌာနာ။[၂]

ဝေဒနာ၊ ဝေဒနာသည်။ အနုဘဝနလက္ခဏာ၊ အာရုံ၏ အရသာကို အစဉ် ခံစားခြင်း လက္ခဏာ ရှိ၏။ ဝိသယရသသမ္ဘောဂရသာ၊ အာရုံ၏ အရသာကို

၁။ ဝိသုဒ္ဓိ-ဒုတိယ-နှာ-၁၅၉။

သုံးဆောင်ခြင်းကိစ္စ ရှိ၏။ သုခဒုက္ခပစ္စုပ္ပဋ္ဌာနာ၊ သုခဒုက္ခဟူ၍ ဉာဏ်အား ရှေးရှု ထင်၏။ ဖဿပဒဋ္ဌာနာ၊ ဖဿလျှင် နီးသောအကြောင်း ရှိ၏။

ဟေတုလက္ခဏာ တက္ကာ၊ အဘိနန္ဒနရသာ၊ အတိတ္တိပစ္စုပ္ပဋ္ဌာနာ၊ ဝေဒနာပဒဋ္ဌာနာ။[၁]

တက္ကာ၊ တက္ကာသည်။ ဟေတုလက္ခဏာ၊ အကြောင်းဟူသော လက္ခဏာ ရှိ၏။ အဘိနန္ဒနရသာ၊ အလွန်နှစ်သက်ခြင်းကိစ္စ ရှိ၏။ အတိတ္တိပစ္စုပ္ပဋ္ဌာနာ၊ မရောင့်ရဲတတ်သော တရားဟူ၍ ဉာဏ်အားရှေးရှုထင်၏။ ဝေဒနာပဒဋ္ဌာနာ၊ ဝေဒနာလျှင် နီးသောအကြောင်း ရှိ၏။

ဂဟဏလက္ခဏံ ဥပါဒါနံ၊ အမုဉ္စနရသံ၊ တက္ကာဒဋ္ဌတ္တဒိဋ္ဌိပစ္စုပ္ပဋ္ဌာနံ၊ တက္ကာပဒဋ္ဌာနံ။[၂]

ဥပါဒါနံ၊ သည်။ ဂဟဏလက္ခဏံ၊ အာရုံကိုဆွဲကိုင်ခြင်း လက္ခဏာ ရှိ၏။ အမုဉ္စနရသံ၊ ကြွက်ကို ကြောင်ခဲသကဲ့သို့ မလွှတ်လိုခြင်းကိစ္စ ရှိ၏။ တက္ကာဒဋ္ဌတ္တဒိဋ္ဌိပစ္စုပ္ပဋ္ဌာနံ၊ တက္ကာဒိဋ္ဌိတို့ဖြင့် မြဲစွဲစွဲယှက်တတ်သော တရားဟူ၍ ဉာဏ်အားရှေးရှု ထင်၏။ တက္ကာပဒဋ္ဌာနံ၊ တက္ကာလျှင် နီးသောအကြောင်း ရှိ၏။

ကမ္မကမ္မဖလလက္ခဏော ဘဝေါ၊ ဘဝနဘာဝနရသော၊ ကုသလာကုသလာဗျာကတပစ္စုပ္ပဋ္ဌာနော၊ ဥပါဒါနပဒဋ္ဌာနော။[၃]

ဘဝေါ၊ ဘဝသည်။ ကမ္မကမ္မဖလလက္ခဏော၊ ကံကံ၏ အကျိုးဟူသော လက္ခဏာ ရှိ၏။ ဘဝနဘာဝနရသော၊ ဖြစ်ခြင်း,ဖြစ်စေခြင်းဟူသော ၂-ကိစ္စ ရှိ၏။ ကုသလာကုသလာဗျာကတပစ္စုပ္ပဋ္ဌာနော၊ ကုသိုလ်, အကုသိုလ်, အဗျာကတ ဟူ၍ ဉာဏ်အား ရှေးရှုထင်၏။ ဥပါဒါနပဒဋ္ဌာနော၊ ဥပါဒါန်လျှင် နီးသောအကြောင်းရှိ၏။

ပဋမဘဝါနိဗ္ဗတ္တိ လက္ခဏာ ဇာတိ၊ နိယျာတနရသာ၊ အတီတဘဝတော ဣဓ ဥပ္ပဇ္ဇနပစ္စုပ္ပဋ္ဌာနာ၊ ဘဝပဒဋ္ဌာနာ။[၄]

၁။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၁၅၉။ ၃။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၁၆၀။
၂။ ဝိသုဒ္ဓိ-ဒုတိယ-နာ-၁၃၀-ကြည့်။

ဇာတိ၊ ဇာတိသည်။ ပဌမာဘိနိဗ္ဗတ္တိလက္ခဏာ၊ ဘဝသစ်၌ ရှေးဦးဖြစ်ခြင်း လက္ခဏာ ရှိ၏။ နိယျာတနရသာ၊ ဆောင်နှင်းခြင်းကိစ္စ ရှိ၏။ အတိတဘဝတော၊ အတိတ်ဘဝမှ။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝသို့။ ဥမ္မုဇ္ဇနပစ္စုပဋ္ဌာနာ၊ ဖြစ်ပေါ်လာသကဲ့သို့ ဉာဏ်အား ရှေးရှုထင်၏။ ဘဝပဒဋ္ဌာနာ၊ ဘဝလျှင် နီးသောအကြောင်း ရှိ၏။

ပဋိစ္စသမုပ္ပါဒ်၏ နက်နဲခြင်းလေးပါးကို အကျဉ်းမှတ်ရန်

အဝိဇ္ဇာကြောင့်၊ ဖြစ်ထသင်္ခါရုံ၊ ဇာတိမမ္မကြောင့်၊ ဖြစ်ထ ဇရာမရဏံ၊ ဤသို့ အကျိုးအတွဲ၊ နက်နဲလှ၊ မှတ်ကြဂမ္ဘီရုံ။

သင်္ခါရသည် အဝိဇ္ဇာမှ၊ ဇရာမရဏသည် ဇာတိမှဟု၊ လာမူသိမှန်၊ ဤသို့ အကြောင်းဓမ္မ၊ နက်နဲလှ၊ မှတ်ကြ ဂမ္ဘီရုံ။

အစ အနုပဋ္ဌိ၊ လယ် နုပဋ္ဌိ၊ နက်ဘိဓမ္မဒေသနံ။လက္ခဏ ရသ၊ သိကိစ္စ၊ နက်လှ ပဋ္ဌိဝေဓဉာဏ်။

ပဋိစ္စသမုပ္ပါဒ်၏ နက်နဲခြင်း ၄-ပါး

မဟာဝါပါဠိတော် (နှာ-၄၇) အရ အတ္ထဂမ္ဘီရ, ဓမ္မဂမ္ဘီရ, ဒေသနာဂမ္ဘီရ, ပဋိဝေဓဂမ္ဘီရ-ဟူ၍ ပဋိစ္စသမုပ္ပါဒ်၏ နက်နဲခြင်း ၄-ပါးကို ပြဦးအံ့ -

တတ္ထ၊ ထိုလေးပါးသော နက်နဲခြင်းတို့ကိုဆိုရာ၌။ အတ္ထဂမ္ဘီရတာယ စ၊ အကျိုး၏ နက်နဲသည်၏ အဖြစ်ကြောင့်ဝင်း။ ဓမ္မဂမ္ဘီရတာယ စ၊ အကြောင်း၏ နက်နဲသည်၏ အဖြစ်ကြောင့်ဝင်း။ ဒေသနာဂမ္ဘီရတာယ စ၊ ဒေသနာ၏ နက်နဲသည်၏ အဖြစ်ကြောင့်ဝင်း။ ပဋိဝေဓဂမ္ဘီရတာယ စ၊ ဝေဖန် ခွဲခြမ်း၍ သိအပ်သော သဘော၏ နက်နဲခြင်းကြောင့်ဝင်း။ ဣတိ၊ ဤသို့။ စတူဟိ၊ လေးပါးကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ပဋိစ္စသမုပ္ပါဒေါ၊ သည်။ ဂမ္ဘီရော၊ နက်နဲ၏။[1]

၁။ သုတ်မဟာဝါ-အဋ္ဌကထာ-နှာ-၇၃။

တတ္ထ၊ ထိုလေးပါးသော နက်နဲခြင်းတို့တွင်။ ဇရာမရဏာသ၊ ဇရာမရဏာ၏။ ဇာတိပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော၊ ဇာတိဟူသော အကြောင်းဖြစ်၍ အထက် အထက်၌ အဖန်တလဲလဲ ဖြစ်ခြင်း သဘောသည်။ ဝါ၊ ဇာတိဟူသော အကြောင်းကြောင့် ဖြစ်ခြင်းသဘော, ဇာတိမဲ့ ကောင်းစွာ လာခြင်းသဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။ သဒ်္ဒါရာနံ၊ သဒ်္ဒါရတရားတို့၏။ အဝိဇ္ဇာပစ္စယသမ္ဘူတ သမုဒါဂတဋ္ဌော၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့်ဖြစ်၍ အထက် အထက်သို့ ဒဖန်တလဲလဲဖြစ်ခြင်းသဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။ ဣတိ အယံ၊ ဤဆိုခဲ့ပြီးသည်ကား၊ အတ္ထဂမ္ဘီရတာ၊ အကျိုးနက်နဲသည်၏ အဖြစ်မည်၏။[1]

အတ္ထဂမ္ဘီရ ပြီးပြီ။

အဝိဇ္ဇာယ၊ ၏။ သဒ်္ဒါရာနံ၊ သဒ်္ဒါရတရားတို့၏။ ပစ္စယဋ္ဌော၊ အကြောင်းဟူသော အနက်သဘောသည်။ ဂမ္ဘီရော၊ ၏။ ဇာတိယာ၊ ဇာတိ၏။ ဇရာမရဏာသ၊ ၏။ ပစ္စယဋ္ဌော၊ အကြောင်းဟူသော သဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။ ဣတိ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဓမ္မဂမ္ဘီရတာ၊ အကြောင်း၏ နက်နဲသည်၏အဖြစ် မည်၏။[2]

ဓမ္မဂမ္ဘီရ ပြီးပြီ။

ကတ္ထစိ သုတ္တော၊ အာဝုိသော ပါဋိဋ္ဌိ။ပဋိစ္စသမုပ္ပါဒေါ၊ကိံ။အနုလောမတော၊ အာဝးဖြင့်။ ဒေသိယတိ၊ ဟောတော်မူအပ်၏။ ကတ္ထစိ သုတ္တော၊ ဋ္ဌိ။ ပဋိစ္စသမုပ္ပါဒေါ၊ ကိံ။ ပဋိလောမတော၊ အာဝးဖြင့်။ ဒေသိယတိ၊ ဟောတော်မူအပ်၏။ ကတ္ထစိ သုတ္တော၊ ဋ္ဌိ။ ပဋိစ္စသမုပ္ပါဒေါ၊ ကိံ။ အနုလောမ ပဋိလောမတော၊ အနုလောမ ပဋိလောမအာဝးဖြင့်။ ဒေသိယတိ၊ ၏။ ကတ္ထစိ၊ ဋ္ဌိ။ ပဋိစ္စသမုပ္ပါဒေါ၊ ကိံ။ မဇ္ဈတော၊ အလယ်မှ။ ပဋ္ဌာယ၊ စ၍။ အနုလောမတော ဝါ၊ အနုလောမအာဝးဖြင့်ဂင်း။ ပဋိလောမတော ဝါ၊ ပဋိလောမအာဝးဖြင့်ဂင်း။ အနုလောမ ပဋိလောမတော ဝါ၊ အနုလောမ ပဋိလောမအာဝးဖြင့်ဂင်း။ဒေသိယတိ၊

၁။ သုတ်မဟာဝါ အဋ္ဌကထာ-နှာ-ဂဉ်။

၏။ ကတ္ထစိ သုတ္တော၊ ဌ္ဌ။ တိသန္နိ စတုသခ်ေပါ၊ ၃-ပါးသောအစပ်, လေးပါး သောအလ္ဘာရှိသော။ ပဋိစ္စသမုပ္ပါဒေါ၊ ကို။ ဒေသိယတိ၊ ၏။ ကတ္ထစိ သုတ္တော၊ ဌ္ဌ။ ဒွိသန္နိ တိသခ်ေပါ၊ ၂-ပါးသောအစပ်, ၃ ပါးသောအလ္ဘာရှိသော။ ပဋိစ္စ-သမုပ္ပါဒေါ၊ ကို။ ဒေသိယတိ၊ ၏။ ကတ္ထစိ သုတ္တော၊ ဌ္ဌ။ ကေသန္နိ ဒွိသခ်ေပါ၊ တပါးသောအစပ်, ၂-ပါးသောအလ္ဘာရှိသော။ပဋိစ္စသမုပ္ပါဒေါ၊ကို။ ဒေသိယတိ၊ ဟောတော်မူအပ်၏။ ဣတိ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ဒေသနာဂမ္ဘီရတာ၊ ဒေသနာ၏ နှက်နဲသည်၏အဖြစ်မည်၏။[1]

ဒေသနာနက်နဲခြင်း ပြီးပြီ။

ပန၊ ထိုဒေသနာဂမ္ဘီရမှတပါး ပဋိဝေဓဂမ္ဘီရကို ဆိုဦးအံ့။ အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။အညာဏအဒဿန သစ္စ အပဋိဝေဓဋ္ဌေ၊ မသိခြင်းသဘော, အာရုံကို မျက်မှောက်ပြုသောအားဖြင့်မမြင်ခြင်းသဘော, သစ္စာလေးပါးကို မသိစေခြင်း သဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။

သခ်ါရာနံ၊ သခ်ါရတို့၏။ အာယူဟန အဘိသခ်ရဏသရာဂဝိရာဂဋ္ဌေ၊ အားထုတ်ခြင်းသဘော, ပြုခြင်းသဘော, ရာဂနှင့်တကွဖြစ်ခြင်း ရာဂနှင့်တကွ မဖြစ်ခြင်းသဘောသည်။ ဂမ္ဘီရော၊ ၏။

ဝိညာဏဿ၊ ဝိညာဏ်၏။ သုညတ အဗျာပါရ အသက်္ကန္တိ ပဋိသန္ဓိ ပါတု-ဘာဝဋ္ဌော၊ အတ္တာမှ ဆိတ်သော သဘော, ကြောင့်ကြကင်းခြင်း သဘော, မပြောင်းခြင်းသဘော, ပဋိသန္ဓေထင်ရှားဖြစ်ခြင်းသဘောသည်။ ဂမ္ဘီရော၏။

နာမရူပဿ၊ နာမ်ရုပ်၏။ ကေပ္ပါဒ ဝိနိဗ္ဘောဂါဝိနိဗ္ဘောဂ နမနရူပ္ပနဋ္ဌော၊ တကွဖြစ်ခြင်းသဘော, အသီးအသီးဖြစ်ခြင်းသဘော, အသီးအသီးမဖြစ်ခြင်း သဘော, အာရုံသဘောသို့ရှေးရှုညွတ်ခြင်းသဘော, ဆန့်ကျင်ဘက်အကြောင်း တို့ကြောင့် ဖောက်ပြန်ခြင်းသဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။

သဠာယတနဿ၊ ၏။ အဓိပတိ လောကဒ္ဓိရက္ခေတ္တဝိသယိဘာဝဋ္ဌော၊ အစိုးရခြင်းသဘော, ပျက်တတ် ဖြစ်တတ်သောလောကသဘော, ဖဿ စသော

၁။ သုတ်မဟာဝဂ်အဋ္ဌကထာ-နှာ-ဂဉ်။

တရားတို့၏ သုံးဆောင်ရာ ဒွါရသဘော, ဖဿ စသော တရားတို့၏ ဖြစ်ပွါးရာ ဖြစ်သော ခေတ္တာသဘော, အာရုမ္မဏိက အဖြစ်ဟူသော သဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။[၁]

ဖဿဿ၊ ၏။ ဖုသနသံဃဋ္ဋနသင်္ခါတသဒ္ဒေါ၊ အာဂုံကို တွေ့ခြင်းသဘော, ထိပါးခြင်းသဘော, ပေါင်းခြင်းသဘော, စုဝေးခြင်းသဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။[၂]

ဝေဒနာယ၊ဝေဒနာ၏။ အာရုမ္မဏ ရသာနုဘဝန သုခဒုက္ခမဇ္ဈတ္တဘာဝ နိဗ္ဗိဝေဒယိတဒ္ဒေါ၊ အာရုံ၏ အရသာကို ခံစားခြင်းသဘော, ချမ်းသာသော သဘော, ဆင်းရဲသောသဘော, လျစ်လျူရှုခြင်းသဘော, ဇီဝမဟုတ်ခြင်းသဘော, ခံစားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းသဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။[၂]

ဝါက္ခာယ၊ တက္ခာ၏။ အဘိနန္ဒိတ အဇ္ဈောသာန သရိတာ လတာတက္ခာနဒီ-တက္ခာသမုဒ္ဒဒုပ္ပူရကဒ္ဒေါ၊ အလွန်နှစ်သက်ခြင်းသဘော, အာရုံကို မျိုချအပြီး အဆုံးသို့ ရောက်စေခြင်းသဘော, မြစ်ကဲ့သို့ သတ္တဝါတို့ကို ငင်ခြင်းသဘော, ဝါ၊ မျောစေခြင်းသဘော,မြစ်ကဲ့သို့ သတ္တဝါတို့ကို စိုစွတ်ခြင်းသဘော,နယ်ကဲ့သို့ သတ္တဝါတို့ကို ဖွဲ့ယှက်ခြင်းသဘော, တက္ခာဟူသော မြစ်၏ ပိုးဝင်ခြင်းသဘော, တက္ခာဟူသော သမုဒ္ဒရာ၏ ပြည့်နှိုင်ခဲခြင်းသဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။[၂]

ဥပါဒါနဿ၊ ၏။ အာဒါန ဂဟဏ အဘိနိဝေသ ပရာမာသ ဒုရတိက္ကမဒ္ဒေါ၊ စွဲလမ်းခြင်းသဘော, ယူခြင်းသဘော, မှားသော အားဖြင့် နှလုံးသွင်းခြင်းသဘော, မှားသောအားဖြင့် သုံးသပ်ခြင်းသဘော, လွန်မြောက်နိုင်ခဲသော သဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။[၂]

ဘဝဿ၊ ဘဝ၏။ အာယူဟနာဘိသင်္ခရဏ ယောနိ ဂတိဌိတိ နိဝါသေသု ခိပနဒ္ဒေါ၊ သမ္ပယုတ်တရားတို့ကို ပေါင်းခြင်းသဘော, ပြုခြင်းသဘော,လေးပါးသော ယောနိ, ငါးပါးသော ဂတိ, ခုနစ်ပါးသော ဝိညာဏဌိတိ, ၉-ပါးသော သတ္တာဝါသတို့၌ ပစ်ချခြင်းသဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။[၂]

၁။ သုတ်မဟာဝါအဋ္ဌကထာ-နှာ-ဂဂ္ဂ။ ၂။ သုတ်မဟာဝါအဋ္ဌကထာ-နှာ ဂဂ္ဂ။

ဇာတိယာ၊ ဇာတိ၏။ ဇာတိသဒ္ဒါတို့သြက္ကန္တိ နိဗ္ဗတ္တိ ပါတုဘာဝဋ္ဌေ၊ ဖြစ်ခြင်းသဘော, ကောင်းစွာဖြစ်ခြင်းသဘော, အမိဝမ်းသို့ သက်ဝင်သကဲ့သို့ ဖြစ်ခြင်းသဘော, ဇာတိကြောင့်ဖြစ်သော ထင်ရှားဖြစ်ခြင်းသဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။[၁]

ဇရာမရဏာသေ၊ ဇရာမရဏ၏။ ခယ ဝယ ဘေဒ ဝိပရိဏာမဋ္ဌေ၊ ကုန်ခြင်းသဘော, ကင်းခြင်းသဘော, ပျက်ခြင်းသဘော, ဖောက်ပြန်ခြင်းသဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။[၂]

ဝေမာဒယော၊ ဤသို့ အစရှိသည်တို့သည်။ အဝိဇ္ဇာဒီနံ၊ အဝိဇ္ဇာစသည်တို့၏။ သဘာဝေါ၊ သဘောမည်၏။ ယေန ပဋိဝေဓေန၊ အကြင် အကြင် ထိုးထွင်း၍ သိသော သဘောအားဖြင့်။ ဒအဝိဇ္ဇာဒယော၊ သဘာဝဝန္တဖြစ်သော အဝိဇ္ဇာ စသော တရားတို့ကို။ သ လက္ခဏတော၊ မိမိတို့၏ သဘောလက္ခဏာဖြင့်။ ပဋိဝိဒ္ဓါ၊ ထိုးထွင်း၍ သိအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သော ပဋိဝေဓော၊ ထို ထိုးထွင်း၍ သိသော ဉာဏ်သဘောသည်။ ဂမ္ဘီရော၊ နက်နဲ၏။ ဣတိ အယံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား။ ပဋိဝေဓဂမ္ဘီရော၊ ပဋိဝေဓဂမ္ဘီရ မည်၏။[၃]

ပဋိဝေဓဂမ္ဘီရ ပြီးပြီ။

နက်နဲခြင်း လေးပါး ပြီး၏။

မြတ်စွာဘုရားသည် ညီတော် အာနန္ဒာအား ပဋိစ္စသမုပ္ပါဒ် ပဋိလောမနည်းဖြင့် ဇရာ မရဏ စသည်တို့၏ အကြောင်းကို ဟောတော်မူပုံ

ချစ်သားအာနန္ဒာ၊ ဇရာမရဏ၏ အကြောင်းကို မေးခဲ့သော် ဇာတိဟု ဖြေဆိုအပ်၏။ ဇာတိ၏ အကြောင်းကိုမေးသော် ဘဝဟု ဖြေဆိုအပ်၏။ ဘဝ၏ အကြောင်းကို မေးသော် ဥပါဒါန်ဟု ဖြေဆိုအပ်၏။ ဥပါဒါန်၏ အကြောင်းကို မေးသော် တဏှာဟု ဖြေဆိုအပ်၏။ တဏှာ၏ အကြောင်းကို မေးသော်

၁။ သုတ်မဟာဝါအဋ္ဌကထာ-နှာ-ဂဂ္ဂ။

ဝေဒနာဟု ဖြေဆိုအပ်၏။ ဝေဒနာ၏ အကြောင်းကို မေးသော် ဖဿဟု ဖြေဆိုအပ်၏။ ဖဿ အကြောင်းကား နာမ်ရုပ်တည်း။ နာမ်ရုပ် အကြောင်းကား ဝိညာဏ်ဟု ဖြေဆိုအပ်၏။ ဝိညာဏ် အကြောင်းကား နာမ်ရုပ်။ ဤသို့လျှင် နာမ်ရုပ်ကြောင့် ဝိညာဏ် ဖြစ်၏။ ဝိညာဏ်ကြောင့် နာမ်ရုပ် ဖြစ်၏။ နာမ်ရုပ်ကြောင့် ဖဿဖြစ်၏။ ဖဿကြောင့် ဝေဒနာ ဖြစ်၏။ ဝေဒနာကြောင့် တဏှာ ဖြစ်၏။ တဏှာကြောင့် ဥပါဒါန် ဘဝ ဇာတိ ဇရာ မရဏ တို့သည် ဒုဆင့်ဆင့် ဖြစ်ကုန်၏။

နိရောဓအားဖြင့် တဖန် ဆင်ခြင်နည်းကား – အကယ်၍ ဥဒ-ဘုံ၌ ဇာတိ မဖြစ်လျှင် ဇရာမရဏ မဖြစ်နိုင်။ ထိုကြောင့် ဇာတိသည် အိုခြင်း နာခြင်း သေခြင်းတို့၏ အကြောင်းမူလပေတည်း၊ အကြောင်းသမုဒယပေတည်း၊ ပစ္စည်းပေတည်း။ ကာမကိုသိုလ်, ရူပကိုသိုလ်, အရူပကိုသိုလ်ဟု ဆိုအပ်သော ကာမ-ဘဝ, ရူပဘဝ, အရူပဘဝ ကံတို့ကြောင့် ဇာတိ ဖြစ်၏။ ကမ္မဘဝ မဖြစ်လျှင် ဇာတိ မဖြစ်နိုင်တော့ပြီ၊ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒု-ပါဒါန်တို့ကြောင့် ဘဝ ဖြစ်၏။ ဥပါဒါန် မဖြစ်လျှင် ဘဝ မဖြစ်နိုင်၊ ထိုကြောင့် ဥပါဒါန်သည် ဘဝ၏ မူလပေတည်း၊ သမုဒယပေတည်း၊ ပစ္စည်းဓပေတည်း။

တဏှာကြောင့် ဥပါဒါန်ဖြစ်၏။ အဘယ်တဏှာကြောင့် ဥပါဒါန်ဖြစ်သနည်း။ အာရုံ ၆-ပါး၌ တပ်သော တဏှာကြောင့် ဥပါဒါန်ဖြစ်၏။ ထိုတဏှာ ချုပ်သော် ဥပါဒါန် မဖြစ်နိုင်တော့ပြီ။ ထိုကြောင့် တဏှာသည် ဥပါဒါန်၏ အကြောင်းရင်းပေးတည်း။

ဝေဒနာကြောင့် တဏှာဖြစ်၏။ အဘယ်ဝေဒနာကြောင့် တဏှာဖြစ်သနည်း။ စက္ခုသမ္ဖဿ ။ပ။ မနောသမ္ဖဿ တို့ကြောင့် ဝေဒနာ ဖြစ်၏။ ထို ဝေဒနာတို့ ချုပ်သော် တဏှာ မဖြစ်နိုင်၊ ထိုကြောင့် ဝေဒနာသည် တဏှာ၏မူလပေတည်း၊ နိဒါန်းပေတည်း၊ ပစ္စည်းပေတည်း။

သုခဝေဒနာတဏှာကြောင့် ဒုက္ခဆယ်ပါး ဖြစ်ပုံ

ဤသို့လျှင် ဝေဒနာကြောင့် တဏှာ။ တဏှာကြောင့် ရှာမှီးခြင်း၊ ရှာမှီးခြင်းကြောင့် ရရှိခြင်း၊ ရခြင်းကြောင့် ငါ့ဟာဟု ကြံစည်ဆုံးဖြတ်ခြင်း၊ ထို

ဆုံးဖြတ်ခြင်းကိုစဲ့၍ ဆန္ဒရာဂဖြစ်ခြင်း၊ ဆန္ဒရာဂကိုစဲ့၍ အဆုံးတိုင် ငါ့ဥစ္စာဟု စဲ့လမ်းခြင်း ဖြစ်၏၊ စဲ့လမ်းခြင်းကို စဲ့၍ သိမ်းဆည်းခြင်း၊ သိမ်းဆည်းခြင်းကို စဲ့၍ ဝန်တိုမစ္ဆရိယဖြစ်ခြင်း၊ ဝန်တိုမစ္ဆရိယကြောင့် စောင့်ရှောက်ခြင်း ဖြစ်၏။ စောင့်ရှောက်မှုကြောင့် ဒဏ်ပေးခြင်း, လက်နက်ကိုင်ခြင်း, ခိုက်ရန်ငြင်းခုံဖြစ်ခြင်း, နှင်နှင်ဟု မခံသာအောင်ဆိုခြင်း, ဂုံးတိုက်ခြင်း, မုသားပြောခြင်း ဒုစရိုက်သော မျိုးစုံယုတ်မာလှစွာသော အကုသိုလ်တို့သည် ဖြစ်ကုန်၏။

သုခ ဝေဒနာကြောင့် ဖြစ်ထ တဏှာ၊ ယင်းတဏှာကြောင့်ရှာမှု ပရိယေသနဒုက္ခ၊ ရှာမှီးမှုကြောင့် ရမှု လာဘ်၊ လာဘ်ရမှုကြောင့် ငါ့ဥစ္စာဟု ဆုံးဖြတ်မှ ဝိနိစ္ဆယ၊ ဆုံးဖြစ်မှုကြောင့် တပ်မှ ဆန္ဒရာဂ၊ ဆန္ဒရာဂကြောင့် အဆုံးတိုင် ငါ့ဥစ္စာဟု စွဲမှ ဥပါဒါန်၊ ဥပါဒါန်ကြောင့် သိမ်းဆည်းမှု ပရိဂ္ဂဟ၊ ပရိဂ္ဂဟကြောင့် ဖြစ်ထ မစ္ဆရိယ၊ ဝန်တို မစ္ဆရိယကြောင့် စောင့်ရှောက် အာရက္ခ၊ အာရက္ခကြောင့် ဖြစ်ထ ခိုက်ရန်၊ နှင်ဟယ် ငါ စ၊ ဆဲဆိုကြ၊ ဖြစ်ထ အကုသလ။

အကုသလမှု၊ အကြောင်းပြု၊ ကျမှု အပါယဒုက္ခ။

ပဋိလောမဆင်ခြင်နည်း

ပဋိလောမအားဖြင့် ဆင်ခြင်နည်းကို ပြဦးအံ့—

မစ္ဆရိယကြောင့်၊ စောင့်ထ အာရက္ခ၊ မစ္ဆရိယချုပ်က၊ အာရက္ခ၊ မုချုပ်ပြတ်လျှံ။

ပရိဂ္ဂဟကြောင့်၊ ဖြစ်ထ မစ္ဆရိယ၊ သိမ်းဆည်းမှုချုပ်က၊ မစ္ဆရိယ၊ မုချုပ်ပြတ်လျှံ။

အဆုံးတိုင် ငါ့ဥစ္စာဟု ဥပါဒါန်စဲ့ယူမှုကြောင့်၊ဖြစ်မှု ပရိဂ္ဂဟ၊ ဥပါဒါန်ချုပ်က ပရိဂ္ဂဟ၊ မုချုပ်ပြတ်လျှံ။

လိုချင်တပ်မက်မှု၊ ဆန္ဒရာဂကိုစဲ့၍၊ ဖြစ်ထ အဇ္ဈောသာန၊ ဆန္ဒရာဂချုပ်က၊ ထို ဥပါဒါန အဇ္ဈောသာန၊ မုချုပ်ပြတ်လျှံ။

ဝိနိစ္ဆယကြောင့်၊ ဖြစ်ထ ဆန္ဒရာဂံ၊ ဆုံးဖြတ်မှု ဝိနိစ္ဆယ ချုပ်က၊ တဏှာ ဆန္ဒရာဂ၊ မုခ္ခ ချုပ်ပြတ်သ္ဒါ။

ရဂ္ဂိမှုကြောင့်၊ ဆုံးဖြတ်မှု ဝိနိစ္ဆယံ၊ ရမှုချုပ်က၊ ဝိနိစ္ဆယ၊ မုခ္ခ ချုပ်ပြတ်လ္ဒါ။

ရာမိုးမှုကြောင့်၊ ရမှုလာဘံ၊ရာမိုးမှုချုပ်က၊လာဘ်လာဘ၊ မုခ္ခ ချုပ်ပြတ်လ္ဒါ။

သုခဝေဒနာ တဏှာသာယာ ခင်တွယ်မှုကြောင့်၊ ဖြစ်မှုတဏှံ၊ သာယာ-ခင်တွယ်မှု၊ ပယ်စွန့်ပြု၊ ချုပ်မှု ထို တဏှံ။

ယင်း တဏှာကြောင့်၊ ရာမှုပရိယေသနံ၊ တဏှာချုပ်က၊ ပရိယေသန၊ မုခ္ခ ချုပ်ပြတ်လ္ဒါ။

ပရိယေသနကြောင့်၊ ရမှုလာဘံ၊ ရာမိုးမှုချုပ်က၊ လာဘ်လာဘ၊ မုခ္ခ ချုပ်ပြတ်လ္ဒါ။

ပဋိလောမနည်း ပြီးပြီ။

အနုလောမ ဆင်ခြင်နည်း

အနုလောမနည်းကို ပြဦးအုံ-

ဝေဒနာကြောင့်၊ ဖြစ်ထ အဘိနန္ဒနံ၊ ဝေဒနာချုပ်က၊ အဘိနန္ဒန၊ မုခ္ခ ချုပ်ပြတ်လ္ဒါ။

ဖဿဖြစ်မှုကြောင့်၊ ဖြစ်မှု ဝေဒနံ၊ ဖဿ ချုပ်မှု၊ အကြောင်းပြု၊ ချုပ်မှု ဝေဒနံ။

နာမ်ရုပ် ဖြစ်မှု၊ အကြောင်းစုကြောင့်၊ ဖြစ်မှု ဖဿံ၊ နာမ်ရုပ်ချုပ်က၊ ထို ဖဿ၊ မုခ္ခ ချုပ်ပြတ်လ္ဒါ။

အဝိဇ္ဇာမှု၊ ဖြစ်ထ ပဋိသန္ဓိဝိညာဏံ၊ ထိုထိုဝိညာဏ် မဖြစ်က၊နာမရုပ်၊ ဖြစ်ထ လွန်ဝေးလံ။

ပဋိသန္ဓေအခါ ဝိညာဏ်သည် အကြောင်းဖြစ်၏။ နာမ်ရုပ်ကား အကျိုးဟူလို။ သို့ရာတွင် ဖြစ်စဉ်အခါမှာ တပြိုင်တည်းပင်တည်း။ ဤ၌ ဝိညာဏ် ပြဋ္ဌာန်း၏ဟူလို။ ဤအကြောင်းကို မြတ်စွာဘုရားက ညီတော် အာနန္ဒာအား ဟောကြားမူပေတည်း။ ဟောကြားပုံကား–အို့အာနန္ဒာ၊ ဤမျှလောက်သောဒုးတိုင်းအရှည်ဖြင့် နာမ်ရုပ်သည် ဝိညာဏ်အား, ဝိညာဏ်သည် နာမ်ရုပ်အား အချင်းချင်း ကျေးဇူးပြုသောကြောင့် ဖြစ်လည်း ဖြစ်၏၊ ရင့်လည်းရင့်၏၊ သေလည်း သေ၏၊ ရှေ့လည်း ရှေ့၏၊ တဖန် ပဋိသန္ဓေလည်း နေရကုန်၏။ ဤသို့လျှင် သဒ္ဓါအားလျော်စွာ ပညတ်ခြင်းငှါ ဖြစ်ကုန်၏။ ဤသို့ အချင်းချင်း ကျေးဇူးပြုသောကြောင့် ခန္ဓာငါးပါး ဝဋ်ဆင်းရဲဖြစ်၍ နေကုန်၏ ဟူလို။

ပဋိစ္စသမုပ္ပါဒ်ကို ၄၄ ပါးသော ဉာဏ်ဝတ္ထုတို့ဖြင့် ပဋိသမ္ဘိဒါမဂ်အရ ရှုပုံ

ပဋိစ္စသမုပ္ပါဒ်ကို သစ္စာဖွဲ့၍ ၄၄-ပါးသော ဉာဏ်ဝတ္ထုရှုနည်းကား–

၁။ ဇာတိသမုဒယကြောင့်၊ ဖြစ်တ ဇရာဗျာဓိမရဏ ဒုက္ခသစ္စံ၊ ဇာတိသမုဒယချုပ်က၊ ဇရာမရဏ၊ မုချ ချုပ်ပြတ်လျှံ။

၂။ ကမ္မဘဝ သမုဒယကြောင့်၊ ဖြစ်ထ ဇာတိဒုက္ခံ၊ ကမ္မဘဝ ချုပ်က၊ ဇာတိ စ၊ မုချချုပ်ပြတ်လျှံ။

၃။ ဥပါဒါန်ကြောင့်၊ ဖြစ်ထ ကမ္မဘဝါ၊ ဥပါဒါန်ချုပ်က၊ ကမ္မဘဝ၊ မုချ ချုပ်ပြတ်လျှံ။

၄။ တဏှာသမုဒယကြောင့်၊ ဖြစ်ထ ဥပါဒါန်၊ တဏှာချုပ်က၊ ဥပါဒါန်၊ မုချ ချုပ်ပြတ်လျှံ။

၅။ ဝေဒနာ သမုဒယကြောင့်၊ ဖြစ်ထ တဏှာဒုက္ခံ၊ ဝေဒနာချုပ်က၊ တဏှာဒုက္ခ၊ မုချ ချုပ်ပြတ်လျှံ။

၆။ ဖဿ သမုဒယကြောင့်၊ ဖြစ်ထ ဝေဒနံ၊ ဖဿချုပ်မှု၊ အကြောင်းပြု၊ ချုပ်မှုဝေဒနံ။

၇။ အာယတနကြောင့်၊ ဖြစ်ထ ဖဿံ၊ အာယတနချုပ်က၊ ထိုဖဿ၊ မုခု ချုပ်ပြတ်လျှံ။

၈။ နာမ်ရုပ် သမုဒယကြောင့်၊ ဖြစ်ထ သဋ္ဌာယတနဒုက္ခံ၊ နာမ်ရုပ်ချုပ်က၊ ထို သဋ္ဌာယတန၊ မုချ ချုပ်ပြတ်လျှံ။

၉။ ဝိညာဏ သမုဒယကြောင့်၊ ဖြစ်ထ နာမရူပဒုက္ခသစ္စံ၊ ဝိညာဏ်ချုပ်က၊ ထို ဒုက္ခ၊ မုချ ချုပ်ပြတ်လျှံ။

၁၀။ သခါရ သမုဒယကြောင့်၊ ဖြစ်ထ ဝိညာဏ ဒုက္ခသစ္စံ၊ သခါရ ချုပ်က၊ ထို ဒုက္ခ၊ မုချ ချုပ်ပြတ်လျှံ။

၁၁။ အဝိဇ္ဇာ သမုဒယကြောင့်၊ ဖြစ်ထ သခါရ ဒုက္ခသစ္စံ၊ အဝိဇ္ဇာ ချုပ်က၊ ထို သခါရ၊ မုချ ချုပ်ပြတ်လျှံ။

၁၂။ ဤသို့ အကြောင်းသမုဒယကြောင့်၊ ဖြစ်ထ အကျိုးဒုက္ခသစ္စံ၊ မဂ္ဂသစ္စာ၊ သမ္မာဒိဋ္ဌိမှု၊ ဉာဏ်မြင်ရှုက၊ ချုပ်ထ အဝိဇ္ဇံ။ ဤသို့ချုပ်က၊ အဇာတ၊ ဂဒအပ် နိဗ္ဗာနံ။

ဤကား "ဇရာမရဏော ဉာဏံ၊ ဇရာမရဏသမုဒယော ဉာဏံ၊ ဇရာမရဏ-နိရောဓေ ဉာဏံ၊ ဇရာမရဏ နိရောဓဂါမိနိပဋိပဒါယ ဉာဏံ" ဟူသော အင်္ဂါ၊ တပါးတပါးဌ် သစ္စာ ၄-ပါး ၄-ပါးပြု၍ ၄၄ ပါးသော ဉာဏဝတ္ထုတို့ဖြင့် ရှုပုံကို ပဋိသမ္ဘိဒါမဂ်အရ ဗဟုသုတ ရှိကြစေခြင်းငှါ ထည့်လိုက်ပေသည်။

အသင့် နှလုံးသွင်းက ကုသိုလ်ပွါးပုံ မသင့်နှလုံးသွင်းက ကုသိုလ်ဆုတ်ယုတ်ပုံ

အသင့် နှလုံးသွင်းက ကုသိုလ်ပွါးပုံကို အင်္ဂုတ္တိရ်ပါဠိတော်အရ ပြဦးအံ့—

ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ ကုသ-လာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တိ။[၁]

ဘိက္ခဝေ၊ တို့။ ယောနိသော။ အသင့်အားဖြင့်။ မနသိကရောတော၊ နှလုံးသွင်းသောသူအား။ တနည်း—ယောနိသော၊ အသင့်အားဖြင့်။ မနသိကရော-

---

၁။ အင်္ဂုတ္တိရ် ပဌမ-နှာ-၁၂။

တော၊ အနိစ္စ နာမ်ရုပ်ကို အနိစ္စ, ဒုက္ခ နာမ်ရုပ်ကို ဒုက္ခ, အနတ္တ နာမ်ရုပ်ကို အနတ္တ, အသုဘ နာမ်ရုပ်ကို အသုဘဟု ဒုလုံးသင်းသော သူအား။ အနုပုဗ္ဗာ စေဝ ကုသလာ ဓမ္မာ၊ မဖြစ်သေးသော ကုသိုလ်တရားတို့သည်လည်း။ ဝါ၊ မဖြစ်ဘူးသေးသော လောကုတ္တရာ ကုသိုလ်တရားတို့သည်လည်း။ ဥပပဇ္ဇနိ၊ ဖြစ်ကုန်၏။ ဥပပန္နာ စ အကုသလာ ဓမ္မာ၊ ဖြစ်ကုန်ပြီးသော အကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။

ဤ၌ သမ္မာဝါယာမ၏ အဓိပ္ပါယ် အနက်ကို ထည့်လိုက်ပါသည်။

မသင့်ဒုလုံးသင်းက ကုသိုလ်ဆုတ်ယုတ်၍ အကုသိုလ်ပွားပုံကား—

> အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပုဗ္ဗာ စေဝ အကုသလာ ဓမ္မာ ဥပပဇ္ဇန္တိ၊ ဥပပန္နာ စ ကုသလာ ဓမ္မာ ပရိဟာယန္တိ။[၁]

ဘိက္ခဝေ၊ တို့။ အယောနိသော၊ မသင့်သောအားဖြင့်။ ဝါ၊ အယောနိသော၊ အနိစ္စကို နိစ္စ, ဒုက္ခကို သုခ, အနတ္တကို အတ္တ, အသုဘကို သုဘဟု။ မနသိကရောတော၊ ဒုလုံးသင်းသောသူအား။ အနုပုဗ္ဗာ စေဝ အကုသလာ ဓမ္မာ၊ မဖြစ်သေးသော အကုသိုလ်တရားတို့သည်လည်း။ ဥပပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဥပပန္နာ စ ကုသလာ ဓမ္မာ၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့သည်လည်း။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကုန်၏။

> သဗ္ဗေပိ ကုသလာ ဓမ္မာ ယောနိသော မနသိကာရမူလကာ။
> သဗ္ဗေပိ အကုသလာ ဓမ္မာ အယောနိသော မနသိကာရမူလကာ။[၂]

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ လောကီ လောကုတ္တရာ ကုသိုလ်တရားတို့သည်။ ယောနိသော မနသိကာရမူလကာ၊ အသင့်ဒုလုံးသင်းခြင်းလျှင် အကြောင်းရင်း ရှိကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အယောနိသော မနသိကာရမူလကာ၊ မသင့် ဒုလုံးသင်းခြင်းလျှင် အကြောင်းရင်း ရှိကုန်၏။

၁။ အင်္ဂုတ္တိုရ်-ပဌမ-ဒုဝ-၁၁။ ၂။ ဝိသုဒ္ဓိ-ဒုတိယ-ဒုဝ-၁၄၀။ (အဓိပ္ပါယ်တူ)

ထိုစကားသည် မှန်၏။ အကြင်သူသည် ဣဋ္ဌာရုံ၌ဖြစ်စေ, အနိဋ္ဌာရုံ၌ဖြစ်စေ အသင့်နှလုံးသွင်းက ကုသိုလ်ဖြစ်လေတော့၏၊ မသင့်နှလုံးသွင်းလျှင် အကုသိုလ်ဖြစ်လေတော့၏။ ဤ၌ အာရုံပဓာနမဟုတ်၊ ယောနိသောသာ ပဓာနဟူလို။ ဥပမာ – အသုဘနှင့် တွေ့သောအခါ မိမိသန္တာန်မှာလည်း အသုဘသာတည်းဟု နှလုံးသွင်းက ဝိပဿနာကုသိုလ်ဖြစ်၏။ ထိုအသုဘကို မြင်သဖြင့် ရှုံ့ရှာခြင်း, နှလုံးမသာယာခြင်းဖြစ်လျှင် အကုသိုလ်ဖြစ်၏။ ကောင်းခြင်းငါးဖြာ မင်္ဂလာနှင့် ပြည့်စုံသောသူ, စည်းစိမ်ဥစ္စာ အခြံအရံနှင့်ပြည့်စုံသော သူတို့နှင့် တွေ့သည့်အခါ မုဒိတာအာရုံမှန်သည်အတိုင်း ဝမ်းမြောက်ပါက ကုသိုလ်ဖြစ်၏။ ဣဿာစသော ဒေါသဧော စသည်ဖြစ်အံ့ အကုသိုလ်ဖြစ်၏။ ဤသို့စသည် အရာရာမှာ မြင်သိတော်မူကြပါကုန်။

ဓမ္မသင်္ဂဏီအဋ္ဌကထာအရ ဝိစိကိစ္ဆာရှစ်ပါး အဓိပ္ပါယ် ပြပုံ

လောကုတ္တရာဘက်သို့ ကူးလိုသော ပဂ္ဂိုလ်တို့မှာ ယုံမှားခြင်းကို ရှေးဦးစွာ ပယ်ရန် အရေးကြီး၏။ သို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာအရ ပြဦးအံ့—

တတ္ထ ကတမာ ဝိစိကိစ္ဆာ။ သတ္ထရိ ကင်္ခတိ ဝိစိကိစ္ဆတိ။ ဓမ္မေ ကင်္ခတိ ဝိစိကိစ္ဆတိ။ သံဃေ ကင်္ခတိ ဝိစိကိစ္ဆတိ။ သိက္ခာယ ကင်္ခတိ ဝိစိကိစ္ဆတိ။ ပုဗ္ဗန္တေ ကင်္ခတိ ဝိစိကိစ္ဆတိ။အပရန္တေ ကင်္ခတိ ဝိစိကိစ္ဆတိ။ပုဗ္ဗန္တာပရန္တေ ကင်္ခတိ ဝိစိကိစ္ဆတိ။ ဣဒပ္ပစ္စယတာပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ ဝိစိကိစ္ဆတီတိ။[၁]

သတ္ထရိ ကင်္ခတီတိ သတ္ထု သရီရေ ဝါ ဂုဏေ ဝါ ဉာဏယတ္ထ ဝါ ကင်္ခတိ၊ သရီရေ ကင်္ခမာနော "ဒဋ္ဌိဘိ သဝဝရလက္ခဏပဋိမဏ္ဍိတံ နာမ သရီရံ အတ္ထိ နု ခေါ နတ္ထီ"တိ ကင်္ခတိ၊ ဂုဏေ ကင်္ခမာနော "အတိတာ နာဂတ-ပစ္စုပ္ပန္နဇာနနသမတ္ထံ သဗ္ဗညုတညာဏံ အတ္ထိ နု ခေါ နတ္ထီ"တိ ကင်္ခတိ၊ ဉာဏယတ္ထ ကင်္ခမာနော "အသိတိ အနုဗျဉ္ဇနဗျာမပ္ပဘာနုရဉ္ဇိတာယ သရီရနိဗ္ဗတ္တိယာ သမန္နာဂတေ သဗ္ဗညေ ယျေဘုယ်နသမတ္ထံ သဗ္ဗညု-

---

၁။ ဓမ္မသင်္ဂဏီ-နှာ-၂၀၇၊

တညာဏံ ပဋိဝိဇ္ဈိတ္ဝာ ဌိတော လောကတာရကော ဗုဒ္ဓေါ နာမ အတ္ထိ နု ခေါ နတ္ထိ”တိ ကင်္ခတိ၊ အယဉ္စိဿ အတ္တဘာဝေ ဂုဏော ဝါ ကင်္ခနတော် ဉာယတ္ထ ကင်္ခတိ နာမ။[1]

သတ္ထရိ ကင်္ခတီတိ၊ ကား။ သတ္ထု၊ မြတ်စွာဘုရား၏။ သရီရေ ဝါ၊ ကိုယ်၌ဌင်း။ ဂုဏေ ဝါ၊ ဂုဏ်၌ဌင်း။ ဉာယတ္ထ ဝါ၊ သရီရ, ဂုဏ နှစ်ပါး၌ဌင်း။ ကင်္ခတိ၊ ယုံမှား၏။ သရီရေ၊ ကိုယ်၌။ကင်္ခမာနော၊ ယုံမှားသောသူသည်။ “ဒဋ္ဌတ္တိ သဝရလက္ခဏပဋိမဏ္ဍိတံ၊ ၃၂-ပါးသော ယောကျားမြတ်တို့၏ လက္ခဏာတော်ဖြင့် တန်းဆာဆင်အပ်သော။ သရီရံ နာမ၊ ကိုယ်တော်မည်သည်။ အတ္ထိ နု ခေါ၊ ရှိသလော။ နတ္ထိ နု ခေါ၊ မရှိသလော။” ဣတိ၊ ဤသို့။ ကင်္ခတိ၊ ယုံမှား၏။ ဂုဏော၊ ဂုဏ်၌။ ကင်္ခမာနော၊ ယုံမှားသောသူသည်။ “အတိတာနာဂတပစ္စုပ္ပန္နဇာနနသမတ္ထံ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကို သိခြင်းငှါ စွမ်းနိုင်သော။ သဗ္ဗညုတညာဏံ၊အလုံးစုံသော တရားကို သိသော သဗ္ဗညုတ ဉာဏ်တော်သည်။ အတ္ထိ နု ခေါ၊ ရှိလေသလော။ နတ္ထိ နု ခေါ၊ မရှိလေသလော။” ဣတိ၊ ဤသို့။ ကင်္ခတိ၊ ယုံမှား၏။ ဉာယတ္ထ၊ သရီရ, ဂုဏ ၂-ပါးတို့၌။ ကင်္ခမာနော၊ ယုံမှားသောသူသည်။ “အသိတိအနုဗျဉ္ဇနသုဗျာမပ္ပဘာနုရဉ္ဇိတာယ၊ ရွှစ်ဆယ်သော လက္ခဏာတော်ငယ်, တလံမျှလောက်သော ရောင်ခြည်တော်တို့ဖြင့် တပ်စွမ်းသော။ သရီရနိဗ္ဗတ္တိယာ သရီရပါရိပူရိယာ၊ ကိုယ်တော်၏ တက်ဝန်းကျင်ပြည့်စုံခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သဗ္ဗညေယျဇာနနသမတ္ထံ၊ အလုံးစုံသော ဥေယျဓံတရားကို သိခြင်းငှါ စွမ်းနိုင်သော။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတဉာဏ်တော်ကို။ ပဋိဝိဇ္ဈိတ္ဝာ၊ ထိုးထွင်းသိ၍။ ဌိတော၊ တည်သော။ လောကတာရကော၊လောကကို သန်ါရမှ ကယ်တင်တတ်သော။ ဗုဒ္ဓေါ နာမ၊ ဘုရားမည်သည်။ အတ္ထိ နု ခေါ၊ ရှိပါ၏လော။ နတ္ထိ နု ခေါ၊ မရှိလေသလော။” ဣတိ၊ ဤသို့။ ကင်္ခတိ၊ ယုံမှား၏။ ဟိ သစ္စံ၊ မှန်၏။ အယံ ပဋိဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ အဿ ဘဂဝတော၊ ထိုမြတ်စွာဘုရား၏။ အတ္တဘာဝေ ဝါ၊ ကိုယ်တော်၌ဌင်း။ ဂုဏေ ဝါ၊ ဂုဏ်တော်၌ဌင်း။ ကင်္ခနတော၊ ယုံမှားခြင်းကြောင့်။ ဉာယတ္ထ၊ သရီရ,ဂုဏ ၂-ပါး၌။ ကင်္ခတိ နာမ၊ ယုံမှားသည်မည်၏။

၁။ အင်္ဂုတ္တရဋီကာ-နှာ-၃၈၈။

ကခ်ိ၏အဓိပ္ပါယ်မှာ–ဟုတ်၏လော, မဟုတ်လေသလော နှစ်ခွဖြစ်၍နေ၏။ ဝိစိကိစ္ဆံ့ကား အာရုံကို မဆုံးဖြတ်နိုင်သဖြင့် စိတ်မကြည်မလင် ပင်ပန်းခြင်း ဖြစ်၏။

"ဝိဂတာ စိကိစ္ဆာတိ ဝိစိကိစ္ဆာ။"

စိကိစ္ဆာ၊ မင်္ဂြိဏ်ဟူသော ကုစားခြင်းမှ။ ဝိဂတာ၊ ကင်းသည်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ မည်၏။

"ဝိစိကိစ္ဆတိတိ အာရမ္မဏံ နိစ္ဆိတုံ အသက္ကောန္တော ကိစ္ဆတိ ကိလမတိတိ။"

ဝိစိကိစ္ဆတီတိ၊ ကား။ အာရမ္မဏံ၊ ကို။ နိစ္ဆိတုံ၊ ဆုံးဖြတ်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ကိစ္ဆတိ ကိလမတိ၊ ပင်ပန်း၏။ (ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာ မည်၏။)

ဓမ္မေ ကင်္ခတိတိအာဒီသု ပန "ကိလေသေ ပဇဟန္တော စတ္တာရော အရိယမဂ္ဂါ, ပဋိပဿဒ္ဓိကိလေသာနိ စတ္တာရိ သာမညဖလာနိ,မဂ္ဂဖလာနံ အာရမ္မဏပစ္စယဘူတံ အမတံ မဟာနိဗ္ဗာနံ နာမ အတ္ထီ နု ခေါ နတ္ထီ"တိ ကင်္ခန္တောပိ"အယံ ဓမ္မော နိယျာနိကော နု ခေါ အနိယျာနိကော"တိ ကင်္ခန္တောပိ ဓမ္မေ ကင်္ခတိ နာမ။[1]

ဓမ္မေ ကင်္ခတိတိအာဒီသု၊ဓမ္မေ ကင်္ခတိ-စသောပုဒ်တို့၌။ကိလေသေ၊လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟူသော ပူပန်တတ်သော ကိလေသာတို့ကို။ ပဇဟန္တော၊ ပယ်စွန့်တတ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ အရိယမဂ္ဂါ၊ အရိယမဂ်တို့သည်။ အတ္ထိ နု ခေါ၊ လော။ နတ္ထိ နု ခေါ၊ လော။ ပဋိပဿဒ္ဓိကိလေသာနိ၊ တဖန် ငြိမ်းစေအပ်ပြီးသော ကိလေသာရှိုက်ကုန်သော။ စတ္တာရိ၊ လေးပါးကုန်သော။ သာမညဖလာနိ၊ သာမညဖိုလ်တို့သည်။ အတ္ထိ နု ခေါ၊ လော။ နတ္ထိ နု ခေါ၊ လော။, မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာရမ္မဏပစ္စယဘူတံ၊ အာရုံဖြစ်၍ဖြစ်သော။ အမတံ၊ သေခြင်း

၁။ အင်္ဂသာလိနီ-နှာ-၃၈၈။

ကင်းသော။ မဟာနိဗ္ဗာနံ နာမ၊ မြတ်သောနိဗ္ဗာန်မည်သည်။ အတ္ထိ နု ခေါ၊ လော။ နတ္ထိ နု ခေါ၊ လော။ ဣတိ၊ ဤသို့။ ကခ်ေန္တောပိ၊ ယုံမှားသော်၎င်း။ အယံ ဓမ္မော၊ ဤမြော်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်တရားသည်။ နိယျာနိကော နု ခေါ၊ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ပါသလော။အနိယျာနိကော နု ခေါ၊ ဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်ပါသလော။ ဣတိ၊ ဤသို့။ ကခ်ေန္တောပိ၊ ယုံမှားသော်၎င်း။ ဓမ္မေ ကခ်ံတိ နာမ၊ တရားဌ ယုံမှားသည်မည်၏။

"စတ္တာရော မဂ္ဂဋ္ဌကာ, စတ္တာရော ဖလဋ္ဌကာတိ ဣဒံ သံဃရတနံ အတ္ထိ နု ခေါ နတ္ထီ"တိ ကခ်ေန္တောပိ "အယံ သံဃော သုပ္ပဋိပန္နော နု ခေါ ဒုပ္ပဋိပန္နော"တိ ကခ်ေန္တောပိ "ဧတေသံ သံဃရတနေ ဒိန္နဿ ဝိပါကဖလံ အတ္ထိ နု ခေါ နတ္ထီ"တိ ကခ်ေန္တောပိ သံဃေ ကခ်ံတိ နာမ။[၁]

စတ္တာရော၊ လေးပါးကုန်သော။ မဂ္ဂဋ္ဌကာ၊ မဂ်ဌာနည်သော ပုဂ္ဂိုလ်တို့ သည်၎င်း။ စတ္တာရော၊ လေးပါးကုန်သော။ ဖလဋ္ဌကာ၊ ဖိုလ်ဌာနည်သော ပုဂ္ဂိုလ်တို့သည်၎င်း။ ဣတိ၊ ဤသို့။ ဣဒံ သံဃရတနံ၊ ဤသံဃာရတနာသည်။ အတ္ထိ နု ခေါ၊ လော။ နတ္ထိ နု ခေါ၊ လော။ ဣတိ၊ ဤသို့။ ကခ်ေန္တောပိ၊ ယုံမှားသော်၎င်း။ အယံ သံဃော၊ဤသံဃာတော်သည်။ သုပ္ပဋိပန္နော နု ခေါ၊ ကောင်းစွာကျင့်သလော။ ဒုပ္ပဋိပန္နော နုခေါ၊ ကောင်းစွာ မကျင့်သလော။ ဣတိ၊ သို့။ ကခ်ေန္တောပိ၊ ယုံမှားသော်၎င်း။ ဧတေသံ သံဃရတနေ။ ဤသံဃာရတနာ၌။ ဒိန္နဿ၊ လှူအပ်သော အလှူ၏။ ဝိပါကဖလံ၊ ဝိပါက်ဖြစ်သော အကျိုးသည်။ အတ္ထိ နု ခေါ၊ လော။ နတ္ထိ နု ခေါ၊ လော။ ဣတိ၊ ဤသို့။ ကခ်ေန္တောပိ၊ ယုံမှားသော်၎င်း။ သံဃေ ကခ်ံတိ နာမ၊ သံဃာ၌ ယုံမှားသည်မည်၏။

"တိဏ္ဏော ပန သိက္ခာ အတ္ထိ နု ခေါ နတ္ထီ"တိ ကခ်ေန္တောပိ "တိဏ္ဏော သိက္ခာ သိက္ခိတပစ္စယေန အာနိသံသော အတ္ထိ နု ခေါ နတ္ထီ"တိ ကခ်ေန္တောပိ သိက္ခာယ ကခ်ံတိ နာမ။[၁]

၁။ အင်္ဂုတ္တရဋီကာ-နာ-၃၈၉။

"တိဿော၊ သုံးပါးကုန်သော။ သိက္ခာ၊ သီလ သမာဓိ ပညာ ဟူသော သိက္ခာတို့သည်။ ဒဗ္ဗော နု ခေါ၊ လော။ နတ္ထိ နု ခေါ၊ လော။" ဣတိ၊ ဤသို့။ ကခ်ဏ္ဍာဝပိ၊ ယုံမှားသော်၎င်း။ "တိဿော၊ သုံးပါးကုန်သော။ သိက္ခာ၊ သိက္ခာတို့ကို။ သိက္ခိတပစ္စယေန၊ ကျင့်ခြင်းဟူသော အကြောင်းဖြင့်။ အာနုသံသော၊ အကျိုးအာနိသင်သည်။ အတ္ထိ နု ခေါ၊ လော။ နတ္ထိ နုခေါ၊ လော။" ဣတိ၊ ဤသို့။ ကခ်ဏ္ဍာဝပိ၊ ယုံမှားသော်၎င်း။ သိက္ခာယ ကခ်တိ နာမ၊ သိက္ခာ၌ ယုံမှားခြင်း မည်၏။

ပုဗ္ဗန္တာဝတိ ဝုစ္စတိ အတီတာနံ ခန္ဓာဝတုအာယတနာနံ၊ အပရန္တာဝတိ အနာဂတာနံ။ တတ္ထ အတီတေသု ခန္ဓာဒီသု "အတီတာနံ နု ခေါ နု ခေါ" တိ ကခ်ဏ္ဍာ ပုဗ္ဗန္တေ ကခ်တိ နာမ။ အနာဂတေသု "အနာဂတာနံ နု ခေါ နု ခေါ" တိ ကခ်ဏ္ဍာ အပရန္တေ ကခ်တိ နာမ။ ဥဘယတ္ထ ကခ်ဏ္ဍာ ပုဗ္ဗန္တာပရန္တေ ကခ်တိ နာမ။[1]

အတီတာနံ၊ အတိတ်ဖြစ်ကုန်သော။ ခန္ဓာဝတုအာယနာနံ၊ ခန္ဓာ ဓာတ်-အာယတနတို့ကို။ ပုဗ္ဗန္တောတိ၊ ရှေးအစွန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အနာဂတာနံ၊ အနာဂတ်ဖြစ်ကုန်သော။ ခန္ဓာဝတုအာယတနာနံ၊ တို့ကို။ အပရန္တောတိ၊ နောက်အစွန်း ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထ၊ ထို ၂-ပါးသော ပုဗ္ဗန္တ အပရန္တတို့တွင်။ အတီတေသု၊ အတိတ်ဖြစ်ကုန်သော။ ခန္ဓာဒီသု၊ ခန္ဓာ စသည်တို့၌။ "အတီတာနံ၊ အတိတ်ဖြစ်ကုန်သော ခန္ဓာ ဓာတ် အာယတန တို့သည်။ အတ္ထိ နု ခေါ၊ လော။ နတ္ထိ နု ခေါ၊ လော။" ဣတိ၊ ဤသို့။ ကခ်ဏ္ဍော၊ ယုံမှားသော သူသည်။ ပုဗ္ဗန္တေ၊ ရှေးအစွန်း၌။ ကခ်တိ နာမ၊ ယုံမှားသည်မည်၏။ အနာဂတေသု၊ ကုန်သော။ ခန္ဓာဒီသု၊ တို့၌။ "အနာဂတာနံ၊ အနာဂတ်ဖြစ် ကုန်သော ခန္ဓာ ဓာတ် အာယတနတို့သည်။ အတ္ထိ နု ခေါ။ပ။" ဣတိ၊ ဤသို့။ ကခ်ဏ္ဍော၊ ယုံမှားသော သူသည်။ အပရန္တေ၊ နောက်အစွန်း၌။ ကခ်တိ နာမ၊ ယုံမှားသည်မည်၏။ ဥဘယတ္ထ၊ နှစ်ပါးစုံ၌။ ကခ်ဏ္ဍော၊ သည်။ ပုဗ္ဗန္တာပရန္တေ၊ ရှေးအစွန်း, နောက်အစွန်း ၂-ပါး၌။ ကခ်တိ နာမ၊ ယုံမှားသည် မည်၏။

၁။ အဋ္ဌသာလိနီ-နာ-၃၈၉။

အမှန်အားဖြင့် ရှေးကလည်း ခန္ဓာ အာယတန ဓာတ် ဖြစ်ခဲ့ဘူးပြီ။ ပစ္စုပ္ပန်မှာရှိသော တရားတို့သည်လည်း ခန္ဓာ အာယတန ဓာတ်တို့ပင်တည်း။ အကယ်၍ နိဗ္ဗာန်မရသေးသည် ဖြစ်အံ့၊ ခန္ဓာ အာယတန ဓာတ်တို့သာလျှင် ကျင်လည်ရလတ္တံ့ ဟူလို။ ဤ၌ ပုဂ္ဂိုလ်, သတ္တဝါ ကျင်လည်မှုဟူသည် ပညတ်မျှသာ ဟူလို။

"ဒုါဒသပဒိကံ ပစ္စယဝဋ္ဋံ အတ္ထိ နု ခေါ နတ္ထိ"တိ ကစ်ဆော ဣဒပစ္စယတာ-ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ နာမ။

ဇာတိအာဒီသု တံ တံ ပဋိစ္စ အာဂမ္မ သမုပ္ပန္နာတိ ပဋိစ္စ သမုပ္ပန္နာတိ ဣဒံ ဝုတ္တံ ဟောတိ။"

"ဒုါဒသပဒိကံ၊ ၁၂-ပုဒ်ရှိသော။ ပစ္စယဝဋ္ဋံ၊ပစ္စည်း ဟူသော ဝဋ်တရားသည်။ အတ္ထိ နု ခေါ၊ လော။ နတ္ထိ နု ခေါ၊ လော"။ ဣတိ၊ ဤသို့။ ကစ်ဆော၊ သည်။ ဣဒပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု၊ ဤဇရာ မရဏ တို့၏ အကြောင်း ဖြစ်ကုန်သော ဇာတိ စသော တရား, ထိုဇာတိ စသော အကြောင်းကို စွဲ၍ဖြစ်သော ဇရာ မရဏ စသော အကျိုးတို့၌။ ကင်္ခတိ နာမ၊ ယုံမှားသည် မည်၏။

ဇာတိ အာဒီသု၊ ဇာတိ စသော အကျိုးတရားတို့တွင်။ တံ တံ၊ ထိုထို ဇာတိ စသော အကြောင်းကို။ ပဋိစ္စ အာဂမ္မ၊ စွဲ၍။ သမုပ္ပန္နာ၊ ဖြစ်ကုန်သည်တို့တည်း။ ဣတိ တသ္မာ၊ ကြောင့်။ ပဋိစ္စသမုပ္ပန္နာ၊ ပဋိစ္စသမုပ္ပန္န မည်ကုန်၏။ ဣတိ ဣဒံ အယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ-ဝုတ္တော၊ ဟောအပ်သည်။ ဟောတိ၊ ၏။

ထို ဝိစိကိစ္ဆာရှစ်ပါးလုံး၏ တရားကိုယ်မှာ ဝိစိကိစ္ဆာစေတသိက် တခုပင်တည်း။ ထို ရှစ်ပါးသော ဝိစိကိစ္ဆာကို အကျယ်ဝေဖန်၍ မြင်သိပါမူကား အလွန်ကောင်းပါ၏။ သို့ရာတွင် ပြဆိုခဲ့ပြီးသော သစ္စာသေးပါးကို မြင်သိလျှင် ဝိစိကိစ္ဆာအားလုံး ချုပ်၏ ဟူလို။

၁။ ဇာဋ္ဌသာလိနီ-နှာ-၃၈၉။ (အဆုံးဝါကျ ရှေ့နောက် စာကျန်ရှိသည်)

အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ ၂-ပါးနှင့် ပြည့်စုံက ယုံမှားခြင်း ချုပ်ရပုံ

အတ္ထ ဓမ္မ ခွဲခြားပြီ ရှုပုံကား—

ဒုက္ခေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဒုက္ခသမုဒယေ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ ဒုက္ခ-နိရောဓေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ ဓမ္မပဋိ-သမ္ဘိဒါတိ။[1]

ဒုက္ခေ၊ ဒုက္ခသစ္စာဌ်။ ဝါ၊ ဇာတိပိ ဒုက္ခာ-စသော ဒုက္ခသစ္စာ ၁၂-ပါးဌ်။ ဉာဏံ၊ သိသော ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုးဌ်သိသောဉာဏ် မည်၏။ ဒုက္ခသမုဒယေ၊ ဇာတိစသော ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတကျာဌ်။ ဉာဏံ၊ သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ အဖြောင်းဌ်သိသောဉာဏ် မည်၏။ ဒုက္ခနိရောဓေ၊ ဒုက္ခနိရောဓဌ်။ ဝါ၊ တဖန် မဖြစ်မူ၍ချုပ်သော အနုပါဒနိရောဓဌ်။ ဉာဏံ၊ သိသောဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ အကျိုးဌ်သိသော ပဋိသမ္ဘိဒါ မည်၏။ ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဌ်။ ဉာဏံ၊ ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။

ဤဌ် ဒုက္ခနိရောဓနိဗ္ဗာန်ကို အကျိုးဌ်ထား၏။ အဘယ်ကြောင့်နည်းဟူမူကား—မဂ္ဂဘာဝနာကြောင့် အကြင်ဘာဝနာပွါးသော ပုဂ္ဂိုလ်၏အကျိုးကို သိစေခြင်းငှါပြ၏။ ထိုမဂ်၏ အာရုံနိဗ္ဗာန်မူကား အကျိုးမဟုတ်၊ အသင်္ခတ အနုပါဒစသော အာရုံသာတည်း။ သို့ရာတွင် ဒုက္ခနိရောဓ။ တနည်း—ဇာတိနိရောဓသို့ ရောက်သည့်အခါ သဘော တထပ်တည်းပင် ဟူလို။

ဒုက္ခနိရောဓဂါမိနိပဋိပဒါဉာဏံ၊ ဒုက္ခချုပ်ကြောင်း မဂ်အကျင့်ဌ် သိသော ဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ အကြောင်းဌ်သိသော ပဋိသမ္ဘိဒါ မည်၏။

ဤသို့ အတ္ထ ဓမ္မ အကျိုးအကြောင်းကို မြင်သိကလည်း ယခု ဖြစ်ပျက်၍ နေခြင်းကား သတ္တဝါတို့ ဖြစ်ပျက်မှုမဟုတ်၊ သမုဒယကြောင့် ရုပ်နာမ် ဒုက္ခ သစ္စာတရားတို့ ဖြစ်ပျက်၍ နေ၏။ သမုဒယကို မဂ်ဖြင့်ချုပ်စေလျှင် ဇာတိစသည်

၁။ ဝိဘင်း-နှာ-၃၀၇။

ချုပ်၏ဟု မြင်သိသဖြင့် ရှစ်ပါးသော ယုံမှားခြင်း, ၁၆-ပါးသော ယုံမှားခြင်းတို့ ချုပ်နိုင်ပါသည် ဟူလို။

ရှင်သီဝလိမယ်တော် သုပ္ပဝါသာ အမည်ရှိသော ဧကာလိယမင်းသမီး ဘုရား တရား သံဃာဂုဏ်ကို ဥဒါန်းကျူးပုံ

အရှင်သီဝလိ၏ မယ်တော်ဖြစ်သော သုပ္ပါဝါသာ အမည်ရှိသော ကောလိယမင်းသမီးသည် ဘုရား တရား သံဃာဂုဏ်တို့ကို ကြည်ညိုပုံ, ဥဒါန်းကျူးပုံကို ပြဦးအုံ—

သမ္မာသမ္ဗုဒ္ဓါ ဝတ သော ဘဂဝါ၊ ယော ဣမဿ ဝေရ္ဍပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။[၁]

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဧဝရ္ဍပဿ၊ ဤသို့ သဘောရှိသော။ ဣမဿ ဒုက္ခဿ၊ ဤဆင်းရဲကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဓမ္မံ၊ တရားကို။ ဒေသေတိ၊ ဟောတော်မူ၏။ သော ဘဂဝါ၊ ထို မြတ်စွာဘုရားသည်။ သမ္မာသမ္ဗုဒ္ဓါ ဝတ၊ ဩဩ-ကောင်းစွာ မြင်သိတော်မူပေစွတကား။

သုပ္ပဋိပန္နော ဝတ သော သာဝကသံဃော၊ ယော ဣမဿ ဧဝရ္ဍပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော ဟောတိ။[၂]

ယော သာဝကသံဃော၊ အကြင် မြတ်စွာဘုရားတပည့်သည်။ ဧဝရ္ဍပဿ၊ ဤသို့သဘောရှိသော။ ဣမဿ ဒုက္ခဿ၊ ဤဇာတိစသော ဒုက္ခကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ပဋိပန္နော၊ ကျင့်တော်မူ၏။ သော သာဝကသံဃော၊ ထို မြတ်စွာဘုရားတပည့်သည်။ သုပ္ပဋိပန္နော ဝတ၊ ဩဩ-ကောင်းစွာ ကျင့်တော်မူပေစွတကား။

နိဗ္ဗာန်ကို ဥဒါန်းကျူးပုံ

"သုသုခံ ဝတ တံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဧဝရ္ဍပံ ဒုက္ခံ န သံဝိဇ္ဇတိ"[၃] ယတ္ထ၊ အကြင် ဖြစ်ခြင်းကင်းသော အဇာတနိဗ္ဗာန်၌။ ဧဝရ္ဍပံ၊ ဤသို့။

၁။ ဥဒါန်း-နှာ-၉၃၄။

သဘောရှိသော။ ဣဒံ ဒုက္ခံ၊ ဤသို့သော ဆင်းရဲသည်။ နှ သံဝိဇ္ဇတိ၊ မရှိ။ တသ္မာ ဟိ တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်သည်။ သုသုခံ ဝတ၊ ချမ်းသာပေစွတကား။

နာမ်ရုပ်တရားနှင့် နိဗ္ဗာန်နှိုင်းယှဉ်၍ ဥဒါန်းကျူးပုံ

"ယံ နာမရူပံ အနိစ္စံ ခယဋ္ဌေန၊ နိစ္စံ ဝတ နိဗ္ဗာနံ။"

ယံ နာမရူပံ၊ အကြင် နာမ်ရုပ်တရားသည်။ ခယဋ္ဌေန၊ ကုန်ခန်းတတ်သော အနက်ကြောင့်။ အနိစ္စံ၊ အမြဲမရှိ။ နိဗ္ဗာနံ၊ ခန္ဓာဇာတိဖြစ်ခြင်းမရှိသော အဇာတ နိဗ္ဗာန်သည်။ နိစ္စံ ဝတ၊ သြဝ်-ဖြစ်ပျက်ခြင်း မရှိမှုဌ် မြဲပေစွတကား။

"ယံ နာမရူပံ ဒုက္ခံ ဘယဋ္ဌေန၊ သုခံ ဝတ နိဗ္ဗာနံ။"

ယံ နာမရူပံ၊ အကြင် နာမ်ရုပ်တရားသည်။ ဘယဋ္ဌေန၊ အိုနာသေရေး ဒုက္ခ ဘေးတို့ဖြင့် နှိပ်စက်တတ်သော အနက်ကြောင့်။ ဒုက္ခံ၊ ဆင်းရဲ၏။ နိဗ္ဗာနံ၊ ခန္ဓာ နာမ်ရုပ် မရှိသော နိဗ္ဗာန်သည်။ သုခံ ဝတ၊ အိုမှု နာမှု သေမှု စသော ဘေးကင်း သောကြောင့် သြဝ်-ချမ်းသာပေစွတကား။

"ယံ နာမရူပံ အနတ္တာ အသာရကဋ္ဌေန၊ သာရံ ဝတ နိဗ္ဗာနံ။"

ယံ နာမရူပံ၊ အကြင် နာမ်ရုပ်တရားသည်။ အသာရကဋ္ဌေန၊ အနှစ်မရှိသော အနက်ကြောင့်။ ဝါ၊ နိစ္စသာရဟူသော မြဲသောအနှစ် ချမ်းသာသုခဟူသော ဘေးကင်းသောအနက်, အစိုးရခြင်း အလိုသို့ လိုက်ခြင်းဟူသော ဝသဝတ္တန သဘောမရှိသော အနက်ကြောင့်။ အနတ္တာ၊ အတ္တ မဟုတ်။ နိဗ္ဗာနံ၊ ခန္ဓာ နာမ် ရုပ် မရှိသော နိဗ္ဗာန်သည်။ သာရံ ဝတ၊ သြဝ်-အနှစ်နှင့် ပြည့်စုံတော်မူပေစွ တကား။

၃၁-ဘုံ၌ ကျင်လည်ရမှုအတွက် ငြီးငွေ့ခြင်းငှါ ရွှုပုံ

ဇာတိဇရာဒိ ဗျာကိဏ္ဏာ၊ အတ္တဂေဟာ တယော ဘဝါ။
သဗ္ဗောတိဘူတာ ဘေရဝါ၊ ဣမေ သဒါ အနုဘိရတာ။[၁]

၁။ ဟရိယေသိတမ္ဘံ။

ဣမေ တယော ဘဝါ၊ ကျိကာမ, ရူပ, အရူပ ဟု ဆိုအပ်သော သုံးပါးသော ဘုံဘဝတို့သည်။ ဇာတိဇရာဒိ ဗျာကိဏ္ဏာ၊ ပဋိသန္ဓေနေရခြင်း, အိုရခြင်း, နာရခြင်းတို့ဖြင့် ရောပြွမ်းယှက်ထွေးသည်၏ အဖြစ်ကြောင့်။ သဒါ၊ အခါခပ်သိမ်း။ အနဘိရတာ၊ မွေ့လျော်ပျော်ပါး ကိုးစားစရာ မဟုတ်ပါပေ။ အတ္တဂေဟာ၊ အလွန်ကျဉ်းမြောင်းသော နှောင်အိမ်ကြီးနှင့် တူသည့် အဖြစ်ကြောင့်လည်း။ သဒါ၊ အခါခပ်သိမ်း။ အနဘိရတာ၊ မွေ့လျော်ပျော်ပါး ကိုးစားစရာ မဟုတ်ပါပေ။ သဇောတိဘူတာ၊ အလုံ့တပြောင်ပြောင် တောက်လောင်ထိန်ညီး သံမြေပြင်ကြီးနှင့် တူသည်၏ အဖြစ်ကြောင့်လည်း။ အနဘိရတာ၊ မွေ့လျော်ပျော်ပါး ကိုးစားစရာ မဟုတ်ပါပေ။ ဘေရဝါ၊ သားရဲ ဘီလူးတို့၏ အလွန်ကြောက်မက်လန့်ဖျယ် အသွယ်သွယ်သော ဘေးရန်တို့ဖြင့် ရောပြွမ်း ယှက်ထွေးသော တောအုပ်ကြီးနှင့် တူသည်၏ အဖြစ်ကြောင့်လည်း။ သဒါ၊ အခါခပ်သိမ်း။ အနဘိရတာ၊ မွေ့လျော်ပျော်ပါး ကိုးစားစရာ မဟုတ်ပေ။

စကားပြောရာ၌ ဖြာဟူဏ ဟုတ်, မဟုတ် မြင်သိနည်း

အကက္ကသံ ဝိညာပိနိ၊ ဂိရံ သစ္စ မုဒီရယေ။
ယာယ နာဘိသဇ္ဇေ ကဉ္ဇိ၊ တမဟံ ဗြူမိ ဖြာဟူဏံ။[၁]

အကက္ကသံ၊ မကြမ်းကြုတ်ထသော။ ဝါ၊ ပြေပြစ်သော ပိယဝါစာရှိထသော။ ဝိညာပိနိ၊ မိမိအလိုကို သိစေတတ်ထသော။ သစ္စံ၊ မှန်သော။ ဂိရံ၊ စကားကို။ ဥဒီရယေ၊ ပြောဆိုရာ၏။ ယာယ၊ အကြင်ပြောဆိုသောစကားဖြင့်။ ကဉ္ဇိ၊ တစုံတယောက်သောသူကို။ နာဘိသဇ္ဇေ၊ မထိပါးစေ။ တံ၊ ထိုသို့ ပြောဆိုတတ်သော ပုဂ္ဂိုလ်ကို။ ဖြာဟူဏံ၊ ဖြာဟူဏဟူ၍။ ဝါ၊ မြတ်သောပုဂ္ဂိုလ်ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။

ရဟန္တာ၏ကိုယ်ကို နတ်မျှားဖောက်ထွင်း၍ မမြင်နိုင်ပုံ

ရဟန္တာ၏ကိုယ်ကို နတ်မျှားဖောက်ထွင်း၍ မမြင်နိုင်၊ စိတ်အစဉ်ကိုလည်း မသိနိုင်ပုံကား –

၁။ မမူပဒ-နှာ-၇၂-စသည်။

ယဿ အန္တရတော နတ္ထိ ကောပါ၊
ဣတိ ဘဝါဘဝဠ္ဆ ဝိတိဝတ္တော။
တံ ဝိဂတဘယံ သုခံ ဝိဝေကံ၊
အသောကံ နာနုဘဝန္တိ ဗေဝါပိ ဒဿနာယ။[၁]

ယဿ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်၏။ အန္တရတော၊ စိတ်၌။ ကောပါ၊ ငြူစူ ဆွေငယ့်ယုက် အမျက်ဒေါသများနတ္ထိသည်။ နတ္ထိ၊ မရှိကုန်။ ဣတိ ဘဝါဘဝဠ္ဆ၊ ဤသဏ္ဌာန ဘဝ၌ဘဝ၌မှလည်း။ ဝိတိဝတ္တော၊ လွန်မြောက်ပြီ။ ဝိဂတဘယံ၊ ကင်းသော ဘေးရှိထသော။ သုခံ၊ ချမ်းသာခြင်းရှိထသော။ ဝိဝေကံ၊ ကာယဝိဝေက စိတ္တဝိဝေကတို့နှင့်လည်း ပြည့်စုံထသော။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိဂ္ဂသော။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗေဝါပိ၊ သူတပါး၏ စိတ်အလိုကို နတ်တို့၏ ဒိဗ္ဗစက္ခုဖြင့် မြင်သိတတ်သော နတ်တို့သည်လည်း။ ဒဿနာယ၊ ရဟန္တာ ပုဂ္ဂိုလ်၏ စိတ်ကို။ ဝါ၊ ကိုယ်ကို ဖောက်ထွင်း၍ မြင်နိုင်ခြင်းငှါ။ နာနုဘဝန္တိ၊ မစွမ်းနိုင်ကုန်။

ရဟန္တာအရှင်မြတ်တို့အား ဘိက္ခုမည်ပုံ

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ နသောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။[၂]

ယဿ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်အား။ သဗ္ဗသော၊ အလုံးစုံသော။ နာမရူပသ္မိံ၊ နာမ်ရူပ်၌။မမာယိတံ၊ ငါ-ငါ၏ဥစ္စာဟု စွဲယူခြင်းသည်။ နတ္ထိ၊မရှိ။ အသတာ စ၊ ခန္ဓာ နာမ် ရူပ် ပျက်စီးခြင်းကြောင့်လည်း။ နသောစတိ၊ မစိုးရိမ်။ သ-သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ ဝေ၊ စင်စစ်။ ဘိက္ခူတိ၊ ရဟန္တာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥပါဒါန်ဖြင့် တစုံတရာစွဲယူခြင်း မရှိသော ပုဂ္ဂိုလ်အား ဘိက္ခုမည်ပုံ

ရဟန္တာတို့၏စိတ်၌ တစုံတရာ ဥပါဒါန်ဖြင့် စွဲယူခြင်းမဒိုပုံကို ပြဦးအံ့—

၁။ ဓမ္မပဒ-နှာ-၁၀၀။ (မတူ)

၂။ ဓမ္မပဒ-နှာ-၆၆။

ယဿ ပုရေ စ ပစ္ဆာ စ၊ မဇ္ဈိမေ နတ္ထိ ကိဉ္စနံ။
အကိဉ္စနံ အနာဒါနံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။[၁]

ယဿ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်အား။ ပုရေ စ၊ အတိတ်ဖြစ်သော ခန္ဓာ အာယတနဉ်ဌင်း။ ပစ္ဆာ စ၊ လာလတ္တံ့သော ခန္ဓာ အာယတနဉ်ဌင်း။ မဇ္ဈိမေ၊ ပစ္စုပ္ပန် ခန္ဓာ အာယတနဉ်ဌင်း။ ကိဉ္စနံ၊ တဏှာဟူသော စွဲယူခြင်းသည်။ နတ္ထိ၊ မရှိ။အကိဉ္စနံ၊ တစုံတရာကြောင့်ကြခြင်းလည်း မရှိထသော။ အနာဒါနံ၊ တစုံတခုမျှ စွဲယူခြင်းလည်း မရှိထသော။တံ ပုဂ္ဂလံ၊ထိုပုဂ္ဂိုလ်ကို။ဗြာဟ္မဏံ၊မကောင်းမှုကို အပပြုပြီးသော ရဟန္တာဟူ၍။ ဒဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟော တော်မူ၏။

ရဟန္တာပုဂ္ဂိုလ်တို့သည် သုခဒုက္ခတို့၌ မတုန်မလှုပ်ပုံ

ယဿ ကာမပင်္ကော တိဏ္ဏော၊ ကာမကဏ္ဒကော မဒ္ဒိတော။
မောဟက္ခယံ အနုပ္ပတ္တော၊ တဿ သုခဒုက္ခေ နေ ဝေဓတိ။[၂]

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ကာမပင်္ကော၊ ကာမဂုဏ် ဟူသော ညွန်ကို။ တိဏ္ဏော၊ ကူးမြောက်ပြီ။ ကာမကဏ္ဍကော၊ ကာမဂုဏ် ဟူသော ငြောင့်ကို။ မဒ္ဒိတော၊ ချိုးနှိမ်အပ်ပြီ။ မောဟက္ခယံ၊ မောဟကုန်ခြင်းသို့။ ဝါ၊ နိဗ္ဗာန်သို့။ အနုပ္ပတ္တော၊ အစဉ်ရောက်ပြီ။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ သုခဒုက္ခေ၊ သုခဒုက္ခ၌။ နေ ဝေဓတိ၊ မဟုန်မလှုပ်။

(ညီတော်မင်းနန်ကို အကြောင်းပြု၍ ဟောသောတရား)။

ရုပ်၌ မာန်တက်မသာ ရူပနန္ဒာထေရီမအား ရုပ်၌ ခင်တွယ်စိတ်ပျက်အောင် မြတ်စွာဘုရား ဟောတော်မူပုံ

အဒ္ဓိနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာ စ မစ္စု စ၊ မက္ခော မာနော စ သြဟိတော။[၃]

၁။ ဓမ္မပဒ-နှာ-၇၄။ ၂။ ဓမ္မပဒ-နှာ-၁၀၄။ (ပါဠိကဲ့ အနက်တူ) ၃။ ဓမ္မပဒ-နှာ-၃၆။

အဋ္ဌနံ၊ သုံးရာသောအရိုးတို့ကို။ ဥဿာပေတ္တာ၊ စိုက်ထောင်၍။ မံသ-လောဟိတလေပနံ၊တလက်ဆွမ်းမျှသောသံစရဏသွေး,တကူမ္ဘမျှလောက်သော အသံစရဏသွေးတို့ဖြင့် စွတ်စိုသော ကိုးရာသော သားတစ်တို့ဖြင့် လိမ်းကျံအပ်သည်ဖြစ်၍။ နဂရံ၊ ခန္ဓာဟူသောမြို့ကို။ ကတံ၊ ပြုအပ်ပြီ။ ယတ္ထ၊ အကြင်ခန္ဓာဟူသောမြို့၌။ဇရာ စ၊ အိုခြင်းသည်၎င်း။ မစ္စု စ၊ သေခြင်းသည်၎င်း။မက္ခော စ၊ ကျေးဇူးချေခြင်းသည်၎င်း။ မာနော စ၊ မာနသည်၎င်း။ ဩဟိတော၊ တည်၏။

(အဆင်း၌မာန်ရှိနေသော မြတ်စွာဘုရား နှမတော်အရင်းဖြစ်သောရူပနန္ဒာထေရီအား ဟောသောတရား)။

မိမိကိုယ်ကို ရှုးဦးစွာ ယဉ်ကျေးစေပြီး၍ နောက်မှ သူတပါးကို ဆုံးမသင့်ပုံ

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။[၁]

အတ္တာနမေဝ၊ ကိုယ့်ရှင်ကိုယ်ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပတိရူပေ၊ သင့်တင့်လျောက်ပတ်သော အကျင့်၌။ နိဝေသယေ၊ သွင်းထားရာ၏။ အထ ပစ္ဆာ၊ ထို့နောက်မှ။ အညံ၊ သူတပါးကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသည်။ န ကိလိဿေယျ၊ မညစ်ညူးစေရာ။

မြတ်စွာဘုရား လက်ထက်က ရဟန်းတော်တပါးသည် မိမိ၏တပည့်များကို ပစ္စည်း ၄-ပါးတို့၌ ခေါင်းပါးစွာကျင့်ရန် အလှူခံရန် ဆုံးမ၏။ ဤသို့ ဆုံးမခြင်းကား အဖြောင့်ဖြစ်ခဲ့လျှင် ကောင်း၏။ သို့ရာတွင် တပည့်များက ပစ္စည်း ၄-ပါး အလှူမခံခဲ့သော် ငါ့ကို လှူလတ္တံ့၊ ဤအခါ ငါမှာ လာဘ်လာဘ ပေါများလတ္တံ့ ဟု လောဘရှေ့သွားဖြင့် ဆုံးမခြင်းဖြစ်သောကြောင့် မြတ်စွာဘုရားက ဤကဲ့သို့ နှုတ်ဆုံးမသွင်းရ၊ မိမိကိုယ်ကို ကောင်းစွာဆုံးမပြီးမှ သူတပါးကိုဟောရမည်ဟူလို။

၁။ မဇ္ဈိမ-နဝ-၃၇။

အတ္တဟိတပြုက ပရဟိတ ပြုနိုင်ပုံ

တရားစောင့်သော ပုဂ္ဂိုလ်တို့၌ အတ္တဟိတ, ပရဟိတအကျိုး ကြီးမြတ်ပုံကို ပြဦးအံ့—

အတ္တာနံ ရက္ခန္တော ပရံ ရက္ခတိ နာမ၊ ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ နာမ။

အတ္တာနံ၊ မိမိကိုယ်ကို။ ရက္ခန္တော၊ စောင့်ရှောက်သောသူသည်။ ပရံ၊ သူတပါးကို။ ရက္ခတိ နာမ၊ စောင့်သည် မည်၏။ ဝါ၊ စောင့်ရှောက်ခြင်းကိစ္စ ပြီးစီး၏။ ပရံ၊ သူတပါးကို။ ရက္ခန္တော၊ စောင့်ရှောက်သောသူသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ရက္ခတိ နာမ၊ စောင့်ရှောက်သည် မည်၏။

အဘယ်ကြောင့် မိမိကိုယ်ကို စောင့်ရှောက်ကာမျှဖြင့် သူတပါးကို စောင့်ရှောက်သည် မည်ပါသနည်းဟူငြားအံ့။ ဥပမာ–ဒုစရိုက်ဆယ်ပါးကို မကျူးမလွန်မူ၍ စောင့်လျှင် မိမိမှာ အပါယ်ဘေး သံသရာဘေးမှ လွတ်ခွင့်ရ၏။ ထို ဒုစရိုက်ကိုမပြုခြင်းကြောင့် သူတပါးဒါး နှောင့်ယှက်ခြင်းကင်း၏။ ထိုကြောင့် သူတပါးကို စောင့်ရှောက်ခြင်းကိစ္စ ပြီး၏ဟူလို။

သူတပါးကို စောင့်သဖြင့် မိမိအကျိုးပြီးပုံမှာ သူတပါး စောင့်ရှောက်မှု မည်သည် မေတ္တာ ကရုဏာ မုဒိတာ အရင်းခံဖြစ်ရကား ထိုကြောင့် မိမိ၏ အကျိုးလည်း ပြီး၏၊ ဘုရားဆု စသည် ပြည့်စုံနိုင်၏၊ စကြဝတေး မန္တာတ် ဖြစ်နိုင်၏။

ပညာရှိမည်သည် ချိုးမှုံးခြင်း ကဲ့ရဲ့ ခြင်းတို့၌ ပဓာနမပြုမူ၍ အကျိုးရှိသည် မရှိသည်၌သာ နှလုံးသွင်းပုံ

ပညာရှိတို့မည်သည် ချိုးမှုံးခြင်း ကဲ့ရဲ့ခြင်းတို့ကို ပဓာနမပြုမူ၍ အကျိုးရှိသည်၌သာ နှလုံးသွင်းလေ့ရှိပုံကား—

ဂရဟာ စ ပသံသာ စ၊ အနိစ္စာ တာဝကာလိကာ။
အပ္ပကာ စေကဒေသာဝ၊ နု တာ ဣကွေယျ့ ပဏ္ဍိတော။
ဓမ္မာဓမ္မံဝ ဣကွေယျ့၊ အတ္ထာနတ္ထံ ဟိတာဟိတံ။[၁]

ဂရဟာ စ၊ ကဲ့ရဲ့ခြင်းတို့သည်ရင်း။ ပသံသာစ၊ ချီးမွမ်းခြင်းတို့သည်ရင်း။ တာဝကာလိကာ၊ အခိုက်အတန့်မျှသာ ဖြစ်သောကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဧကဒေသာဝ၊ သိရာကျမ်းရာ တစိတ်တဒေသမျှသာ ဖြစ်သောကြောင့်။ အပ္ပကာ စ၊ နည်းလည်းနည်းလှပေ၏။ တာ၊ ထိုသို့မမြဲ နည်းခြင်း, ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းတို့ကို။ ပဏ္ဍိတော၊ ကျိုးကြောင်းမြော်သိ ပညာရှိသည်။ နု ဣကွေယျ့၊ မရှု မဆင်ခြင်ရာ။ ဓမ္မာဓမ္မံဝ၊ အကြောင်းဟုတ်သည် မဟုတ်သည်ကိုသာလျှင်။ အတ္ထာနတ္ထံဝ၊ အကျိုးရှိသည်, မရှိသည်ကိုသာလျှင်။ ဟိတာ ဟိတံဝ၊ အစီးအပွါးရှိသည်, မရှိသည်ကိုသာလျှင်။ ဣကွေယျ့၊ ရှုဆင်ခြင်ရာ၏။

အဓိပ္ပါယ်ကား – သူတပါးတို့က သိလ သမာဓိ ပညာရှိပါပေသည်ဟု အကယ်၍ ချီးမွမ်းသော်လည်း မိမိ၌ သိလ သမာဓိ ပညာမရှိခဲ့လျှင် ချီးမွမ်းသည့် အတွက် အကျိုးမရှိ အကျိုးမရ။ အကယ်၍ မိမိ၌ သိလ သမာဓိ ပညာရှိခဲ့ပါလျှင် သူတပါးက မည်သို့ပင် ကဲ့ရဲ့သော်လည်း မိမိ၌ အကျိုးမယုတ်နိုင် ဟူလို။

ပေါင်းအပ်သော်သူ မပေါင်းအပ်သောသူကို ရွေးချယ်နည်း

အန္ဓံ စ ဧကစက္ခုဉ္စ၊ အာရကာ ပရိဝဇ္ဇယေ။
ဒ္ဝိစက္ခုံ ပန သေဝေထ၊ နု ကိလိဿေယျ့ ပဏ္ဍိတော။[၂]

အန္ဓံ စ၊ လောကီ လောကုတ္တရာ အကျိုး ၂ ပါးကို မသိတတ်သော ၂-ဖက်ကန်းကိုလျင်း။ ဧကစက္ခုံ စ၊ လောကီအကျိုးကိုသာ သိတတ်သော တဖက်မြင်ကိုဆိုင်း။ အာရကာ၊ ဝေးဝေးကြီးမှု။ ပရိဝဇ္ဇယေ၊ ရှောင်ကြဉ်ရာ၏။ ဒ္ဝိစက္ခုံ ပန၊ လောကီ လောကုတ္တရာ ၂ ဖက်မြင်သော သူကိုမူကား။ သေဝေထ၊ မြဲမြံစွဲစဲ့ပေါင်းဖော်ရာ၏။ ပဏ္ဍိတော၊ ပညာရှိသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ နု ကိလိဿေယျ့၊ မညစ်ညူးစေရာ။

ပြီးပြီ။

၁။ ပရိဇေယသိတမ္ဘံ။ ၂။ အင်္ဂုတ္တိုရ်-ပဌမ-နဝ-၁၂၇။ (နောက်ဆုံးပါဒ-မတူ)

ကုသိုလ်, အကုသိုလ်တရားတို့ အကျိုးပေးပုံ အထူး

နှ ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိ ံ ။[၁]

ဓမ္မော စ၊ ကုသိုလ်သုစရိုက်တရားသည်၎င်း။ အဓမ္မော စ၊ အကုသိုလ်ဒုစရိုက်တရားသည်၎င်း။ ဥဘော၊ နှစ်ပါးသော တရားတို့သည်။ သမဝိပါကိနော၊ တူမျှသော အကျိုးတရားတို့သည်။ နဟောန္တိ၊ မဖြစ်ကုန်။ အဓမ္မော၊ အကုသိုလ်ဒုစရိုက်တရားသည်။ နိရယံ၊ ငရဲသို့။ နေတိ၊ ဆောင်၏။ ဓမ္မော၊ ကုသိုလ်သုစရိုက်တရားသည်။ သုဂ္ဂတိ ံ၊ လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာသို့။ ပါပေတိ၊ ရောက်စေ၏။

အဓိပ္ပါယ်ထင်ရှားပါ၏။

ပြီးပြီ။

မိမိမိုက်သည်ကို မိုက်သည်ဟု သိက ပညာရှိ ဖြစ်နိုင်ပုံ

အကြင် သူသည် မိမိမိုက်မှားမိသည်၏ အဖြစ်ကို မိမိသိသည် ဖြစ်အံ့၊ ထို သူသည် ပညာရှိ ဖြစ်နိုင်ပုံကား—

ယော ဗာလော မညတိ ဗာလ္ယံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလောပိ ပဏ္ဍိတမာနီ၊ သ ဝေ ဗာလောတိ ဝုစ္စတိ။[၂]

ယော ဗာလော၊ အကြင်သူမိုက်သည်။ ဗာလ္ယံ၊ မိမိမိုက်သည် အဖြစ်ကို။ မညတိ၊ သိ၏။ သော ဗာလော၊ ထို သူမိုက်သည်။ ပဏ္ဍိတော ဝါပိ၊ ပညာရှိသော်လည်း ဖြစ်ရာသေး၏။ ဗာလောပိ၊ မိမိမိုက်လျက်လည်း။ ပဏ္ဍိတမာနီ၊ မိမိကိုယ်ကို ပညာရှိဟု ထင်မှတ်၏။ သော ဗာလော၊ ထိုသူမိုက်ကို။ ဝေ၊ စင်စစ်။ ဗာလောတိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁။ ထေရဂါထာ-နှာ-၂၇၂။ ၂။ ဓမ္မပဒ-နှာ-၂၂။

ဤ၌ မိမိမိုက်သည်ကို မသိလျှင် အဝိဇ္ဇာဖုံးသည် မည်၏။ မိမိမိုက်သည်၏ အဖြစ်ကို အမှန်မြင်သိသောကြောင့် အဝိဇ္ဇာ မဖုံးမဖိနိုင်၊ ထို့ကြောင့် ထိုသူသည် မိမိမိုက်မှုကို မကြာမီ စွန့်ပယ်၍ ပညာရှိ ဖြစ်နိုင်၏ ဟူလို။

ကိုယ် နှုတ် စိတ် အမှုအရာကို မြင်သဖြင့် ပညာရှိ, မရှိ ဆုံးဖြတ်နိုင်ပုံ

ကိုယ်, နှုတ် စိတ် အမှုအရာကို မြင်သဖြင့် ပညာရှိ ဟုတ်, မဟုတ် မြင်သိနိုင်ပုံကား—

> ဒုစ္စိန္တိတစိန္တီ စ ဒုဘ္ဘာသိတဘာသီ စ ဒုကမ္မကရဏကာရီ စ၊ သ သော ပုဂ္ဂလော ဗာလောတိ ဝုစ္စတိ။[၁]

ဒုစ္စိန္တိတစိန္တီ စ၊ စိတ်ဖြင့် မကောင်းကြံခြင်းသည်၎င်း။ ဒုဘ္ဘာသိတဘာသီ စ၊ မကောင်းစကားကို ဆိုလေ့ရှိခြင်းသည်၎င်း။ ဒုကမ္မကရဏကာရီ စ၊ ကိုယ်ဖြင့် မကောင်းကျင့်ခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ သ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ ဗာလောတိ၊ သူယုတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

> သုစိန္တိတစိန္တီ စ သုဘာသိတဘာသီ စ သုကမ္မကရဏကာရီ စ၊ သ သော ပုဂ္ဂလော ပဏ္ဍိတောတိ ဝုစ္စတိ။[၁]

သုစိန္တိတစိန္တီ စ၊ စိတ်ဖြင့် ကောင်းစွာကြံလေ့ရှိခြင်းသည်၎င်း။ သုဘာသိတဘာသီ စ၊ နှုတ်ဖြင့် ကောင်းစွာ ပြောဆိုလေ့ရှိခြင်းသည်၎င်း။ သုကမ္မကရဏကာရီ စ၊ ကိုယ်ဖြင့် ကောင်းစွာကျင့်သော အလေ့ရှိခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ သ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်ကို။ ပဏ္ဍိတောတိ၊ ပညာရှိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဓိပ္ပါယ်ကား — ရူပနိကာယ်, သဒ္ဒနိကာယ်ကို မြင်ရ ကြားရသောအခါ ထိုသူအပေါ်၌ ဆုံးဖြတ်နိုင်၏။

"ဗျတ္တိပမာဏံ ကထိတဝါကံ့။"

၁။ အင်္ဂုတ္တိုရ်-နဝ-၁၀၁။ (ပါဠိကဲ့၊ အနုက်တူ)

ဗျတ္တိပမာဏံ၊ ပညာရှိ မရှိကို။ ကထိတဝါကျ၊ ဆိုသော စကားဖြင့် သိအပ်၏ ဟူလို။

မဟာနိဒါနသုတ်အရ နှလုံးသွင်းရန် ပြဦးအံ့—

ချစ်မှု မုန်းမှု ရှိနေလျှင် ပိယ ဝိပ္ပယောဂ, အပိယသမ္ပယောဂလျှင် ဖြစ်ကြောင်းမူလ။

ချစ် မုန်းမှုအား ပယ်စွန့်လျှင် အပိယသမ္ပယောဂ, ပိယဝိပ္ပယောဂ ဒုက္ခလျှင် လွတ်မှုမူချ။

ထို ဒုက္ခတို့ကား ချစ်ခြင်း မုန်းခြင်းမှ လာ၏ ဟူလို။

မိမိမြင်သိမှသာ သူတပါးတို့၏ မြင်, မမြင်ကို သိနိုင်၏ဟု အရှင်ဝပ္ပမထေရ် ဥဒါန်းကျူးပုံ

ပဉ္စဝဂ္ဂိဒါးဦးအနက် အရှင်ဝပ္ပမထေရ် ဥဒါန်းကျူးပုံကား—

ပဿတိ ပဿော ပဿန္တိ၊ အပဿန္တိဉ္စ ပဿတိ။
အပဿန္တော အပဿန္တိ၊ ပဿန္တိဉ္စ န ပဿတိ။[၁]

ပဿော၊ မြင်သောသူသည်။ ဝါ၊ သစ္စာကို မြင်သောသူသည်။ ပဿန္တိ စ၊ မြင်သောသူကိုလည်း။ ဝါ၊ သစ္စာကိုမြင်သော အရိယာကိုလည်း။ ပဿတိ၊ မြင်၏။ အပဿန္တိဉ္စ၊ မမြင်သောသူကိုလည်း။ ပဿတိ၊ မြင်သိ၏။ အပဿန္တော၊ မမြင်သောသူသည်။ အပဿန္တိ၊ မမြင်သောသူကို။ န ပဿတိ၊ မမြင်။ ပဿန္တိဉ္စ၊ မြင်သောသူကိုလည်း။ န ပဿတိ၊ မသိမမြင်။

မြတ်စွာဘုရားသည် ဗောဓိပင်တွင် သဗ္ဗညုတဉာဏ်ကိုရ၍ သတ္တာဟ စံတော်မူပြီးနောက် ပဉ္စဝဂ္ဂိဒါးဦးတို့အား သစ္စာတရားကို ဟောရန် မိဂဒါဝုန်သို့ ကြွတော်မူ၏။ မိဂဒါဝုန်သို့ ရောက်သောအခါ ပဉ္စဝဂ္ဂိဒါးဦးတို့က ဘုရားဖြစ်မှန်း မသိသေးသောကြောင့် ဘုရား ဟုတ်, မဟုတ် ယုံမှားခြင်း ရှိကြ၏။ ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာတရား ဟောမှ အရှင် ကောဏ္ဍညမထေရ် သစ္စာ ၄-ပါးကို

၁။ ထေရဂါထ-နှာ-၂၃၃။

မြင်သိသဖြင့် သောတာပန် တည်၏။ ယုံမှားကင်းတော်မူ၏။ လပြည့်နေ့မှ လပြည့်ကျော် ၄-ရက်ထိ ထိုဓမ္မစကြားကိုဟောရာ ကျန်သော ပဉ္စဝဂ္ဂီ ၄-ဦးတို့ အစဉ်လိုက် သောတာပန် တည်တော်မူကြ၏။ လပြည့်ကျော် ၅-ရက်နေ့မှာ အနတ္တလက္ခဏသုတ်ကို ဟောသဖြင့် အရဟတ္တဖိုလ်သို့ ငါးပါးလုံး ရောက်ကြကုန်၏။ ထိုအခါ အရှင်ဝပ္ပမထေရ်က ထိုဥပါန်းကို ကျူးတော်မူ၏။ အဓိပ္ပါယ်မှာ မိမိတို့သစ္စာကို မြင်သိမှပင် မြတ်စွာဘုရားဟု ယုံမှားကင်းတော်မူ၏။ ထို့ကြောင့် ကောင်းစွာသိမြင်အောင် အားထုတ်သင့်ကြပေသည်။ သို့မှသာလျှင် အယုတ်အမြတ် ခဲ့ခြားနိုင်မည် ဟူလို။

၁။ ဒုက္ခဟူသမျှ အဖြာဖြာ၊ သမုဒယတရားကြောင့်၊ ဖြစ်မှုမုချ။

၂။ သမုပယ်မှ ဒုက္ခကွာ၊ မပယ်ပါလျှင် ဖြစ်မှုဒုက္ခ။

၃။ ယင်းသမုဒယအား ပယ်လိုလျှင်၊ ယင်းသမုဒယကြောင့်ဖြစ်သော ဇာတိဇရာ ဗျာဓိ မရဏ၊ ရှာမှီးမှု ပရိယေသန၊ အပါယ စသော ဘေးဒုက္ခတို့ကို၊ နာနာရှုမှ။

၄။ နာနာရှုသဖြင့်၊ ဉာဏ်မြင်သန်၊ ဘဝတရား၊ ချုပ်မှုစိတ်ချ။

၅။ မဂ္ဂင်ပွါးမှုဟူသည်တွင်၊ ဤသို့သောအပြစ် အာဒီနဝတို့ကို ရှုမှုကိုပင်၊ မှတ်ဖို့ပါပဲ။

၆။ ဒုက္ခမြင်သိ တရားကွာ၊ နိရောဓသို့သာ၊ ညွတ်မှုမလွဲ။

၇။ ယင်းသို့အားဖြင့် ညွတ်ခဲ့လျှင်၊ အဘယ်မှာလျှင် ဇာတိ ဇရာ မရဏ၊ ဖြစ်နိုင်တော့မလဲ။

၈။ အဇာတ၊ အသန်္ခတ၊နိဗ္ဗာန်ဟုဆိုသည်တွင်၊ ယင်းသို့ဖြစ်ခြင်းကင်းသော သဘောကိုပင်၊ မတ်ဖို့ပါပဲ။

ဘုရားစသော သူတော်ကောင်းတို့ လောကသုံးပါးကို စွန့်ပယ်ပုံ

အမေး။ ။ဘုရားစသည့် သူတော်အဖြာဖြာ၊ ဘယ်ခြင်းရာကြောင့် စွန့်မှုလောက။

အဖြေ။ ။ဘုရားစသည့် သူတော်အဖြာဖြာ၊ ရုပ်နာမ်ဓမ္မ သဒ္ဓါရဒ္ဓ၊ ကိုယ်ပိုင်မဟုတ် အစိုးမရ၊ အလိုသို့မလိုက်သော အရေမရ၊ အဖတ်မရ၊ အနိစ္စ ဒုက္ခ အနတ္တ၊ ဒုက္ခသစ္စာသာတည်းဟု မြင်သိမှုကြောင့် စွန့်မှုလောက။

ဒုတိယ သဗ္ဗတ္ထက ကမ္မဋ္ဌာန်း စီးဖြန်းနည်း

၁။ အတ္ထိ ဣမသ္မိံ ကာယေ၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တန္တိ။

ဤ မုတ္တန္တိမှ ကေသာထိ ပြန်၍ရွတ်ဆိုပြီးနောက် ဝဏ္ဏတာ, သဏ္ဌာနတာ, ဒိသတာ, ဩကာသတာအားဖြင့် စိတ်နှင့်ဆင်ခြင်ပါ။

သဗ္ဗတ္ထက အနုလောမ ပဋိလောမနည်း ပြီးပြီ။

၂။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော။ တစော ဒန္တာ နခါ လောမာ ကေသာ။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ။ ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ တစော ဒန္တာ နခါ လောမာ ကေသာ။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ။ ပပ္ဖါသံ ပိဟကံ ကိလောမကံ ယကနံ ဟဒယံ ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ တစော ဒန္တာ နခါ လောမာ ကေသာ။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ။

ဤမှ ကေသာအထိ ပြန်ဆိုပါ။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ (ပ) မတ္ထလုင်္ဂံ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ။

ၛင်းမှပြန်၍ ကေသာအထိ ပြန်ဆိုပါ။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ (ပ) အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ။

ဤမှပြန်၍ ကေသာအထိ ရွတ်ဆိုပါ။

ဤနည်းကား—နဂဗာသိဝ မဟာသမာပတ်ပုတိုးစိပ်နည်း မည်၏။ အထက်နည်းများအရ အကျိုးအာနိသင် အောက်ပါအကျဉ်းနည်းဖြင့် မှတ်ကြပါကုန်။

၁။ ကေသာလောမ ဒွတ္တိံသံ၊ အာရုံပြုရန်၊ သုံးဆယ့်နှစ်ဌာန။

၂။ အာရုံပြု၍ ရွှမ္မသန်၊ အသုဘသည့်၊ ထင်မှုစိတ်ခု။

၃။ ကေသာလောမ ဒွတ္တိံသံ၊ အခုမ်း အပူ မှက် ခြင် ယင် လေ နေပူမြွေ ကင်း သန်းတို့ ထိသည့်ဒုက္ခ။

တဖန် စေ့စေ့စပ်စပ် ရှုသောအခါ ကျင်ကြီး ကျင်ငယ် အပုပ် အသိုးရွံစရာ ကိုယ်လုံးပြည့်ဝ။

ဤသို့အားဖြင့် ဉာဏ်မြင်သန်၊ တဏှာမာနဒိဋ္ဌိ ပပဉ္စံ ချုပ်မှုစိတ်ခု။

ယင်းသို့အားဖြင့် ချုပ်ခဲ့လျှင် အဘယ်မှာလျှင် မင်္ဂလေးပါးသို့ မရောက်ပဲ ရှိနိုင်တော့အံ့နည်း။

အကျိုးအာနိသင် ပြည့်စုံနိုင်ပုံ ပြီးပြီ။

ကြီး ငယ် ကိစ္စပြီးစီးပုံ လက်သည်ရှုနည်း

ကြီးငယ်ကိစ္စ ပြီးစီးလျှ၊ ဒဋ္ဌတိ ံသာကာရံ စိတ်နှင့် ဝါယောဓာတ်သည် သွားရပ်ထိုင်လျောင်း အာဖြာဖြာ၊ ဒဋ္ဌတိ ံသာကာရံ စိတ်နှင့်ဝါယောဓာတ် ပဋိလိလ်သတ္တဝါ သွား, လာ, လုပ်ကိုင်၏ ဟု ဆိုသည်မှာ သမ္မုတိသစ္စာ ပညတ်သဘော။

ခိုင်းတတ် လုပ်တတ်။ ထိုနှစ်ရပ်၊ မှတ်ကြ နာမ်ရုပ်သဘော။

ဤသို့ နှလုံးသွင်းက သက္ကာယဒိဋ္ဌကို သွားလာ လုပ်ကိုင်ရင်းပင် ပယ်နိုင်၏ ဟူလို။

ဒဋ္ဌတိ ံသာကာရကို ရှုသဖြင့် အရှင်သောဏမဒထရ်၏ တပည့် (၁၅၀၁) မင်္ဂိုလ်ရပုံ

ဒဋ္ဌတိ ံသာကာရ၊ အသုဘဟု၊ ရှုမှုပဋိကူလံ။ သညာ အနိစ္စ၊ ငါးရာသမဏ၊ ရအပ် မဂ္ဂဖလာ။

ယင်းဒဋ္ဌတိ ံသဒ္ဒါ၊ ချမ်းပူစစ၊ ရုပ်ပုနဟု ရှုမှုဒုက္ခံ၊ ငါးရာသမဏ၊ ပဋိလိ၊ ရအပ် မဂ္ဂဖလာ။

ယင်းဒဋ္ဌတိ ံသဒ္ဒါ၊ နိသတ်ခဲ့ဝ၊ ကင်းပန္နစ်သာ၊ ဓာတ်သဘောမျှ၊ အနတ္တဟု၊ ဉာဏ်မြင်ရှုက၊ ငါးရာသမဏ၊ ရအပ် မဂ္ဂဖလာ။

သာဝတ္ထိပြည် မဟာဝုန်ဌာနဒ္ဒါ၊ နေထတိုခါ၊ အရှင်သောဏမထေရ်၏ တပည့် ထောင့်ငါးရာ။

ယင်းဒဋ္ဌတိ ံသဒ္ဒါ၊အနိစ္စ ဒုက္ခ အနတ္တဟု၊အသီးသီးရှု၊ ရမှု မင်္ဂလေးဖြာ။

ဒဋ္ဌတိ သာကာရမှု မင်္ဂသူ တကနည်း

သတိပြုရာ၌ ပထဝီ.၂၀, အာပေါ-၁၂ ဟု ဆိုသော်လည်း လွန်ကဲသည်ကို အကြောင်းပြု၍ ဟော၏။ စင်စစ်သော်ကား ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ အဋ္ဌကလာပ် ရှိမြဲပင်တည်း။

၁။ ဒုတ္ထိတံ သာကာရသည် ကံ, စိတ်, ဥတု, အာဟာရတို့ဖြင့် ပြုပြင်အပ်သော သင်္ခါရဒုက္ခ၊ အိုနာ,သေမှု ဖောက်ပြန်မှုနှင့်တကွ အနိစ္စ ဒုက္ခ အနတ္တ အသုဘ လက္ခဏာများး ပါရှိနေသောကြောင့် ဒုက္ခသစ္စာ မည်၏။

၂။ ထိုဒုတ္ထိတံ သာကာရစသည်ကို အလိုရှိသော အတိတ်ဘဝက တဏှာသည် သမုဒယသစ္စာမည်၏။

၃။ ယခုအခါ ထိုဒုတ္ထိတံ သာကာရ၌ အနိစ္စ ဒုက္ခ အနတ္တ အသုဘ လက္ခဏာ အိုနာ သေမှု ဖောက်ပြန်မှုတို့ကို အဖန်ဖန် ရှုခြင်းသည် သမ္မာဒိဋ္ဌိ ဝိပဿနာ မည်၏။

၄။ ထိုဝိပဿနာဖြင့် အပြစ်ကိုမြင်သောကြောင့် ဖြစ်မှု ကင်းသော အနုပ္ပါဒ အဇာတနိဗ္ဗာန်ကို အာရုံပြု၍ မဂ်စိတ်ဖြင့် ဘဝတဏှာကို ပယ်စွန့်ခြင်းသည် မဂ္ဂသစ္စာမည်၏။

၅။ ထိုသို့ ပယ်သဖြင့် ဇာတိစသော ဒုက္ခချုပ်မှုသည် နိရောဓသစ္စာ နိဗ္ဗာန်မည်၏။

ဤသို့ ဒုက္ခသစ္စာကို သိခြင်း၊ သမုဒယသစ္စာတဏှာကို ပယ်ခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွါးခြင်းဟူသော မဂ်ကိစ္စ ၄-ပါး ပြီးစီးရကား သောတာပန် စသည် တည်နိုင်တော့၏။

စက္ခုစသည်ကို သစ္စာဖွဲ့၍ ရှုပုံ

ထို့ပြင် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန-ဟူသော အဇ္ဈတ္တိကာယတန-တို့၌လည်း သစ္စာဖွဲ့၍ ရှုနိုင်၏။ ရှုပုံကား–စက္ခုသည် ဒုက္ခသစ္စာမည်၏။ ထိုစက္ခုကို ဖြစ်စေတတ်သော ရွှေးဘဝက တဏှာသည် သမုဒယသစ္စာမည်၏။ စက္ခု တဏှာ ၂-ပါးတို့ ချုပ်ခြင်းသည် နိရောဓသစ္စာ မည်၏။ ထိုဒုက္ခသမုဒယတို့ ချုပ်ကြောင်းအကျင့်သည် မဂ္ဂသစ္စာ မည်၏။

သောတ, ဃာန, ဇိဝှါ, ကာယ, မန-တို့၌လည်း ဤသို့ သစ္စာဖွဲ့၍ ရှုနိုင်၏ဟူလို။

ကျက်မှတ်ရန် လက်ဝမျှား

အတိတ်သမုဒယကြောင့် ဣဓဖြစ်ထ ဒုတ္ထံ သာကာရံ။

မဂ္ဂသစ္စာ သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ, ဒုက္ခ-သစ္စာဟု သိမှု ဟုတ်မှန်။

ထိုထိုသိမှု၊ အကြောင်းစုကြောင့်၊ ချုပ်မှု ဘဝတဏှံ။

တဏှာချုပ်က၊ ထိုဒုတ္ထံသ၊ မုချချုပ်ပြတ်လှ်။ (နိဗ္ဗာန် ရ၏ ဟူလို)။

ဒုတ္ထံသာကာရဖြင့် မဂ်,ဖိုလ် ရပုံ ဝတ္ထု

ဒုတ္ထံသာကာရဖြင့် မဂ် ဖိုလ်ရပုံ ဝတ္ထုကား ဤသို့တည်း-

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိပြည် မဟာဝုန်တောဋ္ဌသီတင်းသုံးတော်မူသော အရှင်သောဏထေရ်သည် တပည့် ၁၅၀၀-တို့အား ဒုတ္ထံသကမ္မဋ္ဌာန်းကို ပေးသဖြင့် အားထုတ်ကြသော ရဟန်းများသည် မိမိတို့ စရိုက်အားလျော်စွာ မဂ်ဖိုလ်ကို အသီး အသီး ရကြပုံကို လက်ဝဖြင့် အကျဉ်းမျှ ပြပေအံ့-

၁။ ဒုတ္ထံသဋ္ဌ ပုဂ္ဂိကာယ အသုဘဟု ရှုမှုသည်ာ အနိစ္စံ။ ငါးရာ သမဏ-မဂ်ဖလ၊ ရကြ ဝိမုတ္တံ။

၂။ ယင်းဒုတ္ထံသ၊ရူပကာယဋ္ဌ ချမ်းပူစစ၊ ဖောက်ပြန်လှဟု၊ ရှုမှုဒုက္ခသည်။ ငါးရာ သမဏ၊ မဂ်ဖလ၊ ရအပ် ဝိမုတ္တံ။

၃။ ယင်းဒုတ္ထံသ၊ ရူပကာယဋ္ဌ၊ သတ္တဇံဝ၊ ကင်းပနှစ်သာ၊ ခက်မာဖွဲ့စေး၊ ပူအေးထောက်ကန်၊ ဓာတ်သဘာဝ၊ အနတ္တဟု၊ ရှုမှုသည်။ ဤသို့ ရှုမှု အကြောင်းပြု၊ ငါးရာ သမဏ၊ ရအပ် မဂ်ဖလံ။

ကျမ်းပြီးသက္ကရာဇ်

ဤကျမ်းပြုဆရာသည် ၁၂၃၀-ပြည့် နှောင်းတန်ခူးလဆန်း ၁၄-ရက် ဗုဒ္ဓဟူးနေ့တွင် မင်းဘူးဒိစတြိတ် စကုမ္မိုဋ္ဌ် မွေးဖွားခဲ့၏။ ၁၃၀၉-ခု တော်သလင်းလပြည့်

ကျော် ၁၄-ရက် စနေနေ့တွင် ဤကျမ်း ရေးသား ပြီးစီး၏။ ဤအခါ သာသနာတော် သက္ကရာဇ် ၂၄၉၁-ခု ဖြစ်၏။ ဤကျမ်းပြုပုဂ္ဂိုလ်၏ အသက် ၇၉-နှစ်တွင် ဤကျမ်းကို ရေးလည်း ရေး၏။ ပြီးလည်း ပြီး၏ ဟူလို။

နိဂုံး

ဤတိ ဘဒ္ဒန္တ **ရေဝတ** နာမတ္ထေရေန ရစိတာယံ စတုသစ္စဒဋ္ဌိကမ္မကထာနာမော ဂန္ထော နိဋ္ဌိတော။

ဤတိ၊ ဤသည်လျှင်။ ဘဒ္ဒန္တ **ရေဝတ** နာမတ္ထေရေန၊ အရှင်ရေဝတ အမည်ရှိသော မထေရ်သည်။ ရစိတော၊ စီရင်အပ်သော။ စတုသစ္စဒဋ္ဌိကမ္မကထာနာမော၊ သစ္စာ ၄-ပါးကို မြဲမြံစွာ မြင်သိခြင်းဌာ အားထုတ်ပြုလုပ်အပ်သောကြောင့် "**စတုသစ္စဒဋ္ဌိကမ္မကထာ**" အမည်ရှိသော။ အယံ ဂန္ထော၊ ဤကျမ်းသည်။ နိဋ္ဌိတော၊ ပြီး၏။

စကားပုံဒဋ္ဌကမ္မကထာ

မြတ်သာဒေါ်ယိ အကျဉ်းစင်

အကျဉ်းရာစဉ်	စာမျက်နှာ
[အ]	
အကုသလကမ္မပထတရားများကို မက်အားလျော်စွာ ပယ်ပုံ	၂၆၄
အကုသလသဘောရကား စေတသိက်များ	၉၂
အကုသိုလ်စေတသိက်များ	၉၂
အကုသိုလ်တရား အယောနိသောမနသိကာရအရင်းခံပုံ	၃၂၀
အကုသိုလ်တရားများကို မက်လေးပါးအားလျော်စွာ ပယ်ပုံ	၂၆၄
အကြောင်းအားလျော်စွာ အကျိုးဖြစ်ပုံ	၁၄၅
အကြောင်းကြောင့်ဖအကျိုးဖြစ်ပုံ	၅၂
အကြောင်းမျိုးက အကျိုးချုပ်ပုံ	၂၉-၅၂
အကြောင်းချုပ်က အကျိုးချုပ်သော ဒုက္ခနိရောဓဋ္ဌိပုံ	၁၆၈
အဃ-ပုဒ်၏ ဝစနတ္ထ	၂၂၃
အညသမာန်းစေတသိက်များ	၉၁
အဋ္ဌကထာများအရ မဂ္ဂဝီထိကျပုံ	၄၅

အကျဉ်းရာစဉ်	စာမျက်နှာ
[အ]	
အတ္တဒိဋ္ဌိချုပ်လျှင် ဒိဋ္ဌိအားလုံး ချုပ်ပုံ	၃၀၅
အတ္တဟိတပြုက ပရဟိတပြီးနိုင်ပုံ	၃၄
အနတ္တအဓိပ္ပါယ်	၁၅-၆၃
အနတ္တကို မြင်သိရန် နက်နဲပုံ	၁၄
အနတ္တဆိုင်ရာ အမေးအဖြေ	၆၆
အနတ္တမည်ခြင်းအကြောင်း လေးပါး	၁၉၂-၃
အနတ္တရှုနည်း	၁၅
အနတ္တလက္ခဏာ ထင်မြင်ရန် အရေးကြီးပုံ	၆၅
အနမတဂ္ဂသုတ်အရ သံဝေဂ ယူဖွယ် လက်ဝဲကြီး	၂၀၅
အနိစ္စ စသည်နှင့် အနိစ္စလက္ခဏာ စသည် ခဲခြားမြင်သိနည်း	၁၉၀
အနိစ္စမည်ခြင်းအကြောင်း၄-ပါး	၁၉၁
အနုပါဒိသေသနိဗ္ဗာန်အဓိပ္ပါယ်	၂၇၂
အနုဗောဓသိ, ပဋိဝေဓသိ ၂-မျိုး ကို ဝေဖန်၍ ပြပုံ	၂၅၂
အနုလောမဆင်ခြင်နည်း	၃၂၅

အကွာရာစဉ်	စာမျက်နှာ
[အ-အာ]	
အသခ််တဘရား၏ သခ််တတရား ထက် မြင့်မြတ်ပုံ	၁၅၈
အသခ််တနိဗ္ဗာန်၏ သြပနေယျိက ကုဏ်နှင့် ပြည့်စုံပုံ	၁၇၇
အောက်မက်သုံးပါး လျှပ်စစ်နှင့် တူပုံ	၂၆၆
အောင်နိုင်ခြင်း ၄-ပါး	၂၉၁
အာစိဏ္ဏကံအဓိပ္ပါယ်	၁၃၅
အာဒီနဝ-ပုဒ်၏ ဝစနတ္ထ	၂၂၈
အာပေါဓာတ်အစု ၁၂	၁၀၂
အာယတန၌ အာယ-ပုဒ် တန-ပုဒ်တို့၏အဓိပ္ပါယ်	၃၁၅-၆
အာသန္နကံ ၂-မျိုး	၁၃၅
အာသန္နကံအဓိပ္ပါယ်	၁၃၅
အာသဝတရားများကို မက် လေးပါးအားလျော်စွာ ပယ်ပုံ	၂၆၄
[ဣ-ဥ]	
ဣတိ-ပုဒ်၏ ဝစနတ္ထ	၂၂၈
ဥဒါန်းပါဠိတော်အရ နိဗ္ဗာန်ရှိပုံကို ပြပုံ	၄၉
ဥဒယဗ္ဗယဉာဏ် ၅၀-တို့ဖြင့် သစ္စာမြင်သိနည်း	၁၆၉
ဥဒယဗ္ဗယဉာဏ် ၅၀-သရုပ်	၁၇၂
ဥပဒ္ဓိ၀-ပုဒ်၏ ဝစနတ္ထ	၂၂၈

အကွာရာစဉ်	စာမျက်နှာ
[အ]	
အနုလောမနည်း	၁၆၆
အနုသယကိလေသာကိုသာ မဂ်ဖြင့် ပယ်သတ်ပုံ	၂၅၇
အနုသယတရားများကို မဂ် ၄-ပါးအားလျော်စွာပယ်ပုံ	၂၆၄
အပွမညာစေတသိက်များ	၉၂
အပါယ်သို့ကျလျှင် သုဂတိသို့ တဖန်ပြန်ရောက်ရန်ခဲယဉ်းပုံ	၂၀၁
အဘိယာစကနိဒါန်း	၃
အယူမှားပုံ၏ အစနှင့်အဆုံး	၁၃
အရဟာတ္တဖိုလ်ကျန်း တည် ဆောက်ရန် တိုက်တွန်းပုံ	၂၉၄
အရဟာတ္တမဂ် ၀ရဇိန်လက်နက်နှင့် တူပုံ	၂၆၆
အရိယာရှစ်ဆယောက်အဓိပ္ပါယ်	၂၆၅
အရွယ်သုံးပါး ပိုင်းခြားပုံ	၉၇
အဝိဇ္ဇာ၏အဓိပ္ပါယ်အကျယ်	၁၂၄၊ ၅
အဝိဇ္ဇာ၏လက္ခဏာစသည်	၁၂၃-၃၁၃
အဝိဇ္ဇာကို ချုပ်ငြိမ်းစေ သောနည်း	၂၉၈-၉
အဝိဇ္ဇာစသည်တို့၏ အမိစသည် နှင့်တူပုံ	၁၂၃
အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ အမိနှင့် တူပုံ	၁၂၃
အဝိဇ္ဇာနှင့် တဏှာကြောင့် သံသရာရှည်ပုံ	၂၀၂

အကွောရာစဉ်	စာမျက်နှာ
[က]	
ကဋ္ဌတ္ထာကံအဓိပ္ပါယ်	၁၃၆
ကတညာဏ်အဓိပ္ပါယ်	၂၀၁
ကမ္မဝင်္ဂကို ပြုသောသူတို့ကို ဥပမာဖြင့် ပြပုံ	၁၃၄
ကမ္မဝိပါကအားဖြင့် ဤသောကကြီးဖြစ်၍နေပုံ	၁၄၈
ကာရကပုဂ္ဂိုလ်ပညတ်ခြင်း အကြောင်း	၁၅၁
ကိစ္စညာဏ်အဓိပ္ပါယ်	၂၀၀
ကိလေသာအညစ်အကြေး ပယ်သတ်နည်း	၂၆၁
ကုသိုလ်, အကုသိုလ်တရားတို့ အကျိုးပေး မတူပုံ	၃၄၄
ကုသိုလ်တရား ယောနိသော-မနသိကာရအရင်းခံပုံ	၃၂၈
ကျမ်း၏အမည် စသည်	၃
ကျမ်းပြီးသက္ကရာဇ်	၃၅၂
ကျမ်းပြုပုဂ္ဂိုလ်၏ ပဋိညာဏ် စသည်	၁၈
ကျမ်းပြုပုဂ္ဂိုလ်၏ ပြောဟော လေ့ရှိသောဝါဒ	၄
ကြီးငယ်ကိစ္စပြီးစီးပုံ လက်သည် ရှုနည်း	၃၅၀
ကြေးမုံတရား၏ အဓိပ္ပါယ်	၈၁

အကွောရာစဉ်	စာမျက်နှာ
[ခ-ဒ-သြ]	
ဥပသဂ္ဂ-ပုဒ်၏ ဝစနတ္ထ	၂၂၈
ဥပါဒါန်၏ လက္ခဏာစသည်	၁၁၇
ဥပါဒါန်ဖြင့် ဇဲ့ယူခြင်းမရှိသူ ဘိက္ခုမည်ပုံ	၁၃၉
ကေရာဇ်မင်းစသည်ထက် သောတာပန်ပုဂ္ဂိုလ် မြင့်မြတ်ပုံ	၂၉၁
ဩရမ္ဘာဂိယသံယောဇဉ်နှင့် ဥဒ္ဓမ္ဘာဂိယသံယောဇဉ်၌ မှတ်ဖွယ်	၂၆၃
ဩဝါဒပါတိမောက် ပါဠိတော် အနက်	၂၉၅-၆
[က]	
ကံ၏အဖန့်တူပုံ	၁၂၃
ကံကိုကြည့်၍ ဝိပါက်မဖြစ်နိုင်ပုံ	၁၄၆
ကံကို ပြုလုပ်သူ မရှိပုံ	၁၅၀
ကံဒကြောင့် ဝိပါက်ဖြစ်ပုံ ဥပမာ	၁၄၆
ကံတို့၏ဒေကျိုးပေးရာကာလ	၁၃၆
ကခ်ါဝိတရဏာဉာဏ်နှင့်ပြည့်စုံက စုဥသောတာပန်မည်ပုံ	၁၅၄
ကခ်ါဝိတရဏဝိသုဒ္ဓိ၏အဓိပ္ပါယ်	၁၂၄
ကခ်ါဝိတရဏဝိသုဒ္ဓိအကျိုးပြ	၁၅၂
ကခ်ါဝိတရဏ ဝိသုဒ္ဓိပြခြင်း၏ နိဒါန်း	၁၁၉

အကွာရာစဉ်	စာမျက်နှာ
[ဂ]	
ဂဏ္ဍမူလပုဂ္ဂိုလ်မည်ပုံ	၃၀၀-၁
ဂရုကံအဓိပ္ပါယ်	၁၃၅
ဂရုကံစသည်တို့၏ အကျိုးပေး	
ပရိယာယ်အပြား	၁၃၅
ဂရုကံစသည်တို့၏ အကျိုးပေးပုံ	
အစဉ်	၁၃၆
ဂေါစရရုပ်များ	၉၃
ဂေါတြဘု၏အဓိပ္ပါယ်အကျယ်	၂၄၀-၂
ဂေါတြဘု၏ အဓိပ္ပါယ်ထူး	၂၄၅
ဂေါတြဘု၏ ဝစနတ္ထများ	၂၄၂-၅
[ဝ]	
စက္ခုစသော အာယတနတို့	
ကြောင့် ဒုက္ခဖြစ်ချုပ်ပုံ	၁၇၂
စက္ခုစသည်ကို သစ္စာဖွဲ့၍ရှုပုံ	၃၅၁
စကားပြောရာ၌ ဗြာဟ္မဏ ဟုတ်,	
မဟုတ် မြင်သိနည်း	၃၃၀
စိတ်အရေအတွက်	၉၁
စိတ်၏လက္ခဏာ စသည်	၉၀
စိတ်၏ သတ္တိထူး	၉၀
စိတ်နှင့်ဝိညာဏ်တူပုံ	၃၁၄
စိတ်မည်ခြင်းအကြောင်း	ဂ၉
စုတိနောင် ပဋိသန္ဓေဆက်ရာ၌	
မှုတ်ဖွယ်	၁၄၂
စုတိနောင် ပဋိသန္ဓေ ယထာရဟ	
ဖြစ်ပုံ	၁၄၂

အကွာရာစဉ်	စာမျက်နှာ
[စ]	
စုဠ္လသေဋ္ဌိတာပန် အဖြစ်သည်	
သက်သာရာရသည်မည်ပုံ	၁၅၄
စေတနာ၏ အဓိပ္ပါယ်	ဂ၉
စေတသိက် အရေအတွက်	၉၁
စေတသိက်တို့၏ လက္ခဏာစသည်	၉၁
[ဆ-ဇ]	
ဆဟာကာရသုညရူပနည်း	၂၃၄
ဇရာမရဏ စသည်တို့၏	
အကြောင်းများ	၃၂၂
ဇာတိ၏ နယ်နိမိတ်	၂၀၅
ဇာတိ၏ လက္ခဏာစသည်	၃၁၄
ဇာတိဒုက္ခကို ရွေးဦးစွာ ဟော	
တော်မူခြင်းအကြောင်း	၂၃၀
[ည-တ]	
ညာဏဒဿနဝိသုဒ္ဓိအဓိပ္ပါယ်	၂၃၈
ညာဏဝတ္ထု ၄၄ ပါးတွက်နည်း	၁၆၃
ညာဏဝတ္ထု ၃၂-ပါးတို့ဖြင့်ရှုပုံ	၁၆၄
ညာဏဝတ္ထု ၃၃ ပါးတွက်နည်း	၁၆၆
ညာဏ် ၁၂-ပါး	၂၀၀
တဏှာအစပ်ဖြတ်နည်း	၂၉၈-၉
တဏှာ၏လက္ခဏာစသည်	၁၂၉-၃၁၃
တဏှာချုပ်ခြင်း နိဗ္ဗာန်မည်ပုံ	၂၇၁
တဏှာဒိဋ္ဌိ ဥပါဒါန်ကိုစွန့်ရန်	
မိုးပုံဥပမာဖြင့် ပြပုံ	၁၇၃

အကွာရာစဉ်	စာမျက်နှာ
[ဒ]	
ဒိဋ္ဌိဝိသုဒ္ဓိ၏ အဓိပ္ပါယ်	၈၇
ဒိဋ္ဌိဝိသုဒ္ဓိကထာ	၈၇
ဒုက္ခ ၇-ပါး (ဓမ္မစက္ကာအလို)	၁၉၄
ဒုက္ခ ၁၂-ပါး (သတိပဋ္ဌာန် အလို)	၁၉၄
ဒုက္ခ ၁၂-ပါး အကျယ်	၁၉၆
ဒုက္ခ ၁၂ ပါးမှ မလွတ်နိုင်ပုံ သံဝေဂယူနည်း	၂၀၈
ဒုက္ခ၏ အဓိပ္ပါယ်	၂၁
ဒုက္ခ၏တည်ရာ,ချုပ်ရာဌာနပြပုံ	၃၅
ဒုက္ခကို ဇရုဒီးစွာ ပြပုံ	၂၂
ဒုက္ခတို့တွင် ဇာတိသည်မူလ ဖြစ်ပုံ	၂၃၀
ဒုက္ခနိရောဓ အရိယသစ္စာအရ	၂၅
ဒုက္ခနိရောဓဂါမိနိပဋိပဒါ-ပုဒ် ဝိဂ္ဂိုဟ်ပြ	၁၈၇
ဒုက္ခနှင့်နိဗ္ဗာန်တဲ့၍ပြခြင်း	၂၃၃
ဒုက္ခနှင့်သုခကို ခွဲခြား၍ မြင်သိနည်း	၁၆၀
ဒုက္ခနှင့်သုခတဲ့၍ယုဂနဒ္ဓနည်း	၂၃၁
ဒုက္ခသစ္စာ၏အနက်လေးချက်	၂၇၃
ဒုက္ခသစ္စာ၏ ကုစ္ဆိတ,တုစ္ဆ ဖြစ်ပုံ	၂၆၇
ဒုက္ခသစ္စာ၏ လက္ခဏာ စသည်	၂၀-၇၃

အကွာရာစဉ်	စာမျက်နှာ
[တ]	
တဏှာသဘော၏ နက်နဲပုံ	၁၂၉
တဏှာသည် အနာဂတ်ဇာတိ၏ မူလဒါရကြောင်းဖြစ်ပုံ	၁၂၉
တရက်မျှ အသက်ရှင်ရသော်လည်း သစ္စာလေးပါးသိကမြတ်ပုံ	၂၀၉
တရားအာဃာတမူအဓိပ္ပါယ်	၇
တရားအာဃာတမှ၏ အကြောင်းရင်း	၆၁
တရားအာဃာတရာဌာအာရုံပြုရန် လိုရင်းအချက်	၂၀၄
တရားအာဃာတရာဌာ ယုံမှားခြင်းကိုပယ်မှုအရေးကြီးပုံ	၁၈၃
တရားအာဃာတသော လက်သည်ကိုပြပုံ	၁၈၅
တရားအာဃာတမထုတ်မီ မိမိစိတ်ကို ပရိကံပြုပုံ	၁၈၄
တရားဌာယုံမှားခြင်းအဓိပ္ပါယ်	၃၃၁
တရားကျင့်ရာဌာ အမြတ်,အရှုံး တွက်နည်း	၃၄
တရားဟောရာဌာ သစ္စာကို ဟောရန် လိုရင်းဖြစ်ပုံ	၅
တရားဟော,တရားနာပုဂ္ဂိုလ် တို့၏ဘဝန်	၁၁
တာဏ-ပုဒ်၏ ဝစနတ္ထ	၂၂၀
တေဇောဓာတ် အစု-၄	၁၁၂
တောလေးဆယ်နှင့်နိဗ္ဗာန်	၂၁၇-၂၂၇

အကွဲရာစဉ်	စာမျက်နှာ
[ဝ]	
ဓမ္မကထိကတို့၏ တရားဟောရန် အစီအစဉ်	၇
ဓမ္မပဿာမအနက်	၂
[န]	
နခသိခသုတ်အရ သံဝေဂ ယူနည်း	၂၀၅
နဂဗာသိဝ မဟာသမာပတ် ပုတီးစိပ်နည်း	၃၄၈-၉
နာမ်၏ လက္ခဏာစသည်	၃၁၄
နာမ်နှင့်ရုပ် အကျိုးအကန်းနှင့် တူပုံ	၁၁၁
နာမ်နှင့်ရုပ်ခြားနားပုံ ဥပမာ	၁၀၇
နာမ်နှင့်ရုပ် ရုပ်သေးရုပ်, ကြီးဆဲ့သမားနှင့်တူပုံ	၁၁၄
နာမ်နှင့်ရုပ်လူ, လှေနှင့်တူပုံ	၁၁၃
နာမ် မည်ခြင်းအကြောင်း	၈၈
နာမ်ရုပ် အပေါင်းအစုကိုစဲ့၍ သတ္တဝါဟု ပညတ်ပုံ ဥပမာ	၉၉
နာမ်ရုပ်ကို ခဲ့ခြားခြင်းဖြင့် ဒီဋ္ဌိသုဒ္ဓိဖြစ်ပုံ	၁၀၆
နာမ်ရုပ်တို့၏ သဘာဝ	၈၈
နာမ်ရုပ်တို့ ဗျာပါရ ရှိသကဲ့သို့ ထင်ရပုံ	၁၁၄

အကွဲရာစဉ်	စာမျက်နှာ
[ဒ]	
ဒုက္ခသစ္စာကို ဒီဋ္ဌိသုဒ္ဓိဖြင့် ခွဲခြမ်းပြပုံ	၇၃
ဒုက္ခသစ္စာကို မြင်သိက သက္ကာယ-ဒိဋ္ဌိခုယ်ရပုံ	၃၀
ဒိဋ္ဌိခုယ်ရပုံ	၃၀
ဒုက္ခသစ္စာ နာမ်ရုပ်တို့၏ ဟေတု အကြောင်း, ပစ္စယ အကြောင်း	၁၂၀-၁
ဒုက္ခသစ္စာပါဠိအနက်	၂၀
ဒုက္ခသစ္စာပြပါဠိ	၁၉
ဒုက္ခသစ္စာ ရောဂါနှင့်တူပုံ အကျယ်	၃၀၃
ဒုက္ခပြုလုပ်သူကို ဖော် ထုတ်ခြင်း	၃၀၆
ဒုက္ခဖြစ်ခြင်း, ချုပ်ခြင်း အကြောင်း	၃၀၂
ဒုက္ခမည်ခြင်း အကြောင်း လေးပါး	၁၉၁
ဒုက္ခသမုဒယ မည်ခြင်း အကြောင်း	၂၆၈
ဒုတိယသစ္စာကောရဖြင့် မဂ်ဖိုလ် ရပုံ ဝတ္ထု	၃၅၂
ဒုတိယသစ္စာကောရမှ မဂ်သို့ တက်နည်း	၃၅၀
ဒုတိယသစ္စာ သဘဝတရား ကမ္မဋ္ဌာန်း စီးဖြန်းနည်း	၃၄၁
ဒွါဒသာဟာကာရ ရှုနည်း	၂၃၆

အကွဲရှာစဉ်	စာမျက်နှာ
[န]	
နာမ်ရုပ်တို့ မြက်မှိုက် ထင်းခြောင်း တို့နှင့် တူပုံ	၁၁၅
နာမ်ရုပ်နှင့် နိဗ္ဗာန် နှိုင်းယှဉ်၍ ဥဒါန်းကျူးပုံ	၃၃၇
နာမ်ရုပ်မှတပါး ပုဂ္ဂိုလ်, သတ္တဝါ, သတ္တ, ဇီဝ မရှိပုံ	၉၉
နိဂုံး	၃၅၃
နိဗ္ဗန်ရုပ်မည်ခြင်းအကြောင်း	၉၄
နိဗ္ဗန်ရုပ်များ	၉၃-၄
နိဗ္ဗာန-ပုဒ်၏ ဝစနတ္ထ	၁၂၅
နိဗ္ဗာနပုရ=နိဗ္ဗာန်ရှေပြည် အဓိပ္ပါယ်	၂၈၆
နိဗ္ဗာန်အာရုံ၌ မွေ့လျော်အပ်ပုံ	၂၈၅
နိဗ္ဗာန် ဩပနေယျိကဂုဏ်ရှိပုံ	၂၈၅
နိဗ္ဗာန်၏ အသခ်တ မည်ပုံ	၁၅၉
နိဗ္ဗာန်၏ တဏှာအာရုံမှလွတ်ခြင်း အကြောင်း	၁၇၆
နိဗ္ဗာန်၏ ဒုက္ခနိရောဓ မည်ခြင်း အကြောင်း	၁၅၅-၉
နိဗ္ဗာန်၏ မအို, မနာ, မသေ ဟူသော အဓိပ္ပါယ်	၂၈၆
နိဗ္ဗာန်၏ လက္ခဏာ စသည်	၃၄
နိဗ္ဗာန်၏ သန္တိလက္ခဏာ ဖြစ်ပုံ	၃၆

အကွဲရှာစဉ်	စာမျက်နှာ
[န]	
နိဗ္ဗာန်၌ ရာဂ ကင်းခြင်း၏ အကြောင်း	၁၅၉
နိဗ္ဗာန်ကို အာရုံပြု၍ တရား အားထုတ်ရမည်ဟု ဟောတော်မူပုံ	၄၃
နိဗ္ဗာန်ကို ဥဒါန်းကျူးပုံ	၃၃၆
နိဗ္ဗာန်ကို မျက်မှောက်ပြု၏ ဟူသော အဓိပ္ပါယ်	၅၀၊၂၀၁
နိဗ္ဗာန်ကိုလျင်စွာ မျက်မှောက် ပြုရန် ဘာဝနာပွါးပုံ	၆၈
နိဗ္ဗာန်ချမ်းသာဟူသော အဓိပ္ပါယ်	၂၀၃
နိဗ္ဗာန်နှင့် မဂ်စိတ် အာရုံ အာရမ္မဏိက စပ်မိအောင် ရှုနည်း	၅၃
နိရောဓကထာ	၁၅၅
နိရောဓသစ္စာ၏ အနက် လေးချက်	၂၃၄
နိရောဓသစ္စာ၏ အဓိပ္ပါယ်	၂၃
နိရောဓသစ္စာ၏လက္ခဏာစသည်	၂၆
နိရောဓသစ္စာကို မြင်သိက သဿတဒိဋ္ဌိ ချုပ်ရပုံ	၃၁
နိရောဓသစ္စာ ဂတိ ၅-ပါးမှ ဆိတ်ပုံ	၂၆၉

အာဒိရုဏ်စဉ် စာမျက်နှာ

[ပ]

ပစ္စုပ္ပန်ဘဝ၌ မင်္ဂိုလ် ရ,မရ
ပုဂ္ဂိုလ်များ ၂၉၉-၃၀၀
ပစ္စုပ္ပန်ဘဝမှာပင် သောတာပန်
စသည်ဖြစ်အောင်
အားထုတ်နည်း ၅၃
ပညာရှိ,မရှိ ဆုံးဖြတ်နိုင်ပုံ ၃၄၅
ပညာရှိများ နှလုံးသွင်းပုံ ၃၄၂
ပညာလေးမျိုး ၂၉၇
ပညိန္ဒြေစေတသိက်အရ ၉၃
ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါး ၃၁၂
ပဋိစ္စသမုပ္ပါဒ်အရ သစ္စာဖွဲ့၍
နိဗ္ဗာန်ကို မြင်သိပုံ ၁၆၁
ပဋိစ္စသမုပ္ပါဒ်၏ နက်နဲခြင်း
၄-ပါး ၃၁၈
ပဋိစ္စသမုပ္ပါဒ်၏ လက္ခဏာစသည် ၃၁၂
ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း
အဓိပ္ပါယ် ၃၃၄
ပဋိစ္စသမုပ္ပါဒ်ကို ဉာဏ်ဝတ္ထု
၄၄-ပါးတို့ဖြင့် ရှုပုံ ၃၂၆
ပဋိလောမ ဆင်ခြင်နည်း ၃၂၄
ပဋိသန္ဓိဒါ ၂-ပါးနှင့်ပြည့်စုံက
ယုံမှားခြင်း ချုပ်ပုံ ၃၃၅
ပဌမမဂ်နှင့် အထက်မဂ်သုံးပါးတို့
ရရှိန် အကျင့်ခြားနားပုံ ၇၉
ပထဝီဓာတ်အစု-၂၀ ၁၀၂

[န]

နိဗ္ဗာနသစ္ဆာပါဒ်အနက် ၂၅
နိဗ္ဗာနသစ္ဆာပြုပါဒ် ၁၉
နိဝရဏတရားများကို မဂ်လေးပါး
အားလျော်စွာ ပယ်ပုံ ၂၆၄
နောက်အစွန်း၌ ယုံမှားခြင်း
အဓိပ္ပါယ် ၃၃၃

[ပ]

ပကိဏ်းစေတသိက်မည်ခြင်း
အကြောင်း ၉၁
ပကိဏ်းစေတသိက်များ ၉၁
ပစ္စယပရိဂ္ဂဟဉာဏ်ကို ကာလ
သုံးပါးဖြင့်အကျဉ်းမှတ်ယူပုံ ၁၂၂
ပစ္စယပရိဂ္ဂဟဉာဏ်ကို ဓမ္မဋ္ဌိတိ
ဉာဏ်ခေါ်ပုံ ၁၅၃
ပစ္စယပရိဂ္ဂဟဉာဏ်ကို
ယထာဘူတဉာဏ်ခေါ်ပုံ ၁၅၃
ပစ္စယပရိဂ္ဂဟဉာဏ်ကို
သမ္မာဒဿနဉာဏ်ခေါ်ပုံ ၁၅၃
ပစ္စဝေက္ခဏာဆင်ခြင်ပုံ
(လယ်တီနည်း) ၈၀
ပစ္စုပ္ပန်ကံကြောင့် အနာဂတ်
ဘဝဇာတိဖြစ်ပြန်ပုံ ၁၄၈
ပစ္စုပ္ပန် ဒုက္ခ, သမုဒယ,နိရောဓ,
မဂ္ဂတို့ကို ရှုပုံ ၃၀

အကွဲရာစဉ်	စာမျက်နှာ
[ဘ]	
ဘင်္ဂာဏ်ဖြင့် ဉာဏ်စဉ်ခုနစ်ဆင့် ဆင်ခြင်လျှင် မင်္ဂလာ သက်ဝင်နိုင်ပုံ	၂၁၀
ဘဝ၏လက္ခဏာစသည်	၃၁၇
ဘဝတိမြဲပုံ သံဝေဂယူရန်	၂၀၃
ဘဝတဏှာကို ပယ်နိုင်ရန် ပုံတီးစိပ်နည်း	၅၅
ဘဝတဏှာချုပ်အောင် ရှုပုံ တနည်း	၅၃ ၅၃
ဘာဝရုပ်များ	၉၃
ဘာဝေတဗ္ဗ, ပဟာတဗ္ဗ ခွဲခြား မြင်သိနည်း	၁၈၀
ဘုရား၌ ယုံမှားခြင်းဒါဓိပ္ပါယ်	၃၂၉
ဘုရားစသော သူတော်ကောင်း တို့ လောကသုံးပါးကို စွန့်ပယ်ပုံ	၃၇၇
ဘူတရုပ်များ	၉၃
[မ]	
မဂ္ဂ, အမဂ္ဂခွဲခြားမြင်သိနည်း	၁၈၀
မဂ္ဂဘာဝနာပွါးနည်း	၁၇၉
မဂ္ဂသစ္စာအရ	၁၇၇
မဂ္ဂသစ္စာ၏ အနက်လေးချက်	၂၇၅
မဂ္ဂသစ္စာ၏ လက္ခဏာ စသည်	၂၇-၂၅-၁၇၈
မဂ္ဂသစ္စာကို မြင်သိက အကိုရိယ-ဒိဋ္ဌိချုပ်ရပုံ	၂၂

အကွဲရာစဉ်	စာမျက်နှာ
[ပ]	
ပရမတ္ထသစ္စာ လေးပါးထက် မယုတ်, မလွန်ပုံ	၂၇၇
ပဿဒ္ဓိရုပ်များ	၉၃
ပဟာန် ၃-မျိုး	၂၆၅
ပုထုဇဉ်နှင့် သောတာပန် ခြားနားပုံ	၃၀၉
ပေါင်းသင့်, မသင့်သူကို ရွေးချယ်နည်း	၃၄၃
[ဖ]	
ဖဿ၏ အဒိပ္ပါယ်	၈၉
ဖဿ၏ လက္ခဏာစသည်	၃၁၆
ဖဿနှင့် ဝေဒနာဆိုင်ရာ ဥပမာ	၃၁၆
ဖဿ ပဉ္စမကဖြစ်ပုံ	၁၀၈
ဖိုလ်၌တည်သော ပုဂ္ဂိုလ်တို့ ဖိုလ်ဝင်စားနည်း	၈၂
ဖိုလ်ဝင်စားသည့်အခါ နိဗ္ဗာန် အာရုံ၌ စိတ်တည်နေပုံ	၈၂
ဖြစ်စေတတ်သော အကြောင်း တရားပျောက်သည်း အနိစ္စ စသည်ဖြစ်ပုံ	၁၉၄
[ဗ]	
ဗဟုသုတ ကထ္ထာ	၂၈၉
ဗုဒ္ဓပုဏ္ဏားမ ပါဋ္ဌအနက်	၁

အကွာရာစဉ်	စာမျက်နှာ
[မ]	
မဂ္ဂသစ္စာပါဠိအနက်	၂၇
မဂ္ဂသစ္စာပြ ပါဠိ	၁၉
မင်္ဂအကျင့်၏ အဓိပ္ပါယ်ကို ပြပုံ	၄၇၈
မင်္ဂအားလျော်စွာ သံယောဇဉ် မျိုး ချုပ်ပုံ	၂၆၂
မင်္ဂကိစ္စ ၁၆-ချက်၏ အဓိပ္ပါယ်	၂၇၉
မင်္ဂကိစ္စ ၄-ပါး ပြီးစီးပုံ ဆိမိုး ဥပမာ	၂၆၀-၂၆၂
မင်္ဂဓာတ်၌ အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိ ချုပ်ပုံ	၄၆
မင်္ဂဓာတ်၌ မိစ္ဆာမဂ္ဂင်ရှစ်ပါးမှထပုံ	၂၅၃
မင်္ဂစိတ်၏ အာရုံ	၁၈၈
မင်္ဂစိတ်တချက်ဖြင့် မင်္ဂကိစ္စ လေးပါး ပြီးစီးအောင်ရှုပုံ	၃၁
မင်္ဂဉာဏ်, ဖိုလ်ဉာဏ်၏ အဓိပ္ပါယ်	၁၇
မင်္ဂဖိုလ်၌ တည်, မတည် ကြေးမုံ တရားအရ ဆင်ခြင်ပုံ	၈၁
မင်္ဂ, ဖိုလ်, နိဗ္ဗာန်မှစ၍ ရှိရန် ဘုရားရှင်တိုက်တွန်းတော်မူပုံ	၁၂
မင်္ဂဖိုလ်ရပြီးနောက် ဟုတ်, မဟုတ် မြင်သိနည်း	၂၀၂
မင်္ဂလေးပါးကို ရအောင် ကျင့်နည်း	၁၈၂
မရှိလေးမျိုး	၂၉၃
မာရာမိသ-ပုဒ်၏ ဝစနတ္ထ	၂၂၆
မိစ္ဆာဒိဋ္ဌိ အဓိပ္ပါယ်	၁၃၁

အကွာရာစဉ်	စာမျက်နှာ
[မ]	
မိစ္ဆာမဂ္ဂင်များကို မင်္ဂလေးပါး အားလျော်စွာ ပယ်ပုံ	၂၆၃
မိမိ၏ခန္ဓာကို သစ္စာဖွဲ့၍ ရှုနည်း	၇၇
မိမိ၏ သောတာပတ္တိမင်္ဂ စသည်၌ တည်, မတည် ဆင်ခြင်နည်း	၃၉
မိမိကိုယ်ကို ယဉ်ကျေးစေပြီး သူတပါးကို ဆုံးမသင့်ပုံ	၃၄၁
မိမိမိုက်သည်ကို သိက ပညာရှိ ဖြစ်နိုင်ပုံ	၃၄၄
မိမိမြင်သိမှု သူတပါး မြင်, မမြင် သိနိုင်ပုံ	၃၄၆
မုချဒုက္ခ, ပရိယာယဒုက္ခ ၂-မျိုး အဓိပ္ပါယ်	၂၁
မြန်မာစကားရိုးရိုးဖြင့် မင်္ဂသို့ တက်နည်း	၄၄
[ယ]	
ယမကရှုနည်း	၁၅၆
] ရ]	
ရတနတ္တယပူဇာမများ	၁
ရဟန္တာ၏ကိုယ်ကို နတ်များ ဖောက်ထွင်း၍ မမြင်နိုင်ပုံ	၃၃၈
ရဟန္တာတို့ ဘိက္ခုမည်ပုံ	၃၃၉
ရဟန္တာတို့ သုခ, ဒုက္ခ၌ မတုန်လှုပ်ပုံ	၃၄၀
ရာဂနှင့်တူသော မီးမရှိပုံစသည်	၂၉၃

အကွာရာစဉ်	စာမျက်နှာ
[ရ]	
ရုပ် ၂၀-ပါး	၉၃
ရုပ်အဓိပ္ပါယ်	၂၂
ရုပ်၏ အဖေတနစသည်ဖြစ်ပုံ	၉၆
ရုပ်၏ လက္ခဏာစသည်	၉၅-၃၁၄
ရုပ်၌ ခင်ဗျယ်စိတ်ပျက်အောင် ဟောပုံ	၃၄၀
ရုပ်၌ ဖြစ် သဏ္ဌာန် နိမိတ် ဒိုသကဲ့သို့ ထင်ရရုံမျှသာ တည်းဟု ပြပုံ	၁၀၀
ရုပ်ဖောက်ပြန်ပုံ	၉၅
ရုပ်မည်ခြင်းအကြောင်း	၉၅
ရှေးအစွန်း၌ ယုံမှားခြင်း အဓိပ္ပါယ်	၃၃၃
ရှေးအစွန်း နောက်အစွန်း၌ ယုံမှားခြင်းအဓိပ္ပါယ်	၃၃၃
[လ]	
လက္ခဏရုပ်များ	၉၄
လက္ခဏာနှင့် ရသ၏အဓိပ္ပါယ်	၁၉၀
လက္ခဏာသုံးပါး ကိုယ်တွေ့ ရှုနည်း	၃၆
လေဏ-ပုဒ်၏ ဝစနတ္ထ	၂၂၀
လောက၏ အစ, အဆုံးကို ဟောတော်မူပုံ	၁၆၆
လောကီမဂ်, လောကုတ္တရာမဂ် ၂-မျိုးအဓိပ္ပါယ်	၂၅၅

အကွာရာစဉ်	စာမျက်နှာ
[လ]	
လောကီမဂ်, လောကုတ္တရာမဂ် အာရမ္မဏ်	၁၀၃
လောကုတ္တရာ၏ အဓိပ္ပါယ်	၁၀၁
လောကုတ္တရာတရား ကိုးပါး သရုပ်	၁၀၁
လောဘစသည်သည် မိမိတည်ရာ ပုဂ္ဂိုလ်ကို သတ်ဖတ်ပုံ	၂၉၃
လောဘ မောဟကင်းအောင် ဆုတောင်းနည်း	၂၀၃
လုံလစီရိယရှိက တရက်မျှ အသက်ရှင်ရသော်လည်း မြင့်မြတ်ပုံ	၂၉၀
[ဝ]	
ဝဋ်ဒုက္ခချုပ်နည်း	၄၂
ဝဋ်ဒုက္ခချုပ်ပုံတနည်း	၄၂
ဝါယောဓာတ်အစု-၆	၁၀၂
ဝိကာရရုပ်များ	၉၄
ဝိစိကိစ္ဆာအဓိပ္ပါယ်	၃၃၁
ဝိစိကိစ္ဆာရှစ်ပါးအဓိပ္ပါယ်	၃၂၉-၃၃၄
ဝိညာဏ်၏ လက္ခဏာစသည်	၃၁၃
ဝိမောက္ခသုံးပါးပြပုံ	၂၃၀-၄၀
ဝိပဿနာ၏အဓိပ္ပါယ်	၁၈၉
ဝိပဿနာပညာ၏ လက္ခဏာ စသည်	၁၉၀

အကွဲရာစဉ်	စာမျက်နှာ
[ဝ]	
ဝိပဿနာ, မဂ်, ဖိုလ်ဆိုင်ရာ ဘီလူးမနှင့်ယောကျ်ား ဥပမာ	၂၄၆
ဝိပါက်အကျိုးကို ခံစားသူ မရှိပုံ	၁၅၀
ဝိရတိစေတသိက်များ	၉၂
ဝိထိချလက်ဝ (ဖလသမာပတ္တိ)	၈၃
ဝေဒကပုဂ္ဂိုလ်ပညတ်ခြင်း အကြောင်း	၁၅၁
ဝေဒဂူပုဂ္ဂိုလ်မည်ပုံ	၃၀၀-၁
ဝေဒနာ၏အဓိပ္ပါယ်	၈၉
ဝေဒနာ၏လက္ခဏာစသည်	၃၁၆
ဝေဒနာကမ္မန္ဌာနမည်သောတရား	၉၃
ဝုဋ္ဌာနဂါမိနီ၏အမည်လှယ်များ	၂၃၇
ဝုဋ္ဌာနဂါမိနီမည်ခြင်း အကြောင်း	၂၃၇
[သ]	
သံကိလေသိက-ပုဒ်၏ ဝစနတ္ထ	၂၂၉
သံဃပဟ္မာမပါဠိအနက်	၂
သံဃာဠိ ယုံမှားခြင်းအဓိပ္ပါယ်	၃၃၂
သံသရာ၏အဓိပ္ပါယ်	၂၁၃
သံသရာကို ပြုလုပ်စီရင်သော ဗြဟ္မာဗိဿနိုးနတ်စသည် မရှိပုံ	၁၄၇
သံသရာစက် ချုပ်ပျက်ရပုံ	၁၃၃

အကွဲရာစဉ်	စာမျက်နှာ
[သ]	
သံသရာစက်ချုပ်ရပုံ	၃၁၇
သံသရာစက် မဆုံးနိုင်ပုံ	၁၃၁
သံသရာစက်မပြတ်လည်ပုံဥပမာ	၃၁၇
သံသရာမှ ကျွတ်လွတ်နိုင်ပုံ	၂၀၉
သံသရာမှ မကျွတ်လွတ်နိုင်ပုံ	၂၀၈
သံသရာရှည်ခြင်းအကြောင်း	၁၃၂
သံသရာရှည်ခြင်း တိုခြင်း၏ လက်သည်များ	၃၁၅
သံသရာလည်ပုံ ပဋိစ္စသမုပ္ပါဒ် ဥပမာ	၃၀၈
သံသရာလည်ပုံ မာလောန္ဒယ် ဥပမာ	၃၀၈-၉
သုံးဆယ်တစ်ဘုံ၌ ကျင်လည် ရမှုအတွက် ငြီးငွေ့စေ ခြင်းငှါ ရှုပုံ	၃၃၇
သက္ကာယဒိဋ္ဌိခုနှိနည်း	၂၉၈-၉
သက္ကာယဒိဋ္ဌိပယ်ပုံ	၃၀၄
သက္ကာယနှင့် ဒိဋ္ဌိခြားနားပုံ	၁၀၄
သဒ်တလက္ခဏာနှင့် အဒ်တ လက္ခဏာတို့၏ ခြားနားပုံ	၁၅၇
သဒ်ါရ၏လက္ခဏာစသည်	၃၁၃
သဒ်ါရကမ္မန္ဌာနမည်ခြင်းအကြောင်း	၉၃
သဒ်ါရကမ္မန္ဌာနမည်သောတရား	၉၃
သဒ်ါရတရားတို့၏ အဖြစ်အပျက်ကို သိက တရက်မျှ အသက်ရှင်ရ သော်လည်း မြင့်မြတ်ပုံ	၂၉၁

အကွောစဉ်	စာမျက်နှာ
[သ]	
သစ္စာလေးပါးကို မြန်မာစကားဖြင့် မြင်သိနည်း	၅၅
သစ္စာလေးပါးကိုသိက တရက်မျှ အာသက်နှင်သော်လည်း မြင်မြတ်ပုံ	၂၀၉
သစ္စာလေးပါးဆိုင်ရာ အနာရောဂါ ဥပမာ	၂၃၄
သစ္စာလေးပါးဆိုင်ရာ ဝန်ထုပ် ဥပမာ	၂၃၅
သစ္စာလေးပါး မြင်သိနည်း	၂၀
သစ္စာသိဖို့ တရားဟောရန် တိုက်တွန်းပုံ	၁၀
သညာ၏အဓိပ္ပါယ်	၀၉
သညာကွန္ဒာမည်သော တရား	၉၃
သတိပေးနိုဒါန်း	၁၆-၁၇
သတ္တဝါသွားသည်ဆိုရာ၌ အဓိပ္ပါယ်	၁၁၆-၇
သမဂ္ဂ ဘာဝေတပ္ပ အဓိပ္ပါယ်	၁၀၁
သမုဒယသစ္စာ၏ အနက် လေးချက်	၂၃၄
သမုဒယသစ္စာ၏ တရားဘပါးနှင့် စပ်မိမှ မိမိကိစ္စပြီးနိုင်ပုံ	၂၆၀
သမုဒယသစ္စာ၏ လက္ခဏာ စသည်	၂၄-၂၄
သမုဒယသစ္စကထာ	၁၁၉

အကွောစဉ်	စာမျက်နှာ
[သ]	
သခ်ါရုပေက္ခာဉာဏ်ဖြစ်ပုံ	၂၃၆
သင့်,မသင့် နှလုံးသွင်းက ကုသိုလ် ပွါးပုံနှင့် ဆုတ်ယုတ်ပုံ	၃၂၇
သစ္စဉာဏ်အဓိပ္ပါယ်	၂၀၀
သစ္စာအနက် ၁၆-ချက်	၂၃၃
သစ္စာကိုမသိသော ကြောင့် သံသရာ၌ ကျင်လည်ရပုံ	၉
သစ္စာလေးပါးမှတပါး ပြုလုပ်ခံစား တတ်သူ မရှိပုံ	၂၃၉
သစ္စာလေးပါးအကျဉ်းမှတ် ယူနည်း	၃၉
သစ္စာလေးပါးအကျဉ်းမှတ်ရန် အဓိပ္ပါယ်	၂၀
သစ္စာလေးပါး အစဉ်ငိစစ်ချက်	၂၃၆
သစ္စာလေးပါး အမေးအဖြေ	၃၂
သစ္စာလေးပါး၏ အမည် အမျိုးမျိုး	၂၂၃
သစ္စာလေးပါး၌ သိမြင်နည်း အကျဉ်း	၅၀
သစ္စာလေးပါးကို အကွောအပြည့် အစုံဆင်ခြင်နည်း	၃၃
သစ္စာလေးပါးကို ကိုယ်တွေ့ သိမြင်သူမည်ပုံ	၃၉
သစ္စာလေးပါးကို မြန်မာစကား သက်သက်ဖြင့် ရှုနည်း	၅၁

အာဟ္ဝါဏုစဉ်	စာမျက်နှာ
[သ]	
သမုဒယသစ္စာမြင်သိက ဥဒ္ဓေဒဒီဋ္ဌိ ချုပ်ရပုံ	၇၀
သမုဒယသစ္စာပါဠိအနက်	၂၄
သမုဒယသစ္စာပြပါဠိ	၁၉
သဗ္ဗစိတ္တသာဓာရဏစေတသိက် များ	၉၁
သဗ္ဗစိတ္တသာဓာရဏမည်ခြင်း အကြောင်း	၉၁
သဗ္ဗဇိတပုဂ္ဂိုလ်မည်ပုံ	၃၀၀-၃၀၁
သမ္မာဒိဋ္ဌိ ၅-မျိုး	၂၉၈
သရဏပုဒ်၏ဝစနတ္ထ	၂၂၈
သဒ္ဒါယတန၏လက္ခဏာစသည်	၃၁၅
သားနှင့်ဝိပါက်နာမ်ရုပ်တူပုံ	၁၂၃
သာဝကတို့တာဝန်	၄
သာသနာတော်၌ထောက်တည်ရာ တရား	၁၃
သာသနာတော်၌ သက်သာရာ တရား	၁၂
သာသနာတော်၌ သက်သာရာ ရခြင်းအဓိပ္ပါယ်	၃၀၁
သိက္ခာ၌ယုံမှားခြင်း အဓိပ္ပါယ်	၃၃၂
သိခါပတ္တဓမ္မဒါန အဓိပ္ပါယ်	၂၉၂
သုခဝေဒနာကြောင့် ဒုက္ခ ၁၀-မျိုး ဖြစ်ပုံ	၄၁
သုခဝေဒနာတရာကြောင့် ဒုက္ခ ၁၀-ပါးဖြစ်ပုံ	၃၂၃

အကွာရုစဉ်	စာမျက်နှာ
[သ]	
သုခသုံးမျိုးအဓိပ္ပါယ်	၂၈၃
သုပ္ပဝါသာ ရတနာသုံးပါးဂုဏ်ကို ဥဒါန်းကျူးပုံ	၃၃၆
သူစိုးလောမဘီလူးအမေး မြတ်စွာဘုရား အဖြေ	၃၁၈
သေခါနိုး နိမိတ်ထင်ပုံ	၁၃၇
သေခြင်းလေးမျိုး	၁၃၇
သေခြင်းလေးမျိုး ဥပမာ	၁၃၇
သောဏမထေရ်၏တပည့် ၁၅၀၀ မင်္ဂိုလ်ရပုံ	၃၅၀
သောတာပတ္တိမဂ္ဂဝီထိကျပုံ	၂၄၉
သောတာပတ္တိမင်္ဂဖြင့် ခန္ဓာ ၂-ပါးမှ ထပုံ	၂၅၆
သောတာပတ္တိမင်္ဂရကြောင်း အင်္ဂါ ၄-ပါး	၃၁၁
သောတာပတ္တိမင်္ဂရဘို့အတွက် ဓောင်းပါးစွာကျင့်ရန်မလိုပုံ	၃၁၀
သောတာပန်၏ကျင့်ဝတ်	၈၄
သောတာပန်ဖြစ်အောင် ကျင့်နည်း	၈၄-၈၅
သောဘဏ စေတသိက်များ	၉၂
သောဘဏ သာဓာရဏ စေတသိက်များ	၉၂
ဟောတုပစ္စယအကြောင်းနှစ်မျိုး ကြောင့် ရုပ်နာမ်ခန္ဓာတို့ ဖြစ်ပေါ်ပုံ	၁၄၃

စတုသစ္စဒဋ္ဌကမ္မကထာကျမ်း ပုံနှိပ်ရာတွင်စုပေါင်းပါဝင်သည့်

အလှူရှင်များစာရင်း

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၁။	ဦးရဲဆွတ်လှ-ဒေါ်မြင့်မြင့်နှင့်သားသမီးမြေးမျိုး ဖိုးစိန်လမ်း ရန်ကုန်မြို့။	၂၅
၂။	ဦးညို-ဒေါ်သန်းရီ မိသားစု၊ ရွှေမြင်တင်ဆေးတိုက် ကျောက်မြောင်း။	၃၅
၃။	ဦးကြွယ်နှင့် သမီးလော်ရာရည်စူး၍ ဒေါ်စိန်ကြည် လမ်းမတော် (၁၃၃) လမ်း။	၁၆
၄။	ဦးမင်းဟန်-ဒေါ်ခင်ညွှန့်ဟန် ၉၄-ချင်းချောင်းရိပ်သာ။	၁၂
၅။	သံရိပ်ချို ဦးသန့်တင်-ဒေါ်သန်းညွှန့် သမီး သက်သက်ဆွေ ညီမ-ဒေါ်တင်။	၁၂
၆။	ဦးတင်မောင်ကြီး-ဒေါ်သန်းသန်းလှ သား ကိုသိန်းဝင်း ရွှေတောင်ကြား။	၁၂
၇။	ဦးတောင်လုံး-ဒေါ်ကြီးမေ မိသားစု၊ ၁၁-လမ်း ရန်ကုန်မြို့။	၁၂
၈။	ဦးဝင်းဖေမိသားစု ချင်းချောင်းရိပ်သာလမ်း	၁၂
၉။	ဦးချန်ထွန်း-ဒေါ်ရွှေခင် ၂၄-ရွှေဘုံသာလမ်း	၁၂
၁၀။	ဦးသန်းမောင်၊ ဒေါ်ကောက် (ကျားပို့)	၁၀
၁၁။	ဦးစံလွင်-ဒေါ်သန်း (မေတ္တာရိပ်မြို့) ၁၅ (က)၊ ကမ္ဘာအေးဘုရားလမ်း	၁၀
၁၂။	ဦးပါ-ဒေါ်တင်ကြည်၊ ဘောင်ဒရီလမ်း	၁၀

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၁၃။	ဦးအောင်မြင့် နာယကကြီး၊ နိကာယ်ပြန့်ပွားရေးအသင်း ဒေါ်အုန်းရင်မိသားစု စျေးလမ်း မြေနီကုန်း	၁၀
၁၄။	ဒေါက်တာလှသိန်း-ဒေါ်လှလှထွန်းမိသားစု ၁၁၅-တက္ကသိုလ်ရပ်သာ။	၁၀
၁၅။	ဦးသိန်းမောင် အငြိမ်းစားဗိုလ်မှူးကြီး ဇနီးနှင့် မိသားစု ကမ္ဘောဇရိပ်သာ။	၁၀
၁၆။	ဒေါ်တင်နဲ့ ဆရာမကောင်းမှု	၁၀
၁၇။	ဦးမြင့်သိန်း-ဒေါ်စိန်စိန် ၄၁ (က) ရွှေတောင်ကြားလမ်း၊ ဗဟန်း။	၁၀
၁၈။	ဦးစောမောင်-ဒေါ်ရှိန်မိသားစု၊ သာစည်	
၁၉။	ဦးလှအောင် (အငြိမ်းစားဗိုလ်မှူးကြီး၊ ဒေါ်တင်တင်မကြီး သား မောင်အောင်သာ၊ ရွှေတောင်ကြား	၆
၂၀။	ဒေါ်တင်တင်လေး၊ဥပါသိကာ ၁၆၆-ရွှေကုံတိုင်	၆
၂၁။	ဦးသက်စု-ဒေါ်ခင်သန်း ၁၈-အေ၊ အင်းယားလမ်း	၆
၂၂။	ဦးလှမောင်-ဒေါ်တင်တင်မြင့်-နိုင်ငံတော်ကောင်စီဝင် နယူးလင်းလမ်း။	၆
၂၃။	ဒေါ်စိန်လှယဉ် ဆရာမကြီး၊ နယူးလင်းလမ်း	၆
၂၄။	ဦးမျိုးထွန်း-ဒေါ်စီစီသန်း မိသားစု ၅၇၆-ကမ်းနားလမ်း	၆
၂၅။	သီရိပျံခရီးဦးဟန်သိန်း-ဒေါ်စိုးစိုးမိသားစု အင်းစိန်။	၇
၂၆။	ဒေါ်မြရီ ကျောင်းအမ၊ ရဟန်းအမ၊ ရွှေကုံတိုင်	၆
၂၇။	ဦးလေးတင်-ဒေါ်ခင်မေဝ် မိသားစု မွေးမြူရေးခြံ ဒါးပိန်	၆
၂၈။	ဦးအောင်သိန်း (အငြိမ်းစားဗိုလ်မှူးကြီး) ဒေါ်ညွှန့်မေမိသားစု၊ တက္ကသိုလ်ရိပ်သာလမ်း	၆

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၂၉။	ဒေါ်မမလေး သား ဦးမောင်မောင်၊ သမီး ဒေါ်ခင်မြင့်မြင့်မိသားစု ရွှေတောင်ကြား	၆
၃၀။	ဦးဘကျမ်းမိသားစု ၁၁၇-တက္ကသိုလ်ရိပ်သာလမ်း။	၆
၃၁။	ဦးညွန့် အိကဖိး၊ ဒေါ်သန်းတင်မိသားစု ၅-ထပ်ကြီးဘုရားလမ်း။	၆
၃၂။	ဦးစိုးရ (သီရိပျံချီ) ဒေါ်ခင်ခင်ညွန့်မိသားစု မောင်ထော်လေးလမ်း၊ ရန်ကုန်။	၆
၃၃။	ဦးအောင်ရွှေ (အငြိမ်းစားဗိုလ်ချုပ်) ဒေါ်တင်တင်ရွှေ မိသားစု အင်းယားမြို့။	၆
၃၄။	ဦးမြသန်း-ဒေါ်ခင်စာရီမိသားစု၊ ဘောင်ဒရီလမ်း။	၆
၃၅။	ဦးတိုက်သိမ်းမောင်-ဒေါ်တင်တင်ရွှေ၊ ရွှေဘုံသာလမ်း	၅
၃၆။	ဦးလှမောင်-ဒေါ်ဖွားရှင် (ပဲ့စားကြီး) ကျုံးကြီးလမ်း ရန်ကုန်	၅
၃၇။	ဦးဘမြို့ဝင်-ဒေါ်အေးသိန်းမိသားစု၊ ဗဟန်း	၅
၃၈။	ဦးမောင်ကိုဇနီးနှင့် မိသားစု လေယာဉ်ပျံယက်ကန်းရုံ အမရပူရ	၅
၃၉။	ဦးချစ်ထုံး-ဒေါ်အေးညွန့်မိသားစု	၅
၄၀။	သီရိပျံချီဦးသန်းနွဲ့-ဒေါ်မြကြည်မိသားစု ပြည်လမ်း	၅
၄၁။	ဆရာတော် ဦးဓမ္မသာရ၊ မဟာနာယက ကမ္မဋ္ဌာနာစရိယနှင့် ယောဂီမျှား၊ အရိယာဓမ္မရိပ်သာ မင်္ဂလာဒုံ။	၅
၄၂။	ဒေါ်ညွန့်လှမ်းမိသားစု ဦးဝိစာရလမ်း၊ မြေနီကုန်း	၅
၄၃။	ဦးချိုစိန်-ဒေါ်လှတင် အာတီးယားလမ်း ကမာရွတ်။	၅
၄၄။	ဦးဝါ-ဒေါ်တင်တင်မိသားစု၊ လမ်း ၅၀	၅
၄၅။	ဒေါ်မြကြည် ၁၅-မာလာမြို့ငယ်လမ်း၊ ဘောက်တော်	၄

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၄၆။	ဒေါ်ညွန့်ရီ၊ ဒေါ်အုန်းတင်၊ ဒေါ်ပုဏ္ဏမီ မင်းကွန်းတောရ။	၃
၄၇။	ဦးလှအောင်-ဒေါ်မြမြထွန်းမိသားစု ၁၁၅-တက္ကသိုလ်ရိပ်သာလမ်း	၃
၄၈။	ကွယ်လွန်သူ ဦးကိုကြီးအားရည်စူး၍ ဒေါ်အေးကြည်မိသားစု ဓမ္မကထိကလမ်း	၃
၄၉။	ဒေါ်တင်တင်ပု ၂၇၄-သီရိရတနာရိပ်သာ၊ ဘောက်ထော်	၃
၅၀။	ဦးမျိုးဇင်-ဒေါ်ခင်နွယ်နွယ်သန်း မိသားစု ဘောက်ထော်	၃
၅၁။	ဦးကျော်-ဒေါ်တင်ရှေ၊ အရိယမဂ္ဂင်လမ်း ကျောက်ကုန်း	၁
၅၂။	ဒေါ်မြကြည် စစ်ကိုင်း	၁
၅၃။	ဦးတင်မွန်သန်း ဘောက်ထော်	၁
၅၄။	မထားရီ စျေးလမ်း မြေနီကုန်း	၁
၅၅။	ဦးလှဿောင်း-ဒေါ်ရီရီမို့ မိသားစု၊ ၁၄-လမ်း	၁
၅၆။	ဦးထွန်းရှိန်-ဒေါ်တင်အေးမိသားစု ၁၄-လမ်း	၁
၅၇။	ဦးမောင်ကလေး၊ ဒေါ်ခင်မြင့်၊ ၁၄-လမ်း	၁
၅၈။	ဦးနု၊ ဒေါ်မြရီ၊ ဂွတ္တလစ်	၁
၅၉။	ဒေါ်စောရှင်၊ မော်တင်လမ်း	၁
၆၀။	ဦးဘိုးလူ၊ ဒေါ်မမလေး (ကျောင်းကုန်း) သားသမီး မြေးမြစ်များ၊ ဘောင်ဒရီလမ်း-	၅
၆၁။	ဦးကိုကိုကြီး၊ ဆန်စက်ပိုင်၊ ချောင်းသုံးခွလမ်း၊ ကျောင်းကုန်းမြို့၊ ရောဝတီတိုင်း။	၅
၆၂။	ဦးကိုကိုလေး၊ ဒေါ်ညွန့်စိန် သားသမီးနှင့် မြေးများ ဘောင်ဒရီလမ်း၊ ရန်ကုန်မြို့။	၅
၆၃။	ဦးရိမ်ဖန်၊ ဒေါ်နုံနု သားသမီးနှင့် မြေးများ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့။	၅

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၆၄။	ဒေါ်သန်းတင်နှင့် တူ၊ တူမ၊ မြေးများ၊ ကိုယ့်မင်း ကိုယ့်ချင်းလမ်း၊ ရန်ကုန်။	၅
၆၅။	ဦးဘကလေး-ဒေါ်သန်းလှ၊ သားသမီးနှင့်မြေးများ၊ မင်းကွန်းဓမ္မရိပ်သာလမ်း	၃
၆၆။	ဦးညို-ဒေါ်နီ ဘောင်ဒရိလမ်း ရန်ကုန်	၂
၆၇။	ဦးသန်းဖေ-ဒေါ်မာမာ သားသမီးနှင့် မြေးများ နယူးလင်းလမ်း ရန်ကုန်	၂
၆၈။	ဒေါက်တာဦးခင်မောင်လေး-ဒေါက်တာဒေါ်လှလှ သားသမီးများ မနောဟရိလမ်း ရန်ကုန်	၂
၆၉။	ဦးကျော်ခင်-ဒေါက်တာဒေါ်မြမြ သားသမီးများ နယူးလင်းလမ်း ရန်ကုန်။	၂
၇၀။	ဦးကျော်စွာသန်း-ဒေါ်စီစီ သားသမီးများ ဆင်းဒဝစ်လမ်း ရန်ကုန်။	၅
၇၁။	ဦးဘိန်ဝိုး ဒေါ်ကြည်ကြည် စဉ့်အိုးတန်း ရန်ကုန်။	၂
၇၂။	ဦးကျော်ဇန်-ဒေါ်ကြင်ခ (ပုသိမ်) သားသမီးနှင့် မြေးများ၊ အဏ္ဏဝါရိပ်သာ ရှမ်းလမ်း ရန်ကုန်	၈
၇၃။	ဒေါ်ခင်ခင်မြင့်၊ မြင့်မိသားစုရွှေဆိုင် မဂိုလမ်း	၁
၇၄။	ဦးဩမောင်-အညာသားဆီဆိုင် မော်တင်လမ်း	၁
၇၅။	ဒေါ်ရူပဝတီ ဓမ္မာစရိယ သာသနာဝေပုလ္လ အလယ်တောရ	၁
၇၆။	ဒေါ်ကုလ္လထေရီ	၁
၇၇။	ဒေါ်သဉ္ဇာရီ	၁
၇၈။	ဒေါ်မေစာရီ အင်္ဂပူရပ် အလယ်တောရ	၁
၇၉။	ဒေါက်တာ အောင်သန်းဘတူ-ဒေါက်တာဒေါ်ခင်ခင်ထူး မိသားစု။	၁

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၈၀။	ဦးနန္ဒိယ သမိုင်း ဖေရာင်ဓမ္မရိပ်သာ	၁
၈၁။	ဒေါ်ကြင်စု၊ ၇၅/မန္တလေးလမ်း	၁
၈၂။	ဒေါ်မဲ၊ ၅၀/ရွှေတောင်တန်း	၁
၈၃။	ဒေါ်သင်မြ၊ ၃၃/ပြည်လမ်း	၁
၈၄။	ဦးအုံးမောင် အောင်ဓမ္မရိပ်သာ သမိုင်း	၁
၈၅။	ဦးအောင်သိန်း ဦးဝိစာရလမ်း	၁
၈၆။	ဒေါ်ခင်ဖွား၊ ၁၃၃/ဝင်ဒါမီယာလမ်း ရန်ကုန်	၁
၈၇။	ဒေါ်တင်မြ ရန်ကင်း	၁
၈၈။	ဒေါ်တင်လှ်ု မောင်နှမတစု မုဒုံ	၁
၈၉။	ဦးတင်ထွေး-ဒေါ်သန်းသန်းညွန့် မိသားစု အောင်ဇေယျလမ်း ကျောက်ကုန်း	၂
၉၀။	မိဘ ဦးထွန်းအောင်ကျော်-ဒေါ်ရီရီကိုရည်စူး၍ ဒေါ်ချစ်မေ၊ ဒေါ်ခင်ညို၊ ဓမ္မိကဝတီလမ်း စမ်းချောင်း။	၂
၉၁။	စတီး ဦးဘမောင်-ဒေါ်သောင်း မိသားစု မြို့သစ် ၁-လမ်း ကျောက်ကုန်း။	၁
၉၂။	ဒေါ်ခင်ဝင်းကြည် ဒေါ်လှမြိုင် အရှေ့ရန်ကင်း	၁
၉၃။	ဦးထွန်းစိန်·ဒေါ်သက်မေ မိသားစု ၂၄/ရွှေဘုံသာလမ်း	၅
၉၄။	ဦးသိန်းဟန်-ဒေါ်ကြင်သိန်း မိသားစု ၄၉/ရွှေဘုံသာလမ်း။	၅
၉၅။	ဦးမောင်မောင်သန်း-ဒေါ်ခင်သိန်းရင် မိသားစု ၁၃/အောင်မင်းဂေါင်ဘုရားလမ်း	၅
၉၆။	ဦးလှမောင်-ဒေါ်မြကြည် မိသားစု ဗဟိုစည် ရန်ကုန်	၅
၉၇။	ကိုကျော်ခင်မြင့် မခင်ခင်စိန် မိသားစု စိန်ရတနာ ရွှေဆိုင်၊ ၁၃၄/ရွှေဘုံသာလမ်း	၁

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၉၈။	ဒေါ်တင်အေး ယောဂီ မင်းကွန်းဝိပဿနာရိပ်သာ	၁
၉၉။	ဦးစိုးမောင်-ဒေါ်ကလေးမ မိသားစု ဂဖ/ရွှေဘုံသာလမ်း။	၁
၁၀၀။	ဦးသန်းမောင် အစိုးရအလက်တန်ကျောင်း အမှတ်(၂) တာမွေ	၁
၁၀၁။	ဒေါ်တင်ဝင်း	၁
၁၀၂။	ဒေါ်ကြည်ကြည်မြင့်	၁
၁၀၃။	ဒေါ်မြသူ	၁
၁၀၄။	ဒေါ်ခင်ခင်ရီ	၁
၁၀၅။	ဒေါ်မြမြသန်း	၁
၁၀၆။	ဒေါ်လှမြင့်	၁
၁၀၇။	ဒေါ်တင်တင်အေး	၁
၁၀၈။	ဒေါ်ကြည်ဒေး	၁
၁၀၉။	ဒေါ်စိန်စိန်	၁
၁၁၀။	ဒေါ်အုံးကြည်	၁
၁၁၁။	ဒေါ်ညွန့်ညွန့်တင် အစိုးရအထက်တန်းကျောင်းအမှတ် ၂-တာမွေ	၁
၁၁၂။	ဒေါ်ခင်ဆွေရီ(အထက်တန်းပြဆရာ) ။ ။	၁
၁၁၃။	ဒေါ်ခင်အေးကြည် ။ ။ ။ ။	၁
၁၁၄။	ဦးကျော်ဇံ-ဒေါ်ကြင်ခ ပုသိမ် သားသမီးမြေးမျိုး	၁
၁၁၅။	ဦးကျော်ရွှေ ၅၃/နဝင်းရပ် ပြည်မြို့	၅
၁၁၆။	စာကြည့်တိုက်/ရဲဌာနအငြိမ်းစား ပုညကုသလအဖွဲ့ ဒအမှတ် ၁/ကန်လမ်း။	၂
၁၁၇။	ဦးစစ်ထွန်း-ဒေါ်ဖွားခင် မိသားစု ၁၉၅/၃၉-လမ်း ရန်ကုန်	၁
၁၁၈။	ဦးလှစိန် မိသားစု ၁၇၁/၃၉-လမ်း ရန်ကုန်	၁

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၁၁၉။	ဒေါက်တာ ဦးတင်မောင် မိသားစု ၅၇/ဆိပ်ကမ်းသာလမ်း ရန်ကုန်	၁
၁၂၀။	ဦးတင်လှိုင် အမှတ် ၁၀၆/၃၉-လမ်း ရန်ကုန်	၁
၁၂၁။	ဦးလှရှိန် ၁၇၃/ ။	၀
၁၂၂။	ဦးတင်ရွှေ မိသားစု ဆက်သွယ်ရေးရုံး ပန်းဘဲတန်း	၁
၁၂၃။	ဦးခွန် မိသားစု ၁၁/၄၁-လမ်း ရန်ကုန်	၁
၁၂၄။	ဒေါ်စောမှန် မိသားစု ၅၇/၂၉-လမ်း	၁
၁၂၅။	ဦးကျော်သန်း ၁၅/၅၀-လမ်း (ဂ)ရပ်ကွက် လှိုင်မြို့	၁
၁၂၆။	မြန်မာနိုင်ငံတော် အစိုးရ အငြိမ်းစား(ဗုဒ္ဓဘာသာအသင်း စာကြည့်တိုက် မော်လမြိုင်ကျောင်းတိုက်) ရန်ကုန်	၁
၁၂၇။	ဦးကျော်ဇော မိသားစု ၉၄/ဆိပ်ကမ်းသာလမ်း	၁
၁၂၈။	ဦးကျော်မြင့် မိသားစု ၂၁၃/၃၉-လမ်း ရန်ကုန်	၁
၁၂၉။	ဦးချစ်မောင် မိသားစု ၁၉၈/၃၉-လမ်း ရန်ကုန်	၁
၁၃၀။	ဦးဘစိန် မိသားစု ၂၁၄/၃၈-လမ်း ရန်ကုန်	၁
၁၃၁။	ဦးဝင်း မိသားစု ၁၆၄/၃၉-လမ်း ရန်ကုန်	၁
၁၃၂။	ဦးသိန်းအောင် မိသားစု ၁၄၄/အရှေ့စီ ဗိုလ်ချုပ်စျေး	၁
၁၃၃။	ဦးစန်းမောင်-ဒေါ်ခင်ခင် တိုင်းကောင်စီဝင် စာတိုက်တန်းလမ်း ပြည်မြို့	၁၀
၁၃၄။	ဦးတင်လှိုင်·ဒေါ်ညွန့်ညွန့် မိသားစု နိုင်ငံခြားရေးဌာန (အငြိမ်းစား ဒု-ညွှန်ကြားရေးမှူး) ကမာရွတ်	၂
၁၃၅။	ဒေါ်တင်ငွေ၊ စာတိုက်တန်းလမ်း၊ ပြည်မြို့။	၃
၁၃၆။	ဦးအတိတ်-ဒေါ်ကျင်တီ၊ ဆန်စက်ပိုင်၊ တပ်လမ်း၊ ပြည်မြို့	၂
၁၃၇။	ဦးဘရင်-ဒေါ်သန်း၊ ဇော်စတိုး၊ လမ်းမတော် ။	၁

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၁၃၀။	မောင်ကျော်ဆန်းဦး-မဝင်းကြည်၊ စာတိုက်တန်း ပြည်မြို့	၁
၁၃၉။	ဦးစစ်တော့-ဒေါ်ထွေး၊ နိဗ္ဗာန်ကုန်သည်၊ ဘုရားကြီးမြောက် စောင်းတန်းလမ်း၊ ။	၃၀
၁၄၀။	ဦးဘထွား-ဒေါ်မျှင်၊ ဆေးလိပ်ခုံ၊ ပဲစားတန်း ။	၁
၁၄၁။	ဦးဘိုးစော(ကွယ်လွန်)၏သား ဦးထွန်းစိန်-ဒေါ်အုန်းခင် သားသမီး မြေးမြစ်တစု ကောင်းမှု၊ မဲရင်းရွာ၊ မင်းဘူး။	၁၀
၁၄၂။	ဦးထွန်းရှိန်-ဒေါ်သန်း ကောင်းမှု ။	၅
၁၄၃။	ဦးစံတင်-ဒေါ်အေးသင် ။	၅
၁၄၄။	ဦးဘိုးငြိမ်း-ဒေါ်သန်း ။	၂
၁၄၅။	ဦးတင်အောင်-ဒေါ်အေးညွှန့် ။	၂
၁၄၆။	မောင်ကန်-မလှိုင် မိသားစု ။	၁
၁၄၇။	မောင်စိုးသိန်း-မအုံးကြည် မိသားစု ။	၁
၁၄၈။	မောင်စိုးရှိန်-မသန်းဌေး ။	၁
၁၄၉။	မောင်ကုလား-မအေးကြူ ။	၁
၁၅၀။	မောင်သန်းဌေ-မထိုက်စံ ။	၁
၁၅၁။	ဒေါ်ဝင်(ယောဂီ)ကောင်းမှု ။	၅
၁၅၂။	ဒေါ်ခင်ခင်အုံး(အားကစားမှူး) ဒေါ်ခင်ခင်အေး(ဆရာမ) မင်းဘူး	၃
၁၅၃။	ဒေါ်ခင်ခင်ရီ(သား)စိုးကျော်သူ၊မိုးကျော်သူ၊တိုးကျော်သူ၊မင်းဘူး။	၂
၁၅၄။	ဦးခင်မောင်ညို-ဒေါ်သင်းသင်းဦး၊ မန်းရေနံ မိသားစု၊ မင်းဘူး။	၁
၁၅၅။	ဦးအုန်းစိန်-ဒေါ်သန်းရှင် သားသမီးတစု ကောင်းမှု၊ မင်းဘူး။	၁
၁၅၆။	ဦးကိုလေး-ဒေါ်သန်းရှင်(ပင်စင်စား) မြေး ကိုတော်ပန်း နိုင်နိုင် ညီညီ ကျော်စော။	၃

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၁၅၇။	ဦးစိုးမြင့်-ဒေါ်ခင်ခင်ကြည်(ကြီးကြပ်ရေးမှူး၊ စီးပွါးရေးဘဏ်နှင့် ငွေကိုင်၊ ပွင့်ဖြူ)။	၅
၁၅၈။	ဦးကိုလပ်-ဒေါ်ခင်ခင်ရီ(မန်နေဂျာ)စိုက်ပျိုးရေးဘဏ်၊ မင်းဘူး။	၁
၁၅၉။	ဦးဦးခင်-ဒေါ်ကြည်ရွှေ(မန်နေဂျာ) စိုက်ပျိုးရေးဘဏ်၊ မင်းဘူး။	၁
၁၆၀။	ဦးပြော့ မိသားစု၊ ရုံးခွဲမှူး၊ အသေးစား ချေးငွေဌာန၊ မင်းဘူး။	၁
၁၆၁။	ဦးငွေးအောင်-ဒေါ်နွဲ့နွဲ့ကြည်၊ စိုက်ပျိုးရေးဘဏ်	၁
၁၆၂။	ဦးသောင်းတင် မိသားစု၊ ပင်စင်စား၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ မင်းဘူး။	၁
၁၆၃။	ဦးဆိုင်-ဒေါ်ခင်အေး၊ ကုန်သည်ကြီး။	၁
၁၆၄။	ဦးသန်းလှအောင်၊ အကြီးတန်း စာရေး၊ အသေးစား ချေးငွေဌာန၊ မင်းဘူး။	၁
၁၆၅။	ဦးစံရင်၊ လှည်းတန်း ကမာရွတ်နှင့် ဓမ္မမိတ်ဆွေများ	၆၀
၁၆၆။	ဒေါ်ခင်မာဆွေ၊ အထက-၅၊ ကြည့်မြင်တိုင်	၁၀
၁၆၇။	သမ္မဒ္ဓေ ဦးကျော်မြင့်(၁၁၁)ခိုင်ရွှေဝါလမ်း၊ ကမာရွတ်	၁၀
၁၆၈။	ပင်လုံ ဒေါ်ကြည်ကြည်၊ ကမ္ဘာအေးလမ်း	၁၀
၁၆၉။	ဦးကျော်သောင်း-ဒေါ်စန်းရီ၊ ဆာဂျင်ဂေဟာ၊ ရန်ကုန်ဆေးရုံကြီး။	၅
၁၇၀။	ဦးအေးဖေ-ဒေါ်ခင်မြအေး၊ လ/ထ ကထိက မြန်မာစာ၊ ဝ/သ တက္ကသိုလ်၊ အင်းယားလမ်း	၅
၁၇၁။	ဦးအေးဖေ(အမ်အေ၊ဘီအယ်လ်)နှင့် မြန်မာစာဌာန ဝ/သ တပည့်များ။	၅
၁၇၂။	ဒေါ်နုယဉ်၊ သီရိရတနာပိဋ္ဌကတ်နှင့် ဓမ္မမိတ်ဆွေများ	၅၀
၁၇၃။	ဦးချမ်းသာ-ဒေါ်တင်တင်မေ၊၃၁/ရွှေတောင်ကြားလမ်း၊ရန်ကုန်	၁၀၀
၁၇၄။	ဦးထွန်းမြိန်-ဒေါ်တင်တင်ဦးနှင့် မိသားစု၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း	၈၀

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၁၇၅။	ဦးရဲခေါင်ညွန့် (ဘီအက်စ်စီ၊ ဘီအယ်လ်) ဒေါ်ခင်မြင့်ဆွေနှင့်သမီး ခင်ဆွေသစ် (အယ်လ်အယ်လ်ဘီ) နှင့်ဝင်းမသ်းသစ်၊ ဂွတ္တာလစ်။	၈၀
၁၇၆။	ဦးရဲကျော်သူနှင့် သား ရဲအောင်ကျော်မင်း	၈၀
၁၇၇။	ဦးရဲအောင်မင်း(ဘီအေ၊ အယ်လ်အယ်လ်ဘီ) ဒေါ်တင်တင်ဝင်းနှင့် သမီး ယဉ်ဝင်းဝင်းအောင် မျိုးမင်းမင်းမြတ်၊ ၃၁၊ ရန်ကုန်ကြားလမ်း	၈၀
၁၇၈။	ဦးရဲစိုးမြင့်(ဘီအေ)အဝယ်တော် ကိုယ်စားလှယ်၊ ဒေါ်ကြည်ကြည်နုနှင့် သမီး ခင်အေးအေးမြင့်နှင့် အေးမြတ်စိုး ၃၁-ရန်ကုန်ကြားလမ်း။	၈၀
၁၇၉။	ဦးခင်ကြည်၊ လျှောက်လှမ်းစာရေးကြီး၊ တောင်ညွှန်ကြားရေး	၁၀
၁၈၀။	ဦးကျော်သိန်းနှင့်အဖွဲ့၊ စျေးချိုတော်ကောင်စီ၊ မန္တလေး။	၂
၁၈၁။	ကိုယ်လွန်သူ ဒေါ်အမာကြည်ကို ရည်စူး၍ ဦးတင်အောင် မိသားစု၊ ကျောက်မြောင်း။	၁
၁၈၂။	ဦးခင်မောင်မြင့်၊ စိပိအို၊ ဗိုလ်တထောင် တရားရုံး	၃
၁၈၃။	ဦးခင်မောင်-ဒေါ်သန်းစိန် မိသားစု၊ မအူပင်လမ်း၊ စမ်းချောင်း	၁
၁၈၄။	ဦးတင်မောင်ဇနီးနှင့် မိသားစု၊ ပဲခူးမြို့။	၁
၁၈၅။	ဦးစိုးလှိုင်-ဒေါ်ကြည်ကြည်လှိုင်၊ ဂွတ္တာလစ်လမ်းမကြီး	၁
၁၈၆။	ကိုဌေးလှိုင်၊ ကိုကြည်ဝင်းလှိုင် ။	၁
၁၈၇။	ဒေါက်တာမိမိလှိုင် ။	၁
၁၈၈။	ဗိုလ်ကြီးမျိုးလှိုင် ။	၁
၁၈၉။	ကိုဇော်မြင့်လှိုင်၊ လျှပ်စစ်အင်ဂျင်နီယာ ။	၁
၁၉၀။	ဒေါက်တာနီနီလှိုင် ။	၁
၁၉၁။	ဦးမြဦးနှင့်ဇနီး မိသားစု၊ သဃ်န်းကျွန်း	၃

အမှတ်စဉ်	အမည်နှင့်နေရပ်	အုပ်ရေ
၁၉၂။	ဒေါ်ခင်ရီ၊ ဒေါ်ငြိမ်းငြိမ်း၊ ၁၂၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း	၄
၁၉၃။	ဒေါ်တင်မြိုင်နှင့်သား(သိမ်ကြီးစျေး ရှေ့ကြက်)	
	ဦးတင်ဦး-ဒေါ်ကြင်မွေး ၃၀၀-ကျပ်	၃၀
၁၉၄။	ဦးညို-ဒေါ်သန်းရီ မိသားစု(ရှေ့မြင်တင်ဆေးတိုက်)၊မြို့သစ်၊	
	၁-လမ်း၊ ကျောက်မြောင်း၊ ရန်ကုန် ၁၀၀-ကျပ်	၁၀
၁၉၅။	ဦးစိန်တင့်-ဒေါ်ခင်သိန်း မိသားစု	
	ရှေကျားပုံဆေးလိပ်ခုံ၊ တောင်ကြီး။	၃၂
၁၉၆။	ဦးသိန်းတန်-ဒေါ်မူမူတန် (ဗဟိုတရားရုံး)	
	သား စောလင်းတန်၊ စောမင်းဟန်၊ စောမိုးဟန်။	၂၀
၁၉၇။	ဒု-ဗိုလ်မှူးကြီး မောင်မောင်အေး-ဒေါ်ခင်ထွေးရီ	
	ညကွင်း၊ ရန်ကုန်တိုင်းတရားသူကြီးအဖွဲ့။	၁၁
၁၉၈။	ဦးစိုင်းနောင်-ဒေါ်နန်းရှေလှ မိသားစု၊ မိုးနဲမြို့။	၁၀
၁၉၉။	ဦးကျော်ဝင်းအင်း-ဒေါ်နန်းနှင်းရီ	
	အထက်တန်းရွှေနေကြီး၊ မိုးနဲမြို့။	၁၀
၂၀၀။	ဦးခွန်တီး ဒေါ်မမကြီး နိုင်ငံကုဏ် ၃၁၃/သစ်တောရုပ်၊ တောင်ကြီး	၁၀
၂၀၁။	ဦးမျိုးမြင့်-ဒေါ်စောမြဝတီ ဗဟိုတရားရုံးရွှေနေကြီး၊ တောင်ကြီး။	၁၀
၂၀၂။	ဦးစိုးတင့်-ဒေါ်တင်ကြည် သားသမီးတစု	
	ဦးချိန်တီဆေးတိုက်၊ ရန်ကုန်မြို့။	၁၀
၂၀၃။	နိုင်းလွတ်ကောင်းမှူး၊ မန်စီပိုင်းမုကျေးရွာအုပ်စု။	၁၀
၂၀၄။	ဦးမြင့်စိုးနှင့်မိသားစုအဖွဲ့ဝင်၊ ရန်ကုန်တိုင်းတရားရုံး။	၁၀
၂၀၅။	ဦးဇော်ဝင်း-ဒေါ်မေမေစိန်	
	ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူး၊ တောင်ကြီး။	၃
၂၀၆။	ဒေါက်တာဦးလှတိုး အနာကြီးရောဂါနှိမ်နင်းရေးအဖွဲ့၊ တောင်ကြီး။	၂

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၂၀၇။	ဦးခင်မောင်မြင့်-ဒေါ်ခင်ခင်သိန်း ပြည်နယ်ဒုတိယမှူးအဖွဲ့မှူး၊ ရှမ်းပြည်နည်။	၂
၂၀၈။	ဦးစိုင်းညိုမြင့်-ဒေါ်တင်အေး အဖွဲ့ဝင်၊ ရှမ်းပြည်နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့။	၂
၂၀၉။	ဦးစံမြတ်-ဒေါ်နန်းညို အဖွဲ့ဝင် ရှမ်းပြည်နယ်တရားသူကြီးအဖွဲ့၊ တောင်ကြီး။	၂
၂၁၀။	ဦးစိုင်းဟောင်း-ဒေါ်နန်းတစ် အဖွဲ့ဝင် ရှမ်းပြည်နယ်တရားသူကြီးအဖွဲ့၊ တောင်ကြီး။	၂
၂၁၁။	ဦးခမ်းလှိုင်-ဒေါ်အေးရင် အဖွဲ့ဝင် ရှမ်းပြည်နယ်တရားသူကြီးအဖွဲ့၊ တောင်ကြီး။	၂
၂၁၂။	ဦးကျော်အေးနှင့်ဇနီး ဥက္ကဋ္ဌ ရှမ်းပြည်နယ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ တောင်ကြီး။	၂
၂၁၃။	ဦးကျော်တင့်-ဒေါ်ခင်စောမြင့် အဖွဲ့ဝင် ရှမ်းပြည်နယ်တရားသူကြီးအဖွဲ့၊ တောင်ကြီး။	၂
၂၁၄။	ဦးစံလွန်း-ဒေါ်အေးဇင် အဖွဲ့ဝင် ရှမ်းပြည်နယ်ပြည်သူ့ကောင်စီ၊ တောင်ကြီး။	၂
၂၁၅။	ဦးငွေသန်း-ဒေါ်အေးဇင် အဖွဲ့ဝင် မြို့နယ်တရားသူကြီးအဖွဲ့၊ တောင်ကြီး။	၃
၂၁၆။	ဦးဘိုးလှ-ဒေါ်ငွေစီ ဥက္ကဋ္ဌ မြို့နယ်တရားသူကြီးအဖွဲ့၊ တောင်ကြီး။	၃
၂၁၇။	ဦးချစ်သိန်း-ဒေါ်အေးစိန် အဖွဲ့ဝင် မြို့နယ်တရားသူကြီးအဖွဲ့၊ တောင်ကြီး။	၂
၂၁၈။	ဦးထွန်းသာ-ဒေါ်စောဇင် အဖွဲ့ဝင် မြို့နယ်တရားသူကြီးအဖွဲ့၊ တောင်ကြီး။	၂

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၂၁၉။	ဦးစိုင်းစန်ထွန်း-ဒေါ်ခင်စိန် အတွင်းရေးမှူး ရှမ်းပြည်နယ်ဒေသပါတီကော်မတီ၊ တောင်ကြီး	၃
၂၂၀။	မိုင်းရွာစော်ဘွားကြီးကတော် ဒေါ်နန်းမိုတစ်၊ တောင်ကြီး။	၅
၂၂၁။	ဦးသန်းညွန့်-ဒေါ်ညွန့်ညွန့် ၁၄၈/သီတာလမ်း၊ တောင်ကြီး။	၅
၂၂၂။	ဦးညွန့်ပေါ်-ဒေါ်လှလှနွယ် ဂျီအေ/၇၊ ရန်နိုင်ကွက်သစ် အောင်မေတ္တာရပ်၊ လားရှိုး။	၂
၂၂၃။	ဦးအုန်းမြင့်-ဒေါ်ခင်မြဝင်း တရားရေးဝန်ထမ်း အဆင့် (၂) တောင်ကြီး။	၂
၂၂၄။	ဦးတင်ထူး တရားရေးဝန်ထမ်း အဆင့် (၂) တောင်ကြီး။	၁
၂၂၅။	ဦးသာဌေး-ဒေါ်တင်ရီ တရားရေးဝန်ထမ်းအဆင့်(၂)တောင်ကြီး။	၂
၂၂၆။	ဦးစွန်ကြိုင်-ဒေါ်ကြည်ညွန့် ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီး။	၅
၂၂၇။	ဦးအောင်ငြိမ်း-ဒေါ်ခင်စန်း ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီး။	၂
၂၂၈။	ဦးအောင်ကြူ-ဒေါ်အေးကြည် ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီး	၃
၂၃၉။	ဦးတင်ရွှေ-ဒေါ်အဲပို မေကြူစာသောက်ဆိုင်နှင့် တည်းခိုရိပ်သာ၊ တောင်ကြီး။	၅
၂၃၀။	ဦးတင်မောင်ဆွေ-ဒေါ်ဒေးပို ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီး။	၂
၂၃၁။	ဦးသိဟ-ဒေါ်ဝင်းမေ လှိုင်မြရပ်၊ မိုးနဲမြို့။	၅
၂၃၂။	ဦးတင်ဝင်း-ဒေါ်ခင်သန်း အထက်တန်းရွှေနေကြီး၊ တောင်ကြီး။	၂
၂၃၃။	ဦးစိုင်းညွန့်တင်-ဒေါ်တင်တင်ဦး ပန်းချယ်ရိုစားသောက်ဆိုင်၊ လွိုင်လင်	၂
၂၃၄။	အာမိ ဒေါ်တင်၊ ဦးကျော်ဇံ၊ ဒေါ်နွဲ့နွဲ့အေး ဥက္ကဋ္ဌ မြို့နယ်ပါတီယူနစ်၊ လွိုင်လင်။	၂
၂၃၅။	ဦးအေးမောင်-ဒေါ်ခင်ကြည် ရပ်ကွက် (၃) လွိုင်လင်။	၅

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၂၃၆။	ဦးအုန်းကျော်-ဒေါ်လှလှကြည် သမီး သင်းယုကျော်၊ ဒုရဲအုပ်၊ မိုးနဲ။	၅
၂၃၇။	ဒု-အရာခံဗိုလ်အောင်သန်း-ဒေါ်စောမျိုးမြင့်ရီ ညကွင္ဒ မြို့နယ်တရားသူကြီးအဖွဲ့၊ လှိုင်လင်။	၃
၂၃၈။	ဗိုလ်ကြီး ကိုကြီး-ဒေါ်ခင်မာရီ တပ်ရေးဗိုလ်ကြီး၊ ခလရ(၉၉)လှိုင်လင်	၃
၂၃၉။	ဦးစိုင်းလုံ-ဒေါ်နန်းလူမတ် ညကွင္ဒ မြို့နယ်သမဝါယမအာသင်း၊ လှိုင်လင်	၂
၂၄၀။	ဗိုလ်ကြီး သန်းဌေး-ဒေါ်ခင်မျိုးချစ် ညကွင္ဒ မြို့နယ်ပြည်သူ့ကောင်စီ၊ လှိုင်လင်။	၃
၂၄၁။	ဦးစိုင်းပုံးညွန့်-ဒေါ်စင်စံဟွမ် အာတွင်းရေးမှူး မြို့နယ်ပြည်သူ့ကောင်စီ၊ လှိုင်လင်။	၂
၂၄၂။	ဦးသိန်းမောင်-ဒေါ်တင်ဝင်း မြို့နယ်တရားရေးဦးစီးမှူး၊ လှိုင်လင်။	၃
၂၄၃။	ဦးစိုင်းနေဝင်း-ဒေါ်နန်းစိန်ပွင့် အဖွဲ့ဝင် မြို့နယ်တရားသူကြီးအဖွဲ့၊ လှိုင်လင်။	၂
၂၄၄။	ဦးထွန်းရင်-ဒေါ်လှခင် အဖွဲ့ဝင်၊ မြို့နယ်တရားသူကြီးအဖွဲ့၊ လှိုင်လင်။	၂
၂၄၅။	ဦးဇင္ဒခိုင်နှင့်သားသမီးတစု ရပ်ကွက်(၂) လှိုင်လင်။	၂
၂၄၆။	ဗိုလ်ကြီးလှဖေ အဖွဲ့ဝင်၊ မြို့နယ်ပြည်သူ့ကောင်စီ၊ လှိုင်လင်။	၂
၂၄၇။	ဦးစိန်ညွန့်-ဒေါ်ကြည် ရပ်ကွက်(၃)လှိုင်လင်။	၃
၂၄၈။	ဦးသန်းအောင်-ဒေါ်လှမြင့် ရပ်ကွက်(၃)လှိုင်လင်။	၅
၂၄၉။	ဦးအောင်ကြည်အင်း-ဒေါ်နန်းလှသင်း အထက်တန်းရွှေနေကြီး တောင်ကြီး။	၁၀
၂၅၀။	ဦးမြင့်လှိုင်-ဒေါ်လှလှရီ မိသားစု ၂/၃ တိုက်(၆)လုံး၊ တောင်ကြီး။	၂
၂၅၁။	ဦးညွန့်ရွှေ-ဒေါ်ခင်မြင့်အေး နန်းဓာတ်ပုံတိုက်အနီး၊ တောင်ကြီး။	၂
၂၅၂။	ဦးသန်းရွှေ-ဒေါ်ခင်ယုံ အထက်တန်းရွှေနေကြီး၊ တောင်ကြီး။	၂
၂၅၃။	ဦးစိလှိုင်-ဒေါက်တာ ဒေါ်သန်းငွေ ဗဟိုတရားရုံးရွှေနေ၊ တောင်ကြီး။	၃

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၂၅၄။	ဦးထွန်းရင်လော-ဒေါ်နန်းပိုလား ဥက္ကဋ္ဌ ရှမ်းပြည်နယ် ပြည်သူ့ကောင်စီ၊ တောင်ကြီး။	၂
၂၅၅။	ဦးအုန်းကြိုင်-ဒေါ်ခင်အေးကြူ အမှုဆောင်အင်ဂျင်နီယာ ဆောက်လုပ်ရေး၊ တောင်ကြီး။	၅
၂၅၆။	ဦးစိုးတင့်အောင်-ဒေါ်နန်းနန်းအေး သား ကိုကိုအောင် မွေးမြူရေး၊ ၃၀၃-ဇောတိကလမ်း၊ တောင်ကြီး။	၅
၂၅၇။	ဦးခွန်မဟာ-ဒေါ်ခမ်းလူ ၁၅၉/သီတာလမ်း ညောင်ရွှေဟော်ကုန်း၊ တောင်ကြီး။	၅
၂၅၈။	ဦးငြိမ်းမြင့်-ဒေါ်ခင်မေကျော် တရားရေးဝန်ထမ်း၊ တောင်ကြီး။	၂
၂၅၉။	ဦးတင်မောင်တင်-ဒေါ်ခင်မိုးမိုး တရားရေးဝန်တမ်း၊ တောင်ကြီး။	၃
၂၆၀။	ဦးဘို-ဒေါ်ခင်ဖြိ ပြည်နယ်ရုံးအဖွဲ့မှူး၊ ရှမ်းပြည်နယ်ပြည်သူ့ကောင်စီ	၃
၂၆၁။	ဒေါ်စောမြည့်နှဲ့ ဘိလစ်ကြီး မြို့နယ်တရားမျုံး၊ တောင်ကြီး။	၁
၂၆၂။	ဦးအောင်စိန်-ဒေါ်တင်တင်စိန် မြို့နယ်ဥပဒေရုံးတာဝန်ခံ၊ တောင်ကြီး။	၂
၂၆၃။	ဦးရွှေအုံး-ဒေါ်တင်နီ ဗဟိုတရားရုံးရွှေနေကြီး၊ တောင်ကြီး။	၅
၂၆၄။	ဆရာမ ဒေါ်အေးကြွယ် ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီး။	၅
၂၆၅။	ဦးကျော်-ဒေါ်မြ ရတနာသီရိ(၂)လမ်း၊ တောင်ကြီး။	၃
၂၆၆။	ဦးထွန်းဖေ-ဒေါ်စောငွေ့ သီတာလမ်း ရေအေးကွင်း၊ တောင်ကြီး။	၃
၂၆၇။	ဦးကျော်အေး-ဒေါ်စိန်ညို ကန်အရှေ့ရပ်၊ တောင်ကြီး။	၃
၂၆၈။	ဒေါ်ငွေကြည် မိသားစု ကန်အရှေ့ရပ်၊ တောင်ကြီး။	၂
၂၆၉။	ဦးရွှေအိုး မင်္ဂလာဦးရပ်၊ တောင်ကြီး။	၂
၂၇၀၊	ဦးသိန်းဆွေ ဒေါ်တင်အုံး ပြည်တော်သာရပ် တောင်ကြီး။	၂
၂၇၁။	ဦးအုန်းဖေ ဒေါ်ရင်မေ ရေအေးကွင်းရပ်၊ တောင်ကြီး။	၂
၂၇၂။	ဒေါ်ချစ်မယ် ပြည်တော်သာရပ် တောင်ကြီး။	၂

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၂၇၃။	ဦးဇော်ဝင်း-ဒေါ်မိမိ အထက်တန်းရွှေနေကြီး၊ တောင်ကြီး။	၃
၂၇၄။	ဦးကျော်စိန်ထွန်း-ဒေါ်အုန်းရင် ဇောတိသနက္ခတ်ဗေဒင်၊ တောင်ကြီး။	၃
၂၇၅။	ဗိုလ်ကြီး ထွန်းတင့်ဝေ-ဒေါ်ခင်စီ ဥက္ကဋ္ဌ မြို့နယ်တရားသူကြီးအဖွဲ့၊ ဖယ်ခုံမြို့။	၃
၂၇၆။	ဦးလှထွေး-ဒေါ်တင်လှ မြို့နယ်တရားရေးဦးစီးမှူး၊ ဖယ်ခုံမြို့။	၃
၂၇၇။	ဦးတင်မွန်း-ဒေါ်ဝင်းမြင့် မြို့နယ်တရားရေးဦးစီးမှူး၊ ပင်းတယ။	၂
၂၇၈။	ဦးခင်မောင်ချုံနှင့် သားသမီးများ ဗဟိုတရားရုံးရွှေနေကြီး၊ တောင်ကြီး။	၃
၂၇၉။	ဦးသန်းအောင်-ဒေါ်ညွှန့်ညွှန့် မြို့နယ်ပြည်သူ့ကောင်စီရုံး၊ တောင်ကြီး။	၅
၂၈၀။	ဦးတင်အောင် ဒု-ရုံးအဖွဲ့မှူး မြို့နယ်ပြည်သူ့ကောင်စီ၊ တောင်ကြီး။	၂
၂၈၁။	ဦးဝေလင်း-ဒေါ်သန်းရီ ပြည်နယ်မန်နေဂျာ သစ်လုပ်ငန်း၊ တောင်ကြီး။	၂
၂၈၂။	ဦးကျော်သူ-ဒေါ်ဌေးဌေးမြင့် သစ်လုပ်ငန်း၊ တောင်ကြီး။	၁
၂၈၃။	ဦးအောင်မြိုင်-ဒေါ်ဖွားကြည် ပြည်နယ်တရားရုံး၊ တောင်ကြီး။	၁
၂၈၄။	ဦးမောင်မောင်လွင်-ဒေါ်တင်မေလွင် ပြည်နယ်ဦးစီးမှူး၊ ရှမ်းပြည်နယ်တရားရုံး။	၂
၂၈၅။	ဦးနီ-ဒေါ်သောင်းသောင်း အဖွဲ့ဝင် ရှမ်းပြည်နယ် ပြည်သူ့ကောင်စီ၊ တောင်ကြီး။	၂
၂၈၆။	ဦးခင်အောင်-ဒေါ်ခင်ငွေ ဥပဒေဝန်ထမ်းအဆင့်(၁)တောင်ကြီး။	၂
၂၈၇။	ဆရာမိဘများ အမှူးထား၍ ဦးသိန်းဆွေ ရှမ်းပြည်နယ် တရားရုံး၊ တောင်ကြီး။	၂

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၂၈၈။	ဦးဆန်နီဒင် ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီး။	၂
၂၈၉။	ဦးပြုံးမောင်-ဒေါ်အေးလှ ဒု-ရုံးအဖွဲ့မှူး မြို့နယ်ပြည်သူ့ကောင်စီရုံး၊ မော်လမြိုင်ကျွန်း။	၂
၂၉၀။	ဦးကျော်မြင့်-ဒေါ်နီလာအေး ၁၂၄/၃၆-လမ်း အပေါ်ဆုံးထပ်။	၃
၂၉၁။	ဦးစိုးတင့်၊ ဒေါ်ခင်နန်းဝေ အမှတ်-၅၀ ဦးဘဟန်လမ်း၊ သင်္ကန်းကျွန်း။	၅
၂၉၂။	ဦးတောင်ကျော် တရားရေးဝန်ထမ်း အဆင့်(၁) ရန်ကုန်တိုင်း တရားရုံး။	၃
၂၉၃။	ဦးထွန်းဦး-ဒေါ်မြင့်မြင့်ကြည်၊ တရားရေးဝန်ထမ်း အဆင့် (၂) ရန်ကုန်တိုင်း။	၁
၂၉၄။	ဦးထွန်းရှိန်-ဒေါ်ခင်စောလှ သား သော်တာထွန်း အဖွဲ့ဝင် ရန်ကုန်တိုင်း တရားရုံး။	၁
၂၉၅။	ဦးမြတ်တိုး-ဒေါ်မြင့်မြင့်သိန်း၊ အဖွဲ့ဝင် ရန်ကုန်တိုင်း တရားသူကြီးအဖွဲ့။	၁
၂၉၆။	ဦးသန်းဖေ-ဒေါ်ခင်သန်းမြင့်၊ စိုက်ပျိုးရေးကျောင်းအုပ်ကြီး၊ ဖားအံမြို့။	၂
၂၉၇။	ကွယ်လွန်သူ ကျောင်းအုပ်ကြီး ဦးမောင်မောင်-ဒေါ်သိန်းသိန်း ကောင်းမှု။	၁
၃၀၀။	ဦးသိန်းဟန်-ဒေါ်မြင့်မြင့်သိန်း၊ ညွှန်ကြားရေးမှူး၊ ကယ်ဆယ်ရေးဦးစီးဌာန။	၃

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၃၀၁။	ဦးမောင်မောင်ရီ-ဒေါ်အေးသိန်း၊ တရားရေးဝန်ထမ်း အဆင့် (၄) ဆိပ်ကမ်းမြို့နယ်။	၂
၃၀၂။	ဦးခင်မောင်စိုး-ဒေါ်အေးအေးစီ၊ အလုံမြို့နယ် တရားရေး ဦးစီးမှူး။	၂
၃၀၃။	ဦးစောဌေး-ဒေါ်တင်နု သမီး စောစန္ဒာဦး၊ ပြည်တော်သာရပ်ကွက် တောင်ငူမြို့။	၁
၃၀၄။	ဦးသန်းစော-ဒေါ်စုစုအောင်၊ မန်နေဂျာ၊ သစ်ထုတ်လုပ်ရေး (ဖောင်ဆွဲရေး)၊ တောင်ငူမြို့။	၁
၃၀၅။	ဦးဘပု-ဒေါ်သင်းရီ မိသားစု၊ အမှတ်(၁) နှင်းဆီလမ်း၊ လားရှိုးမြို့။	၃
၃၀၆။	ဦးအုန်းဟန်-ဒေါ်ရင်ရင်မြင့် မိသားစု၊ အမှတ်-၄။ သိပ္ပံလမ်း၊ လားရှိုးမြို့။	၂
၃၀၇။	ဦးဘသင်၊ ဆောက်လုပ်ရေး၊ လာရှိုးမြို့။	၃
၃၀၈။	ဦးအောင်မြင့်-ဒေါ်အေးငွေ မိသားစု၊ အေးအေးစတိုး၊ လားရှိုးမြို့။	၃
၃၀၉။	ဦးဝိုင်းထွန်းကြည်-ဒေါ်မေစန်း၊ အတွင်းရေးမှူး မြို့နယ်ပြည်သူ့ကောင်စီ၊ လားရှိုးမြို့။	၂
၃၁၀။	ဦးကျော်ညွန့်-ဒေါ်စိန်ဥ မိသားစု၊ သီရိမဟာရပ်ကွက်၊ လားရှိုးမြို့။	၁
၃၁၁။	ဦးလှသိန်းနှင့် မိသားစု၊ သီရိမဟာရပ်ကွက်၊ လားရှိုးမြို့။	၁
၃၁၂။	ဦးကိုလေး-နန်းထားမေ၊ ဒု-ရုံးအုပ်မှူး၊ မြို့နယ်ပြည်သူ့ကောင်စီ၊ လားရှိုးမြို့။	၁
၃၁၃။	ဦးအောင်ထွန်း၊ ရပ်ကွက်ပြည်သူ့ကောင်စီ၊ သီရိမဟာရပ်ကွက်၊ လားရှိုးမြို့။	၁

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၃၁၄။	ဦးလှထွန်း-ဒေါ်မြသိန်း၊ မြန်မာခါးရိုးရပ်ကွက်၊ လားရှိုးမြို့၊	၂
၃၁၅။	ဦးဇော်ဖုန်း၊ မေမြိုပ်သာဥက္ကဋ္ဌ၊ လားရှိုးမြို့။	၁
၃၁၆။	ဦးစန္ဒာ-ဒေါ်ခမ်းလှနှင့် သားသမီးများ၊ အောင်မေတ္တာရပ်ကွက်၊ လားရှိုးမြို့။	၁
၃၁၇။	ဦးရန်ရှင်း-ဒေါ်ဝိုင်လက်လိတ် မိသားစု၊ အောင်မေတ္တာရပ်ကွက်၊ လားရှိုးမြို့။	၁
၃၁၈။	ဦးစိုးတင့်-ဒေါ်မြမြဝင်း မိသားစု၊ အောင်မေတ္တာရပ်ကွက်၊ လားရှိုးမြို့။	၁
၃၁၉။	ဒေါက်တာ ကမ္ဘောဇဆင်လှိုင်၊ ဆေးရုံအုပ်ကြီး၊ ပြည်နယ်ပြည်သူ့ဆေးရုံ၊ လားရှိုးမြို့။	၁
၃၂၀။	ဦးဆွယ်ခမ်း-ဒေါ်ဆိုင်ယူ မိသားစု၊ လားရှိုးမြို့။	၃
၃၂၁။	ဦးတောလီဝန်-ဒေါ်စင်ကြည်နု မိသားစု၊ အောင်မေတ္တာရပ်ကွက်၊ လားရှိုးမြို့။	၁
၃၂၂။	ဦးစိုင်းမြင့်မောင်-ဒေါ်ခင်ဝင်း သား ကျော်စွာမောင်၊ သမီး ဇကရီမောင်၊ သား ကျော်သူမောင်၊ ဗဟိုတရားရုံးရှေ့နေ၊ သီပေါမြို့။	၅
၃၂၃။	ဦးပွင့်၊ မြို့နယ်အဖွဲ့မှူး၊ မြို့နယ်ပြည်သူ့ကောင်စီ၊ လားရှိုးမြို့။	၁
၃၂၄။	ဦးညွန့်အောင်နှင့် မိသားစု၊ စျေးအတွင်း၊ လားရှိုးမြို့။	၁
၃၂၅။	ဦးသန်းညွန့် နှင့်ဇနီး မိသားစု၊ လားရှိုးမြို့။	၁
၃၂၆။	ဒေါ်ရွှေငွေး မိသားစု၊ လားရှိုးမြို့။	၁
၃၂၇။	ဦးဆန်တော်နှင့်ဇနီး မိသားစု၊ ကုန်သည်၊ လားရှိုးမြို့။	၁
၃၂၈။	ဦးကံယျှနှင့်ဇနီး မိသားစု၊ ကုန်သည်၊ လားရှိုးမြို့။	၁

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၃၉၂။	ဦးညိုနှင့်ဇနီး မိသားစု၊ လားရှိုးမြို့။	၁
၃၃၀။	ဦးသန်းမောင်-ဒေါ်အုန်းကြည်၊ စျေးအတွင်း၊ လားရှိုးမြို့။	၁
၃၃၁။	ဦးသိန်းနိုင်-ဒေါ်ရင် စျေးအတွင်း၊ လားရှိုးမြို့။	၁
၃၃၂။	ဦးဉာဏ်ဦး-ဒေါ်ခင်စော မိသားစု စျေးအတွင်း၊ လားရှိုးမြို့။	၁
၃၃၃။	ဦးအောင်သိန်း-ဒေါ်ကြူကြူ သမီး ရီရီခိုင်၊ ၄၆/မဟာသုခလမ်း၊ ပုဇွန်တောင်။	၃
၃၃၄။	ဗဟိုတရားရုံးမျှားဆိုင်ရာ ဗုဒ္ဓဘာသာဝတ်အသင်း	၁
၃၃၅။	ဦးသာအောင်-ဒေါ်မြမြသန်း မိသားစု၊ ၆၂/ဘိုကလေးစျေးလမ်း၊ ရန်ကုန်မြို့။	၂
၃၃၆။	ဦးစိုးဝင်း-ဒေါ်မြမြသန်း မိသားစု၊ ၂၀-မြို့ပါတ်လမ်း၊ ကျောက်မြောင်း၊ ရန်ကုန်။	၁
၃၃၇။	ဦးဘကြိုင်-ဒေါ်ရီရီဆွေ၊ တရားရေးဝန်ထမ်း အဆင့်(၂)ရန်ကုန်တိုင်း	၁
၃၃၈။	ဒေါ်အုန်းခင် လက်ရေးတိုဌာန၊ ဗဟိုတရားရုံး။	၁
၃၃၉။	ဦးမောင်မောင်ကြည်-ဒေါ်ခင်ခင်ဝင်း၊ ၇၄/ဘီ၊ အင်းယားလမ်း။	၁
၃၄၀။	ဦးဘသန်းအောင်-ဒေါ်ညွှန့်ညွှန့်ရီ၊ မှတ်စုရေးအရာရှိ၊ ဗဟိုတရားရုံး။	၁
၃၄၁။	ဦးဇော်ဝင်းနှင့်ဇနီး၊ ဥပဒေဝန်ထမ်းအဆင့် (၁)၊ ဗဟိုဥပဒေရုံး	၁
၃၄၂။	ဦးထွန်းအေး-ဒေါ်ခင်မြင့်၊ သားသမီးတစု၊ ၁၄၃/ချောဘုံသာလမ်း၊ ရန်ကုန်။	၁
၃၄၃။	ဒေါ်ရင်မေ၊ တရားစီရင်ခရေးဌာန၊ ဗဟိုတရားရုံး။	၁
၃၄၄။	ကိုခင်မောင်မြင့်-ဒေါ်မြသန်း၊ ၁၀၃၊ ၈၄-လမ်း၊ မန္တလေးမြို့။	၁
၃၄၅။	ဦးကျော်ခိုင်-ဒေါ်ခင်လေး၊ ဗဟိုတရားရုံးရှေနေကြီး။	၁
၃၄၆။	ဦးမိုးကြည်-ဒေါ်တင်ရီ၊ မြို့နယ်တရားရေးဦးစီးမှူး၊ ကွမ်းခြံကုန်းမြို့။	၂
၃၄၇။	ဦးအောင်မြင့်-ဒေါ်စန်းစန်းမြင့်၊ အမှတ်(၂)၁၂၆-လမ်း၊ ရန်ကုန်မြို့။	၂

အမှတ်စဉ် အမည်နှင့်နေရပ် စာအုပ်ရေ

၃၄၈။ ဦးချိန်နီ-ဒေါ်ကြူကြူ မိသားစု၊ ကုန်သွယ်လယ်ယာ၊ ရန်ကုန်မြို့။ ၂

၃၄၉။ ဦးတင်ကြည်-ဒေါ်မေမျိုးငွေ မိသားစု၊ ၁၂/၇ လင့်လမ်း
ရန်ကုန်မြို့။ ၁

၃၅၀။ ဦးထွန်းနိုင်-ဒေါ်ခင်သက်ကြည်ကြည်၊ဥပဒေဝန်ထမ်း(၁)ဗဟိုဥပဒေရုံး ၁

၃၅၁။ ဦးစိန်၊ ရုံးအုပ်၊ ငွေစာရင်းဦးစီးဌာန၊ ဗဟိုတရားရုံး ၁

၃၅၂။ ဒေါက်တာ မောင်မောင်အေး-ဒေါ်ခင်မြင့်ခိုင် မိသားစု၊
၃၄/အရှေ့စျေးလမ်း။ ၁

၃၅၃။ ဦးအေးနှင့် ဇနီး၊ မြို့နယ်တရားသူကြီးအဖွဲ့ဝင်၊ ကွမ်းခြံကုန်းမြို့။ ၂

၃၅၄။ ဦးပိန်နှင့် ဇနီး၊ မြို့နယ်ပြည်သူကောင်စီ၊ ကွမ်းခြံကုန်းမြို့။ ၂

၃၅၅။ ဒေါ်ခင်သန်းဝင်း၊ မိတ္တူကူးဌာန၊ ဗဟိုတရားရုံး။ ၁

၃၅၆။ ဒေါ်ရွှေခင် မိသားစု၊ ၃၄၂-ရွှံဘုံသာလမ်း၊ ရန်ကုန်မြို့။ ၁

၃၅၇။ ဦးဉာဏ်ဝင်း-ဒေါ်လှ မိသားစု၊ ၁၀၉/ခ၊ ၃-လမ်း ၁၅-ရပ်ကွက်၊
တောင်ဥက္ကလာ။ ၁

၃၅၈။ ဦးလှမောင်-ဒေါ်မြင့်မြင့်၊ ၄၈-မဟာသုခလမ်း၊ ပုဇွန်တောင်
ရန်ကုန်မြို့။ ၁

၃၅၉။ ဦးတင်ရှိန်၊ အဖွဲ့စုမှူး၊ ပြည်သူ့တရားသူကြီးအဖွဲ့ရုံး။ ၁

၃၆၀။ ဒေါ်ခင်မြင့်၊ ၁၇/၆၂-လမ်း၊ ဘိုတဆောင်။ ၁

၃၆၁။ ဦးကောင်းရွှေ-ဒေါ်ကြည် မိသားစု၊ ၅၉/၉-လမ်း၊ ရန်ကုန်။ ၁

၃၆၂။ ဦးလှဖေ-ဒေါ်ဖြူဖြူသင်း မိသားစု၊ ၂၉၂/အေ၊ ရွှေတိဂုံဘုရားလမ်း ၁

၃၆၃။ ဦးဘကြွယ် ဒေါ်သိန်းတင်၊ မြန်မာ့နွယ်စဉ်တိုက်၊ မန္တလေး။ ၁

၃၆၄။ ဗိုလ်မှူးစိုးတင့်၊-ဒေါ်စောသောင်းမေ မိသားစု၊ မြန်မာ့နွယ်စဉ်တိုက်
ရန်ကုန်မြို့။ ၁

၃၆၅။ ဦးဉာဏ်ရီ၊ မန်နေဂျာ၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ တောင်ငူ။ ၅

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၃၆၆။	ဦးအောင်ကြည်၊ မန်နေကျော်၊သစ်လုပ်ငန်းကော်ပိုရေးရှင်း၊မန္တလေး။	၅
၃၆၇။	ဦးငွေကိုင်၊ ဒုတိယ မန်နေကျော်၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ပဲခူးမြို့။	၂
၃၆၈။	ဦးစန်းမောင်၊ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှူး၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ ပျဉ်းမနား။	၁၀
၃၆၉။	ဦးတင်ဇွယ်၊ ဒုတိယ မန်နေကျော်၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ ပျဉ်းမနား။	၁၀
၃၇၀။	ဦးမြဟန်၊ ဒုတိယ မန်နေကျော်၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ ပျဉ်းမနား။	၁၀
၃၇၁။	ဦးဇင်္ဂအေး၊ စာရေးကြီး၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ပျဉ်းမနား။	၁၀
၃၇၂။	ဦးတင်လှိုင်၊ အမှတ် (၃) ဦးကျော်ဒွန်းဇံလမ်း၊ (၁) လမ်း၊ ကရင်ခြံ၊ ကြည့်မြင်တိုင်။	၂
၃၇၃။	ဦးဇော်အောင် (၃၁) ကျောင်းလမ်း၊ ပုဇွန်တောင်။	၅
၃၇၄။	ဦးမျိုးညွှန့်-ဒေါ်သန်းသန်းဝင်း၊ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း။	၁
၃၇၅။	ဦးအုန်းမြင့်-ဒေါ်ခင်ခင်လှ၊	၁
၃၇၆။	ဦးသန်းထွန်း-ဒေါ်တင်ရွှေ၊ သား မောင်ဇင်လင်း၊ မန္တလေး။	၁
၃၇၇။	ဦးမျိုးကြည်၊ မန်နေကျော်၊ (သစ်မာ)နှင့် သစ်မာဝန်ထမ်းမျှား၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ စစ်ကိုင်း။	၁
၃၇၈။	ဦးလဝင်း၊ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ သစ်လုပ်ငန်း ကော်ပိုရေးရှင်း။	၃၀
၃၇၉။	ဦးအေးသန်း ။	၁
၃၈၀။	ဦးအောင်မြို ။	၁
၃၈၁။	ဦးဘဝမ်း ။	၁
၃၈၂။	ဦးသိန်းဆွေ ။	၁
၃၈၃။	ဦးခင်မောင်စိန်၊ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း။	၁

အမှတ်စဉ်	အမည်နှင့်နေရပ်	စာအုပ်ရေ
၃၀၄။	ဦးအောင်သိန်း-ဒေါ်မြစန်း၊ လုပ်ငန်းစစ်ဆေးရေး ဥက္ကဋ္ဌ၊ ၉၂-လမ်း၊ မဂ်လာတောင်ညွန့်။	၁၀
၃၀၅။	ဦးခင်မောင်ကြီး-ဒေါ်ရီဝေချို မိသားစု၊ ၄၅၉-ပြည်လမ်း။	၂
၃၀၆။	ဦးကျော်ခင်-ဒေါက်တာ ဒေါ်မြမြ၊ ၂၄-နယူးလင့်လမ်း	၁၀
၃၀၇။	ဦးသန်းညွန့်၊ ၉၂-လမ်း၊ ရန်ကုန်မြို့။	၃
၃၀၈။	ဦးကျော်ခိုင်၊ မန်နေဂျာ၊ (သစ်ထုတ်ရေး)၊ ပြည်-သစ်ထုတ်လုပ်ရေး စီမံကိန်း။	၁
၃၀၉။	ဦးတင်ဆောင်၊ ဒုတိယ မန်နေဂျာ၊ မန္တလေး။	၂
၃၁၀။	ဦးသိန်းအောင်၊ မန်နေဂျာ(သစ်မာ)၊သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ ပုသိမ်။	၅
၃၁၁။	ဦးသိန်းဝင်း၊ ဒုတိယ မန်နေဂျာ(သစ်မာ)၊ ။ မကွေး။	၂
၃၁၂။	ဦးသန်းမောင်၊ မန်နေဂျာ (သစ်မာ) ။ ပြည်။	၅
၃၁၃။	ဦးအေး၊ ဒုတိယ မန်နေဂျာ (သစ်မာ) ။	၂
၃၁၄။	ဦးစံမြင့်၊ ပြည်နယ် မန်နေဂျာ၊ ။ မော်လမြိုင်မြို့	၅
၃၁၅။	ဦးတင်မောင်ဆွေ၊ ဒုတိယ မန်နေဂျာ (သစ်မာ) ။ ထားဝယ်မြို့	၂
၃၁၆။	ဦးထွန်းအောင်၊ ဒုတိယ မန်နေဂျာ (သစ်မာ) ။ မြစ်ကြီးနားမြို့	၂
၃၁၇။	ဦးတင်အောင်၊ မန်နေဂျာ (သစ်မာ) ။ မုံရွာမြို့။	၃
၃၁၈။	ဦးအုပ်စိုး၊ မန်နေဂျာ (ရုံးချုပ်) ။ ရန်ကုန်မြို့။	၁
၃၁၉။	ဦးဗိုလ်နီ၊ မန်နေဂျာ (သစ်မာ)	၂
၃၂၀။	ဦးတင်ဝင်း၊ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှူး၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း။	၂
၃၂၁။	ဦးမင်းရဲတင်လှိုင်-ဒေါ်မြမြလေး၊ လက်ထောက်ဌေးစာရင်းအရာရှိ	၁
၃၂၂။	ဦးတင်ဝင်း-ဒေါ်ဌေးဌေး မိသားစု၊ ဖရန်ကလင်လမ်း၊ အလုံ။	၄
၃၂၃။	ဦးစန္ဒာ၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ မတ္တလာ။	၁